EXHORTATION (တိုက်တွန်းချက်)

အင်္ဂလိပ်ဘာသာစကား သင်ယူရာ၌ အရေး၊ အဖတ်၊ အပြော၊ ဘာသာပြန်ဟူ၍ အပိုင်း (4) ပိုင်းရှိပါသည်။ အဖတ်မှာ အသံထွက်နည်းပညာရပ် (Phonetics) နှင့် သက်ဆိုင်ပါသည်။ ကြွင်းသော အရေး၊ အပြော၊ ဘာသာပြန်တို့မှာ **သဒ္ဒါ** (Grammar) နှင့် **အသုံးအနှုန်း** (Usage) တို့နှင့် သက်ဆိုင်ပေသည်။ မီးနင်း (Meaning) ခေါ်အဓိပ္ပါယ်များကို ကျက်မှတ်ထားရုံနှင့်မဖြစ်နိုင်ပါ။ ဤသို့ကျက်မှတ်၍ မြန်မာဝါကျအသွားအတိုင်း ရေးမိ, ပြောမိလျှင် မှားပါမည်။ ဥပမာ- ကျွန်ုပ်ကို I, စာမေးပွဲကို examination, ဖြေသည်ကို answer ဟု ကျက်မှတ်ထားရုံဖြင့် (ကျွန်ုပ်သည် စာမေးပွဲ ဖြေသည်) ဟူသော ဝါကျကို အင်္ဂလိပ်လို စီစဉ်ပါက - I examination answer. ဟူ၍ (**ကတ္တား + ကံ + ကြိယာ**) ဟူသော အစီအစဉ် ရလာပါမည်။ အင်္ဂလိပ်ဝါကျ၌ ဤ အစီအစဉ်သည် မမှန်ပါ။ အမှန်မှာ- (**ကတ္တား + ကြိယာ + ကံ**) ဟူသော အစီအစဉ်ဖြစ်ရပါမည်။ တစ်ဖန် အစီအစဉ်မှန်အောင် I answer examination. ဟု ရေးပြန်ပါသော်လည်း **အသုံးအနှုန်း** (Usage) အရ မမှန်သေးပါ။ I take an examination. ဟူ၍ ရေးမှသာ သဒ္ဒါနည်းဝါကျအစီအစဉ်ရော အသုံးအနှုန်းပါ မှန်သွားပါသည်။ သို့ဖြစ်၍ အင်္ဂလိပ်ဘာသာစကား၌ **သဒ္ဒါ** ရော **အသုံးအနှုန်း** ပါ အရေးကြီးပါသည်။ သို့သော်--

ဥပမာတစ်ခုဖြင့် ရှင်းပြပါဦးမည်။ အဆောက်အဦတစ်ခုကို တည်ဆောက်ရာ၌ တိုင်ထူခြင်း, အမိုးအကာ အခင်းများ ပြုလုပ်ခြင်း တည်းဟူသော အကြမ်းထည်တည်ဆောက်မှုကို မပြုရသေးဘဲ ပရိဘောဂတပ်ဆင်ခြင်း, အပြောက်အမွှမ်း ဆင်ယင်ခြင်းများ ပြုလုပ်၍မဖြစ်နိုင်ပါ။ အကြမ်းထည်တည်ဆောက်ခြင်းသည် **သဒ္ဒါ** (Grammar) သင်ယူခြင်းနှင့်တူ၏။ မွှမ်းမံဆင်ယင်ခြင်းသည် **အသုံးအနှုန်း** (Usage) သင်ယူခြင်းနှင့်တူ၏။သဒ္ဒါနည်းကို မသင်ယူသေးဘဲ အသုံးအနှုန်း သင်ယူခြင်း သည် လေ့လာသူအတွက် အကျိုးမများပဲ ကြီးစွာသောပင်ပန်းမှုကို ဖြစ်စေသည်။ သို့ဖြစ်၍ **သဒ္ဒါ** ကို ဦးစွာသင်ယူသင့်ပေ သည်။ သဒ္ဒါနည်းမှာ သင်ယူမှုကာလ အကန့်အသတ်ရှိပါသည်။ **အသုံးအနှုန်း**မှာ ကာလအကန့်အသတ်မရှိပါ။ များများ တတ်မြောက်၍ ဖတ်ရှုလေ့လာလေလေ အသုံးအနှုန်းအသစ်အဆန်း များများတွေ့ရလေလေဖြစ်သည်။သို့သော် အသုံးအနှုန်းမှာ ဆရာအပေါ် မှီခိုအားကိုးမှုနည်းနည်း, မိမိကိုယ်ကို မှီခိုအားကိုးမှုများများဖြင့် သွား၍ရပေတော့သည်။

သဒ္ဒါနည်းသင်ယူရာ၌လည်း **သဒ္ဒါစည်းမျဉ်း** နှင့် **ဝါကျအစီအစဉ်** ဟူ၍နှစ်ပိုင်းရှိ၏။ ဤစာအုပ်၌ ဤနှစ်ပိုင်းလုံးကို အပြည့်စုံဆုံး ဖြစ်အောင် စီစဉ်ထားပါသည်။ ထို့ပြင် သဒ္ဒါနည်းဆက်သွယ်မှု၌ **စကားအပိုဒ်** (7)မျိုးကို **ဝါကျအပိုဒ်** (9) မျိုး ဖြစ်အောင် ပြုလုပ်နည်းကို အကျဉ်းသိမြင်နိုင်စေရန် **အင်္ဂြေဇံသဒ္ဒါဆက်သွယ်မှု** (Basic Relationship in English Grammar) နှင့် **အင်္ဂလိပ်သဒ္ဒါအကျဉ်းချုပ်** (Summary of English Grammar) ကို စာမျက်နှာ (C) နှင့် (D) မှာ ပြသထားပါသည်။ အင်္ဂလိပ် ဝါကျတစ်ခု ရေးနိုင်ရန်မှာ - -

(1) ဝါကျအတွင်း စကားများ၏ ရှေ့နောက်အစီအစဉ်ကို ပြသည့် **ဝါကျဝုံစံ**(Sentence Pattern) များကို သိထားရခြင်း ၊

(2) ကြိယာ၏ ကာလ သို့မဟုတ် အမူအရာကို ပြသော **ကြိယာဝုံစံ** (Verb Form) ကို သိထားရခြင်း ၊

(3) **စကားအပိုဒ်** (7) မျိုးကို ဝါကျ၏ဇာတ်ကောင်များဖြစ်သော **ဝါကျအပိုဒ်** (9) မျိုးဖြစ်အောင်ပြုလုပ်ယူခြင်း ၊ ဟူ၍ အချက်ကြီး (3) ချက်ရှိပါသည်။ ဤစာအုပ်သည် ဤအချက်ကြီး (3) ချက်ကိုစွဲကိုင်လျက် အနုစိပ်ခြယ်မှုန်းထားသော စာအုပ် ဖြစ်ပါသည်။ **ခွဲခြမ်းစိတ်ဖြာ အင်္ဂလိပ်သဒ္ဒါ** (Analytical English Grammar) ဟူသည်နှင့်အညီ ဝါကျတစ်ကြောင်းကို ချဉ်းကပ် နည်းနှင့် **သဒ္ဒါနည်းဖြင့် အသေးစိပ် စိစစ်နည်း** (Analysis of a Sentence) ကိုလည်း နောက်ဆက်တွဲမှာ ထည့်သွင်းထားသည်။

ထို့အပြင် **အဆိုဝါကျ** (Affirmative), **ထား–အဖေးဝါကျ** (Yes-No Interrogative), **အငြင်းဝါကျ** (Negative), **ထား–ငြင်းဖေး ဝါကျ** (Neg-Interrogative) (4) မျိုးတို့ကို (**ဝင်စကြိယာ**) ပါသောဝါကျ , (**ရှိ ဖြစ်ကြိယာ**) ပါသောဝါကျ , (**အထူကြိယာ + ဝင်စကြိယာ**)ပါသောဝါကျ,(**အထူကြိယာ + ရှိ ဖြစ်ကြိယာ**) ပါသောဝါကျဟူသော အမျိုးအစား (4) မျိုးဖြင့် မြောက်ပွား၍ ရေးနည်းများကိုလည်းကောင်း၊ ကတ္တား ၊ ကံ ၊ ကြိယာဝိသေသန၊ နာမဝိသေသနတို့ကို သိလို၍မေးသော **ထဲ–အဖေး** (11) မျိုး ရေးနည်းများကိုလည်းကောင်း၊ အင်္ဂလိပ်ဝါကျများကို ပိုမိုရှည်လျားသွားစေသော **နာမ်ဝါကျ** (Noun Clause), **နာမဝိသေသနဝါကျ** (Adjective Clause), **ကြိယာဝိသေသနဝါကျ** (Adverb Clause) ပြုလုပ်နည်းများကိုလည်းကောင်း၊ အသေးစိပ်ထည့်သွင်းထား ပါသည်။

ဤစာအုပ်မှ အကြောင်းအရာများသည် တစ်ခန်းနှင့်တစ်ခန်း ကွင်းဆက်ဖြစ်နေရကား ဤစာအုပ်ကို လေ့လာရာ၌ ကွက်ကျော် မလေ့လာပဲ အစဉ်အတိုင်းသွားရန်လိုအပ်ပါသည်။ သို့သော် နောက်ပိုင်းစာမျက်နှာများသို့ ကျော်၍ညွှန်းထား

Scanned by CamScanner

သော အညွှန်းများ တွေ့လျှင်ကား ညွှန်းထားသည့်စာမျက်နှာကို ခုန်ကျော်၍ အခြိန်အနည်းငယ်မျှ လေ့လာစေလိုပါသည်။ ပြီးလျှင် မူလနေရာသို့ ပြန်လာရပါမည်။ ပထမ တစ်ကြိမ်နှစ်ကြိမ် ဖတ်ရှုလေ့လာရာ၌ လေ့လာသူအဖို့ အလုပ်များပါလိမ့်မည်။ သို့သော် နောက်နောက်အကြိမ်များ၌ သဒ္ဒါနည်းအဆက်အစပ်ကို မြင်လာပြီး ကိုယ်ပိုင် ဝေါဟာရ ကြွယ်ဝလျှင် ကြွယ်ဝသလောက် ကိုယ်ပိုင်ဝါကျများကို ရေးနိုင်လာပါသည်။ နမူနာဝါကျများထဲရှိ အင်္ဂလိပ် ဝေါဟာရများ၏ အသံထွက်နှင့် မြန်မာပြန်အနက်ကို ပိုမိုသိရှိလိုပါမူကား လေ့လာသူကိုယ်တိုင် အင်္ဂလိပ်မြန်မာ အဘိဓာန် စာအုပ်၌သာ ရှာဖွေကြည့်ရှုကြပါကုန်။

BASIC RELATIONSHIP IN ENGLISH GRAMMAR

အင်္ဂလိပ်သဒ္ဒါ အပြန်ဆက်သွယ်မှု

အဆင့် (1) → အဆင့် (2) → အဆင့် (3) → အဆင့် (4) → အဆင့် (5) → အဆင့် (6)



1. N = Noun = နာမ်
2. Pro = Pronoun = နာမ်စား
3. V = Verb = ကြိယာ
4. Adv = Adverb = ကြိယာဝိသေသန
5. Prep = Preposition = ဝိဘတ်
6. Adj = Adjective = နာမဝိသေသန
7. Conj = Conjunction = သမ္ဗန္ဓ (အဆက်စကား)

1. S = Subject = ကတ္တား
2. S.C = Subject Complement = ကတ္တားအဖြည့်ပုဒ်
3. O = Object = ကံ
4. O.C = Object Complement = ကံအဖြည့်ပုဒ်
5. D.O = Direct Object = တိုက်ရိုက်ကံ
6. I.O = Indirect Object = ဘွယ်ဝိုက်ကံ
7. V = Verb = ကြိယာ
8. Adv = Adverb = ကြိယာဝိသေသန
9. Adj = Adjective = နာမဝိသေသန

Scanned by CamScanner

D

The Summary of English Grammar

စကားဝေါဟာရ (7) မျိုး

(1) a. N (Noun = နာမ်) — ကို သူနှင့် ဒေသိုင်း

b. —•— — ကို ပိဿဝ်ဟန်ချက် ယောဂတွဲလျက် ၎င်းဒေတွဲကို

(2) a. Pro (Pronoun = နာမဝိသေသ) — ကို သူနှင့် ဒေသိုင်း

b. —•— — ကို ပိဿဝ်ဟန်ချက် ယောဂတွဲလျက် ၎င်းဒေတွဲကို

(3) a. V (Verb = ကြိယာ) — ကို သူနှင့် ဒေသိုင်း

b. —•— — ကို Gerund ကြွေလုပ်ရှိ

c. ၎င်း Gerund — ကိုဝင် ပိဿဝ်ဟန်ချက် ယောဂတွဲခြင်းနှစ်လျက် ၎င်းဒေတွဲကို

d. V — ကို Full Infinitive ကြွေလုပ်ရှိ

e. V — ကို Participle ကြွေလုပ်ရှိ

(4) a. Adv (Adverb = ကြိယာဝိသေသန) — ကို သူနှင့် ဒေသိုင်း

b. ဒေသိကာ Adv — ကို ပိဿဝ်ဟန်ချက် ယောဂတွဲလျက် ၎င်းဒေတွဲကို

(5) a. Adj (Adjective = နာမဝိသေသန) — ကို သူနှင့် ဒေသိုင်း

b. —•— — ကို ဒေသိကာ ကြိယာဝုဒ်ရောင်း တည်ရှိ

c. ဒေသိကာ Adj — ခါ လူမှာ -the- တွဲလျက် ၎င်းဒေတွဲကို

d. ၎င်း ဒေတွဲ — ကိုဝင် ပိဿဝ်ဟန်ချက် ယောဂတွဲခြင်းနှစ်လျက် ကိုဒေတွဲကို

e. Adj — ကို Gerund ကြွေလုပ်ရှိ

f. Adj — ကို Full Infinitive ကြွေလုပ်ရှိ

g. Adj — ကို Participle ကြွေလုပ်ရှိ

(6) Prep (Preposition = ဝိဿဝ်) — ကို သူ့နောက်မှာ (7) မျိုးမှ တစ်မျိုးမျိုးတွဲလျက် ၎င်းဒေတွဲကို

(7) Conj (Conjunction = ဒေသွန္ဒ) — ကို သူ့နောက်မှာ (ဒေသိဝါကျ ၊ ဒေငြင်းဝါကျ) တွဲလျက် ကြိယာဝိသေသနဝါကျကြွေလုပ်ပြီး ၎င်းကို

ဝါကျဒေသိ (9) မျိုး

(အောက်ပါတို့သည် ဝါကျအသီ (9) မျိုးနှိုင်းအပါအဝင်ဖြစ်ကြသည်။)

ဝါကျတန်ဆာထွင်း — S , S.C , O , O.C , D.O , I.O , Adj များဒေဖြစ် သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ် သုံးသည်။

→ ။ S , S.C , O , D.O , I.O များဒေဖြစ် သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ်သုံးသည်။

→ ။ V ဒေဖြစ်သုံးသည်။

→ ။ S , S.C , O , O.C , D.O , Adj များ ဒေဖြစ်သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ် သုံးသည်။

→ ။ S , S.C , O , O.C , D.O , Adj , Adv များ ဒေဖြစ်သုံးသည်။

→ ။ Adj , Adv များ ဒေဖြစ်သုံးသည်။

→ ။ Adv ဒစ်ခန်နှင့် Submodifier ကော် Adv ဒေဖြစ် သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ် သုံးသည်။

→ ။ Adj ဒေဖြစ် သုံးသည်။

→ ။ V ဒေဖြစ်သုံးသည်။

→ ။ S , S.C , O , O.C , D.O , I.O များဒေဖြစ် သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ် သုံးသည်။

→ ။ S , S.C , O , O.C , D.O များ ဒေဖြစ်သုံးသည်။

→ ။ S , S.C , O , O.C , D.O များ ဒေဖြစ်သုံးသည်။

→ ။ Adv ဒေဖြစ်သုံးသည်။

→ ။ Adv နှင့် Qualifier Adj ဒေဖြစ် သုံးသည်။

→ ။ Adv ဒေဖြစ် သုံးသည်။

ဝါကျဒေသိ (9) မျိုး

1. S - ဗဇ္ဇား
2. S.C - ဗဇ္ဇားဒေဖြည့်ဝုန်
3. O - ဗ
4. O.C - ဗ်ဒေဖြည့်ဝုန်
5. D.O - ဗိုလ်ဗိုလ်ဗ
6. I .O - သွလ်ဗိုလ်ဗ
7. V - ကြိယာ
8. Adv - ကြိယာဝိသေသန
9. Adj - နာမဝိသေသန

1. ဝါကျတစ်ကြောင်းဖြစ်ထရန် 1. ဝါကျပုံစံ (48) နှုအနက် တစ်နှုလိုအပ်သည်။ [ဝါကျပုံစံ (48) နှုကို နှာ (25) - 3.4 ၌ရှု။]

2. ၎င်းဝါကျပုံစံထဲ ကြိယာကိုသုံးရန် ကြိယာပုံစံ (42) နှုအနက် တစ်နှုလိုအပ်သည်။ [နှာ (22) ၌ရှု။]

3. ၎င်းဝါကျပုံစံထဲ ကတ္တား (S) ၊ ကံ (O) ဒသည့်နေရာ၌ ဒကားအသီ (7) မျိုးမှ ဘီလျော်ရာထည့်သုံးရသည်။

ဤသို့ရလာသော ဝါကျတစ်ခု၏ အဓိတ်အပိုင်းများကို နာမ် ၊ နာမ်စား ၊ ဒသည် ဒကားအသီ (7) မျိုးဌိဝါသော အဓည်များဖြင့် ဒေါ်တော့ဝေ။ ဝါကျအသီ (9) မျိုးဌိဝါသော ကတ္တား ၊ ကံ ဒသည် အဓည်များဖြင့်ဒေါ်ရသည်။

ဤအချက်သုံးချက်ဖြင့် လေးလိုက်ဟောအဘ

(1) အဆိုဝါကျ ရလာ၏ ။ (လုံးချင်းဝါကျတုဒေါ်သည်)

(2) အဆိုဝါကျဖွ လား—အဓေးဝါကျ နှင့် အငြင်းဝါကျ များကို ဆက်လုပ်ရ၏ ။ (လုံးချင်းဝါကျတုဒေါ်သည်)

(3) အငြင်းဝါကျမှ လား—ငြင်းဓေးဝါကျများကို ဆက်လုပ်ရ၏ ။ (လုံးချင်းဝါကျတုဒေါ်သည်)

(4) အဆိုဝါကျ နှင့် လား—အဓေးဝါကျများဖွ လဲ—အဓေးဝါကျများကို ဆက်လုပ်ရ၏ ။ (လုံးချင်းဝါကျတုဒေါ်သည်)

(5) အငြင်းဝါကျနှင့် လား—ငြင်းဓေးဝါကျများဖွ လဲ—ငြင်းဓေးဝါကျကို ဆက်လုပ်ရ၏ ။ (လုံးချင်းဝါကျတုဒေါ်သည်)

– ဤသို့ရလာသော ဝါကျ များအချင်းချင်း ပေါင်းစပ်ဟောအဘါ ဝါကျကြီးဖြစ်လာသည် ။ (ပေါင်းစပ်ဝါကျ သို့ဖတုတ် ရွှတ်ထွေးဝါကျတုဒေါ်သည်)

– ဝါကျကြီးများ ခုဝေးကြပြန်ဟောအဘါ ဘပိုင်းဖြစ်လာသည် ။

– ဘပိုင်းများ ခုဝေးကြပြန်ဟောအဘါ ဘစီဘကုံးတုဒေါ်သော လေးစထု၊ ဒကားလျောစထု အကြောင်းအထုကြီးတစ်ခု ရလာတော့သည် ။

ဘင်္ဂလိပ်သဒ္ဒါစိတ် ဘခြေခံကြောရိုးသည် ဤမျှသာဖြစ်သည်။

Scanned by CamScanner

F

1. A. **N ထို** **(S)** အခြေခံဝဏ္ဏုပုံထို ဤစာဆုဝ်၏ နေထာထိုင်ရာဃွနိုင်သည်။
-------॥------- **(S.C)** အခြေခံဝဏ္ဏုပုံထို နာ 44 - 4. 3 - 1 , 2 , 3 ဖာရှု။
-------॥------- **(O)** အခြေခံဝဏ္ဏုပုံထို နာ 83 - A - a ဖာရှု။
-------॥------- **(O.C)** အခြေခံဝဏ္ဏုပုံထို နာ 96 - 8. 10 - A - a , b , c ဖာရှု။
-------॥------- **(D.O)** အခြေခံဝဏ္ဏုပုံထို နာ 88 - 8. 5 - A - a ဖာရှု။
-------॥------- **(I.O)** အခြေခံဝဏ္ဏုပုံထို ----------॥----------

B. **N ထို ဝိဘတ်နောတ်ဖာထွဲ** **(P.Ph)** ဂုဝ်ဖျိ **(Adv)** အခြေခံဝဏ္ဏုပုံထို နာ 184 - 12. 6 - A - a , b , c ဖာရှု။
(P.Ph) ဂုဝ်ဝုံထို နာ 183 - 12. 4 , 12. 5 ဖာရှု
-------॥-------॥---- **(Qualifier -Adj)** အခြေခံဝဏ္ဏုပုံထို နာ 212 - L ဖာရှု။

2. A. **Pro ထို** **(S)** အခြေခံဝဏ္ဏုပုံထို ဤစာဆုဝ်၏ နေထာထိုင်းဖာဃွနိုင်သည်။
နာ 12 - 1. 24 - a , b ဖာဃည်းရှု။
-------॥------- **(S.C)** အခြေခံဝဏ္ဏုပုံထို နာ 12 - 1. 25 - d ဖာရှု။
-------॥------- **(O)** အခြေခံဝဏ္ဏုပုံထို နာ 12 - 1. 25 - a ဖာရှု။
-------॥------- **(D.O)** အခြေခံဝဏ္ဏုပုံထို နာ 12 - 1. 25 - b ဖာရှု။
-------॥------- **(I.O)** အခြေခံဝဏ္ဏုပုံထို နာ 12 - 1. 25 - c ဖာရှု။

B. **Pro ထို ဝိဘတ်နောတ်ဖာထွဲ** **(P.Ph)** ဂုဝ်ဖျိ **(Adv)** အခြေခံဝဏ္ဏုပုံထို နာ 231 - 15. 6 - 6 ဖာရှု။
-------॥-------॥----------॥--------- **(Qualifier -Adj)** အခြေခံဝဏ္ဏုပုံထို သီးခြားစဉ်ဝါ။ နာ 212 - L ဖာထဲ့သိုဲ့ဖွတ်။

3. A. **V ထို** **(V)** အခြေခံ ထိုတ်ရိုတ်သုံးဝုံထို ဤစာဆုဝ်၏ နေထာထိုင်းဖာဃွနိုင်သည်။

B. -------॥-- **Gerund** ဂုဝ်ဖျိ **(S , S.C , O , D.O)** အခြေခံဝဏ္ဏုပုံထို နာ 220 - 14. 4 - 1 , 2 , 3 , 4 ဖာရှု။
-------॥--------॥------- **(O.C)** အခြေခံဝဏ္ဏုပုံထို နာ 91 - 8. 7 - B - a , b , c ဖာရှု။
-------॥--------॥------- **AttributeAdj** အခြေခံဝဏ္ဏုပုံထို နာ 204 - 4 ဖာရှု။
Gerund ထို ဝိဘတ်နောတ်ဖာ ထွဲဃျတ် **(P.Ph)** ဂုဝ်ဖျိ **(Adv)** အခြေခံဝဏ္ဏုပုံထို နာ 220 - 14. 4 - 5 P.Ph ထဲထ N ထာဝန်ဖာရှု။
-------॥--------॥---------**(Qualifier -Adj)** အခြေခံဝဏ္ဏုပုံထို သီးခြားစဉ်ဝါ။ နာ 212 - L ဖာထဲ့သိုဲ့ဖွတ်။
(Gerund ဂုဝ်ဝုံဖာ နာ 219 ဧထားထဲထ ကြိုထာဝုံခံဖျားအထိုင်းဖြုဂုဝ်ရုန်)

C. **V ထို Full Infinitive** ဂုဝ်ဖျိ **(S , S.C , O , O.C , D.O)** အခြေခံဝဏ္ဏုပုံထို နာ 221 - 14. 6 - 1, 2 , 3 , 4 , 5 ဖာရှု။
----॥----------॥------- **(Adv)** အခြေခံဝဏ္ဏုပုံထို နာ 222 - 14. 8 - 1 - a , b , c , d ဖာရှု။
----॥----------॥------- **(Qualifier -Adj)** အခြေခံဝဏ္ဏုပုံထို နာ 210 - D , E , F , G , H ဗျားဖာရှု။
(Full Infinitive ဂုဝ်ဝုံဖာ နာ 222 ဧထားထဲထ ကြိုထာဝုံခံဖျားအထိုင်းဖြုဂုဝ်ရုန်)

D. **V ထို Participle** ဂုဝ်ဖျိ **AttributeAdj** အခြေခံဝဏ္ဏုပုံထို နာ 203 - L - 3 , 5 , 6 ဗျားဖာရှု။
----॥----------॥------- **(Qualifier -Adj)** အခြေခံဝဏ္ဏုပုံထို နာ 209 - 13. 15 - B , C ဗျားဖာရှု။
----॥----------॥------- **(Adv)** အခြေခံဝဏ္ဏုပုံထို နာ 224 - 14. 10 - 1 , 2 , 3 , 4 ဗျားဖာရှု။
(Participle ဂုဝ်ဝုံဖာ နာ 224 ဧထားထဲထ ကြိုထာဝုံခံဖျားအထိုင်းဖြုဂုဝ်ရုန်)

4. A. **Adv ထို** **(Adv)** အခြေခံ ထိုတ်ရိုတ်သုံးဝုံထို Unit - 15 ဃခံနှံးထုံး ဖာရှု။
----॥----- **Sub-modifier** ဝေါ်ကော **(Adv)** ဖခံဖျိုးအခြေခံ ထိုတ်ရိုတ်သုံးဝုံထို နာ 208 - 13. 14 ဖာရှု။

B. ----॥------ ဝိဘတ်နောတ်ဖာထွဲ **(P.Ph)** ဂုဝ်ဝုံထို နာ 184 - 6 ဖာရှု။ **(Adv)** အခြေခံသုံးဝုံထိုသီးခြားစဉ်ဝါ။
နာ 184 - 12. 6 -A ဖာထဲ့သိုဲ့ဖွတ်။
----॥---------॥-------- **(Qualifier -Adj)** အခြေခံသုံးဝုံထို သီးခြားစဉ်ဝါ။ နာ 212 - L ဖာထဲ့သိုဲ့ဖွတ်။

Scanned by CamScanner

5. A. Adj ထို Adj အဖြစ် ထိုတ်ရိုတ်သုံးဝုံထို ဤစာအုပ်၏ နေရာထိုင်းခှာတွေ့နိုင်သည်။

B. ----။--- ထို အချိုကြိတာဝုံစံများ၌တည်၍ Verb အဖြစ် သုံးဝုံထို နှာ 108 - 9.3 ခှ 2, 4, 6, 8, 10, 12, 14, 16 ထိုရှု။

C. ----။--- ထို the ၏နောက်ခှာတွဲပြီး ၎င်းအတွဲထို S, S.C, O, O.C, D.O, I.O အဖြစ်သုံးသည်။ သုံးဝုံထို သီးကြားဓပြဝါ။
N ထို သုံးသည်နည်းအထိုင်းခှတ်ဝါ။ (the နောက်ခှာ Adj တွဲဒြင်းအတြောင်းထို နှာ 6 - 5 ခှာရှု။)

----။--- ထို the ၏နောက်ခှာတွဲပြီး ၎င်းအတွဲထို ဝိဘတ်နောက်ခှာတပ်တွဲတာ (P.Ph) ထုပ်၍ (Adv) နှင့် (Qualifier -Adj) အဖြစ်သုံးနိုင်သည်။ သုံးဝုံထို သီးကြားဓပြဝါ။ N ဝါဘော (P.Ph) ထို သုံးသည်အထိုင်းခှတ်။

D. ----။--- ထို Gerund ထုပ်၍ S, S.C, O, O.C, D.O အဖြစ်သုံးနိုင်သည်။
(Adj ထို Gerund ထုပ်ရာ၌ နှာ 219 ဇထားဆဲတ being + Adj , having been + Adj ဝုံစံဖြင့်ထုပ်။)
သုံးဝုံထို သီးကြားဓပြဝါ။ နှာ 220 - 14. 4 ခှ Gerund ရှားထဲ့သို့ခှတ်။

E. ----။--- ထို Full Infinitive ထုပ်၍ S, S.C, O, O.C, D.O အဖြစ်သုံးနိုင်သည်။
(Adj ထို Full Infinitive ထုပ်ရာ၌ နှာ 222 ဇထားဆဲတ to be + Adj , to have been + Adj ဝုံစံဖြင့်ထုပ်။) သုံးဝုံထို သီးကြားဓပြဝါ။ နှာ 221 - 14. 6 - 1, 2, 3, 4, 5 ခှ Full Infinitive ရှားထဲ့သို့ခှတ်။

F. ----။--- ထို Participle ထုပ်၍ Adv အဖြစ်သုံးနိုင်သည်။
(Adj ထို Participle ထုပ်ရာ၌ နှာ 224 ဇထားဆဲတ being + Adj , having been + Adj ဝုံစံဖြင့်ထုပ်။)
Adv အဖြစ်သုံးဝုံထို နှာ 225 - 3 - c, g, k ခှာရှု။

6. Pre ထို သူ့နောက်ခှာ (7) ချိုးအနက်တစ်ချိုးချိုးတွဲပြီး (P.Ph) ထုပ်၍ (Adv) အဖြစ်သုံးဝုံထို နှာ 184 - 12. 6 - A ခှာရှု။
----။---------။----------။----------။-------- (Qualifier-Adj) အဖြစ်သုံးဝုံထို နှာ 185 - B ခှာရှု။
(P.Ph) ပြုထုပ်ဝုံထို နှာ 183 - 12. 5 ခှာရှု။

7. Conj ထို သူ့နောက်ခှာ အဆိုဝါတျ ၊ အငြင်းဝါတျ တစ်ခုခုတွဲ၍ ကြိတာဝိသေသနဝါတျ (Adv -CL) ထုပ်၍ (Adv) အဖြစ်သုံးသည်။
သုံးဝုံထို Unit - 16 တစ်ခန်းထုံး ခှာရှု။

ဤသိုဖြင့် –

1. ဒထားအဝီါ (7) ချိုးထို S, S.C, O, O.C, D.O, I.O, V, Adv, Adj တူသော ဝါတျအဝီါ (9) ချိုး တာဝန်ရှားဖြင့်–
2. ဝါတျဝုံစံ (48) ခုအနက် တစ်ခုခှာ တည်သွင်းလျက်–
3. ကြိတာဝုံစံ (42) ခုအနက် တစ်ခုခုထို ကြိတာနေရာခှာသုံး၍ ရေးသောအခါ ဝါတျတစ်တြောင်း ဒတင်ဖြစ်ဝေါ်လာတော့သည်။

ROOT CONTENTS (မာတိကာ အချုပ်)

နံပါတ်	အကြောင်းအရာ	အခန်း	စာမျက်နှာ
1.	နာမ် (Noun)	1	1 — 10
	နာမ်စား (Pronoun)	1	10 --- 15
2.	ကြိယာ (Verb)	2	16 --- 23
3.	ဝါကျတည်ဆောက်ပုံနှင့် ဝင်ရောက်ယာဝါသော ဝါကျ (4) မျိုးခြုံလုပ်နည်း	3	24 --- 41
4.	ရှိ ဖြစ်ကြိယာ ဝါသော ဝါကျ (4) မျိုးခြုံလုပ်နည်း	4	42 --- 51
5.	အတူကြိယာ နှင့် ဝင်ရောက်ယာတွဲ၍ဝါသော ဝါကျ (4) မျိုးခြုံလုပ်နည်း	5	52 --- 57
6.	အတူကြိယာ နှင့် ရှိ ဖြစ်ကြိယာတွဲ၍ဝါသော ဝါကျ (4) မျိုးခြုံလုပ်နည်း	6	58 --- 63
7.	လဲ – အမေးဝါကျ (Wh - Question) (11) မျိုးခြုံလုပ်နည်း	7	64 --- 78
8.	ဝါကျပုံစံများ (Sentence Patterns) နှင့် နှုန်နာဝါကျများ	8	79 —104
9.	ယာယသုံးစါးဆိုင်ရာကြိယာများ (Tenses)	9	105 —143
10.	နာမ်ဝါကျ (Noun Clause) ခြုံလုပ်နည်းများ	10	144 —171
11.	နာဓိသေသနဝါကျ (Adjective Clause) ခြုံလုပ်နည်းများ	11	172 —179
12.	ဝိဘတ် (Preposition) နှင့် နိပါတ် (Particle) အကျယ်	12	180 —195
13.	နာဓိသေသန (Adjective) အကျယ်	13	196 --- 217
14.	ဟာလ တန့်သတ်စဲ့ ကြိယာပုံစံများ (Non-Finite Verb Forms)	14	218 --- 227
15.	ကြိယာဝိသေသန (Adverb) အကျယ်	15	228 --- 242
16.	သဒ္ဒန္ဒများ (Conjunctions) နှင့် ကြိယာဝိသေသနဝါကျ (Adv- Clause) ခြုံလုပ်နည်းများ	16	243 --- 268
17.	အထွေထွေ (The Miscellaneous)	17	269 --- 289
18.	တစ်ဆင့်တင်ပြပုံစံတား (Reported Speech)	18	290 --- 300
19.	နောက်ဆက်တွဲ ဓာတ်စွယ်နှင့် လတ်တွေ့ လေ့ကျင့်ခန်း အင်ဒြေများ —		301 --- 338

TABLES (ဇယားများ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
1.	ဇယား အမှတ် 1 - ပုဂ္ဂိုလ်ပြနာမ်စား — — —	12
2.	ဇယား အမှတ် 2 - ပင်မကြိယာ အဆင့်ဆင့် — —	17
3.	ဇယား အမှတ် 3 - ရှိ/ဖြစ်ကြိယာ (Be) — — —	20
4.	ဇယား အမှတ် 4 - မှာရှိကြိယာ (Have) — — —	20
5.	ဇယား အမှတ် 5 - ပြုလုပ်ကြိယာ (Do) — — —	20
6.	ဇယား အမှတ် 6 - ကတ္တားနှင့်ကြိယာများယှဉ်တွဲပုံ — — —	23
7.	ဇယား အမှတ် 7 မှ 18 - ပင်မကြိယာ (M.V) ပါသော ဝါကျပုံစံများ— — —	25—26
8.	ဇယား အမှတ် 19 - ရှိ/ဖြစ်ကြိယာပါသောဝါကျပုံစံဇယား (Be) — — —	26
9.	ဇယား အမှတ် 20 - လဲအမေးဝါကျ (Wh-Question) — — —	65
10.	ဇယား အမှတ် 21 - ပစ္စုပ္ပန်ကြိယာပုံစံ (Present Tense) — — —	106
11.	ဇယား အမှတ် 22 - အတိတ်ကြိယာပုံစံ (Past Tense) — — —	106
12.	ဇယား အမှတ် 23 - အနာဂတ်ကြိယာပုံစံ (Future Tense) — — —	106
13.	ဇယား အမှတ် 24 - စိတ်အမူအရာပြကြိယာပုံစံ (Modal Tense) — — —	106
14.	ဇယား အမှတ် 25 - (Present Tense) အကျယ် — — —	109
15.	ဇယား အမှတ် 26 - (Past Tense) အကျယ် — — —	119
16.	ဇယား အမှတ် 27 - (Future Tense) အကျယ် — — —	122
17.	ဇယား အမှတ် 28 - (Modal Tense) အကျယ် — — —	125
18.	ဇယား အမှတ် 29 - အဆက်နာမ်စား (R.P) — — —	145
19.	ဇယား အမှတ် 30 - အခြင်းအရာပြအဆက်နာမ်စား (F.P) — — —	162
20.	ဇယား အမှတ် 31 - အဆက်ကြိယာဝိသေသန (R.Adv) — — —	164
21.	ဇယား အမှတ် 32 - Gerund — — —	218
22.	ဇယား အမှတ် 33 - Full Infinitive — — —	222
23.	ဇယား အမှတ် 34 - Participle — — —	224

Scanned by CamScanner

ABBREVIATIONS FOR GRAMMATICAL TERMS OF THIS BOOK

ဤစာအုပ်မှ အင်္ဂလိပ်သဒ္ဒါဝေါဟရ အတိုကောက်များ

အောက်ပါအတိုကောက်သင်္ကေတများကိုတွေ့ပါက အောက်ပါအတိုင်း ဆိုလိုရင်းဝေါဟာရများကို ညွှန်းသည်ဟုမှတ်ပါ။

S = Subject = ကတ္တား

S.C = Subject Complement = ကတ္တား ဓာဖြည့်ပုဒ်

O = Object = ကံ

O.C = Object Complement = ကံ ဓာဖြည့်ပုဒ်

D.O = Direct Object = တိုက်ရိုက် ကံ

I.O = Indirect Object = သွယ်ဝိုက်ကံ

V = Verb = ကြိယာ

Adv.Obj = Adverbial Object = ကြိယာဝိသေသနဆန်သောကံ

Adv = Adverb = ကြိယာဝိသေသန

R.Adv = Relative Adverb = ဓာဆက်ကြိယာဝိသေသန

Adj = Adjective = နာမဝိသေသန

R.Adj = Relative Adjective = ဓာဆက်နာမဝိသေသန

Conj = Conjunction = ဓာဆက်စကား (သမ္ဗန္ဓ)

N = Noun = နာမ်

C.N = Countable Noun = ရေတွက်ရိုးထုံးစံ ရှိသောနာမ်

U.N = Uncountable Noun = ရေတွက်ရိုးထုံးစံ မရှိသောနာမ်

Pro = Pronoun = နာမ်စား

S. Pro = Subject Pronoun = ကတ္တား နာမ်စား

O.Pro = Object Pronoun = ကံ နာမ်စား

P.Pro = Possessive Pronoun = ပိုင်ဆိုင်မှု နာမ်စား

R.P = Relative Pronoun = ဓာဆက် နာမ်စား

F.P = Factual Prounoun = ဓာခြင်းဓာရာပြ နာမ်စား

(Be) = ရှိ/ဖြစ် ကြိယာ (am , is , are , was , were)

(Be)1 = ပစ္စုပ္ပန် ရှိ/ဖြစ် ကြိယာ (am , is , are)

(Be)2 = ဓာတိတ် ရှိ/ဖြစ်ကြိယာ (was , were)

(Do) = ပြုလုပ် ကြိယာ = (do , does , did)

(Have) = မှာရှိ ကြိယာ = (have , has , had)

(Have) 1 = ပစ္စုပ္ပန် မှာရှိ ကြိယာ = (have , has)

(Aux) = Auxiliary Verb = ဓာကူကြိယာ = (shall , will စသည်)

S.V = Sensitive Verb = ဓာရုံဆိုင်ရာကြိယာ

TK.V = Thinking Verb = တွေးကြံ ကြိယာ

E.V = Emotional Verb = စိတ်ခံစားမှု ကြိယာ

C.V = Causative Verb = ဓာကြောင်းပြု ကြိယာ

CT.V = Complex Transitive Verb = ရှုတ်ထွေး ကံလိုကြိယာ

PT.V = Phrasal Transitive Verb = ပုဒ်စုကံလိုကြိယာ

PI.V = Phrasal Intransitive Verb = ပုဒ်စု ကံမလိုကြိယာ

V.1 = Infinitive Verb = ပစ္စုပ္ပါန် ပင်မကြိယာ

V.2 = Past Verb = ဓာတိတ် ပင်မကြိယာ

V.3 = Past Participle = ပြီးစီး ပင်မကြိယာ

V.4 = Present Participle = ဖြစ်ဆဲ ပင်မကြိယာ

Adj.1 = Positive Adj = မူလဓာဆင့် နာမဝိသေသန

Adj.2 = Comparative = ပိုသာဓာဆင့် နာမဝိသေသန

Adj.3 = Superlative Adj = ဓာသာဆုံးဓာဆင့် နာမဝိသေသန

P. Ph = Prepositional Phrase = ဝိဘတ်ပုဒ်စု

FP. Ph = Fixed Prepositional Phrase = ပုံသေဝိဘတ်ပုဒ်စု

P. Ph ထဲက N = ဝိဘတ်ပုဒ်စု၌ပါသော ၎င်းဝိဘတ်၏နောက်က နာမ်

A.V = Active Voice = ကတ္တားဓာနက်ရှိ ကြိယာပုံစံ

P.V = Passive Voice = ကံဓာနက်ရှိကြိယာပုံစံ

S / W = Shall နှင့် Will

N.Cl = Noun Clause = နာမ်ဝါကျ

Adj.Cl = Adjective Clause = နာမဝိသေသနဝါကျ

Adv.Cl = Adverb Clause = ကြိယာဝိသေသနဝါကျ

Parti = Particle = နိပါတ် (ကြိ/ဝိ ဓာဖြစ် သုံးသောဝေါဟာရ)

Ger = Gerund = V.1 + ing

ကတ် = ကတ္တား

ကြိ = ကြိယာ

ကြိ/ဝိ = ကြိယာဝိသေသန

နာမ/ဝိ = နာမဝိသေသန

M = Modal Verb = စိတ်ဓာမူဓာရာပြကြိယာ (Aux များကိုပင် ဖြစ်သည်)

(M.V) = Main Verb = ပင်မကြိယာ (ဓာချို့တွဲ့၌ Ordinary Verb = ရိုးရိုးကြိယာ ဟုခေါ်၏)

I.V = Intransitive Verb = ကံမလိုကြိယာ

T.V = Transitive Verb = ကံလိုကြိယာ

D.V = Ditransitive Verb = ကံ နှစ်မျိုးလိုကြိယာ - တစ်နည်း (Double Transitive Verb)

LK.V = Linking Verb = ချိတ်ဆက်ကြိယာ

DE.V = Delexical Verb = ဓာနက်မဲ့ကြိယာ

UNIT. 1

NOUN = နာမ် နှင့် PRONOUN = နာမ်စား

နံပါတ် ဓာကြောင်းဓာရာ စာမျက်နှာ

NOUN = နာမ်

1. 1 နာမ် (6) မျိုး ---------- 2

1. 2 ရေတွက်ရိုးထုံးစံမရှိသောနာမ် ---------- 2

1. 3 ရေတွက်ရိုးထုံးစံရှိသောနာမ် ---------- 2

1. 4 ကိုယ်ပိုင်နာမ် ---------- 3

1. 5 ဓာများဆိုင်နာမ် ---------- 3

1. 6 ပေါင်းစုနာမ် ---------- 3

1. 7 စိတ္တဇနာမ် ---------- 3

1. 8 နာမ်တို့၏ လိင် (Gender) ---------- 3

1. 9 ပုန်းလိင် ---------- 3

1. 10 ဣတ္ထိလိင် ---------- 4

1. 11 နပုန်းလိင် ---------- 4

1. 12 ဓာတိကယ်များ (Articles) ---------- 4

1. 13 မတိက္ခ မရေရာသောဓာတိကယ် ---------- 4

1. 14 တိက္ခ ရေရာသောဓာတိကယ် ---------- 5

1. 15 တိက္ခ ရေရာသော ဓာတိကယ်ကို မသုံးရသောဓာရာဌာနများ ---------- 7

1. 16 နာမ်၏ ဝုစ် (Number) ---------- 8

1. 17 ကာရကများ (Cases) ---------- 9

1. 18 နာမ်ကိုဓာသုံးပြုပုံဓာချုပ် ---------- 10

PRONOUN = နာမ်စား

1. 19 နာမ်စား (8) မျိုး ---------- 10

1. 20 ညွှန်းပြနာမ်စား ---------- 11

1. 21 ဖြန့်ဝေနာမ်စား ---------- 11

1. 22 ဓာမေးနာမ်စား ---------- 11

1. 23 ပုဂ္ဂိုလ်ပြနာမ်စား ဇယားဓာမှတ် (1) ---------- 12

1. 24 ကတ္တားနာမ်စား ---------- 12

1. 25 ကံနာမ်စား ---------- 12

1. 26 ပိုင်ဆိုင်မှုနာမ်စား ---------- 13

1. 27 တုန့်ပြန်နာမ်စား ---------- 13

1. 28 ဓာဆက်နာမ်စား ---------- 13

1. 29 မရေရာနာမ်စား ---------- 13

1. 30 နာမ်စားကိုဓာသုံးပြုပုံဓာချုပ် ---------- 14

1. 31 လက်တွေ့လေ့ကျင့်ခန်းများ ---------- 14

Scanned by CamScanner

1.1 NOUN = နာမ်

သက်ရှိသက်မဲ့ ၊ ဖြစ်ရှိဖြစ်မဲ့ ဟူသမျှတို့ကို လူတို့က နာမည်ပေး၍ ခေါ်ဆိုသမုတ်ထားသော အမည်နာမ ဟူသမျှသည် နာမ် (Noun) ဖြစ်သည်။ နာမ် (Noun) ၌ --

1. **Uncountable Noun** = ရေတွက်ရိုးထုံးစံမရှိသောနာမ်
2. **Countable Noun** = ရေတွက်ရိုးထုံးစံရှိသောနာမ်
3. **Proper Noun** = ကိုယ်ပိုင်နာမ်
4. **Common Noun** = အများဆိုင်နာမ်
5. **Collective Noun** =ပေါင်းစုနာမ်
6. **Abstract Noun** = စိတ္တဇနာမ်

ဟူ၍ အမျိုးအစား (6) မျိုးရှိသည်။

1.2 Uncountable Noun = ရေတွက်ရိုးထုံးစံမရှိသောနာမ်

ခြင်တွယ် တိုင်းတာရသောကိရိယာကိုသုံး၍ ရေတွက်ရသည့် အရာဝတ္ထု (ဝါ) နာမ်မျိုးကို **Uncountable Noun** (ရေတွက်ရိုးထုံးစံ မရှိသောနာမ်) ဟုခေါ်သည်။ ဥပမာ--

(1) ပေတံ၊ ကိုက်တံ စသည်တို့ဖြင့်သာ တိုင်းတာ၍ရေတွက်ရသော အထည်အလိပ် ၊ ပလပ်စတစ် ၊ စက္ကူ စသော နာမ်များ။
(2) ချိန်စရာ ချိန်ခွင်စသောကိရိယာဖြင့်ချိန်တွယ်ရသည့် အသား ၊ ငါး ၊ ဆား ၊ ငါးပို၊ သကြား စသောနာမ်များ။
(3) ထည့်စရာ တောင်း ၊ ခြင်း ၊ ဇလား ၊ အိတ် တို့ဖြင့်ထည့်၍ရေတွက်ရသည့် ဆန်၊ စပါး၊ ဂျုံ၊ ပဲ၊ နှမ်း၊ သဲ စသော အစေ့အမှုန့်နာမ်များ။
(4) ထည့်စရာ ပန်းကန် ၊ အိုး ၊ ခွက် စသည်တို့ဖြင့်ထည့်၍ရေတွက်ရသော ဟင်း ၊ ထမင်း ၊ ခေါက်ဆွဲ စသောနာမ်များ
(5) ထည့်စရာ ဗူး ၊ ပုလင်း ၊ ပုံး ၊ စည် ၊ ကန် တို့ဖြင့် ရေတွက်ရသော ရေ ၊ ဆီ ၊ အရည် ၊ ထောပတ် ၊ အမဲဆီ ကဲ့သို့သောနာမ်များ။
(6) ကား ၊ လှည်း ၊ ကျင်း ၊ အစုအပုံ တို့ဖြင့်ရေတွက်ရသော သဲ ၊ မြေ ၊ ကျောက်သား ၊ သတ္ထု စသည့်နာမ်များ။
(7) အစည်း ၊ အထုံး ၊ အိတ် ၊ အခွေ ၊ အလိပ် စသည် ပြုလုပ်၍ရေတွက်ရသော ချည် ၊ ကြိုး ၊ မြက် ၊ ကောက်ရိုး ၊ ဆံပင်၊ ဝါဂွမ်းကဲ့သို့သော နာမ်များ။
(8) လေ ၊ နှင်း ၊ မြူမှုန် ၊ ဓါတ်ငွေ့ ကဲ့သို့သော အငွေ့ဟူသမျှသော နာမ်များ။
(9) ဆပ်ပြာ ၊ ပေါင်မုန့် ၊ မြေဖြူ ကဲ့သို့သော အတုံးအခဲပြုလုပ်ပြီးမှ ရေတွက်ရသော နာမ်များ ဖြစ်ကြသည်။

ဤနေရာ၌ မေးဖွယ်ရှိသည်မှာ ဆန်၊ ပဲ ၊ နှမ်း၊ ဂျုံ၊ သဲ တို့ကို တစ်စေ့ချင်း တစ်ပွင့်ချင်းလက်ဖဝါးပေါ်တင်၍ ရေတွက်လျှင် ရပါလျက်၊ အဘယ်ကြောင့် **Uncountable Noun** ဟု ခေါ်ရပါသလဲ၊ **Countable Noun** ဟု အဘယ့်ကြောင့်မခေါ်ပါသလဲဟူ၍ဖြစ်သည်။ မှန်ပါသည်။ တစ်စေ့ချင်း တစ်ပွင့်ချင်းအားဖြင့်လည်း ရေတွက်၍ရပါသည်။ သို့သော် လက်ဖဝါးပေါ်တင်၍ရေတွက်သောကိစ္စမှာ တွင်ကျယ်စွာ အသုံးပြုသော ထုံးစံမရှိပေ။ သို့ဖြစ်၍ **Uncountable Noun** ဆိုသောဝေါဟာရကို ရေတွက်၍မရသောနာမ် ဟု ဘာသာ မပြန်သင့်ပါ။ ရေတွက်ရိုး ထုံးစံမရှိသောနာမ် ဟုသာ ဘာသာပြန်သင့်သည်။

meat = အသား	**sand** = သဲ	**tea** = လက်ဖက်ရည်	**grass** = မြက်
fish = ငါး	**pebble** = ကျောက်စရစ်ခဲ	**water** = ရေ	**hair** = ဆံပင်
beef = အမဲသား	**earth** = မြေကြီး	**coffee** = ကော်ဖီ	**cotton** = ဝါဂွမ်း
salt = ဆား	**gold** = ရွှေ	**honey** = ပျားရည်	**straw** = ကောက်ရိုး
sugar = သကြား	**copper** = ကြေးနီ	**grease** = အမဲဆီ	**thread** = အပ်ချည်
rice = ဆန်	**silver** = ငွေသတ္ထု	**butter** = ထောပတ်	**cloth** = အထည်စ ၊ အဝတ်စ
flour = ဂျုံမှုန့်	**iron** = သံ	**paper** = စက္ကူ	**soup** = ဟင်းချို
bread = ပေါင်မုန့်	**sesamum seed** = နှမ်း	**plastic** = ပလပ်စတစ်	**chalk** = မြေဖြူ
rope = ကြိုး	**rock** = ကျောက်သား	**noodle** = ခေါက်ဆွဲ	

1.3 Countable Noun = ရေတွက်ရိုးထုံးစံရှိသောနာမ်

ခြင်တွယ် တိုင်းတာရသောကိရိယာကိုမသုံးပဲ သူ့ချည်းသက်သက်ရေတွက်ရသည့် အရာဝတ္ထု (ဝါ) နာမ်မျိုးကို **Countable Noun** (ရေတွက်ရိုး ထုံးစံမရှိသောနာမ်) ဟုခေါ်သည်။ ဥပမာ--

Scanned by CamScanner

book = စာအုပ်	cattle = နွား	village = ရွာ	tree = သစ်ပင်
table = စားပွဲ	ring = လက်စွပ်	train = ရထား	province = ပြည်နယ်
school = ကျောင်း	radio = ရေဒီယို	ant = ပုရွက်ဆိတ်	nation = အမျိုးသား/နိုင်ငံ
man = လူ/ယောကျ်ား	snake = မြွေ	star = ကြယ်	government = အစိုးရ - စသည်---။

1.4 Proper Noun = ကိုယ်ပိုင်နာမ်

လူအမည် ၊ တိရစ္ဆာန်အမည် ၊ မြို့. ရွာအမည် ၊ တိုင်း နိုင်ငံ အမည် ၊ တော ကောင် အမည် ၊ မြစ်ချောင်း အင်းအိုင်အမည်၊ ပင်လယ် သမုဒ္ဒရာအမည် ၊ အဖွဲ့.အစည်းအမည် စသော အများနှင့်မသက်ဆိုင်သော တစ်သီးပုဂ္ဂလအမည်နာမများသည် Proper Noun (ကိုယ်ပိုင်နာမ်) ဖြစ်၏။ ဥပမာ---

U Ba = ဦးဘ	Mandalay = မန္တလေး	Chindwin = ချင်းတွင်း	Pacific = ပစိဖိတ်
Peter = ပီတာ	Yangon = ရန်ကုန်	Dutthawady = ဒုဋ္ဌဝတီ	Shwedagon = ရွှေတိဂုံ
Daw Pu = ဒေါ်ပု	Sagaing = စစ်ကိုင်း	Inlay = အင်းလေး	Buddha = ဗုဒ္ဓ
Aung Net = အောင်နက်	Popa = ပုပ္ပါး	Bangal = ဘင်္ဂလား	Jesus Christ= ရေရှုခရစ်
United Nations =ကုလသမဂ္ဂ	Asean = အာဆီယံ	Nato = နေတိုး စသည်---။	

မှတ်ချက် ။ ။ Proper Noun (ကိုယ်ပိုင်နာမ်) များ၏အစအကွရာကို အင်္ဂလိပ်အက္ခရာအကြီးဖြင့်ရေးရသည်။

1.5 Common Noun = အများဆိုင်နာမ်

တစ်သီးပုဂ္ဂလအနေနှင့်မသက်ဆိုင်ပဲ အများနှင့်သက်ဆိုင်သော နာမ်များကို Common Noun = အများဆိုင်နာမ် ဟုခေါ်သည်။

woman = မိန်းမ	teacher = ဆရာ	prime minister = ဝန်ကြီးချုပ်	father = အဖေ
girl = မိန်းကလေး	doctor = ဆရာဝန်	monk = ဘုန်းကြီး	mother = အမေ
boy = ယောကျ်ားလေး	driver = ကားမောင်းသမား	nun = သီလရှင်	leader = ခေါင်းဆောင်
king = ဘုရင်မင်း	lawyer = ရှေ့နေ	nurse = သူနာပြု	worker = အလုပ်သမား စသည်-။

1.6 Collective Noun = ပေါင်းစုနာမ်

တစ်ဦးချင်း တစ်ခုချင်းမဟုတ်ပဲ အများပါဝင်ဖွဲ့စည်းထားသောနာမ်မျိုးကို Collective Noun =ပေါင်းစုနာမ် ဟုခေါ်၏။

army =စစ်တပ်	assembly =ညီလာခံ	parliament =ပါလီမန်	jury = ခုံရုံးအဖွဲ့
staff =ရုံးဝန်ထမ်းအဖွဲ့.	flock =ငှက်အုပ်	nation =လူမျိုး	crew = သင်္ဘောသားအဖွဲ့
team =အဖွဲ့ (အားကစားကဲ့သို့)	family =မိသားစု	association = အသင်း (စီးပွားရေး/လူမှုရေး) စသည်--။	

1.7 Abstract Noun = စိတ္တဇနာမ်

ကိုင်တွယ် ထိတွေ့၍ မရသော အစိုင်အခဲ အရည်စသည်မဟုတ်သော စိတ်ထဲကသာသိရသည့် နာမ်မျိုးကိုAbstract Noun (စိတ္တဇနာမ်) ဟုခေါ်သည်။ ဥပမာ---

hatred = အမုန်းတရား	compassion = သနားကရုဏာ	honesty = ရိုးသားမှု	heat = အပူ
anger = ဒေါသ	passion = ကာမရာဂ	sincerety = အရိုးခံသဘော	hardness = မာကြောမှု
love = ချစ်ခြင်း	enmity =ရန်ငြိုး	wisdom = ပညာ	death = သေခြင်း စသည်--။

1.8 GENDER OF NOUN = နာမ်တို့၏ လိင်

အင်္ဂလိပ်စာ၌ နာမ်များကိုလိင်ခွဲခြားရသည်မှာ အလွန်လွယ်ကူသည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အထီးဖြစ်လျှင် ပုန်းလိင်၊ အမဖြစ်လျှင် ဣတ္ထိလိင်၊ အထီးအမခွဲခြားမရသော သက်မဲ့များကို နပုန်းလိင် ဟုသတ်မှတ်ပါသည်။ ဥပမာ---

1.9 Noun ; Masculine Gender = ပုန်းလိင်နာမ်များ

father = အဖေ	boy = ယောကျ်ားလေး	master = သခင်ထီး	cock = ကြက်ဖ

Scanned by CamScanner

uncle = ဦးလေး monk = ဘုန်းကြီး man = ယောကျာ်း dog = ခွေးထီး
brother = အစ်ကို/ညီ actor = အမျိုးသားသရုပ်ဆောင် king = ဘုရင် he-goat = ဆိတ်ထီး
grandfather = အဖိုး waiter = အမျိုးသားစားပွဲထိုး god = နတ်ဘုရားအထီး tiger = ကျားထီး စသည်---။

1.10 Noun ; Feminine Gender = ကွတ္ထိလိင်နာမ်များ

mother = အမေ girl = မိန်းကလေး mistress = သခင်မ hen = ကြက်မ
aunt = အဒေါ်/အရီး woman = မိန်းမ nun = သီလရှင် bitch = ခွေးမ
sister = အမ/နှစ်မ actress=အမျိုးသမီးသရုပ်ဆောင် queen = မိဖုရား/ဘုရင်မ she-goat = ဆိတ်မ
grandmother = အဖွား waitress = အမျိုးသမီးစားပွဲထိုး godess = နတ်ဘုရားမ tigress = ကျားအမ စသည်-။

1.11 Noun ; Neuter Gender = နပုန်းလိင်နာမ်များ

ဖော်ပြခဲ့ပြီးသော Countable Noun (ရေတွက်ရိုးထုံးစံရှိသောနာမ်) များအနက် သက်မဲ့များအားလုံးသည် နပုန်းလိင် ×××× နာမ်များချည်းဖြစ်ကြသည်။

မှတ်ချက်။ ။ပုန်းလိင်နာမ်များကို နာမ်စားများဖြင့်ကိုယ်စားပြု၍သုံးလိုပါက ပုန်းလိင်နာမ်စားများဖြစ်ကြသော he, him, his, himself တို့ကိုသုံးရ၏။ ကွတ္ထိလိင်နာမ်များအတွက်ကား ကွတ္ထိလိင်နာမ်စားများဖြစ်ကြသော she, her, hers, herself တို့ကိုသုံးရ၏။ နပုန်းလိင်အတွက်မှာ it, its, itself တို့ကိုသုံးရသည်။ သို့သော် လူကလေးငယ်၊ တိရစ္ဆာန်ကလေးငယ်များကိုမူ အထီးအမ ခွဲခြား နိုင်သော်လည်း နပုန်းလိင် အဖြစ်ဖြင့်သုံးရသည်။ နာမ်စားဖြင့် သုံးလိုလျှင်လည်း it, its , itself တို့ကိုသာ သုံးရသည်။ ထို့ပြင် ရသမြောက်အောင် တင်စား၍သုံးရာ၌ အချို့သော နပုန်းလိင် သက်မဲ့နာမ်များကို ပုန်းလိင်၊ ကွတ္ထိလိင်များအဖြစ် တင်စား၍ သုံးသေးသည်။ ပြင်းပြ ခက်ထန်သော သဘောရှိသော သက်မဲ့နာမ်များကို ပုန်းလိင်အနေနှင့်လည်းကောင်း၊ အလှအပ၊ နူးညံ့မှု၊ နှစ်သက်စေမှု သဘောရှိသော သက်မဲ့နာမ်များကို ကွတ္ထိလိင်အဖြစ်လည်းကောင်း တင်စားသုံးသည်။

(1) ဥပမာ---- the sun = နေ, summer = နွေဥတု, winter = ဆောင်းဥတု, death = သေခြင်း စသည်---။
ဂင်းတို့ကို သက်ရှိကဲ့သို့ တင်စား၍သုံးလိုပါက ပုန်းလိင်နာမ်စား he , him . his , himself တို့နှင့်အစားထိုးသုံးရ၏။
Before the summer came, cuckoos, <u>his</u> fore-runners , came to be seen early.
နွေမရောက်မီ <u>သူ၏</u> ရှေ့တော်ပြေးများဖြစ်ကြသော ဥဩငှက်များကို စောစောစီးစီး မြင်လာခဲ့ရသည်။

(2) ဥပမာ --- the moon = လ, the earth = ကမ္ဘာမြေ, nature = သဘာဝတရား, spring =နွေဦးရာသီ
peace = ငြိမ်းချမ်းရေး, liberty = လွတ်လပ်ရေး, ship = သင်္ဘော, country = နိုင်ငံ စသည်---။
ဂင်းတို့ကို သက်ရှိကဲ့သို့ တင်စား၍သုံးလိုပါက ကွတ္ထိလိင်နာမ်စား she , her , hers , herself တို့နှင့်အစားထိုးသုံးရ၏။
The moon , with <u>her</u> gentle shine , has embraced all the quiet land.
လစန္ဒာသည် <u>သူမ၏</u> နူးညံ့သောအလင်းရောင်ဖြင့် ၄င်းဆိတ်ငြိမ်နယ်မြေကို အလုံးစုံထွေးပွေ့ထားသည်။

1.12 ARTICLES = အာတီကယ်များ

အာတီကယ် ဆိုသည်မှာ နာမ် (N) တစ်ခု၏ရှေ့ (ဘယ်ဖက်) ၌ထားသုံးရပြီး ၎င်းနာမ်ကို အရေအတွက်အားဖြင့် နည်းသည်၊ များသည်၊ တိကျ ရေရာသည်ဟူ၍ အဆုံးအဖြတ်ပေးနိုင်သော ပုဒ်ဖြစ်သည်။ ၎င်းအာတီကယ်၌ မတိကျ မရေရာသော အာတီကယ် (Indefinite Article) နှင့် တိကျရေရာသောအာတီကယ် (Definite Article) ဟူ၍ နှစ်မျိုးရှိသည်။

1.13 Indefinite Article = မတိကျမရေရာသော အာတီကယ်

(1) Indefinite Article = မတိကျမရေရာသော အာတီကယ်ဖြစ်ကြသော <u>a</u>, <u>an</u> တို့ကို ရေတွက်ရိုးထုံးစံရှိသော နာမ် (Countable Noun) ကို ကေဝုစ်ပြုလုပ်ရာ၌ ၎င်းနာမ်၏ ရှေ့၌ထားသုံးသည်။ <u>တစ်ခု၊ တစ်ကောင်၊ တစ်ယောက်</u> ဟု အနက် အဓိပ္ပါယ်ထွက်သည်။

(2) နာမ်တစ်ခု၏စာလုံးပေါင်း၌ အစဦးဆုံးအက္ခရာကို သရနှင့် စသည်ဖြစ်စေ၊ ဗျည်းနှင့် စသည်ဖြစ်စေ၊ အစဦးဆုံး အသံသည် ဗျည်းသံဖြစ်ပါက <u>a</u> ကို သုံးရသည်။ ဥပမာ---

a man = လူ / ယောကျာ်းတစ်ယောက် (manသည် ဗျည်းနှင့်စ ၍ ဗျည်းသံ စထွက်သည်)

Scanned by CamScanner

a European = ဥရောပတိုက်သားတစ်ယောက် (European သည် သရနှင့်စသော်လည်း ဗျည်းသံပဲ စထွက်သည်။)

(3) နာမ်တစ်ခု၏စာလုံးပေါင်း၌ အစဦးဆုံးအက္ခရာကို သရနှင့် စသည်ဖြစ်စေ၊ ဗျည်းနှင့် စသည်ဖြစ်စေ၊ အစဦးဆုံး အသံသည် သရသံဖြစ်ပါက an ကို သုံးရသည်။ ဥပမာ---

an umbrella = ထီးတစ်လက် (umbrella သည် သရနှင့်စ၍ သရသံစထွက်သည်)

an hour = တစ်နာရီ (hour သည် ဗျည်းနှင့်စသော်လည်း သရသံစထွက်သည်)

(4) နာမ်တစ်ခုကို ၎င်းနာမ်ပါဝင်သော အမျိုးအစားတစ်ခုလုံးကို ကိုယ်စားပြု၍ သုံးထားပါက ၎င်းနာမ် ရှေ့၌ a , an တို့မှဆီလျော်ရာကို တွဲသုံးရသည်။ တစ်ခု၊ တစ်ကောင်-စသည်ဖြင့်အနက်မပေးရပါ။ (---မည်သည်/ ဟူသည်/ဆိုတာမျိုးသည်) ဟုအနက်ပေး ဘာသာပြန်ရသည်။

a. A car must be faster than bicycle. = ကားဆိုတာမျိုးသည် စက်ဘီးထက်ပိုမြန်မှဖြစ်မည်။

b. An owl never eats fruit. = ဇီးကွက်တို့မည်သည် သစ်သီးကိုဘယ်တော့မှ မစားပါ။

c. A man should have sympathy. = လူဟူသည် ကိုယ်ချင်းစာတရား ရှိသင့်သည်။

(5) နှုန်းထားကိုဖော်ပြရာ၌လည်း a , an တို့ကိုသုံးသည်။ (တစ်----လျှင်) ဟုဘာသာပြန်အနက်ပေးပါ။

a. once a week = တစ်ပတ်လျှင် တစ်ကြိမ်

b. two tablets a day. = တစ်နေ့လျှင် ဆေးပြားနှစ်ပြား

c. three dollars an hour = တစ်နာရီလျှင် သုံးဒေါ်လာ

(6) Uncountable Noun = ရေတွက်ရိုးထုံးစံမရှိသောနာမ်သည် အမြဲတမ်းဧကဝုစ်ဟုမှတ်ရမည်။ သို့ဖြစ်၍ ရေတွက်ရိုး ထုံးစံမရှိသောနာမ်ကို ဧကဝုစ်ပြုလုပ်ရန် ၎င်း၏ရှေ့က a , an တို့ကိုထည့်စရာမလိုပဲ ဧကဝုစ်ဖြစ်ပြီးဖြစ်သည်။ ဧကဝုစ်ပြုလိုလျှင် ၎င်းနာမ်၏ရှေ့မှာ အတိုင်းအတာကိုဖော်ပြသော ပုဒ်တစ်ခုထည့်ပြီးမှ ထိုပုဒ်၏ရှေ့မှာ a , an ကိုထည့်သုံးရသည်။ ဥပမာ---

a. a cup of water = ရေတစ်ခွက်
(water သည် ရေတွက်ရိုးထုံးစံမရှိသောနာမ်။ cup of သည် အတိုင်းအတာပြပုဒ်)

b. a bottle of butter = ထောပတ်တစ်ပုလင်း
(butter သည် ရေတွက်ရိုးထုံးစံမရှိသောနာမ်။ bottle of သည် အတိုင်းအတာပြပုဒ်)

c. a bundle of straw = ကောက်ရိုးတစ်စည်း
(straw သည် ရေတွက်ရိုးထုံးစံမရှိသောနာမ်။ bundle of သည် အတိုင်းအတာပြပုဒ်)

d. a cake of soap = ဆပ်ပြာတစ်ခဲ
(soap သည် ရေတွက်ရိုးထုံးစံမရှိသောနာမ်။ cake of သည် အတိုင်းအတာပြပုဒ်)

e. a piece of paper = စက္ကူ တစ်စ
(paper သည် ရေတွက်ရိုးထုံးစံမရှိသောနာမ်။ piece of သည် အတိုင်းအတာပြပုဒ်)

1.14 Definite Article = တိကျရေရာသော အာတီကယ်

Definite Article =တိကျရေရာသောအာတီကယ်မှာ ယင်း၊ ထို၊ ၎င်း၊ အဲဒီ ဟု အနက်အဓိပ္ပါယ်ရှိသော the ကိုခေါ်သည်။

(1) the ကို ဗျည်းသံနှင့်အစပြုသော နာမ်၏ရှေ့၌ထည့်သုံးလျှင် (သ်) ဟူ၍အသံထွက်ရသည်။

the city = သ် ဆစ်းတီ = ၎င်း မြို့

the man = သ် မဲင်း (န်) = ယင်း လူ

(2) the ကို သရသံနှင့်အစပြုသော နာမ်၏ရှေ့၌ထည့်သုံးလျှင် (သီ) ဟူ၍အသံထွက်ရသည်။

the umbrella = သီ အန်ဘရဲ လာ = အဲဒီ ထီး

the Indian = သီ အဉ်ဒစ်းယဲန်း = ၎င်း အိန္ဒိယလူမျိုး

the ocean = သီ အိုးရှင် (န်) = ယင်း သမုဒ္ဒရာ

(3) စကားပြောရာ၌၎င်း၊ စာရေးရာ၌၎င်း စောစောကရှေ့နား၌ ပြောခဲ့,ရေးခဲ့ပြီးသော နာမ်တစ်ခုကို နောက်နား၌ ထပ်၍ ပြောဆိုရေးသားသောအခါ ထိုနာမ်၏ရှေ့ (ဘယ်ဖက်) ၌ the ကို ထည့်သုံးရသည်။ ယင်း၊ ထို၊ ၎င်း၊ အဲဒီ ဟု အနက်ပေးနိုင်ပါသည်။

Scanned by CamScanner

a. I met a man at the station yesterday. = ကျွန်ုပ် မနေ့က ဘူတာရုံမှာ လူတစ်ယောက်ကိုတွေ့ခဲ့သည်။
The man is a Japnese. = ၎င်းလူသည် ဂျပန် လူမျိုးတစ်ယောက်ဖြစ်သည်။

b. Some trees fell in the yesterday's storm. = မနေ့က မုန်တိုင်းမှာ သစ်ပင်အချို့ လဲကျခဲ့ကြသည်။
The trees have no long roots. = ယင်းသစ်ပင်များမှာ ရှည်သောအမြစ်များမရှိကြပါ။

(4) နေရာဒေသအဝန်းအဝိုင်းတစ်ခုအတွင်း မျိုးတူပြိုင်ဖက်မရှိ၊ တစ်ခုတည်းသာရှိသောအရာကို ပြောဆိုရာ၌ the ကို ၎င်းနာမ်၏ရှေ့မှာထည့် သုံးရသည်။ ထိုအခါ the အတွက် ယင်း၊ ထို၊ ၎င်း၊ အဲဒီ ဟု ဘာသာပြန်စရာ မလိုပါ။ အနက်မရှိပါ။

a. Daw Daw goes to the pagoda. = ဒေါ်ဒေါ် ဘုရားသို့ သွားသည်။
(၎င်း ဘုရားစေတီသည် ထိုနေရာ၊ ထိုအရပ်၌ တစ်ဆူတည်းသာတည်ရှိသော စေတီဖြစ်သည်။)

b. My mother goes to the market. = ကျွန်ုပ်၏အမေသည် ဈေးသို့ သွားသည်။
(၎င်းဈေးသည် ထိုနေရာ၊ ထိုအရပ်၌ တစ်ခုတည်းသာတည်ရှိသော ဈေးဖြစ်သည်။)

c. Please pass me the sauce-bottle. = ကျေးဇူးပြု၍လို့ ကျွန်ုပ်ကို ဆော့ (စ်) ပုလင်း လှမ်းပေးစမ်းပါ။
(ထိုစားပွဲ၌ တစ်ခုတည်းသာ တည်ရှိသော ဆော့ (စ်) ပုလင်းဖြစ်သည်။)

(5) အချို့သော နာမဝိသေသနများ၏ ရှေ့၌ the ကိုတွဲသုံးသည်။ ထိုအခါ ၎င်းနာမဝိသေသနသည် နာမ်အနက်သို့ ပြောင်းသွားသည်။

a. poor = ဆင်းရဲမွဲတေသော (Adj) the poor = ဆင်းရဲမွဲတေသူများ (N)
b. blind = မျက်စေ့မမြင်သော (Adj) the blind = မျက်စေ့မမြင်သူများ (N)
c. foolish = မိုက်မဲသော (Adj) the foolish = မိုက်မဲသူများ (N)

(6) အသာဆုံးပြနာမဝိသေသန (Superlative Adjective) ၏ရှေ့၌ the ကိုတွဲသုံးသေးသည်။ the အတွက် အနက်မရှိပါ။

a. the tallest boy = အရပ်အရှည်းဆုံးသော ယောကျ်ားလေး
b. the wisest person = ပညာအရှိဆုံးသော ပုဂ္ဂိုလ်
c. the most beautiful garden = အလှပဆုံးသော ဥယျာဉ်

(7) လောက၌ မိမိ၏ကိုယ်ပိုင်အမည်တစ်ခုတည်းနှင့်သာ ရပ်တည်နေကြသော ပထဝီဝင်နေရာဒေသ၊ အရပ်မျက်နှာ၊ ဂြိုဟ်၊ ကြယ်၊ ပင်လယ်၊ သမုဒ္ဒရာ၊ နိုင်ငံ၊ အဖွဲ့အစည်းစသည့် ကိုယ်ပိုင်နာမ်များ၏ရှေ့၌ the ကိုတွဲသုံးရသည်။ the အတွက် အနက်မရှိပါ။

the Everest = ဧဝရက်တောင် the moon = လ the Asia = အာရှတိုက်
the east = အရှေ့အရပ် the sun = နေ the Pacific = ပစိဖိတ်သမုဒ္ဒရာ
the west = အနောက်အရပ် the earth = ကမ္ဘာမြေ the Bangal = ဘင်္ဂလားပင်လယ်
The Union of Myanmar = ပြည်ထောင်စုမြန်မာနိုင်ငံ The United Nations = ကုလသမဂ္ဂ

(8) ရဲတပ်ဖွဲ့ ၊ စစ်တပ်ဖွဲ့ ၊ မီးသတ်တပ်ဖွဲ့ ၊ ကြက်ခြေနီတပ်ဖွဲ့ တို့ကိုလည်း the နှင့်တွဲသုံးရသည်။ the အတွက် အနက်မရှိပါ။

the police = ရဲတပ်ဖွဲ့ the army = စစ်တပ်
the fire bigade = မီးသတ်တပ်ဖွဲ့ the red -cross = ကြက်ခြေနီတပ်ဖွဲ့

(9) ရေဒီယို ၊ တူရိယာပစ္စည်း နာမ်များကိုလည်း the နှင့်တွဲသုံးရသည်။ (the အတွက် အနက်မရှိပါ။)

the radio = ရေဒီယို the piano = စန္ဒယား the violin = တရော the guitar = ဂစ်တာ

(10) ရုပ်ရှင်ရုံ ၊ ဇာတ်ရုံ ၊ စာတိုက် ၊ စာကြည့်တိုက် ၊ ဘူတာ ၊ လေဆိပ် ၊ သင်္ဘောဆိပ် စသည့်နာမ်များကိုလည်း the နှင့်တွဲသုံးရသည်။ the အတွက် အနက်မပေးရပါ။

the cinema = ရုပ်ရှင်ရုံ the theatre = ဇာတ်ရုံ the post office = စာတိုက် the library = စာကြည့်တိုက်
the station = ဘူတာ the airport = လေဆိပ် the port = သင်္ဘောဆိပ် the museum = ပြတိုက်

(11) ကျွန်းစု ၊ တောင်စဉ်စု ၊ နယ်မြေစု နာမ်များကိုလည်း the နှင့်တွဲသုံးရသည်။ the အတွက် အနက်မရှိပါ။

Scanned by CamScanner

the Solomons = ဆော်လမွန်ကျွန်းစု the Himalayas = ဟိမဝန္တာတောင်တန်း
the Netherlands = နယ်သာလန်နိုင်ငံ (နိမ့်သောနယ်မြေများ) the Philippines = ဖိလစ်ပိုင်နိုင်ငံ

(12) နာမည်သီးသန့်ရှိသော ပြတိုက် ၊ ဟိုတယ် ၊ ဘူတာ ၊ ရုပ်ရှင်ရုံ ၊ စားသောက်ဆိုင် နာမ်များကိုလည်း the နှင့်တွဲသုံးရသည်။ the အတွက် အနက်မရှိပါ။

the National Museum = အမျိုးသားပြတိုက် the Royal Hotel = တော်ဝင်ဟိုတယ်
the Orient Restaurant = အိုရီးယင့်စားသောက်ဆိုင် the President Cinema = သမ္မတရုပ်ရှင်ရုံ

(13) မိမိ တွေ့မြင်သိရှိ မှတ်မိ ကျွမ်းဝင် ရင်းနှီးသောအရာ (နာမ်ကို) ရည်ညွှန်းပြောဆိုရာ၌လည်း ၎င်းနာမ်၏ရှေ့၌ the ကိုတွဲသုံးရသည်။

a. My mother is in the kitchen. = အမေသည် မီးဖိုချောင်ထဲမှာရှိသည်။
(၎င်းမီးဖိုချောင်သည် မိမိနှင့်ရင်းနှီးသော မိမိအိမ်က မီးဖိုချောင်ဖြစ်သည်။ သို့ဖြစ်၍ the ကိုတွဲသုံးရသည်။)

b. Books are on the table. = စာအုပ်များသည် စားပွဲပေါ်မှာ ရှိကြသည်။
(၎င်းစားပွဲသည် မိမိနှင့်ရင်းနှီးသော စားပွဲဖြစ်သည်။ သို့ဖြစ်၍ the ကိုတွဲသုံးရသည်။)

1.15 Definite Article (the) ကို မသုံးရသောအရာဌာနများ

(1) သူနေရာဌာန နှင့်သူ့ဌာနီ (အမြဲနေထိုင်လုပ်ကိုင်သူ) ညီညွတ်ပါက ထိုဌာနဖြစ်သောနာမ်၏ရှေ့၌ the ကို တွဲ မသုံးရပါ။ ဆိုလိုသည်မှာ ကျောင်းသားအတွက် ကျောင်း ၊ ဆရာဝန်အတွက် ဆေးခန်း ဆေးရုံ၊ ဝတ်ပြုသူများအတွက် ဘုရားစေတီ၊ ဘောလုံးသမားများအတွက် ဘောလုံးကစားကွင်း ၊ ရုံးဝန်ထမ်းများအတွက် ရုံးဌာနများသည် သူတို့၏ သက်ဆိုင်ရာဌာနများဖြစ်ကြသည်။ ဤသို့ သူဌာနနှင့် သူဌာနီကိုက်ညီလျှင် ဌာနနာမ်ရှေ့၌ the ကို မသုံးရပါ။ နမူနာဖြင့် ရှင်းပါမည်။

a. Students go to school. - ကျောင်းသားများ ကျောင်းသို့သွားကြသည်။
ကျောင်းသားနှင့်ကျောင်းသည် ဌာနီ ဌာနကိုက်ညီသောကြောင့် ဌာနနာမ်ဖြစ်သော school ၏ရှေ့၌ the မထည့်ရ၊ ထည့်လျှင်မှားသည်။

b. Doctors work at hospital. - ဆရာဝန်များသည် ဆေးရုံမှာ အလုပ်လုပ်ကြသည်။
ဆရာဝန်များနှင့် ဆေးရုံသည် သူ့ ဌာနီ ဌာန ကိုက်ညီသောကြောင့် ဌာန နာမ်ဖြစ်သော hospital ၏ရှေ့၌ the မထည့်ရ၊ ထည့်လျှင်မှားသည်။
မှတ်ချက် ။ ။ သူဌာနီနှင့် ဌာန မကိုက်လျှင် ဌာနဖြစ်သောနာမ်၏ရှေ့၌ the တွဲပေးရ၏။ နမူနာကို ရှုပါ။

a. The doctor went to the school. = ၎င်း ဆရာဝန်သည် ကျောင်းသို့သွားခဲ့သည်။
ဆရာဝန်သည် ကျောင်းနှင့် သက်ဆိုင်မှု မရှိပါ။ သို့ဖြစ်၍ ဌာနနာမ်ဖြစ်သော school ၏ရှေ့၌ the ထည့်ရသည်။ မထည့်လျှင် မှားသည်။

b. Firefighters rushed to the library. = မီးသတ်သမားများသည် စာကြည့်တိုက်သို့ ဒုန်းစိုင်းသွားခဲ့ကြသည်။
မီးသတ်သမားနှင့် စာကြည့်တိုက် ကိုက်ညီမှု မရှိပါ။ သို့ဖြစ်၍ ဌာနနာမ် library ရှေ့၌ the ထည့်ရသည်။ မထည့်လျှင်မှားသည်)

(2) စိတ္တဇနာမ်များ၊ အားကစားနည်း နာမ်များ၊ ကိုယ်လက်အင်္ဂါ နာမ်များ၊ အစားအစာနာမ်များ၏ရှေ့၌ the ကို တွဲမသုံးရပါ။

the anger = ဒေါသ ဟု မသုံးရ (စိတ္တဇနာမ်)
the tennis = တင်းနစ် ဟု မသုံးရ (အားကစားနည်း)
the head = ဦးခေါင်း ဟု မသုံးရ (ကိုယ်လက်အင်္ဂါ)
the breakfast = မနက်စာ ဟု မသုံးရ (အစားအစာ)

(3) ပိုင်ဆိုင်မှု ပြ နာမဝိသေသနများဖြစ်ကြသော my , your , our , his , her , its , their တို့ပါလျှင် a , an, the တို့ကို ထည့်မသုံးရပါ။

the my book = ကျွန်ုပ်၏စာအုပ် - ဟုမသုံးရ the your son = သင်၏သား - ဟုမသုံးရ

(4) ရုပ်မြင်သံကြား ၊ အိပ်ရာ ၊ နေအိမ် ၊ ဘာသာရပ် နာမ်များရှေ့၌ the ကို မသုံးရပါ။

the television = ရုပ်မြင်သံကြား - ဟုမသုံးရ။ the bed = အိပ်ရာ - ဟုမသုံးရ။

Scanned by CamScanner

the home = နေအိမ် - ဟုမသုံးရ။ the English = အင်္ဂလိပ်စာ -ဟုမသုံးရ။

(5) နာမည်သီးသန့်ရှိသော လမ်း ၊ ရင်ပြင် ၊ လေဆိပ် ၊ ဘူတာ ၊ တိရစ္ဆာန်ဥယျာဉ် နာမ်များရှေ့၌ the ကို မသုံးရပါ။

the Aung San Road = အောင်ဆန်းလမ်း -ဟုမသုံးရ။ the Public Square = ပြည်သူ့ရင်ပြင် - ဟုမသုံးရ။

the Yangon Airport = ရန်ကုန်လေဆိပ်- ဟုမသုံးရ။ the Yadanabon Zoo =ရတနာပုံတိရစ္ဆာန်ရုံ - ဟုမသုံးရ။

1.16 NUMBER OF NOUN = နာမ်၏ ဂုဏ်

နာမ် (N) ၌ အရေအတွက်အားဖြင့် တစ်ခု၊ တစ်ကောင်၊ တစ်ဦးဟု ရေတွက်ရသော ဧကဝုစ်ကိန်းနာမ် (Singular Noun) ရှိသကဲ့သို့ အရေအတွက်အားဖြင့်များသော ဗဟုဝုစ်ကိန်းနာမ် (Plural Noun)လည်းရှိသည်။ အင်္ဂလိပ်စာ၌ မူရင်း စာလုံးပေါင်း အတိုင်းရှိသော နာမ် (N) သည် ဧကဝုစ်ဖြစ်သည်။ ဤသို့ဧကဝုစ်ပင်ဖြစ်သော်လည်း တစ်ခု၊ တစ်ကောင်၊ တစ်ဦးဟု တစ်ဂဏန်းအရေအတွက်ကို ဖြစ်စေလိုပါက a သို့မဟုတ် an တစ်ခုခုဆိုလျော်ရာကိုထည့်သုံးရသည်။ နှစ်၊ သုံး၊ လေးစသော များသော ဗဟုဝုစ်အရေအတွက်အနေနှင့်သုံးလိုလျှင် နာမ်၏ မူရင်းစာလုံးပေါင်း၌ အက္ခရာထပ်ပေါင်းပေးရသည်။ ဤသို့ နာမ်(N)တစ်ခုကို ဧကဝုစ်မှဗဟုဝုစ်သို့ပြောင်းရန် အက္ခရာထပ်ပေါင်းပေးရာ၌ အောက်ပါစည်းကမ်းများကို လိုက်နာရ၏။

(1) မူရင်းစာလုံးပေါင်း၌ s , o , ch , sh , x တို့နှင့် အဆုံးသတ်သော နာမ်များကို ဗဟုဝုစ်ဖြစ်စေရန်မှာ es ထပ်ပေါင်း ပေးရသည်။

bus = ဘတ်(စ်)ကား buses = ဘတ်(စ်)ကားများ class = စာသင်ခန်း classes = စာသင်ခန်းများ

mango = သရက်သီး mangoes = သရက်သီးများ watch = လက်ပတ်နာရီ watches =လက်ပတ်နာရီများ

branch = သစ်ကိုင်း branches = သစ်ကိုင်းများ box = သေတ္တာ boxes = သေတ္တာများ

bush = ချုံဖုတ် bushes = ချုံဖုတ်များ hero = သူရဲကောင်း heroes = သူရဲကောင်းများ

မှတ်ချက်။ ။ dynamo = ဒိုင်နမိုး၊ photo = ဓာတ်ပုံ၊ piano = စန္ဒယား၊ ratio= အချိုး တို့၌ O ဖြင့်ဆုံးသော်လည်း ခြွင်းချက်အားဖြင့် S ကိုသာပေါင်းရပါသည်။

dynamos = ဒိုင်နမိုများ photos = ဓာတ်ပုံများ pianos = စန္ဒယားများ ratios = အချိုးများ

(2) မူရင်းစာလုံးပေါင်း၌ ဗျည်းတစ်ခုနှင့် y တို့တွဲလျက်အဆုံးသတ်သော နာမ်များကို ဗဟုဝုစ်ဖြစ်စေရန်မှာ y ကို i နှင့်အစားထိုးပြီး es ထပ်ပေါင်းပေးရသည်။

fly = ယင်ကောင် flies = ယင်ကောင်များ city = မြို့ကြီး cities = မြို့ကြီးများ

baby = ကလေးငယ် babies = ကလေးငယ်များ story = ပုံဝတ္ထု stories = ပုံဝတ္ထုများ

(3) မူရင်းစာလုံးပေါင်း၌ သရတစ်ခုနှင့် y တို့တွဲလျက်အဆုံးသတ်သော နာမ်များကို ဗဟုဝုစ်ဖြစ်စေရန်မှာ မူရင်းစာလုံးပေါင်း အတိုင်းကိုသာ S ထပ်ပေါင်းပေးရသည်။

boy = ယောကျ်ားလေး boys = ယောကျ်ားလေးများ day = နေ့ days = နေ့များ

(4) မူရင်းစာလုံးပေါင်း၌ f နှင့်အဆုံးသတ်သော နာမ်များကို ဗဟုဝုစ်ဖြစ်စေရန်မှာ f ကို v နှင့်အစားထိုးပြီး es ထပ်ပေါင်းပေးရသည်။

thief = သူခိုး thieves = သူခိုးများ leaf = သစ်ရွက် leaves = သစ်ရွက်များ

wolf = ဝံပုလွေ wolves = ဝံပုလွေများ shelf = စင် shelves = စင်များ

မှတ်ချက်။ ။ အချို့နာမ်များသည် f နှင့် အဆုံးသတ်သော်လည်း ခြွင်းချက်အားဖြင့် S ကိုသာပေါင်းရပါသည်။

hoof = (တိရစ္ဆာန်တို့၏)ခွာ hoofs = ခွာများ roof = အမိုး roofs = အမိုးများ

gulf = ပင်လယ်ကွေ့ gulfs = ပင်လယ်ကွေ့များ belief = ယုံကြည်မှု beliefs = ယုံကြည်မှုများ

(5) မူရင်းစာလုံးပေါင်း၌ fe နှင့် အဆုံးသတ်သော နာမ်များကို ဗဟုဝုစ်ဖြစ်စေရန်မှာ f ကို v နှင့် အစားထိုးပြီး S ထပ်ပေါင်းပေးရသည်။

knife = မီးဖိုချောင်သုံးခဲ knives = မီးဖိုချောင်သုံးခဲများ life = ဘဝ lives = ဘဝများ

wife = ဇနီးမယား wives = ဇနီးမယားများ

Scanned by CamScanner

(6) အချို့သော နာမ်များမှာ စာလုံးပေါင်းထဲ၌ပါသော သရကို အခြားသရနှင့် အစားထိုးခြင်းဖြင့် ဗဟုဝုစ် ဖြစ်သွား ပါသည်။ အက္ခရာထပ်ပေါင်းစရာ မလို။

man = ယောကျ်ား: men = ယောကျ်ားများ: foot = ခြေ feet = ခြေများ:
woman = မိန်းမ women = မိန်းမများ: mouse = ကြွက် mice = ကြွက်များ:
tooth = သွား: teeth = သွားများ: goose = ငန်: geese = ငန်းများ:

(7) အချို့သော နာမ်များ၏ မူရင်းစာလုံးပေါင်းသည် ဧကဝုစ်အတွက်ရော ဗဟုဝုစ်အတွက်ပါ တစ်ခါတည်း နှစ်မျိုးလုံး ပြီးတော့သည်။

sheep = သိုး/သိုးများ deer =သမင်/သမင်များ swine = တောဝက်/တောဝက်များ

(8) အချို့သော နာမ်များ၏ မူရင်းစာလုံးပေါင်းသည် S နှင့်အဆုံးသတ်နေသဖြင့် ဗဟုဝုစ်ပုံစံဖြစ်နေသော်လည်း ဧကဝုစ်အနေနှင့်သာ သုံးရသည်။ (ဧကဝုစ်ကြိယာနှင့်သာ ယှဉ်တွဲသုံးရသည်)

physics = ရူပဗေဒပညာရပ် phonetics = အသံထွက်ပညာရပ် news = သတင်း politics = နိုင်ငံရေး

(9) နှစ်ခု ပေါင်းစပ်ခြင်းဖြင့် တစ်ခုတည်းဖြစ်နေသော အချို့သော နာမ်များ၏ မူရင်းစာလုံးပေါင်းသည် ဗဟုဝုစ်ပုံစံဖြစ်သည့် အလျောက် ဗဟုဝုစ်ကြိယာနှင့်ယှဉ်တွဲ၍ ဗဟုဝုစ်အဖြစ်ဖြင့်သာ သုံးရသည်။

slippers = ခြေညှပ်ဖိနပ် glasses = မျက်မှန် trousers = ဘောင်းဘီရှည်
မှတ်ချက်။ ။ တစ်ခု ၊ တစ်လက် ၊ တစ်ထည် ဟူသောအနက်မျိုးအတွက် a pair of ကို ၎င်းတို့၏ရှေ့၌ တွဲသုံးရသည်။
a pair of slippers = ဖိနပ်တစ်ရံ a pair of glasses =မျက်မှန်တစ်လက် a pair of trousers = ဘောင်းဘီရှည်တစ်

(10) ox = နွားထီး ၏ဗဟုဝုစ်သည် oxen = နွားထီးများ
child = ကလေး ။ children = ကလေးများ

(11) ပေါင်းစပ်နာမ် (Compound Noun) များကို ဧကဝုစ်မှ ဗဟုဝုစ်ပြုရာ၌ ပဓာနကျသောပုဒ်၌သာ s, es တို့ကိုပေါင်းရသည်။ အမြဲတမ်း နောက်ဆုံး၌သာ ပေါင်းရသည်ဟု မဆိုလိုပါ။

son- in -law = သားမက် sons - in - law = သားမက်များ
(ဤသုံးပုဒ်၌ son က ပဓာနကျသဖြင့် son မှာ S ပေါင်းရသည်။)
milk-maid = နွားနို့ညှစ်အမျိုးသမီး milk-maids = နွားနို့ညှစ်အမျိုးသမီးများ
(maid က ပဓာနကျသဖြင့် maid မှာ S ပေါင်းရသည်။)
passer - by = ဖြတ်သန်းသွားလာသူ passers - by = ဖြတ်သန်းသွားလာသူများ
(passer က ပဓာနကျသဖြင့် passer မှာ S ပေါင်း။)

(12) လက်တင်ဘာသာ၊ ဂရိဘာသာမှဆင်းသက်လာသော အချို့နာမ်များ၌ စာလုံးပေါင်းမတူသော ဗဟုဝုစ်များ ရှိကြ

index = အက္ခရာစဉ်အညွှန်း indices = အက္ခရာစဉ်အညွှန်းများ
radius = စက်ဝိုင်းအချင်းဝက် radii = စက်ဝိုင်းအချင်းဝက် များ
axis = ဝင်ရိုး /ဝင်ရိုးတန်း axes = ဝင်ရိုးများ /ဝင်ရိုးတန်းများ
basis = အခြေခံ bases = အခြေခံများ
phenomenon = သဘော အခြင်းအရာ phenomena = သဘော အခြင်းအရာများ
criterion = စံနှုန်း criteria = စံနှုန်းများ

(13) အထက်ပါ နံပါတ် (12) အထိဖော်ပြခဲ့သောအမျိုးအစားများမှလွဲ၍ ကြွင်းသော နာမ်များကိုဗဟုဝုစ်ပြု ပေါင်း၌ S ကိုသာ ပေါင်းရသည်။

book = စာအုပ် books = စာအုပ်များ school = ကျောင်း schools = ကျော
river = မြစ် rivers = မြစ်များ စသည်-----။

1.17 CASES = ကာရကများ

အင်္ဂလိပ်စာ၌ ကာရက (Case) သုံးမျိုးသာရှိပြီး ကြွင်းသောအရာများကို ကြိယာဝိသေသနအဖြစ်

ၵင်းသုံးမျိုးမှာ (1) Subject = ကတ္တား (-----သည်)
(2) Object = ကံ (-----ကို)
(3) Possession =သာမိ (ပိုင်ဆိုင်မှု) (-----၏) (ဤပိုင်ဆိုင်မှုကိုလည်း နာမ/ဝိဘဖြစ် ယူလိမ့်မည်။)

သို့ဖြစ်၍ (သည်) ဆိုလျှင် ကတ္တား။ (ကို) ဆိုလျှင် ကံ၊ (၏) ဆိုလျှင် သာမိ ဟုမှတ်ပါ။ သို့သော် (ဖြင့်၊ နှင့်၊ အား၊ ၎၊ မှ၊ ကြောင့်၊ ၌၊ တွင်၊ စဉ်၊ လျက်၊ သော်လည်း စသည်----) တို့အားလုံးကို ကရိုက်။ သမ္မဒါန်၊ အပါဒါန်၊ ဩကာသ၊ အနာဒရ၊ ဂရဟာ စသည်ဖြင့်မသတ်မှတ်တော့ပဲ ကြိယာဝိသေသန ချည်းသာသတ်မှတ်သည်။ ကတ္တား၊ ကံ၊ သာမိ သုံးမျိုးဖြစ်ရန်မှာလည်း ပါဠိမှာကဲ့သို့ ဝိဘတ်သက်စရာ မလိုပေ။ ဝါကျ တည်ဆောက်ပုံ အစဉ်ကိုပြသော ဝါကျပုံစံ (sentence pa:ttern)၌ ပေးထား သော ကတ္တားနေရာမှာထည့်သုံးလျှင်၊ ချရေးလျှင် ကတ္တားဖြစ်တော့သည်။ ကံလည်း ထို့အတူမှတ်ပါ။ သို့သော် (၏) ဟူ၍ အနက်ပြန်ရသော သာမိကာရက အတွက်ကား အောက်ပါ အချက်များကို မှတ်သား ထားသင့်သည်။

(1) my = ကျွန်ုပ်၏ (ကျွန်ုပ်ပိုင်သော) ။ our = ကျွန်ုပ်တို့၏ (ကျွန်ုပ်တို့ပိုင်သော)။
your = သင်၏/သင်တို့၏ (သင်/သင်တို့ပိုင်သော) his = သူ၏ (သူပိုင်သော)။
her = သူမ၏ (သူမ ပိုင်သော)။ its =ၵင်း၏ (ၵင်းပိုင်သော)။
their = သူတို့၏/သူမတို့၏/ၵင်းတို့၏ (သူတို့/သူမတို့/ၵင်းတို့ပိုင်သော)ဟူသော ပိုင်ဆိုင်မှုပြု နာမဝိသေသန များရှိသည်။

(2) နာမ်သည် ဧကဝုစ်ဖြစ်လျှင် ၵင်းနာမ်၏နောက်၌ Apostrophe နှင့် s အတွဲ ('s) ပေါင်းလျှင် (----၏)အနက် ရ ပေသည်။
U Ba's = ဦးဘ၏၊ boy's = ယောကျ်ားလေး၏၊ chairman's = ဥက္ကဋ္ဌ၏၊ heaven's = ကောင်းကင်ဘုံ၏၊

(3) s , es တို့နှင့် အဆုံးမသတ်သော ဗဟုဝုစ်နာမ်များ၌လည်း ('s) ပေါင်းလျှင် (----များ၏) အနက်ရပေသည်။
men's = ယောကျ်ားများ၏၊ children's = ကလေးများ၏၊ women's = မိန်းမများ၏၊

(4) နာမ်သည် ဗဟုဝုစ်ဖြစ်၍ s, es တို့နှင့်ဆုံးလျှင် ၵင်းနာမ်၏နောက်၌ (') ပေါင်းလျှင် (----များ၏) အနက်ရပေသည်။
boys ' = ယောကျ်ားလေးများ၏၊ students ' = ကျောင်းသူ/သားများ၏၊ workers ' = အလုပ်သမားများ၏၊

(5) (---စ်) အသံနှင့်ဆုံးသော ဧကဝုစ်နာမ်များ၏နောက်၌လည်း (') ကိုသာ ပေါင်းရုံဖြင့် (----၏) အနက်ရ ပေသည်။
Doris' = ဒေါရစ် (စ်) ၏၊ Francis' = ဖရန်စစ်၏၊ justice' = တရားမျှတမှု၏၊

(6) နာမ်တစ်ခု သို့မဟုတ် ကံနာမ်စားတစ်ခု၏ရှေ့ (ဘယ်ဖက်) ၌ of ကိုသုံးလျှင် (----၏) အနက်ကိုရသည်။
----- of nature = သဘာဝတရား၏ ----- of you = သင်၏ ----- of country = တိုင်းပြည်၏
ပုံစံ- law of nature = သဘာဝတရား၏နိယာမ။ sins of you = သင်၏အပြစ်အကုသိုလ်များ ၊
future of the country = တိုင်းပြည်၏အနာဂတ်

1.18 နာမ် (N) ကို အသုံးပြုပုံ အချုပ်

စာမျက်နှာ (6) က သရုပ်ပြပုံမှာ ဖော်ပြထားသည့်အတိုင်း နာမ် (N) ကို မပြုမပြင်ပဲ သူ့ချည်းသက်သက်ကို ဝါကျထဲ၌ S, S.C, O, O.C , D.O , I.O , နာမ်၏ရှေ့နေ Adj တို့အဖြစ်လည်းကောင်း၊ ဝိဘတ်နောက်မှာတွဲ၍ P.Ph လုပ်ပြီး Adj, Adv တို့ အဖြစ်လည်းကောင်း သုံးသည်။

1.19 PRONOUNS = နာမ်စား:များ

နာမ်စား (Pronoun) များကို ဝါကျတစ်ခုထဲ၌ S, S.C, O, O.C , D.O, I.O, PP.h ထဲက နာမ်စားတာဝန်များဖြင့် အသုံးပြုရသည်။
နာမ်စားများမှာ အောက်ပါအတိုင်း (8) မျိုးရှိပါသည်။

1. Demonstrative Pronoun = ညွှန်ပြ နာမ်စား
2. Distributive Pronoun = ဖြန့်ဝေနာမ်စား
3. Interrogative Pronoun = အမေးနာမ်စား
4. Personal Pronoun = ပုဂ္ဂိုလ်ပြ နာမ်စား
5. Possessive Pronoun = ပိုင်ဆိုင်မှု နာမ်စား
6. reflexive Pronoun = တုန့်ပြန်ကံနာမ်စား
7. Relative Pronoun = အဆက်နာမ်စား
8. Indefinite Pronoun = မရေရာ နာမ်စား။

Scanned by CamScanner

1.20 Demonstrative Pronoun = ညွှန်ပြနာမ်စား

this = ဤအရာ these = ဤအရာများ such = ဤကဲ့သို့သောအရာ/များ
that = ထိုအရာ those = ထိုအရာများ

၎င်းတို့ကို ဝါကျတစ်ခုထဲ၌ S , S.C , O , D.O , PP.h ထဲက N တာဝန်များဖြင့် အသုံးပြုရသည်။

a. ***Such*** **are not good.** (S တာဝန်)
ဤကဲ့သို့သောအရာများသည် မကောင်းပါ။

b. **My house is *that*.** (S.C တာဝန်)
ကျွန်ုပ်၏အိမ်သည် ထိုအရာ ဖြစ်သည်။

c. **I like *those*.** (O တာဝန်)
ကျွန်ုပ်သည် ထိုအရာများကို နှစ်သက်သည်။

d. **He offered me *these*.** (D.O တာဝန်)
သူက ကျွန်ုပ်ကို ဤအရာများကို ပေးကမ်းခဲ့သည်။

e. **The thing is made of *this*.** (PP.h ထဲက N တာဝန်)
ၾကင်းပစ္စည်းကို ဤအရာဖြင့် လုပ်သည်။

1.21 Distributive Pronoun = ဖြန့်ဝေနာမ်စား

either = နှစ်ခု/နှစ်ဦးအနက် တစ်ခုခု/တစ်ဦးဦး
neither = နှစ်ခုလုံး/နှစ်ဦးလုံး (အဆိုဝါကျ၌သုံးပြီး အငြင်းအနက်ပေးရသည်)
each = အသီးသီး/တစ်ခုစီ/တစ်ဦးစီ

၎င်းတို့ကို ဝါကျတစ်ခုထဲ၌ S , S.C , O , D.O , I.O , PP.h ထဲက N တာဝန်များဖြင့် အသုံးပြုရသည်။

a. ***Either*** **must be a genious.** (S တာဝန်)
နှစ်ဦးထဲက တစ်ဦးဦးသည် ပါရမီရှင် ဖြစ်ရမည်။

b. **The actor would be *either*.** (S.C တာဝန်)
ၾကင်း သရုပ်ဆောင်သည် နှစ်ဦးအနက် တစ်ဦးဦး ဖြစ်လောက်သည်။

c. **I like *neither.*** (O တာဝန်)
ကျွန်ုပ်သည် နှစ်ခုလုံးကို မကြိုက်ပါ။

d. **U Ba teaches them *each*.** (D.O တာဝန်)
ဦးဘက သူတို့ကို တစ်ခုစီကို သင်ပေးသည်။

e. **The man gave a book to *each*.** (I.O တာဝန်)
သူသည် တစ်ဦးစီကို စာအုပ်တစ်အုပ်ပေးခဲ့သည်။

f. **I can borrow money from *neither*.** (PP.h ထဲက N တာဝန်)
ကျွန်ုပ် ပိုက်ဆံကို နှစ်ဦးလုံးထံမှ ချေးမရပါ။

1.22 Interrogative Pronoun = အမေးနာမ်စား (နမူနာဝါကျများကို လေ့အမေးအခန်း၌ ရှုပါ။)

who = ဘယ်သူ/ဘယ်သူတွေ (S , O , D.O , I.O , PP.h ထဲက N တာဝန်)
which = ဘယ်ဟာ / ဘယ်ဟာများ (S , O , D.O , PP.h ထဲက N တာဝန်)
whose = ဘယ်သူ့ဥစ္စာ/ဘယ်သူ့ဥစ္စာများ (S , O , D.O , PP.h ထဲက N တာဝန်)
whom = ဘယ်သူ/ ဘယ်သူတွေ (O , D.O , I.O , PP.h ထဲက N တာဝန်)
what = ဘာ/ဘာတွေ (S , O , D.O , PP.h ထဲက N တာဝန်)

Scanned by CamScanner

1.23 (ဇယား- 1) Personal Pronoun = ပုဂ္ဂိုလ်ပြ နာမ်စား

(ပုဂ္ဂိုလ်ပြနာမ်စားဌ်လည်း ဇယားမှာ ပါသည့်အတိုင်း ကတ္တား ၊ က် ၊ ပိုင်ဆိုင်မှု ၊ တုန့်ပြန် ဟူ၍ ကွဲပြားပြန်၏)

	ဝုစ်	ကတ္တားနာမ်စား	က်နာမ်စား	ပိုင်ဆိုင်မှုနာမ်စား	တုန့်ပြန်က်နာမ်စား
ပဌမ	ဧက	I = ကျွန်ုပ်သည်	me = ကျွန်ုပ်ကို	mine= ကျွန်ုပ်၏ဥစ္စာ	myself = ကျွန်ုပ်ကိုကျွန်ုပ်
	ဗဟု	we = ကျွန်ုပ်တို့သည်	us = ကျွန်ုပ်တို့ကို	ours = ကျွန်ုပ်တို့ဥစ္စာ	our sel ves = ကျွန်ုပ်တို့ကိုကျွန်ုပ်တို့
ဒုတိယ	ဧက	you = သင်သည်	you = သင့်ကို	yours = သင့်ဥစ္စာ	yoursel f = သင့်ကိုသင်
	ဗဟု	you = သင်တို့သည်	you = သင်တို့ကို	yours = သင်တို့ဥစ္စာ	yourselves = သင်တို့ကိုသင်တို့
တတိယ	ဧက	he = သူသည်	him = သူ့ကို	his = သူ့ဥစ္စာ	himself = သူ့ကိုသူ
		she = သူမသည်	her = သူမကို	hers = သူမ၏ဥစ္စာ	herself = သူမကိုသူမ
		it = ၎င်းသည်	it = ၎င်းကို		itself = ၎င်းကို၎င်း
	ဗဟု	they= သူတို့သည်/သူမတို့သည်/၎င်းတို့သည်	them = သူတို့ကို/သူမတို့ကို/၎င်းတို့ကို	thei r s = သူတို့ဥစ္စာ/သူမတို့ဥစ္စာ/၎င်းတို့ဥစ္စာ	themsel ves = သူတို့ကိုသူတို့/သူမတို့ကိုသူမတို့/၎င်းတို့ကို၎င်းတို့

1.24 Nominative Pronoun = ကတ္တားနာမ်စား

ကတ္တားနာမ်စားများဖြစ်ကြသော I , we , you , you , he , she , it , they တို့ကို ဝါကျတစ်ခုထဲ၌ S တာဝန်ဖြင့်သာ သုံးသည်။

a. I am a school-teacher. (ကျွန်ုပ်သည် ကျောင်းဆရာတစ်ယောက်ဖြစ်သည်။)

b. You have a cold. (သင်အအေးမိသည်။) စသည်-----

1.25 Accusative Pronoun = က်နာမ်စား

က်နာမ်စားများဖြစ်ကြသော me , us , you , you , him , her , it , them တို့ကို ဝါကျတစ်ခုထဲ၌ O , D.O , I.O , S.C , PP.h ထဲက N တာဝန်များဖြင့်သုံးသည်။ (PP.h ထဲက N အကြောင်းကို နှာ 183 - 12. 5 မှာရှုပါ။)

a. She hates *me*. (သူမသည် ကျွန်ုပ်ကို မုန်းသည်။ O တာဝန်)

b. She sold *it* to Daw Daw. (သူမသည် ဒေါ်ဒေါ်အား ၎င်းကို ရောင်းခဲ့သည်။ D.O တာဝန်)

c. They gvae *him* a lot of money. (သူတို့က သူ့အား ပိုက်ဆံအများကြီးပေးခဲ့ကြသည်။ I.O တာဝန်)

5. အောက်ပါ မြန်မာဝါကျများကို ဆီလျော်မည့် ဝါကျပုံစံ၌သွင်း၍ အင်္ဂလိပ်ဝါကျဖြစ်အောင် ပြန်ရေးပါ။ <u>ဝါကျပုံစံကိုလည်း ထုတ်ဖော်ပြပါ။</u>

a. လေသည် ၎င်းတောင်ကုန်း ဘေးမှာ တိုက်ခတ်သည်။

b. ကျွန်ုပ်တို့သည် အစားအစာကို ၎င်း စားသောက်ဆိုင်မှ ဝယ်ကြသည်။

c. ၎င်းမိန်းမကြီးသည် အိပ်သလား ။

d. ဒေါ်ချိုသည် ၎င်းရေအိုင်ထဲမှာ ရေမကူးပါ။

e. စားသောက်ဆိုင်များသည် ဘဲများကို မဝယ်ကြဘူးလား။

6. အောက်ပါအင်္ဂလိပ်ဝါကျများကို မြန်မာဘာသာသို့ပြန်ဆိုပါ။

a. **The cat does not sleep on the chair.**

b. **Does the woman swim in the pond?**

c. **Daw Cho does not buy a blanket at the market.**

d. **I do not search sport-channels.**

e. **Do the birds not search food at night**

f. **Do you drink coffee?**

g. **Ducks follow the woman.**

h. **Does a servant not follow his master?**

i. **Does the sun set in the east?**

7. အထက်ပါ နံပါတ် (6) မှ အင်္ဂလိပ်ဝါကျ အသီးသီး၏ ဝါကျပုံစံများကို ဖော်ထုတ်ပြပါ။

8. အောက်ပါ ဝါကျများ၌ သဒ္ဒါနည်းအရမှားသော နေရာကို အောက်၌မျဉ်းသား၍ပြပါ။

a. **Do he swim in the pond?**

b. **Daw Cho sleep by the door.**

c. **I buys blankets from the market.**

d. **The sun does not rises in the west.**

e. **Does the ducks not follows the wɔman?**

f. **School-boys go to the school.**

<u>**ဝါကျတည်ဆောက်နည်း နှင့် ပင်မကြိယာပါသော ဝါကျ(4)မျိုးပြီးပြီ။**</u>

Scanned by CamScanner

UNIT - 4

SENTENCES of (Be) VERB (ရှိ/ဖြစ်ကြိယာပါသောဝါကျများ:)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
4. 1	ရှိ/ဖြစ်ကြိယာပါသော ဝါကျ ပြုလုပ်ပုံ အဆင့်ဆင့်	43
4. 2	ရှိ/ဖြစ်ကြိယာပါသော ဝါကျပြုလုပ်ပုံ	43
4. 3	ရှိ/ဖြစ်ကြိယာပါသော ပစ္စုပ္ပန်- အဆိုဝါကျ ပြုလုပ်ပုံ	44
4. 4	ရှိ/ဖြစ်ကြိယာပါသော ပစ္စုပ္ပန်- လား-အမေးဝါကျ ပြုလုပ်ပုံ	45
4. 5	ရှိ/ဖြစ်ကြိယာပါသော ပစ္စုပ္ပန်- အငြင်းဝါကျ ပြုလုပ်ပုံ	47
4. 6	ရှိ/ဖြစ်ကြိယာပါသော ပစ္စုပ္ပန်- လား-ငြင်းမေးဝါကျ ပြုလုပ်ပုံ	47
4. 7	ရှိ/ဖြစ်ကြိယာပါသော အတိတ် (အဆို ၊ လား-အမေး ၊ အငြင်း ၊ လား-ငြင်းမေး) ဝါကျ	48
4. 8	ရှိ/ဖြစ်ကြိယာပါသော အတိတ် အဆို ဝါကျနမူနာများ	48
4. 9	ရှိ/ဖြစ်ကြိယာပါသော အတိတ် လား-အမေး ဝါကျနမူနာများ	49
4. 10	ရှိ/ဖြစ်ကြိယာပါသော အတိတ် အငြင်း ဝါကျနမူနာများ	49
4. 11	ရှိ/ဖြစ်ကြိယာပါသော အတိတ် လား-ငြင်းမေး ဝါကျနမူနာများ	50
4. 12	အကျဉ်းမှတ်ဖွယ်	50
4. 13	လက်တွေ့လေ့ကျင့်ခန်းများ	50

Scanned by CamScanner

4.1 ရှိဖြစ်ကြိယာ (Be) ပါသောဝါကျများပြုလုပ်ပုံ အဆင့်ဆင့်



4.2 ရှိဖြစ်ကြိယာ (Be) ပါသော ဝါကျပြုလုပ်ပုံ

1. စကားဓာဂီ (7) မျိုးမှ သင့်တော်ရာကိုသုံးသွားမည်။
2. ရှိ/ဖြစ်ကြိယာပါသော ဝါကျပုံစံ (5) ခုမှ နမူနာအဖြစ် အောက်ပါ (4) ခု ကိုသုံးသွားမည်။
   အမှန်တကယ်မှာ ရှိ/ဖြစ်ကြိယာပါသော ဝါကျပုံစံ (5) ခုလုံးသုံးနိုင်သည်။ နှာ 26 ဇယား 19 ၌ရှုပါ။)

S + (Be) + S.C
S + (Be) + P.Ph
S + (Be) + Adj
S + (Be) + Parti

3. ယခုအခန်း၌ ရှိ/ဖြစ်ကြိယာပါသော ကြိယာပုံစံ (16) ခုအနက် Present Tense ကြိယာပုံစံ (Be)1 နှင့် Past Tense ကြိယာပုံစံ(Be).2 နှစ်ခုကိုသာ နမူနာအဖြစ်သုံးပြမည်။ (နှာ 108 မှ 9. 3 ၌ ပြထားသောကြိယာပုံစံ 16 ခုမှ)
   မှတ်ချက်။ ။ အထက်ပါ ဝါကျပုံစံ (4) မျိုး အတိုင်း ဖြည့်ရေးရာ၌၊ (Be) ၏ နေရာတွင် ရှိ/ဖြစ်ကြိယာများဖြစ်ကြသော am, is , are, was , were ဤ (5) မျိုး တို့ကို ထည့်၍ ရေးခြင်းဖြစ်သည်။

လက်ာ။ ။ 1. ပုံစံအတိုင်းသာ၊ ရေးသောခါ၊ ရလာအဆိုဝါကျ။
2. ကတ္တား နှင့် ဘီ (Be)၊ အက် စ်- စီ (S.C) တို့ ၊ ဝုစ်ချင်းညီက ၊ အမှန် ရ။
3. ဘီ (Be) ၏နောက်မှာ ၊ အက် စ် စီ (S.C) ပါ ၊ ဘီ (Be) မှာ (ဖြစ်) ပြန်ကြ။
4. ဘီ (Be) ၏နောက်မှာ ၊ ပီ ပီ အိပ် ချ်-(P.Ph) ပါ ၊ ဘီ (Be) မှာ (ရှိ) ပြန်ကြ။
5. ဘီ (Be) ၏နောက်မှာ ၊ နာမ်/ဝိပါလျှင် ၊ နှစ်ဖြာအနက် ၊ ပေါင်းစပ်ဖက် ၊ မကွက် (---သည်) ဟုပြန်။
6. ဘီ (Be) ၏နောက်မှာ ၊ ပါတီ (parti) လာက ၊ ပါတီ အနက် ၊ ပြဌာန်းလျက် ၊ မကွက်လျော်အောင်ပြန်။

လက်ာ (1) ရှင်းချက်။ ။ အထက်မှာပြထားသော အကွက်ထဲရှိ ဝါကျပုံစံများအတိုင်း ဖြည့်ရေးပါက အဆိုဝါကျ ရလာမည်။ ((Be) ပါသော ဝါကျပုံစံများကို နှာ 26 ဇယား 19 ၌ရှုပါ။)

လက်ာ (2)ရှင်းချက်။ ။ ရလာသောအဆိုဝါကျ၌ ကတ္တား (S)၊ ရှိ/ဖြစ်ကြိယာ (Be)၊ ကတ္တားအဖြည့်ပုဒ် (S.C) တို့သည် ဧကဝုစ် ဧကဝုစ်ချင်း ၊ ဗဟုဝုစ် ဗဟုဝုစ်ချင်းညီညွတ်သွားပါက မှန်ပေတော့၏။ (Be) verb တို့၏ ဝုစ်ခွဲပုံကို နှာ 20 ဇယား 3 ၌ရှု)

လက်ာ (3) ရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာ (Be) verb ၏နောက်၌ ကတ္တားအဖြည့်ပုဒ် (S.C) ပါလာပါက ထို ကြိယာကို (ဖြစ်သည်) ဟုဘာသာပြန်ရသည်။

လက်ာ (4) ရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာ (Be) verb ၏နောက်၌ ဝိဘတ်ပုဒ်စု (P.Ph) ပါလာပါက ထိုကြိယာကို (ရှိသည်) ဟုဘာသာပြန်ရသည်။ (ဝိဘတ်ပုဒ်စု- P.Ph အကြောင်းကို နှာ 183 - 12. 5 , 12. 6 ၌ ရှုပါ)

Scanned by CamScanner

လက်ာ (5) ရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာ (Be) verb ၏နောက်၌ နာမဝိသေသန (Adj) ပါလာပါက (Be) နှင့် Adj တို့ကို တစ်ပေါင်းတည်းပေါင်း၍ Adj ၏အနက်အတိုင်း (---သော) ကို (----သည်) ဟု ဘာသာပြန်ရ၏။

လက်ာ (6) ရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာ (Be) verb ၏နောက်မှာ ပါတီကယ်လ် (Parti) ပါလာပါက၊ (Be) ကို Parti နှင့်တစ်ပေါင်းတည်း ၊ Parti ၏အနက်ကို အဓိကထားလျက် ဆိလျော်အောင် ဘာသာပြန်ရသည်။

4.3 ရှိဖြစ်ကြိယာ (Be) ပါသော ပစ္စုပ္ပန် အဆိုဝါကျများ ပြုလုပ်ပုံ

လက်ာ ။ ။ ဘီ (Be) ၏နေရာ၊ အမ် (am), အစ်-ဇ် (is), အာ-ရ် (are)၊ ထည့်တာ ပစ္စုပ္ပန်။

လက်ာရှင်းချက်။ ။ ဝါကျပုံစံများထဲရှိ (Be) ဟု ရေးထားသောနေရာ၌ am, is, are တို့ကိုသုံးစွဲ၍ရေးလျှင် ရှိ/ဖြစ်ကြိယာ ပါသော ပစ္စုပ္ပန် အဆိုဝါကျကိုရ၏။

မှတ်ချက်။ ။ အောက်ပါဝါကျပုံစံ ဖြင့်ရေးလျှင် ကတ္တားနေရာရှိ နာမ်/နာမ်စားနှင့် ကတ္တားအဖြည့်ပုဒ်နေရာရှိ နာမ်/နာမ်စား တို့သည် လိုရင်းအရကောက် အတူတူဖြစ်နေသည်ကိုတွေ့ရမည်။ (အောက်ပါဝါကျများမှ ပူစီနှင့် ကြောင် တစ်ကောင်တည်း အတူတူဖြစ်၏။ ကျွန်ုပ်နှင့် အရောင်းစာရေး တစ်ဦးတည်း အတူတူဖြစ်၏။)

S.	+	(Be)	+	S.C
ကတ္တား		ရှိ/ဖြစ်ကြိယာ		ကတ္တားအဖြည့်ပုဒ်

1. Pussy is a cat. (လက်ာ (2) အရ S နှင့် S.C. ကိုကြည့်၍ is ကိုသုံးသည်။)
ပူစီသည် ဖြစ်သည် ကြောင်တစ်ကောင်။ (လက်ာ (3) အရ is ကို ဖြစ်သည် ဟုပြန်သည်။)

2. I am a salesman. (I ကို am နှင့် တွဲသုံးရ၏။ နှာ 23 ဇယား 6 ၌ရှု။)
ကျွန်ုပ်သည် ဖြစ်သည် အရောင်းစာရေးတစ်ဦး။

3. You are a liar. (You ကို are နှင့်တွဲသုံးရသည်။ နှာ 23 ဇယား 6 ၌ရှု။)
သင်သည် ဖြစ်သည် လူညာ တစ်ယောက်

4. These are mine.
ဤဟာများသည် ဖြစ်ကြသည် ကျွန်ုပ်၏ဥစ္စာ

5. It is a horse.
၎င်းသည် ဖြစ်သည် မြင်းတစ်ကောင်

S	+	(Be)	+	P.Ph
ကတ္တား		ရှိ/ဖြစ်ကြိယာ		ဝိဘတ်ပုဒ်စု

6. Pussy is under the table. (လက်ာ (2) အရ S နှင့် S.C ကိုကြည့်၍ is ကိုသုံးသည်၊)
ပူစီသည် ရှိသည် အောက်မှာ စားပွဲ (လက်ာ (4) အရ is ကို ရှိသည် ဟုပြန်သည်၊)

7. I am in Mandalay.
ကျွန်ုပ်သည် ရှိသည် မှာ မန္တလေး

8. Yours is on the table.
သင့်ဥစ္စာသည် ရှိသည် ပေါ်မှာ စားပွဲ

9. Cars are around the park.
ကားများသည် ရှိကြသည် ပတ်လည်မှာ ပန်းခြံ

10. They are beneath the rubbish.
၎င်းတို့သည် ရှိကြသည် အောက်မှာ (၎င်း) အမှိုက်များ

Scanned by CamScanner

S	+	(Be)	+	Adj
ကတ္တား		ရှိ/ဖြစ်ကြိယာ		နာမဝိသေသန

11. I am happy.
ကျွန်ုပ်သည် ပျော်ရွှင်သည်။ (လက်ာ 5 အရ happy ကို am နှင့် ပေါင်း၍ (ပျော်ရွှင်သည်) ဟုပြန်သည်)

12. He is tall. (လက်ာ 5 အရ tall ကို is နှင့် ပေါင်း၍ (အရပ်ရှည်သည်) ဟုပြန်သည်)
သူသည် အရပ်ရှည်သည်။

13. The weather is fine.
ရာသီဥတုသည် သာယာသည်။

14. The films are amusing.
(၄င်း)ရုပ်ရှင်ကားများသည် ရွှင်မြူးဖွယ်ကောင်းသည်။

15. Beings are mortal.
သတ္တဝါတို့သည် သေမျိုးဖြစ်သည်။

S	+	(Be)	+	Parti
ကတ္တား		ရှိ/ဖြစ်ကြိယာ		ပါတိကယ်-လ်

(particle ကို နှာ 190 - 12. 8 မှာရှုပါ။)

16. He is out.
သူသည် အပြင်မှာရှိသည်။ (လက်ာ 6 အရ ဘာသာပြန်သည်။)

17. The officer is in.
(၄င်း) အရာရှိသည် အထဲမှာရှိသည်။

18. They are away.
သူတို့သည် အဝေးမှာရှိသည်။

19. The lessons are over.
(ယင်း) သခ်န်းစာမျာသည် ပြီးဆုံးပြီ။

20. Titanic is on.
တိုက်တန်းနစ်ကားသည် အသုံးပြုဆဲဖြစ်သည်။ (ရုံ တင်ထားသည်။)

4.4 ရှိဖြစ်ကြိယာ (Be) ပါသော ဝါစ္ဆပြန် လား—အမေးကျများ ပြုလုပ်ပုံ

လက်ာ ။ ။ ဘီ (Be) ပါ အဆိုရှေ့၊ ဘီ (Be) ကိုရှေ့၊ မှတ်လေ့ လား-အမေးဖြစ်။

လက်ာရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာ (Be) များဖြစ်ကြသည့် am, is, are, was, were တို့ပါဝင်နေသော အဆိုဝါကျတွင် ၎င်းတို့ကို ဝါကျ၏ရှေ့ဆုံးသို့ ရွှေ့ပြောင်းလိုက်ပါက အလိုလိုလား-အမေးဖြစ်သွားသည်။ ထိုသို့ရွှေ့ဆုံးသို့ ရောက်သွားသော (Be) မှာလည်း (ရှိသည်/ဖြစ်သည်)ဟူသောအနက်မှ (ရှိသလား/ဖြစ်သလား) ဟူသော အနက်သို့ ပြောင်း၍ ပြန်ရသည်။(လား-အမေးဝါကျပြုလုပ်ရန်မှာ အဆိုဝါကျပြုလုပ်တတ်ပြီး ဖြစ်နေရမည်။) ယခု အပိုဒ် 4. 3 ၌ပြုလုပ်ခဲ့ပြီးသော အဆိုဝါကျများကို အဆင့်သင့် ဆွဲယူသုံးလျက် လား-အမေးဝါကျများ ပြုလုပ်သွားပါမည်။ တိုက်ဆိုင်ကြည့်ပါ။

1. *Is* Pussy a cat?
ဖြစ်သလား ပူစီသည် ကြောင် တစ်ကောင်

Scanned by CamScanner

2.	*Am*	I	a salesman?
	ဖြစ်သလား	ကျွန်ုပ်သည်	အရောင်းစာရေးတစ်ယောက်
3.	*Are*	you	a liar?
	ဖြစ်သလား	သင်သည်	လူညာ တစ်ယောက်
4.	Are	these	mine?
	ဖြစ်ကြသလား	ဤဟာများသည်	ကျွန်ုပ်၏ဥစ္စာ
5.	Is	it	a horse?
	ဖြစ်သလား	၎င်းသည်	မြင်းတစ်ကောင်
6.	Is	Pussy	under the table?
	ရှိသလား	ပူစီသည်	အောက်မှာ စားပွဲ
7.	Am	I	in Mandalay?
	ရှိသလား	ကျွန်ုပ်သည်	မှာ မန္တလေး
8.	Is	yours	on the table?
	ရှိသလား	သင့်ဥစ္စာသည်	ပေါ်မှာ စားပွဲ
9.	Are	cars	around the park?
	ရှိကြသလား	ကားများသည်	ပတ်လည်မှာ ပန်းခြံ
10.	Are	they	beneath the rubbish?
	ရှိကြသလား	၎င်းတို့သည်	အောက်မှာ (၎င်း) အမှိုက်များ
11.	Am	I	happy?
		ကျွန်ုပ်သည်	ပျော်သလား
12.	Is	he	tall?
		သူသည်	အရပ်ရှည်သလား
13.	Is	the weather	fine ?
		ရာသီဥတုသည်	သာယာသလား
14.	Are	the films	amusing?
		(ယင်း) ရုပ်ရှင်ကားများသည်	ရွှင်မြူးဖွယ်ကောင်းသလား
15.	Are	beings	mortal?
		သတ္တဝါများသည်	သေမျိုးဖြစ်ကြသလား
16.	Is	he	out?
		သူသည်	အပြင်မှာ ရှိသလား
17.	Is	the officer	in ?
		(၎င်း)အရာရှိသည်	အထဲမှာ ရှိ သလား
18.	Are	they	away?
		သူတို့သည်	အဝေးမှာ ရှိကြသလား
19.	Are	the lessons	over ?
		(၎င်း) သခ်ၤန်းစာများသည်	ပြီးဆုံးပြီလား
20.	Is	Titanic	on ?
		တိုက်တန်းနစ်ကားသည်	အသုံးပြုဆဲဖြစ်သလား။ (ရုံ တင်ထားသလား။)

Scanned by CamScanner

4.5 ရှိဖြစ်ကြိယာ (Be) ပါသော ပစ္စုပ္ပန် အငြင်းဝါကျများ ပြုလုပ်ပုံ

လက်ာ ။ ။ ဘီ (Be) အဆိုပါ၊ ဘီ (Be) နောက်မှာ၊ နော့် (not) သာ ထည့်လစ်၊ အငြင်းဖြစ်။

လက်ာရှင်းချက်။ ။ ရှိ/ဖြစ်ကြိယာခေါ်(Be) verb များဖြစ်ကြသော (am, is, are, was, were) တို့ကို ပါအောင်ထည့်၍ ရေးထားသော အဆိုဝါကျထဲရှိ ၎င်းကြိယာများ၏ နောက်နားကပ်၍ (not) ကိုထည့်လျှင် အငြင်းဝါကျ ဖြစ်သွား၏ (အငြင်းဝါကျပြုလုပ်ရန်မှာ အဆိုဝါကျပြုလုပ်တတ်ပြီး ဖြစ်နေရမည်။ယခု အပိုဒ် 4. 3 ၌ပြုလုပ်ခဲ့ပြီးသော အဆိုဝါကျများကို အဆင့်သင့် ဆွဲယူသုံးလျက် အငြင်းဝါကျများ ပြုလုပ်သွားပါမည်။ တိုက်ဆိုင် ကြည့်ပါ။

1.	Pussy	is not	a cat.	
	ပူစီသည်	မဟုတ်ပါ	ကြောင်တစ်ကောင်။	
2.	I	am not	a salesman.	
	ကျွန်ုပ်သည်	မဟုတ်ပါ	အရောင်းစာရေးတစ်ဦး။	
3.	You	are not	a liar.	
	သင်သည်	မဟုတ်ပါ	လူညာ တစ်ယောက်	
4.	These	are not	mine.	
	ဤဟာများသည်	မဟုတ်ကြပါ	ကျွန်ုပ်၏ဥစ္စာ	
5.	It	is not	a horse.	
	၎င်းသည်	မဟုတ်ပါ	မြင်းတစ်ကောင်	
6.	Pussy	is not	under the table.	
	ပူစီသည်	မရှိပါ	အောက်မှာ စားပွဲ	
7.	I	am not	in	Mandalay.
	ကျွန်ုပ်သည်	မရှိပါ	မှာ	မန္တလေး
8.	Yours	is not	on	the table?
	သင့်ဥစ္စာသည်	မရှိပါ	ပေါ်မှာ	စားပွဲ
9.	Cars	are not	around	the park.
	ကားများသည်	မရှိကြပါ	ပတ်လည်မှာ	ပန်းခြံ
10.	They	are not	beneath	the rubbish.
	၎င်းတို့သည်	မရှိကြပါ	အောက်မှာ	(၎င်း) အမှိုက်များ

4.6 ရှိဖြစ်ကြိယာ (Be) ပါသော ပစ္စုပ္ပန် လား–ငြင်းမေးဝါကျများ ပြုလုပ်ပုံ

လက်ာ ။ ။ ဘီ (Be) ပါ အငြင်းမှာ ၊ ဘီ (Be) ရှေ့လာ ၊ မှတ်ပါ ငြင်း-မေး ဖြစ်။

လက်ာရှင်းချက်။ ။ (Be) verb ခေါ် ရှိ/ဖြစ် ကြိယာများဖြစ်ကြသော (am, is, are, was, were) တို့ကို ပါအောင်ထည့်၍ ရေးထားသော အငြင်းဝါကျ ထဲမှ၊ ၎င်း ရှိ/ဖြစ်ကြိယာကို ဝါကျ၏ရှေ့ဆုံး၌ ပြောင်း၍ ရေးချလိုက်ပါက ငြင်း-မေးဝါကျ ဖြစ်သွား၏။ (အငြင်းမေးဝါကျပြုလုပ်ရန်မှာ အငြင်းဝါကျပြုလုပ်တတ်ပြီး ဖြစ်နေရမည်။

အထက်၌ပြုလုပ်ခဲ့ပြီးသော အငြင်းဝါကျများကို အဆင့်သင့် ဆွဲယူသုံးလျက် ငြင်းမေးဝါကျများ ပြုလုပ်သွားပါမည်။ တိုက်ဆိုင် ကြည့်ပါ။

1.	Is	Pussy	not	a cat?
		ပူစီသည်	မဟုတ်ဘူးလား	ကြောင်တစ်ကောင်။

Scanned by CamScanner

2.	Am	I	not	a salesman?
	ကျွန်ုပ်သည်		မဟုတ်ဘူးလား	အရောင်းစာရေးတစ်ဦး။
3.	Are	you	not	a liar?
	သင်သည်		မဟုတ်ဘူးလား	လူညာ တစ်ယောက်
4.	Are	these	not	mine?
	ဤဟာများသည်		မဟုတ်ကြဘူးလား	ကျွန်ုပ်၏ဥစ္စာ
5.	Is	it	not	a horse?
	၎င်းသည်		မဟုတ်ဘူးလား	မြင်းတစ်ကောင်
6.	Is	Pussy	not	under the table?
	ပူစီသည်		မရှိဘူးလား	အောက်မှာ စားပွဲ
7.	Am	I	not	in Mandalay?
	ကျွန်ုပ်သည်		မရှိဘူးလား	မှာ မန္တလေး
8.	Is	yours	not	on the table?
	သင့်ဥစ္စာသည်		မရှိဘူးလား	ပေါ်မှာ စားပွဲ
9.	Are	cars	not	around the park?
	ကားများသည်		မရှိကြဘူးလား	ပတ်လည်မှာ ပန်းခြံ
10.	Are	they	not	beneath the rubbish?
	၎င်းတို့သည်		မရှိကြဘူးလား	အောက်မှာ အမှိုက်များ

4.7 ရှိခြင်းကြိယာ (Be) ပါသော အတိတ်(အဆို၊ လား_အမေး ၊အငြင်း၊ လား_ငြင်းမေး)ဝါကျများပြုလုပ်ပုံ

လက်ာ ။ ။ ဘီ (Be) ဝါကျ ကို၊ အတိတ် ဖြစ်လို၊ ဘီ (Be) ကို အတိတ်ပြောင်းရေး။

လက်ာရှင်းချက် ။ ။ (Be) verb ခေါ် ရှိ/ဖြစ်ကြိယာများ ပါဝင်သော (အဆို ၊ လား-အမေး ၊ အငြင်း ၊ ငြင်း-မေး) ဝါကျ အားလုံ
ကို ပစ္စုပ္ပန်မှ အတိတ်သို့ပြောင်းလိုပါက။ ၎င်း ရှိ/ဖြစ်ကြိယာ၏ အတိတ်ပုံစံများ ဖြစ်ကြသော (was, were
နှစ်မျိုးသို့ ပြောင်းပေးရသည်။ am , is တို့ကို was သို့လည်းကောင်း ၊ are ကို were သို့လည်းကောင်း
ပြောင်းပေးရသည်။

ရှေ့၌ပြုလုပ်ခဲ့ပြီးသော ပစ္စုပ္ပန် အဆို ၊ လားအမေး ၊ အငြင်း ၊ လား-ငြင်းမေး ဝါကျအချို့ကို အဆင့်သင့် ဆွဲယူသုံးလျက်
အတိတ် ရှိ/ဖြစ်ကြိယာပါသော ဝါကျများ ပြုလုပ်သွားပါမည်။ တိုက်ဆိုင် ကြည့်ပါ။

4.8 ရှိခြင်းကြိယာ (Be) ပါသော အတိတ် အဆို ဝါကျနမူနာများ

1.	I	*was*	a salesman.	(အတိတ်-အဆို)
		ဖြစ်ခဲ့သည်။		
2.	These	*were*	mine.	(အတိတ်-အဆို)
		ဖြစ်ခဲ့ကြသည်။		
3.	Yours	was	on the table.	(အတိတ်-အဆို)
		ရှိခဲ့သည်		
4.	I	was	in Mandalay.	(အတိတ်-အဆို)
		ရှိခဲ့သည်		
5.	I	was happy.		(အတိတ်-အဆို)
		ပျော်ရွှင်ခဲ့သည်။		

Scanned by CamScanner

8. The weather was fine. (အတိတ်-အဆို)
သာယာခဲ့သည်။
9. The lessons were over. (အတိတ်-အဆို)
ပြီးဆုံးခဲ့ပြီ။
10. Titanic was on. (အတိတ်-အဆို)
အသုံးပြုဆဲဖြစ်ခဲ့သည်။ (ရုံ တင်ထားခဲ့သည်။)

4.9 ရှိဖြစ်ကြိယာ (Be) ပါသော အတိတ် လား_အငေးဝါကျနမူနာများ

1. *Was* I a salesman.? (တိတ်-လားအမေး)
ဖြစ်ခဲ့သလား
2. *Were* these mine? (တိတ်-လားအမေး)
ဖြစ်ခဲ့ကြသလား။
3. *Was* yours on the table? (တိတ်-လားအမေး)
ရှိခဲ့သလား
4. *Was* I in Mandalay? (တိတ်-လားအမေး)
ရှိခဲ့သလား
5. *Was* I happy? (တိတ်-လားအမေး)
ပျော်ရွှင်ခဲ့သလား
6. *Was* the weather fine? (တိတ်-လားအမေး)
သာယာခဲ့သလား
7. *Were* the lessons over? (တိတ်-လားအမေး)
ပြီးဆုံးခဲ့ပြီလား
8. Was Titanic on? (တိတ်-လားအမေး)
အသုံးပြုဆဲဖြစ်ခဲ့သလား။ (ရုံ တင်ထားခဲ့သလား။)

4.10 ရှိဖြစ်ကြိယာ (Be) ပါသော အတိတ် အငြင်းဝါကျနမူနာများ

1. I *was not* a salesman. (အတိတ်-အငြင်း)
မဖြစ်ခဲ့ပါ။
2. These *were not* mine. (အတိတ်-အငြင်း)
မဖြစ်ခဲ့ကြပါ
3. Yours was not on the table. (အတိတ်-အငြင်း)
မရှိခဲ့ပါ
4. I was not in Mandalay. (အတိတ်-အငြင်း)
မရှိခဲ့ပါ
5. I was not happy. (အတိတ်-အငြင်း)
မပျော်ရွှင်ခဲ့ပါ
6. The weather was not fine. (အတိတ်-အငြင်း)
မသာယာခဲ့ပါ
7. The lessons were not over. (အတိတ်-အငြင်း)
မပြီးဆုံးခဲ့ပါ။

Scanned by CamScanner

8. Titanic <u>was not on</u>. (အတိတ်-အငြင်း)
အသုံးပြုဆဲမဖြစ်ခဲ့ပါ (ရုံ တင်မထားခဲ့ပါ)

4.11 ရှိဖြစ်ကြိယာ (Be) ပါသော အတိတ် လား–ငြင်းမေးဝါကျနမူနာများ

1. *Was* I not a salesman?
မ ဟုတ်ခဲ့ဘူးလား။
2. *Were* these not mine? (အတိတ်-လား-ငြင်းမေး)
မဖြစ်ခဲ့ကြဘူးလား
3. Was Pussy not under the table? (အတိတ်-လား-ငြင်းမေး)
မရှိခဲ့ဘူးလား
4. Was yours not on the table? (အတိတ်-လား-ငြင်းမေး)
မရှိခဲ့ဘူးလား
5. Was I not happy? (အတိတ်-လား-ငြင်းမေး)
မပျော်ရွှင်ခဲ့ဘူးလား
6. Was the weather not fine? (အတိတ်-လား-ငြင်းမေး)
မသာယာခဲ့ဘူးလား
7. Were The lessons not over? (အတိတ်-လား-ငြင်းမေး)
မပြီးဆုံးခဲ့ဘူးလား

4.12 အကျဉ်းမှတ်ဇွယ်

(Be) ပါသောဝါကျပုံစံတစ်ခုဌ် စကားအဂီါများ ထည့်ရေးပါက –

1. အဆိုဝါကျ ရတ်။
   - အဆိုထဲမှ (Be) ကို ဝါကျရှေ့သို့ပို့ လျှင် -
   - အဆိုထဲဌ် (Be) နောက်မှာ (not) ထည့်လျှင် -
2. လား–အမေးဝါကျ ရတ်။
3. အငြင်း ဝါကျ ရတ်။
   - အငြင်းထဲမှ (Be) ကို ဝါကျရှေ့သို့ပို့ပြန်လျှင် –
4. လား–ငြင်းမေးဝါကျ ရတ်။

(Be) တ် ဖကဝုစ် / ဗတုဝုစ်ကို ဝါကျထဲမှ ကတ္တားတ် ဝုစ်ကို ကြည့်၍ရွေး ။

4.13 လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါဝေါဟာရများကို သုံး၍ S + (Be) + S.C ဝါကျပုံစံဖြင့် တစ်ခုလျှင် အဆို၊ လားအမေး၊ အငြင်း၊ ငြင်းမေးဟူ၍ အစဉ်အတိုင်း ဝါကျ (4) မျိုးစီ ပြုလုပ်၍ မြန်မာဘာသာပြန်ပါ။ သင့်တော်ရာ (Be) ကို မိမိဘာသာထည့်ပေးပါ။

Scanned by CamScanner

a. sacrificers = စွန့်လွှတ်ဘနစ်နာ ခံသူများ
b. a whale = ဝေလငါးဟူသည်,
c. school-teacher = ကျောင်းဆရာ
d. compassion. = ကရုဏာတရား

heroes = သူရဲကောင်းများ
mammal = နို့တိုက်သတ္တဝါ, a = တစ်မျိုး
was = ဖြစ်ခဲ့သည် a = တစ်ယောက် he = သူသည်
such = ဤကဲ့သို့သောဘရာ is = ဖြစ်သည်။

2. အောက်ပါဝေါဟာရများကို သုံး၍ S + (Be) + P.Ph ဝါကျပုံစံဖြင့် တစ်ခုလျှင် အဆို၊ လားအမေး၊ အငြင်း၊ ငြင်းမေး ဟူ၍ အစဉ်အတိုင်း ဝါကျ (4) မျိုးစီ ပြုလုပ်၍ မြန်မာဘာသာပြန်ပါ။ သင့်တော်ရာ (Be) ကို မိမိဘာသာထည့်ပေးပါ။

a. at = မှာ၊
b. water = ရေ၊
c. river = မြစ်၊
d. moral defilements = ကိလေသာများ၊

we = ကျွန်ုပ်တို့၊
the bamboo = ယင်းဝါးလုံး၊
in = ထဲမှာ၊
beings = သတ္တဝါများ၊

work = အလုပ်ခွင်/ အလုပ်
inside = အတွင်းမှာ
sand = သဲ
within = အတွင်းမှာ (သန္ဓာန်မှာ)

3. အောက်ပါဝေါဟာရများကို သုံး၍ S + (Be) + Adj ဝါကျပုံစံဖြင့် တစ်ခုလျှင် အဆို၊ လားအမေး၊ အငြင်း၊ ငြင်းမေး ဟူ၍ အစဉ်အတိုင်း ဝါကျ (4) မျိုးစီ ပြုလုပ်၍ မြန်မာဘာသာပြန်ပါ။ သင့်တော်ရာ (Be) ကို မိမိဘာသာထည့်ပေးပါ။

a. hot = ပူသော၊
b. the weather = ရာသီဥတု၊
c. you = သင်သည်၊
d. I = ကျွန်ုပ်၊

the coffee = ကော်ဖီ
mild = သင့်တင့်မျှတသော
hardworking = အလုပ်ကြိုးစားသော
fine = ကျန်းမာသော

4. အောက်ပါဝေါဟာရများကို သုံး၍ S + (Be) + parti ဝါကျပုံစံဖြင့် တစ်ခုလျှင် အဆို၊ လားအမေး၊ အငြင်း၊ ငြင်းမေး ဟူ၍ အစဉ်အတိုင်း ဝါကျ (4) မျိုးစီ ပြုလုပ်၍ မြန်မာဘာသာပြန်ပါ။ သင့်တော်ရာ (Be) ကို မိမိဘာသာထည့်ပေးပါ။

a. on = ခလုပ်ဖွင့်လျက်၊
b. the hair-style = ယင်းဆံပင်ပုံစံ၊
c. the price = ဈေးနှုန်း၊
d. over = ပြီးဆုံးလျက်၊

the energizer = ၎င်း ဓာတ်ခဲအားသွင်းကိရိယာ
out = ခေတ်ကုန်လျက်
low = နိမ့်လျက်
my duty = ကျွန်ုပ်၏တာဝန်

5. အောက်ပါ အင်္ဂလိပ်ဝါကျများ၌ သဒ္ဒါနည်းအရများသော နေရာများကို အောက်၌မျဉ်းသား၍ပြပါ။

a. Daw Daw were fat.
b. Water are in the pond.
c. Whales is a mammal.
d. Is a moon up.

6. အောက်ပါ အင်္ဂလိပ် ဝါကျများကို မည်သည့်ဝါကျပုံစံဖြင့်ရေးသည်ကို ထင်ရှားစေရန် ဝါကျပုံစံများထုတ်ပြပါ။

a. The tea is not hot.
b. Am I not a sacrificer?
c. Was the moon in the east?
d. The moon was low in the east.

7. အောက်ပါမြန်မာဝါကျများကို အင်္ဂလိပ်ဝါကျသို့ပြောင်းပါ။

a. ၎င်း ရေဒီယိုသည် ခလုပ်ပွင့်နေသည်။
b. ရာသီဥတုသည် မပူဘူးလား။
c. ကျွန်ုပ်တို့ အလုပ်မကြိုးစားကြပါ။
d. ရေသည် သဲထဲမှာရှိသလား။

ဦး / ဖြစ်ကြိယာပါသော ဝါကျ (4) မျိုးပြီးပြီ။

Scanned by CamScanner

UNIT - 5

SENTENCES of AUXILIARY and MAIN VERB

(အကူကြိယာ နှင့် မင်မကြိယာ ပါသောဝါကျများ)

နံပါတ် အခန်းအကြောင်းအရာ စာမျက်နှာ

5. 1 အကူကြိယာနှင့် မင်မကြိယာပါသော ဝါကျပြုလုပ်ပုံအဆင့်ဆင့် ---------- 53
5. 2 အကူကြိယာနှင့် မင်မကြိယာ ပါသော ပြုလုပ်ပုံ ---------- 53
5. 3 အကူကြိယာနှင့် မင်မကြိယာ ပါသော အဆိုဝါကျပြုလုပ်ပုံ ---------- 53
5. 4 အကူကြိယာနှင့် မင်မကြိယာ ပါသော လား-ငြင်းမေးဝါကျပြုလုပ်ပုံ ---------- 54
5. 5 အကူကြိယာနှင့် မင်မကြိယာ ပါသော အငြင်းဝါကျပြုလုပ်ပုံ ----------55
5. 6 အကူကြိယာနှင့် မင်မကြိယာပါသော လား-ငြင်းမေးဝါကျပြုလုပ်ပုံ ----------55
5. 7 အကျဉ်းချုပ်မှတ်ဖွယ် ---------- 56
5. 8 လက်တွေ့လေ့ကျင့်ခန်းများ ----------56

Scanned by CamScanner

5.1 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါဝင်သောဝါကျများပြုလုပ်ပုံ အဆင့်ဆင့်



5.2 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါဝင်သောဝါကျပြုလုပ်ပုံ

1. စကားအင်္ဂါ (7) မျိုးမှ သင့်တော်ရာကိုသုံးသွားမည်။
2. ပင်မကြိယာပါသော ဝါကျပုံစံ (43) ခုမှ နမူနာအဖြစ် အောက်ပါ (4) ခုကိုသုံးသွားမည်။ (အမှန်မှာ ရှိ/ဖြစ်ကြိယာ ပါသော ဝါကျပုံစံ (5) ခုမှလွဲ၍ ကျန်ဝါကျပုံစံ (43) ခုလုံးကို သုံးနိုင်သည်။ နှာ 25 , 26 မှ ဇယားများကိုရှုပါ။)

1.	S + I.V
2.	S + I.V + @ (@ ၏နေရာ၌ Adv (8) မျိုးထဲက တစ်ခုဖြစ်သည့် (P.Ph) ကိုသုံးမည်။)
3.	S + T.V + O
4.	S + T.V + O + @ (@ ၏နေရာ၌ Adv (8) မျိုးထဲက တစ်ခုဖြစ်သည့် (P.Ph) ကိုသုံးမည်။)

3. ယခုအခန်း၌ ပင်မကြိယာပါသော ကြိယာပုံစံ (26) ခုအနက် Modal Tense ကြိယာပုံစံ M + V.1 တစ်ခုကိုသာ နမူနာအဖြစ်သုံးပြမည်။ (Modal Verb (M) ဟူသည် Aux -Verb (14) ခုပင်ဖြစ်သည်။ နှာ 21- 2. 11 ၌ပြန်ရှုပါ။)

5.3 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါဝင်သော အဆိုဝါကျပြုလုပ်ပုံ

လက်ာ ။ ။ ပုံစံ အရ ၊ ရေးပြီးမှလျှင် ၊ ပင်မ ကြိရှေ့ ၊ အကူဖြည့် ၊ မှတ်လေ့အဆို ဖြစ် ။

လက်ာရှင်းချက် ။ ။ ပေးထားသော ဝါကျပုံစံများအတိုင်း ဖြည့်၍ရေးလျှင် ပင်မကြိယာ (M.V) ပါသော အဆိုဝါကျဖြစ်လာကြောင်း ပင်မကြိယာပါသော အဆိုဝါကျပြုလုပ်ခန်း၌ ပြခဲ့ပြီးပြီ။ ထိုအဆိုဝါကျ ထဲက ပင်မကြိယာ (M.V) များ၏ ရှေ့ (ဘယ်ဖက်) ၌ အကူကြိယာ (Aux) ချရေးပါက <u>အကူကြိယာ</u>နှင့် <u>ပင်မကြိယာ</u> နှစ်မျိုးပါသော အဆိုဝါကျကို ရသည်။

S	+	(Aux)	I.V	
ကတ်		အကူကြို	ကံမလို-ပင်မကြို	
1. The volcano		*may*	erupt.	(အဆို)
		နိုင်သည်	ပေါက်ကွဲ	
2. Dogs		*would*	bark.	(အဆို)
		လေ့ရှိခဲ့သည်	ဟောင်	

မှတ်ချက် ။ ။ အထက်ပါဝါကျများ၌ အကူကြိယာများ ပါနေကြ၏။ သို့ဖြစ်၍ (အကူကင်းငြား) ဟူသောအင်္ဂါ တစ်ချက် ပျက်သွားသောကြောင့် ပင်မကြိယာများ၌ (s , es , ies စသည်) တို့ ပါနေလျှင် ဖြုတ်ပစ်ရ၏။

Scanned by CamScanner

S + (Aux)	I.V + @ (P.Ph)			
3. Water	might	flow	in the stream.	(အဆို)
	----ချင်---မည်	စီး		
4. Guests	should	stay	at the hotel.	(အဆို)
	သင့်သည်	တည်းခို		

S + (Aux)	T.V + O			
5. A man	must	cut	trees.	(အဆို)
	ရမည်	ခုတ်။		
6. Girls	can	make	garlands.	(အဆို)
	နိုင်ကြသည်	ပြုလုပ်		

S + (Aux)	T.V + O + @ (P.Ph)			
7. He	*will*	play	tennis in the court.	(အဆို)
	လိမ့်မည်	ကစား		
8. Women	*would*	buy	vegetable at the market.	(အဆို)
	လေ့ရှိခဲ့သည်	ဝယ်		

5.4 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါသော လား-အမေးဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အကူ ပါ ကြ၊ အဆိုဝါကျ ရှေ့၊ အကူ ရွှေ့၊ မှတ်လေ့ လား-အမေး ဖြစ်။

လက်ာရှင်းချက် ။ ။ အကူကြိယာ (14) ခုအနက် တစ်ခုခု ပါဝင်နေသော အဆိုဝါကျ၏ ရှေ့ဆုံးသို့ ၎င်းအကူကြိယာကို ပြောင်းရွှေ့လိုက်ပါက အဆိုဝါကျမှ လား-အမေးဝါကျအဖြစ်သို့ အလိုလို ပြောင်းသွားသည်။ (ဤအမျိုးအစား လား-အမေးဝါကျကို အဆိုဝါကျမှ ပြောင်းယူမည်ဖြစ်၍ အဆိုဝါကျပြုလုပ်တတ်ပြီး ဖြစ်နေရမည်။ အပိုဒ် 5.3 မှ အဆိုဝါကျများနှင့် တိုက်ဆိုင်ကြည့်ပါ။)

1. *May*	the volcano	erupt?		(လား-အမေး)
နိုင်သလား		ပေါက်ကွဲ		
2. *Would*	dogs	bark?		(လား-အမေး)
လေ့ရှိခဲ့သလား		ဟောင်		
3. Might	water	flow	in the stream?	(လား-အမေး)
---ချင်မှ---မည်လား		စီး		
4. *Should*	guests	stay	at the hotel?	(လား-အမေး)
သင့်သလား။		တည်းခို		
5. *Must*	a man	cut	trees?	(လား-အမေး)
ရမည်လား		ခုတ်။		
6. *Can*	girls	make	garlands?	(လား-အမေး)
နိုင်ကြသလား		ပြုလုပ်		
7. *Will*	he	play	tennis in the court?	(လား-အမေး)
လိမ့်မည်လား		ကစား		
8. *Would*	women	buy	vegetable at the market?	(လား-အမေး)
လေ့ရှိခဲ့သလား		ဝယ်		

Scanned by CamScanner

5.5 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါဝင်သော အငြင်းဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အဆို၌ မူ၊ အကူ ပင်မ ကြား၊ not ထည့်ငြား၊ မှတ်သား အငြင်း ဖြစ်။

လက်ာရှင်းချက် ။ ။ အကူကြိယာနှင့် ပင်မကြိယာ နှစ်မျိုးပါသော အဆိုဝါကျ၌ ထိုကြိယာနှစ်ခုကြားတွင်(not)ထည့်ပေး ခြင်းဖြင့် အငြင်းဝါကျသို့ပြောင်းရသည်။ (ဤအမျိုးအစား အငြင်းဝါကျကို အဆိုဝါကျမှ ပြောင်းယူမည် ဖြစ်၍ အဆိုဝါကျပြုလုပ်တတ်ပြီး ဖြစ်နေရမည်။ အပိုဒ် 5. 3 မှ အဆိုဝါကျများနှင့် တိုက်ကြည့်ပါ။)

1. The volcano *may* not erupt. (အငြင်း)
   မပေါက်ကွဲနိုင်ပါ
2. Dogs *would* not bark. (အငြင်း)
   ဟောင်လေ့မရှိခဲ့။
3. Water might *not* flow in the stream. (အငြင်း)
   စီးချင်မှစီးမည်။
4. Guests should not stay at the hotel. (အငြင်း)
   မတည်းခိုသင့်ပါ
5. A man must not cut trees. (အငြင်း)
   ခုတ်ရမည်မဟုတ်ပါ။
6. Girls can not make garlands. (အငြင်း)
   မပြုလုပ်နိုင်ကြပါ။
7. He will not play tennis in the court. (အငြင်း)
   ကစားလိမ့်မည်မဟုတ်
8. Women would not buy vegetable at the market. (အငြင်း)
   ဝယ် လေ့မရှိခဲ့ပါ။

5.6 အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါဝင်သော လား-ငြင်းမေးဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အကူ ပါလျှင်၊ အငြင်းဝါကျရှေ့၊ အကူ ရွှေ့၊ မှတ်လေ့ ငြင်း-မေးဖြစ်။

လက်ာရှင်းချက်။ ။ အကူကြိယာ (Aux) ပါသော အငြင်း ဝါကျ၌ ၊ ယင်း အကူကြိယာကို မူလနေရာမှ ဝါကျ၏ ရှေ့ဆုံးသို့ ရွှေ့လိုက်ပါက ငြင်း-မေးဝါကျကို ရသည်။ (ဤအမျိုးအစား လားငြင်းမေးဝါကျကို အငြင်းဝါကျမှ ပြောင်းယူ မည် ဖြစ်၍ အငြင်းဝါကျ ပြုလုပ်တတ်ပြီး ဖြစ်နေရမည်။ အပိုဒ် 5. 5 မှ အငြင်းဝါကျများနှင့် တိုက်ကြည့်ပါ။

1. *May* the volcano not erupt? (လား-ငြင်းမေး)
   မပေါက်ကွဲနိုင်ဘူးလား။
2. *Would* dogs not bark? (လား-ငြင်းမေး)
   ဟောင်လေ့မရှိခဲ့ဘူးလား။
3. Might water *not* flow in the stream? (လား-ငြင်းမေး)
   စီးချင်မှစီးမည်လား။
4. Should guests not stay at the hotel? (လား-ငြင်းမေး)
   မတည်းခိုသင့်ဘူးလား

Scanned by CamScanner

5. Must a man not cut trees? (လား-ခြင်းမေး)
ခုတ်ရမည်မဟုတ်လား။

6. Can girls not make garlands? (လား-ခြင်းမေး)
မပြုလုပ်နိုင်ကြဘူးလား။

7. Will he not play tennis in the court? (လား-ခြင်းမေး)
ကစားလိမ့်မည်မဟုတ်လား။

8. Would women not buy vegetable at the market? (လား-ခြင်းမေး)
ဝယ် လေ့မရှိခဲ့ဘူးလား။

5.7 အကျဉ်းမှတ်စွယ်

(M.V) ပါသော ဝါကျပုံစံတစ်ခုဌ် စကားအဂီါများထည့်ရေးပြီး (M.V) ၏ရှေ့မှာ (Aux) ထည့်ပါက -

1. အဆိုဝါကျ ရ၏။
   - အဆိုထဲမှ (Aux) ကို ဝါကျရှေ့သို့ပို့ လျှင် -
   - အဆိုထဲဌ် (Aux) နှင့် (M.V) တို့ ကြားဌ် (not) ထည့်လျှင် -

2. လား–အမေးဝါကျ ရ၏။

3. အငြင်း ဝါကျ ရ၏။
   - အငြင်းထဲမှ (Aux) ကို ဝါကျရှေ့သို့ပို့ပြန်လျှင် -

4. လား–ငြင်းမေးဝါကျ ရ၏။

အကူကြိယာ မတင်းသောကြောင့် (M.V) ကို အမြဲတမ်း ဇာတုစ်ဖြင့်ထား ။

5.8 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ ဝေါဟာရများကိုသုံး၍ ဝါကျများပြုလုပ်ပါ။ ရေးဖို့ဝါကျ ပုံစံများကိုလည်း အောက်ဌ်ဖော်ပြထားသည်။

A. pinguins = ပင်ဂွင်ငှက်များ၊
fly = ပျံသည်၊
can = -----နိုင်သည်၊
not = မ
(S + (Aux) I.V)

B. may = နိုင်/လောက်သည်၊
arrive = ဆိုက်ရောက်သည်၊
the train = ၎င်းရထား
(S + (Aux) I.V)

C. pass = အောင်သည်၊
will = ----လိမ့်မည်၊
he = သူ၊
the examination = စာမေးပွဲ၊
(S + (Aux) T.V + O)

D. in = မှာ၊
live = နေထိုင်သည်၊
they = သူတို့
Mandalay = မန္တလေး၊
should = ---သင့်သည်။
S + (Aux) + I.V + @)

E. can = နိုင်သည် (---လို့ရသည်)၊
you = သင်၊
at = မှာ၊
buy = ဝယ်သည်၊
shirts = ရှပ်အင်္ကျီများကို၊
the market = ဈေး
(S + (Aux) + T.V + O + @)

Scanned by CamScanner

2. အောက်ပါ မြန်မာဝါကျများကို သက်ဆိုင်ရာ ဝါကျပုံစံကိုသုံး၍ အင်္ဂလိပ်ဝါကျသို့ပြောင်းရေးပါ။ ဝါကျပုံစံကို လည်းထုတ်ပြပါ။

a. သင်သည် စာမေးပွဲကို မအောင်သင့် ဘူးလား။

b. ကျွန်ုပ်သည် ရေ မကူးနိုင်ပါ။

c. ၎င်း ကြောင်သည် စားတစ်လုံး အောက်မှာ အိပ်ချင်အိပ်လောက်သည်။

d. သူမသည် ခေါက်ဆွဲကို စားလေ့မရှိခဲ့ ဘူးလား ။

e. သူမသည် ထီးတစ်လက် ၎င်းဈေးမှာ မဝယ်သင့်ပါ ။

3. အောက်ပါ အင်္ဂလိပ်ဝါကျများကို မြန်မာဘာသာပြန်ပါ။ ဝါကျပုံစံကိုလည်းထုတ်ပြပါ။

a. **You will pass the examination.**

b. **Can the parrot speak?** (parrot = ကြက်တူရွေး)

c. **Should I not live in Mandalay?**

d. **My mother may not recognize you.** (recognize = မှတ်မိသည်)

e. **Money cannot buy happiness.** (happiness = ပျော်ရွှင်မှု)

4. အောက်ပါ အင်္ဂလိပ်ဝါကျများ၌ သဒ္ဒါနည်းအရ မှားသော (သို့မဟုတ်) မထည့်သင့်သော အရာများ အောက်မှာ မျဉ်းသားပြပါ။

a. **She can sings.** (သူမသည် သီချင်းဆိုနိုင်သည်/ဆိုတတ်သည်။) (sing = သီချင်းဆိုသည်)

b. **The boy will be become a footballer.** (၎င်းယောကျ်ားလေးသည် ဘောလုံးသမားတစ်ဦးဖြစ်လာလိမ့်မည်။)
(become = ဖြစ်လာသည် (M.V))

c. **She would comes to the pagoda.** (သူမသည် ဘုရားသို့ လာလေ့ရှိခဲ့သည်။)

d. **Should they not passes the examination?** (သူတို့သည် ၎င်း စာမေးပွဲကို မအောင်သင့်ဘူးလား ။)

e. **Peter might not like a coffee?** (ပီတာသည် ကော်ဖီကို ကြိုက်ချင်မှကြိုက်မှာပါ။)

5. အောက်ပါ အင်္ဂလိပ်ဝါကျများကို အခြေခံဝါကျ (4) မျိုးအနက် မည်သည့်ကြိယာပါသော ဝါကျအမျိုးအစားဖြင့် ရေးထားသည် ကို ဖော်ထုတ်ပြပါ။ (ဝါကျပုံစံကို မဆိုလိုပါ။) အခြေခံဝါကျကြီး (4) မျိုးကို နှာ 32 ၌ရှု ပါ။

a. **The Children would play in the park.** (၎င်းကလေးများသည် ပန်းခြံထဲမှာ ကစားလေ့ရှိခဲ့ကြသည်။)

b. **They buy food from the restaurant.** (သူတို့ အစားအစာကို စားသောက်ဆိုင်မှ ဝယ်ကြသည်။)

c. **U Uttama speaks Pali language.** (ဦးဥတ္တမသည် ပါဠိဘာသာကို ပြောသည်။)

d. **May the train arrive soon?** (ရထားသည် မကြာမီ ဆိုက်ရောက်နိုင်သလား။)

e. **We ought to be in the class.** (ငါတို့သည် စာသင်ခန်းထဲမှာ ရှိသင့်သည်။)

အကူကြိယာ(Aux) နှင့် ပင်မကြိယာ(M.V) ပါသော ဝါကျ(4)မျိုးပြီးပြီ။

Scanned by CamScanner

KKTT

UNIT - 6

SENTENCES of AUXILIARY and (Be) VERB
(အကူကြိယာ နှင့် ဖြစ်ကြိယာ ပါသောဝါကျများ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
6. 1	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာပါသော ဝါကျပြုလုပ်ပုံအဆင့်ဆင့်	59
6. 2	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာပါသောဝါကျပြုလုပ်ပုံ	59
6. 3	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာ ပါသော အဆိုဝါကျပြုလုပ်ပုံ	59
6. 4	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာပါသော လား-အမေးဝါကျပြုလုပ်ပုံ	60
6. 5	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာပါသော အငြင်းဝါကျပြုလုပ်ပုံ	61
6. 6	အကူကြိယာနှင့် ရှိ/ဖြစ်ကြိယာပါသော လား-ငြင်းမေးဝါကျပြုလုပ်ပုံ	61
6. 7	အကျဉ်းမှတ်ဖွယ်	62
6. 8	လက်တွေ့လေ့ကျင့်ခန်းများ	62

Scanned by CamScanner

6.1 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါဝင်သောဝါကျများပြုလုပ်ပုံ အဆင့်ဆင့်



6.2 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ (Be) ပါဝင်သောဝါကျပြုလုပ်ပုံ

1. စကားအင်္ဂါ (7) မျိုးမှ သင့်တော်ရာကိုသုံးသွားမည်။
2. ရှိ/ဖြစ်ကြိယာပါသော ဝါကျပုံစံ (5) ခုမှ နမူနာအဖြစ် အောက်ပါ (4) ခု ကိုသုံးသွားမည်။
   အမှန်တကယ်မှာ ရှိ/ဖြစ်ကြိယာပါသော ဝါကျပုံစံ (5) ခုလုံး သုံးနိုင်သည်။ (နှာ 26 ဇယား 19 ၌ရှုပါ။)

S + (Be) + S.C
S + (Be) + P.Ph
S + (Be) + Adj
S + (Be) + Parti

3. ယခုအခန်း၌ ရှိ/ဖြစ်ကြိယာပါသော ကြိယာပုံစံ (16) ခုအနက် Present Tense ကြိယာပုံစံ <u>(Be)1</u> , <u>(Be)1 + Adj</u> , နှင့် Past Tense ကြိယာပုံစံ <u>(Be)2</u> , <u>(Be)2 + Adj</u> လေးခုကိုသာ နမူနာအဖြစ်သုံးပြမည်။ (နှာ 108 - 9.3 ၌ ပါသော ကြိယာပုံစံ 16 ခု ကိုရှုပါ။)

6.3 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါဝင်သော အဆိုဝါကျပြုလုပ်ပုံ

လက်ာ ။ ။ 1. ဘီ (Be) အဆို ပါ ၊ ဘီ (Be) ရှေ့မှာ ၊ အကူသာထည့်လစ် ၊ အဆို ဖြစ် ။
2. ဘီ (Be) နေရာမှာ ၊ ဘီ အီး (be) သာ ၊ ရေးပါ အမှန်ဖြစ် ။

လက်ာရှင်းချက် - (1) ရှိ/ဖြစ်ကြိယာ (Be) verb ပါသော အဆိုဝါကျထဲ၌၊ ၎င်းရှိ/ဖြစ်ကြိယာ၏ရှေ့ (ဘယ်ဖက်)တွင် အကူကြိယာ (Aux) တစ်ခုထည့်ပါကအကူနှင့် ရှိ/ဖြစ်နှစ်မျိုး ပါသော အဆိုဝါကျကိုရသည်။

(2) ရှိ/ဖြစ်ကြိယာ (Be) ၏နေရာတွင် ယခင်က ကဲ့သို့ (am , is , are , was , were) တို့ကိုသုံးရန် မလိုပဲ၊ (be) ဟုသာ ရေးရန်ဖြစ်သည်။ (ရှေ့အခန်း ရှိ/ဖြစ်ကြိယာပါသော အဆိုဝါကျမှ လုပ်ယူသည်။)

S	+	(Aux)	(Be)	+	S.C
ကတ်		အကူကြိယာ	ရှိ/ဖြစ်ကြိယာ		ကတ်-အဖြည့်ပုဒ်

1.	She	*must*	be	a nurse.	(အဆို)
	သူမသည်	<u>ရမည်</u>	ဖြစ်	သူနာပြုတစ်ယောက်	
2.	You	*might*	be	a liar.	(အဆို)
	သင်သည်	<u>--ချင်--နိုင်သည်</u>	ဖြစ်	လူညာတစ်ယောက်	

Scanned by CamScanner

S	+	(Aux)	(Be)	+	P.Ph
ကတ်		အကူကြိယာ	ရှိ/ဖြစ်ကြိယာ		ဝိဘတ်ပုဒ်စု

3. The book *can* be on the table. (အဆို)
ၵင်းစာအုပ်သည် နိုင်သည် ရှိ ပေါ်မှာ ၵင်း စားပွဲ

4. Yours *may* be on the table.. (အဆို)
သင့်ဥစ္စာသည် နိုင်သည်ရှိ ပေါ်မှာ ၵင်း စားပွဲ

S	+	(Aux)	(Be)	+	Adj
ကတ်		အကူကြိယာ	ရှိ/ဖြစ်ကြိယာ		နာမ/ဝိ

5. He *may* be tall. (အဆို)
သူသည် လောက်သည် အရပ်ရှည်

6. The weather *might* be fine. (အဆို)
ရာသီဥတုသည် --ချင်--နိုင်သည် သာယာ

S	+	(Aux)	(Be)	+	Parti
ကတ်		အကူကြိယာ	ရှိ/ ဖြစ်ကြိယာ		ပါတီကယ်-လ်

7. The officer *could* be in. (အဆို)
ၵင်းအရာရှိသည် ခဲ့လောက်သည် အထဲမှာ ရှိ သင်ခန်းစာများ သင့်သည်

8. The lessons *sould* be over. (အဆို)
ၵင်းသင်ခန်းစာများ သင့်သည် ပြီးဆုံး

6.4 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါဝင်သော လား-အမေးဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အကူ ရှိ/ဖြစ် ၊ ပါလစ် ဝါကျ ၊ အကူ ရှေ့ချ ၊ မှတ်ကြ လား-အမေး ဖြစ်။

လက်ာရှင်းချက် - အကူကြိယာ (Aux) နှင့် ရှိ/ဖြစ်ကြိယာ (Be) တို့ပါဝင်သော အဆိုဝါကျထဲရှိ အကူကြိယာကို ၵင်းဝါကျ၏ ရှေ့ဆုံး၌ ချရေးလျှင် လား-အမေးဝါကျကို ရသည်။ (အပေါ်က အဆိုဝါကျများနှင့် နိုင်းယှဉ်လေ့လာပါ။)

1. *Must* she be a nurse? (လား-အမေး)
ရမည်လား ဖြစ်

2. *Might* you be a liar? (လား-အမေး)
--ချင်--နိုင်သလား ဖြစ်

3. *Can* the book be on the table? (လား-အမေး)
နိုင်သလား ရှိ

4. *May* yours be on the table? (လား-အမေး)
နိုင်သလား ရှိ

5. *May* he be tall? (လား-အမေး)
လောက်သလား အရပ်ရှည်

6. *Might* the weather be fine? (လား-အမေး)
--ချင်--နိုင်သလား သာယာ

Scanned by CamScanner

7. *Could* the officer <u>be in?</u> (လား-ဘေး)
   နိုင်ခဲ့ သလား ဘထဲမှာရှိ
8. *Should* the lessons <u>be over?</u> (လား-ဘေး)
   သင့်ပြီလား ပြီးဆုံး

6.5 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါဝင်သော အငြင်းဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အကူ ရှိ/ဖြစ် ကြား။ not ထည့်ငြား။ မှတ်သား အငြင်းဖြစ်။

လက်ာရှင်းချက် - အကူ ကြိယာ (Aux) နှင့် ရှိ/ဖြစ်ကြိယာ (Be) တို့၏ ကြား၌ (not) ကိုထည့်လျှင် အငြင်းဝါကျကို ရသည်။ (အပေါ်က အဆိုဝါကျများနှင့် နှိုင်းယှဉ်လေ့လာပါ။)

1. She <u>must *not* be</u> a nurse. (အငြင်း)
   ဖြစ်ရမည်မဟုတ်
2. You <u>*might* not be</u> a liar. (အငြင်း)
   ဖြစ်ချင်မှဖြစ်မည်
3. The book <u>*can* not be</u> on the table. (အငြင်း)
   မရှိနိုင်ပါ။
4. Yours <u>*may* not be</u> on the table. (အငြင်း)
   မရှိနိုင် ပါ
5. He <u>*may* not be tall.</u> (အငြင်း)
   အရပ်မရှည်လောက်ပါ။
6. The weather <u>might *not* be fine.</u> (အငြင်း)
   သာယာချင်မှသာယာမည်
7. The officer <u>could *not* be in .</u> (အငြင်း)
   အထဲမှာ မရှိနိုင်ခဲ့ပါ
8. The lessons <u>should *not* be over.</u> (အငြင်း)
   မပြီးဆုံးသင့်ပါ

6.6 အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါဝင်သော လား_ငြင်းမေးဝါကျပြုလုပ်ပုံ

လက်ာ ။ ။ အကူ ပါလျှင်း ၊ အငြင်း ပါကျ ရှေ့ ၊ အကူ ရှေ့ ၊ မှတ်လေ့ ငြင်း-မေး ဖြစ်။

လက်ာရှင်းချက် - အကူကြိယာ (Aux) ပါဝင်သော အငြင်းဝါကျ၌၊ ၎င်းအကူကြိယာကို ဝါကျ၏ ရှေ့ဆုံးသို့ ရွှေ့လိုက်ပါက ငြင်း-မေးဝါကျ ဖြစ်သွားသည်။ (အထက်ပါ အငြင်းဝါကျများနှင့် နှိုင်းယှဉ်ကြည့်ပါ။)

1. *Must* she *not* be a nurse? (လား-ငြင်းမေး)
   ဖြစ်ရမည် မဟုတ်ဘူးလား
2. *Might* you *not* be a liar? (လား-ငြင်းမေး)
   --ဖြစ်ချင်မှ ဖြစ်မည်လား
3. *Can* the book *not* be on the table? (လား-ငြင်းမေး)
   မရှိနိုင်ဘူးလား
4. *May* yours not be on the table? (လား-ငြင်းမေး)
   မရှိနိုင်ဘူးလား

Scanned by CamScanner

5. May he not be tall? (လား-ငြင်းမေး)
အရပ်မရှည်လောက်ဘူးလား

6. Might the weather not be fine? (လား-ငြင်းမေး)
သာယာချင်မှ သာယာမည်လား

7. Could the offficer not be in? (လား-ငြင်းမေး)
အထဲမှာ မရှိနိုင်ခဲ့ဘူးလား

8. Should the lessons not be over? (လား-ငြင်းမေး)
မပြီးဆုံးသင့်ဘူးလား

မှတ်ချက်။ ။ အကူကြိယာ (Aux) တစ်ခုသည် ကာလအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ သတ်သတ်မှတ်မှတ်မရှိပေ။ အများအားဖြင့် (Modal Perfect Tense) ကသာ အတိတ်ကို ဖော်ပြပေသည်။ ၎င်းကို နှာ 138 အပိုဒ် 9.40 မှာရှုပါ။ အနာဂတ် ကာလအတွက် shall နှင့် will ကို သုံးနိုင်သော်လည်း ၎င်းတို့မှာ အခြားအနက်များလည်းရှိသေးသည်။

6.7 အကျဉ်းမှတ်စုယ်

(Be) ပါသော ဝါကျပုံစံတစ်ခုဌ် စကားအင်္ဂါများထည့်ရေးပြီး (Be) ၏ရှေ့မှာ (Aux) ထည့်ပါတ

1. အဆိုဝါကျ ရတ်။

- အဆိုထဲမှ (Aux) ကို ဝါကျရှေ့သို့ပို့ လျှင် -
- အဆိုထဲဌ် (Aux) နှင့် (Be) တို့ ကြားဌ် (not) ထည့်လျှင် -

2. လား–အမေးဝါကျ ရတ်။

3. အငြင်း ဝါကျ ရတ်။

- အငြင်းထဲမှ (Aux) ကို ဝါကျရှေ့သို့ပို့ဖြန်လျှင် -

4. လား–ငြင်းမေးဝါကျ ရတ်။

(Be) နောက်ဌ် အမြဲတမ်း (be) ဖြင့်ရေး ။

6.8 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ ဝေါဟာရများကိုသုံး၍ ဝါကျများပြုလုပ်ပါ။ ရေးဖို့ဝါကျပုံစံများကိုလည်း အောက်ဌ်ဖော်ပြထားသည်။

A. school-teacher = ကျောင်းဆရာ၊
a = တစ်ဦး၊
the man = ၎င်းလူကြီး၊
be = ဖြစ်၊
may = ----နိုင်/ လောက်သည်၊
(S + (Aux) + (Be) + S.C)

B. fine = သာယာသော၊
the weather = ရာသီဥတု၊
be = -----
might = -----ချင်-----လောက်သည်
(S + (Aux) + (Be) + Adj)

Scanned by CamScanner

C. water = ရေ၊
should = သင့်သည်၊
the pot = ၎င်းအိုး၊
in = ထဲမှာ၊
be = ရှိ၊
(S + (Aux) + (Be) + P.Ph)

D. outside = အပြင်မှာ၊
be = ရှိ၊
must = ----ရမည်၊
the umbrella = ၎င်းထီး။
(S + (Aux) + (Be) + Parti)

E. ought to = -----သင့်သည်၊
The meeting = ယင်းအစည်းအဝေး၊
be = ----
over = ပြီးဆုံးလျက်၊
(S + (Aux) + (Be) + Parti)

2. အထက်ပါ နံပါတ် (1) ၌ ပြုလုပ်ခဲ့သော အဆိုဝါကျ (5) ခုကို အငြင်းဝါကျများဖြစ်အောင် ပြောင်းပါ။
3. အောက်ပါ မြန်မာဝါကျများကို သက်ဆိုင်ရာ ဝါကျပုံစံကိုသုံး၍ အင်္ဂလိပ်ဝါကျသို့ပြောင်းရေးပါ။ ဝါကျပုံစံကိုလည်းထုတ်ပြပါ။
   a. ယင်း မိန်းမသည် သူနာပြုတစ်ဦး ဖြစ်ရမည်။
   b. ၎င်းစာအုပ်များသည် စားပွဲပေါ်မှာ မရှိ လောက်ပါ။
   c. ရာသီဥတုသည် ရန်ကုန်မှာ ပူခြင်မှပူမည်။
   d. ၎င်းရေဒီယိုသည် (ခလုပ်) ပွင့်မနေသင့်ပါ။ (on = ခလုပ်ပွင့်လျက်)
   e. ၎င်း မိန်းမကြီးသည် ကျောင်းဆရာမတစ်ယောက် ဖြစ်နိုင်သည်။
4. အောက်ပါ အင်္ဂလိပ်ဝါကျများကို မြန်မာဘာသာပြန်ပါ။ ဝါကျပုံစံကိုလည်းထုတ်ပြပါ။
   a. **Must the book be in the drawer?** (drawer = အံဆွဲ)
   b. **We might be late.** (late = နောက်ကျသော)
   c. **School will be over.** (over = ပြီးဆုံး/ပိတ်)
   d. **We ought not to be the passive.** (the passive = မတက်ကြွသူများ)
   e. **Would the weather be cold tomorrow?**
5. အောက်ပါ အင်္ဂလိပ်ဝါကျများ၌ သဒ္ဒါနည်းအရ မှားသော (သို့မဟုတ်) မထည့်သင့်သော အရာများအောက်မှာ မျဉ်းသားပြပါ။
   a. **Will the weather is fine?** (ရာသီဥတုသည် သာယာလိမ့်မည်လား။) (fine = သာယာသော (Adj)
   d. **Should the meeting is over?** (၎င်းအစည်းအဝေးသည် ပြီးဆုံးသင့်ပြီလား။)
   c. **She might is in the room.** (သူမသည် အခန်းထဲမှာ ရှိချင်ရှိနိုင်သည်။)
   d. **May they are from Japan?** (သူတို့သည် ဂျပန်နိုင်ငံက ဖြစ်နိုင်သလား။)
   e. **The trip will not be costly.** (၎င်းခရီးသည် အကုန်အကျများလိမ့်မည်။)
6. အောက်ပါ အင်္ဂလိပ်ဝါကျများကို အခြေခံဝါကျ (4) မျိုးအနက် မည်သည့်ကြိယာပါသော ဝါကျအမျိုးအစားဖြင့် ရေးထားသည်ကို ဖော်ထုတ်ပြပါ။ (ဝါကျပုံစံကို မဆိုလိုပါ။) အခြေခံဝါကျကြီး (4) မျိုးကို နှာ 32 ၌ရှု ပါ။
   a. **She was a saleswoman.** (သူမသည် အရောင်းစာရေးမ တစ်ယောက် ဖြစ်ခဲ့သည်။)
   b. **The man may be a German.** (ယင်း လူကြီးသည် ဂျာမဏီလူမျိုးဖြစ်နိုင်သည်။)
   c. **You are innocent.** (သင်သည် အပြစ်ကင်းပါသည်။) (innocent = အပြစ်ကင်းသော၊)
   d. **Should he be a monk?** (သူသည် ဘုန်းကြီး တစ်ပါးဖြစ်သင့်သလား။)
   e. **I shall be a winner.** (ငါသည် အောင်နိုင်သူဖြစ်လိမ့်မည်။)

အကူကြိယာ(Aux) နှင့် ရှိဖြစ်ကြိယာ(Be) ပါသော ဝါကျ (4) မျိုးပြီးပြီ။

Scanned by CamScanner

UNIT - 7

Wh- QUESTION (လဲ-အမေး ဝါကျများ)

နံပါတ် အကြောင်းအရာ စာမျက်နှာ

7.1 လဲ-အမေးဆိုင်ရာ ဇယားအမှတ် (20) ---------- 65
7.2 လဲ-အမေးနှင့် လဲငြင်းမေးဝါကျ (11) မျိုး ---------- 66
7.3 ကတ္တားကိုသိလိုသော လဲ-အမေးနှင့် လဲ-ငြင်းမေးဝါကျများ ---------- 66
7.4 ကတ္တားကိုသိလိုသော လဲ-အမေးဝါကျအမှတ် (1) ---------- 66
7.5 ကတ္တားကိုသိလိုသော လဲ-ငြင်းမေးဝါကျပြုလုပ်ပုံ ---------- 67
7.6 ကတ္တားကိုသိလိုသော လဲ-အမေးဝါကျအမှတ် (2) ---------- 68
7.7 ကတ္တားကိုသိလိုသော လဲ-အမေးဝါကျအမှတ် (3) ---------- 69
7.8 ကံကိုသိလိုသော လဲ-အမေးနှင့် လဲ-ငြင်းမေးဝါကျများ ---------- 70
7.9 ကံကိုသိလိုသော လဲ-အမေးဝါကျအမှတ် (1) ---------- 70
7.10 ကံကိုသိလိုသော လဲ-အမေးဝါကျအမှတ် (2) ---------- 71
7.11 ကံကိုသိလိုသော လဲ-အမေးဝါကျအမှတ် (3) ---------- 72
7.12 ကြိယာဝိသေသနကိုသိလိုသော လဲ-အမေးနှင့် လဲ-ငြင်းမေးဝါကျများ ---------- 73
7.13 ကြိယာဝိသေသနကိုသိလိုသော လဲ-အမေးဝါကျအမှတ် (1) ---------- 73
7.14 ကြိယာဝိသေသနကိုသိလိုသော လဲ-အမေးဝါကျအမှတ် (2) ---------- 74
7.15 ကြိယာဝိသေသနကိုသိလိုသော လဲ-အမေးဝါကျအမှတ် (3) ---------- 75
7.16 ကြိယာဝိသေသနကိုသိလိုသော လဲ-အမေးဝါကျအမှတ် (4) ---------- 76
7.17 နာမဝိသေသနကိုသိလိုသော လဲ-အမေးပြုလုပ်ပုံ ---------- 77
7.18 လက်တွေ့လေ့ကျင့်ခန်းများ ---------- 77

Scanned by CamScanner

7.1 လဲ–အမေးဝါကျ ဆိုင်ရာ ဇယား

ဇယား - (20) Wh-QUESTIONS (လဲ- အမေးဝါကျပြုလုပ်ပုံ ဇယား)					
စဉ်	အမေးစကား (ဝါကျ၏ ရေ. ဆုံးဌ်အမြထားရသည်။)	အမည်	သိလိုသော-အရာ	သုံးရမည့်ဝါကျ	သုံးရမည့်ဝါကျပုံစံ
1	Who ဘယ်သူသည်၊ ဘယ်သူတို့သည် Which ဘယ်ဟာသည်သည်။ ဘယ်ဟာတို့သည် What ဘာသည်။ ဘာတို့သည် Whose ဘယ်သူ့ဥစ္စာသည်။ / တို့သည်	အမေးနာမ်စား	ကတ္တား	အဆို ဝါကျ	ကတ္တား (S) ပါသော ဝါကျပုံစံတိုင်း
2	Who ဘယ်သူကို၊ ဘယ်သူတို့ကို Whom --------ဝင်း---------- Which ဘယ်ဟာကို ၊ ဘယ်ဟာတို့ကို What ဘာကို၊ ဘာတို့ကို Whose ဘယ်သူ့ဥစ္စာကို၊ / တို့ကို	အမေးနာမ်စား	ကံ	လား-အမေး ဝါကျ	ကံ (O) ပါသော ဝါကျပုံစံတိုင်း
3	Whose + (N) ဘယ်သူ. ----သည် Which + (N) ဘယ်----သည် What + (N) ဘာ----သည်	အမေး နာမဝိသေသန	ကတ္တား	အဆို ဝါကျ	ကတ္တား (S) ပါသော ဝါကျပုံစံတိုင်း
4	Whose + (N) ဘယ်သူ. ----ကို Which + (N) ဘယ်----ကို What + (N) ဘာ----ကို	အမေး နာမဝိသေသန	ကံ	လား-အမေး ဝါကျ	ကံ (O) ပါသော ဝါကျပုံစံတိုင်း
5	How many + (C. N) - ----ဘယ်လောက်များများသည် How much + (U. N) -----ဘယ်လောက်များများသည်	ကတ္တား-အမေး နာမဝိသေသန	ကတ္တား	အဆို ဝါကျ	ကတ္တား (S) ပါသော ဝါကျပုံစံတိုင်း
6	How many + (C. N) -----ဘယ်လောက်များများကို How much + (U. N) ------ဘယ်လောက်များများကို	အမေး နာမဝိသေသန	ကံ	လား-အမေး ဝါကျ	ကံ (O) ပါသော ဝါကျပုံစံတိုင်း
7	ဝိဘတ် + Whom ဘယ်သူ ----- ဝိဘတ် + Which ဘယ်ဟာ ----- ဝိဘတ် + What ဘာ ----	အမေး ကြိယာဝိသေ-သန	ကြိ/ဝိ	လား-အမေး ဝါကျ	ဝိဘတ်ဦးစီးပုဒ်စု (P.Ph) ပါသော ဝါကျပုံစံတိုင်း
8	ဝိဘတ် + Whose + (N) ဘယ်သူ. ----- --- ဝိဘတ် + Which + (N) ဘယ်----- ----- ဝိဘတ် + What + (N) ဘာ---- ------	အမေး ကြိယာဝိသေ-သန	ကြိ/ဝိ	လား-အမေး ဝါကျ	ဝိဘတ်ဦးစီးပုဒ်စု (P.Ph) ပါသော ဝါကျပုံစံတိုင်း
9	How ဘယ်လို Why ဘာကြောင့် Where ဘယ်မှာ၊ ဘယ်ကို When ဘယ်တော့၊ ဘယ်တုန်းက၊ ဘယ်အခါ What time ဘယ်အချိန်မှာ၊ ဘယ်နှစ်နာရီမှာ	အမေး ကြိယာဝိသေ-သန	ကြိ/ဝိ	လား-အမေး ဝါကျ	မည်သည့်ဝါကျ ပုံစံမဆို
10	How + (Adv) ဘယ်လောက် ------	အမေး ကြိယာဝိသေ-သန	ကြိ/ဝိ	လား-အမေး ဝါကျ	လုံးခြင်းကြိ/ဝိ (Adv) ထည့်ပါက ၎င်းဝါကျပုံစံတိုင်း
11	How + (Adj) ဘယ်လောက် ------	အမေး နာမဝိသေသန	နာမ/ဝိ	လား-အမေး ဝါကျ	ချိတ်ဆက်ကြိယာ (LK.V)+Adj , (Be)+(Adj) ပါသော ဝါကျပုံစံတိုင်း

Scanned by CamScanner

7.2 လဲ–အမေး ၊ လဲငြင်းမေး ဝါကျ (11) မျိုး

1. ကတ္တားကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (1) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
2. ကတ္တားကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (2) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
3. ကတ္တားကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (3) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
4. ကံကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (1) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
5. ကံကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (2) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
6. ကံကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (3) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
7. ကြိယာဝိသေသနကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (1) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
8. ကြိယာဝိသေသနကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (2) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
9. ကြိယာဝိသေသနကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (3) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
10. ကြိယာဝိသေသနကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ အမှတ် (4) (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)
11. နာမဝိသေသနကို သိလိုသော လဲ-အမေး ၊ လဲငြင်းမေး ဝါကျ (စုပ်၊ တိတ်၊ ဂတ်၊ စိတ်အမူအရာ)

7.3 ကတ္တားကို သိလိုသော လဲ–အမေးနှင့် လဲ–ငြင်းမေး ဝါကျများ

7.4 ကတ္တားကို သိလိုသော လဲ–အမေးဝါကျအမှတ် (1) ပြုလုပ်ပုံ အဆင့်ဆင့်

1. (S) ပါသည့်ဝါကျပုံစံ အားလုံးသိုးနိုင်သည်။
2. ၎င်းဝါကျပုံစံဖြင့် ရေးထားသော အဆိုဝါကျကို သုံးမည်။-
3. ထိုအဆိုမှ ကတ္တားကို ဖြုတ် ၊ အမေးစကားတစ်ခုအစားထိုး ၊ ရှေ့ဆုံးသို့ပို့။
4. အဆုံး၌ (?) ကိုထည့်။ ပင်မကြိယာ၌ (s , es , ies , ves) ပါလျှင်မဖြုတ်ရ။
5. ကတ္တားကို သိလိုသော လဲ-အမေးဝါကျ အမှတ် (1) ရ၏။

သုံးရမည့်အမေးစကားများ
- Who = ဘယ်သူသည် / ဘယ်သူတို့သည်
- Which = ဘယ်ဟာသည် / ဘယ်ဟာတို့သည်
- What = ဘာသည် / ဘာတို့သည်
- Whose = ဘယ်သူ့ဥစ္စာသည် / ဘယ်သူ့ဥစ္စာတို့သည်

(လဲအမေး များကို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ၊ စိတ်အမူအရာပြု ဟူ၍ အစုံပါအောင်ထည့်သွင်းသွားမည်။ V.1 , (Be)1 , Do , Does တို့ ပါလျှင် ပစ္စုပ္ပန် ၊ V.2 , (Be)2 , Did တို့ ပါလျှင် အတိတ်၊ shall , will တို့ ပါလျှင် အနာဂတ်၊ ကြွင်းသော can , could , စသည့် အကူကြိယာ များပါလျှင် စိတ်အမူအရာပြု ဟုမှတ်ပါ။)

1.	Water	flows	in	the stream.	(အဆို)
	ရေသည်	စီး သည်	ထဲမှာ	ချောင်း	
	What	flows	in	the stream?	(ကတ်-သိလို လဲ-အမေး)
	ဘာသည်	စီး သလဲ။	ထဲမှာ	ချောင်း	
2.	A man	cut	trees.		(အဆို)
	လူတစ်ဦးသည်	ခုတ်ခဲ့သည်	သစ်ပင်များကို		
	Who	cut	a tree ?		(ကတ်-သိလို လဲ-အမေး)
	ဘယ်သူသည်	ခုတ်ခဲ့သလဲ	သစ်ပင်တစ်ပင်ကို		

Scanned by CamScanner

3.	You	are	a liar.		(အဆို)
	သင်သည်	ဖြစ်သည်	လူညာ တစ်ယောက်		
	Who	is	a liar?		(ကတ်-သိလို့ လဲ-အမေး)
	ဘယ်သူသည်	ဖြစ်သလဲ	လူညာ တစ်ယောက်		
4.	The films	were amusing.			(အဆို)
	(၄င်း)ရုပ်ရှင်ကားများသည်	ရှင်မြူးဖွယ်ကောင်းခဲ့ကြသည်။			
	Which	were amusing?			(ကတ်-သိလို့ လဲ-အမေး)
	ဘယ်အရာများသည်	ရှင်မြူးဖွယ်ကောင်းခဲ့ကြသလဲ။			
5.	The lessons	are over.			(အဆို)
	(ယင်း) သခ်ိန်းစာများသည်	ပြီးဆုံးပြီ။			
	What	are over?			(ကတ်-သိလို့ လဲ-အမေး)
	ဘာများသည်	ပြီးဆုံးပြီ။			
6.	The volcano	may erupt.			(အဆို)
	မီးတောင်တစ်လုံးသည်	နိုင်သည်	ပေါက်ကွဲ		
	Which	may erupt?			(ကတ်-သိလို့ လဲ-အမေး)
	ဘယ်အရာသည်	နိုင်သလဲ	ပေါက်ကွဲ		
7.	Yours	may be	on the table.		(အဆို)
	သင့်ဥစ္စာသည်	ရှိနိုင်သည်	၎င်း စားပွဲပေါ်မှာ		
	Whose	may be	on the table?		(ကတ်-သိလို့ လဲ-အမေး)
	ဘယ်သူ့ဥစ္စာသည်	ရှိနိုင်သလဲ	၎င်း စားပွဲပေါ်မှာ		
8.	Mine	is	this.		(အဆို)
	ငါ့ဥစ္စာသည်	ဖြစ်သည်	ဤဟာ		
	Whose	is	this?		(ကတ်-သိလို့ လဲ-အမေး)
	ဘယ်သူ့ဥစ္စာသည်	ဖြစ်သလဲ။	ဤဟာ		
9.	The weather	will	be fine.		(အဆို)
	ရာသီဥတုသည်	လိမ့်မည်	သာယာ		
	What	will	be fine?		(ကတ်-သိလို့ လဲ-အမေး)
	ဘာသည်	သာယာလိမ့်မည်လဲ။			
10.	The lessons	should	be over.		(အဆို)
	၎င်းသင်ခန်းစာများ	သင့်သည်	ပြီးဆုံး		
	Which	should	be over?		(ကတ်-သိလို့ လဲ-အမေး)
	ဘယ်အရာများသည်	သင့်ပြီလဲ။	ပြီးဆုံး		

7.5 ကတ္တားကို သိလို့သော လဲ–ငြင်းဆန်းဝါကျ

မှတ်ချက် ။ ။ ကတ္တား (S) ကိုသိလိုသော် **လဲ–ငြင်းဆန်း** ဝါကျပြုလုပ်ရန်မှာလည်း ယခုပြုလုပ်နည်းအတိုင်း **အငြင်းဝါကျ** ကိုအစားထိုး၍ သုံးသွားရုံသာဖြစ်သည်။

နမူနာဝါကျအနည်းငယ်မျှဖြင့် ရှင်းလင်းနိုင်ပါလိမ့်မည်။ ပြီးခဲ့သည့်အခန်းများမှ အငြင်းဝါကျများနှင့် တိုက်ကြည့်ပါ။

1.	A volcano	does not erupt.		(အငြင်း)
	မီးတောင်တစ်လုံးသည်	မ ပေါက်ကွဲပါ		

Scanned by CamScanner

	What	**does not erupt?**		(ကတ် သိလို လဲ-ငြင်းမေး)
	ဘာသည်	မ ပေါက်ကွဲဘူးလဲ။		
2.	**Girls**	**did not make**	**garlands.**	(အငြင်း)
	မိန်းကလေးများသည်	မပြုလုပ်ခဲ့ကြပါ	ပန်းကုံးများကို	
	Who	**did not make**	**garlands?**	(ကတ် သိလို လဲ-ငြင်းမေး)
	ဘယ်သူတို့သည်	မပြုလုပ်ခဲ့ကြဘူးလဲ	ပန်းကုံးများကို	
3.	**Cars**	**are not**	**around the park.**	(အငြင်း)
	ကားများသည်	မရှိကြပါ	ပန်းခြံ ပတ်လည်မှာ	
	Which	**are not**	**around the park?**	(ကတ် သိလို လဲ-ငြင်းမေး)
	ဘယ်အရာများသည်	မရှိကြဘူးလဲ	ပန်းခြံ ပတ်လည်မှာ	
4.	**The weather**	**was not fine.**		(အငြင်း)
	ရာသီဥတုသည်	မသာယာခဲ့ပါ		
	What	**was not fine?**		(ကတ် သိလို လဲ-ငြင်းမေး)
	ဘာသည်	မသာယာခဲ့ဘူးလဲ။		
5.	**Yours**	**may not be**	**on the table.**	(အငြင်း)
	သင့်ဥစ္စာသည်	မရှိနိုင်ပါ	၎င်း စားပွဲပေါ်မှာ	
	Whose	**may not be**	**on the table?**	(ကတ် သိလို လဲ-ငြင်းမေး)
	ဘယ်သူ့ဥစ္စာသည်	မရှိနိုင်ဘူးလဲ	၎င်း စားပွဲပေါ်မှာ	
6.	**The lessons**	**should *not* be over.**		(အငြင်း)
	၎င်းသင်ခန်းစာများသည်	မပြီးဆုံးသင့်ပါ		
	What	**should *not* be over?**		(ကတ် သိလို လဲ-ငြင်းမေး)
	ဘာများသည်	မပြီးဆုံးသင့်ဘူးလဲ။		

7.6 ကတ္တားကို သိလိုသော လဲ–အမေးဝါကျအမှတ် (2) ပြုလုပ်ပုံအဆင့်ဆင့်

1. (S) ပါသည့်ဝါကျပုံစံ အားလုံးသုံးနိုင်သည်။
2. ၎င်းဝါကျပုံစံဖြင့် ရေးထားသော အဆိုဝါကျကို သုံးမည်။–
3. ထိုအဆိုမှ ကတ္တားကို အမေးစကားနောက်က (N) နေရာ၌တွဲ၊ အတွဲကိုရှေ့ပို့။
4. အဆုံး၌ (?) ကိုထည့်။ ဝင်မကြိယာ၌ (s , es , ies , ves) ဝါလျှင်မဖြုတ်ရ။
5. ကတ္တားကို သိလိုသော လဲ–အမေးဝါကျ အမှတ် (2) ရတာ်။

သုံးရမည့်အမေးစကားများ	**Whose (N) = ဘယ်သူ၏----သည်/ ဘယ်သူ၏----တို့သည်**
	Which (N) = ဘယ်----သည်/ ဘယ်----တို့သည်
	What (N) = ဘာ----သည်/ ဘာ----တို့သည်

မှတ်ချက်။ ။ (S) ပါသော ဝါကျပုံစံအားလုံးဖြင့် ရေးထားသော အဆိုဝါကျဟူသမျှကို သုံးနိုင်ခြင်းကြောင့် ရှေ့ပိုင်း၌လုပ်ခဲ့ပြီးသော အဆိုဝါကျများကို အဆင်သင့်ဆွဲယူ၍ အသုံးပြုသွားပါမည်။ ကတ္တားရှေ့၌ **a , an , the** တို့ပါလျှင် ပြန်မသုံး၍

1. **A volcano** **erupts.** (အဆို)

မီးတောင်တစ်လုံးသည် ပေါက်ကွဲသည်။

Scanned by CamScanner

	Which volcano	**erupts?**		(ကတ်သိလို့-လဲ့-မေး)
	ဘယ် မီးတောင်သည်	ပေါက်ကွဲသလဲ။		
2.	**Dogs**	**bark.**		(အဆို)
	ခွေးများသည်	ဟောင်ကြသည်။		
	Whose dogs	**bark?**		(ကတ်သိလို့-လဲ့-မေး)
	ဘယ်သူ့ခွေးများသည်	ဟောင်ကြသလဲ။		
3.	**Guests**	**stayed**	**at the hotel.**	(အဆို)
	ဧည့်သည်များသည်	တည်းခိုခဲ့ကြသည်	ဂင်းဟိုတယ်မှာ	
	Which guests	**stayed**	**at the hotel?**	(ကတ်သိလို့-လဲ့-မေး)
	ဘယ်ဧည့်သည်များသည်	တည်းခိုခဲ့ကြသလဲ။	ဂင်းဟိုတယ်မှာ	
4.	**Cars**	**were**	**around the park.**	(အဆို)
	ကားများသည်	ရှိခဲ့ကြသည်	ပန်းခြံ ပတ်လည်မှာ	
	Whose cars	**were**	**around the park?**	(ကတ်သိလို့-လဲ့-မေး)
	ဘယ်သူ့ကားများသည်	ရှိခဲ့ကြသလဲ။	ပန်းခြံ ပတ်လည်မှာ	
5.	**The lessons**	**were over.**		(အဆို)
	ဂင်းသင်ခန်းစာများသည်	ပြီးဆုံးခဲ့ပြီ။		
	What lessons	**were over?**		(ကတ်သိလို့-လဲ့-မေး)
	ဘာသင်ခန်းစာများသည်	ပြီးဆုံးခဲ့ပြီလဲ။		
6.	**A man**	**must** **cut**	**trees.**	(အဆို)
	လူကြီးတစ်ယောက်	ရမည် ခုတ်။	သစ်ပင်များကို	
	Which man	**must** **cut**	**trees?**	(ကတ်သိလို့-လဲ့-မေး)
	ဘယ်လူကြီးသည်	ရမည်လဲ ခုတ်။	သစ်ပင်များကို	

7.7 ကတ္တားကို သိလိုသော လဲ–အမေးဝါကျအမှတ် (3) ပြုလုပ်ပုံအဆင့်ဆင့်

1. (S) ပါသည့်ဝါကျပုံစံ အားလုံးသုံးနိုင်သည်။
2. ဂင်းဝါကျပုံစံဖြင့် ရေးထားသော အဆိုဝါကျကို သုံးမည်။
3. ထိုအဆိုမှ ကတ္တားကို အမေးစကားနောက်က (C.N / U.N) နေရာ၌တွဲ၊ ထိုအတွဲကိုရှေ့ပို့။
4. အဆုံး၌ (?) ကိုထည့်။ ပင်မကြိယာ၌ (s , es , ies , ves) ပါလျှင်မဖြုတ်ရ။
5. ကတ္တားကို သိလိုသော လဲ–အမေးဝါကျ အမှတ် (3) ရ၏။

သုံးရမည့်အမေးစကား - **How many (C. N) = ဘယ်လောက်များသော----သည်**
How much (U. N) = ဘယ်လောက်များသော----သည်

မှတ်ချက်။ ။ **How many** နောက်မှာကပ်နေသော (C.N) ၏နေရာ၌ ရေတွက်ရှိးထုံးစံရှိသောနာမ် ဗဟုဝုစ် ကိုသုံးရပြီး၊
How much နောက်မှာကပ်နေသော (U. N)၏နေရာ၌ ရေတွက်ရှိးထုံးစံ မရှိသော နာမ် ဧကဝုစ်ကိုသုံးရသည်။

1.	**A volcano**	**erupts.**	(အဆို)
	မီးတောင်တစ်လုံးသည်	ပေါက်ကွဲသည်။	

Scanned by CamScanner

	How many volcanoes	**erupt?**			(ကတ်သိလို-လဲ-မေး)
	ဗီးတောင်ဘယ်လောက်များများသည်	ပေါက်ကွဲကြသလဲ။			
2.	**Dogs**	**barked.**			(အဆို)
	ခွေးများသည်	ဟောင်ခဲ့ကြသည်။			
	How many dogs	**barked?**			(ကတ်သိလို-လဲ-မေး)
	ခွေးဘယ်လောက်များများသည်	ဟောင်ခဲ့ကြသလဲ။			
3.	**Water**	**flows**	**in the stream.**		(အဆို)
	ရေသည်	စီးသည်	ထဲမှာ ချောင်း		
	How much water	**flows**	**in the stream?**		(ကတ်သိလို-လဲ-မေး)
	ရေဘယ်လောက်များများသည်	စီးသလဲ။	ထဲမှာ ချောင်း		
4.	**Guests**	**stayed**	**at the hotel.**		(အဆို)
	●ည့်သည်များသည်	တည်းခိုခဲ့ကြသည်	၎င်းဟိုတယ်မှာ		
	How many guests	**stayed**	**at the hotel?**		(ကတ်သိလို-လဲ-မေး)
	●ည့်သည်ဘယ်လောက်များများသည်	တည်းခိုခဲ့ကြသလဲ။	၎င်းဟိုတယ်မှာ		
5.	**A man**	**must**	**cut**	**trees.**	(အဆို)
	လူကြီးတစ်ယောက်	ရမည်	ခုတ်။	သစ်ပင်များကို	
	How many men	**must**	**cut**	**trees?**	(ကတ်သိလို-လဲ-မေး)
	ဘယ်လူကြီးဘယ်လောက်များများသည်	ရမည်လဲ	ခုတ်။	သစ်ပင်များကို	
6.	**The lessons**	**should be over.**			(အဆို)
	၎င်းသင်ခန်းစာများသည်	ပြီးဆုံးသင့်ပြီ။			
	How many lessons	**should be over?**			(ကတ်သိလို-လဲ-မေး)
	သင်ခန်းစာဘယ်လောက်များများသည်	ပြီးဆုံးသင့်ပြီလဲ။			

မှတ်ချက် ။ ။ ကတ္တား (S) ကိုသိလိုသော **လဲ–ငြင်းမေး**ဝါကျများ ပြုလုပ်ရန်မှာလည်း ယခုပြုလုပ်နည်းအတိုင်း **အငြင်းဝါကျ** များကို အစားထိုး၍ သုံးသွားရုံသာဖြစ်သည်။

7.8 က်ကို သိလိုသော လဲ–အမေးနှင့် လဲ–ငြင်းမေး ဝါကျများ

7.9 က်ကို သိလိုသော လဲ–အမေးဝါကျအမှတ် (1) ပြုလုပ်ပုံအဆင့်ဆင့်

1. (O) ပါသည့်ဝါကျပုံစံ အားလုံးသုံးနိုင်သည်။
2. ၎င်းဝါကျပုံစံဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။
3. **ထိုလား–အမေး** မှ က်ကိုဖြုတ်၊ အမေးစကားတစ်ခုအစားထိုး ၊ ဝါကျ၏ရှေ့သို့ပို့။
4. **က်** ကို သိလိုသော လဲ–အမေးဝါကျ အမှတ် (1) ရ၏။

သုံးရမည့်အမေးစကားများ။ **Who / Whom** = ဘယ်သူ့ကို /ဘယ်သူတို့ကို (လူအတွက်သုံးသည်။)
Whose = ဘယ်သူ့ဥစ္စာကို /ဘယ်သူ့ဥစ္စာတွေကို (အားလုံးအတွက်သုံး)
Which = ဘယ်ဟာကို /ဘယ်ဟာတွေကို (သက်မဲ့နှင့်တိရစ္ဆာန်အတွက်)
What = ဘာကို / ဘာတွေကို (----------။ ----------)

မှတ်ချက်။ ။ (O) ပါသော ဝါကျပုံစံအားလုံးဖြင့် ရေးထားသော လားအမေး ဝါကျဟူသမျှကို သုံးနိုင်ခြင်းကြောင့် ရှေ့ပိုင်း၌လုပ်ခဲ့ပြီး

Scanned by CamScanner

သော က် (O) ပါသော လား-အမေးဝါကျများကို အဆင်သင့်ဆွဲယူ၍ အသုံးပြုသွားပါမည်။ က်ရှေ့၌ a , an , the တို့ပါလျှင် ပြန်မသုံးရ။

1.	**Does**	**a man**	**cut**	**a tree?**	(လား အမေး)
		လူကြီးတစ်ဦးသည်	ခုတ်သလား။	သစ်ပင်တစ်ပင်ကို	
	Whose **does**	**a man**	**cut?**	-------	(က်သိလို-လဲ-အမေး)
	ဘယ်သူ့ဥစ္စာကို	လူကြီးတစ်ဦးသည်	ခုတ်သလဲ၊		
2.	**Do**	**girls**	**make**	**garlands?**	(လား အမေး)
		မိန်းကလေးများသည်	ပြုလုပ်ကြသလား	ပန်းကုံးများကို	
	Which **do**	**girls**	**make?**	-------	(က်သိလို-လဲ-အမေး)
	ဘယ်အရာကို	မိန်းကလေးများသည်	ပြုလုပ်ကြသလဲ။		
3.	**Did**	**women**	**buy**	**vegetable?**	(လား အမေး)
		မိန်းမကြီးများသည်	ဝယ်ခဲ့ကြသလား	ဟင်းသီးဟင်းရွက်ကို	
	What **did**	**women**	**buy?**	-------	(က်သိလို-လဲ-မေး)
	ဘာကို	မိန်းမကြီးများသည်	ဝယ်ခဲ့ကြသလဲ။		
4.	**Did**	**you**	**see**	**the man?**	(လား အမေး)
		သင်သည်	မြင်ခဲ့သလား	၎င်းလူကြီးကို	
	Who/ Whom **did**	**you**	**see?**	-------	(က်သိလို-လဲ-မေး)
	ဘယ်သူကို	သင်သည်	မြင်ခဲ့သလဲ ။		
5.	***Will***	**he**	**play**	**tennis?**	(လား-အမေး)
	လိမ့်မည်လား ။	သူသည်	ကစား	တင်းနစ်ကို	
	Which ***will***	**he**	**play?**	-------	(က်သိလို-လဲ-မေး)
	ဘယ်အရာကို	သူသည်	ကစား လိမ့်မည်လဲ။		
6.	***Would***	**women**	**buy**	**vegetable?**	(လား-အမေး)
	လေ့ရှိခဲ့သလား ။	မိန်းမကြီးများသည်	ဝယ်	ဟင်းသီးဟင်းရွက်ကို	
	Whose ***would*** **women**		**buy?**	-------	(က်သိလို-လဲ-မေး)
	ဘယ်သူ့ဥစ္စာကို	မိန်းမကြီးများသည်	ဝယ်လေ့ရှိခဲ့သလဲ ။		

7.10 က်ကို သိလို သော လဲ–အမေးဝါကျအမှတ် (2) ပြုလုပ်ပုံ အဆင့်ဆင့်

1. (O) ပါသည့်ဝါကျပုံစံ အားလုံးသုံးနိုင်သည်။
2. ၎င်း ဝါကျပုံစံဖြင့် ရေးထားသော **လား–အမေး** ကို သုံးမည်။
3. ထို **လား–အမေး**မှ က်ကို အမေးစကားနောက်က (N) နေရာ၌တွဲ၊ အတွဲကိုရှေ့.ပို့.။
4. အဆုံး၌ (?) ကိုထည့်။
5. **က်** ကို သိလိုသော လဲ–အမေးဝါကျ အမှတ် (2) ရ၏။

သုံးရမည့်အမေးစကားများ
- **Whose (N) =** ဘယ်သူ၏----သည်/ ဘယ်သူ၏----တို့သည်
- **Which (N) =** ဘယ်----သည်/ ဘယ်----တို့သည်
- **What (N) =** ဘာ----သည်/ ဘာ----တို့သည်

Scanned by CamScanner

1.	**Does**	**a man**	**cut**	**a tree?**	(လား အမေး)
		လူကြီးတစ်ဦးသည်	ခုတ်သလား။	သစ်ပင်တစ်ပင်ကို	
	Whose trees **does**	**a man**	**cut?**	-------	(ကံသိလို-လဲ-အမေး)
	ဘယ်သူ့သစ်ပင်များကို	လူကြီးတစ်ဦးသည်	ခုတ်သလဲ။		
2.	**Do**	**girls**	**make**	**garlands?**	(လား အမေး)
		မိန်းကလေးများ	ပြုလုပ်ကြသလား	ပန်းကုံးများကို	
	Which garlands **do**	**girls**	**make?**	-------	(ကံသိလို-လဲ-အမေး)
	ဘယ်ပန်းကုံးများကို	မိန်းကလေးများ	ပြုလုပ်ကြသလဲ။		
3.	**Did**	**women**	**buy**	**vegetable?**	(လား အမေး)
		မိန်းမကြီးများသည်	ဝယ်ခဲ့ကြသလား	ဟင်းစီးဟင်းရွက်ကို	
	What vegetable **did**	**women**	**buy?**	-------	(ကံသိလို-လဲ-မေး)
	ဘာဟင်းသီးဟင်းရွက်ကို	မိန်းမကြီးများ	ဝယ်ခဲ့ကြသလဲ။		
4.	***Must***	**a man**	**cut**	**trees?**	(လား-အမေး)
	ရမည်လား	လူကြီးတစ်ဦးသည်	ခုတ်။	သစ်ပင်များကို	
	Which trees ***must***	**a man**	**cut?**		(ကံသိလို-လဲ-မေး)
	ဘယ်သစ်ပင်များကို	လူကြီးတစ်ဦးသည်	ခုတ်ရမည်လဲ။		
6.	***Can***	**girls**	**make**	**garlands?**	(လား-အမေး)
	နိုင်ကြသလား	မိန်းကလေးများသည်	ပြုလုပ်	ပန်းကုံးများကို	
	What garlands ***can***	**girls**	**make?**		(ကံသိလို-လဲ-မေး)
	ဘာပန်းကုံးများကို	မိန်းကလေးများသည်	ပြုလုပ်နိုင်ကြသလဲ။		

7.11 ကံကို သိလိုသော လဲ–အမေးဝါကျအမှတ် (3) ပြုလုပ်ပုံအဆင့်ဆင့်

1. (O) ပါသည့်ဝါကျပုံစံ အားလုံးသုံးနိုင်သည်။
2. ၎င်းဝါကျပုံစံဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။
3. ထို **လား–အမေး**မှ ကံကို အမေးစကားနောက်က (C.N / U.N) နေရာ၌တွဲ၊ ထိုအတွဲကိုရှေ့ပို့။
4. **ကံ** ကို သိလိုသော လဲ–အမေးဝါကျ အမှတ် (3) ရ၏။

သုံးရမည့်အမေးစကား - **How many** (C. N) = ဘယ်လောက်များသော----သည်
How much (U. N) = ဘယ်လောက်များသော----သည်

1.	**Does**	**a man**	**cut**	**a tree?**	(လား အမေး)
		လူကြီးတစ်ဦးသည်	ခုတ်သလား။	သစ်ပင်တစ်ပင်ကို	
	How many ***trees*** **does**	**a man**	**cut?** -------		(ကံသိလို-လဲ-အမေး)
	သစ်ပင်ဘယ်လောက်များများကို	လူကြီးတစ်ဦးသည်	ခုတ်သလဲ။		
2.	**Did**	**women**	**buy**	**vegetable?**	(လား အမေး)
		မိန်းမကြီးများ	ဝယ်ခဲ့ကြသလား	ဟင်းသီးဟင်းရွက်ကို	
	How much ***vegetable*** **did**	**women**	**buy?** -------		(ကံသိလို-လဲ-မေး)
	ဟင်းသီးဟင်းရွက် ဘယ်လောက်ကို	မိန်းမကြီးများ	ဝယ်ခဲ့ကြသလဲ။		

Scanned by CamScanner

3.	Do	girls	make	garlands?	(လား အမေး)
		မိန်းကလေးများ	ပြုလုပ်ကြသလား	ပန်းကုံးများကို	
	How many <u>*garlands*</u>	do	girls	make? -------	(ကဲသိလို့-လဲ-အမေး)
	ပန်းကုံးဘယ်လောက်<u>ကို</u>		မိန်းကလေးများ	ပြုလုပ်ကြသလဲ။	

မှတ်ချက် ။ ။ ကဲ (O) ကိုသိလိုသော **လဲ–ငြင်းမေး**ဝါကျများ ပြုလုပ်ရန်မှာလည်း ယခုပြုလုပ်နည်းအတိုင်း **လား–ငြင်းမေးဝါကျ** များ ကို အစားထိုး၍ သုံးသွားရုံသာဖြစ်သည်။

7.12 ကြိယာဝိသေသနကို သိလိုသော လဲ–အမေးနှင့် လဲ–ငြင်းမေး ဝါကျများ

7.13 ကြိယာဝိသေသနကို သိလိုသော လဲ–အမေးဝါကျအမှတ် (1) ပြုလုပ်ပုံအဆင့်ဆင့်

1. ဝါကျပုံစံ အားလုံး သုံးနိုင်သည်။
2. ၎င်း ဝါကျပုံစံတစ်ခုဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။
3. ထို **လား–အမေး** ဝါကျရှေ့ဆုံး၌ အမေးစကားများကို ချရေးပါ။
4. ကြို/ဝိကို သိလိုသော လဲ–အမေးဝါကျ အမှတ် (1) ရ၏။

အမေးစကားများ။ ။ (1) How = ဘယ်လို
(2) Why = ဘာကြောင့်
(3) Where = ဘယ်မှာ/ဘယ်ကို
(4) When = ဘယ်တော့/ဘယ်တုန်းက/ဘယ်အချိန်မှာ
(5) What time = ဘယ်နှစ်နာရီ မှာ

1.		Does	water	flow	in	the stream?	(လား-အမေး)
	<u>Why</u>	does	water	flow	in	the stream?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘာကြောင့်</u>			စီး သလဲ			
2.		Is	the weather			fine?	(လား-အမေး)
	<u>Where</u>	is	the weather			fine?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘယ်မှာ</u>					သာယာသလဲ။	
3.		Was	the lesson			over?	(လား-အမေး)
	<u>When</u>	was	the lesson			over?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘယ်တုန်းက</u>					ပြီးဆုံးခဲ့သလဲ။	
4.		Is	the officer			in?	(လား-အမေး)
	<u>What time</u>	is	the officer			in?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘယ်နှစ်နာရီမှာ</u>					အထဲမှာ ရှိသလဲ။	
5.		*May*	the volcano			erupt?	(လား-အမေး)
	<u>How</u>	may	the volcano			erupt?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘယ်လို</u>	နိုင်သလဲ။				ပေါက်ကွဲ	
6.		*Should*	guests			<u>stay</u> at the hotel?	(လား-အမေး)
	<u>Why</u>	*should*	guests			<u>stay</u> at the hotel?	(ကြို/ဝိသိလို-လဲ-အမေး)
	<u>ဘာကြောင့်</u>	သင့်သလဲ။				တည်းခို	

Scanned by CamScanner

7.

	Can	girls	<u>make</u>	garlands?	(လား-အမေး)
<u>*Where*</u>	*can*	girls	<u>make</u>	garlands?	(ကြိ/ဝိသိလို-လဲ-အမေး)
<u>ဘယ်မှာ</u>	နိုင်ကြသလဲ။		ပြုလုပ်		

7.14 ကြိယာဝိသေသနကို သိလိုသော လဲ–အမေးဝါကျအမှတ် (2) ပြုလုပ်ပုံအဆင့်ဆင့်

1. (P.Ph) ပါသောဝါကျပုံစံ အားလုံး သုံးနိုင်သည်။

2. ၎င်း ဝါကျပုံစံတစ်ခုဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။-

3. ထို **လား–အမေး** ထဲရှိ(P.Ph)ထဲတ နာမ်တ်နေရာ၌ အမေးစကားကို အစားထိုးပါ။

4. ထို (P.Ph)ကို ဝါကျ၏ ရှေ့ဆုံးပို့။

5. ကြိ/ဝိကို သိလိုသော လဲ–အမေးဝါကျ အမှတ် (2) ရတ်။

အမေးစကားများ - (1) ဝိဘတ် + Whom = ဘယ်သူ --- (ကွက်လပ်ထဲ ဝိဘတ်၏အနက်ထည့်၍ပြန်)
(2) ဝိဘတ် + Which = ဘယ်အရာ--- (---------- ။ ----------)
(3) ဝိဘတ် + What = ဘာ------ (---------- ။ ----------)

မှတ်ချက် ။ ။ ဝါကျအတိုဖြစ်လျှင် အမေးစကားကိုသာ ရှေ့သို့ပို့ပြီး ဝိဘတ်ကိုမူ နောက်မှာထားခဲ့၍ တစ်နည်းရေးနိုင်သည်။ သို့ဖြစ်၍ ဝါကျနှစ်ခု ရနိုင်သည်။ ((P.Ph) ပါသောဂါကျများချည်း ဖြစ်နေသည်ကို သတိပြုပါ။)

1.	Is	the book	<u>on the table</u>?	(လား-အမေး)	
	ရှိသလား။	၎င်းစာအုပ်သည်။	စားပွဲပေါ်မှာ		
	Is	the book	on <u>*Which*</u>?	(table အစား Which ကိုအစားထိုး။)	
	<u>*On which*</u>	is	the book?	(on <u>*Which*</u> ကို ရှေ့ပို့ထားသည်။)	
	ဘယ်အရာပေါ်မှာ	ရှိသလဲ	၎င်းစာအုပ်သည်။		
	<u>*Which*</u>	is	the book <u>*on*</u>?	(တစ်နည်းဝါကျ)	
2.	Does	he	walk	<u>with Ko Ko</u>?	(လား-အမေး)
		သူသည်	လမ်းလျှောက်သလား။	ကိုကိုနှင့်	
	Does	he	walk	with <u>*Whom*</u>?	(Ko Ko အစား Whom ကိုအစားထိုး။)
	<u>*With whom*</u>	does	he	walk?	(with <u>*Whom*</u> ကို ရှေ့ပို့ထားသည်။)
	ဘယ်သူနှင့်		သူသည်	လမ်းလျှောက်သလဲ။	
	<u>*Whom*</u>	does	he	walk <u>*with*</u>?	(တစ်နည်းဝါကျ)
	ဘယ်သူနှင့်		သူသည်	လမ်းလျှောက်သလဲ။	
3.	Do	they	play	tennis	<u>in the court</u>? (လား-အမေး)
		သူတို့	ကစားကြသလား။	တင်းနစ်ကို	ကွင်းထဲမှာ
	Do they		play	tennis	in <u>what</u>? (court အစား What ကိုအစားထိုး။)
	<u>*In what*</u>	do	they play	tennis?	(in <u>*What*</u> ကို ရှေ့ပို့ထားသည်။)
	ဘာအထဲမှာ		သူတို့ ကစားကြသလဲ။	တင်းနစ်ကို	
	<u>*What*</u>	do	they play	tennis <u>*in*</u>?	(တစ်နည်းဝါကျ)

Scanned by CamScanner

4. Did you buy apples for Nyi Nyi? (လား-အမေး)
ဒေါ်ညီညီအတွက်
Did you buy apples for whom? (Nyi Nyi အစား Whom အစားထိုး။)
For whom did you buy apples? (for whom ကို ရှေ့ပို့ထားသည်။)
Whom did you buy apples for? (တစ်နည်းဝါကျ)

7.15 ကြိယာဝိသေသနကို သိလိုသော လဲ–အမေးဝါကျအမှတ် (3) ပြုလုပ်ပုံအဆင့်ဆင့်

1. (P.Ph) ပါသောဝါကျပုံစံ အားလုံး သုံးနိုင်သည်။
2. ၎င်း ဝါကျပုံစံတစ်ခုဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။-
3. ထို **လား–အမေး** ထဲရှိ (P.Ph)ထဲက ဝိဘတ်နှင့်နာမ်တို့ကြား၌ အမေးစကားကို ထည့်ပါ။
4. ထို (P.Ph)ကို ဝါကျ၏ ရှေ့ဆုံးပို့။
5. ကြို/ဝိကို သိလိုသော လဲ–အမေးဝါကျ အမှတ် (3) ရတ်။

အမေးစကားများ ။ ။ (1) ဝိဘတ် + Whose + (N) = ဘယ်သူ၏ ---- ----
(2) ဝိဘတ် + Which + (N) = ဘယ် ---- ----
(3) ဝိဘတ် + What + (N) = ဘာ ---- ----
ရှေ့ကွက်လပ်၌ နာမ် (N) အနက်ထည့်၍ပြန်။ နောက်ကွက်လပ်၌ ဝိဘတ်အနက်ထည့်၍ပြန်

မှတ်ချက် ။ ။ ဝါကျအတိုဖြစ်လျှင် အမေးစကားကိုသာ ရှေ့သို့ပို့ပြီး ဝိဘတ်ကိုမူ နောက်မှာထားခဲ့၍ တစ်နည်းရေးနိုင်သည်။
သို့ဖြစ်၍ ဝါကျနှစ်ခု ရနိုင်သည်။ ((P.Ph) ပါသောဝါကျများချည်း ဖြစ်နေသည်ကို သတိပြုပါ။)

1. Do the guests stay at the hotel ? (လား-အမေး)
ဧည့်သည်များ တည်းကြသလား ၎င်း ဟိုတယ်မှာ
Do the guests stay at *which* hotel? (at နှင့် hotel တို့ကြား၌ *Which* ကိုထည့်သည်။)
At which hotel do the guests stay? (P.Ph at *Which hotel* ကို ရှေ့ပို့ထားသည်။)
ဘယ်ဟိုတယ်မှာ ဧည့်သည်များ တည်းကြသလဲ။
Which hotel do the guests stay *at* ? (တစ်နည်းဝါကျ)

2. Does water flow in the stream ? (လား-အမေး)
ရေသည် စီးသလား ၎င်း ချောင်းထဲမှာ
Does water flow in *what* stream ? (in နှင့် stream တို့ကြား၌ *What* ကိုထည့်သည်။)
In *what* stream does water flow? (P.Ph - in *what* stream ကို ရှေ့ပို့ထားသည်။)
ဘာချောင်းထဲမှာ ရေသည် စီးသလဲ။
What stream does water flow *in*? (တစ်နည်းဝါကျ)

3. Are books on the table ? (လား-အမေး)
ရှိကြသလား စာအုပ်များသည် ၎င်း စားပွဲပေါ်မှာ
Are books on *whose* table ? (on နှင့် table တို့ကြား၌ *Whose* ကိုထည့်သည်။)

Scanned by CamScanner

On whose table	are	books?	(P.Ph - *on whose table* ကို ရှေ့ပို့.ထားသည်။)
ဘယ်သူ့စားပွဲပေါ်မှာ	ရှိကြသလဲ။	စာအုပ်များ	
Whose table	are	books *on*?	(တစ်နည်းဝါကျ)

7.16 ကြိယာဝိသေသနကို သိလိုသော လဲ–အမေးဝါကျအမှတ် (4) ပြုလုပ်ပုံအဆင့်ဆင့်

1. @ အမှတ်အသား ပါသောဝါကျပုံစံများကိုသုံးသည်။ (@ နေရာ၌ လုံးချင်း (Adv)ကိုသုံးသည်။
2. ၎င်း ဝါကျပုံစံတစ်ခုဖြင့် ရေးထားသော **လား–အမေး** ဝါကျကို သုံးမည်။-
3. ထို **လား–အမေး** ထဲရှိ(Adv) ရှေ့၌ အမေးစကား (How) ကို တွဲပါ။
4. ထို အတွဲကို ဝါကျ၏ ရှေ့ဆုံးပို့။
5. ကြို/ဝိကို သိလိုသော လဲ–အမေးဝါကျ အမှတ် (4) ရတော့။

အမေးစကား ။ ။ How + Adv = ဘယ်လောက် -----

1. Do	dogs	bark	loudly?	(လား- အမေး) (@ နေရာ Adv - loudly)	
ခွေးများသည်	ဟောင်ကြသလား။	ကျယ်လောင်စွာ			
Do	dogs	bark	*How* loudly?	(loudly ရှေ့၌ How ကိုတွဲသည်)	
How loudly	do	dogs	bark?	(*How* loudly အတွဲကို ရှေ့ပို့.ထားသည်။)	
ဘယ်လောက်ကျယ်လောင်စွာ	ခွေးများ	ဟောင်ကြသလဲ။			
2. Did	the man	cut	trees	quickly?	(လား-အမေး) (@ နေရာ quickly)
	၎င်း လူကြီးသည်	ခုတ်ခဲ့သလား။	သစ်ပင်များကို	မြန်မြန်	
Did	a man	cut	trees	*How quickly*?	(quickly ရှေ့၌ How ကိုတွဲသည်)
How quickly	did	a man	cut	trees?	(*How* loudly အတွဲကို ရှေ့ပို့သည်။)
ဘယ်လောက်မြန်မြန်	၎င်း လူကြီးသည်	ခုတ်ခဲ့သလဲ။	သစ်ပင်များကို		
3. *Can*	girls	make	garlands	well?	(လား- အမေး) (@ နေရာ well)
နိုင်ကြသလား	မိန်းကလေးများ	ပြုလုပ်	ပန်းကုံးများကို	ကောင်းစွာ	
Can	girls	make	garlands	*How well*?	(well ရှေ့၌ How ကိုတွဲသည်)
How well	*can*	girls	make	garlands?	(*How well* အတွဲကို ရှေ့ပို့.သည်။)
ဘယ်လောက်ကောင်းစွာ	နိုင်ကြသလဲ။	မိန်းကလေးများ	ပြုလုပ်	ပန်းကုံးများကို	

မှတ်ချက် ။ ။ကြိယာဝိသေသန ကိုသိလိုသော **လဲ–ငြင်းဆိုး** ဝါကျများ ပြုလုပ်ရန်မှာလည်း ယခုပြုလုပ်နည်းအတိုင်း **လား–ငြင်းဆိုးဝါကျ** များ ကို အစားထိုး၍ သုံးသွားရုံသာဖြစ်သည်။

Scanned by CamScanner

7.17 နာမဝိသေသနကို သိလိုသော လဲ အမေးဝါကျပြုလုပ်ပုံ အဆင့်ဆင့်

1. (Adj)ပါသော ဝါကျပုံစံများကိုသုံးသည်။
2. ရင်း ဝါကျပုံစံတစ်ခုဖြင့် ရေးထားသော **လား—အမေး** ဝါကျကို သုံးမည်။-
3. ထို **လား—အမေး** ထဲရှိ (Adj) ရှေ့၌ အမေးစကား (How) ကို တွဲပါ။
4. ထို အတွဲကို ဝါကျ၏ ရှေ့ဆုံးပို့။
5. နာမ/ဝိ ကို သိလိုသော လဲ-အမေးဝါကျ ရ၏။

အမေးစကား ။ ။ How + Adv = ဘယ်လောက် -----

1. Is Maung Maung tall ?
   မောင်မောင်သည် အရပ်ရှည်သလား။
   Is Maung Maung ***How*** tall ? (tall ရှေ့မှာ How တွဲသည်။)
   How tall is Maung Maung ? (***How tall*** အတွဲကိုရှေ့ပို့သည်။)
   ဘယ်လောက်အရပ်ရှည်သလဲ မောင်မောင်သည်
2. Did the sky become red ?
   ကောင်းကင်သည် နီရဲလာခဲ့သလား။
   Did the sky become ***How*** red ? (red ရှေ့မှာ How တွဲသည်။)
   How red did the sky become ? (***How red*** အတွဲကိုရှေ့ပို့သည်။)
   ဘယ်လောက်နီရဲလာခဲ့သလဲ။ ကောင်းကင်သည်
3. Does the sun make the world warm?
   နေသည် ကမ္ဘာကြီးကို နွေးစေသလား။
   Does the sun make the world ***How warm***? (warm ရှေ့မှာ How တွဲသည်။)
   How warm does the sun make the world?
   ဘယ်လောက်နွေးစေသလဲ။ နေသည် ကမ္ဘာကြီးကို

မှတ်ချက် ။ ။ နာမဝိသေသန ကိုသိလိုသော **လဲ—ငြင်းဆန်** ဝါကျများ ပြုလုပ်ရန်မှာလည်း ယခုပြုလုပ်နည်းအတိုင်း **လား—ငြင်းဆန်ဝါကျ** များ ကို အစားထိုး၍ သုံးသွားရုံသာဖြစ်သည်။

7.18 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါအဆို/အငြင်းဝါကျများကို ကတ္တားကို သိလိုသော လဲ-အမေးဝါကျ အမှတ် (1) ဝါကျများသို့ပြောင်းပါ။
   a. U Ba was not a school-teacher.
   b. The dog bit a child. (child = ကလေး)
   c. Water flows in the stream.
2. အောက်ပါအဆို/အငြင်းဝါကျများကို ကတ္တားကို သိလိုသော လဲ-အမေးဝါကျ အမှတ် (2) ဝါကျများသို့ပြောင်းပါ။
   a. A man lived in Mandalay.
   b. A car is near a lamp-post. (lamp-post = မီးတိုင်)
   c. Fruits are not expensive. (fruit = သစ်သီး, expensive = ဈေးကြီးသော)

Scanned by CamScanner

3. အောက်ပါ အဆို/အငြင်းဝါကျများကို ကတ္တားကို သိလိုသော လဲ-အမေးဝါကျ အမှတ် (3) ဝါကျများ သို့ပြောင်းပါ။

a. Milk was not in the bottle. (milk = နွားနို့, bottle = ပုလင်း)

b. Children played in the street. (play = ကစားသည်, street = လမ်း)

c. Dust lies on the table. (dust = ဖုန်မှုန့်. , lie = တည်ရှိသည်)

4. အောက်ပါအဆိုဝါကျများကို ကံကို သိလိုသော လဲ-အမေးဝါကျ အမှတ် (1) အမျိုးအစား ဝါကျများ အဖြစ်သို့ ပြောင်းပါ။

a. You eat rice. (rice = ထမင်း)

b. Uncle bought a bicycle. (uncle = ဦးလေး, bought = ဝယ်ခဲ့သည်, bicycle = စက်ဘီး)

c. The dog bit U Mya.

d. She does not like red flowers. (red flowers = နီသောပန်းများ)

5. အောက်ပါအဆို/အငြင်းဝါကျများကို ကံကို သိလိုသော လဲ-အမေးဝါကျ အမှတ် (2) ဝါကျများ အဖြစ်သို့ပြောင်းပါ။

a. She hates a son.

b. They carried food. (carried = သယ်ခဲ့ကြသည်)

c. Peter does not like games. (games = ကစားနည်းများ)

d. Ma Ma reads a book. (read = ဖတ်သည်)

6. အောက်ပါအဆို/အငြင်းဝါကျများကို ကံကို သိလိုသော လဲ-အမေးဝါကျ အမှတ် (3) ဝါကျများ အဖြစ်သို့ပြောင်းပါ။

a. He smokes cigarette. (smokes = ဆေးလိပ်သောက်သည်, cigarette = စီးကရက်)

b. She drinks coffee.

c. U Ba bought butter. (butter = ထောပတ်)

d. The man cut trees.

7. အောက်ပါအဆို/အငြင်းဝါကျများကို ကြို/ဝိကို သိလိုသော လဲ-အမေးဝါကျ အမှတ် (1) ဝါကျများသို့ပြောင်းပါ။

a. They do not swim in the pool. (pool = ရေကန်)

b. She died. (died = သေဆုံးခဲ့သည်)

c. The baby slept.

d. U Ba lost his money. (lost = ပျောက်ဆုံးခဲ့သည်)

8. အောက်ပါအဆို/အငြင်းဝါကျများကို ကြို/ဝိ ကို သိလိုသော လဲ-အမေးဝါကျ အမှတ် (2) ဝါကျများသို့ပြောင်းပါ။

a. The dog plays <u>with</u> a cat.

b. She did not sit <u>on</u> a mat. (mat = ဖျာ)

c. Lizards live <u>inside</u> the box. (lizards = အိမ်မြောင်များ)

d. U Ba bought a cow <u>from</u> a farmer. (farmer = လယ်/ယာ/မွေးမြူရေးသမား)

9. အောက်ပါ ဝါကျများကို ကြို/ဝိကို သိလိုသော လဲ-အမေးဝါကျ အမှတ် (4) ဝါကျများသို့ပြောင်းပါ။ ဘာသာလည်း ပြန်ပါ။

a. The baby wakes <u>early</u>. (wake = အိပ်ရာနိုးသည်, early = စောစော)

b. She chews food <u>slowly</u>. (chew = ဝါးသည်, slowly = နှေးနှေး)

c. You <u>often</u> go to the pagoda. (pagoda = ဘုရား, often = မကြာမကြာ/အကြိမ်ကြိမ်)

d. Cheetahs can run <u>fast</u>. (cheetahs = ကျားသစ်များ, fast =လျှင်မြန်စွာ)

10. အောက်ပါအဆို/အငြင်းဝါကျများကို နာမ/ဝိ ကို သိလိုသော လဲ-အမေးဝါကျ များအဖြစ်သို့ပြောင်းပါ။ ဘာသာလည်းပြန်ပါ။

a. You feel sad. (sad = ဝမ်းနည်းသော)

b. She grows fat. (fat = ဝသော)

c. The weather is cold. (cold = အေးသော)

d. The sun makes us warm. (warm = ပူနွေးသော)

လဲ – အမေးဝါကျ (Wh- Question) အဆန်းပြီးပြီ။

Scanned by CamScanner

UNIT - 8

SENTENCE PATTERNS and SPECIMEN SENTENCES
(ဝါကျပုံစံများ နှင့် နမူနာဝါကျများ)

နံပါတ် **အကြောင်းအရာ** **စာမျက်နှာ**

8. 1 ကံမလိုကြိယာ (I.V) ပါသောနမူနာဝါကျများ ---------- 80
8. 2 ကံလိုကြိယာ (T.V) ပါသောနမူနာဝါကျများ ---------- 82
8. 3 ချိတ်ဆက်ကြိယာ (LK.V) ပါသောနမူနာဝါကျများ ---------- 84
8. 4 အနက်မဲ့ကြိယာ (DE.V) ပါသော နမူနာဝါကျများ ---------- 87
8. 5 ကံနှစ်မျိုးလို ကြိယာ (D.V) ပါသော နမူနာဝါကျများ ---------- 88
8. 6 တွေးကြံ ကြိယာ (TK.V) ပါသော နမူနာဝါကျများ ---------- 90
8. 7 စိတ်ခံစားမှုကြိယာ (E.V) ပါသော နမူနာဝါကျများ ---------- 91
8. 8 အာရုံဆိုင်ရာကြိယာ (S.V) ပါသော နမူနာဝါကျများ ---------- 92
8. 9 အကြောင်းပြု ကြိယာ (C.V) ပါသော နမူနာဝါကျများ ---------- 93
8. 10 ရွှေ့ထွေး ကံလိုကြိယာ (CT.V) ပါသော နမူနာဝါကျများ ---------- 96
8. 11 ပုဒ်စု ကံလိုကြိယာ (PT.V) ပါသော နမူနာဝါကျများ ---------- 98
8. 12 ပုဒ်စု ကံမလိုကြိယာ (PI.V) ပါသော နမူနာဝါကျများ ---------- 100
8. 13 ရှိ/ဖြစ် ကြိယာ (Be) ပါသော နမူနာဝါကျများ ---------- 101
8. 14 ဝါကျပုံစံ အခန်းအတွက် အချုပ် မှတ်ဖွယ် ---------- 102
8. 15 လက်တွေ့လေ့ကျင့်ခန်းများ ---------- 102

Scanned by CamScanner

8.1 INTRANSITIVE VERB (I.V) ကံမလိုကြိယာ ပါဝင်သောဝါကျပုံစံများ

(နှာ 25 မှ ကံမလိုကြိယာစသော၊ အမှတ် (7) နှင့်တိုက်ဆိုင်လေ့လာပါ။)

@ - အမှတ်အသား ပြထားသော နေရာများ၌ အောက်ပါ ကြိယာဝိသေသန (Adv) အမျိုးအစား (8) မျိုးအနက် တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဆီလျော်သလို လိုက်ပါနိုင်သည်။ တစ်ခုမှ မလိုက်ပဲလည်း ထား၍ရပါသည်။

1.	P.Ph	= ဝိဘတ်ဦးစီးပုဒ်စု ကြို/ဝိ	(နှာ 183 - 12. 5 , 12. 6 ၌ ရှု)
2.	particle	= နိပါတ် ကြို/ဝိ	(နှာ 190 - 12. 8 ၌ ရှု)
3.	single Adv	= လုံးချင်း ကြို/ဝိ	(တစ်လုံးတည်း ရှိသော ကြို/ဝိ)
4.	Noun Group Adv	= နာမ်အုပ်စုကြို/ဝိ	(နှာ 230 - 15. 5 ၌ ရှု)
5.	to V.1 = Full Infinitive	=	(နှာ 222 ဇယား 33 ၌ရှု)
6.	T.V.3 + by + N =	=	(နှာ 225 - 3 - n ၌ ရှု)
7.	V.4 = Present Participle	=	(နှာ 224 ဇယား 34 ၌ရှု)
8.	Adv.Cl	= ကြိယာဝိသေသနဝါကျ	(Unit-16 တစ်ခုလုံး၌ရှု)

A. S + I.V ပုံစံဖြင့်ဆိုရေးသောဝါကျ ။ (ဤ I.V ကြိယာမျိုးသည် အင်္ဂလိပ်စာ၌ မရေတွက်နိုင်အောင်များသည်။)

a. He *runs*. (S + I.V) (He = S , runs = I.V)
သူသည် ပြေးသည်။

ယခု S + I.V ဝါကျပုံစံနှင့်ရေးထားသော ဝါကျနောက်၌ဆက်လက်၍ @ အမှတ်အသားဖြင့်ပြထားသောနေရာ၌ Adv (8) မျိုးကို တစ်လှည့်စီတွဲပြပါမည်။

S	+	I.V	+	@
ကတ္တား		ကံမလိုကြိယာ		ကြို/ဝိ

b. He *runs* *along the road*. (along the road = PP.h)
သူသည် ပြေးသည် လမ်းတစ်လျှောက်

c. He *runs* *away*. (away = particle)
သူသည် ပြေးသည် အဝေးသို့

d. He *runs* *fast*. (fast = Single Adv)
သူသည် ပြေးသည် လျှင်မြန်စွာ

e. He *runs* *every morning*. (every morning = Noun Group)
သူသည် ပြေးသည် မနက်တိုင်း

f. He *runs* *to escape*. (to escape = to V.1 -Full Infinitive)
သူသည် ပြေးသည် လွတ်မြောက်ရန်

g. He *runs* *driven* *by his father*. (driven = T.V3 , by his father = by - N)
သူသည် ပြေးသည် မောင်းနှင်ခြင်းခံရ၍ သူ့အဖေ၏ (သူ့အဖေက နှင်သဖြင့် ပြေးခဲ့သည် တုဆိုလို၏)

h. He *runs* *weeping*. (weeping = Present Participle - V.4)
သူသည် ပြေးသည် ငိုယိုလျက်

i. He *runs* *where his son was*. (where his son was = Adv.Cl)
သူသည် ပြေးသည် သူ့သား ရှိခဲ့သောနေရာသို့.

Scanned by CamScanner

B. S + I.V + F PP.h + @ ပုံစံဖြင့်ရေးသောဝါကျ

S	+	I.V	+	F.P.Ph	+	@
ကတ္တား		ကံမလိုကြိယာ		ပုံသေဝိဘတ်ပုဒ်စု		

a	Bufffaloes	*delight*	*in mud.*
	ကျွဲများသည်	ပျော်မွှေသည်	ရွှံ့မှာ
b.	The girl	*clings*	*to speaking.*
	၎င်းမိန်းကလေးသည်	တွယ်တာသည်	စကားပြောခြင်းကို
c.	My mother	*copes*	*with house works.*
	အမေသည်	နိုင်နင်းသည်	အိမ်အလုပ်များကို

မှတ်ချက် ။ ယခုဝါကျပုံစံ၌ ထည့်သုံးရသော ကံမလိုကြိယာ (I.V) မျိုးကို စ၍ကျက်မှတ်ကတည်းက ၎င်း၏နောက်က အမြဲတွဲသုံးသော ဝိဘတ်ကိုပါ တစ်ပါတည်းတွဲကျက်ရသည်။ ဥပမာ *delight in* - ပျော်မွှေသည်။ *clings to* - တွယ်တာသည်။ *copes with* - နိုင်နင်းသည်။ စသည်ဖြင့်။ ရှေ့ကကြိယာနှင့် အမြဲပုံသေတွဲ၍နေသောကြောင့် ၎င်း *in*, *to*, *with* ဝိဘတ်တို့ကို **ပုံသေဝိဘတ်** (Fixed Preposition) ဟုခေါ်သည်။ ထိုပုံသေဝိဘတ် *in*, *to*, *with* တို့ကို ၏နောက်က *mud*, *speaking*, *house works* တို့တွဲလိုက်သောအခါ ဝိဘတ်ဦးဆောင်သော ပုဒ်စုတစ်ခုဖြစ်လာသည်။ ၎င်းကို **ပုံသေဝိဘတ်ပုဒ်စု** (Fixed Prepositional Phrase - F.P.Ph) ဟုခေါ်သည်။ ဤသို့ ပုံသေဝိဘတ်တွဲကျက်မှတ်ရသော ကံမလိုကြိယာမျိုး အင်္ဂလိပ်စာ၌ အများအပြားရှိသည်။ ထို ပုံသေဝိဘတ်မပါပဲ လည်းကောင်း ၊ ဝိဘတ်မှားတွဲ၍လည်းကောင်း သုံးမိလျှင် မှားသည်။ ဤကံမလိုကြိယာမျိုးကို နှာ 314 - AP. 8 ၌ ရှုပါ။

C. S + I.V + Adv.Obj + @ ပုံစံဖြင့်ရေးသောဝါကျ

cost = ကုန်ကျသည်, weight = လေးသည် , extend = ကျယ်သည်/ရှည်သည် hold = contain = ဆံ့သည်, last = ကြာသည် စသည်-။ (Adv.Obj တွဲသုံးရသော I.V မျိုးသည် အင်္ဂလိပ်စာ၌အနည်းငယ်သာရှိ၏။

S	+	I.V	+	Adv- Obj	+	@
ကတ္တား		ကံမလိုကြိယာ		ကြို/ဝိဆန်သော ကံ		

b.	The book	*costs*	*three dollars.*
	ယင်းစာအုပ်သည်	ကုန်ကျသည်	သုံးဒေါ်လာ
b.	The baby	*weighs*	*ten pounds.*
	ယင်းကလေးငယ်သည်	လေးသည်	ဆယ်ပေါင်
c.	The tank	*holds*	*one thousand galolons.*
	ယင်းကန်သည်	ဆံ့သည်	ဂါလံ တစ်ထောင်
d.	The field	*extends*	*fifty miles.*
	၎င်းကွင်းပြင်သည်	ရှည်သည်	မိုင် ငါးဆယ်
c.	The meeting	*lasts*	*three hours.*
	ယင်းအစည်းအဝေးသည်	ကြာသည်	သုံးနာရီ

မှတ်ချက် ။ ကြို/ဝိဆန်သောကံ (Adv-Obj) ၌ အတိုင်းအတာပြ ကိန်းဂဏန်းများပါနေလေ့ရှိသည်။

D. S + I.V + Adj + @ ပုံစံဖြင့်ရေးသောဝါကျ

မှတ်ချက်။ ။ ၎င်း၏နောက်က Adj အမြဲတွဲသုံးရသော I.V မျိုးသည် အင်္ဂလိပ်စာ၌ အနည်းငယ်သာရှိသည်။ထူးခြားချက်မှာ ၎င်း၏ ကတ္တားသည် လူပုဂ္ဂိုလ်မဟုတ်ပဲ သက်မဲ့ဖြစ်နေသည်။ ထို့ကြောင့် ယင်းကြိယာများသည် T.V (ကံလို/) ဖြစ်သော်လည်း အနက်မှာ I.V (ကံမလို) ကဲ့သို့ဖြစ်သွားသည်။

Scanned by CamScanner

write = ရေးသည် , sell = ရောင်းသည် , stain = စွန်းထင်းသည် , sweep = တံမြက်လှည်းသည် ,
handle = ကိုင်တွယ်အသုံးပြုသည်

S	+	I.V	+	Adj	+	@
ကတ္တား:		ကံဗလိုကြိယာ		နာဗ/ဝိ		

a. The pen *writes* *smooth.* (*smooth* = ညက်ညောသော)
ယင်းဖောင်တိန်သည် ရေးရတာ ညက်ညောသည်။

b. The record *sells* *best.* (*best* = အကောင်းဆုံးသော)
ယင်းခေတ်ပြားသည် ရောင်းရတာ အကောင်းဆုံးဖြစ်သည်။

c. The shirt *stains* *red.* (*red* = နီသော)
ယင်း ရှပ်အင်္ကျီသည် စွန်းထင်းခဲ့သည် အနီရောင်

d. The broom *sweeps* *clean.* (*clean* = သန့်ရှင်းသော)
ယင်း တံမြက်စည်းသည် လှည်းရတာ သန့်ရှင်းသည်။

e. The bicycle *handles* *tight.* (*tight* = ကြပ်သော)
ယင်း စက်ဘီးသည် ကိုင်တွယ်ရတာ ကြပ်သည်။

E. S + I.V + a/an + Adj + N + @ ပုံစံဖြင့်ဆိုရေးသောဝါကျ

၄င်း၏နောက်က Adj နှင့် N တွဲ၍ လိုက်သော ကြိယာ မျိုးသည်လည်း ဘင်္ဂလိပ်စာ၌ အနည်းငယ်မျှသာရှိသည်။

dance = ကသည်/ကခြင်း , walk = လမ်းလျှောက်သည်/လမ်းလျှောက်ခြင်း , sigh = သက်ပြင်းချသည်/သက်ပြင်းချခြင်း,
smile = ပြုံးသည်/ပြုံးခြင်း , laugh = ရယ်သည်/ရယ်ခြင်း , cry = အော်ငိုသည်/အော်ငိုခြင်း , sleep = အိပ်သည်/အိပ်ခြင်း

S	+	I.V	+	a/an	+	Adj	+	N	+	@
ကတ္တား:		ကံဗလိုကြိယာ				နာဗ/ဝိ	+	နာမ်		

a. She *dances* a *beautiful dance.* (dance = ကခြင်း (N)
သူမသည် ကသည် လှပသော ကခြင်းဖြင့်

b. They *walked* a *long walk.* (walk = လမ်းလျှောက်ခြင်း (N)
သူတို့သည် လမ်းလျှောက်ကြသည် ဝေးသော လမ်းလျှောက်ခြင်းဖြင့်

c. He *sighs* a *long sigh.* (sigh = သက်ပြင်း (N)
သူသည် သက်ပြင်းချသည် ရှည်လျားသော သက်ပြင်းဖြင့်

d. The baby *smiles* a *sweet smile.* (smile = ပြုံးခြင်း (N)
ယင်းကလေးငယ်သည် ပြုံးသည် ချို့သော ပြုံးခြင်းဖြင့်

e. The baby *sleeps* a *sound sleeep.* (sleep = အိပ်ခြင်း (N)
ယင်း ကလေးငယ်သည် အိပ်သည် နှစ်ခြိုက်သော အိပ်ခြင်းဖြင့်

လားအမေး ၊ အငြင်း ၊ ငြင်းမေး ဝါကျများကို (Do) Verb ဖြင့် ယခင်ကနည်းအတိုင်းပြုလုပ်ပါ။

8.2 TRANSITIVE VERB (T.V) ကံလိုကြိယာပါသော ဝါကျပုံစံများ

(နှာ 25 မှ ကံလိုကြိယာ စဖော်အမှတ် (8) နှင့်တိုက်ဆိုင်လေ့လာပါ။)

O - နေရာများ၌ အောက်ပါ Object (ကံ) အမျိုးအစား (8) မျိုးအနက် တစ်ခုခုကို ကံပုဒ်အဖြစ် အစားထိုးအသုံးပြုရသည်။ @ ပြထားသောနေရာ၌ ရှေ့ ၌ဖော်ပြခဲ့သော Adv (8) မျိုးအနက်တစ်မျိုးမျိုးကို သင့်တော်သလို တွဲသုံးနိုင်သည်။ လုံးဝ မတွဲပဲလည်း နေနိုင်ပါသည်။

Scanned by CamScanner

1.	**Noun**	= နာမ်	
2.	**Adjective-Noun**	= နာမဝိသေသနနာမ်	(နှာ 6 - (5) ၌ ရှု)
3.	**Accusative Pronoun**	= ကံ နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
4.	**Possessive Pronoun**	= ပိုင်ဆိုင်မှု နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
5.	**Reflexive Pronoun**	= တုန်. ပြန် နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
6.	**Full - Infinitive**	= ဖူး-လ် အဉ်ဖွဲ့စ်နစ်တစ် ကြိယာပုံစံ (10) ခုမှ တစ်ခုခု။	(နှာ 222 ဇယား 33)
7.	**Gerund**	= ဂျဲရန်းကြိယာပုံစံ (8) ခုမှ တစ်ခုခု	(နှာ 219 ဇယား 32 ၌ ရှု)
8.	**Noun Clause**	= နာမ်ဝါကျ	(UNIT - 10 တစ်ခုလုံး၌ရှု)

A. **S + T.V + O + @** **ပုံစံဖြင့်ဇရုးသောဝါကျ** (ဤ T.V ကြိယာမျိုး အင်္ဂလိပ်စာ၌မရေတွက်နိုင်အောင်များသည်။)

S	+	T.V	+	O	+	@
ကတ္တား		ကံလိုကြိယာ		ကံ		

မှတ်ချက်။ ။ O ၏နေရာ၌ အထက်၌ဖော်ပြထားသော Obj (ကံ) (8) မျိုးကိုအလှည့်ကျသုံးပြပါမည်။

a.	**She**	***sells***	***vegetable.***	**(vegetable = N)**
	သူမသည်	ရောင်းသည်	ဟင်းသီးဟင်းရွက်ကို	
b.	**I**	***honour***	***the courageous.***	**(the courageous = (Adj.N)**
	ငါသည်	လေးစားဂုဏ်ယူသည်	ရဲရင့်သူများကို	
c.	**He**	***hates***	***me.***	**(me = (A. Pro)**
	သူသည်	မုန်းသည်	ကျွန်ုပ်ကို	
d.	**He**	***steals***	***mine.***	**(mine = (P.Pro)**
	သူသည်	ခိုးသည်	ငါ့ဟာကို	
e.	**She**	***esteems***	***herself.***	**(herself = (R.Pro))**
	သူမသည်	အထင်ကြီးသည်	သူမကိုသူမ	
g.	**My sister**	***loves***	***to dance.***	**(to dance = (Full Infinitive)**
	ငါ့ နှမသည်	နှစ်သက်သည်	ကခုန်ခြင်းကို	
h.	**I**	***like***	***singing.***	**(singing = (Gerund)**
	ကျွန်ုပ်သည်	နှစ်သက်သည်	သီချင်းဆိုခြင်းကို	
i.	**My friend**	***believes***	***whatever I told him.***	**(whatever I told him = (N.Cl)**
	ငါ့ သူငယ်ချင်းသည်	ယုံသည်	ငါ သူ့ကိုပြောခဲ့သမျှကို	

B. **S + T.V + O + FPP.h + @** **ပုံစံဖြင့်ဇရုးသောဝါကျ** (၄င်း T.V ကြိယာမျိုးကို နှာ 315 - AP- 9 ၌ရှု ။)

နောက်၌ O ခြားလျက် F.PP.h အမြဲလိုက်၍သုံးရသော T.V ကြိယာမျိုးသည် အင်္ဂလိပ်စာ၌ အများအပြားရှိသည်။

S	+	T.V	+	O	+	F.P.Ph	+	@
ကတ္တား		ကံလိုကြိယာ		ကံ		ပုံသေဝိဘတ်ပုဒ်စု		

a.	**She**	***likens***	**me**	***to a dog.***
	သူမသည်	နှိုင်းသည်	ကျွန်ုပ်ကို	ခွေးနှင့်
b.	**I**	***dedicates***	**my life**	***to teaching.***
	ကျွန်ုပ်သည်	ဦးစိုက်သည်	ကျွန်ုပ်၏ဘဝကို	သင်ကြားရေး၌
c.	**They**	***confront***	**me**	***with my friend.***
	သူတို့က	ရန်တိုက်ပေးသည်	ကျွန်ုပ်ကို	ကျွန်ုပ်၏သူငယ်ချင်းနှင့်
	We	***prevent***	**ourselves**	***from doing evil.***

Scanned by CamScanner

	ငါတို့သည်	တားဆီးကြသည်	ငါတို့ကိုငါတို့	မကောင်းမှုပြုလုပ်ခြင်းမှ
e.	**They**	***inform***	**me**	***of the journey.***
	သူတို့သည်	အသိပေးကြသည်	ကျွန်ုပ်ကို	ယင်း ခရီးအကြောင်း

မှတ်ချက် ။ ယခုဝါကျပုံစံ၌ ထည့်သုံးရသော ကံမလိုကြိယာ (T.V) မျိုးကို စ၍ကျက်မှတ်ကတည်းက ၎င်း၏နောက်က အမြဲတွဲသုံးသော ဝိဘတ်ကိုပါ တစ်ပါတည်းတွဲကျက်ရသည်။
လားအမေး ၊ အငြင်း ၊ ငြင်းမေး ဝါကျများကို (Do) Verb ဖြင့် ယခင်ကနည်းအတိုင်းပြုလုပ်ပါ။

8.3 LINKING VERB (LK.V) ချိတ်ဆက်ကြိယာပါသော ဝါကျပုံစံများ

(နှာ 25 မှ ချိတ်ဆက်ကြိယာ စကားအမှတ် (9) နှင့်တိုက်ဆိုင်လေ့လာပါ။)

(L.K.V သည် အင်္ဂလိပ်စာ၌ အောက်ပါအတိုင်း အနည်းငယ်သာရှိ၏။)

taste	= ---သော အရသာရှိသည်	smell	=---သောအနံ့ရှိသည်
come / become / grow	= ---လာသည်	fall	= ---သွားသည်
appear / seem	= ---ဟန်ရှိသည် /---ပုံရသည်)	stand	= ---သောအခြေအနေရှိသည်
sound	= ကြားရတာ---ဟန်တူသည်	prove	= ---တယ်ဆိုတာတွေ့. ရသည်
keep	= ---အောင်နေသည်/---လျက်နေသည်	get	= ---သွားသည်/---လာသည်
feel	= ---တာကိုခံစားရသည်	look	= ကြည့်ရတာ---ပုံရသည်
run / go	= ---သွားသည်	remain	= ---မြဲ---နေသည်

A. S + LK.V + Adj + @ ပုံစံဖြင့်ရေးသောဝါကျ

S	+	LK.V	+	Adj
ကတ္တား		ချိတ်ဆက်ကြိယာ		နာမ/ဝိ

(LK.V ၏အနက်ကို Adj ၏အနက်နှင့် ပေါင်း၍ ဘာသာပြန်ရသည်။)

a.	**The tablet**	***tastes***	***bitter.***
	၄င်းဆေးသည်	ခါးသောအရသာရှိသည်။	
b.	**This flower**	***smells***	***foul.***
	ဤ ပန်းသည်	နံသောအနံ့ရှိသည်	
c.	**I**	***feel***	***sad.***
	ငါ	ဝမ်းနည်းတာကိုခံစားရသည် (ဝမ်းနည်းသည်)	
d.	**My tooth**	***comes***	***loose.***
	ကျွန်ုပ်၏သွားသည်	ချောင်လာသည် (လျှုပ်လာသည်)	
e.	**The baby**	***becomes***	***fat.***
	ယင်းကလေးငယ်သည်	ဝလာသည်	
f.	**The sky**	***grows***	***dark.***
	ကောင်းကင်သည်	မှောင်လာသည်	
g.	**The patient**	***falls***	***asleep.***
	လူနာသည်	အိပ်ပျော်သွားသည်	
h.	**She**	***looks***	***lazy*** .
	သူမသည်	ကြည့်ရတာ အပျင်းကြီးပုံရသည်	
i.	**The man**	***seems (to be) rich.***	(seem နှင့် appear နောက် to be ထည့်၍လည်းသုံးသည်။)
	ယင်း လူကြီးသည်	ချမ်းသာပုံရသည်	
j.	**His confidence**	***stands***	***strong.***

Scanned by CamScanner

သူ၏ယုံကြည်ချက်သည် ဘားကောင်းသောဘခြေဘနေရှိသည်

k. **The food** ***runs rotten.*** (run ကို ဘဆိုးဖက်၌သာသုံးသည်)
ၵင်းစာဘစာသည် သိုးသွားသည်

l. **The controversy** ***goes deep.***
ၵင်း ဘခြင်းပွားမှုသည် နက်ရှိုင်းသွားသည်။ (go ကိုလည်း ဘဆိုးဖက်၌သာသုံးသည်)

m. **Your news** ***sounds exiciting.***
မင်းရဲ့ သတင်း ကြားရတာစိတ်လှုပ်ရှားစရာကောင်းတယ်

n. **His concept** ***proved right.***
သူ့ အယူအဆ က မှန်တယ်ဆိုတာတွေ. ရတယ်။

o. **The eyewitness** ***remains silent.***
ၵင်းမျက်မြင်သက်သေသည် တုံ့ကိုဘာဝေနေမြဲနေသည်။

p. **She** ***keeps clean .***
သူမသည် သန့်ရှင်းအောင်နေသည်

q. **The man** ***gets angry.***
ၵင်း လူကြီးသည် စိတ်ဆိုး သွားသည်

(လားအမေး ။ အခြင်း ၊ ခြင်းမေး ၊ လဲအမေးတို. ကိုလည်း (Do) Verb ဖြင့်ထုံးစံအတိုင်းပြုလုပ်ပါ ။)

B. S + LK.V + T.V.3 + @ ပုံစံဖြင့်ဇယားသာဝါကျ

အထက်ပါ LK.V များအနက် T.V.3 ကိုနောက်ကတွဲ၍သုံးနိုင်သော LK.V မှာ အနည်းငယ်သာရှိသည်။ LK.V၏ အနက်ကို T.V.3 ၏အနက်နှင့် တစ်ပေါင်းတည်းပေါင်း၍ ဘာသာပြန်ရသည်။ T.V.3 ကိုဘာသာပြန်ရာ၌ (---ခံရ/ ---ခံနေရ/--ခံထားရ) ဟု ဘာသာပြန်ပါ။

S	+	LK.V	+	T.V.3	+	@
ကတ္တား		ချိတ်ဆက်ကြိယာ		ကံလိုကြိယာ-၃		

a. **The child** ***looks abandoned.***
ၵင်းကလေးသည် ကြည့်ရတာ ` စွန့်ပစ်ခံထားရဟန်တူသည်

b. **The house** ***appears (to be) sold.*** (seem နှင့် appear နောက် to be ထည့်၍လည်းသုံးသည်။)
ၵင်း အိမ်သည် ရောင်းခံထားရပုံရသည်။

c. **He** ***becomes hated.***
သူသည် အမုန်းခံလာရသည်

d. **The festival** ***remains postponed .***
ၵင်းပွဲတော်သည် ရွှေ့ဆိုင်းခံရမြဲခံနေရသည် ။

C. S + LK.V + PP.h + @ ပုံစံဖြင့်ဇယားသာဝါကျ

နောက်က PP.h တွဲ၍သုံးသော LK.V လည်းအနည်းငယ်သာရှိသည်။ ဘာသာပြန်သောအခါ LK.V နှင့် PP.h တို့၏ အနက်များကို ဆီလျော်သလိုတွဲပြန်ရသည်။

S	+	LK.V	+	P.Ph	+	@
ကတ္တား		ချိတ်ဆက်ကြိယာ		ပိဘတ်ပုဒ်စု		

a. **She** ***looks like her mother.***
သူမသည် ကြည့်ရတာ သူမ၏အမေကဲ့သို့ဖြစ်သည်။ (သူမ၏အမေနှင့်တူသည်)

b. **Honey** ***tastes as sugar.***

Scanned by CamScanner

ပျားရည်သည် သကြားကဲ့သို့သောအရသာရှိသည်။

c. **The book** *seems (to be) in the box.* (seem နှင့် appear နောက် to be ထည့်၍လည်းသုံးသည်။)

ယင်းစာအုပ်သည် သေတ္တာထဲမှာရှိပုံရသည်။

d. **His health** *remains in progress.*

သူ့ကျန်းမာရေးသည် တိုးတက်မှုရှိမြဲရှိနေသည်။

D. **S + LK.V + S.C + @** ပုံစံဖြင့်ဆရးသောဝါကျ

(နောက်က S.C တွဲသုံးရသော LK.V သည်လည်းအနည်းငယ်သာရှိသည်။)

become = ဖြစ်လာသည်။ seem = ဖြစ်ပုံရသည်။ remain = ဖြစ်မြဲဖြစ်နေသည်။ (seem နောက်မှာကပ်၍ to be ထည့်၍လည်းသုံးသည်။ မထည့်ပဲလည်းသုံးနိုင်သည်။)

S	+	LK.V	+	S.C	+	@
ကတ္တား		ခံကိတ်ဆက်ကြိယာ		ကတ္တားအဖြည့်ပုဒ်		

a. **Maung Kyaw** *becomes* *a doctor.*

မောင်ကျော်သည် ဖြစ်လာသည် ဆရာဝန်တစ်ယောက်

b. **He** *seems (to be)* *a cruel one.* (seem နှင့် appear နောက် to be ထည့်၍လည်းသုံးသည်။)

သူသည် ဖြစ်ပုံရသည် ရက်စက်သူတစ်ယောက်

E. **S + LK.V + Full - Infin + @** ပုံစံဖြင့်ဆရးသောဝါကျ

(နောက်က Full - Infinitive တွဲသုံးရသော LK.V သည်လည်း အောက်ပါအတိုင်း အနည်းငယ်သာရှိသည်။)

seem / appear = -ဟန်ရှိသည်/ပုံရသည်။ feel = -တယ်လို့ထင်မြင်ခံစားရသည်။ prove = -တာတွေ့ရသည်။

Full - Infinitive ဇယား့မှ ကြိယာပုံစံ (10) ခုကို တစ်လှည့်စီသုံးပြပါမည်။ နှာ 222 မှ ဇယား 33 ကိုကြည့်ပါ။

S	+	LK.V	+	Full - Infin	+	(@)
ကတ္တား:		ခံကိတ်ဆက်ကြိယာ				

a. **He** *seems to live* in Mandalay. (to + V.1)

သူသည် နေထိုင်ဟန်ရှိသည် မန္တလေးမှာ

b. **The house** *seems to be sold.* (to + be + V.3)

ဇင်း အိမ်သည် ရောင်းခံထားရပုံရသည်

c. **U Kyaw** *seems to be* in Japan. (to + be)

ဦးကျော်သည် ရှိဟန်တူသည် ဂျပန်မှာ

d. **The food** *seems to be delicious.* (to + be + Adj)

ဇင်းအစားအစာသည် အရသာရှိပုံပေါ်သည်

e. **They** *seem to be staying* here about. (to + be + V.4)

သူတို့သည် တည်းခိုနေကြဟန်ရှိသည် ဤအနီးအနားတစ်ဝိုက်မှာ

f. **He** *seems to have lived* in Mandalay. (to + have + V.3)

သူသည် နေထိုင်ခဲ့ဟန်ရှိသည် မန္တလေးမှာ

g. **The house** *seems to have been sold.* (to + have + been + V.3)

ဇင်း အိမ်သည် ရောင်းခံထားခဲ့ပုံရသည်

h. **U Kyaw** *seems to have been* in Japan. (to + have + been)

Scanned by CamScanner

ဦးကျော်သည် ရှိခဲ့ဟန်တူသည် ဂျပန်မှာ

i. The food seems to have been delicious. (to + have + been + Adj)

ထင်းအစားအစာသည် အရသာရှိခဲ့ပုံပေါ်သည်

j. They seem to have been staying hereabout. (to + have + been + V.4)

သူတို့သည် တည်းခိုနေခဲ့ကြဟန်ရှိသည် ဤအနီးအနားတစ်ဝိုက်မှာ

လားအမေး ၊ အငြင်း ၊ ငြင်းမေး ဝါကျများကို (Do) Verb ကိုသုံး၍ ထုံးစံအတိုင်းပြုလုပ်သွားပါ။

8.4 DELEXICAL VERB (DE.V) အနက်မဲ့ကြိယာပါသော ဝါကျ

(နှာ 25 မှ အနက်မဲ့ကြိယာ စကားအမှတ် (10) နှင့်ကိုက်ဆိုင်လေ့လာပါ။)

ဤ ကြိယာမျိုးသည် (ဤနေရာ၌) ၎င်း၏ မူလအနက်လုံးဝပျောက်သွား ပြီး သူနောက်က O ၏ အနက်ကိုသာ ×××× ကြိယာအနက်ဖြစ်အောင် ဆိုလျော်သလို ပြောင်း၍ ဘာသာပြန်ရသည်။ သို့ဖြစ်၍ DE.V ကို လုံးဝ ဘာသာမပြန်ရပါ။ ၎င်း DE.V များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

give , (Have) , make , keep , take , (Do) , hold , pay , put တို့ဖြစ်သည်။ (ဤကြိယာမျိုးကားဤမျှသာ)

ထူးခြားချက်မှာ ၎င်းတို့နောက်က လိုက်သော O သည် အများအားဖြင့် ကြိယာ (V) အနေနှင့်ရော နာမ် (N) အနေနှင့်ပါ နှစ်မျိုးလုံးရသည့် စကားလုံးများဖြစ်လေ့ရှိကြသည်။ ယခုဝါကျပုံစံဖြင့်သုံးသောအခါ အချို့သော ကြိယာများအတွက် အဖြစ်အပျက်တစ်ခုသည် အချိန်မကြာသော သဘောဆောင်သည်။

A. S + DE.V + (a/an/the/Poss-Adj) + O + @ ပုံစံဖြင့်ဆိုရသောဝါကျ

S	+	DE.V	+	(a/an/the/Poss-Adj)	+	O
ကတ္တား		အနက်မဲ့ကြိယာ				ကံ

a. The child *gives* a *cry.*
ယောင်းကလေး ငိုချ လိုက်သည်။

b. She *gives* a *push* to me.
သူမသည် တွန်းပစ်လိုက်သည် ကျွန်ုပ်ကို

c. I *have* a *look* at the advertisement.
ကျွန်ုပ်သည် ဖြတ်ခနဲကြည့်လိုက်သည် ကြော်ငြာကို

d. The soldiers *make* a *decision* not to withdraw.
ယင်းစစ်သားများသည် ဆုံးဖြတ်ချက်ချကြသည် မဆုတ်ခွာဖို့

e. We *keep* the *rules*.
ကျွန်ုပ်တို့သည် စည်းမျဉ်းများကို လိုက်နာကြသည်။

f. They *take* their *bath* in the stream.
သူတို့သည် ရေချိုးကြသည် ချောင်းထဲမှာ

g. She *does* *shopping* once a week.
သူမသည် ဈေးဝယ်သည် တစ်ပတ်တစ်ခါ

h. The pessimists *hold* *views* in distorted way.
အဆိုးမြင်ဝါဒီများသည် ရှုမြင်ကြသည် တစောင်းနည်းဖြင့်

i. They *pay* *homage* to The Buddha image.
သူတို့သည် ဖူးမျှော်ကြသည် ဗုဒ္ဓရုပ်ပွားတော်ကို

j. King Milinda *put* *questions* to Thera Nâgasena.
မိလိန္ဒမင်းသည် အမေးပြဿနာမေးသည် အရှင် နာဂသေန မထေရ်ကို

Scanned by CamScanner

လာ၊အမေး ၊ အခြင်း ၊ ခြင်းမေး ဝါကျများကို (Do) Verb ကိုသုံး၍ထုံးစံအတိုင်းပြုလုပ်သွားပါ။
(my , his , her , their စသော ပိုင်ဆိုင်မှုပြ နာမ/ဝိ များ နှင့် a , an များ ကိုလည်း ကြားညှပ်သုံးလေ့ရှိသည်။

8.5 DITRANSITIVE VERB (D.V) ကံနှစ်မျိုးလိုသောကြိယာ ပါသောဝါကျ

(နှာ 25 မှ ကံနှစ်မျိုးလိုကြိယာ စေား၊အမှတ် (11) နှင့်တိုက်ဆိုင်လေ့လာပါ။)

ဂင်း ဇယားမှ နံပါတ် (1) နှင့် (2) ဝါကျပုံစံ များထဲရှိ D.O နေရာ၌ အောက်ပါ D.O (တိုက်ရိုက်ကံ) အမျိုး အစား (8) မျိုးအနက် ဆီလျော်ရာကိုထည့်သွင်း အသုံးပြုရသည်။

1.	Noun	= နာမ်	
2.	Adjective-Noun	= နာမဝိသေသနနာမ်	(နှာ 6 - (5) ၌ ရှု)
3.	Accusative Pronoun	= ကံ နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
4.	Possessive Pronoun	= ပိုင်ဆိုင်မှု နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
5.	Reflexive Pronoun	= တုန်. ပြန် နာမ်စား	(နှာ 12 ဇယား 1 ၌ ရှု)
6.	Full - Infinitive	= ဖူး-လ် အဉ်ဖွဲ့စ်နစ်တစ် ကြိယာပုံစံ (10) ခုမှ တစ်ခုခု။	(နှာ 222 ဇယား 33)
7.	Gerund	= ဂျဲရန်းကြိယာပုံစံ (8)ခုမှ တစ်ခုခု	(နှာ 219 ဇယား 32 ၌ ရှု)
8.	Noun Clause	= နာမ်ဝါကျ	(UNIT - 10 တစ်ခုလုံး၌ရှု)

ဝါကျပုံစံနံပါတ် 3, 4, 5 တို. ထဲရှိ D.O နေရာများ၌ကား နာမ်ဝါကျ (N.Cl) ကိုသာ သုံးရသည်။ I . O - နေရာများ၌ အောက်ပါ သွယ်ဝိုက်ကံ (I.O) အမျိုးအစား (3) ခု အနက် ဆီလျော်ရာ တစ်ခုခုကိုထည့်သုံးရသည်။

1. Noun = နာမ်
2. Adj.N = နာမဝိသေသန
3. O.Pro = ကံနာမ်စား
4. R.Pro = တုန်.ပြန်နာမ်စား

@ - အမှတ်အသား ပြထားသောနေရာများ၌ရှေ့ကဖော်ပြခဲ့သော ကြိယာဝိသေသန (Adv) အမျိုး အစား (8) မျိုးထဲမှ တစ်ခုကို ဖြစ်စေ ၊ ထိုထက်ပို၍ဖြစ်စေ ဆီလျော်သလို လိုက်ပါအသုံးပြုနိုင်သည်။ မသုံးပဲလည်းနေနိုင်သည်။ ဤ D.V ကြိယာမျိုး များစွာရှိ၏။ ဥင်းတို. အနက် အခို. ကိုအောက်မှာဖော်ပြလိုက်သည်။

teach = သင်ပေးသည် award = ဆုချီးမြှင့်သည် lend = ချေး/ငှားပေးသည် offer = ပေးကမ်းသည်
give = ပေးသည် promise = ကတိပေးသည် buy = ဝယ်သည် pour = ငဲ့/လောင်းသည်
pay = (ငွေကြေး) ပေးသည် show = ပြသည် make = ပြုလုပ်သည် leave = ချန်ထားသည် sell = ရောင်းသည်
tell = ပြောပြသည် send = ပို့သည်/လွှတ်သည် bring = ယူလာသည်/ခေါ်လာသည် get = ယူပေး/ခေါ်ပေးသည်
pass = လှမ်းပေးသည် explain = ရှင်းပြသည် serve = ဆောင်ရွက်ပေးသည် repay = ပြန်အမ်းသည် -စသည်

A. S + D.V + I.O + D.O + @ ပုံစံဖြင့်ဇရုးသောဝါကျ

S	+	D.V	+	I.O	+	D.O
ကတ္တား		ကံနှစ်မျိုးလိုကြိယာ		သွယ်ဝိုက်ကံ		တိုက်ရိုက်ကံ

D.O နေရာ၌ D.O အဖြစ်သုံးနိုင်သော အထက်ပါ အမျိုးအစား (8) မျိုးကို အလှည့်ကျ ထည့်သွင်း၍သုံးပြပါမည်။

a. I *teach* monks English. (*English = (N)*)
ကျွန်ုပ်သည် သင်ပေးသည် ဘုန်းကြီးများကို အင်္ဂလိပ်စာ

Scanned by CamScanner

h. They *sent* me the homeless. (*the homeless = (Adj. N)*)
သူတို့သည် လွှတ်ခဲ့သည် ကျွန်ုပ်ထံသို့ အိမ်မဲ့ရာမဲ့များကို

e. I *sent* my teacher it. (*it = (O.Pro)*)
ငါ ပို့ခဲ့တယ် ငါ့ဆရာဆီ ၎င်းကို

d. He *offers* them his. (*his = (P.Pro)*)
သူသည် ပေးသည် သူတို့ကို သူ့ဥစ္စာကို

e. He *offered* the teacher himself. (*himself = (R.Pro)*)
သူသည် ပေးအပ်ခဲ့သည် ၎င်းဆရာထံ သူကိုယ်သူ (ဆရာထံအပ်နှံသည်)

f. U Thein *teaches* me to swim. (*to swim = (full infin)*)
ဦးသိန်းသည် သင်ပေးသည် ကျွန်ုပ်ကို ရေကူးခြင်းကို

g. U Thein *teaches* me swimming. (*swimming = (Gerund)*)
ဦးသိန်းသည် သင်ပေးသည် ကျွန်ုပ်ကို ရေကူးခြင်းကို

h. He *tells* me what number the street is. (*what number the street is = (N.Cl)*
သူသည် ပြောသည် ကျွန်ုပ်ကို ၎င်းလမ်း ဘယ်နံပါတ်ဖြစ်တယ်ဆိုတာကို

B. S + D.V + D.O + to/for + I.O + @ ပုံစံဖြင့်ရေးသောဝါကျ

အထက်ပါ နံပါတ် A မှ ဝါကျများကို I.O နှင့် D.O တို့ နေရာချင်း လဲလှယ်၍ ယခုနံပါတ် B မှပုံစံဖြင့်ရေးနိုင်ပါသည်။ ထိုသို့ရေးသောအခါ နောက်သို့ ရောက်သွားသော I.O ရှေ့၌ to သို့မဟုတ် for ဝိဘတ် နှစ်ခုအနက် ဆီလျော် ရာတစ်ခုကို ထားသုံးရသည်။ for သို့မဟုတ် to ကိုရွေးပုံမှာ လက်ခံသူထံသို့ တိုက်ရိုက်ရောက်သော သဘော ရှိလျှင် to ကို ရွေးပြီး ၊ တိုက်ရိုက်ရောက်သောသဘောမရှိလျှင် for ကိုရွေးရသည်။ ဝါကျများဖြင့် ရှင်းပြမည်။

S	+	D.V	+	D.O	+ to/for +	I.O	+	@
ကတ္တား		ကံနှစ်မျိုးလိုကြိယာ		တိုက်ရိုက်ကံ		သွယ်ဝိုက်ကံ		

a. He *gives* a book to me.
သူသည် ပေးသည် စာအုပ်တစ်အုပ်ကို ကျွန်ုပ်ကို

ပေးသည် ဆိုသောကြိယာ၏ သဘောသည် ပေးခြင်းခံရသူထံသို့. မဆိုင်းမတွတိုက်ရိုက် ရောက်သောသဘော ရှိသောကြောင့် to ကိုရွေးသုံးရခြင်း ဖြစ်၏။

b. He *leaves* rice for me.
သူသည် ချန်ထားသည် ထမင်းကို ကျွန်ုပ်အတွက်

ချန်ထားသည် ဟူသော ကြိယာ၏ သဘောသည် လက်ခံသူထံသို့တိုက်ရိုက်ရောက်သည့်သဘောမဆောင်ပေ။ ချန်ရဲ့သာချန်ထားခြင်းဖြစ်၏။ ထိုသို့ သဘောရှိလျှင် for ကိုရွေးရသည်။

C. S + D.V + *to* + I.O + D.O (N.Cl) ပုံစံဖြင့်ရေးသောဝါကျ ၊(N.Cl) အကြောင်းကို UNIT - 10 ၌ရှုပါ။

S	+	D.V	+	to	+	I.O	+	D.O
ကတ္တား		ကံနှစ်မျိုးလိုကြိယာ		သွယ်ဝိုက်ကံ		တိုက်ရိုက်ကံ		

a. He *admitted* to me that he stole my purse. (that he stole my purse = (N.Cl)
သူသည် ဝန်ခံခဲ့သည် ကျွန်ုပ်ကို သူ ကျွန်ုပ်၏ပိုက်ဆံအိပ်ကိုခိုးခဲ့သည်ဟု

b. He *explained* to me why he left school. (why he left school = (N.Cl)
သူ ရှင်းပြခဲ့သည် ကျွန်ုပ်ကို သူ ကျောင်းထွက်ခဲ့ရသောအကြောင်းရင်းကို

D. S + D.V + *with* + I.O + D.O (N.Cl) ပုံစံဖြင့်ရေးသောဝါကျ

Scanned by CamScanner

S	+	D.V	+ with +	I.O	+	D.O
ကတ္တား		ကံနှစ်ဗျိုးလိုကြိယာ		သွယ်ဝိုက်ကံ		တိုက်ရိုက်ကံ

a.	I	*argued*	with KoKo	how much charge they ask for.
	ငါ	ငြင်းခဲ့သည်	ကိုကိုနှင့်	သူတို့ အခ ဘယ်လောက်ယူတယ်ဆိုတာကို
b.	I	pleaded	with her	that this was my stupidity.
	ကျွန်ုပ်	တောင်းပန်ခဲ့သည်	သူမကို	ဤအရာသည် ကျွန်ုပ်၏ မလိမ္မာမှု ဖြစ်ခဲ့သည်ဟု

E. S + D.V + *from* + I.O + D.O (N.Cl) ပုံစံဖြင့်ရေးသောဝါကျ

S	+	D.V	+ from +	I.O	+	D.O
ကတ္တား		ကံနှစ်ဗျိုးလိုကြိယာ		သွယ်ဝိုက်ကံ		တိုက်ရိုက်ကံ

a.	I	learned	from my meditation	how mind and matter are functioning.
	ကျွန်ုပ်	သိရှိခဲ့ရသည်	ကျွန်ုပ်၏ကမ္မဌာန်းမှ	နာမ်တရား ရုပ်တရားများ အလုပ်လုပ်နေကြပုံကို

လားအမေး ၊ အငြင်း ၊ ငြင်းမေး ဝါကျများကို (Do) Verb ဖြင့် ယခင်ကနည်းအတိုင်းပြုလုပ်ပါ။

8.6 THINKING VERB (TK.V) တွေးကြံကြိယာ ပါသောဝါကျ

(နှာ 25 မှ တွေးကြံကြိယာ ဇယားအမှတ် (12) နှင့်တိုက်ဆိုင်လေ့လာပါ။)

A. S + TK.V + O + O.C (infin) + @ ပုံစံဖြင့်ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလိုထည့်သွင်းသုံးရသည်။
O.C (Infin) ၏နေရာ၌ နှာ 222 ဇယား (33) မှ အဉ်ဖှစ်နစ်တစ် ကြိယာပုံစံ (10) ခုမှဆီလျော်ရာကို သုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုအသုံးနိုင်သည်။
ဤ TK.V ကြိယာမျိုး များစွာရှိ၏။ အချို့ကို အောက်မှာ ဖော်ပြလိုက်သည်။

imagine = စိတ်ကူးသည်၊ think = ထင်သည်၊ suppose = ယူဆသည်၊ trust = ယုံကြည်သည်၊
feel = ထင်မြင်သည်၊ know = သိသည်၊ accept = လက်ခံသည်၊ claim = ဆိုသည်၊ declare = ကြေညာသည်

O နေရာကို ကံ ဖြစ်သော်လည်း " ---ကို " ဟုဘာသာမပြန်ရ၊ O.C (infin) နေရာကိုတော့ (--ဟု/--တယ်လို့/---တယ်ဆိုတာကို) ဟုပြန်ရသည်။ ယခု infin ပုံစံအားလုံးစုံအောင် ထည့်သုံးပြပါမည်။ နှာ 222 ဇယား (33) မှ infinitive ကြိယာပုံစံများနှင့် တိုက်ဆိုင်၍ လေ့လာပါ။

S	+	TK.V	+	O	+	O.C (Infin)	+	@
ကတ္တား		တွေးကြံကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	He	*thinks*	her	to live	in Yangon.	(to V.1) infin)
	သူ	ထင်သည်	သူမ	နေထိုင်တယ်လို့	ရန်ကုန်မှာ	
b.	I	*think*	them	to be	company servants.	(to be) infin)
	ကျွန်ုပ်	ထင်သည်	သူတို့	ဖြစ်တယ်လို့	ကုမ္ပဏီဝန်ထမ်းများ	
c.	I	*suppose*	the man	to be cruel.		(to be Adj) infin)
	ငါ	ယူဆသည်	၎င်းလူကြီး	ရက်စက်တယ်လို့		
d.	I	*know*	the hotel	to be sold.		(to be V.3) infin)
	ငါ	သိတယ်	၎င်းဟိုတယ်	ရောင်းခြင်းခံရတယ်ဆိုတာ		
e.	She	*trusts*	me	to be working	in Japan.	(to be V.4) infin)
	သူမ	ယုံသည်	ကျွန်ုပ်	အလုပ်လုပ်နေတယ်ဆိုတာ	ဂျပန်မှာ	

Scanned by CamScanner

f.	I	*believe*	my uncle	to have died.	(to have V.3) infin)
	ငါ	ယုံကြည်သည်	ဘိုးလေး	သေသွားခဲ့ပြီဆိုတာ	
g.	I	*accept*	the man	to have been a bandit.	(to have been) infin)
	ငါ	လက်ခံသည်	၎င်းလူကြီး	ဖြစ်ခဲ့တယ်ဆိုတာ ဓားပြတစ်ဦး	
h.	President	*declares*	the area	to have been peaceful.	(to have been Adj) infin)
	သမ္မတက	ကြေညာသည်	၎င်းနယ်မြေ	ငြိမ်းချမ်းခဲ့ပြီဟု	
i.	The officer	*claims*	the hostages	to have been killed.	(to have been V.3) infin)
	၎င်းအရာရှိက	ဆိုသည်	ယင်းဓားစာခံများ	အသတ်ခံခဲ့ရသည်ဟု	
j.	I	*know*	him	to have been working at a bank	(to have been V.4)
	ငါ	သိသည်	သူ	အလုပ်လုပ်နေခဲ့တယ်ဆိုတာ ဘဏ်တစ်ခုမှာ	

(လားအမေး ၊ အငြင်း ၊ ငြင်းမေး များကို (Do) Verb ကိုသုံး၍ ထုံးစံအတိုင်းပြုလုပ်သွားပါ။)

8.7 EMOTIONAL VERB (E.V) စိတ်ခံစားမှု ကြိယာပါဝင်သောဝါကျ

(နှာ 25 မှ စိတ်ခံစားမှုကြိယာ စယားအမှတ် (13) နှင့်တိုက်ဆိုင်ဝယ်လာပါ။)

A. S + E.V + O + O.C (to V.1) + @ ပုံစံဖြင့်ဝေးဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော က် (Obj) အမျိုးအစား (8) မျိုးမှ ဆိလျော်သလို ထည့်သွင်းသုံးရသည်။ @ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆိလျော်ရာကိုသုံးနိုင်သည်။ O နေရာကို (--ကို) ဟု ဘာသာမပြန်ရ ။ to V.1 နေရာကို (--တာကို) ဟု ဘာသာပြန်ရ၏။

love / like = နှစ်သက်သည် , dislike = မနှစ်သက် , want = အလိုရှိသည် , expect = မျှော်လင့်သည် ,
hate = မုန်းသည် , forgive = ခွင့်လွှတ်သည် , agree = သဘောတူသည် , allow = ခွင့်ပြုသည် ,
prefer = သဘောကျသည် accept = လက်ခံသည်။ (ဤ E.V ကြိယာမျိုး အနည်းငယ်သာရှိသည်။)

S	+	E.V	+	O	+	O.C (to V.1)	+	@
ကတ္တား		စိတ်ခံစားမှုကြိယာ		က်		က် အဖြည့်ပုဒ်		

a.	I		*like*	him	to work	hard.
	ကျွန်ုပ်သည်		နှစ်သက်သည်	သူ	အလုပ်လုပ်တာကို	ကြိုးကြိုးစားစား
b.	He		*expects*	me	to come	early.
	သူသည်		မျှော်လင့်သည်	ကျွန်ုပ်	လာတာကို	စောစော
c.	I	can not	forgive	my son	to smoke.	
	ကျွန်ုပ်သည်		ခွင့်မလွှတ်နိုင်ပါ။	ကျွန်ုပ်၏သား	ဆေးလိပ်သောက်တာကို	

B. S + E.V + O + O.C (V.1 + ing) + @ ပုံစံဖြင့်ဝေးဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော က် (Obj) (8) မျိုးမှ ဆိလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆိလျော်ရာကိုအသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာမပြန်ရ ။ Gerund (V.1+ ing) နေရာကို (--တာကို) ဟုဘာသာပြန်ရ၏။

S	+	E.V	+	O	+	O.C (V.1+ ing)	+	@
ကတ္တား		စိတ်ခံစားမှုကြိယာ		က်		က် အဖြည့်ပုဒ်		

a.	I		*like*	him	working	hard.
	ကျွန်ုပ်သည်		နှစ်သက်သည်	သူ	အလုပ်လုပ်တာကို	ကြိုးကြိုးစားစား

Scanned by CamScanner

b.	He	*expects*	me	coming	early.
	သူသည်	မျှော်လင့်သည်	ကျွန်ုပ်	လာတာကို	စောစော
c.	He	*agrees*	her sister	playing	cards.
	သူသည်	သဘောတူသည်	သူ၏နှမ	ကစားတာကို	ဖဲ

(လားအမေး ၊ အငြင်း ၊ ငြင်းမေးများကို (Do) Verb ကိုသုံး၍ ထုံးစံအတိုင်းပြုလုပ်သွားပါ။)

8.8 SENSITIVE VERB (S.V) အာရုံဆိုင်ရာကြိယာ ပါဝင်သောဝါကျ

(နှာ 26 မှ အာရုံဆိုင်ရာကြိယာ စယားအမှတ် (14) နှင့်တိုက်ဆိုင်လေ့လာပါ။)

A. S + S.V + O + O.C (V.1) + @ ပုံစံဖြင့်ဖွဲ့ဆိုသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာမပြန်ရ ။ V.1 နေရာကို (--တာကို) ဟု ဘာသာပြန်ရ၏။ ၎င်း V.1 ၌ s , es , ies ves မထည့်ရ။ အာရုံဆိုင်ရာကြိယာ (S.V) များမှာ အောက်ပါ တို့ဖြစ်ကြသည်။

watch = စောင့်ကြည့်သည် , find = တွေ့ရသည် , feel = တွေထိခံစားရသည် , catch = လက်ပူးလက်ကြပ်မိသည်
see = မြင်သည် , hear = ကြားသည်, notice = သတိထားမိသည်, smell = အနံ့ရသည်,
perceive = ရိပ်စားမိသည်, learn / know = သိသည် (ဤကြိယာမျိုး အနည်းငယ်သာရှိသည်။)

S +	S.V +	O +	O.C (V.1) +	@
ကတ္တား	အာရုံဆိုင်ရာကြိယာ	ကံ	ကံ အဖြည့်ပုဒ်	

a.	We	*watch*	them	swim	in the pool.
	ကျွန်ုပ်တို့	စောင့်ကြည့်ကြသည်	သူတို့	ရေကူးကြတာကို	ကန်ထဲမှာ
b.	We	*find*	an iceberg	float.	
	ကျွန်ုပ်တို့	တွေ့ရှိသည်	ရေခဲတောင်တစ်ခု	ပေါ်တာကို	
c.	I	*feel*	ants	crowl	on my back.
	ကျွန်ုပ်	ခံစားရသည်	ပုရွက်ဆိတ်များ	လျှောက်သွားတာကို	ကျွန်ုပ်၏ကျောမှာ

B. S + S.V + O + O.C (V.4) + @ ပုံစံဖြင့်ဖွဲ့ဆိုသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာမပြန်ရ ။ V.4 နေရာကို (---နေတာကို) ဟု ဘာသာပြန်ရ၏။

S +	S.V +	O +	O.C (V.4) +	@
ကတ္တား	အာရုံဆိုင်ရာကြိယာ	ကံ	ကံ အဖြည့်ပုဒ်	

a.	I	*catch*	a man	stealing	mangoes.
	ကျွန်ုပ်	မိသည်	လူတစ်ယောက်	ခိုးနေတာကို	သရက်သီးများ
b.	I	*smell*	something	burning	in the kitchen.
	ကျွန်ုပ်	အနံ့ရသည်	တစ်ခုခု	လောင်ကျွမ်းနေတာကို	မီးဖိုချောင်ထဲမှာ
c.	I	*feel*	ants	crowling	on my back.
	ကျွန်ုပ်	ခံစားရသည်	ပုရွက်ဆိတ်များ	လျှောက်သွားနေတာကို	ကျွန်ုပ်၏ကျောမှာ

Scanned by CamScanner

C. <u>S + S.V + O + O.C (T.V.3) + @</u> ပုံစံဖြင့်ဇရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆိလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆိလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာမပြန်ရ ။ TV.3 နေရာကို (--ထားတာကို/--ခံထားရတာကို) ဟု ဘာသာပြန်ရ၏။

S	+	S.V	+	O	+	O.C (T.V.3)	+	@
ကတ္တား		အာရုံဆိုင်ရာကြိယာ		ကံ		ကံ အဖြည့်ပုဒ်		
a. I		*find*		coins		scattered		on the mat.
ငါ		တွေ့.တယ်		ငွေအကြွေစေ့များ		ကြဲထားတာကို		ဖျာပေါ်မှာ
b. I		hear		the clinic		closed.		
ငါ		ကြားတယ်		ဆေးခန်း		ပိတ်ထားတာကို (ပိတ်ထားတယ်လို.)		

D. <u>S + S.V + O + O.C (Adj) + @</u> ပုံစံဖြင့်ဇရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) (8) မျိုးမှဆိလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆိလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (---ကို) ဟု ဘာသာမပြန်ရ ။ Adj နေရာ၌ (---တာကို/---တယ်လို့) ဟုပြန်ပါ။

S	+	S.V	+	O	+	O.C (Adj)	+	@
ကတ္တား		အာရုံဆိုင်ရာကြိယာ		ကံ		ကံ အဖြည့်ပုဒ်		
a. I		*found*		her		alive.		
ငါ		တွေ့.ခဲ့တယ်		သူမ		အသက်ရှင်တာကို		
b. I		*perceive*		the patient		despairing.		
ငါ		ရိပ်မိတယ်		၎င်းလူနာ		မျှော်လင့်ချက်ကုန်နေတာကို		
c. We		*notice*		the weather		colder		this year.
ကျွန်ုပ်တို့.		သတိထားမိသည်		ရာသီဥတု		ပိုအေးတာကို		ဒီနှစ်မှာ

(လားအမေး ၊ အငြင်း ၊ ငြင်းမေးများကို (Do) verb များသုံး၍ ပြုလုပ်သွားပါ။)

8.9 CAUSATVE VERB (C.V) အဆင်ကြောင်းပြု ကြိယာပါသောဝါကျ

(နှာ 26 မှ အဆင်ကြောင်းပြုကြိယာ စကားအမှတ် (15) နှင့်ကိုက်ညီလေ့လာပါ။)

A. <u>S + C.V + O + O.C (V.1) + @</u> ပုံစံဖြင့်ဇရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆိလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆိလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (---ကို) ဟု ဘာသာပြန်ရမည်။ C.V ၏အနက်ကို V.1 ၏အနက်နှင့် တစ်ပေါင်းတည်းဘာသာပြန်ရသည်။
ဂုဏ်း V.1 ၌ s , es , ies , ves မထည့်ရ။ အကြောင်းပြုကြိယာ (C.V) များမှာ အောက်ပါ တို့.ဖြစ်ကြသည်။

(have) = ---စေသည် /---ခိုင်းသည် make = ---စေသည်/---အောင်လုပ်သည်
let = ---စေသည် /---ခွင့်ပြုသည် help = ကူ---ပေးသည် (ဤ C.V ကြိယာမျိုးကား ဤမျှသာ)

S	+	C.V	+	O	+	O.C (V.1)	+	@
ကတ္တား		အကြောင်းပြုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

Scanned by CamScanner

a.	The teacher	*has*	his pupils	*sit.*	
	၎င်း ဆရာသည်		သူ့တပည့်များကို	ထိုင်ခိုင်းသည်။	
b.	The pill	*makes*	him	*sleep*	for hours.
	၎င်း ဆေးက		သူ့ကို	အိပ်စေသည်။	နာရီပေါင်းများစွာ
c.	He	*lets*	me	*stay*	at his house.
	သူသည်		ကျွန်ုပ်ကို	တည်းခိုခွင့်ပြုသည်	သူ့အိမ်မှာ
d.	Ma Ma	*helps*	her child	*walk*	
	မ မ က		သူမ၏ကလေးကို	လမ်း ကူလျှောက်ပေးသည်	

B. S + C.V + O +O.C (V.4) + @ ပုံစံဖြင့်ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ C.V ၏အနက်ကို V.4 ၏အနက်နှင့် တစ်ပေါင်းတည်းဘာသာပြန်ရသည်။

(Have) = --နေစေသည်။ set / start = စ---စေသည်။/ ထ---စေသည်။ get = --စေသည်။/ ---အောင်လုပ်သည်။ leave = --နေတဲ့အတိုင်းထားရစ်သည်။ keep = ---နေတဲ့အတိုင်းထားသည်။
(ဤကြိယာမျိုးကားဤမျှသာ)

S	+	C.V	+	O	+	O.C (V.4)	+	@
ကတ္တား		အကြောင်းပြုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	Zaw Win Htut	*has*	the audience	*jumping.*
	ဇော်ဝင်းထွဋ်သည်		ပရိသတ်ကို	ခုန်နေစေသည်။ (သူ့သီချင်းကြောင့် ခုန်နေကြ၏)
b.	Gun-shots	*sets*	birds	*flying.*
	သေနတ်သံများက		ငှက်များကို	ထပျံစေသည်။
c.	She	*left*	her baby	*sleeping.*
	သူမသည်		သူမ၏ကလေးကို	အိပ်နေတဲ့အတိုင်းထားရစ်ခဲ့သည်။ (ထွက်ခွာသွား)
d.	She	*keeps*	windows	*opening.*
	သူမသည်		ပြူတင်းပေါက်များကို	ဖွင့်တဲ့အတိုင်းထားသည်။ (သူမ ထွက်ခွာမသွား)

C. S + C.V + O + O.C (T.V3) + @ ပုံစံဖြင့်ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ C.V ၏အနက်ကို T.V.3 ၏အနက်နှင့် တစ်ပေါင်းတည်းဘာသာပြန်ရသည်။

(Have) =---ခံရသည် (ကံအနက်အားဖြင့်)။ (Have) = ---ခိုင်းသည် (ကတ္တားအနက်)။ get = ---ခိုင်းသည်/ ---စေသည်။ leave = ---ထားတဲ့အတိုင်းထားရစ်သည်။ keep = ---ထားတဲ့အတိုင်းထားသည်။
(ဤကြိယာမျိုးကား ဤမျှသာ)

S	+	C.V	+	O	+	O.C (T.V.3)	+	@
ကတ္တား		အကြောင်းပြုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	U Ba	*has*	his bicycle	*stolen.* (ကံအနက်)

Scanned by CamScanner

	ဦးဘသည်	သူ့စက်ဘီး		အခိုးခံရသည်။	
b.	U Ba	*has*	his house	*painted.*	(ကတ္တားအနက်)
	ဦးဘသည်		သူ့အိမ်ကို	ဆေးသုတ်ခိုင်းသည်	
c.	KoKo	*gets*	his hair	*cut.*	
	ကိုကိုသည်		သူ့ဆံပင်ကို	ဖြတ်(ညှပ်)ခိုင်းခဲ့သည်	
d.	He	*leaves*	the box	*unlocked.*	
	သူသည်		သေတ္တာကို	သော့ဖွင့်တဲ့အတိုင်းထားရစ်သည်။ (အခြားသို့ထွက်သွားပြီဟူလို)	
e.	She	*keeps*	her eyes	*closed.*	
	သူမသည်		သူမ၏မျက်စိကို	မှိတ်တဲ့အတိုင်းထားသည်။	

D. S + C.V + O + O.C (Adj) + @ ပုံစံဖြင့်ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ C.V ၏အနက်ကို Adj ၏အနက်နှင့် တစ်ပေါင်းတည်းဘာသာပြန်ရသည်။

(Have) / set / get = ---စေသည်/---အောင်လုပ်သည်။ make = ---စေသည်/---အောင်လုပ်သည်။
turn = --သွားစေသည်။ drive = --အောင်လုပ်သည် (အဆိုးဖက်သို့)။ leave = ——တဲ့အတိုင်းထားရစ်သည်။
keep = ---တဲ့အတိုင်းထားသည်။

S	+	C.V	+	O	+	O.C (Adj)	+	@
ကတ္တား		အကြောင်းပြုကြီယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	The news	*has*	me	*rejoiced.*
	၎င်း သတင်းက		ကျွန်ုပ်ကို	ဝမ်းမြောက်စေသည်
b.	The kidnappers	*set*	the hostages	*free.*
	ပြန်ပေးသမားများသည်		ဓားစာခံများကို	လွတ်လပ်စေခဲ့သည် (လွှတ်ခဲ့သည်)
c.	The factories	*get*	the environment	*poluted.*)
	ယင်း စက်ရုံများက		ပတ်ဝန်းကျင်ကို	ညစ်ညမ်းစေသည်။
d.	The sun	*makes*	us	*warm.*
	နေ သည်		ကျွန်ုပ်တို့ကို	နွေးထွေးစေသည်။
e.	Sunshine	*turns*	leaves	*yellow.*
	နေရောင်ခြည်က		သစ်ရွက်များကို	ဝါသွားစေသည်။
f.	The situation	*drives*	the problem	*worse.*
	အခြေအနေက		ပြဿနာကို	ပိုဆိုးအောင်လုပ်သည်။
g.	She	*leaves*	books	*open.*
	သူမသည်		စာအုပ်များကို	ပွင့်တဲ့အတိုင်းထားရစ်သည်။

E. S + C. V + O + O.C (Parti) + @ ပုံစံဖြင့်ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ C.V ၏အနက်ကို Particle ၏အနက်နှင့် ဆီလျော်အောင်ဘာသာပြန်ရသည်။

let = --ခွင့်ပြုသည်။--စေသည်။ keep = --ထားသည်။ (ဤကြိယာမျိုးကားဤမျှသာ)

Scanned by CamScanner

a.	The holes	*let*	air	*in*.
	ယင်း အပေါက်များသည်	ခွင့်ပြုသည်	လေကို	အတွင်းသို့ (အထဲသို့ဝင်စေသည် ဟူလို)
b.	The thief	*keeps*	his hands	up.
	ယင်း သူခိုးသည်	ထားသည်	သူ၏လက်များကို	အပေါ်မှာ (လက်မြှောက်ထားသည်)

(လားအမေး၊ အငြင်း၊ ငြင်းမေးများကို (Do) Verb များသုံး၍ပြုလုပ်သွားပါ။)

8.10 COMPLEX TRANSITIVE VERB (CT.V) ရှုတ်ထွေး ကံလိုကြိယာ ပါဝင်သောဝါကျ

(နှာ 26 မှ ရှုတ်ထွေးကံလိုကြိယာ စကားအမှတ် (16) နှင့်တိုက်ဆိုင်လေ့လာပါ။)

A. S + C.T.V + O + O.C (N) + @ ပုံစံပါဝင်သောဝါကျ၊

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ O.C (N) နေရာကို (--ဟု/--အဖြစ်) ဟုပြန်ပါ။

call = ခေါ်သည်။ name= term = အမည်ပေးသည်။ make = ပြုလုပ်သည်။
declare = ကြေညာသည်။ describe = ဖော်ပြသည်။ (ဤ C.T.V များအနည်းငယ်သာရှိသည်။)

S	+	C.T.V	+	O	+	O.C (N)	+	@
ကတ္တား		ရှုတ်ထွေးကံလိုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	We	*call*	him	Sin Bauk.
	ငါတို့	ခေါ်သည်	သူ့ကို	ဆင်ပေါက် ဟု
b.	They	*name*	the baby	A-ngae Lay.
	သူတို့က	အမည်ပေးကြသည်	ယင်းကလေးကို	အငယ်လေးဟု
c.	They	*make*	U Sein	chairman.
	သူတို့က	ပြုလုပ်သည်	ဦးစိန်ကို	ဥက္ကဋ္ဌအဖြစ် (တင်မြှောက်ခဲ့သည် ဟူလို)

B. S + C.T.V + O + O.C (T.V.3) + @ ပုံစံဖြင့်ဆိုရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ O.C (T.V.3) နေရာကို (--ထားတာကို /-- ခံရတယ်လို့) ဟုပြန်ဆိုပါ။

want / wish = အလိုရှိသည်။ like = ကြိုက်သည် ။ prefer = သဘောကျသည်။ claim = ဆိုသည်။
declare = ကြေညာသည်။ report = အကြောင်းကြားသည်။

S	+	C.T.V	+	O	+	O.C (T.V.3)	+	@
ကတ္တား		ရှုတ်ထွေးကံလိုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a.	I	*want*	this clothes	*laundered*.
	ကျွန်ုပ်	လိုချင်သည်	ဂင်းအဝတ်အစားကို	လျှော်ထားတာကို (လျှော်ပြီးသား)
b.	I	*like*	maize	*roasted*.
	ငါ	ကြိုက်သည်	ပြောင်းဖူးကို	လှော်ထားတာကို (လှော်ပြီးသား)
c.	Officers	*claim*	the area	*operated*.
	အရာရှိများက	ဆိုသည်	ယင်းနယ်မြေကို	ရှင်းလင်းထားတယ်လို့ (ရှင်းလင်းပြီးပြီ ဟု)

Scanned by CamScanner

C. S + C.T.V + O + O.C (Adj) + @ ပုံစံဖြင့်ဆိုရသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ O.C (Adj) နေရာကို (---အောင်) ဟုပြန်ပါ။

wash = ဆေး/လျှော်သည်။ shoot = ပစ်ခတ်သည်။ cut = ဖြတ်သည် ။ pound = ထောင်း/ထုသည်။
find = တွေ့သည်။ rub = ပွတ်တိုက်သည်။ sweep = လှည်းကျင်းသည်။

S	+	C.T.V	+	O	+	O.C (Adj)	+	@
ကတ္တား		ရွတ်ထွေးကံလိုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a. She *washes* the panes *clean*.
သူမသည် ဆေးသည် ပြူတင်းမှန်များကို သန့်ရှင်းအောင်

b. He *shoots* birds *dead*.
သူသည် ပစ်သည် ငှက်များကို သေအောင် (အသေ ပစ်သည်)

d. Barber *cuts* my hair *short*.
ဆံသဆရာက ညှပ်သည် ငါ့ဆံပင်ကို တိုအောင် (တိုတို)

D. S + C.T.V + O + O.C (as + N) + @ ပုံစံဖြင့်ဆိုရသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ O.C (as + N) နေရာကို (--ဟု/--အဖြစ်) ဟုပြန်ပါ။

choose = ရွေးချယ်သည်၊ regard = သဘောထားသည်။ treat =ပြုမူဆက်ဆံသည်။
view =ရှုမြင်သည်။ စသည်ဖြင့် အနည်းငယ်သာ ရှိ၏။

S	+	C.T.V	+	O	+	O.C (as + N)	+	@
ကတ္တား		ရွတ်ထွေးကံလိုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a. They *treat* U Ni *as their leader*.
သူတို့သည် ဆက်ဆံကြသည် ဦးနိုကို သူတို့၏ခေါင်းဆောင် အဖြစ်

b. They *regard* me *as their servant*.
သူတို့က သဘောထားကြသည် ကျွန်ုပ်ကို သူတို့၏ အစေခံ အဖြစ်

c. We *view* him *as a optimist*.
ကျွန်ုပ်တို့က ရှုမြင်ကြသည် သူ့ကို အကောင်းမြင်ဝါဒီဟု

E. S + C.T.V + O + O.C (as + Adj) + @ ပုံစံဖြင့်ဆိုရသောဝါက

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးကဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။
O နေရာကို (--ကို) ဟု ဘာသာပြန်ရမည်။ O.C (as + Adj) နေရာကို (---ဟု/---ဆိုတာ) ဟုပြန်ပါ။

think = ထင်သည်၊ suppose = ယူဆသည် ၊ accept = လက်ခံသည်။
consider = တွက်ဆသည်။ presume = ကြိုတင်မှန်းဆသည် စသည်ဖြင့်အနည်းငယ်သာရှိသည်။

Scanned by CamScanner

S	+	C.T.V	+	O	+	O.C (as + Adj)	+	@
ကတ္တား		ရွုတ်ထွေးကံလိုကြိယာ		ကံ		ကံ အဖြည့်ပုဒ်		

a. Others *think* my problem *as easy*.
အခြားသူများ ထင်ကြသည် ကျွန်ုပ်၏အခက်အခဲကို လွယ်သည် ဟု

b. I *suppose* the paint *as imitative*.
ငါ ယူဆသည် ၎င်းသုတ်ဆေးကို အတု ဟု

c. The police *accept* the evidence *as concrete*.
ရဲ က လက်ခံသည် ယင်းအထောက်အထားကို ခိုင်မာ တယ်ဆိုတာ

(လားအမေး၊ အငြင်း၊ ငြင်းမေး၊ များကို (Do) Verb များသုံး၍ပြုလုပ်သွားပါ။)

8.11 PHRASAL TRANSITIVE VERB (P.T.V) ပုဒ်စုကံလို ကြိယာ ပါဝင်သောဝါကျ။

(နှာ 26 မှ ပုဒ်စုကံလိုကြိယာ စကားအမှတ် (17) နှင့်တိုက်ဆိုင်ဖလှယ်ပါ။)

မှတ်ချက်။ ။ ပုဒ်စုကံလိုကြိယာ (PT.V) ဖြစ်စေ၊ ပုဒ်စုကံမလိုကြိယာ (PI.V) ဖြစ်စေ။ ၎င်းတို့၏ ဖွဲ့စည်းပုံမှာ ရှေ့ဆုံး၌ပင်မကြိယာ (M.V) တစ်ခုရှိပြီး သူနောက်က Particle ဖြစ်စေ ၊ FPP. h ဖြစ်စေ၊ နှစ်မျိုးစလုံးတွဲ၍ဖြစ်စေ လိုက်ပါလေ့ရှိသည်။ ပုဒ်စုကံလိုကြိယာ၌ကား ကံပုဒ်(O) ပါ လိုက်၏။ အင်္ဂလိပ်စာ၌ ဤကြိယာမျိုး များပြားစွာရှိသည်။

A. S + P.T.V + O + parti + @ ပုံစံဖြင့်ဖွဲ့ရေးသောဝါကျ

O -၏နေရာ၌ နှာ 82 - 8. 2 ၌ ဖော်ပြခဲ့သော ကံ (Obj) အမျိုးအစား (8) မျိုးမှ ဆီလျော်သလို ထည့်သွင်းသုံးရသည်။
@ - အမှတ်အသား ပြထားသောနေရာ၌ နှာ 80 - 8. 1 ၌ပြခဲ့သော Adv (8) မျိုးထဲမှ ဆီလျော်ရာကိုသုံးနိုင်သည်။

put on =ဝတ်ဆင်သည်။ turn up = အသံ/အလင်းကိုတိုးမြှင့်သည်။ think over = သုံးသပ်သည်။
put away = သိမ်းဆည်းသည်။ take off = (အဝတ်စသည်) ချွတ်သည်။ give up = လက်လျှော့သည်/ စွန့်လွှတ်သည်။
စသည်ဖြင့်များစွာရှိ၏၊

ဤကြိယာမျိုး အကျယ်ကို နှာ 317 - AP. 12 ၌ ရှုပါ။

ရှေ့ဆုံးက put , turn စသည့် ပင်မကြိယာ (M.V) များကိုပင် ပုဒ်စု ကြိယာဟုခေါ်သည်။ နောက်က on , up , over စသည်တို့မှာ Particle များဖြစ်ကြသည်။ Particle များကို နှာ 190 - 12. 8 ၌ သီးသန့်ဖော်ပြထားသည်။

S	+	P.T.V	+	O	+	Parti	+	@
ကတ္တား		ပုဒ်စုကံလိုကြိယာ		ကံ		နိပါတ်		

a. He *puts* a turban *on*.
သူသည် ဝတ်ဆင်သည် ခေါင်းပေါင်းတစ်ခုကို

b. She *turns* the radio *up*.
သူမသည် အသံချဲ့သည် ရေဒီယိုကို

c. A policeman *puts* the report *down*.
ရဲတစ်ယောက်က ရေးမှတ်သည် ယင်းသတင်းပေးပို့ချက်ကို

d. I *gave* smoking *up*.
ငါ စွန့်လွှတ်ခဲ့သည် ဆေးလိပ်သောက်ခြင်းကို

B. S + P.T.V + parti + O + @ ပုံစံဖြင့်ဖွဲ့ရေးသောဝါကျ

ယခုဝါကျပုံစံသည် နံပါတ် A. ၏ တစ်နည်း ပုံစံဖြစ်သည်။ A. မှပုံစံဖြင့်မရေးလိုပါက ယခု B ပုံစံဖြင့် ရေးနိုင်သည်။ အနက်မှာ အထက်ကနှင့် တူသည်။

Scanned by CamScanner

a.	He	*puts on*	a turban.
b	She	*turned up*	the radio.
c.	A policeman	*put down*	the report.
d	I	*gave up*	smoking.

C. S + P.T.V + O + FPP.h + @ ပုံစံဖြင့်ဆိုးသောဝါကျ

P.T.V နှင့် ဝိဘတ် မှာ အောက်ပါအတိုင်း ပုံသေရှိပြီးဖြစ်၏။ ကျန်သောနေရာ၌ မိမိကြိုက်ရာကို ထည့်သုံးနိုင်ပါသည်။

leave off = ——မှချွတ်ပစ်သည်။ let into =---အကြောင်းအသိပေးသည်။ shut in =---၌လှိုဝှေ့သွင်းသည်။
build on = ---၌အခြေပြုထားသည်၊ set against =---နှင့်စိတ်ဝမ်းကွဲစေသည်။ keep off = ---မှဝေးဝေးထားသည်၊
talk into =---နှင့်ပတ်သက်၍ဖျောင်းဖျသည်။ စသည်ဖြင့် များစွာရှိ၏။

S	+	P.T.V	+	O	+	F.P.Ph	+	@
ကတ္တား		ပုဒ်စုကံလိုကြိယာ		ကံ		ပုံသေဝိဘတ်ပုဒ်စု		

a.	The baby	*leaves*	its hat	*off its head.*
	ကလေးငယ်သည်	ချွတ်ပစ်သည်	ဦးထုပ်ကို	သူ့ခေါင်း မှ
b.	They	*let*	U Thein	*into this matter.*
	သူတို့သည်	အသိပေးသည်	ဦးသိန်းကို	ဤအကိစ္စအကြောင်း
c.	The baby	*shuts*	its thumb	*in the bottle.*
	ကလေးငယ်သည်	လှိုဝှေ့သွင်းသည်	သူ့လက်မကို	ပုလင်း ထဲသို့
d.	Buddhism	*builds*	its doctrine	*on reality.*
	ဗုဒ္ဓဘာသာသည်	အခြေပြုထားသည်	၎င်း၏ဝါဒကို	အရှိတရား အပေါ်မှာ
e.	I	*keep*	my self	*off the old disposition.*
	ငါသည်	ထားသည်	ငါ့ကိုယ်ငါ	အမူအကျင့်ဟောင်း မှဝေးရာ၌

D. S + P.T.V + parti + FPP.h + @ ပုံစံဖြင့်ဆိုးသောဝါကျ

P.T.V , parti , ဝိဘတ် ဤသုံးခုတို့မှာ ပုံသေရှိပြီးဖြစ်၏။ ကျန်နေရာ၌ ကြိုက်ရာကိုထည့်နိုင်သည်။

cry out against =---ကိုကန့်ကွက်သည်။ look forward to =---ကိုစောင့်မျှော်သည်။ cry out for =--ကိုပူဆာသည်။
look up to =အထင်ကြီးသည်။ look down on = အထင်ကြီးသည်၊ suck up to = ဖော်လံဖားသည်။ စသည်ဖြင့်
များစွာရှိ၏။ ဤကြိယာမျိုး အကျယ်ကို နှာ 319 - AP. 13 ၌ ရှုပါ။

S	+	P.T.V	+	Parti	+	F.P.Ph	+	@
ကတ္တား		ပုဒ်စုကံလိုကြိယာ		ဓိပါတ်		ပုံသေဝိဘတ်ပုဒ်စု		

a.	I	*look*	*forward*	*to your reply.*
	ငါ	စောင့်မျှော်တယ်		မင်းရဲ့ ပြန်ကြားချက်ကို
b	The child	*cries*	*out*	*for toy.*
	၎င်းကလေးသည်	ပူဆာသည်		ကစားစရာကို
c.	They	*cry*	out	*against the president's plan.*
	သူတို့သည်	ကန့်ကွက်ကြသည်		သမ္မတကြီး၏ အစီအစဉ်ကို
d.	I	*look*	up	*to the sincere-hearted.*
	ငါသည်	အထင်ကြီးသည်		စိတ်ရင်းရိုးဖြောင့်သူများကို

Scanned by CamScanner

e. I *look* down *on the crooked-minded.*
ငါသည် အထင်သေးသည် စိတ်ကောက်ကျစ်သူများကို

E. S + PT.V + O + parti + FPP.h + @ ပုံစံဖြင့်ဆိုရေးသောဝါကျ

P.T.V , parti နှင့် ဝိဘတ်တို့မှာ ပုံသေပါရှိပြီးဖြစ်သည်။ ကျန်နေရာ၌ ကြိုက်ရာထည့်နိုင်သည်။

play——off against =--ကို---နှင့်သွေးခွဲသည်။ take——out on =---ကို---အပေါ်ပုံချသည်။
frighten——out of = --ကို---အကြောင်းတပ်လှန့်သတိပေးသည်၊ take——out of =--ကို--မှဖယ်ရှားသည်။
ဤ ကြိယာမျိုး အရေအတွက်နည်းပါသည်။

S	+	P.T.V	+	O	+	Parti	+	F.P.Ph	+	@
ကတ္တား		ပုဒ်စုကံလိုကြိယာ		ကံ		နိပါတ်		ပုံသေဝိဘတ်ပုဒ်စု		

a. They play me *off* *against my friends.*
သူတို့က သွေးခွဲကြသည် ကျွန်ုပ်ကို ကျွန်ုပ်၏သူငယ်ချင်းများနှင့်

b. They take faults *out* *on me.*
သူတို့က ပုံချသည် အပြစ်တွေကို ကျွန်ုပ်အပေါ်

c. The newspaper frightend the public *out* *of terrorists.*
ဂျင်းသတင်းစာက တပ်လှန့်သည် လူထုကို အကြမ်းဖက်သူများအကြောင်း

d. Noble ones take negativities *out* *of their hearts.*
အရိယာတို့သည် ဖယ်ရှားပစ်ကြသည် အဆိုးတရားများကို သူတို့နှလုံးသားများထဲမှ

(လားအမေး၊ အငြင်း၊ ငြင်းမေး၊ များကို (Do) Verb များသုံး၍ပြုလုပ်သွားပါ။)

8.12 PHRASAL INTRANSITIVE VERB (P.I.V) ပုဒ်ရုက်မလိုကြိယာ ပါဝင်သောဝါကျ

(နှာ 26 မှ ပုဒ်ရုက်မလိုကြိယာ စကားအမှတ် (18) နှင့်တိုက်ဆိုင်လေ့လာပါ။)

P. I.V , parti တို့မှာ ပုံသေရှိပြီးဖြစ်၏။ ကျန်နေရာ၌ ကြိုက်ရာကိုထည့်နိုင်သည်။

A. S + P.I.V + parti + @ ပုံစံဖြင့်ဆိုရေးသောဝါကျ

come out = ထွက်ပေါ်လာသည်။ break out = ဖြစ်ပွားသည်၊ get up = အိပ်ရာထသည်။
break down = စက်ပျက်သည်။ book in = စာရင်းပေးသွင်းသည်၊ get back = ပြန်လည်ရောက်ရှိသည်။
get away = ဝေးရာသို့ထွက်ခွါသည်၊ စသဖြင့်များစွာရှိ၏။

S	+	P.I.V	+	Parti	+	@
ကတ္တား		ပုဒ်စုကံမလိုကြိယာ		နိပါတ်		

a. The polar star *comes out.*
ဓ္ရုဝ်ကြယ် ပေါ်လာသည်။

b. An odd disease *breaks out* in Africa.
ထူးဆန်းရောဂါတစ်မျိုး ဖြစ်ပွားသည်။ အာဖရိကတိုက်မှာ

c. I *get up* early.
ကျွန်ုပ် အိပ်ရာထသည် စောစော

d. His car *breaks down.*
သူ၏ ကား ပျက်သည်။

Scanned by CamScanner

e. She *books* *in* at the guest house.
သူမသည် စာရင်းပေးသည် တည်းခိုခန်းမှာ

B. S + PI.V + FPP.h + @ ပုံစံဖြင့်ဆရးသောဝါကျ

P. I.V နှင့် ဝိဘတ်တို့မှာ ပုံသေရှိပြီးဖြစ်၏။ ကျန်နေရာ၌ ကြိုက်ရာကိုထည့်နိုင်သည်။

ask after = မာကြောင်းသာကြောင်းမေးမြန်းသည်။ break with = အဆက်အသွယ်ဖြတ်သည်။
come under =ပါဝင်သည်။ burst into = ရုတ်တစ်ရက်ပေါ်လာသည်။ count on = ယုံစားအားကိုးသည်။
စသည်ဖြင့် များစွာရှိ၏။ ဤကြိယာမျိုး အကျယ်ကို နှာ 319 - AP. 14 ၌ ရှုပါ။

S	+	P.I.V	+	F.P.Ph	+	@
ကတ္တား		ပုဒ်စုကံဗလိုကြိယာ		ပုံသေဝိဘတ်ပုဒ်စု		

a. The old man *asks* after my father.
ဂင်းအဖိုးကြီးသည် မာကြောင်းသာကြောင်းမေးသည် ကျွန်ုပ်၏အဖေအတွက်

b. She *breaks* with her parents.
သူမသည် အဆက်အသွယ်ဖြတ်သည် သူမ၏မိဘများနှင့်

c. Mankind *comes* under mammal.
လူသားမျိုးနွယ်သည် ပါဝင်သည် နို့တိုက်သတ္တဝါမျိုး၌

d. Her eyes *bursts* into tear.
သူမ၏မျက်လုံးများသည် ရုတ်တစ်ရက်ပေါ်လာသည် မျက်ရည်များ

C. S + PI.V + parti + FPP.h + @ ပုံစံဖြင့်ဆရးသောဝါကျ

P. I .V , parti နှင့် ဝိဘတ်တို့မှာ ပုံသေပါရှိပြီးဖြစ်သည်။ ကျန်နေရာ၌ ကြိုက်ရာထည့်နိုင်သည်။

give up on =---အပေါ်မျှော်လင့်ချက်ကုန်သည်။ catch up with =---နှင့်ရင်ပေါင်တန်းသည်။ go in for =
၌ဝင်၍ယှဉ်ပြိုင်သည်၊ live up to = ---နှင့်အညီနေထိုင်သည်၊ go along with = ---နှင့်အဆင်ပြေသည်။
go over to =---သို့ဖက်ပြောင်းသည်။

S	+	P.I.V	+	Parti	+	F.P.Ph	+	@
ကတ္တား		ပုဒ်စုကံဗလိုကြိယာ		ဒိပါတ်		ပုံသေဝိဘတ်ပုဒ်စု		

a. U Ba *gives* *up* *on his sons.*
ဦးဘသည် မျှော်လင့်ချက်ကုန်သွားသည် သူ့သားများအပေါ်

b. China *catches* up *with the industrialized world.*
တရုတ်ပြည်သည် ရင်ပေါင်တန်းသည် စက်မှု ဖွံ့ဖြိုးသောကမ္ဘာနှင့်

c. We *go* in *for boat race.*
ကျွန်ုပ်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည် လှေပြိုင်ပွဲမှာ

d. People *live* up *to morality.*
လူအများသည် နေထိုင်ကြသည် စာရိတ္တနှင့်အညီ

8.13 (BE) VERB = ရှိ / ဖြစ်ကြိယာ ပါသောဝါကျ။

(နှာ 26 မှ ရှိ / ဖြစ်ကြိယာ စကားအမှတ် (19) နှင့်တိုက်ဆိုင်လေ့လာပါ။)

မှတ်ချက် ။ ။ ဇယားအမှတ် (19) မှ နံပါတ် 1 , 2 , 3 , 4 ဝါကျပုံစံများကို UNIT - 4 ၌ပြခဲ့ပြီ။ သို့ဖြစ်၍ နံပါတ် (5) ပုံစံကိုသာ ပြပါမည်။

Scanned by CamScanner

A. S + (Be) + Adj + FPP.h ပုံစံဖြင့်ရေးသောဝါကျ

အချို့ နာမဝိသေသန (Adj) များမှာ ၎င်းတို့နောက်က ပုံသေဝိဘတ် အမြဲလိုက်သုံးရသည်။ ဤ Adj မျိုး အင်္ဂလိပ်စာ၌ အများအပြားရှိသည်။ (အလားတူ နာမဝိသေသနများကို နှာ 186 - 3 ၌ရှုပါ။)

interested in = ---ကိုစိတ်ဝင်စားသော။ addicted to =--ကိုစွဲလမ်းသော၊ gifted at = --၌ပါရမီပါသော၊ afraid of =--ကိုကြောက်လန့်/စိုးထိတ်သော၊ satiated in =--ကိုအားရဝအီသော၊ endowed with =--နှင့်ပြည့်ဝသော။ စသည်ဖြင့်များလှ၏။

S	+	(Be)	+	Adj	+	F.P.Ph
ကတ္တား		ရှိ/ဖြစ်ကြီယာ		နာမ/ဝိ		ပုံသေဝိဘတ်ပုဒ်စု

a.	He	is	*interested*	in magic.
	သူသည်	စိတ်ဝင်စားသည်		မျက်လှည့်ပညာကို
b.	She	was	*addicted*	to cigarette.
	သူမသည်	စွဲခဲ့သည်		စီးကရက်ကို
c.	I	am	*gifted*	at music.
	ကျွန်ုပ်သည်	ပါရမီပါသည်		ဂီတ ဖက်၌
d.	Elephants	are	*afraid*	of caterpiller.
	ဆင်များသည်	ကြောက်ကြသည်		ပိုးတွန့်ကောင်ကို
f.	They	are	*satiated*	in luxury.
	သူတို့သည်	ဝအီနေကြသည်		ဇိမ်ခံပစ္စည်းကို
g.	The man	is	*endowed*	with compassionate love.
	၎င်းလူကြီးသည်	ပြည့်ဝသည်		မေတ္တာတရားနှင့်

မှတ်ချက်။ ။လားအမေး ၊ အငြင်း ၊ ငြင်းမေးတို့ကို UNIT - 4 ၌ပြခဲ့သောနည်းများအတိုင်းပြုလုပ်သွားပါ။

8.14 ဝါကျပုံစံအခန်း အချုပ်မှတ်ဖွယ်

1. ဝါကျပုံစံပေါင်း (48) ခုရှိသည်။
2. ပင်မကြိယာပါလျက် ကံမလိုသော ဝါကျပုံစံပေါင်း (17) ခုရှိသည်။
3. ပင်မကြိယာပါလျက် ကံလိုသော ဝါကျပုံစံပေါင်း (26) ခုရှိသည်။
4. ရှိ/ဖြစ် ကြိယာပါသော ဝါကျပုံစံပေါင်း (5) ခုရှိသည်။
5. ဝါကျပုံစံ (48) ခု ၌ စကားအဂီါ (7) မျိုးမှ သင့်လျော်ရာကို ထည့်ရေးသွားပါက ဝါကျရ၏။ ဝါကျပုံစံသည် ဝါကျရေးရန် အတွက်ရှေ့ပြေး လမ်းညွှန်ပင်ဖြစ်သည်။

8.15 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါအင်္ဂလိပ်ဝါကျများကို မည်သည့်ဝါကျပုံစံဖြင့်ရေးထားသည်ကိုသိနိုင်ရန် ဝါကျပုံစံအသီးသီးထုတ်ပြပါ။ မျဉ်းသားထားသောနေရာများသည် ပဓာန ဝါကျပုံစံ၌ မပါဝင်သောကြောင့်၎င်းနေရာကို ဝါကျပုံစံ၌ ထည့်ရန်မစဉ်းစားပါနှင့်။

a. The battery lasts two weeks. (I.V ပါသော နှာ 25 ဇယား 7 မှာကြည့်ပါ။)
(battery = ဓာတ်ခဲ ၊ last = ကြာရှည်ခံသည် ၊ two weeks = နှစ်ပတ်ကြာကြာ)

b. This meeting results in quarrel. (I.V ပါသော နှာ 25 ဇယား 7 မှာကြည့်ပါ။)
(meeting = အစည်းအဝေး ၊ result in = နိဂုမ်းချုပ်သည်။ quarrel = စကားများရန်ဖြစ်ခြင်း)

Scanned by CamScanner

c. The pen writes smooth. (I .V ပါသော နှာ 25 ဇယား 7 မှာကြည့်ပါ။)
(smooth = ချောမွေ့.ညက်ညောသော)

d. Mahattama Gandhi lived a noble life. (I .V ပါသော နှာ 25 ဇယား 7 မှာကြည့်ပါ။)
(live = အသက်ရှင်နေထိုင်သည်။ noble = မြတ်သော ၊ life = ဘဝ)

e. My master warns me of my slackness. (T .V ပါသော နှာ 25 ဇယား 8 မှာကြည့်ပါ။)
(master = သခင် ၊ warn of = သတိပေး သည် ။ slackness = ပေါ့လျော့မှု)

f. The ancient temple looks renovated. (LK .V ပါသော နှာ 25 ဇယား 9 မှာကြည့်ပါ။)
(ancient temple = ရှေးဟောင်း ဘုရားကျောင်း ၊ renovate = ပြန်လည်ပြုပြင်သည်)

g. The troops stand ready to march. (LK .V ပါသော နှာ 25 ဇယား 9 မှာကြည့်ပါ။)
(troops = စစ်တပ်ဖွဲ့မျာ ၊ stand = ——သောအခြေအနေမှာရှိသည် ၊ ready = အသင့်ဖြစ်သော၊ to march = ××××
ချီတက်ရန်)

h. My opinion comes true. (LK .V ပါသော နှာ 25 ဇယား 9 မှာကြည့်ပါ။)
(come = --လာသည် ၊ true = မှန်ကန်သော ၊ opinion = ထင်မြင်ချက်)

i. The island remains virgin. (LK .V ပါသော နှာ 25 ဇယား 9 မှာကြည့်ပါ။)
(island = ကျွန်း ၊ remain = --မြဲ--နေသည် ၊ virgin = လူသူထိတွေ့.မှုမရှိသော)

j. He made a journey last month. (DE.V ပါသော နှာ 25 ဇယား 10 မှာကြည့်ပါ)
(make = (အနက်မရှိ) journey = ခရီး ၊ last month = ပြီးခဲ့သည့်လက)

k. Daw Daw will take a meditation during Thingyan. (DE.V ပါသော နှာ 25 ဇယား 10 မှာကြည့်ပါ)
(take = (အနက်မဲ့) meditation = တရားထိုင်ခြင်း ၊ during Thingyan = သင်္ကြန်အတွင်းမှာ)

l. My mother left coffee for me. (D.V ပါသော နှာ 25 ဇယား 11 ကိုကြည့်ပါ။)
(left = ချန်ထား သည်၊ coffee = ကော်ဖီ)

m. He submits himself to the teacher. (D.V ပါသော နှာ 25 ဇယား 11 ကိုကြည့်ပါ။)
(submit = ဦးကြို့ အပ်နှံသည်၊ himself = သူ.ကိုယ်သူ ၊ teacher = ဆရာသမား)

n. She says to me { that she could not hope her life. } (D.V ပါသော နှာ 25 ဇယား 11 ကိုကြည့်ပါ။)
(say =ပြောသည်၊ that she could not hope her life. =သူမ၏အသက်ကို မျှော်လင့်၍ မရနိုင်လောက်ပါဟု)

o. Ma Nu thinks her life to be harmed. (TK.V ပါသော နှာ 25 ဇယား 12 ကိုကြည့်ပါ။)
(think = ထင်သည်၊ her life = သူမ၏ဘဝ ၊ to be harmed = ဖျက်ဆီးခံရတယ်လို့)

p. I dislike people to litter rubbish on roads. (E.V ပါသော နှာ 25 ဇယား 13 ကိုကြည့်ပါ။)
(dislike = မနှစ်သက်ပါ၊ people = လူများ၊ to litter = စွန့်ပစ်တာကို၊ rubbish =အမှိုက်၊ on roads = လမ်းတွေပေါ်မှာ)

q. They find a corpse burnt. (S.V ပါသော နှာ 26 ဇယား 14 ကိုကြည့်ပါ။)
(find = တွေ့.ရှိသည် ၊ corpse = လူသေအလောင်း ၊ burnt = မီးလောင်ပြီး/ထား)

r. We are watching two jet-fighters flying. (S.V ပါသော နှာ 26 ဇယား 14 ကိုကြည့်ပါ။)
(watch = စောင့်ကြည့်သည် ၊ two = နှစ်စင်း ၊ jet-fighter = တိုက်လေယာဉ် ၊ flying = ပျံသန်းနေတာကို)

s. The girl keeps her lips poutting. (C.V ပါသော နှာ 26 ဇယား 15 ကိုကြည့်ပါ။)
(keep = --နေတဲ့အတိုင်းထားသည် ၊ her lip = သူမ၏နှုတ်ခမ်း ၊ poutting = စူလျက်)

t. Daw Daw has her umbrella stitched. (C.V ပါသော နှာ 26 ဇယား 15 ကိုကြည့်ပါ။)
(had = ———ခိုင်းသည်၊ her umbrella = သူမ၏ထီး၊ stitched = ချုပ်ထား/ပြီး)

Scanned by CamScanner

u. His proposal makes us disappointed. (C.V ပါသော နှာ 26 ဇယား 15 ကိုကြည့်ပါ။)
(proposal = အဆိုပြုချက် ၊ make = ———စေသည်၊ disappointed = စိတ်ပျက်သော)

v. Explorers call the cape Victoria. (CT.V ပါသော နှာ 26 ဇယား 16 ကိုကြည့်ပါ။)
(explorers = စူးစမ်းရှာဖွေသူများ ၊ call = ခေါ်သည်၊ cape = အင်္ဂ၊ Victoria = ဝိတိုရိယ)

w I like dried fish baked. (CT.V ပါသော နှာ 26 ဇယား 16 ကိုကြည့်ပါ။)
(dried fish = ငါးခြောက်၊ baked = ဖုတ်ပြီး /ထား)

x. The baby takes its sock off. (PT.V ပါသော နှာ 26 ဇယား 17 ကိုကြည့်ပါ။)
(baby = ကလေးငယ် ၊ took ——off = ချွတ်ပစ်သည်၊ its sock = သူ၏ခြေအိပ်၊)

y. The lady is afraid of eel. ((Be) ပါသော နှာ 26 ဇယား 19 ကိုကြည့်ပါ။)
(lady = အမျိုးသမီး၊ afraid of = ကြောက်သော ၊ eel = ငါးရှဉ့်)

2. အထက်ပါ ဝါကျများအနက် a မှ j အထိ ဆယ်ခုကို တစ်ခုလျှင် လား-အမေး၊ အငြင်း ၊ ဟူ၍ (2) မျိုးစီပြုလုပ်ပါ။

3. နံပါတ် u , v , w , x , y ဝါကျများကို ကတ္တားကိုသိလိုသော လဲ-အမေး အမှတ် (1) ဝါကျများအဖြစ်ပြောင်းပါ။

4. နံပါတ် a , b , c , d , f ဝါကျများကို ကြို/ဝိ ကိုသိလိုသော လဲ-အမေး အမှတ် (1) ဝါကျများအဖြစ်ပြောင်းပါ။

5. နံပါတ် c , h , u ဝါကျများကို နာမ/ဝိ ကိုသိလိုသော လဲ-အမေး ဝါကျများအဖြစ်ပြောင်းပါ။

6. နံပါတ် h , i , k , y ဝါကျများသည် အခြေခံဝါကျအမျိုးအစားကြီး (4) ခုတွင် မည်သည့်အမျိုးအစား၌ ပါဝင်ကြသနည်း။

7. နံပါတ် d , f , s ဝါကျများမှ ဝေါဟာရအသီးသီးကို စကားအဂို (7) မျိုး၏အမည်များထဲမှ ဆီလျော်ရာအမည်များပေးပါ။

8. နံပါတ် g , j , o ဝါကျများမှ ဝေါဟာရအသီးသီးကို ဝါကျအဂို (9) မျိုး၏အမည်များထဲမှဆီလျော်ရာအမည်များပေးပါ။

ဝါကျပုံစံအခန်းပြီးပါပြီ။

Scanned by CamScanner

UNIT. 9

SENTENCES OF FOUR TENSES
(ကာလဆိုင်ရာ ကြိယာများနှင့်စပ်သော ဝါကျများ)

နံပါတ် အကြောင်းအရာ စာမျက်နှာ

9. 1 ကာလဆိုင်ရာကြိယာပုံစံများ ---------- 106
9. 2 ပင်မကြိယာပါသော ဝါကျပုံစံများနှင့် ၎င်းတို့နှင့်ဆိုင်ရာ ကြိယာပုံစံများ ----------107
9. 3 ရှိ/ဖြစ်ကြိယာပါသော ဝါကျပုံစံများနှင့် ၎င်းတို့နှင့်ဆိုင်ရာ ကြိယာပုံစံများ ---------- 108
9. 4 ကံလိုအပ်သောကြိယာပါသည့် ဝါကျပုံစံများနှင့် ၎င်းတို့နှင့်ဆိုင်ရာ ကြိယာပုံစံများ---------- 108
9. 5 Four Present Tense ဇယားအမှတ် (21) ---------- 109
9. 6 Simple Present Tense ကြိယာပုံစံပါသောဝါကျများ: ---------- 109
9. 7 Active Voice မှ Passive Voice သို့ပြောင်းပုံ ---------- 110
9. 8 Passive Voice Sentences (ခံရသူပဓာန နမူနာဝါကျများ:) ---------- 111
9. 9 (O) ပါသော အခြားဝါကျများ၏ ခံရသူပဓာန နမူနာဝါကျများ:---------- 111
9. 10 Present Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 113
9. 11 Present Perfect Tense ကြိယာပုံစံပါသောဝါကျများ: ---------- 115
9.12 Present Perfect Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 118
9.13 Four Past Tenses ဇယားအမှတ် (22) ---------- 119
9.14 Simple Past Tense ကြိယာပုံစံပါသောဝါကျများ: ---------- 120
9.15 Past Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 120
9.16 Past Perfect Tense ကြိယာပုံစံပါသောဝါကျများ: ----------121
9.17 Past Perfect Continuous Tense ကြိယာပုံစံပါသောဝါကျများ: ----------121
9.18 Four Future Tenses ဇယားအမှတ် (23) ---------- 122
9.19 Simple Future Tense ကြိယာပုံစံပါသောဝါကျများ: ---------- 122
9.20 Future Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 123
9. 21 Future Perfect Tense ကြိယာပုံစံပါသောဝါကျများ: ---------- 124
9. 22 Future Perfect Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 125
9. 23 Four Modal Tenses ဇယားအမှတ် (24) ---------- 125
9. 24 Simple Modal Tense ကြိယာပုံစံပါသောဝါကျများ: ---------- 126
9. 25 can, could, may, might, shall, should, will, would, must, ought to, (Have) , need, dare, used to ပါသောဝါကျများ: ---------- 126—136
9. 39 Modal Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 137
9. 40 Modal Perfect Tense ကြိယာပုံစံပါသောဝါကျများ: ---------- 138 —140
9. 47 Modal Perfect Continuous Tense ကြိယာပုံစံပါသောဝါကျများ: ---------- 141
9. 49 လက်တွေ့လေ့ကျင့်ခန်းများ: ---------- 141

Scanned by CamScanner

9.1 FOUR TENSES = ကာလဆိုင်ရာကြိယာပုံစံများ:

အောက်ဝါကြိယာပုံစံ (42) ခုတို့၏ ဖြန်မဖြန်အနက်များကို နှာ 22 - 2.13 ၌ဖြေခဲ့ပြီးပြီ။

ဇယား: (21) Present Tense ကြိယာပုံစံများ		
(Active Verb Forms) = ပြုသူ ပဓာနကြိယာပုံစံ		(Passive Verb Forms) = ခံရသူ ပဓာနကြိယာပုံစံ
ပင်မကြိယာ (12) ခုလုံးဆိုင်	ရှိ/ဖြစ်ကြိယာနှင့်သာဆိုင်	(O) ပါသော ပင်မကြိယာ (9) ခုနှင့်သာဆိုင်
V. 1 (Be)1 + V.4 (Have)1 + V.3 (Have)1+ been +V.4	(Be)1 (Be)1 + Adj (Have)1 + been (Have)1 + been + Adj	(Be)1 + V.3 (Be)1 + being + V.3 (Have)1 + been +V.3
ထူးခြားကြိယာပုံစံဝေါင်း (11) ခု ။		

ဇယား: (22) Past Tense ကြိယာပုံစံများ		
(Active Verb Forms) = ပြုသူ ပဓာနကြိယာပုံစံ		(Passive Verb Forms) = ခံရသူ ပဓာနကြိယာပုံစံ
ပင်မကြိယာ (12) ခုလုံးဆိုင်	ရှိ/ဖြစ်ကြိယာနှင့်သာဆိုင်	(O) ပါသော ပင်မကြိယာ (9) ခုနှင့်သာဆိုင်
V.2 (Be)2 +V.4 had + V.3 had + been + V.4	(Be)2 (Be)2 + Adj had + been had + been + Adj	(Be)2 + V.3 (Be)2 + being +V.3 had + been +V.3
ထူးခြားကြိယာပုံစံဝေါင်း (11) ခု ။		

ဇယား: (23) Future Tense ကြိယာပုံစံများ:		
(Active Verb Forms) = ပြုသူ ပဓာနကြိယာပုံစံ		(Passive Verb Forms) = ခံရသူ ပဓာနကြိယာပုံစံ
ပင်မကြိယာ (12) ခုလုံးဆိုင်	ရှိ/ဖြစ်ကြိယာနှင့်သာဆိုင်	(O) ပါသော ပင်မကြိယာ (9) ခုနှင့်သာဆိုင်
S/W + V.1 S/W + be +V.4 S/W + have +V.3 S/W + have + been +V.4	S/W + be S/W + be + Adj S/W + have + been S/W + have + been + Adj	S/W + be + V.3 S/W + have + been +V.3
ထူးခြားကြိယာပုံစံဝေါင်း (10) ခု ။		

ဇယား: (24) Modal Tense ကြိယာပုံစံများ:		
(Active Verb Forms) = ပြုသူ ပဓာနကြိယာပုံစံ		(Passive Verb Forms) = ခံရသူ ပဓာနကြိယာပုံစံ
ပင်မကြိယာ (12) ခုလုံးဆိုင်	ရှိ/ဖြစ်ကြိယာနှင့်သာဆိုင်	(O) ပါသော ပင်မကြိယာ (9) ခုနှင့်သာဆိုင်
M + V.1 M + be +V.4 M + have + V.3 M + have + been +V.4	M + be M + be + Adj M + have + been M + have + been + Adj	M + be + V.3 M + have + been + V.3
ထူးခြားကြိယာပုံစံဝေါင်း (10) ခု ။		

Scanned by CamScanner

9.2 စာမျက်နှာ **106 - 9.1** ဇယားများမှ ပင်မကြိယာ (12) ခုလုံးနှင့်ဆိုင်သော ကြိယာပုံစံ (16)ခုကို အောက်ပါဝါကျ ပုံစံများတွင် မြားပြထားသော ကြိယာများ၏နေရာ၌ ထည့်သုံးရသည်။ ပင်မကြိယာ ဆိုင်ရာ ပြုသူ ပစာနကြိယာပုံစံများ ဖြစ်၏။

ကြိယာပုံစံ (16)

1. V.1
2. (Be)1 + V.4
3. (Have)1 + V.3
4. (Have)1+ been +V.4
5. V.2
6. (Be)2 +V.4
7. had + V.3
8. had + been + V.4
9. S/W + V.1
10. S/W + be +V.4
11. S/W + have +V.3
12. S/W + have + been +V.4
13. M + V.1
14. M + be +V.4
15. M + have + V.3
16. M + have + been +V.4

ဝါကျပုံစံ (43)

1.	S	+	I.V					
2.	S	+	I.V	+	F PP.h			
3.	S	+	I.V	+	Adv- Obj			
4.	S	+	I.V	+	Adj			
5.	S	+	I.V	+	a/an + Adj + N			
6.	S	+	T.V	+	O			
7.	S	+	T.V	+	O	+	F.P.Ph	
8.	S	+	LK.V	+	Adj			
9.	S	+	LK.V	+	T.V.3			
10.	S	+	LK.V	+	P.Ph			
11.	S	+	LK.V	+	S.C			
12.	S	+	LK.V	+	Full - Infin			
13.	S	+	DE.V	+	(a/an/the/Poss-Adj)	+	O	
14.	S	+	D.V	+	I.O	+	D.O	
15.	S	+	D.V	+	D.O	+	to/for + I.O	
16.	S	+	D.V	+	to	+	I.O	+ D.O (N.Cl)
17.	S	+	D.V	+	with	+	I.O	+ D.O (N.Cl)
18.	S	+	D.V	+	from	+	I.O	+ D.O (N.Cl)
19.	S	+	TK.V	+	O	+	O.C (Infin)	
20	S	+	E.V	+	O	+	O.C (to V.1)	
21.	S	+	E.V	+	O	+	O.C (V.1+ ing)	
22.	S	+	S.V	+	O	+	O.C (V.1)	
23.	S	+	S.V	+	O	+	O.C (V.4)	
24.	S	+	S.V	+	O	+	O.C (T.V.3)	
25.	S	+	S.V	+	O	+	O.C (Adj)	
26.	S	+	C.V	+	O	+	O.C (V.1)	
27.	S	+	C.V	+	O	+	O.C (V.4)	
28.	S	+	C.V	+	O	+	O.C (T.V.3)	
29.	S	+	C.V	+	O	+	O.C (Adj)	
30.	S	+	C.V	+	O	+	O.C (Parti)	
31.	S	+	C.T.V	+	O	+	O.C (N)	
32.	S	+	C.T.V	+	O	+	O.C (T.V3)	
33.	S	+	C.T.V	+	O	+	O.C (Adj)	
34.	S	+	C.T.V	+	O	+	O.C (as + N)	
35.	S	+	C.T.V	+	O	+	O.C (as + Adj)	
36.	S	+	P.T.V	+	O	+	Parti	
37.	S	+	P.T.V	+	Parti	+	O	
38.	S	+	P.T.V	+	O	+	F.P.Ph	
39.	S	+	P.T.V	+	Parti	+	F.P.Ph	
40.	S	+	P.T.V	+	O	+	Parti	+ F.P.Ph
41.	S	+	P.I.V	+	Parti			
42.	S	+	P.I.V	+	F.P.Ph			
43.	S	+	P.I.V	+	Parti	+	F.P.Ph	

ဝါကျပုံစံပေါင်း (48) ခုရှိသည့်အနက် ရှိ/ဖြစ်ကြိယာ (Be) ပါသော ဝါကျပုံစံ (5) ခုကို ချန်လှပ်ထားသည်။

Scanned by CamScanner

9.3 နှာ 106 - 9.1 ဇယားများမှ ရှိ/ဖြစ်ကြိယာ (Be) ပါသော ကြိယာပုံစံ (16)ခုကို အောက်ပါဝါကျပုံစံများမှ မြားပြထားသော (Be) နေရာ၌ ထည့်သုံးရသည်။ ၎င်း (16) ခုသည် ရှိ/ဖြစ်ကြိယာဆိုင်ရာ ပြုသူပဓာနကြိယာပုံစံများဖြစ်၏။

1. (Be)1
2. (Be)1 + Adj
3. (Have)1 + been
4. (Have)1 + been + Adj
5. (Be)2
6. (Be)2 + Adj
7. had + been
8. had + been + Adj
9. S/W + be
10. S/W + be + Adj
11. S/W + have + been
12. S/W + have + been + Adj
13. M + be
14. M + be + Adj
15. M + have + been
16. M + have + been + Adj

1.	S	+	(Be)	+	S.C	
2.	S	+	(Be)	+	P.Ph	
3.	S	+	(Be)	+	Adj	
4.	S	+	(Be)	+	Parti	
5.	S	+	(Be)	+	Adj	+ F.P.Ph

ဝါကျပုံစံ (48) ခုအနက် (M. V) နှင့်သာဆိုင်သော ဝါကျပုံစံ (43) ခုကို ချန်ထားသည်။

9.4 နှာ 106 - 9.1 ဇယားများမှ (O) ပါသော ပင်မကြိယာ (9) ခုနှင့်သာဆိုင်သော ကြိယာပုံစံ (10) ခုကို (O) ပါသော အောက်ပါဝါကျပုံစံများ၌ မြားပြထားသော (M. V) များ၏နေရာ၌ ထည့်သုံးရသည်။ ခံရသူ ပဓာနကြိယာပုံစံများဖြစ်၏။

1. (Be)1 + V.3
2. (Be)1 + being + V.3
3. (Have)1 + been + V.3
4. (Be)2 + V.3
5. (Be)2 + being + V.3
6. had + been + V.3
7. S/W + be + V.3
8. S/W + have + been + V.3
9. M + be + V.3
10. M + have + been + V.3

1.	S	+	T.V	+	O	
2.	S	+	T.V	+	O	+ F.P.Ph
3.	S	+	DE.V	+	(a/an/the/Poss-Adj)	+ O
4.	S	+	D.V	+	I.O	+ D.O
5.	S	+	D.V	+	D.O	+ to/for + I.O
6.	S	+	D.V	+ to	I.O	+ D.O (N.Cl)
7.	S	+	D.V	+ with	I.O	+ D.O (N.Cl)
8.	S	+	D.V	+ from	I.O	+ D.O (N.Cl)
9.	S	+	TK.V	+	O	+ O.C (Infin)
10.	S	+	E.V	+	O	+ O.C (to V.1)
11.	S	+	E.V	+	O	+ O.C (V.1+ ing)
12.	S	+	S.V	+	O	+ O.C (V.1)
13.	S	+	S.V	+	O	+ O.C (V.4)
14.	S	+	S.V	+	O	+ O.C (T.V.3)
15.	S	+	S.V	+	O	+ O.C (Adj)
16.	S	+	C.V	+	O	+ O.C (V.1)
17.	S	+	C.V	+	O	+ O.C (V.4)
18.	S	+	C.V	+	O	+ O.C (T.V.3)
19.	S	+	C.V	+	O	+ O.C (Adj)
20.	S	+	C.V	+	O	+ O.C (Parti)
21.	S	+	C.T.V	+	O	+ O.C (N)
22.	S	+	C.T.V	+	O	+ O.C (T.V3)
23.	S	+	C.T.V	+	O	+ O.C (Adj)
24.	S	+	C.T.V	+	O	+ O.C (as + N)
25.	S	+	C.T.V	+	O	+ O.C (as + Adj)
26.	S	+	P.T.V	+	O	+ Parti
27.	S	+	P.T.V	+	Parti	+ O
28.	S	+	P.T.V	+	O	+ F.P.Ph
29.	S	+	P.T.V	+	O	+ Parti + F.P.Ph

ဝါကျပုံစံ (48) ခုအနက် (O)မပါသော ဝါကျပုံစံ (19) ခုကို ချန်ထားသည်။

KKTT

Scanned by CamScanner

FOUR TENSES = ကာလဆိုင်ရာကြိယာပုံစံ (4) မျိုး

(1) FOUR PRESENT TENSES (ပစ္စုပ္ပန် ကြိယာ ပုံစံကြီး (4) မျိုး)
(2) FOUR PAST TENSES (အတိတ် ကြိယာ ပုံစံကြီး (4) မျိုး)
(3) FOUR FUTURE TENSE (အနာဂတ် ကြိယာပုံစံကြီး (4) မျိုး)
(4) FOUR MODAL TENSES (စိတ် အမူအရာ ဆိုင်ရာ ကြိယာ ပုံစံကြီး (4) မျိုး)

9.5 FOUR PRESENT TENSES (ပစ္စုပ္ပန် ကြိယာ (4) မျိုး)

ဇယား- (25) FOUR PRESENT TENSES (ပစ္စုပ္ပန်ကြိယာပုံစံ 4 မျိုး)

Num စဉ်	Name အမည်	Active Verb Forms ပြုသူ ပဓာန ကြိယာပုံစံများ	Passive Verb Forms ခံရသူ ပဓာနကြိယာပုံစံများ
1	Simple ရိုးရိုး Present ပစ္စုပ္ပန် Tense ကြိယာပုံစံ	1. V.1 — သည် 2. (Be).1 ရှိသည်/ဖြစ်သည် 3. (Be).1 + Adj — သည်	(Be)1 + V.3 ---ခြင်းခံရသည်
2	Present ပစ္စုပ္ပန် Continuous ပြုဆဲ /ဖြစ်ဆဲ Tense ကြိယာပုံစံ	(Be).1 + V.4 ---နေသည် /---လျက်ရှိသည်	(Be).1 + being + V.3 ---ခြင်းခံနေရသည်
3	Present ပစ္စုပ္ပန် Perfect ပြီးစီး Tense ကြိယာပုံစံ	1. (Have).1 + V.3 ---ပြီးပြီ/---ထားသည်/---လာသည် 2. (Have).1 + been =---- ရှိပြီးပြီ/ ဖြစ်ပြီးပြီ/ ရှိလာသည် /ဖြစ်လာသည် 3. (Have).1 + been + Adj --- ပြီးပြီ/---လာသည်	(Have).1 + been + V.3 ---ခြင်းခံဂုပြီးပြီ/---ခြင်းခံထားရသည် ---ခြင်းခံလာရသည်
4	Pre-Perfect ပစ္စုပ္ပန် ထစ်ချိန်လုံး Continuous ပြုလာ/ဖြစ်လာ Tense ကြိယာပုံစံ	(Have).1 + been + V.4 တစ်ချိန်လုံး----၍နေလာသည်	Nil (မရှိ)

မှတ်ချက် ။ ။ (1) V.1 ၏ဆိုလိုရင်းကို နှာ 17 - 2. 4 ၌ ရှု ပါ။
(2) (Be).1 ဆိုသည်ကား (am , is , are)

9.6 *Simple Present Tense* ဝါကျများ

A. V.1 ဝါ သော (Active Voice = ပြုသူဝဓာန) နမူနာဝါကျများ

ဤ Tense ကို ပင်မကြိယာ(M.V) များဖြင့်

1. သဘာဝထုံးစံ -
2. နေ့စဉ်ပြုလုပ်ရသောကိစ္စ -
3. ပင်ကိုယ် အလေ့အထ -
4. မြဲသော အပြုအမူ/ကိစ္စ -
5. အချိန်ဇယားဖြင့် ဆောင်ရွက်ရသောအများပြည်သူဆိုင်ရာကိစ္စ -
6. လုပ်ငန်းစဉ် အစီအစဉ် / ခရီးစဉ်အစီအစဉ် -

တို့ကိုဖော်ပြရာ၌သုံးသည်။ ယခုပြောဆိုနေဆဲအချိန်၌ ဖြစ်ပျက် ၊ ပြုမူနေဆဲ ဟုမဆိုလိုပေ။ (နမူနာဝါကျများ၌ ဆိုင်ရာကြိယာပုံစံ ခွင်ဝင်အောင် ရေးထားသည့်နေရာကို မျဉ်သား၍ ပြထားသည်။)

Scanned by CamScanner

1. The sun *rises* in the east. (သဘာဝထုံးစံ) (S + I.V + @)
နေသည် အရှေ့အရပ်မှ တက်သည်။ (ထွက်သည်) ။

2. We *go* to school every day. (နေ့စဉ်ပြုလုပ်ရသောကိစ္စ) (S + T.V + O + @)
ကျွန်ုပ်တို့ နေ့စဉ် ကျောင်းသို့ သွားကြသည်။

3. He does not *smoke* cigarette. (ပင်ကိုယ် အလေ့အထ) (S + T.V + O)
သူသည် စီးကရက်ကို မသောက်ပါ။

4. Brazil *produces* sugar. (မြဲသော အပြုအမူ/ကိစ္စ) (S + T.V + O)
ဘရာဇီးနိုင်ငံသည် သကြားထုတ်လုပ်သည်။

5. The museum *opens* at 8 a.m and *closes* at 4 p.m. (အများပြည်သူဆိုင်ရာကိစ္စ) (S + I.V + @)
ပြတိုက်သည် နံနက် ရှစ်နာရီမှာ ဖွင့်ပြီး ၊ ညနေ လေးနာရီမှာပိတ်သည်။

6. First you *sit* in cross-legged position; *keep* the body straight and you *focus* attention on the tip of nose. (လုပ်ငန်းစဉ် အစီအစဉ်)
ရှေးဦးစွာ သင်သည် တင်ပလ္လင်ခွေပုံစံဖြင့်ထိုင်ရသည်။ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့် ထားရပြီး၊ နှာသီးဖျားမှာ အာရုံကို စူးစိုက်ထားရသည်။

B. (Be)1 ဝါ သော (Active Voice = ပြုသူဝစာန) နစူနာဝါကျများ (PassiveVoice မရှိ)

1. U Ba *is* a doctor.? (S + (Be) + S.C)
ဦးဘသည် ဖြစ်သည် ။

2. The lessons *are* over. (S + (Be) + Parti)
၎င်း သင်ခန်းစာများသည် ပြီးဆုံးပြီ။

C. (Be)1 + Adj ဝါ သော (Active Voice = ပြုသူဝစာန) နစူနာဝါကျများ (PassiveVoice မရှိ)

1. The weather *is* fine. (S + (Be) + Adj)
ရာသီဥတုသည် သာယာသည်။

9.7 Active Voice မှ Passive Voice သို့ပြောင်းနည်းဓည်းကမ်းချက်များ။

အပိုဒ်ခွဲ 9.4 မှ ဝါကျပုံစံများဖြင့်ရေးထားသည့် ဝါကျများကိုသာ Active Voice မှ Passive Voiceသို့ပြောင်းနိုင်သည်။

1. ဝါကျသည် အထက်မှာပြထားသည့်အတိုင်း (O) ပါသောဝါကျပုံစံများဖြင့်ရေးထားသော Active Voice ကြိယာပုံစံ ပါသည့် ဝါကျဖြစ်ရမည်။

2. M.V များဖြစ်ကြသော T.V, D.V, DE.V, TK.V, E.V, S.V, C.V စသည်တို့၏နေရာ မှ Active Voice ကြိယာပုံစံများကို Passive Voice ကြိယာပုံစံ ဝင်အောင် ပြောင်းရသည်။

3. ဤသို့ပြောင်းရာ၌ Passive Voice ကြိယာပုံစံထဲမှ (Be) , (Have) တို့၏ ဧကဝုစ်/ဗဟုဝုစ်ကို ရှေ့ကို ရောက်လာသော နာမ် ၊ နာမ်စား တို့၏ ဧကဝုစ် ၊ ဗဟုဝုစ် အတိုင်း တူညီအောင် ထားရသည်။

4. ကံ (O) ကို ဝါကျ၏ ရှေ့ဆုံးသို့ ပို့ရသည်။

5. ကံ (O) သည် ကံ နာမ်စား (me , us , you , him , her, it , them) တို့ဖြစ်ပါက ရှေ့သို့ပို့သောအခါ ဆိုင်ရာကတ္တား နာမ်စား (I , We , You , He , She , It , They) ဟုပြောင်းရမည်။

6. ကတ္တား (S) ကို by ၏နောက်မှာတွဲ၍ ဝါကျ၏နောက်ဆုံးသို့ ပို့ရသည်။ အပြုအမူ ၊ အဖြစ်အပျက်ကိုသာ အလေးပေးလိုပြီး ကတ္တားကို အရေးမကြီး၍ အလေးမပေးလိုပါက ၎င်းအတွဲကို မထည့်ပဲထားနိုင်သည်။

7. အနက်ပေး (ဘာသာပြန်) သောအခါ Passive Voice ပြန်နည်းနှင့် Active Voice အနက်အတိုင်း ပြန်နည်းဟု နှစ်မျိုးပြန်နိုင်သည်။ Passive Voice ပြန်နည်းမှာ တစ်ခါတစ်ရံ မြန်မာစကားနှင့် အဆင်မပြေလှချေ။ Active Voice ပြန်နည်းကား အမြဲတမ်း အဆင်ပြေသည်။

Scanned by CamScanner

သရုပ်ပြပုံစံ ။ ။



(Active Voice ဝါကျ)

(Passie Voice ဝါကျ)

9.8 (Be).1 + V.3 ဝါ သော (Passive Voice = ခံရသူပဓာန) နမူနာဝါကျများ

နမူနာ (1) Ma Ma *hates* Maung Kyaw. (A.V = ပြုသူ ပဓာန ဝါကျ)
မမ သည် မုန်းသည် မောင်ကျော်ကို
Maung Kyaw is hated by Ma Ma. (P.V = ခံရသူ ပဓာန ဝါကျ)
မောင်ကျော်သည် မုန်းခြင်းခံရသည် မမ၏

နမူနာ (2) Ma Ma *hates* him.
မမသည် မုန်းသည် သူကို
He *is hated* by Ma Ma. (P.V) (him ကို He သို့ ပြောင်။)
သူသည် မုန်းခြင်းခံရသည် မမ၏ (P.V ဘာသာပြန်နည်း)
မမသည် သူကို မုန်းသည်။ (A.V အတိုင်းဘာသာပြန်နည်း)

နမူနာ (3) They *buy* antiques. (A.V ဝါကျ)
သူတို့သည် ဝယ်ကြသည် ရှေးဟောင်းပစ္စည်းများကို
Antiques *are bought* by them. (P.V) ။ They ကို them သို့ပြောင်း ။)
သူတို့သည် ရှေးဟောင်းပစ္စည်းများကိုဝယ်ကြသည် ။ (A.V အတိုင်းဘာသာပြန်နည်း)
(are ကိုရွေးသုံးသည်မှာ ဗဟုဝုစ် antiques နှင့်အညီ ဖြစ်၏ ။ ဗဟုဝုစ် They ကို ကြည့်ပြီး are ရွေးသည်မဟုတ်။)

နမူနာ (4) She *sells* fruits. (A.V ဝါကျ)
သူမသည် ရောင်းသည် သစ်သီးများကို
Fruits *are sold* by her. (P.V) ။ She ကို her သို့ပြောင်းသည်။)
သစ်သီးများသည် ရောင်းခြင်းခံကြရသည် သူမ၏ (P.V ဘာသာပြန်နည်း)
(fruits နှင့် အညီ ဗဟုဝုစ် are ကို ရွေးသုံးရသည်။ she ကိုကြည့်ပြီး is ကို မသုံးရ။)

နမူနာ (5) The coast guard *seizes* human-smugglers. (A.V ဝါကျ)
ကမ်းခြေစောင့်တပ်သည် ဖမ်းဆီးသည် လူမှောင်ခိုကူးသူများကို (P.V) ။ ကတ္တားအရေးမကြီး၍ဖြုတ်)
Human-smugglers *are seized.*
လူမှောင်ခိုကူးသူများသည် ဖမ်းဆီးခြင်းကိုခံကြရသည်။ (P.V ဘာသာပြန်နည်းနှင့်သာ အဆင်ပြေဆုံးဖြစ်သည်)

မှတ်ချက် ။ ။ အထက်ပါ ခံရသူပဓာနဝါကျ (P.V) များ၏ ဝါကျပုံစံကိုထုတ်မည်ဆိုပါက- (O + T.V + S) ဟု ပြုသူပဓာနဝါကျပုစံနှင့် ပြောင်းပြန်ဖြစ်နေသည်ကို တွေ့ရမည်။

9.9 (O) ပါသော အခြားဝါကျများ၏ Passive Voice ဝါကျနမူနာများ။

A. S + D.V + I.O + D.O ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

1. He *gives* me a book. (A.V ဝါကျ ။ (D.O) ကိုရှေထုတ်သည်။)
A book *is given* to me by him. (P.V ဝါကျ) I.O ၏ရှေ့၌ to ထည့်ပေး။
စာအုပ်တစ်အုပ်သည် ကျွန်ုပ်ကို သူ၏ ပေးခြင်းကိုခံရသည် (P.V ပြန်နည်း)
သူသည် ကျွန်ုပ်ကို စာအုပ်တစ်အုပ် ပေးသည်။ (A.V ပြန်နည်း)

2. He *gives* me food. (A.V ဝါကျ ။ (I.O) ရှေ့ ထုတ်သည်း)
I *am given* food by him. (P.V ဝါကျ)

ကျွန်ုပ်သည် သူ၏ အစားအစာ ပေးခြင်းကိုခံရသည် (P.V ဘာသာပြန်နည်း)
သူသည် အစားအစာကို ကျွန်ုပ်ကို ပေးသည်။ (A.V ပြန်နည်း)

B. S + DE.V + (a/an/the/Poss-Adj) + O ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

The Buddha *gave* a sermon. (A.V ဝါကျ)
A sermon *was given* by Buddha (P.V ဝါကျ)
တရားတစ်ပုဒ်သည် ဗုဒ္ဓဘုရား၏ ဟောခြင်းကိုခံခဲ့ရသည်။ (P.V ဘာသာပြန်နည်း)
ဗုဒ္ဓဘုရားသည် တရားတစ်ပုဒ်ကို ဟောခဲ့သည်။ (A.V အတိုင်းပြန်နည်း)

C. S + TK.V + O + O.C (Infin) ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

He *thinks* her to live in Yangon. (A.V ဝါကျ)
She *is thought* by him to live in Yangon. (P.V ဝါကျ)
သူမသည် ရန်ကုန်မှာနေသည်ဟု သူ၏ ထင်ခြင်းခံရသည် ။ (P.V ဘာသာပြန်နည်း)
သူမ ရန်ကုန်မှာ နေထိုင်တယ်လို့ သူထင်သည် ။ (A.V အတိုင်းပြန်နည်း)

D. S + E.V + O + O.C (to V.1) ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

He *expects* me to come early. (A.V ဝါကျ)
I *am expected* by him to come early. (P.V ဝါကျ)
ကျွန်ုပ်သည် စောစာ လာတာကို သူ၏ မျှော်လင့်ခြင်းခံရသည်။ (P.V ဘာသာပြန်နည်း)
ကျွန်ုပ် စောစော လာတာကို သူ မျှော်လင့်သည် ။ (A.V အတိုင်းပြန်နည်း)

E. S + S.V + O + O.C (V.4) ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

I *catch* a man stealing mangoes. (A.V ဝါကျ)
A man *is caught* by me stealing mangoes. (P.V ဝါကျ)
လူတစ်ယောက်သည် သရက်သီးများခိုးနေတာကို ကျွန်ုပ်၏ မိခြင်းခံရသည်။ (P.V ဘာသာပြန်နည်း)
ကျွန်ုပ် လူတစ်ယောက် သရက်သီးများ ခိုးနေတာကို မိသည် ။ (A.V အတိုင်းပြန်နည်း)

F. S + C.V + O + O.C (Adj) ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

The sun *makes* us warm. (A.V ဝါကျ)
We *are made* warm by the sun. (P.V ဝါကျ)
ကျွန်ုပ်တို့သည် နေ၏ ပူနွေး စေခြင်းကိုခံရသည်။ (P.V ဘာသာပြန်နည်း)

G. S + C.T.V + O. + O.C (N) ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

We *call* him Sin Bauk. (A.V ဝါကျ)
He *is called* Sin Bauk by us. (P.V ဝါကျ)
သူသည် ဆင်ပေါက်ဟု ကျွန်ုပ်တို့၏ ခေါ်ခြင်းကိုခံရသည်။ (P.V ဘာသာပြန်နည်း)
ကျွန်ုပ်တို့ သူ့ကို ဆင်ပေါက် ဟု ခေါ်ကြသည် ။ (A.V အတိုင်းပြန်နည်း)

H. S + P.T.V + O + Parti ပုံစံဝါကျ၏ (A.V ဝါကျ) နှင့် (P.V ဝါကျ)

She *turns* the radio *up*. (A.V ဝါကျ)
The radio *is turned up* by her. (P.V ဝါကျ)
ရေဒီယိုသည် သူမ၏ အသံချဲ့ခြင်းကိုခံရသည်။ (P.V ဘာသာပြန်နည်း)
သူမသည် ရေဒီယိုကို အသံချဲသည် ။ (A.V အတိုင်းပြန်နည်း)

မှတ်ချက်။ ။ V.1 သက်သက်ပါသော (A.V) ဝါကျများ အတွက် လား-အမေး၊ အငြင်း ၊ ငြင်း-မေး ၊ လဲ-အမေးဝါကျများကို (Do) Verb များဖြင့်လည်းကောင်း ၊ (Be)1 ပါ ရောရှိပါသော (P.V) ဝါကျများအတွက် လား-အမေး ၊ အငြင်း ၊ ငြင်း-မေး ၊ လဲ-အမေးဝါကျများကို (Be)1 ကို ရှေ့ထုတ်ခြင်းဖြင့်လည်းကောင်း ပြုလုပ်ပါ။

Scanned by CamScanner

9.10 Present Continuous Tense ဝါကျများ

ဤ Tense ကို အပြုအမူတစ်ခုကို ပြုလုပ်နေဆဲ ၊ အဖြစ်အပျက်/ကိစ္စတစ်ခု ဖြစ်ပျက်နေဆဲ ဖြစ်သည်ကို ဖော်ပြရာ၌ သုံးသည်။ V.4 နေရာ၌ ပင်မကြိယာ (M.V) များ၏ V.4 ကို အသုံးပြုရသည်။ ယခု I.V နှင့် T.V လောက်ကိုသာသုံး၍ ပြပါမည်။

A. (Be)1 + V.4 ဝါ ဘော (Active Voice = ပြုသူဝဓာန) နမူနာဝါကျများ

1. Energy demand *is increasing.* (A.V ဝါကျ)
စွမ်းအင် လိုအပ်မှုသည် တိုးနေသည်

2. I *am getting* hungry. (A.V ဝါကျ)
ကျွန်ုပ် ဗိုက်ဆာလာနေပြီ။

3. A boy *is driving* the cows. (A.V ဝါကျ)
ယောက်ျားလေးတစ်ယောက်သည် ၎င်းနွားမများကို မောင်းနှင်နေသည်

B. (Be)1 + being + V.3 ဝါ ဘော (Passive Voice = ခံရသူဝဓာန) နမူနာဝါကျ

The cows *are being driven* by a boy. (P.V ဝါကျ)
၎င်း နွားမများသည် ယောက်ျားလေးတစ်ယောက်၏ မောင်းခြင်းကိုခံနေကြရသည် (P.V ပြန်နည်း)
ယောက်ျားလေးတစ်ယောက်သည် ၎င်းနွားမများကို မောင်းနှင်နေသည် (A.V ပြန်နည်း)

မှတ်ချက် ။ ။ အပြုအမူ/ကိစ္စ တစ်ခုကိုပြုလုပ်နေဆဲ မဟုတ်စေကာမူ ပြောဆိုနေသောအချိန်ကာလသည် ထိုကိစ္စ၏ အတောအတွင်းကာလ ဖြစ်ပါကလည်း ဤ Tense ကိုသုံးနိုင်ပါသည်။ ဥပမာ- ကျောင်းသား တစ်ယောက် သည် မန္တလေး၌ ကွန်ပျူတာသင်တန်းတက်နေသည် ဆိုပါစို့။ ၎င်း၏မိတ်ဆွေတစ်ဦးက ၎င်းကို ဘတ်(စ်)ကားပေါ်မှာတွေ့၍ "မင်း ဘာလုပ်နေသလဲ" ဟုမေးသောအခါ ထိုလူငယ်က "ကျွန်တော် ကွန်ပျူတာ တက်နေတယ်" ဟု ဖြေ၏။ အမှန်မှာ ပြောဆိုဆဲအချိန်၌ ဘတ်(စ်)ကားစီးနေခြင်းသာ ဖြစ်သည်။ အင်္ဂလိပ်စာ၌လည်း ဤနည်းအတိုင်း ဤ Tense ဖြင့် သုံးနိုင်ပါသည်။

နမူနာ ။ ။ I *am doing* a computer course.
ကျွန်ုပ်သည် ကွန်ပျူတာသင်တန်းတစ်ခုကို တက်နေသည်

C. မှတ်ချက်။ ။ အောက်ပါအမျိုးအစား ပင်မကြိယာ (M.V) များကို အောက်ပါ အနက်များဖြင့် Continuous Tense များ၌မသုံးပါ။ အခြားအနက်များနှင့်ဆိုလျှင် သုံးပါသည်။

1. **Sensitive Verb** (အရံဆိုင်ရာ ကြိယာ)
feel=ခံစားသည်, hear = ကြားသည်, see = မြင်သည်, smell = အနံ့ရသည်, notice = သတိထားမိသည်, taste = အရသာခံစားသည်,

2. **Emotional Verb** (ဓိတ်ခံစားမှုဆိုင်ရာ ကြိယာ)
admire = အထင်ကြီးလေးစားသည်, adore = မြတ်နိုးသည်, appreciate = တန်ဖိုးထားသည်, desire = ဆန္ဒရှိသည်, detest = မုန်းတီးသည်, like = နှစ်သက်သည်, dislike = မနှစ်သက်, fear = ကြောက်သည်, hate = မုန်းသည် , loathe = ရွံမုန်းသည်, love = ချစ်သည်, mind = စိတ်ရှိသည်, respect = လေးစားသည်, value = တန်ဖိုးထားသည်, want = လိုချင်သည်, wish = အလိုရှိသည်

3. **Linking Verb** (ချိတ်ဆက်ကြိယာ)
taste= ----သောအရသာရှိသည်, smell = ---သောအနံ့ရှိသည် , look = ကြည့်ရတာ----ပုံရသည်, fall=---သွားသည်, appear= ---ဟန်ရှိသည်, seem= ----ဟန်ရှိသည်, sound= ကြားရတာ----ဟန်ရှိသည်, prove= ----တာတွေ့ရသည်, remain=——မြဲ——နေသည်,

4. **Mental Verb** (ဓိတ်ပိုင်းဆိုင်ရာ ကြိယာ)
agree = သဘောတူညီသည်, assume = ဟန်ဆောင်သည်, believe = ယုံသည်, feel = ထင်မြင်သည်, forget = မေ့လျော့သည်,

Scanned by CamScanner

know = သိသည်, mean = ဆိုလိုသည်, perceive = ရိပ်စားမိသည်, realize = သိမြင်သည်, recognize = မှတ်မိသည်, recollect, remember = ပြန်အမှတ်ရသည်, see = သဘောပေါက်သည်, suppose = ယူဆသည်, think = ထင်သည်, trust = ယုံစားသည်, understand = နားလည်သည်,

5. **Possession Verb** (ပိုင်ဆိုင်မှုပြ ကြိယာ)

belong = ပိုင်ဆိုင်သည်, စပ်ဆိုင်သည်, posess, own = ပိုင်သည်, have = ပိုင်သည်/ရှိသည်

6. **Content Verb** (ပါဝင်မှုပြ ကြိယာ)

consist , include = ပါဝင်သည်, contain , hold = ဆံ့သည်, စသော ကြိယာများ

မှတ်ချက်။ ။ ဤ Tense ၌ (A.V) ဝါကျများရော (P. V) ဝါကျများပါ (Be)1 ပါရှိကြရာ (Be)1 ကို ရှေ့ထုတ်ခြင်းဖြင့် လား-အမေး၊ အငြင်း ၊ ငြင်း-မေး များကို ပြုလုပ်နိုင်သည်။

D. မှတ်ချက်။ ။ ဤ Tense ကို လက်ရှိပစ္စုပ္ပန်၌ ဖြစ်ပျက်နေဆဲအဖြစ်အပျက် အပြုအမူအတွက်သာမကမဖြစ်ပျက် သေးသော အနာဂတ်ကာလအတွက်လည်းပဲ သုံးနိုင်သည်။ သို့သော်ထိုအနာဂတ်အပြုအမူ အဖြစ် အပျက်သည် စောစောကတည်းက ကြိုတင်၍ စီစဉ်ထားသော၊ သတ်မှတ်ထားသော၊ စဉ်းစား ထားသော ကိစ္စဖြစ်ရမည်။
(--ဖို. ရှိသည်)။ (--ဖို. အစီအစဉ်ရှိသည်) ဟု ဘာသာပြန်ရသည်။
ပဌမဦးဆုံး စပြောသောစကားဖြစ်ပါက အနာဂတ်ကိုဖော်ပြသော ကြိယာဝိသေသနပုဒ်သို့မဟုတ် တိကျသောအချိန်ပြ ပုဒ်တစ်ခုကို ထည့်ပေးရ၏။

1. He *is meeting* David tomorrow. (A.V ဝါကျ)
သူသည် ဒေးဗစ်ကို မနက်ဖန် တွေ့ဆုံဖို့ရှိသည်။ (တွေ့ဆုံဖို့စီစဉ်ထားသည်)

2. They *are leaving* for Germany next year. (A.V ဝါကျ)
သူတို့သည် ဂျာမဏီသို့ နောက်နှစ်မှာ ထွက်ကြဖို့အစီအစဉ်ရှိသည်။

E. သို့သော် မိမိနှင့်တွေ့ဆုံနေသောသူကို မိမိ၏ အနီအစဉ်အကြောင်းပြောဆိုသည်ဖြစ်လျှင် အချို့သောကြိယာများအတွက် အနာဂတ်ကာလကို ပြသောပုဒ်ထည့်ပေးစရာမလိုပေ။ အကြောင်းမှာ ထိုသူက အနာဂတ်အတွက် ပြောခြင်းဖြစ်သည် ဟု သိနေသောကြောင့်ဖြစ်၏။

1. I *am seeing* him *off*. (A.V ဝါကျ) (see off = လိုက်ပို့နှုတ်ဆက်သည်)
ငါ သူ့ကို လိုက်ပို့ နှုတ်ဆက်ဖို့ရှိသည် ။

2. I *am meeting* her. (A.V ဝါကျ)
ငါ သူမကို တွေ့ ဆုံဖို့ရှိသည် ။

3. I *am flying* abroad. (A.V ဝါကျ)
ကျွန်ုပ် ပြည်ပသို့ လေယာဉ်နဲ့သွားဖို့အစီအစဉ်ရှိသည် ။

F. ခြွင်းချက်အားဖြင့် အချို့သောကြိယာများအတွက် ကြိုတင်စီစဉ်ထားခြင်းမရှိသော အပြုအမူများကိုလည်း အနာဂတ်ပြ သောပုဒ်မပါပဲ ဤ Tense ကို သုံးနိုင်ပါသည်။ (-မည်။ --တော့မည်။ --ဦးမည်။) ဟု ဘာသာပြန်ပါ။

1. I *am taking my bath.* (A.V ဝါကျ) take bath = ရေချိုးသည်။
ငါ ရေချိုးမယ်

2. I *am going.* (A.V ဝါကျ)
ကျွန်တော် သွားပါဦးမယ်။

G. မကြာခဏတွေ့မြင်နေရသော အပြုအမူ ၊ အဖြစ်အပျက်တစ်ခုကို မလိုလားမနှစ်သက်၍ ပြောရာ၌ always , forever တို့ကိုသုံး၍ ဤ Tense ကိုသုံးရသည်။ (--နေတော့တာပဲ) ဟုပြန်ပါ။

1. You *are* always only *looking for* my faults. (A.V ဝါကျ)
မင်းမလဲ ငါ့အပြစ်တွေကိုပဲ အမြဲ ရှာနေတော့တာပဲ။

Scanned by CamScanner

2. **The wind *is* forever *blowing*.** (A.V ဝါကျ)
လေက အမြဲတမ်း တိုက်နေတော့တာပဲ။

H. ဤ Tense ဖြင့် (Be).1 + going + to V.1 ကို ရည်ရွယ်ထား ၊ ဆုံးဖြတ်ထား ၊ သေချာပေါက် ယူဆထားသော အပြုအမူ ကိစ္စကိုဖော်ပြရာ၌ သုံးသည်။ (--မည် ။ -မှာပါ ။ -ဖို့ဆုံးဖြတ်ထားသည်) ဟုဘာသာပြန်ရသည်။

1. **I *am going to buy* a car.** (A.V ဝါကျ)
ကျွန်ုပ် ကားတစ်စီး *ဝယ်မှာပါ*။ (ဝယ်ဖို့ဆုံးဖြတ်ထားသည်)

2. **She *is not going to accept* your offer.** (A.V ဝါကျ)
သူမသည် သင်၏ ကမ်းလှမ်းချက်ကို *လက်ခံမည်မဟုတ်*။

3. **I *am going to writes* a letter.** (A.V ဝါကျ)
ကျွန်ုပ် စာတစ်စောင် *ရေးမည်*။ (ရေးဖို့ဆုံးဖြတ်ထားသည်)

I. **(Be)1 + going + to V.1** ကိုပင် အကြောင်းရင်းဖြစ်ပေါ်နေသည်ကိုတွေ့မြင်ရ၍ အကျိုးတရားသေချာပေါက် ဖြစ်ပေါ်လာတော့မည်ကို ဖော်ပြရာ၌ သုံးသည်။ (--တော့မည်။) ဟု ဘာသာပြန်ရသည်။

1. **It *is going to rain.*** (မိုးတိမ်များတက်လာသည်ကိုမြင်၍)
မိုးရွာတော့မည်။

2. **The train *is going to leave* for Yangon.** (စက်၌ ရထား တွဲထိုးထားသည်ကိုမြင်ရ၍)
ငှင်း ရထားသည် ရန်ကုန်သို့ *ထွက်ခွာတော့မည်* ။

J. **(Be)2 + going + to V.1** ကို အတိတ်ကာလက ပြုလုပ်ဖို့ဆုံးဖြတ်ထားခဲ့သော်လည်း မလုပ်ဖြစ်ခဲ့သော ကိစ္စကို ဖော်ပြရာ၌သုံးသည်။ (---ခဲ့မလို့ပါပဲ) ဟု ဘာသာပြန်ရသည်။

1. **He *was going to take* the examination. But——** (A.V ဝါကျ)
သူ စာမေးပွဲ *ဖြေခဲ့မလို့ပါပဲ* ဒါပေမဲ့--

2. **I *was going to go* abroad. But——** (A.V ဝါကျ)
ကျွန်ုပ်သည် နိုင်ငံခြားကို *သွားခဲ့မလို့ပါပဲ* ဒါပေမဲ့--

9.11 ***Present Perfect Tense*** ဝါကျများ

A. **(Have)1 + V.3** တိ ၊ ၏ (Active Voice = ဖြုံသူဝစား) နှစ်နာဝါကျများ နှင့်
(Have)1 +been + V.3 တိ ၊ ၏ (Passive Voice = ခံရသူဝစား) နှစ်နာဝါကျများ

မြန်မာလို (---ပြီးပြီ) ဟုဘာသာပြန်ရသော အပြုအမူ။အဖြစ်အပျက် (ဝါ) ကြိယာကို ဤ Present Perfect Tense ဖြင့်ရေးရသည်။ သို့သော် အချိန်ပြပုဒ်၊ ကြာချိန်ပြသောပုဒ်များကို မထည့်ရပါ။

1. **I *have walked.*** (A.V ဝါကျ)
ကျွန်ုပ်သည် *လမ်းလျှောက်ပြီးပြီ*။

2. **The baby *has slept.*** (The baby သည် ဧကဝုစ်ဖြစ်သဖြင့် ဧကဝုစ် has ကိုသုံးရသည်။)
ငှင်းကလေးငယ်သည် *အိပ်ပြီးပြီ*။

3. **She *has done* her homeworks.** (A.V ဝါကျ)
သူမသည် သူမ၏အိမ်စာများကို လုပ်ပြီးပြီ ။
Her homeworks *has been done* by her. (P.V ဝါကျ)
သူမ၏ အိမ်စာများသည် သူမ၏*လုပ်ခြင်းကိုခံရ ပြီးပြီ* ။ (P.V ပြန်နည်း)
သူမသည် သူမ၏ အိမ်စာများကို *လုပ်ပြီးပြီ* ။ (A.V အတိုင်းပြန်နည်း)

B. အပြုအမူ၊ အဖြစ်အပျက်တစ်ခုသည် ပြီးစီးပြီးဖြစ်သော်လည်း ငှင်း၏အကျိုးဆက် ကျန်နေသေးပါက ငှင်းအပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌ ဤ Tense ကိုသုံးသည်။ (--ထားသည်) ဟု အနက်ပေးရ၏။

Scanned by CamScanner

1. My mother *has cooked* rice. (A.V ဝါကျ)
ကျွန်ုပ်၏အမေသည် ထမင်းကို ချက်ထားသည် ။ (တိုးထဲ၌ ထမင်းရှိနေသေးသည့် သဘော)
Rice *has been cooked* by my mother. (P.V ဝါကျ)
ကျွန်ုပ်၏အမေသည် ထမင်းကို ချက်ထားသည် ။ (A.V အတိုင်းသာ အနက်ပေးလိုက်သည်။)

2. She *has written* letters. (A.V ဝါကျ)
သူမသည် စာများကို ရေးထားသည်။ (စာများ မပို့ရသေးပဲ ရှိနေသေးသည်။)
Letters *have been written* by her. (P.V ဝါကျ)
သူမသည် စာများကို ရေးထားသည် (A.V အတိုင်းသာ အနက်ပေးလိုက်သည်။)

C. ပြီးစီးပြီးဖြစ်သော်လည်း မြန်မာလို (--နေသည်) ဟုအနက်ပေးရသော အချို့အပြုအမူ/ အဖြစ်အပျက်များ ရှိပါသည်။ ၄င်းတို့မှာ ဖြစ်ပျက်ရာ၌ အချိန်ကြာကြာယူစရာမလိုသော ကြိယာများနှင်သက်ဆိုင်ပါသည်။ ဥပမာ- ကွဲ ၊ ကျိုး၊ ပြတ် ၊ ပေါက်ကွဲ ၊ သေ ၊ လဲကျ ၊ ပျောက်ဆုံး စသော ကြိယာများဖြစ်သည်။ ၄င်းအဖြစ်အပျက်များသည် ဖြစ်ပျက်ပြီးသွားသော်လည်း ၄င်း၏အကျိုးဆက်ကျန်နေသေးပါက မြန်မာတို့က (---နေသည်) ဟုပင် ပြောဆိုကြပါသည်။ဤအဖြစ်အပျက်မျိုးကိုလည်း ဤ Tense ဖြင့်ရေးရ၊ ပြောရသည်။ နမူနာဖြင့်ရှင်းပြပါမည်။ လူတစ်ယောက်၏ ခြေထောက်ကျိုးသည်ဆိုကြပါစို့။ ပြန်ကောင်းမလာသေးပဲ ချိုင်းထောက်နှင့်သွားနေရချိန်၌ သူကိုမြင်သူတိုင်းက (သူဟာ ခြေထောက်ကျိုး နေတယ်) ဟုပြောကြ၏။ အမှန်မှာ ကျိုးနေသည် မဟုတ်ပါ။ ကျိုးပြီးပါပြီ။ သို့သော် ပြန်ကောင်းမလာသေးသဖြင့် ကျိုးခြင်း၏ အကျိုးဆက်ရှိနေပါသေးသည်။ ထိုအခါမျိုး၌ ဤ Present Perfect Tense ကိုသုံးရပါသည်။

1. His leg *has broken*. (A.V ဝါကျ)
သူ၏ ခြေသည် ကျိုးနေသည်။ (ချိုင်းထောက်နှင့် သွားနေရဆဲအခါ ပြောပုံ ။ အမှန်မှာ ကျိုးပြီးပြီ။)

2. The cups *have been broken.* (P.V ဝါကျ)
ယင်း ခွက်များသည် ကွဲနေသည်။ (အကွဲ အစအနများကို တွေ့နေရ ဆဲအခါ ပြောပုံ။ အမှန်မှာ ကွဲ ပြီးပြီ။)

3. A dog *has died* on the road. (A.V ဝါကျ)
ခွေးတစ်ကောင်သည် လမ်းပေါ်မှာ သေနေသည် ။ (ခွေးသေကိုတွေ့မြင်နေရဆဲ၌ပြောပုံ။အမှန်မှာ သေပြီးပြီ။)

4. I *have lost* my key. (A.V ဝါကျ)
ကျွန်ုပ် ကျွန်ုပ်၏သော့ ပျောက်နေသည်။ (ပြန်မတွေ့ရသေးသောအခါ ပြောပုံ။ အမှန်မှာ ပျောက်ပြီးပြီ။)

(အကယ်၍ချိုင်းထောက်နှင့် မသွားရတော့သောအခါ ၊ အကွဲအစ များကိုမမြင်ရသောအခါ ၊ ခွေးသေကောင်ကိုမမြင်ရတော့သောအခါများ၌ ၊ သော့ပြန်တွေ့ရသောအခါ (---နေသည်) ဟု မပြောပဲ (---ခဲ့သည်) ဟုပြောရ၏။ အင်္ဂလိပ်လိုမှာလည်း Simple Past Tense ဖြင့်သာသုံးရ၏။)

D. အပြုအမူ၊ အဖြစ်အပျက်တစ်ခုသည် ပြီးစီးခါစ ဖြစ်ပါက ၄င်းအပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌ ဤ Tense ကို just ထည့်၍သုံးသည်။ (----ပြီးခါစ ဖြစ်သည်။ ခုတွင်ပဲ----ပြီးသည်။) ဟု အနက်ပေးရ၏။

1. I *have(just)eaten* four apples. (A.V ဝါကျ)
ကျွန်ုပ် ပန်းသီး လေးလုံးကို ခုတွင်ပဲ စားပြီးပြီ။

E. အပြုအမူ၊ အဖြစ်အပျက်တစ်ခုသည် အတော်ကြာကြာကပင် ပြီးစီးပြီးဖြစ်ပါက ၄င်းအပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌ ဤ Tense ကို already ထည့်၍သုံးသည်။ (--လို့တောင်ပြီးပြီ။ --ပြီးနှင့်ပြီ။) ဟု အနက်ပေးရ၏။

1. The train *has already left* . (A.V ဝါကျ)
ရထားသည် ထွက်သွားပြီးနှင့်ပြီ။ (ထွက်တောင် သွားပေါ့)

F. အပြုအမူ၊ အဖြစ်အပျက်တစ်ခုသည် မပြီးစီးသေးပါက ၄င်းအပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌ ဤ Tense ၏ အငြင်းဝါကျကို yet ထည့်၍သုံးသည်။ (မ ---သေးပါ) ဟု အနက်ပေးရ၏။

1. The train *has not left* yet. (A.V ဝါကျ)
ရထားသည် မထွက်သေးပါ ။

Scanned by CamScanner

G. အပြုအမူ၊ အဖြစ်အပျက်တစ်ခုသည် တစ်ကြိမ် တစ်ခါမျှ ဖြစ်ပျက်ပြီးပါက ၄င်းအပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌ ဤ Tense ကို ever ထည့်၍သုံးသည်။ (----ဖူးသည်) ဟု အနက်ပေးရ၏။ တစ်ကြိမ် တစ်ခါမျှ မဖြစ်ပျက်သေးပါက never ထည့်၍သုံးပြီး (မ----ဖူးပါ) ဟု အနက်ပေးရ၏။

1. I *have ever seen* a lion. (A.V ပါကျ)
ကျွန်ုပ် ခြင်္သေ့ကို မြင်ဖူးသည်။ တစ်ကြိမ်/ခါ

2. It *has never rained* here about. (A.V ပါကျ)
ဒီနေရာတစ်ဝိုက်မှာ မိုးမရွာဖူးပါ။

H. မြန်မာလို (---ပြီ) ဟုအနက်ပေးရသော အပြုအမူ ၊ အဖြစ်အပျက်များ၌လည်း ဤ Tense ကိုသာသုံးသည်။ အရေးကြီး ၇ သည်မှာ ၄င်းကိစ္စ ဖြစ်ပျက်ပြီးခါစ အခါ၌ ပြောဆိုခြင်းဖြစ်ရမည်။

1. Uncle *has arrived*. (A.V ပါကျ)
ဦးလေး ရောက်ပြီ။

2. So-called hero *has run* away. (A.V ပါကျ)
သူရဲကောင်းဆိုတဲ့အကောင် ထွက်ပြေးပြီ။

3. Htwe Nyo *has died*. (A.V ပါကျ)
ထွေးညို သေပြီ။

I. မြန်မာလို (---သွားပြီ၊ ---ပြီးပြီ) ဟု အနက်ရသော အပြုအမူ၊ အဖြစ်အပျက်ကို ဤ Tense ဖြင့်သုံးရသည်။ မလွန်သေးသော အချိန် ပြဋ္ဌာန်းကို ထည့်သုံးရသည်။

1. The postman *has come* this morning. (A.V ပါကျ) I have given his
စာပို့သမား ဒီမနက်မှာ လာသွားပြီ book this evening.
ဒီည၅

2. They *have taken* their books today. (A.V ပါကျ)
သူတို့သည် သူတို့၏စာအုပ်များကို ဒီနေ့ ယူသွားကြပြီ ။
Their books *have been taken* by them today. (P.V ပါကျ)
သူတို့သည် သူတို့၏စာအုပ်များကို ဒီနေ့ ယူသွားကြပြီ ။ (A.V အတိုင်းပြန်နည်း)

J. မြန်မာလို (တောက်လျှောက်----လာသည်) ဟု အနက်ပေးရသော၊ အတိတ်က စတင်၍ယခုထိ မပြီးဆုံးသေးသော အပြုအမူ၊ အဖြစ်အပျက်ကို ဖော်ပြရာ၌လည်း ဤ Tense ကိုသုံးပါသည်။ (for , since , till ဝိဘတ်များ ဦးစီးသည့် ၁၁ ဝိဘတ်ပုဒ်စုများ (သို့မဟုတ်) ကြာချိန်ကိုပြသော ကြို/ဝိ ပုဒ်များကို တွဲသုံးရသည်။)

1. I *have lived* in Mandalay for ten years. (A.V ပါကျ)
ကျွန်ုပ် မန္တလေးမှာ ဆယ်နှစ်ကြာအောင် နေထိုင်လာသည်။ (နေထိုင်ဆဲ)

2. The company *has built* the bridge since November. (A.V ပါကျ)
ယင်းကုမ္ပဏီသည် ၄င်းတံတားကို နိုဝင်ဘာလကတည်းက ဆောက်လာသည် ။ (ယခုထိ ဆောက်ဆဲ)

3. The bridge *has been built* by them since November. (P.V ပါကျ)
ယင်းကုမ္ပဏီသည် ၄င်းတံတားကို နိုဝင်ဘာလကတည်းက ဆောက်လာသည် ။ (A.V အတိုင်းပြန်နည်း)

4. Peter *has farmed* cattles all his life. (A.V ပါကျ)
ပီတာသည် သူ့ဘဝတစ်လျှောက်လုံး နွားများကို မွေးမြူလာသည် ။ (မွေးမြူဆဲ)

K. Present Perfect Tense ဖြင့် လားအဆုံးပါကျ ပြုလုပ်ပုံ

မှတ်ချက်။ ။ လား-အမေးပြု လုပ်သောအခါ Have , has တို့ကို ကတ္တား (S) ၏ရှေ့သို့ထုတ်ရသည်။

1. *Has* he *walked* ?
သူသည် လမ်းလျှောက်ပြီးပြီလား ။

2. *Has* uncle *arrived* ?
ဦးလေး ရောက်ပြီလား ။

3. *Have* trees *fallen* ?
သစ်ပင်များ လဲကျနေသလား ။

4. *Has* she *written* letters ?
သူမသည် စာများကို ရေးထားသလား

Scanned by CamScanner

5. *Have* letters *been written* by her?
သူမသည် စာများကို ရေးထားသလား ။

6. *Has* rice *been cooked* by mother?
အမေသည်ထမင်းကို ချက်ထားသလား

7. *Have* cattles *been farmed* all his life by Peter?
ပီတာသည် သူ့တစ်ဘဝလုံး နွားများကို မွေးမြူလာသလား

8. *Has* his novel *been written* by U Ba this week?
ဦးဘသည် ဒီအပတ်မှာ သူ့ဝတ္ထုကို ရေးပြီးသွားပြီလား

L. Present Perfect Tense ဖြင့်အငြင်းဝါကျပြုလုပ်ပုံ

မှတ်ချက် ။ ။ have, has နှင့် V.3 တို့ကြား၌ not ကို ထည့်ရေးပါ။

1. My mother *has not cooked* rice. (A.V ဝါကျ)
အမေသည် ထမင်းကို ချက်မထားပါ

2. The bridge *has not been built* by them since November. (P.V ဝါကျ)
ယင်းကုမ္ပဏီသည် ၎င်းတံတားကို နိုဝင်ဘာလကတည်းက ဆောက်လာသည်မဟုတ်ပါ။ (A.V အတိုင်းပြန်နည်း)

3. Letters *have not been written* by her.
သူမသည် စာများကို ရေးမထားပါ ။ မှတ်ချက်။ ။ (have, has တို့ကိုရှေ့ထုတ်ပြန်လျှင် ငြင်း-မေးဖြစ်ပြန်၏။)

M. (Have)1 + been ပါ သော (Active Voice = ဖြုတ်ဝေစာန) နဒုနာဝါကျများ (PassiveVoice မရှိ)

မှတ်ချက်။ ။ အတိတ်ကစ၍ ယခုထိ ဖြစ်ပျက် နေသေးသော ကိစ္စကိုဖော်ပြရာ၌ သုံးသည်။ (Have)1 + been နောက်၌ (S.C), (P.Ph), Particle များလိုက်ရသည်။ for, since, till ဝိဘတ်ပုဒ်စုများ သို့မဟုတ်ကြာချိန်ပြကြို/ဝိများ ကိုလည်း ထည့်ရသည်။ (Have)1 + been နေရာကို (ရှိလာသည်/နေလာသည်/ဖြစ်လာသည်) ဟုအနက်ပေးရသည်။

1. I *have been* a school-teacher till now. (S + (Be) + S.C) (A.V ဝါကျ)
ကျွန်ုပ် ကျောင်းဆရာတစ်ဦး ယခုအထိ ဖြစ်လာသည် ။

2. U Bo *has been* in Mandalay since 1990. (S + (I.V) + @) (A.V ဝါကျ)
ဦးဘိုသည် မန္တလေးမှာ ၁၉၉၀ ကတည်းက ရှိလာသည် (နေလာသည်)

N. (Have)1 + been + Adj ပါ သော (Active Voice = ဖြုတ်ဝေစာန) နဒုနာဝါကျများ (PassiveVoice မရှိ)

မှတ်ချက် ။ ။၎င်း ကြိယာပုံစံကိုလည်း အထက်ပါနည်းအတိုင်းသုံးသည်။ (--လာသည်) ဟုအနက်ပေး။

1. The weather *has been cold* since September. (S + (Be) + Adj) (A.V ဝါကျ)
ရာသီဥတုသည် စက်တင်္ဘာလကတည်းက အေး လာသည်။

2. He *has been addicted* to alcohol for ten years. (S + (Be) + Adj + FP.Ph) (A.V ဝါကျ)
သူသည် ဆယ်နှစ်ပတ်လုံး အရက်ကို စွဲ လာကြသည် ။

9.12 *Present Perfect Continuous Tense* ဝါကျများ (P. Voice မရှိ)

A. (Have)1 + been +V.4 ပါ သော (Active Voice = ဖြုတ်ဝေစာန) နဒုနာဝါကျများ

အတိတ်က စတင်၍ ယခုပြောဆိုနေဆဲ အချိန်၌ပင် မပြီးသေးပဲ ဆက်ဖြစ်နေသောအဖြစ်အပျက်များ၊ ပြီးခါစ ဖြစ်သော အဖြစ်အပျက်များကို ဖော်ပြရာ၌ ၎င်း Tense ကိုသုံးရသည်။ တစ်ချိန်လုံး ဖြစ်ပျက် ပြုမူနေသော သဘော ကိုဆောင်သည်။ Present Perfect Tense နှင့် ယခု Present Perfect Continuous Tense တို့၏ ကွာခြားချက်မှာ. . .

1. Present Perfect Tense ကို for, since, till, စသော ကြာညောင်းမှုကိုပြသော ကြို/ဝိ ပ္ပဓာန်းမှာတွဲသုံးမှသာ တောက်လျှောက်ဆက်၍ ဖြစ်ပျက်လာသော သဘော သက်ရောက်သဖြင့် (--လာသည်) ဟု အနက်ပေးနိုင်သည်။ မဟုတ်လျှင် ပြီးစီးခြင်းမျှ အနက်ဖြစ်သော (---ပြီးပြီ/---ထားသည်/---ပြီ) ဟုသာ အနက်ပေးနိုင်၏။ ယခု Tense မှာ ၎င်း ကြို/ဝိ ပုဒ်များပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တောက်လျှောက်သဘော သက်ရောက်သဖြင့် (တစ်ချိန်လုံး----လာသည် ။ တောက်လျှောက်----နေသည်။) ဟု အနက်ပေးနိုင်သည်။

2. Present Perfect Tense ကို (---လာသည်) ဟူသော အနက်နှင့် များသောအားဖြင့် လပိုင်း ၊ နှစ်ပိုင်းအထိကြာသော အဖြစ်အပျက် ကိုဖော်ပြရာ၌သုံးပြီး၊ Present Perfect Continuous Tense ကိုကား လပိုင်း ၊ နှစ်ပိုင်းအထိ ကြာသည်

Scanned by CamScanner

ဖြစ်စေ ၊ နာရီပိုင်း ၊ ရက်ပိုင်း ကြာသည်ဖြစ်စေ သုံးသည်။

3. Continuous Tense ဖြင့်မသုံးနိုင်သော နှာ 113 - C ၌ ဖော်ပြခဲ့သည့် Verb များကို Present Perfect Tense ဖြင့်သုံးနိုင်သည်။ ယခု Present Perfect Continuous Tense ဖြင့်ကား Continuous Tense နည်းတူ မသုံးနိုင်ပါ။

4. Present Perfect Tense ဖြင့် ပြုမူ ၊ ဖြစ်ပျက်သော အကြောင်းအရာကို အလေးပေးရာ၌သုံးပြီး ၊ ယခု Present Perfect Continuous Tense ဖြင့်ကား အကြောင်းအရာထက် တောက်လျှောက်ကြာညောင်းမှုကို ပို၍အလေးပေးရာ၌ သုံးသည်။

a. He *has been reading* the book for a week.
သူသည် ယင်းစာအုပ်ကို တစ်ပတ်ကြာအောင် တောက်လျှောက်ဖတ်လာသည် ။

b. The woman *has been looking* at me.
ယင်း မိန်းမကြီးသည် ကျွန်ုပ်ကို တစ်ချိန်လုံးကြည့်နေသည် ။

c. Monsoon *has been blowing* for a month.
မုတ်သုန်လေသည် တစ်လကြာအောင် တစ်ချိန်လုံးတိုက်လာသည် ။

d. They *have been living* in Mandalay.
သူတို့သည် မန္တလေးမှာ တောက်လျှောက်နေလာကြသည် ။

မှတ်ချက်။ ။ငှင်းတို့၏ လား-အမေး ၊ အငြင်း ၊ငြင်း-မေးများအတွက် have, has တို့ကိုရှေ့ဆုံးသို့ထုတ်ပါ။ အငြင်းအတွက် ငှင်းတို့ကိုရှေ့မထုတ်မီ နောက်တွင် not ထည့်ပါ။ ငြင်းမေး အတွက် have , has ကိုရှေ့လည်းထုတ်၊ not လည်းထည့်ပါ။

9.13 FOUR PAST TENSES (အတိတ် ကြိယာ (4) မျိုး)

ဇယား - (26) FOUR PAST TENSES (အ တိတ် ကြိယာ ပုံစံ 4 မျိုး)

Num စဉ်	Name အမည်	Active Verb Forms ပြုသူ ပဓာန ကြိယာပုံစံများ	Passive Verb Forms ခံရသူ ပဓာန ကြိယာပုံစံများ
1	Simple Past Tense ရိုးရိုး အတိတ် ကြိယာပုံစံ	1. V.2 ---ခဲ့သည် 2. (Be).2 ဖြစ်ခဲ့သည်/ရှိခဲ့သည် 3. (Be).2 + Adj --- ခဲ့သည်	(Be).2 + V.3 ---ခြင်းခံခဲ့ရသည်
2 ✳	Past Continuous Tense အတိတ် ပြုဆဲ/ဖြစ်ဆဲ ကြိယာပုံစံ	(Be).2 + V.4 ---နေခဲ့သည် /---လျက်ရှိခဲ့သည်	(Be).2 + being + V.3 ---ခြင်းခံနေခဲ့ရသည်
3	Past Perfect Tense အတိတ် ပြီးစီး ကြိယာပုံစံ	1. had + V3 ---ခဲ့ပြီးပြီ/----ထားခဲ့သည်/ ----လာခဲ့သည် 2. had + been ဖြစ်ခဲ့ပြီးပြီ/ရှိခဲ့ပြီးပြီ/ဖြစ်လာခဲ့သည်/ ရှိလာခဲ့သည် 3. had + been + Adj ----ခဲ့ပြီးပြီ/---လာခဲ့သည်	had + been + V.3 —ခြင်းခံခဲ့ရပြီးပြီ ---ခြင်းခံထားခဲ့ရသည် ---ခြင်းခံလာခဲ့ရသည်
4	Past-Perfect Continuous Tense အတိတ်-တစ်ချိန်လုံး ပြုလာ/ဖြစ်လာ ကြိယာပုံစံ	had + been + V.4 တစ်ချိန်လုံး----၍နေလာခဲ့သည်	Nil (မရှိ)

မှတ်ချက် ။ ။ (1) V.2 ၏ဆိုလိုရင်းကို နှာ 17 - 2. 4 ၌ ရှု ပါ။

(2) (Be).2 သည် (was , were) တို့ကိုဆိုလိုသည်။

Scanned by CamScanner

9.14 Simple Past Tense ဝါကျများ

ဤ Tense ဖြင့် အတိတ်၌ဖြစ်ပျက်ပြီးခဲ့သော အဖြစ်အပျက်/အပြုအမူကိုလည်းကောင်း၊ အတိတ်ကစတင်၍ အချိန်ကြာအောင်ဖြစ်ပျက်နေပြီးအတိတ်၌ပင် ပြီးခဲ့သောအဖြစ်အပျက်၊ အပြုအမူကိုလည်းကောင်း ပစ္စုပ္ပန်မှပြန်ပြောင်းပြောဆိုရာ၌ သုံးသည်။ အချိန်ကြာအောင်ဖြစ်ပျက်ခဲ့သော ကိစ္စအတွက် for , since , till များ ဦးစီးသော ဝိဘတ်ပုဒ်စုများ ထည့်ပေးရသည်။

A. V.2 ဝါ ၏ (Active Voice = ဖြုသူဝစား) နဓုနာဝါကျများ နှင့်
(Be)2 + V.3 ဝါ ၏ (Passive Voice = ံရသူဝစား) နဓုနာဝါကျများ
(V.2) နေရာ၌ပင်မကြိယာ - M.V (12) မျိုးတို့၏ V.2 များကိုသုံးရသည်။)

1. The baby *slept* on the mat yesterday. (A.V ဝါကျ)
ယင်းကလေးသည် မနေ့က ၎င်းဖျာပေါ်မှာ အိပ်ခဲ့သည် ။
2. The troops captured this city for six years. (A.V ဝါကျ)
၎င်းတပ်များက ဤမြို့ကို ခြောက်နှစ်ကြာအောင် သိမ်းပိုက်ခဲ့သည်။
This city *was captured* by the troops for six years. (P.V ဝါကျ)
ဤမြို့သည် ၎င်းတပ်များ၏ ခြောက်နှစ်ကြာအောင် သိမ်းပိုက်ခြင်းကိုခံခဲ့ရသည် ။
3. The police *arrested* thieves. (A.V ဝါကျ)
ရဲသည် သူခိုးများကို ဖမ်းခဲ့သည်
4. Thieves *were arrested* by the police. (P.V ဝါကျ)
သူခိုးများသည် ရဲ၏ ဖမ်းခြင်းကို ခံခဲ့ရသည်

B. (Be)2 ဝါ ၏ (Active Voice = ဖြုသူဝစား) နဓုနာဝါကျများ (PassiveVoice မရှိ)

1. U Ba *was* a businessman.
ဦးဘသည် စီးပွားရေးသမား တစ်ဦး ဖြစ်ခဲ့သည် ။
2. The athletes *were* at a gymnasium.
ယင်းအားကစားသမားများသည် အားကစားရုံ တစ်ခုမှာ ရှိခဲ့ကြသည်။

C. (Be)2+ Adj ဝါ ၏ (Active Voice = ဖြုသူဝစား) နဓုနာဝါကျများ (PassiveVoice မရှိ)

1. The children *were bonny.*
၎င်း ကလေးများသည် ချစ်စရာကောင်းခဲ့ကြသည်။
2. His proposal *was fantastic.*
သူ၏ အဆိုပြုချက်သည် စိတ်ကူးယဉ်ဆန်ခဲ့သည်။

V. 2 သက်သက်ပါသော (A.V) ဝါကျများအတွက် လား-အမေး ၊ အငြင်း ၊ ငြင်း-မေး ပြုလုပ်ရန် Did , did not တို့ကို သုံး၍လည်းကောင်း ၊ (Be) 2 ပါ ရောပါသော (P.V) ဝါကျများအတွက် လား-အမေး ၊ အငြင်း ၊ ငြင်း-မေးဝါကျများ ပြုလုပ်ရန် (Be) 2, (Be) 2 not တို့ကိုသုံး၍လည်းကောင်း UNIT -3 , UNIT - 4 က နည်းအတိုင်းပြုလုပ်ပါ။

9.15 Past Continuous Tense ဝါကျများ

A. (Be)2 + V4 ဝါ ၏ (Active Voice = ဖြုသူဝစား) နဓုနာဝါကျများ နှင့်
(Be)2 +being + V.3 ဝါ ၏ (Passive Voice = ံရသူဝစား) နဓုနာဝါကျများ

1. I *was studying* astrology last year. (A.V ဝါကျ)
ကျွန်ုပ်သည် မနှစ်က ဗေဒင်ကို လေ့လာနေခဲ့သည်။
2. Mary *was watching* a drama on television. (A.V ဝါကျ)
မေရီသည် ပြဇာတ်တစ်ခုကို ရုပ်မြင်သံကြားမှာ ကြည့်နေခဲ့သည်။
3. The plane *was being kept* by the hijackers. (P.V ဝါကျ)

Scanned by CamScanner

၄င်းလေယာဉ်သည် အနုကြမ်းစီးသူများ၏ သိမ်းထားခြင်းခံနေခဲ့ရသည် ။

4. The passengers *were being confined* by kidnappers. (P.V ဝါကျ)

ခရီးသည်များသည် ပြန်ပေးဆွဲသမားများ၏ ချုပ်ချယ်ခြင်းခံနေခဲ့ရသည် ။

(လား-အမေး ၊ အခြင်း ၊ ခြင်း-မေးဝါကျများ အတွက် (Be) 2 , (Be) 2 not တို့.ကိုသုံး၍ UNIT - 4 က နည်းအတိုင်းပြုလုပ်ပါ။

9.16 ***Past Perfect Tense*** ဝါကျများ

မှတ်ချက်။ ။ အတိတ်မှာ အစပြု၍ အတိတ်မှာပင်ပြီးစီးခဲ့ပြီး ပစ္စုပ္ပန်သို့.ရောက်မလာသော အဖြစ်အပျက်၊ အပြုအမူကို ဖော်ပြရာ၌ သုံးသည်။ (ကြာချိန်ပြသော for , since ဝိဘတ်ပုဒ်စု ပါလျှင် (---လာခဲ့သည်) ဟုပြန်ပါ။ သို့.သော်ပစ္စုပ္ပန် အထိမရောက်ပါ။) for , since ဝိဘတ်ပုဒ်စု မပါလျှင် (---ခဲ့ပြီးပြီ/---ထားခဲ့သည်) ဟုပြန်ပါ။

A. had + V.3 ပါ သော (Active Voice = ဖြုတ်ပုဒ်စား) နှစ်နာဝါကျများ နှင့်
had +been + V.3 ပါ သော (Passive Voice = ခံရဖုတ်ပုဒ်စား) နှစ်နာဝါကျများ

1. He *had learnt* Pâli language. (A.V ဝါကျ)
သူသည် ပါဠိဘာသာကို သင်ယူခဲ့ပြီးပြီ ။(သင်ယူထားခဲ့သည်)

2. He *had learnt* Pâli language for five years. (A.V ဝါကျ)
သူသည် ပါဠိဘာသာကို ငါးနှစ် ကြာအောင် သင်ယူလာခဲ့သည်။ (ယခုသင်သည်မဟုတ်)

3. The rock *had covered* the fossil for fifty million years. (A.V ဝါကျ)
၄င်းကျောက်တုံးသည် ၄င်းရုပ်ကြွင်းကို နှစ်သန်းငါးဆယ်ကြာအောင် ဖုံးအုပ်လာခဲ့သည်။(ယခုမဖုံးတော့ပါ) ____

4. The fossil *had been covered* by the rock for fifty million years. (P.V ဝါကျ)
၄င်းရုပ်ကြွင်းသည် ၄င်းကျောက်တုံး၏ နှစ်သန်းငါးဆယ်ကြာအောင် ဖုံးအုပ်ခြင်းခံလာခဲ့ရသည်။

B. ဤ Tense ဖြင့်ရေးထားသော ပင်မဝါကျကို နောက်မှဖြစ်ပျက်သော အခြားအဖြစ်အပျက်တစ်ခုကို ဖော်ပြသည့် Simple Past Tense ဖြင့်ရေးထားသော မှီခိုဝါကျနှင့် တွဲသုံးလေ့ရှိသည်။

1. When the police *approached* there, the snipers *had left.*
ရဲက ထိုနေရာသို့ ချဉ်းကပ်သွားခဲ့သောအခါ ချောင်းပစ်ခတ်သူများ ထွက်ခွါသွားခဲ့ကြပြီးပြီ။

2. Because I *had changed* my hair style, he *did not recognise* me
ကျွန်ုပ်သည် ကျွန်ုပ်၏ဆံပင်ပုံစံကို ပြောင်းထားခဲ့သောကြောင့် သူသည် ကျွန်ုပ်ကို မမှတ်မိခဲ့ပါ ။ ____

C. Had + been ပါ သော (Active Voice = ဖြုတ်ပုဒ်စား) နှစ်နာဝါကျများ (PassiveVoice မရှိ)

1. U Ba *had been* a civil servant.
ဦးဘသည် အရပ်ဖက်ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ပြီးပြီ ။

2. U Ba *had been* a civil servant till twenty years ago.
ဦးဘသည် လွန်ခဲ့သော နှစ်နှစ်ဆယ်အထိ အရပ်ဖက်ဝန်ထမ်းတစ်ဦး ဖြစ်လာခဲ့သည် ။

3. My aunt *had been* in India.
အဒေါ်သည် အိန္ဒိယမှာ ရှိခဲ့ပြီးပြီ (နေခဲ့ပြီးပြ ီ)

D. Had + been + Adj ပါ သော (Active Voice = ဖြုတ်ပုဒ်စား) နှစ်နာဝါကျများ (PassiveVoice မရှိ)

1. The weather *had been cold.*
ရာသီဥတုသည် အေးခဲ့ပြီးပြီ။

2. The weather *had been cold* for three months.
ရာသီဥတုသည် သုံးလကြာအောင် အေးလာခဲ့သည်။ (အေးနေခဲ့သည်)

9.17 ***Past Perfect Continuous Tense*** ဝါကျများ (P.Voice မရှိ)

ဤ Tense ကို အတိတ်ကာလ အချိန်တစ်ခုမှ အခြားအချိန်တစ်ခုထိ အဖြစ်အပျက်တစ်ခု တောက်လျှောက် ဖြစ်ပျက်

Scanned by CamScanner

လာခဲ့ပုံကို ဖော်ပြရာ၌သုံးသည်။ ပစ္စုပ္ပန် အထိ မရောက်ပါ ။ (တောက်လျှောက်/တစ်ချိန်လုံး --လာခဲ့သည်)။

A. Had + been + V.4 ဝါ ကော (Active Voice = ဖြုံသူဝစန) နမူနာဝါကျများ

1. He *had been hoping* that sort of chance.
သူသည် ထိုကဲ့သိုသော အခွင့်အရေးကို တစ်ချိန်လုံးမျှော်လင့်လာခဲ့သည် ။

2. Phyu Phyu *had been waiting* for the bus until it arrived.
ဖြူဖြူသည် ဘတ်(စ်)ကား မရောက်မချင်း တစ်ချိန်လုံးစောင့်လာခဲ့သည် ။

3. When I moved to Mandalay, Daw Daw *had been living* there for three years.
ကျွန်ုပ် မန္တလေးကို ပြောင်းခဲ့တော့ ဒေါ်ဒေါ် အဲဒီမှာ တစ်ချိန်လုံးနေလာခဲ့တာ သုံးနှစ် ရှိသွားပြီ။
(had ပါသော ယခုဝါကျမျိုးကို လား-မေး၊ အငြင်း၊ ငြင်းမေး လုပ်ရန် ၊ had ကိုရှေ့.ပို့.ခြင်း ၊ had နောက် not ထည့်ခြင်း ဖြင့်ပြုလုပ်ပါ။)

9.18 FOUR FUTURE TENSES (အနာဂတ် ကြိယာ (4) မျိုး)

ဇယား - (27)		FOUR FUTURE TENSES (အနာဂတ်ကြိယာပုံစံ 4 မျိုး)	
Num စဉ်	Name အမည်	Active Verb Forms ပြုသူပဓာန ကြိယာပုံစံများ	Passive Verb Forms ခံရသူ ပဓာန ကြိယာပုံစံများ
1	Simple Future Tense ရိုးရိုး အနာဂတ် ကြိယာပုံစံ	1. S/W + V.1 ----လိမ့်မည် 2. S/W + be ဖြစ်လိမ့်မည် / ရှိလိမ့်မည် 3. S/W + be + Adj ----လိမ့်မည်	S/W + be + V.3 ----ခြင်းခံရလိမ့်မည်
2	Future Continuous Tense အနာဂတ် ပြုဆဲ/ ဖြစ်ဆဲ ကြိယာပုံစံ	S/W + be + V.4 ----နေဆဲရှိလိမ့်မည် ----ပေလိမ့်ဦးမည်	Nil (ကြိယာပုံစံမရှိ)
3	Future Perfect Tense အနာဂတ် ပြီးစီး ကြိယာပုံစံ	1. S/W + have + V.3 ----ပြီးဖြစ်လိမ့်မည် 2. S/W + have + been ဖြစ်/ ရှိ ပြီးဖြစ်လိမ့်မည် 3. S/W + have + been + Adj --ပြီးဖြစ်လိမ့်မည်	S/W + have +been + V.3 ----ခြင်းခံရပြီးဖြစ်လိမ့်မည် ----ခြင်းခံထားရလိမ့်မည်
4	Fut-Perfect Continuous Tense အနာဂတ် တောက်လျှောက်ဆက် ကြိယာပုံစံ	S/W + have + been + V.4 ----လာသည်မှာ----ရှိသွားလိမ့်မည်	Nil (ကြိယာပုံစံမရှိ)

မှတ်ချက်။ ။ S = shall = —— လိမ့်မည် , W = will = —— လိမ့်မည် (နှာ 21-2. 11 အကူကြိယာ ၌ရှု။)

9.19 *Simple Future Tense* ဝါကျများ

A. S/W + V.1 ဝါ ကော (Active Voice = ဖြုံသူဝစန) နမူနာဝါကျများ

S/W + be + V.3 ဝါ ကော (Passive Voice = ခံရသူဝစန) နမူနာဝါကျများ

S/W + be + ဝါ ကော (Active Voice = ဖြုံသူဝစန) နမူနာဝါကျများ

S/W + be + Adj ဝါ ကော (Active Voice = ဖြုံသူဝစန) နမူနာဝါကျများ

ဤကြိယာပုံစံမျိုးကို ကြုံတင်ကြံစည် ၊ ရည်ရွယ်ထားခြင်းမရှိပဲ ၊ ပြုလုပ်မည်၊ ဆောင်ရွက်မည်ဟု ပဌမဆုံးနှင့်ချက်ချင်း ဆုံးဖြတ်ခြင်း ၊ သဘောတူခြင်း ၊ ကတိပေးခြင်း တို့.အတွက်သုံးသည်။

1. I *will get* a taxi for you. (A.V ဝါကျ)
ငါ မင်းအတွက် အငှားကားတစ်စီး ခေါ်လိုက်မယ် ။
We *shall back* up you. (A.V ဝါကျ)

Scanned by CamScanner

ငါတို့ မင်းကို ထောက်ခံမယ်။

3. Then I *will call* back later. (A.V ဝါကျ)
ဒါဆိုလဲ နောက်မှ ကျွန်တော် ဖုန်းပြန်ဆက်မယ်။

4. By the way. I *will show* you my photo. (A.V ဝါကျ)
ဒါနဲ့စကားမစပ်။ ငါ မင်းကို ငါ့ရဲ့ဓာတ်ပုံ ပြဦးမယ်။

B. အနာဂတ်၌ အပြုအမူ အဖြစ်အပျက် တစ်ခု ဖြစ်ပျက်မည်ဟု ထင်မြင်ယူဆသောအခါ၌လည်း ဤကြိယာပုံစံကို သုံးသည်။

1. This torch-battery *will last* three months. (A.V ဝါကျ)
ဤ ဓာတ်ခဲသည် သုံးလ ခံလိမ့်မည် ။

2. The Paddy *will be harvested* soon. (P.V ဝါကျ)
ယင်းစပါးသည် မကြာမီ ရိတ်သိမ်းခြင်းခံရလိမ့်မည် ။ (စပါးကိုရိတ်သိမ်းလိမ့်မည်)

3. The temples *will be renovated* on a grand scale. (P.V ဝါကျ)
ဌင်းဘုရားကျောင်းများသည် အကြီးအကျယ် ပြန်လည်ပြုပြင်ခြင်းခံရလိမ့်မည်၊

4. This child *will be* a king. (S/W + be) (A.V ဝါကျ)
ဤကလေးသည် ဘုရင်တစ်ပါး ဖြစ်လိမ့်မည် ။

C. အနာဂတ်၌ ပြုလုပ်ဆောင်ရွက်မည်ဟု မိမိ၏ရည်ရွယ်ချက် ၊ ဆန္ဒကိုဖော်ပြရာ၌လည်း Will ပါသောကြိယာပုံစံကို သုံးသည်။ (သို့သော် ကြိုတင်စီစဉ်ထားခြင်းမျိုး မဖြစ်စေရ)

1. I *will see* her tomorrow. (A.V ဝါကျ)
ကျွန်ုပ် သူမကို မနက်ဖန် တွေ့ဆုံမည်။

2. We *will meet* again some day. (A.V ဝါကျ)
ကျွန်ုပ်တို့ တစ်နေ့နေ့မှာပြန်၍ ဆုံတွေ့ကြလိမ့်မည် ။

3. I *will be reelected* as the chairman. (P.V ဝါကျ)
ကျွန်ုပ်သည် ဥက္ကဋ္ဌအဖြစ် ပြန်လည်အရွေးခံရမည်။

D. သူ့သဘာဝအတိုင်းဖြစ်ပျက်နေကျဖြစ်သော အဖြစ်အပျက်အပြုအမူများကို ဖော်ပြရုံသာဖော်ပြရာ၌လည်း ဤကြိယာပုံစံကို သုံးသည်။

1. I *shall be* twenty eight in June. (S/W + be) (A.V ဝါကျ)
ကျွန်ုပ်သည် ဇွန်လမှာ နှစ်ဆယ့်ရှစ်နှစ် ရှိလိမ့်မည် ။

2. The forest *will shed* leaves in spring. (A.V ဝါကျ)
ယင်းတောသည် (နွေဦးမှာ) သစ်ရွက်များ ကြွေလိမ့်ဦးမည်။

3. He *will be busy* with his children . (S/W + be + Adj) (A.V ဝါကျ)
သူသည် သူ့ကလေးများနှင့် အလုပ်ရှုပ်နေလိမ့်မည်။

4. It *will be very hot* in May. (S/W + be + Adj) (A.V ဝါကျ)
မေလမှာ အလွန်ပူလိမ့်ဦးမည်။

9.20 *Future Continuous Tense* ဝါကျများ (Passive Voice မရှိပါ။)

A. **S/W + be + V.4** ဝါ သော (Active Voice = ပြုသူဝဓာန) နမူနာဝါကျများ

ဤ Tense ကို အနာဂတ် အချိန်ကာလတစ်ခု၌ အပြုအမူ၊ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်နေဆဲရှိလမ့်မည်ဟု ပစ္စုပ္ပန်မှ နေ၍ ကြိုတင်ပြောဆိုသောအခါ၌သုံးသည်။ အနာဂတ်ကာလကိုပြသော အချိန်ပြပုဒ်တစ်ခုထည့်၍သုံးလေ့ရှိသည်။ (---နေဆဲရှိလိမ့်မည်။---လျက်ရှိလိမ့်မည်) ဟု ဘာသာပြန်ပါ။

1. They *will be playing* football this time next week.
သူတို့ နောက်တစ်ပတ် ဒီအချိန်မှာ ဘောလုံး ကစားလျက်ရှိကြလိမ့်မည်။

2. We *shall be taking* a rest this day coming week.

Scanned by CamScanner

ငါတို့ လာမဲ့အပတ် ဒီလိုနေ့မှာ အနားယူလျက်ရှိကြလိမ့်မည်။ (take a rest = အနားယူသည်)

3. Don't go yet. They *will be cooking* by now.
မသွားသေးနဲ့ဦး။ သူတို့ အခုအချိန်မှာ ချက်ပြုတ်နေကြဆဲရှိလိမ့်မည်။ (ချက်ပြုတ်နေကြဦးမှာ။)

B. ဤ Tenseကိုပင် လိုလားမှု ဆန္ဒမပါသော ပုံမှန်ပြုလုပ်နေကျ တာဝန်ဝတ္တရား ၊ စောစောကတည်းက စီစဉ်ထားခဲ့ပြီးသော ကိစ္စတစ်ခု ပြုလုပ်ရလိမ့်ဦးမည်ဆိုသည်ကို ပြောဆိုရာ၌ သုံးသည်။ (--ရလိမ့်ဦးမည်။ --ဖို့ရှိသေးသည်) ဟု ဘာသာပြန်ပါ

1. I *shall be going* to the barber's this afternoon. (စီစဉ်ထားခဲ့ပြီးသော ကိစ္စ)
ကျွန်ုပ် ဒီနေ့လည်မှာ ဆံသဆိုင်သို့ သွားရလိမ့်ဦးမည်။

2. I *will be doing* shopping for my birth-day party. (စီစဉ်ထားခဲ့ပြီးသော ကိစ္စ)
ငါ ငါ့ မွေးနေ့ပါတီပွဲအတွက် စျေးဝယ်ရလိမ့်ဦးမည် ။

3. She *will be washing* clothes. (ပြုလုပ်နေကျ တာဝန်ဝတ္တရား)
သူမသည် အဝတ်အစားများကို လျှော်ရလိမ့်ဦးမည်။

4. *Will* you *be using* your iron?
မင်း မင်းရဲ့ မီးပူကို သုံးဦးမှာလား ။ (မင်း မသုံးလျှင် ငါ ငှားချင်လို့ - ဟုဆိုလို)

9.21 *Future Perfect Tense* ဝါကျများ

A. **S/W + have + V.3** ဝါ သော (Active Voice = ပြုသူဝဓာန) နဓူနာဝါကျများ နှင့်
S/W + have + been + V.3 ဝါ သော (Passive Voice = ခံရသူဝဓာန) နဓူနာဝါကျများ

ဤ Tense ကို အနာဂတ်ကာလအချိန်တစ်ချိန်၌ အဖြစ်အပျက်၊ အပြုအမူတစ်ခု ဖြစ်ပျက် ပြုမူ၍ပြီးစီး နေပြီးဖြစ်လိမ့်မည်ဟု ပစ္စုပ္ပန်မှကြိုတင်ပြောဆိုရာ၌သုံးသည်။ (---ပြီးဖြစ်နေလိမ့်မည်) ဟုငှင်း ၊ ကြာချိန်ကိုပြသော for ဝိဘတ်ပုဒ်စုပါလျှင် (---လာခဲ့တာ---ရှိသွားလိမ့်မည်) ဟုဘာသာပြန်ပါ။ by ဝိဘတ်ပုဒ်စုကိုလည်းထည့်သုံးလေ့ရှိသည်။

1. By October, they *will have built* the flyover. (A.V ဝါကျ)
အောက်တိုဘာကျလျှင် သူတို့သည် ယင်းကုန်းကျော်တံတားကို ဆောက်ပြီးဖြစ်လိမ့်မည် ။

2. By October, the flyover *will have been built* (by them). (P.V ဝါကျ)
အောက်တိုဘာကျလျှင်ကုန်းကျော်တံတားသည် (သူတို့၏)ဆောက်ခြင်းခံရပြီးဖြစ်လိမ့်မည်။

3. By the next month, I *shall have written* two books. (A.V ဝါကျ)
နောက်လဆိုလျှင် ကျွန်ုပ်သည် စာအုပ်နှစ်အုပ်ကို ရေးပြီးဖြစ်လိမ့်မည် ၊

4. By the next Sunday he *will have learnt* English for three years. (A.V ဝါကျ)
နောက်တနင်္ဂနွေဆိုလျှင် သူ သင်ယူလာခဲ့တာ အင်္ဂလိပ်စာကို သုံးနှစ် ရှိသွားလိမ့်မည်။

B. **S/W + have + been** ဝါ သော (Active Voice = ပြုသူဝဓာန) နဓူနာဝါကျများ (PassiveVoice မရှိ)

ဤ ကြိယာပုံစံဖြင့်လည်း အထက်ပါနည်းများအတိုင်းသုံးနိုင်သည်။ (---ရောက်/နေပြီးဖြစ်လိမ့်မည်) ဟုငှင်း၊ for ဝိဘတ်ပုဒ်စုပါလျှင် (---ရောက်/နေ လာခဲ့တာ---ရှိသွားလိမ့်မည်) ဟုငှင်း ဘာသာပြန်ပါ။

1. By seven o'clock, she *will have been* to Yangon.
(၇) နာရီဆိုလျှင် သူမသည် ရန်ကုန်သို့ ရောက်ပြီးဖြစ်လိမ့်မည် ။

2. Ma Ma *will have been* a housewife by tomorrow.
မမသည် မနက်ဖန်ဆိုလျှင် အိမ်ရှင်မတစ်ယောက် ဖြစ်ပြီးဖြစ်လိမ့်မည်။

3. By the next Christmas, Daw Daw *will have been* in London for five years.
နောက် ခရစ္စမတ်ဆိုလျှင် ဒေါ်ဒေါ် လန်ဒန်ကို ရောက်လာခဲ့တာ ငါးနှစ် ရှိသွားလိမ့်မည်။

C. **S/W+have+been +Adj** ဝါ သော (Active Voice = ပြုသူဝဓာန) နဓူနာဝါကျများ (PassiveVoice မရှိ)

ဤ ကြိယာပုံစံကိုလည်း အထက်ပါနည်းအတိုင်း (---ပြီးဖြစ်လိမ့်မည်) ဟုလည်းကောင်း (---လာခဲ့တာ---ရှိသွားလိမ့်မည်) ဟု လည်းကောင်း ဘာသာပြန်ပါ။

Scanned by CamScanner

1. By next Monday, U Ba and Daw Mya *will have been married* for thirty years.
   နောက် တနလ်ာဆိုလျှင် ဦးဘနှင့် ဒေါ်မြတို့ အိမ်ထောင်ကျလာတာ နှစ်ပေါင်းသုံးဆယ် ရှိသွားလိမ့်မည်။
2. It *will have been cold* for four months in our region by next month.
   နောက်လဆို ငါတို့ဒေသမှာ အေးလာတာ လေးလ ရှိသွားလိမ့်မည်။

9.22 Future Perfect Continuous Tense ပါကျများ: (P.Voice မရှိ)

A. S/W + have + been + V.4 ပါ ကော (Active Voice = နရယူဝစားနု) နုဇုနုာဝါကျများ

ဤ Tense ကိုလည်း Future Perfect Continuous Tense နည်းတူ for ဝိဘတ်ပုဒ်စုများ ၊ by ဝိဘတ်ပုဒ်စုများ ထည့်သွင်း၍ အသုံးပြုနိုင်ပါသည်။ (---လာခဲ့တာ---ရှိသွားလိမ့်မည်) ဟုဘာသာပြန်ပါ။ ဤသို့ အနက်သဘောရှိသော for , by တို့မပါပဲလည်း သုံးနိုင်ပါသည်။

1. By next month, Zaw Zaw *will have been learning* English for two years.
   နောက်လဆိုလျှင် ဇော်ဇော် အင်္ဂလိပ်စာ သင်ယူလာခဲ့တာ နှစ်နှစ် ရှိသွားလိမ့်မည်။
2. By July Daw Pu *will have been living* in Mandalay for ten years.
   ဇူလိုင်လဆိုလျှင် ဒေါ်ပု မန္တလေးမှာ နေလာခဲ့တာ ဆယ်နှစ် ရှိသွားလိမ့်မည်။
3. Adding this one, the thief *will have been stealing* nine bicycles.
   ဒီတစ်ခုပါပေါင်းလျှင် ဒီသူခိုး ခိုးလာခဲ့တာ စက်ဘီးကိုးစီး ရှိသွားလိမ့်မည်။

(S/W ပါဝင်သော ဤဝါကျမျိုးကို လား-မေး ၊ အငြင်း ၊ ငြင်းမေး လုပ်ရန် shall/ will တို့.ကို ရှေ့.ထုတ်၍လည်းကောင်း ၊ shall/ will နောက်မှာ not တွဲ၍လည်းကောင်း ပြုလုပ်ပါ။

9.23 FOUR MODAL TENSES (စိတ်အမှုအရာပြ ကြိယာ (4) မျိုး)

ယား - (28) FOUR MODAL TENSES (စိတ်အမှုအရာပြ ကြိယာပုံစံ 4 မျိုး)

Num စဉ်	Name အမည်	Active Verb Forms ပြုသူ ပဓာနကြိယာပုံစံများ	Passive Verb Forms ခံရသူ ပဓာနကြိယာပုံစံများ
1	Simple ရိုးရိုး Modal စိတ်အမှုအရာပြ Tense ကြိယာပုံစံ	1. M + V.1 — -----သည် 2. M + be ဖြစ်----သည် / ရှိ----သည် 3. M + be + Adj — —-သည်	M + be + V.3 ----ခြင်းခံရ ---- သည်
2	Modal စိတ်အမှုအရာပြ Continuous ပြုဆဲ/ဖြစ်ဆဲ Tense ကြိယာပုံစံ	M + be + V.4 ---- နေ ---- သည်	Nil (ကြိယာပုံစံမရှိ)
3	Modal စိတ်အမှုအရာပြ Perfect ပြီးစီး Tense ကြိယာပုံစံ	1. M + have + V.3 ---- ခဲ့ ----သည် 2. M + have + been ဖြစ်ခဲ့ / ရှိခဲ့ ----သည် 3. M + have + been + Adj –- ခဲ့ ----သည်	M + have + been + V.3 ----ခြင်းခံခဲ့ရ ---- သည်
4	Mod-Perfect စိတ်အမှုအရာပြ Continuous ပြုခဲ့ဆဲ/ဖြစ်ခဲ့ဆဲ Tense ကြိယာပုံစံ	M + have + been + V.4 ---- နေခဲ့ ----သည်	Nil (ကြိယာပုံစံမရှိ)

PPA
MMP

မှတ်ချက်။ ။ (1) နောက်ကွက်လပ်များ၌ M = (Modal Verb) (14) ခုထဲမှကြိုက်ရာတစ်ခု၏အနက်ကိုထည့်၍ပြန်ရသည်။
(2) M ဟူသည် စိတ်အမှုအရာပြကြိယာ (Modal Verb) တစ်ခုကိုဆိုလိုသည်။
Modal Verb များကို နှာ 21- 2. 11 ၌ရှု ပါ။

Scanned by CamScanner

9.24 Simple Modal Tense ဝါကျများ

M + V.1 ဝါ အော (Active Voice = ပြုသူဝဓာန) နဓူနာဝါကျများ
M + be + V.3 ဝါ အော (Passive Voice = ဒံရသူဝဓာန) နဓူနာဝါကျများ
M + be, M + be + Adj ဝါ အော (Active Voice = ပြုသူဝဓာန) နဓူနာဝါကျများ
(M နေရာ၌ စိတ်အမူအရာပြကြိယာ (Modal Verb) (14) ခုအနက်တစ်ခုခုကိုထည့်သုံးရန်။

9.25 Can

Can + V.1	=--နိုင်သည် (--တတ်သည်)	၊	= မ -- ရ (--ခွင့်မရှိ)
၊	= --နိုင်ပြီ (-လို့ရပြီ)	၊	= --လို့မဖြစ်ဘူး
၊	= --နိုင်သည် (-လို့ရသည်)	Can't + I + V.1 ?	= --လို့မရဘူးလား
၊	= --လို့ဖြစ်သည်	Can + be	= ဖြစ်နိုင်သည်/ရှိနိုင်သည်
၊	= --ရသည်	Can + be + Adj	= --တတ်သည်/--လေ့ရှိသည်
၊	= --လို့ရပါတယ်	၊	=--နိုင်သည်
၊	= --လို့ရသားပဲ	Can + I + V.1?	= --လို့ ရ မလား
Can not + V.1	= --လို့မရနိုင်	Can + you + V.1?	= --ပေးနိုင်မလား (--ပေးပါလား)

A.1. He *can play* the piano. (အစွမ်း)
သူ စန္ဒယားကို *တီးနိုင်သည်။* (တီးတတ်သည်။)

2. You *can take* a rest. (ခွင့်ပြုခြင်း)
မင်းတို့ *အနားယူနိုင်ပြီ။* (အနားယူလို့ရပြီ)

3. We *can pass* this gate. (ခွင့်ရခြင်း)
ငါတို့ ဤ ဂိတ်ကို *ဖြတ်ကျော်နိုင်သည်။* (ဖြတ်ကျော်လို့ရသည်)

4. They *can bathe* here. (အခြေအနေပေးခြင်း)
သူတို့ ဒီမှာ *ရေကူးလို့ဖြစ်ပါသည် ။* (အန္တရာယ်မရှိဟုဆိုလို)

5. I *can see* an aeroplane in the sky. (အာရုံခံယူနိုင်စွမ်း)
ကောင်းကင်မှာ လေယာဉ်တစ်စင်းကို ကျွန်ုပ်*မြင်ရသည်။*

6. I *can drive* you to the railway station. (မိမိက ကူညီရန်ကမ်လှမ်း)
ငါ မင်းကို ဘူတာကို *ကားနဲ့ မောင်းပို့လို့ရပါတယ် ။*

7. We *can go* to the museum by bus. (တိုင်ပင်ခြင်း)
ငါတို့ ပြတိုက်ကို ဘတ်စ်ကားနဲ့ *သွားလို့ရသားဝဲ။*

8. We *cannot buy* health. (မ ဖြစ်နိုင်ခြင်း)
ကျွန်ုပ်တို့ ကျန်းမာရေးကို *ဝယ်၍မရနိုင်။*

9. Women *cannot get* in here. (စည်းကမ်းအရ တားမြစ်ခြင်း)
အမျိုးသမီးများ ဒီ အထဲကို *မဝင်ရ။*

10. I *cannot give up* him. (ဆန့်ကျင် ငြင်းဆန်ခြင်း)
ငါ သူ့ကို *အလျှော့ပေးလို့မဖြစ်ဘူး။*

11. *Can't* I *come* with you. (ခွင့်တောင်းခြင်း)
ငါ မင်းနဲ့ *လိုက်လို့မရဘူးလား ။*

Scanned by CamScanner

12. He *can be* an Australian. (ခန့်မှန်းခြင်း)
သူသည် ဩစတြေလျလူမျိုးတစ်ယောက် ဖြစ်နိုင်သည် ။

13. At times it *can be boring* even in the town. (ဖြစ်လေ့ရှိသောအခြေအနေ)
တစ်ခါတစ်ရံ မြို့ထဲမှာတောင်မှ ပျင်းစရာကောင်းတတ်သည် ။

14. This mushroom *can be poisonous*. (ဖြစ်နိုင်ခြေ)
ဤမှို သည် အဆိပ်ရှိနိုင်သည်။

15. *Can* I *open* the window? (ခွင့်တောင်းခြင်း)
ကျွန်ုပ် ပြူတင်းပေါက်ကို ဖွင့်လို့ရမလား။

16. *Can* you *open* the window? (ပန်ကြားခြင်း)
ခင်ဗျား ပြူတင်းပေါက်ကို ဖွင့်ပေးနိုင်မလား။

B. M + be + V.3 ၏ အဓိပ္ပာယ် (Passive Voice = ဝဏ္ဏဝေါဟာရ) နှစ်နှောင်းပိတ္တရာများ

1. Cigarette *can be smoked* here.
စီးကရက်သည် ဒီမှာ သောက်ခြင်းခံရနိုင်ပြီ ။ [စီးကရက်ကို ဒီမှာ သောက်နိုင်ပြီ]

2. An aeroplane *can be seen* in the sky.
လေယာဉ်တစ်စင်းသည် ကောင်းကင်မှာ မြင်ခြင်းကိုခံရနိုင်သည် ။ [လေယာဉ်တစ်စင်းကို မြင်ရသည်]

9.26 *Could*

could + V.1 = --နိုင်လောက်သည် (စုပ်)
" = --မည်ဆို--လို့ရပြီ (စုပ်)
" = --ဆို--ပေးလို့ရသည် (စုပ်)
" = --မည်ဆို--လို့ရသားပဲ (စုပ်)
" = --မည်ဆို--လို့ရခဲ့သည် (တိတ်)
" = ---နိုင်ခဲ့သည် (တိတ်)
" = ---နိုင်စွမ်းရှိခဲ့သည် (တိတ်)

could = --ခဲ့ရသည် (တိတ်)
" = --လို့ရခဲ့သည်/-လို့ဖြစ်ခဲ့သည် (တိတ်)
could+be+Adj = ---နိုင်လောက်သည်/--နိုင်သည် (စုပ်)
could + be = ရှိ/ဖြစ် နိုင်လောက်သည်
could +not+V.1 = မ--ချင်ဘူး/ မ--ရက်ဘူး (စုပ်)
Could + you + V.1? = --ပေးနိုင်မလား (--ပေးပါလား) (စုပ်)
Could + I / We + V.1? = ---လို့ရမလား (စုပ်)
Couldn't + Sub + V.1? = --လို့မရဘူးလား (စုပ်)

A. 1. The river *could overflow* this month. (ဖြစ်နိုင်ခြေ - စုပ်)
ဂင်းမြစ်သည် ဒီလမှာ ရေလျှံနိုင်လောက်သည်။

2. You *could return* to your village. (ခွင့်ပြုခြင်း - စုပ်)
မင်း မင်းရဲ့ရွာကို ပြန်မယ်ဆိုပြန်လို့ရပြီ။

3. I *could lend* you some money. (ကူညီရန်ကမ်းလှမ်းခြင်း-စုပ်)
ငါ မင်းကို ငွေနည်းနည်း ချေးဆိုချေးလို့ရတယ်။

4. We *could stay* at the hotel. (အမှားဆန္ဒကို တီးခေါက်ကြည့်ခြင်း -စုပ်)
ငါတို့ ဟိုတယ်မှာ တည်းမယ်ဆိုတည်းလို့ရသားပဲ ။

5. I *could use* my uncle's car at that time. (ခွင့်ရခြင်း-တိတ်)
အဲဒီအခါတုန်းက ငါ ဘဲဦးလေးရဲ့ကားကို သုံးမယ်ဆိုသုံးလို့ရခဲ့တယ်။

6. My uncle *could speak* six languages. (အစွမ်း-တိတ်)
ဘဲဦးလေးဟာ ဘာသာစကားခြောက်မျိုးကို ပြောနိုင်ခဲ့တယ်။
(တစ်ပါးသူအတွက် ဤ could+V.1 ဖြင့်ပြောပါက သေပြီးသူအတွက်သာဆိုလို၏။)

7. He *could buy* even mercedes car. (အစွမ်း-တိတ်)

Scanned by CamScanner

သူသည် မာစီဒီကားကိုတောင်မှ ဝယ်နိုင်စွမ်းရှိခဲ့သည် ။ (အစွမ်းသာရှိခဲ့သည်။ တကယ် မဝယ်ခဲ့)

8. I *could see* his fresh partner. (အာရုံခံယူနိုင်စွမ်း - တိတ်)
ငါ သူ့ရဲ့ ရည်းစားအသစ်ကို မြင်ခဲ့ရတယ်။

9. They *could live* there without shelter. (အခြေအနေပေးမှု-အတိတ်)
သူတို့သည် အဲဒီမှာ ခိုလုံနေထိုင်စရာမရှိပဲ နေလို့ဖြစ်ခဲ့သည်။

10. The weather here *could be stormy* (ဖြစ်နိုင်ခြေ - စုပ်)
ဒီကရာသီဥတုသည် မှန်တိုင်းထန်နိုင်လောက်သည်။

11. The man *could be* ex-monk. (ဖြစ်နိုင်ခြေ - စုပ်)
၎င်းလူကြီးသည် ဘုန်းကြီးလူထွက် ဖြစ်လောက်သည်။

12. I *could not eat* your only cake. (အားနာ၊ သနားခြင်း-စုပ်)
မင်းရဲ့ တစ်လုံးတည်းသော ကိတ်မုန့်ကို ငါ မစားရက်ပါဘူး။

13. *Could* you *post* this letter for me? (ပန်ကြားခြင်း-စုပ်)
မင်း ဒီစာကို ငါ့ကိုယ်စား ပို့ပေးနိုင်မလား။

14. *Could* I *borrow* your book? (ခွင့်တောင်းခြင်း - စုပ်)
ကျွန်ုပ် ခင်ဗျားရဲ့စာအုပ်ကို ငှားယူလို့ရမလား။

B. M + be + V.3 ဝါ သော (Passive Voice = ခံရသူဝဓာန) နဓူနာဝါကျများ

His fresh partner *could be seen* (by me).
သူ၏ ရည်းစားအသစ်ကို ငါ မြင်ခဲ့ရသည်။ (A.V ပြန်နည်း)

9.27 May

may + V.1 =--နိုင်ပြီ/-နိုင်သည် ဆုတောင်း/ဆန္ဒပြု
" =--လို့ရသည်(-ခွင့်ရှိသည်)
" =--တာဖြစ်နိုင်သည် (-တာဖြစ်လောက်သည်)
" =--နိုင်သည်
may + be = ဖြစ်နိုင်သည်/ရှိနိုင်သည်
may + be + Adj =--နိုင်သည် (--လောက်သည်)

may + S + V.1 = --ပါစေ (--ပါစေသတည်း)
May + S + be + Adj = ------။------
May + I + V.1? = --ပါရစေ (-လို့ရမလား)
may + not + V.1 =--ခွင့်မရှိ
may + as well + V.1 =--မယ်ဆိုလဲ-လို့ရတာပေါ့

A.1. You *may do* as you like. (ခွင့်ပေးခြင်း)
သင်သည် သင်ကြိုက်သလို လုပ်နိုင်ပြီ ။

2. We *may decide* the matter freely. (ခွင့်ရ ခြင်း)
ကျွန်ုပ်တို့ ၎င်းကိစ္စကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည် ။

3. Carolyn *may live* on King Road. (ခန့်မှန်းခြင်း)
ကာရိုလင်းသည် ဘုရင့်လမ်းမှာ နေတာဖြစ်နိုင်သည် ။

4. The old cathedral *may collapse* some day. (ဖြစ်နိုင်ခြေ)
ယင်းဘုရားရှိခိုးကျောင်းအိုသည် တစ်နေ့နေ့မှာ ပြိုကျနိုင်သည်။

5. She *may be* a cigarette-addict. (ခန့်မှန်းခြင်း)
သူမသည် စီးကရက် စွဲသူတစ်ယောက် ဖြစ်နိုင်သည်။

6. The weather *may be terrible* this winter. (ခန့်မှန်းခြင်း)
ရာသီဥတုသည် ဒီဆောင်းရာသီမှာ ကြောက်စရာကောင်းလောက်သည်။

Scanned by CamScanner

7. ***May*** you ***achieve*** your goal! (ဆန္ဒပြု ခြင်း)
သင်သည် သင့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ဆွတ်ခူးနိုင်ပါစေ။

8. ***May*** allbeings ***be happy***! (ဆန္ဒပြု ခြင်း)
အားလုံးသော သတ္တဝါများသည် ပျော်ရွှင်နိုင်ကြပါစေ။

9. ***May*** I ***know*** your age? (တောင်းခံခြင်း)
ကျွန်ုပ် ခင်ဗျားရဲ့အသက်ကို သိပါရစေ။

10. Anybody ***may not copy*** my book. (စာဖြင့်တားမြစ်ခြင်း)
ဘယ်သူမှ ငါ၏ စာအုပ်ကို ကူးယူခွင့်မရှိ။

11. You ***may as well ask*** for his help. (ခန့်မှန်းခြင်း)
မင်း သူ့အကူအညီကို တောင်းမယ်ဆိုလဲတောင်းလို့ရတာပေါ့။ (ask for = တောင်းသည်။)

B. M + be + V.3 ဝါ သော (Passive Voice = ခံရသူဝစာန) နဒူနာဝါကျများ

1. This book ***may be copied.*** (ခွင့်ပြုခြင်း)
ဤ စာအုပ်သည် ကူးယူခြင်းခံနိုင်ရသည်။ (ဤစာအုပ်ကို ကူးယူနိုင်သည် ဟုဆိုလိုသည်)

9.28 *Might*

might + be	=	ဖြစ်ချင်ဖြစ်နိုင်သည်/ ရှိချင်ရှိနိုင်သည်	(ဖြစ်နိုင်ခြေ-စုပ်)
might + be + Adj	=	---ချင်--နိုင်သည်	(---။---)
might + V1	=	---ချင်--နိုင်သည်/--တာဖြစ်ချင်ဖြစ်နိုင်သည်	(ဖြစ်နိုင်ခြေ - စုပ်)
။	=	---ချင်--ပေလိမ့်မည်	(ခန့်မှန်းခြင်း-စုပ်)
might + not + V.1	=	---ချင်မှ--မှာ	(ခန့်မှန်းခြင်း-စုပ်)
might + as well + V.1	=	--မယ်ဆိုလဲ--လို့ရတာပေါ့	(အခက်အခဲမရှိနိုင်ခြင်း)

A.1. He ***might be*** a school teacher. (ဖြစ်နိုင်ခြေ-စုပ်)
သူသည် ကျောင်းဆရာတစ်ယောက် ဖြစ်ချင်ဖြစ်နိုင်သည်။

2. She ***might be*** at the cinema. (ဖြစ်နိုင်ခြေ-စုပ်)
သူမသည် ရုပ်ရှင်ရုံမှာ ရှိချင်ရှိနိုင်သည်။

3. The resort ***might be deserted*** in this season. (ဖြစ်နိုင်ခြေ-စုပ်)
ယင်း အပန်းဖြေစခန်းသည် ဒီရာသီမှာ လူခေါင်ချင်ခေါင်နေမှာ ။

4. They ***might miss*** the down train. (ဖြစ်နိုင်ခြေ-စုပ်)
သူတို့ အစုန်ရထားနှင့် လွှဲချင်လွှဲနိုင်သည် ။

5. The man ***might live*** in Mandalay. (ဖြစ်နိုင်ခြေ-စုပ်)
ဂင်း လူကြီးသည် မန္တလေးမှာ နေတာဖြစ်ချင်ဖြစ်နိုင်သည်။

6. They ***might say*** that I am pessimist. (ခန့်မှန်းခြင်း-စုပ်)
သူတို့က ကျွန်ုပ်သည် အဆိုးမြင်ဝါဒီ ဖြစ်သည်ဟု ဆိုချင်ဆိုပေလိမ့်မည်။

7. The girl ***might not speak*** to you. (ခန့်မှန်းခြင်း-စုပ်)
ဒီကောင်မလေး မင်းကို စကားပြောချင်မှပြောမှာ။

8. You ***might as well ask*** for his help. (အခက်အခဲမရှိနိုင်ခြင်း)
မင်း သူ့အကူအညီကို တောင်းမယ်ဆိုလဲတောင်းလို့ရတာပေါ့။

Scanned by CamScanner

B. M + be + V.3 ပါ ကာ (Passive Voice = ခံရသူဝစန) နဉနာဝါကျ

This sort of thing *might be found* there.
ဒီပစ္စည်းမျိုးကို တွေ့ချင်တွေ့နိုင်သည် အဲဒီမှာ

9.29 Shall

Shall + V.1	= --ရမည်	(ဆုံးဖြတ်ခြင်း)
"	= --စေရမည်	(အာမခံခြင်း)
shall + not + V.1	= မ---ရ	(စာဖြင့်တားမြစ်ခြင်း)
Shall + I + V.1 ?	= --လိုက်ရမလား	(ကူညီပေးရန်ကမ်းလှမ်းခြင်း)
Shall + we + V.1?	= ---လိုက်ကြမလား	(အများသဘောထားကိုတီးခေါက်ကြည့်ခြင်း)

A.1. I *shall sacrifice* my life for all beings' sake. (ဆုံးဖြတ်ခြင်း)
ငါ ငါ့အသက်ကို သတ္တဝါအားလုံးအကျိုးငှာ စတေးရမည်။

2. I *shall employ* you in my company. (ဆုံးဖြတ်ခြင်း)
ငါ မင်းကို ငါ့ ကုမ္ပဏီမှာ အလုပ်ခန့်မည်။

3. You *shall win* this competition. (အာမခံခြင်း)
မင်း ဒီပြိုင်ပွဲကို အနိုင်ရစေရမည်။

4. Those under 18 *shall not read* this book. (စာဖြင့်တားမြစ်ခြင်း)
ဆယ့်ရှစ်နှစ်အောက်ငယ်သူများ ဤစာအုပ်ကို မဖတ်ရ။

5. *Shall* I *get* you a taxi? (အကူအညီပေးရန်ကမ်းလှမ်းခြင်း)
ကျွန်ုပ် ခင်ဗျားအတွက် အငှားကားတစ်စီးကို ခေါ်လိုက်ရမလား။

6. *Shall* we *start* leaving this evening? (အများသဘောကိုတီးခေါက်ကြည့်ခြင်း)
ငါတို့ ဒီနေမှာ ထွက်ခွာခြင်းကို စလိုက်ကြမလား။ (ဒီညနေ စထွက်လိုက်ကြမလား)

B. M + be + V.3 ပါ ကာ (Passive Voice = ခံရသူဝစန) နဉနာဝါကျ

1. You *shall be punished* for your slackness.
မင်းရဲ့ ပေါ့. လျော့မှုအတွက် မင်း အပြစ်ပေးခြင်းကိုခံရမည်။ (ဆုံးဖြတ်ခြင်း)

9.30 Should

should + V.1	=--သင့်သည်	should + like/love + to V.1	=--ချင်သည်
"	=--လောက်သည်/-မည်ထင်သည်	that ---- should + V.1	=--မည်ဆိုပါက
"	=--ချင်သည်/--မိသည်	should + rather + V.1	= --တာကိုပိုသဘောကျသည်
Should + I + V.1 ?	= --လိုက်ရမလား		
If ---- should + V.1	= အကယ်၍များ--ပါက		

A.1. They *should care* the street-peoples. (တာဝန်ဝတ္တရားရှိခြင်း)
သူတို့သည် အိမ်မဲ့ရာမဲ့များကို စောင့်ရှောက်သင့်သည်။

2. They *should arrive* at the airport in time. (ထင်ကြေးပေးခြင်း)
သူတို့သည် လေဆိပ်ကို အချိန်မှီ ရောက်လောက်သည်။

3. I *should think* that he is a coward. (မိမိ၏အယူအဆကိုသာထုတ်ဖော်ခြင်း)

Scanned by CamScanner

သူသည် သူရဲဘောကြောင်သူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ် ထင်မိသည်။

4. I *should say* this is my guilt. (မိမိ၏အယူအဆကိုသာထုတ်ဖော်ခြင်း)
ကျွန်ုပ်ဆိုချင်သည် ဤအရာသည်ကျွန်ုပ်၏အပြစ်ဖြစ်သည်ဟု

5. *Should* I *open* the window? (မိမိကအကူအညီပေးရန်ကမ်းလှမ်းခြင်း)
ကျွန်ုပ် ပြူတင်းပေါက်ကို ဖွင့်လိုက်ရမလား ။

6. If he *should drop around* , don't accept him. (ဖြစ်ခဲသော အခြေအနေ)
အကယ်၍မျှား သူ ပေါက်ချလာပါက သူ့ကို လက်မခံပါနှင့်။

7. I *should like to speak* to your chief. (အလိုဆန္ဒရှိခြင်း)
ငါ မင်းတို့ရဲ့ အကြီးအကဲကို စကားပြောချင်တယ် ။

8. It will be better that you *should sympathise* with the homeless.
သင်သည် အိမ်မဲ့ရာမဲ့များကို ကိုယ်ချင်းစာနိုင်မည်ဆိုပါက ပိုကောင်းလိမ့်မည်

9. I *should rather die* than live here. (အလိုဆန္ဒရှိခြင်း)
ငါသည် ဒီမှာ နေရတာထက် သေရတာကိုပိုသဘောကျသည် ။

B. M + be + V.3 ပါ ပော (Passive Voice = ခံရဟူဝစနာ) နဲ့ပုန်းတိုက်

The street-peoples *should be cared* by them.
အိမ်မဲ့ရာမဲ့များသည် သူတို့၏ စောင့်ရှောက်ခြင်းကိုခံရသင့်သည်။

9.31 *Will*

will + V.1	= --တတ်သောအလေ့အထရှိသည်	Will + you + V.1?	= ---နိုင်မလား (--ပေးပါလား)
'	= --ရမည်	will + be + able + to V.1	= --နိုင်လိမ့်မည်
will+ not + V.1	= မ--ချင်ဘူး	will + have + to V.1	= --ရလိမ့်မည်
will + not + V.1	= မ--ရဘူး	Will + you + take/have ?	= --သုံးဆောင်ပါဦးလား

A.1. He *will sit and spend* the time at the teashop. (ပြုမူလေ့ရှိသော အမူအကျင့်)
သူသည် လက်ဘက်ရည်ဆိုင်မှာ အချိန်ကို ထိုင်ပြီးဖြုန်းတတ်သောအလေ့အထရှိသည်။

2. All the student *will gather* in the hall at 3. p.m. (စာတမ်းကပ်၍ကြေညာခြင်း)
ကျောင်းသားအားလုံး သုံးနာရီမှာ ခန်းမကြီးမှာ စုဝေးကြရမည်။

3. I *won't tell* you the secret. (ဆန္ဒမရှိခြင်း)
ငါ မင်းကို ဒီ လျှို့ဝှက်ချက်ကို မပြောချင်ဘူး ။

4. You *won't tell* the secret to anyone. (တားမြစ်ခြင်း)
မင်း ဒီလျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ မပြောရဘူး။

5. *Will* you *lend* me your bicycle? (ပန်ကြားခြင်း)
ခင်ဗျား ကျွန်ုပ်ကို ခင်ဗျားရဲ့စက်ဘီး ငှားပေးနိုင်မလား ။

6. My son *will be able to run* the business. (အနာဂတ် စွမ်းရည်)
ကျွန်ုပ်၏သားသည် ယင်း လုပ်ငန်းကို ကိုင်တွယ်လည်ပတ်နိုင်လိမ့်မည်။

7. You *will have to face* financial crisis soon. (အနာဂတ် အလားအလာ)
သင်တို့သည် ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းကို မကြာမီ ရင်ဆိုင်ရလိမ့်မည် ။

8. *Will* you *have* some tea ? (စားသောက်ရန်ဖိတ်ကြားခြင်း)
ခင်ဗျား လက်ဘက်ရည်နည်းနည်းလောက် သုံးဆောင်လှည့်ပါဦး။

Scanned by CamScanner

B. **M + be + V.3** ဝါ ကော (Passive Voice = ဒုတိယဝစန) နဲ့ပုန်းဝါကျ

The ancient site *will have to be excavated.*

ယင်းရှေးဟောင်းနေရာသည် တူးဖော်ခြင်းခံရလိမ့်မည်။

9.32 *Would*

would + V.1 = --လေ့ရှိခဲ့သည်

----I---- = --ပေလိမ့်မည်/-- လောက်သည် (--မည်ထင်သည်)/--မိလိမ့်မည်/--ရာကျလိမ့်မည် /--မှာပါ

would + be + Adj = ------॥----------॥----------॥------ ------॥---------॥---

would + like/love + to V.1 = ---ချင်သည်

Would + you + take/have? = ---သုံးဆောင်လှည့်ပါဦး

Would + you + like to take / have ? = -----॥------

Would + you + please + V.1? = ---နိုင်မလား (--ပေးပါလား)

Would + you + mind + V.1 ing ? = -----॥-------

Would + you + be able to V.1 ? = -----॥-------

would + rather/ sooner + V.1 = ---တာကိုပို၍သဘောကျသည်

wish +——+ would + V.1 = ---စေချင်သည်

If———would+ V.1 = အကယ်၍များ---ပါက

A.1. He *would scream* while sleeping. (အတိတ်အလေ့အထ)

သူသည် အိပ်နေတုန်းမှာ လန့်အော်လေ့ရှိခဲ့သည်။

2. Even a child *would know* their secret plan. (ထင်ကြေးပေးခြင်း)

ကလေးတောင်မှ သူတို့ရဲ့လျှို့ဝှက် အစီအစဉ်ကို သိလောက်သည် ။

3. Your plan *would split* our team. (ထင်ကြေးပေးခြင်း)

မင်းရဲ့အစီအစဉ်သည် ငါတို့အသင်းကို ဖြိုခွဲရာကျလိမ့်မည်။

4. You *would get bored* when in this company. (ထင်ကြေးပေးခြင်း)

မင်း အဲဒီ ပရိသတ်မှာ ရောက်တဲ့အခါ ပျင်းသွားပေလိမ့်မည်။

5. Even if you kept disturbing him, he *would tolerate.* (ဖြစ်နိုင်ခြေ)

မင်း သူ့ကို ဆက်လက်နှောက်ယှက်နေမယ်ဆိုရင်တောင်မှ သူ သည်းခံမှာပါ။

6. I *would love to meet* you later on. (အလိုဆန္ဒ)

ကျွန်ုပ် ခင်ဗျားကို နောက်ပိုင်း ဆက်လက် တွေ့ချင်သည်။

7. *Would* you *take* just a cigarette ? (အစားအသောက်ဖိတ်ကြားခြင်း)

စီးကရက်တစ်လိပ်လောက် သုံးဆောင်ပါဦးလား။

8. *Would* you *like to have* a dinner with me? (အစားအသောက်ဖိတ်ကြားခြင်း)

ကျွန်တော်နှင့်အတူ ညစာ သုံးဆောင်ပါဦးလား။

9. *Would* you *lend* me about five dollars? (ပန်ကြားခြင်း)

ငါ့ကို ငါးဒေါ်လာလောက် ချေးပေးနိုင်မလား။

10. *Would* you *mind lending* me about five dollars? (ပန်ကြားခြင်း)

ငါ့ကို ငါးဒေါ်လာလောက် ချေးပေးနိုင်မလား။

11. *Would* you *be able to lend* me about five dollars? (ပန်ကြားခြင်း)

Scanned by CamScanner

ငါ့ကို ငါးဒေါ်လာလောက် <u>ချေးပေးနိုင်မလား။</u>

12. I <u>*would rather die*</u> than live with fools. (အလိုဆန္ဒ)

ကျွန်ုပ်သည် လူမိုက်များနှင့်အတူ နေရတာထက် <u>သေရတာကိုပိုသဘောကျသည်။</u>

13. I <u>*wish*</u> you <u>*would live*</u> a simple life. (အလိုဆန္ဒ)

ငါက မင်းကို ရိုးရှင်းတဲ့ဘဝမျိုးနဲ့. <u>နေစေချင်တာ။</u>

14. If he <u>*would drop*</u> <u>around</u>, don't accept him. (ဖြစ်ခဲသောအခြအနေ)

<u>အကယ်၍များ</u> သူ <u>ပေါက်ချလာပါက</u> သူကို လက်မခံပါနဲ့

B. <u>M + be + V.3</u> တိုက်ဆော (Passive Voice = ခံရသူဝစန) နဂူနာဝါကျ

Our team <u>*would be split*</u> by your plan.

မင်းရဲ့အစီအစဉ်သည် ငါတို့အသင်းကို <u>ဖြိုခွဲရာကျလိမ့်မည်။</u> (A.V ပြန်နည်း)

9.33 *Must*

must + V.1	= --ရမည် /--မှဖြစ်မည်	(တာဝန်)
"	= --ရမည်	(တိုက်တွန်းခြင်း)
"	= ---တာဖြစ်ရမည်	(ကောက်ချက်ချခြင်း)
must + be	= ဖြစ်ရမည်/ရှိရမည်	(ကောက်ချက်ချခြင်း)
must + be + Adj	= ---ရမည် (--တာဖြစ်ရမည်)	(ကောက်ချက်ချခြင်း)
must + not + V.1	= မ--ရ	(တားမြစ်ခြင်း)

A.1. You <u>*must rise*</u> early.

မင်း စောစော <u>အိပ်ရာထရမည်။</u>

2. You <u>*must see*</u> the doctor for your insomnia.

မင်း အိပ်မပျော်တဲ့ရောဂါအတွက် ဆရာဝန်ကို <u>ပြရမယ်။</u> (ရင်းနှီးသောသူ အတွက်သာ ဤသို့သုံးသင့်သည်။)

3. I <u>*must go*</u> right now.

ငါ အခုကို <u>သွားမှဖြစ်မယ်။</u>

4. He <u>*must live*</u> in London.

သူ လန်ဒန်မှာ <u>နေတာဖြစ်ရမည်</u> ။

5. The man <u>*must be*</u> an astrologist.

ယင်း လူကြီးသည် ဗေဒင်ဆရာတစ်ယောက် <u>ဖြစ်ရမည်။</u>

6. Your book <u>*must be*</u> in the room.

သင့် စာအုပ်သည် အခန်းထဲမှာ <u>ရှိရမည်</u> ။

7. The woman <u>*must be puzzled*</u> <u>about what to decide</u>.

ယင်းမိန်းမကြီးသည် ဆုံးဖြတ်ရမည့်ကိစ္စနှင့်ပတ်သက်၍ <u>နဝေတိန်တောင်ဖြစ်နေရမည်</u> ။

8. Everybody <u>*must not litter*</u> on the road.

မည်သူမျှ လမ်းပေါ်မှာ <u>အမှိုက်မပစ်ရ။</u>

B. <u>M + be + V.3</u> တိုက်ဆော (Passive Voice = ခံရသူဝစန) နဂူနာဝါကျ

1. This bin <u>*must be emptied*</u> today.

ဒီပုံးကြီးသည် ဒီနေ့ <u>သွန်ခြင်းခံရမည်။</u> (ပုံးကြီးကို ဒီနေ့သွန်ရမည်)

2. This area <u>*must not be approached*</u> <u>after 6 p.m.</u>

ဤနေရာသည် ည (၆) နာရီနောက်ပိုင်းမှာ <u>ချဉ်းကပ်ခြင်းမခံရ</u> ။ (ဤနေရာကိုမချဉ်းကပ်ရ)

Scanned by CamScanner

9.34 Ought to

ought to + V.1	= ---သင့်သည်
ought to + be	= ဖြစ်သင့်သည်/ရှိ သင့်သည်
ought to + be + Adj	= ---သင့်သည်
ought to + V.1	= ---လောက်သည်/---မည်ထင်သည်
ought to + be + adj	= -----။----------။----

A.1. Human *ought to take care* of his environment.
လူသားသည် သူ၏ပတ်ဝန်းကျင်ကို စောင့်ရှောက်သင့်သည် ။

2. We *ought to be* where we ought to be.
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရှိသင့်သောနေရာမှာ ရှိသင့်သည်။ (နေသင့်သည်)

3. We *ought to be grateful* to the earth.
ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ကျေးဇူးတင်သင့်သည် ။

4. The plane *ought to land* soon.
ယင်းလေယာဉ်သည် မကြာခင် ဆင်းလောက်သည်။

5. The thief *ought to get hurt* on his back by my blow .
ဒီသူခိုးဟာ ငါ့ရဲ့ထိုးချက်ကြောင့် သူ့ကျောမှာ နာသွားလောက်တယ်။

B. M + be + V.3 ၏ အဓိပ္ပာယ် (Passive Voice = ခံရသူဝဿန) နှစ်နှာဝါဒ

Children *ought to be trained* to be gentle.
ကလေးများသည် လေ့ကျင့်ပေးခြင်းခံရသင့်သည် ယဉ်ကျေးသိမ်မွေ့အောင် (A.V ပြန်နည်း)

9.35 (Have) to

Modal Verb အနေနှင့်ကြိယာပုံစံများ		Main Verb အနေနှင့်ကြိယာပုံစံများ	
(Have) to + V.1	=------ရသည်	(Do) + not + have to + V.1	= မ----ရပါ
(Have) to + be	= ဖြစ်ရမည်/ရှိရမည်	(Do) + not + have to + V.1	= ---ဖို့မလိုပါ။
(Have) to + be + Adj	= -----ရမည်	(Do) + —— + have to + V.1?	=-----ကြရသလား
will + have to + V.1	=------ရလိမ့်မည်		

မှတ်ချက်။ ။ မိမိ၏ ဆန္ဒကြောင့်မဟုတ်ပဲ အမိန့် ၊ စည်းကမ်း ၊ တာဝန် ၊ အခြေအနေ တစ်ခုခုကြောင့် ပြုလုပ်ရသောကိစ္စ အတွက်သုံးသည်။

A.1. We *have to* get up early.
ကျွန်ုပ်တို့ စောစော အိပ်ရာထကြရသည်။

2. I *have to be* at home in the evening.
ကျွန်ုပ်သည် ညနေမှာ အိမ်မှာ ရှိနေရမည်။

3. She *has to be satisfied* with little wages.
သူသည် ကျေနပ်ရသည် မထိုစလောက်သော လုပ်ခလေးနှင့်။

4. We *will have to build up* our own futures.
ကျွန်ုပ်တို့ ကျွန်ုပ်တို့၏ကိုယ်ပိုင်အနာဂတ်များကို တည်ဆောက်ကြရလိမ့်မည်။

5. *Do* they *have to sweep* the precint every morning?
သူတို့သည် ပရိဝုဏ်ကို မနက်တိုင်း တံမြက်စည်းလှည်းကြရသလား။

Scanned by CamScanner

6. ***Does*** **Peter** ***have to take*** **bus to his work?**
ပီတာသည် သူ့အလုပ်ခွင်သို့ ဘတ်စ်ကား စီးရသလား။

7. ***Did*** **your father** ***have to bring*** **his nephew** ***up*****?**
သင့်ဖခင်သည် သူ့ရဲတူကို ပြုစုမွေးမြူခဲ့ရသလား။

8. **We** ***do not have to walk*** **to the ferry terminal.**
ငါတို့ ကူးတို့ဆိပ်ကို လမ်းမလျှောက်ကြရပါဘူး။

9. **Daw Daw** ***does not have to do*** **shopping today.**
ဒေါ်ဒေါ် ဒီနေ့ ဈေးဝယ်စရာမလိုဘူး။

10. **I** ***did not have to pay*** **entry charge at the acrobatic show.**
ကျွန်ုပ် ဆပ်ကပ်ပြပွဲမှာ ဝင်ကြေးကို မပေးခဲ့ရပါ။

B. M + be + V.3 ပါ ပဲ (Passive Voice = ခံရသူဝစား) နဲ့ပြန်ပါတယ်

Aerobics exercise ***have to be done*** **early in the morning.**
မနက်စောစောမှာ အေရိုးဘစ်လေ့ကျင့်ခန်းကို လုပ်ရသည်။ (A.V ပြန်နည်း)

9.36 *Need*

Modal Verb အနေနှင့်ကြိယာပုံစံများ	Main Verb အနေနှင့်ကြိယာပုံစံများ
need not V.1 = -----ဖို့မလိုဘူး	need to V.1 = ---ဖို့လိုသည်
need not be Adj = -------‖-----	need to + be + Adj = ------‖-----
need +——+ V.1? = -----ဖို့လိုသလား	(Do) not need + to V.1 = ---ဖို့မလိုဘူး
need +——+ not V.1? = -----ဖို့မလိုဘူးလား	(Do) +——+ need + to V.1? = ---ဖို့လိုသလား
	(Do) +——+ not need + to V.1? =---ဖို့မလိုဘူးလား
	shall/ will need + to V.1 = ---ဖို့လိုလိမ့်မည်
	shall/will not need + to V.1 =---ဖို့လိုမည်မဟုတ်
	shall/Will +——+ need + to V.1? =---ဖို့လိုလိမ့်မည်လား

A.1. **You** ***need to abide*** **the rules.**
သင်သည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဖို့လိုသည်။

2. **You** ***need not be alert*** **to electric shock.**
မင်း လျှပ်စစ် ရှော့ဖြစ်မှာကို သတိထားဖို့မလိုဘူး။

3. **Meditaters** ***need to be attentive*** **to sensations on the body.**
တရားထိုင်သူများသည် ကိုယ်ခန္ဓာပေါ်က ဝေဒနာတွေကို အာရုံစိုက်ဖို့လိုသည်။

4. **You** ***need not avoid*** **meat and fish.**
You ***do not need to avoid*** **meat and fish.**
သင်သည် အသား နှင့် ငါးကို ရှောင်ဖို့မလိုဘူး။

5. ***Need*** **he** ***avoid*** **meat and fish?**
Does **he** ***need to avoid*** **meat and fish?**
သူသည် အသားနှင့် ငါးကို ရှောင်ဖို့လိုသလား။

6. ***Need*** **he** ***not avoid*** **meat and fish?**
Does **he** ***not need to avoid*** **meat and fish?**
သူသည် အသားနှင့်ငါးကို ရှောင်ဖို့မလိုဘူးလား။

7. **You** ***will need to try*** **more ten times than before.**
မင်း အရင်ကထက် ဆယ်ပြန်ပို၍ ကြိုးစားဖို့လိုလိမ့်မည်။

8. **I** ***shall not need to pay*** **charge at the museum.**

Scanned by CamScanner

ကျွန်ုပ်သည် ပြတိုက်မှာ အခ ကို <u>ပေးဖို့လိုလိမ့်မည်မဟုတ်။</u>

9. <u>*Will*</u> they <u>*need to show*</u> their tickets?
သူတို့သည် သူတို့ရဲ့လက်မှတ်တွေကို <u>ပြဖို့လိုလိမ့်မည်လား။</u>

B. <u>M + be + V.3</u> ပါ သော (Passive Voice = ဝါစ္စဝစန) နှစ်နှာဝါကျ

1. A candidate <u>*need not be identified*</u> <u>by means of registration card.</u>
လျှောက်ထားသူတစ်ဦးသည် မှတ်ပုံတင်ကပ်ဖြင့် <u>ဖော်ပြခြင်းခံရဖို့မလိုအပ်ပါ။</u> (ဖော်ပြဖို့.မလို)

2. Dinner <u>*need to be prepared*</u> <u>before the guests arrive.</u>
ညစာဆည် ဧည့်သည်များရောက်မလာမီ <u>စီမံခြင်းခံရဖို့လိုသည်</u> ။ (စီမံဖို့လိုသည်)

3. Shoes <u>*will need to be deposited*</u> at the gate.
ဖိနပ်များသည် ဂိတ်ပေါက်မှာ <u>အပ်နှံခြင်းခံရဖို့လိုလိမ့်မည်။</u> (အပ်နှံဖို့လိုလိမ့်မည်)

9.37 *Dare*

Modal Verb အနေနှင့်ကြိယာပုံစံများ:	Main Verb အနေနှင့်ကြိယာပုံစံများ:
dare not V.1 = မ --ရဲဘူး: dare +——+ V.1? = ----ရဲသလား: dare +——+ not V.1? = မ-ရဲဘူးလား:	dare to V.1 = -ရဲသည် (Do) not dare toV.1 = မ --ရဲဘူး: (Do)+——+ dare toV.1? = --ရဲသလား: (Do)+——+ not dare to V.1? = မ--ရဲဘူးလား:

A.1. I <u>*dare not watch*</u> <u>vampire films.</u>
I <u>*do not dare to watch*</u> <u>vampire films.</u>
ငါ သရဲဇာတ်ကားတွေကို <u>မကြည့်ရဲဘူး။</u>

2. <u>*Dare*</u> you <u>*not watch*</u> them?
<u>*Do*</u> you <u>*not*</u> <u>*dare to watch*</u> them?
မင်း အဲဒါတွေကို <u>မကြည့်ရဲဘူးလား။</u>

3. Some tourist women <u>*dare to make*</u> <u>travel</u> alone.
အချို့ အမျိုးသမီး ကမ္ဘာလှည့်ခရီးသည်များသည် တစ်ယောက်တည်း <u>ခရီးသွားရဲကြသည်။</u>

4. <u>*Dare*</u> you <u>*not go*</u> alone there?
<u>*Do*</u> you <u>*not dare to go*</u> alone there?
မင်း အဲဒီကို တစ်ယောက်တည်း <u>မသွားရဲဘူးလား။</u> (မှတ်ချက်။ ။ P.V ဝါကျ အလွန်သုံးခဲလှ၏။)

9.38 *Used to*

Modal Verb အနေနှင့်ကြိယာပုံစံများ	Main Verb အနေနှင့်ကြိယာပုံစံများ
used to + V.1 = --လေ့ရှိခဲ့သည်/--ခဲ့ဖူးသည် used to + be = ဖြစ်ခဲ့ဖူးသည်/ရှိခဲ့ဖူးသည် used to + be + Adj = ---။---- used not + to + V.1 = ———လေ့မရှိခဲ့/ မ--ခဲ့ဖူးပါ used+——+ to +V.1? =--လေ့ရှိခဲ့သလား/-ခဲ့ဖူးသလား used +——+ not + to + V.1?= ——လေ့မရှိခဲ့ဘူးလား	Did+——+ use to +V.1? = -လေ့ရှိခဲ့သလား/-ခဲ့ဘူးသလား did + not + use to +V.1 = -လေ့မရှိခဲ့/မ-ဖူးခဲ့ပါ Did+—+not+ use to +V.1? = -လေ့မရှိခဲ့ဘူးလား/ မ-ဖူးခဲ့ဘူးလား

A.1. Rosy <u>*used to suck*</u> her thumb when she was a baby.
ရှိစီသည် သူမ ကလေးငယ်ဖြစ်ခဲ့တုန်းက သူမ၏လက်မကို <u>စုပ်လေ့ရှိခဲ့သည်။</u>

Scanned by CamScanner

2. His aunt *used to be* a voluntary nurse.
သူ့အဒေါ်သည် စေတနာ့ဝန်ထမ်းသူနာပြုတစ်ဦး ဖြစ်ခဲ့ဖူးသည်။

3. I *used to be thirsty* right at bed-time.
ကျွန်ုပ်သည် အိပ်ရာဝင်ချိန်မှာပင် ရေဆာလေ့ရှိခဲ့သည်။

4. My dog *used not to bite.*
My dog *did not use to bite.*
ကျွန်ုပ်၏ခွေးသည် ကိုက်လေ့မရှိခဲ့ပါ။

5. *Used* the engine *to break down?*
Did the engine *use to break down?*
ယင်းအင်ဂျင်စက်သည် ပျက်လေ့ရှိခဲ့သလား။

6. *Used* tornadoes *not to appear* early in April?
Did tornadoes *not use to appear* early in April?
လေဆင်နှာမောင်းများသည် ဧပြီလစောစောပိုင်းမှာ ပေါ်လာလေ့မရှိခဲ့ဘူးလား ။

B. M + be + V.3 ပါ သော (Passive Voice = ခံရသူဝစန) နဒုနာဝါကျ

These goods *used to be exported* by their company.
ဤကုန်ပစ္စည်းများသည် သူတို့ကုမ္ပဏီ၏ တင်ပို့ခြင်းခံရလေ့ရှိခဲ့သည်။

9.39 ***Modal Continuous Tense*** ဝါကျများ (P.V ဝါကျမရှိ)

M + be + V.4 ပါ သော (Active Voice = ပြုသူဝစန) နဒုနာဝါကျ

A. Can + be + V.4 (---နေလောက်သည်/---နေတာဖြစ်နိုင်သည်) (ခန့်မှန်းခြင်း)

1. He *can be playing* tennis by this time.
သူသည် ခုချိန်မှာ တင်းနစ်ကို ကစားနေလောက်သည် ။

2. The troops *can be waiting* for the order.
ဂင်းတပ်ဖွဲ့များသည် အမိန့်ကို စောင့်နေတာဖြစ်နိုင်သည်။

မှတ်ချက်။ ။ **could +be +V.4 , may + be +V.4** တို့ကိုလည်း can + be + V.4 နှင့် အနက်တူသုံးနိုင်သည်။

B. might + be + V.4 (--ချင်--နေလောက်သည်/--နေတာဖြစ်ချင်ဖြစ်နိုင်သည်) (ခန့်မှန်းခြင်း)

1. He *might be sleeping* somewhere.
သူသည် တစ်နေရာရာမှာ အိပ်ချင်အိပ်နေလောက်သည်။

2. The thief *might be hiding* himself at certain place.
ယင်းသူခိုးသည် တစ်နေရာရာမှာ ပုန်းနေတာဖြစ်ချင်ဖြစ်နိုင်သည်။

C. should + be +V.4 (--နေသင့်သည်) (အကြံပေးခြင်း)

1. You *should be taking rest* now.
သင်သည် ယခု အနားယူနေသင့်သည်။

မှတ်ချက် ။ ။ **ought to + be + V.4** ကိုလည်း should + be + V.4 ၏အနက်အတိုင်း အစားထိုးသုံးနိုင်သည်။

D. would + be + V.4 (--နေလိမ့်မည်ထင်သည် /--နေလောက်သည်) (ခန့်မှန်းခြင်း)

1. The guests *would be staying* at a cheap hotel.
ယင်းဧည့်သည်များသည် ဈေးချိုသောဟိုတယ်တစ်ခုမှာ တည်းနေလိမ့်မည်ထင်သည်။

E. must + be + V.4 (--နေရ မည် ၊--နေတာဖြစ်ရမည်)

1. You *must be examining* what is going on in your environment. (အကြံပေးခြင်း)
သင်သည် သင့်ပတ်ဝန်းကျင်မှာ ဘာဖြစ်နေတယ်ဆိုတာကို စစ်ဆေးနေရမည်။

Scanned by CamScanner

2. They *must be planning* a secret one. (ကောက်ချက်ချခြင်း)
သူတို့သည် လျှို့ဝှက်သော အရာတစ်ခုကို စီစဉ်နေတာဖြစ်ရမည်၊

F. (Have) to + be + V.4 (---နေရသည်)

1. I *have to be cooking* all the time. (တာဝန်)
ကျွန်ုပ်သည် တစ်ချိန်လုံး ချက်ပြုတ်နေရသည်။
2. She *has to be cleaning.*
သူမသည် သန့်ရှင်းရေးလုပ်နေရသည်။

G. need to + be + V.4 (---နေဖို့လိုသည်)

1. School teachers *need to be studying* their own subjects.
ကျောင်းဆရာများသည် သူတို့၏ ကိုယ်ပိုင်ဘာသာရပ်များကို လေ့လာဆည်းပူးနေဖို့လိုအပ်သည်။

9.40 *Modal Perfect Tense* ဝါကျများ

M + have + V.3 ဟိ ၏ (Active Voice = ကြိယာစား) နဒုနှာဝါကျ
M + have + been + V.3 ဟိ ၏ (Passive Voice = ခံရဿဝစား) နဒုနှာဝါကျ
M + have + been , M +have + been + Adj ဟိ ၏ (ကြိယာစား) နဒုနှာဝါကျ

9.41 *Can*

can + have + been + Adj = --ခဲ့လောက်သည် /-နိုင်ခဲ့သည် (ထင်ကြေးပေးခြင်း)
can + have + been = ဖြစ်နိုင်ခဲ့လောက်သည်/ရှိနိုင်ခဲ့လောက်သည် (ထင်ကြေးပေးခြင်း)
can + have + V.3 = ---ခဲ့လောက်သည်(--ခဲ့တာဖြစ်နိုင်သည်) (ထင်ကြေးပေးခြင်း)
" = --မည်ဆို--နိုင်ခဲ့သည် (အထ မမြောက်ခဲ့သော အစွမ်း)
" = --မည်ဆို--လို့ရခဲ့သည် (အထ မမြောက်ခဲ့သော အစွမ်း)
" = --မည်ဆို--လို့ရခဲ့သားပဲ (အထ မမြောက်ခဲ့သော အစွမ်း)

A.1. The weather *can have been bad* last year.
ရာသီဥတုသည် မနှစ်က ဆိုးခဲ့လောက်သည်။
2. Mammoths *can have been* in this region millions of years ago.
ကမ္ဘာဦးဆင်ကြီးများ လွန်ခဲ့သောနှစ် သန်းပေါင်းများစွာက ဤဒေသမှာ ရှိနိုင်ခဲ့သည်။
3. The dog *can have eaten* poisoned food.
ၵင်းခွေးသည် အဆိပ်ခပ်ထားတဲ့အစာကို စားခဲ့တာဖြစ်နိုင်သည်။
4. I *can have passed* the examination.
ငါ စာမေးပွဲကို အောင်မယ်ဆိုအောင်နိုင်ခဲ့တယ် (တကယ်တော့ မအောင်ခဲ့)
5. You *can have used* the president's car.
မင်း သမ္မတကြီးရဲ့ကားကို သုံးမယ်ဆိုသုံးလို့ရခဲ့တယ်။ (တကယ်တော့မသုံးဖြစ်ခဲ့)
6. We *can have inquired* about him at the hospital.
ငါတို့ သူ့အကြောင်းကို ဆေးရုံမှာ စုံစမ်းမယ်ဆိုစုံစမ်းလို့ရခဲ့တယ်။ (တကယ်တော့ မစုံစမ်းဖြစ်ခဲ့)

B. M + have + been + V.3 ဟိ ၏ (Passive Voice = ခံရဿဝစား) နဒုနှာဝါကျ

1. That sort of bridge *can have been built* then.
ဒီလိုတံတားမျိုးကို အဲဒီတုန်းက ဆောက်မယ်ဆိုဆောက်နိုင်ခဲ့သည်။

မှတ်ချက်။ **could + have + V.3 , could+ have + been , could + have + been + Adj , could + have + been + V.3** တို့ကိုလည်း အထက်ပါ မြန်မာပြန်အနက်များဖြင့် can နေရာ၌အစားထိုးသုံးနိုင်ပါသည် ။

Scanned by CamScanner

9.42 May

may + have + V.3	= ---မည်ဆို--ခွင့်ရခဲ့သည်	(မပြီးမြောက်ခဲ့သော အခွင့်အရေး)
---- ▮ ----	= -----ခဲ့တာဖြစ်နိုင်သည်)	(ဖြစ်နိုင်ခြေ အတိတ်)
may + have + been + Adj	=-------▮------- (-----▮-----)	

A. 1. You ***may have borrowed*** my camera then.

မင်း အဲဒါတုန်းက ငါ့ ကင်မရာကို <u>ငှားမယ်ဆိုငှားလို့ရခဲ့တယ်။</u> (တကယ်တော့မငှားဖြစ်ခဲ့)

2. I ***may have passed*** the gate then.

ငါ ဒါဂိတ်ကို အဲဒီတုန်းက <u>ဖြတ်မယ်ဆိုဖြတ်ခွင့်ရခဲ့တယ်။</u> (တကယ်တော့မဖြတ်ကျော်ဖြစ်ခဲ့)

3. She ***may have forgotten*** her umbrella.

သူမသည် သူမ၏ထီးကို <u>မေ့ကျန်ခဲ့တာဖြစ်နိုင်သည်။</u>

4. The company ***may have been successful*** before.

ဌင်းကုမ္ပဏီသည် ယခင်က <u>အောင်မြင်ခဲ့တာဖြစ်နိုင်သည်။</u>

B. **M + have + been + V.3** ၏ အဓာ (Passive Voice = ဒုတိယဝိဘတ်) နဉ္စာဝါကျ

The umbrella ***may have been forgotten*** by her.

ဌင်းထီးသည် သူမ၏ <u>မေ့ကျန်ခြင်းခံခဲ့ရတာဖြစ်နိုင်သည်</u> ။

မှတ်ချက်။ **might + have + V.3** , **might + have + been** , **might + have + been + Adj** နှင့် **might + have + been + V.3** တို့ကိုလည်း အထက်ပါ အနက်များဖြင့် may နေရာ၌ အစားထိုးသုံးနိုင်ပါသည်။

9.43 Should

should + have + been + Adj	= ----ခဲ့လောက်သည်/--ခဲ့မည်ထင်သည်	(ထင်ကြေးပေးခြင်း။အတိတ်)
should + have + V.3	= ----------▮------/----------	(ထင်ကြေးပေးခြင်း။အတိတ်)
-----▮------	= ---ခဲ့သင့်သည်	(တကယ်မဖြစ်ခဲ့သောအခြေအနေ)
should + have + been	= ဖြစ်ခဲ့သင့်သည်/ရှိခဲ့သင့်သည်	(တကယ်မဖြစ်ခဲ့သောအခြေအနေ)
should + have + liked to + V.1	=————ချင်ခဲ့သည်	(တကယ်မဖြစ်ခဲ့သောအခြေအနေ)

A.1. He ***should have been satisified*** just with this compensation.

သူသည် ဤလျော်ကြေးလောက်နှင့် <u>ကျေနပ်ခဲ့လောက်သည်။</u>

2. The parcel ***should have arrived*** at the post office yesterday.

ဤပါဆယ်ထုပ်သည် စာတိုက်သို့မနေ့က <u>ရောက်ခဲ့တာဖြစ်လောက်သည်။</u>

3. You ***should have passed*** the examination.

မင်းဟာ ဒီစာမေးပွဲကို <u>အောင်ခဲ့သင့်တယ်။</u> (တကယ်တော့ မအောင်ခဲ့)

4. You ***should have been*** men of wealth.

သင်တို့သည် ဥစ္စာဓနပေါများသူများ <u>ဖြစ်ခဲ့သင့်သည်။</u> (အမှန်မှာ မဖြစ်လာခဲ့)

5. At least, a hospital ***should have been*** in this area.

ဤ နယ်မြေမှာ အနည်းဆုံး ဆေးရုံတစ်ရုံလောက်တော့ <u>ရှိခဲ့သင့်သည်။</u> (တကယ်တော့ မရှိခဲ့)

6. I ***should have liked to be*** a monk.

ငါ ဖြစ်ချင်ခဲ့သည်ဘုန်းကြီးတစ်ပါး (တကယ်တော့ မဖြစ်ခဲ့)

7. I ***should have liked to own*** a car.

ငါ ကားတစ်စီးကို <u>ပိုင်ဆိုင်ချင်ခဲ့သည်။</u> (တကယ်တော့ မပိုင်ခဲ့ရ)

B. **M + have + been + V.3** ၏ အဓာ (Passive Voice = ဒုတိယဝိဘတ်) နဉ္စာဝါကျ

<u>Such a thief</u> ***should have been arrested***.

Scanned by CamScanner

ဒီလိုသူခိုးမျိုးသည် <u>အဖမ်းခံခဲ့ရသင့်သည်</u> ။ (တကယ်တော့ အဖမ်းမခံခဲ့ရ)

မှတ်ချက်။ ။ **<u>ought to + have + V.3</u>** , **<u>ought to + have + been</u>** , **<u>ought to + have + been + Adj</u>** ,
<u>ought to +have+ been +V.3</u> များကိုလည်းအထက်ပါ မြန်မာပြန်များဖြင့် အစားထိုးသုံးနိုင်ပါသည်။

9.44 *Would*

would + have + V.3 = ---ခဲ့လောက်သည် ၊ ---ခဲ့မည်ထင်သည်/---ခဲ့ပေလိမ့်မည် (ထင်ကြေးပေးခြင်း)
would + have + been + Adj = ------။--------/--------။--------/-------।------
would + have + been = ဖြစ်/ရှိခဲ့လောက်သည် ၊ ဖြစ်/ရှိခဲ့မည်ထင်သည် ၊ ဖြစ်/ရှိခဲ့ပေလိမ့်မည်
would + have + liked to + V.1 = ------ချင်ခဲ့သည်

A.1. Peter <u>*would have met*</u> his sister at her apartment.
ပီတာသည် သူ့နှမကိုသူမ၏ တိုက်ခန်းမှာ <u>တွေ့ဆုံခဲ့ပေလိမ့်မည်</u>။ (တွေ့ခဲ့လောက်သည်)

2. The man <u>*would have been*</u> very <u>*wealthy*</u> long before.
ဂင်းလူကြီးသည် ဟိုယခင်က အလွန်<u>ချမ်းသာကြွယ်ဝ ခဲ့ပေလိမ့်မည်</u>။

3. The town <u>*would have been*</u> a commercial center earlier.
ဂင်းမြို့သည် စောစောတုန်းက ကုန်သွယ်ရေးအချက်အချာနေရာ <u>ဖြစ်ခဲ့လောက်သည်</u>။

4. He <u>*would have liked to be*</u> a doctor.
သူသည် ဆရာဝန်တစ်ဦး <u>ဖြစ်ချင်ခဲ့သည်</u>။

B. **<u>M + have + been + V.3</u>** တိ ကာ (Passive Voice = ံရသူဝစာန) နဦနာဝါဏ္ဍ

The fort <u>*would have been built*</u> about a couple of century ago.
ဂင်း ခံတပ်ကို လွန်ခဲ့သော နှစ်ရာစုလောက်က <u>တည်ဆောက်ခဲ့လိမ့်မည်ထင်သည်</u>။

9.45 *Must*

must + have + V.3 = ---ခဲ့တာဖြစ်ရမည် (ကောက်ချက်ချခြင်း)
must + have + been = ဖြစ်ခဲ့ရမည်/ရှိခဲ့ရမည် (ကောက်ချက်ချခြင်း)
must + have + been + Adj = ------ခဲ့တာဖြစ်ရမည် (ကောက်ချက်ချခြင်း)

1. It <u>*must have snowed*</u> this morning.
ဒီမနက်က <u>နှင်းတွေကျခဲ့တာဖြစ်ရမည်</u>။

2. <u>There *must have been*</u> living things on Mars.
အင်္ဂါဂြိုဟ်ပေါ်မှာ သက်ရှိသတ္တဝါများ <u>ရှိခဲ့ရမည်</u> ။

3. The woman <u>*must have been*</u> a dancer.
ဒီအမျိုးသမီးသည် အကမင်းသမီးတစ်ဦး <u>ဖြစ်ခဲ့ရမည်</u>။

4. The area <u>*must have been full*</u> of wild beasts.
ယင်းနယ်မြေသည် သားရဲတိရစ္ဆာန်များနှင့် <u>ပြည့်နေခဲ့တာဖြစ်ရမည်</u>။

B. **<u>M + have + been + V.3</u>** တိ ကာ (Passive Voice = ံရသူဝစာန) နဦနာဝါဏ္ဍ

The ancient kingdom <u>*must have been destroyed*</u> by barabrians.
ဂင်း ရှေးဟောင်း မင်းနေပြည်ကြီးသည် လူရိုင်းများ၏ <u>ဖျက်ဆီးခြင်းခံခဲ့ရတာဖြစ်ရမည်</u>။

Scanned by CamScanner

9.46 Need

need + not + have + V.3 = ------ဖို့မလိုခဲ့ဘူး (မလိုအပ်ပဲပြုလုပ်ပြီးခဲ့ပုံ)
need +———+ have +V.3? =------ဖို့လိုခဲ့သလား (-----॥-----)

1. We *need not have bought* so much food.
ကျွန်ုပ်တို့ ဒီလောက်များသော အစားအစာကို ဝယ်ဖို့မလိုအပ်ခဲ့ဘူး (တကယ်တော့ ဝယ်ပြီးသွားပြီ)
2. *Need* we *have invested* in service sector? (တကယ်တော့မြှုပ်နှံပြီးပြီ)
ကျွန်ုပ်တို့ ဝန်ဆောင်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့လိုခဲ့သလား။

9.47 *Modal Perfect Continuous Tense* ဝါကျများ:

M + have + been +V.4 ဟိ ၊ ၊ (Active Voice = ဖြုသူဝစား) နှစ္ဆာဝါကျ

9.48

can + have + been + V.4 =---နေခဲ့ကြတာဖြစ်နိုင်သည်
could+ have + been +V.4 =---နေခဲ့ကြတာဖြစ်နိုင်သည်
may + have + been +V.4 =---နေခဲ့ကြတာဖြစ်နိုင်သည်
might + have + bneen +V.4 =-နေခဲ့ကြတာဖြစ်ချင်ဖြစ်နိုင်သည်

The inhabitants *can have been farming* for about a century.
ယင်းဒေသခံလူများသည် ရာစုနှစ်တစ်ခုလောက်ကြာအောင် မွေးမြူရေးလုပ်နေခဲ့ကြတာဖြစ်နိုင်သည်။

A. should + have + been + V.4 = --နေခဲ့သင့်သည် (ဖြစ်သင့်သည့်အတိုင်းမဖြစ်ခဲ့ပုံ)
ought to + have + been + V.4 = --နေခဲ့သင့်သည် (ဖြစ်သင့်သည့်အတိုင်းမဖြစ်ခဲ့ပုံ)

We *should have been watching* their actions.
ငါတို့သည် သူတို့၏လုပ်ရပ်များကို စောင့်ကြည့်နေခဲ့သင့်သည် ။ (တကယ်တော့ စောင့်ကြည့်မနေမိခဲ့)

B. would + have + been + V.4 = --နေခဲ့ပေလိမ့်မည်/———နေခဲ့လောက်သည်/-နေခဲ့မည်ထင်သည်

My grandmother *would have been weaving* blankets.
ကျွန်ုပ်၏ အဖွားသည် စောင်များကို ယက်နေခဲ့ပေလိမ့်မည်။

C. must + have + been + V.4 = ---နေခဲ့ရမည် (---နေခဲ့တာဖြစ်ရမည်) (ကောက်ချက်ချခြင်း)

He *must have been running* his business well.
သူသည် သူ့၏စီးပွားရေးလုပ်ငန်းကို ကောင်းစွာ ကိုင်တွယ်လည်ပတ်နေခဲ့တာဖြစ်ရမည်။

D. need + not + have + been + V.4 = ---နေဖို့မလိုခဲ့ဘူး

I *need not have been trying* so hard.
ကျွန်ုပ်သည် ဒီလောက်ပြင်းပြင်းထန်ထန် ကြိုးစားနေဖို့မလိုခဲ့ဘူး။

မှတ်ချက် ။ ။ ဤ Tense ၌ (Have) to , Dare , Used to တို့ကိုမသုံးပါ။

လား-အမေးဝါကျများကို Modal Verb များကိုရှေ့ထုတ်ခြင်းဖြင့်လည်းကောင်း ၊ အငြင်း ဝါကျများကို Modal Verb များနောက်မှာ not ထည့်၍လည်းကောင်း ၊ ငြင်း-မေး ဝါကျများကို Modal Verb များကိုရှေ့ထုတ်ပြီး၊ နောက်မှာ not ထည့်၍လည်း ကောင်း ပြုလုပ်ပါ။

9.49 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ ဝါကျများမှ ကြိယာပုံစံကိုကြည့်၍ Active ဖြစ်လျှင် A ဟုလည်းကောင်း ၊ Passive ဖြစ်လျှင် P ဟုလည်းကောင်း ဝါကျအသီးသီး ၏ဘေးမှာ မှတ်သားပါ။

Scanned by CamScanner

a. Ma Ma <u>is reading</u> a newspaper.
မမသည် သတင်းစာတစ်စောင်ကို ဖတ်နေသည်။

b The street <u>was being blocked</u> by pedestrians.
ဂုင်းလမ်းသည် လမ်းလျှောက်သူများနှင့် ပိတ်ဆို့ခံနေရသည်။

c. An owl <u>has been perching</u> on the cable line.
ဇီးကွက်တစ်ကောင်သည် ဓာတ်ကြိုးပေါ်မှာ တစ်ချိန်လုံးနားနေသည်။

d. The shop <u>had been closed</u> for months.
ဂုင်း ဆိုင်သည် လနှင့်ချီ၍ ပိတ်ခြင်းခံထားခဲ့ရသည်။

e. I <u>am</u> a musician.
ကျွန်ုပ်သည် ဂီတသမားတစ်ယောက်ဖြစ်သည်။

2. အောက်ပါ Active Voice ဝါကျများကို Passive Voice ဝါကျသို့ပြောင်းပါ။

a. She <u>was watching</u> her baby sleeping.
သူမသည် သူမ၏ကလေး အိပ်နေတာကို စောင့်ကြည့်နေခဲ့သည်။

b The Chairman <u>awarded</u> us a silver-shield
ဥက္ကဋ္ဌကြီးက ကျွန်ုပ်တို့ကို ငွေဒိုင်းဆု ဆုပေးခဲ့သည်။

c. They <u>have supposed</u> me to hide the truth.
သူတို့က ကျွန်ုပ် အမှန်တရားကို ဖုံးကွယ်သည်ဟု ယူဆထားကြသည်။

d Global warmth <u>is threatening</u> the earth.
ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုသည် ကမ္ဘာမြေကြီးကို ခြိမ်းခြောက်နေသည်။

e. She <u>left</u> the box open.
သူမသည် ဂုင်းသေတ္တာကို ဖွင့်လျက်အတိုင်းထားရစ်ခဲ့သည်။

3. အောက်ပါ Passive Voice ဝါကျများကို Active Voice ဝါကျသို့ပြန်လည်၍ ပြောင်းပါ။

a. I <u>*was praised*</u> by my teacher.
ကျွန်ုပ်သည် ကျွန်ုပ်ဆရာ၏ ချီးကြူးခြင်းကိုခံခဲ့ရသည်။

b Honesty <u>*is being regarded*</u> as dullness (by people)
လူတွေက ရိုးသားမှုကို ထိုင်းအ- ခြင်း ဟု သဘောထား နေကြသည်။

c. The information <u>*should have been reported*</u> earlier.
ဒီသတင်းကို အစောကတည်းက အစီရင်ခံခဲ့သင့်သည်။

d Someone <u>*might be kidnapped*</u> by bandits.
တစ်ယောက်ယောက်တော့ ဓားပြတွေ ပြန်ပေးဆွဲတာကို ခံချင်ခံရနိုင်တယ်။

e. Truth <u>*cannot be hidden*</u> by anyone.
အမှန်တရားကို တစ်စုံတစ်ယောက်က မဖုံးကွယ်နိုင်ပါ။

4. အောက်ပါ အင်္ဂလိပ်ဝါကျများကို မြန်မာပြန်ပြပါ။

a. The wind <u>*has been blowing*</u> for four days. (wind = လေ ၊ blow = တိုက်သည်၊ day = ရက်)

b <u>*Could*</u> the woman <u>*be*</u> in? (woman = အမျိုးသမီး ၊ in = အထဲမှာ)

c. He <u>*has been interested*</u> in classical poetry. = (interested in = စိတ်ဝင်စားသော ၊
poetry = ကဗျာလင်္ကာ ။ classical = ဂန္ထဝင်ဖြစ်သော)

d Gold price <u>*will have been increasing*</u> upto 400 dollars by June. (gold price = ရွှေဈေး ၊
increase = တိုးသည် ၊ up to = အထိ ၊ by June = ဇွန်လဆိုရင်)

e. This area <u>*must have been full*</u> of temples. (area = နယ်မြေ ၊ full of = ပြည့်သော ၊ temple = ဘုရားကျောင်း)

5. အောက်ပါမြန်မာဝါကျများကို အင်္ဂလိပ်လို ပြန်ရေးပါ။

a ဂုင်း ကလေးငယ်သည် တောက်လျှောက် ဝ လာသည်။ (baby = ကလေးငယ် ၊ fat = ဝသော)

Scanned by CamScanner

b. ကျွန်ုပ်၏ ဦးခေါင်းသည် ရိတ်ပြီးခါစ ကလေး ဖြစ်သည်။ (my head = ကျွန်ုပ်၏ ဦးခေါင်း ၊ shaven = ရိတ်ပြီး၊ just = ခါစကလေး)

c. ၎င်း ဘောလုံးနည်းပြဆရာသည် သတင်းစာများ၏ ဝေဖန်ခြင်းကိုခံနေခဲ့ရသည်။ (football-coach = ဘောလုံးနည်းပြ၊ newspaper =သတင်းစာ ၊ criticize = ဝေဖန်သည်)

d. ၎င်းသူခိုး ခိုးလာတာ နောက်တစ်စီးပါ ပေါင်းရင် စက်ဘီး ကိုးစီးရှိသွားလိမ့်မည်။ (steal = ခိုးသည်၊ bicycle = စက်ဘီး ၊ adding next one = နောက်တစ်စီးပါ ပေါင်းလျှင်)

e. ခုချိန်ဆို သူတို့ကားလက်မှတ်များ ဝယ်ထားပြီး ဖြစ်လိမ့်မည်။ (by now = ခုချိန်ဆို ၊ bought = ဝယ်ပြီး ၊ bus-ticket = ကားလက်မှတ်)

6. အောက်ပါ အင်္ဂလိပ်ဝါကျတစ်ခုစီကို လား-အမေး ၊ အငြင်း ၊ ငြင်း-မေး ဝါကျဟူ၍ (3) ခုစီ ထပ်ပြုလုပ်ပါ။

a. **Your house ought to be repaired in time.**

(မင်းရဲ့အိမ်ကို အချိန်မှီ ပြု ပြင်သင့်သည်။)

b. **My friend used to snore while asleep.**

(ကျွန်ုပ်၏ သူငယ်ချင်းသည် အိပ်မောကျနေစဉ် ဟောက်လေ့ရှိခဲ့သည်)

c. **We have to be checked before entering the museum.**

(ပြတိုက်ထဲမဝင်မှီ ကျွန်ုပ်တို့ စစ်ဆေးခံကြရသည်။)

d. **You could have been the winner then.**

(ခင်ဗျား အဲဒီတုန်းက အနိုင်ရသူဖြစ် မယ်ဆိုဖြစ်နိုင်ခဲ့ပါတယ်။)

e. **The sea may get calm tomorrow.**

(ပင်လယ်သည် မနက်ဖန် ငြိမ်သက်သွားလောက်ပါသည်။)

7. အောက်ပါ ဝေါဟာရ (4) ခုကို ကြိယာပုံစံများ၌ထည့်သုံးပါက ဝေါဟာရတစ်ခုအတွက် ကြိယာပုံစံပေါင်း ×××× မည်မျှအထိရနိုင်ပါသနည်း။

(**Present , Past , Future , Modal** ဟူ၍ **Tense (4)** မျိုးစလုံးမှာရှိသည့် ကြိယာပုံစံများကိုဆိုလိုသည်။)

a. **die** = သေသည် **(I.V)**

ဥပမာ- **die , died , has died , had died , will die** စသည်---

b. **watch** = စောင့်ကြည့်သည် **(T.V)**

c. **healthy** = ကျန်းမာရေးကောင်းသော **(Adj)**

ဥပမာ- **is healthy , was healthy , has been healthy**

d. **vigilant** = နိုးကြားသော

ကာလဆိုင်ရာကြိယာပုံစံ (Tenses) အဓိပ္ပါယ်ပြီးပါပြီ။

Scanned by CamScanner

UNIT. 10

NOUN CLAUSE (နာမ်ဝါကျ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
10. 1	နာမ်ဝါကျ (Noun Clause) ဟူသည်	145
10. 2	နာမ်ဝါကျကို ဦးစီးသောပုဒ် (4) မျိုး	145
10. 3	အဆက်နာမ်စား (R.P) ဖယားအမှတ် (29)	145
10. 4	အဆက်နာမ်စား (R.P) ဦးစီးသော နာမ်ဝါကျများ	146
10. 20	အဆက်နာမ်စား (R.P) အတွက် အချုပ်မှတ်ဖွယ်	160
10. 21	လက်တွေ့လေ့ကျင့်ခန်း	160
10. 22	အခြင်းအရာပြ အဆက်နာမ်စား (F.P) ဦးစီးသော နာမ်ဝါကျများ	162
10. 26	အခြင်းအရာပြ အဆက်နာမ်စား (F.P) အတွက် အချုပ်မှတ်ဖွယ်	163
10. 27	အဆက် ကြိယာဝိသေသန (R. Adv) ဦးစီးသော နာမ်ဝါကျများ	164
10. 34	အဆက် ကြိယာဝိသေသန (R. Adv) အတွက် အချုပ်မှတ်ဖွယ်	166
10. 35	အဆက် နာမဝိသေသန (R.Adj) ဦးစီးသော နာမ်ဝါကျများ	166
10. 37	အဆက် နာမဝိသေသန (R.Adj) အတွက် အချုပ်မှတ်ဖွယ်	166
10. 38	wh - noun phrase (wh - နှင့်အစပြုသောနာမ်ပုဒ်စု)	166
10. 39	နာမ်ဝါကျ (N.Cl) ကိုအသုံးချပုံ	167
10. 40	wh - နှင့်အစပြုသောနာမ်ပုဒ်စု ကိုအသုံးချပုံ	168
10. 41	နာမ်ဝါကျ (N.Cl) ထဲက ဝိဘတ်အကြောင်း	169
10. 42	လက်တွေ့လေ့ကျင့်ခန်းများ	169

Scanned by CamScanner

10.1 NOUN CLAUSE = နာမ်ဝါကျ

နာမ်ဝါကျ (N.Cl) ဟူသည်။ ။ ဝါကျတစ်ကြောင်းလုံးကို ဆိုလိုရင်း အရကောက်သောအခါ နာမ်တစ်ခု၏အနက်မျိုး ရလာပါက ထိုဝါကျကို နာမ်ဝါကျ (Noun Clause) ဟုခေါ်သည်။ မြန်မာစကားစုတစ်ခုဖြင့် ဥပမာပြ၍ရှင်းပြပါမည်။

ဓန္တလေးဓှာနေသော သူ ဟူသော စကားစုကို လိုရင်းကောက်လျှင် **လူပုဂ္ဂိုလ်** ဖြစ်ကြောင်းထင်ရှားပါသည်။

သူဝယ်ခဲ့သော အရာ ဟူသောစကားကို လိုရင်းကောက်ပါက **သက်မဲ့ပစ္စည်း** ဖြစ်ကြောင်းထင်ရှားပါသည်။

သူတို့ဘောလုံးထစား ပုံ ဟူသောစကားကို လိုရင်းကောက်ပါက **ကစားနည်း** ဖြစ်ကြောင်းထင်ရှားသည်။

လူပုဂ္ဂိုလ်၊ သက်မဲ့ပစ္စည်း၊ ကစားနည်းတို့မှာ **နာမ်ဝုန်များ** ဖြစ်သည်မှာလည်းထင်ရှားပါသည်။ ထိုအချက်ကို သိနိုင်ရန် **သူ၊ အရာ၊ ပုံ၊** တို့ကိုကြည့်၍ ဆုံးဖြတ်နိုင်သည်။ ဤကဲ့သို့နာမ်ကို ဆိုလိုရင်းရအောင် ရေးထားသော အင်္ဂလိပ်ဝါကျကို **နာမ်ဝါကျ** (Noun Clause) ဟုခေါ်ပါသည်။ ဝါကျ (Clause) တစ်ခုပြုလုပ်ရာ၌ မရှိမဖြစ်အနေနှင့်ကတ္တား (S) နှင့် ကြိယာ (V) ဟူ၍ နှစ်ခုသာလိုအပ်သည်။ ထိုထက်ပိုပို၍လည်း ထည့်မည်ဆိုက ထည့်နိုင်ပါသည်။

10.2 နာမ်ဝါကျ (N.CL) ပြုလုပ်ရာ၌ ဝါကျ၏ရှေ့ဆုံးက ဦးဆောင်သောပုဒ်များ

1. Relative Pronoun (R.P) [အဆက်နာမ်စား]
2. Factual Pronoun (F.P) [အခြင်းအရာပြနာမ်စား]
3. Relative Adverb (R.Adv) [အဆက်ကြို/ဝိ]
4. Relative Adjective (R.Adj) [အဆက်နာမ/ဝိ]

10.3 ဇယား - 29 Relative Pronoun (R.P) [အဆက်နာမ်စားများ]

စဉ်	R.P	အနက်	ကိုယ်စား	နာမ်ဝါကျ ထဲ ၎င်း၏ တာဝန်များ	ပေါင်း
1	who	----သောသူ/များ	လူ	S , O , D .O , I .O , S .C , P.Ph ထဲက N	6
2	whoever	-----သောသူတိုင်း	။	S , O , D .O , I .O , P.Ph ထဲက N	5
3	whom	----သောသူ/များ	။	O , D .O , I .O , P.Ph ထဲက N	4
4	which	----သောအရာ/များ	သက်မဲ့/ တိရစ်	S , O , D .O , S .C , P.Ph ထဲက N	5
5	whichever	----သောအရာတိုင်း	။	S , O , D .O , P.Ph ထဲက N	4
6	what	----သောအရာ	အကြောင်းအရာ	S , O , D .O , S .C , P.Ph ထဲက N	5
7	whatever	----သောအရာတိုင်း	။	S , O , D .O , P.Ph ထဲက N	4
8	that	----သောသူ/များ ----သောအရာ/များ	အားလုံး	S , O , D .O , I .O , P.Ph ထဲက N	5
9	whose+ N	၎င်း၏---- ----သောသူ	လူ/တိရစ်	S , O , D .O , I .O , S .C , P.Ph ထဲက N	6
10	which + N	ဘယ်---- ----တယ်ဆိုတာ	အားလုံး	S , O , D .O , I .O , S .C , P.Ph ထဲက N	6
11	what + N	ဘာ--- ----တယ်ဆိုတာ	။	S , O , D .O , S .C , P.Ph ထဲက N	5
12	how many	ဘယ်လောက်----တယ်ဆိုတာ	။	S , O , D .O , I .O , P.Ph ထဲက N	5
13	how much	ဘယ်လောက်---တယ်ဆိုတာ	။	S , O , D .O , P.Ph ထဲက N	4
14	how many + N	----ဘယ်လောက်----တယ်ဆိုတာ	။	S , O , D .O , I .O , P.Ph ထဲက N	5
15	how much + N	----ဘယ်လောက်----တယ်ဆိုတာ	။	S , O , D .O , P.Ph ထဲက N	4

Scanned by CamScanner

အထူးမှတ်ရန် ။ ။ ယခုပြခဲ့သော ဇယားထဲက who, whoever စသည်တို့မှာ လဲအမေးဝါကျအခန်းမှာပြခဲ့သော မေးခွန်းဝါကျရှေ့ဆုံး၌သုံးရသည့် အမေးနာမ်စား (Interrogative Pronoun), အမေးနာမဝိသေသန (Interrogative Adj), အမေးကြိယာဝိသေသန (Interrogative Adv) များ လုံးဝမဟုတ်ပါ။ ဤအချက်ကိုအထူးသတိပြုစေချင်ပါသည်။ အင်္ဂလိပ်စာလေ့လာသူ အများအပြားသည် ဤနာမ်ဝါကျနှင့် အမေးဝါကျ (Interrogative Sentence) ကို မကြာခဏ ရောထွေးနေတတ်ကြပါသည်။ ယခု ၎င်း R.P များ ဦးစီးသော နာမ်ဝါကျများကိုလုပ်ပြသွားပါမည်။ တစ်ဖက်ဇယားနှင့် တိုက်ဆိုင်ဖြူးရှုပါ။ နောက်ထပ်မှတ်သားရန်မှာ နာမ်ဝါကျများပြုလုပ်ရာ၌ UNIT- 8 ၌ ပြခဲ့သည့် ဝါကျပုံစံများကို အခြေခံ၍ရေးသော အဆိုဝါကျ ၊အငြင်းဝါကျ များကိုသာသုံးရသည်။ သို့ဖြစ်၍ UNIT- 8 ဝါကျပုံစံများကိုလည်း ပြန်၍ သတိပြုစေလိုပါသည်။

10.4 အဆက်နာမ်များ (RelativePronoun-R.P) ဦးစီးသောနာမ်ဝါကျများ

10.5 *who* (---သော သူ) ဦးစီးသော နာမ်ဝါကျ

(Who ၏တာဝန် 6-မျိုးကို ဇယား 29 မှာပြန်ရှု။)

A. who (---သော သူ) ဦးစီးသော (S) ထာဝန်နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ S တာဝန် ယူရမည်။ S ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် S နေရာ၌ who ကိုအစားထိုးပါ။ ? ကို မထည့်မိပါစေနှင့်။ ထည့်လျှင် လဲ-အမေးဖြစ်သွားသည်။)

1. အဆိုဝါကျ = He sleeps. (S + I.V) ဝါကျပုံစံကိုသုံးသည်။
သူသည် အိပ်သည်
နာမ်ဝါကျ = *who* sleeps
သောသူ အိပ် (အိပ်သောသူ)

(? ထည့်လျှင် ကတ္တား သိလို လဲအမေး နှင့် တူသွားမည်။ မထည့်နှင့်)

2. အဆိုဝါကျ = She likes coffee. (S + T.V + O) ဝါကျပုံစံကိုသုံးသည်။
သူမသည် ကြိုက်သည် ကော်ဖီကို
နာမ်ဝါကျ = *who* likes coffee.
သောသူ ကြိုက် ကော်ဖီကို (ကော်ဖီကို ကြိုက်သောသူ)

3. အဆိုဝါကျ = Baby falls asleep. (S + LK.V + Adj) ဝါကျပုံစံကိုသုံးသည်။
ကလေးသည် အိပ်ပျော်သွားသည်
နာမ်ဝါကျ = *who* falls asleep.
သောသူ အိပ်ပျော်သွား (အိပ်ပျော်သွားသောသူ)

4. အဆိုဝါကျ = U Ba is a doctor. (S + (Be) + S.C) ဝါကျပုံစံကိုသုံးသည်။
ဦးဘသည် ဖြစ်၏ ဆရာဝန်တစ်ဦး
နာမ်ဝါကျ = *who* is a doctor
သောသူ ဖြစ် ဆရာဝန်တစ်ဦး (ဆရာဝန်တစ်ဦးဖြစ်သောသူ)

မှတ်ချက်။ ။ S တာဝန် နာမ်ဝါကျများသည် ကတ္တားသိလိုသောလဲအမေးဝါကျနှင့်တူသည်။ ? မပါ ခြင်းသာထူးသည်။ လဲအမေးအခန်းကိုပြန်ရှုပါ။

B. ယခုတစ်ဖန် အငြင်းဝါကျဖြင့် နာမ်ဝါကျလုပ်ပါမည်။ သို့ဖြစ်၍ အငြင်းဝါကျကိုဦးစွာလုပ်ထားရပါမည်။

1. အငြင်းဝါကျ = He does not sleep. (S + I.V) ဝါကျပုံစံကိုသုံးသည်။
သူသည် မအိပ်ပါ။
နာမ်ဝါကျ = *who* does not sleep.
သောသူ မအိပ် (မအိပ်သောသူ)

Scanned by CamScanner

(? ထည့်လျှင် ကတ္တားသိလို လဲ-ငြင်းမေးနှင့် တူသွားမည်။ မထည့်နှင့်)

2. အငြင်းဝါကျ = She does not like coffee. (S + T.V + O) ဝါကျပုံစံကိုသုံးသည်။
သူမ မကြိုက်ပါ ကော်ဖီကို
နာမ်ဝါကျ = *who* does not like coffee.
သောသူ မကြိုက် ကော်ဖီကို (ကော်ဖီကို မကြိုက်သောသူ)

3. အငြင်းဝါကျ = Baby does not fall asleep. (S + LK.V + Adj) ဝါကျပုံစံကိုသုံးသည်။
ကလေး အိပ်ပျော်မသွားပါ
နာမ်ဝါကျ = *who* does not fall asleep.
သောသူ အိပ်ပျော်မသွား (အိပ်ပျော်မသွားသောသူ)

4. အငြင်းဝါကျ = U Ba is not a doctor. (S + (Be) + S.C) ဝါကျပုံစံကိုသုံးသည်။
ဦးဘ မဟုတ်ပါ ဆရာဝန်တစ်ဦး
နာမ်ဝါကျ = *who* is not a doctor
သောသူ မဟုတ် ဆရာဝန်တစ်ဦး (ဆရာဝန်တစ်ဦးမဟုတ်သောသူ)

C. who (---သော သူ) ဦးဗိုးသော (o) ထာဝန်နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ O တာဝန် ယူရမည်။ O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် O ကိုယ်စား who ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

1. အဆိုဝါကျ = She hates Ko Ko. (S + T.V + O) ပုံစံကိုသုံးသည်။
သူမသည် မုန်းသည် ကိုကို့ကို
နာမ်ဝါကျ = *who* she hates
သောသူ သူမက မုန်း (သူမက မုန်းသောသူ)

(? ထည့်သော်လည်း ကတ္တား သိလို လဲအမေး နှင့်မတူနိုင်တော့)

2. အဆို ဝါကျ = I think MaHla to swim. (S + TK.V + O + O.C infin) ပုံစံကိုသုံးသည်။
ငါ ထင်သည် မလှ ရေ ကူးသည်ဟု
နာမ်ဝါကျ = *who* I think to swim
သောသူ ငါက ထင် ရေကူးသည်ဟု (ရေကူးသည်ဟု ငါက ထင်သောသူ)

3. အဆိုဝါကျ = He likes me to try. (S + E.V + O + O.C infin) ပုံစံကိုသုံးသည်။
သူက ကြိုက်သည် ငါ ကြိုးစားတာကို
နာမ်ဝါကျ = *who* he likes to try.
သောသူ သူက ကြိုက် ကြိုးစားတာကို (ကြိုးစားတာကို သူက ကြိုက်သောသူ)

4. အဆိုဝါကျ = I saw them running. (S + S.V + O + O.C -V.4) ပုံစံကိုသုံးသည်။
ငါ မြင်ခဲ့သည် သူတို့ ပြေးနေတာကို
နာမ်ဝါကျ = *who* I saw running
သောသူ ငါ မြင်ခဲ့ ပြေးနေတာကို (ပြေးနေတာကို ငါ မြင်ခဲ့သောသူ)

မှတ်ချက်။ ။ အငြင်းဝါကျ အတွက်လည်း မခက်တော့ပြီ။ အငြင်းဝါကျ ဦးစွာလုပ်၍ O ၏ကိုယ်စား who ကိုရှေ့ ဆုံးမှာထားလိုက်ရုံသာ။ယခုလုပ်ခဲ့သော နာမ်ဝါကျများသည် Active Voice နှင့်ချည်းဖြစ်၏။ Passive Voiceနှင့်လည်းလုပ်နိုင်ပါသည်။ Passive Voice ကြိယာပုံစံဖြစ်နေဖို့တော့လိုသည်။ ပြီးလျှင် O ကိုယ်စား who ကိုဝါကျရှေ့ဆုံးမှာထားလိုက်ပါ။ နာမ်ဝါကျရ၏။

D. အဆိုဝါကျ = *He* is hated by her. (S + T.V + O) ၏ P. V ပုံစံအဆိုဝါကျ
သူသည် မုန်းခြင်းကိုခံရသည် သူမ၏
နာမ်ဝါကျ = *who* is hated by her.
သောသူ မုန်းခြင်းကိုခံရ သူမ၏ (သူမ၏မုန်းခြင်းကိုခံရ သောသူ)

Scanned by CamScanner

E. who (---သော သူ) ဦးဗိုးသော (D.O) ထာဝန်နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ D.O တာဝန် ယူရမည်။ D.O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် D.O ကိုယ်စား who ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

1. အဆိုဝါကျ = He sent Peter to me. (S + D.V + D.O. + to I.O) ပုံစံကိုသုံးသည်။
သူက လွှတ်ခဲ့သည် ပီတာကို ငါ့ဆီ
နာမ်ဝါကျ = *who* he sent to me.
သောသူ သူက လွှတ်ခဲ့ ငါ့ဆီ (ငါ့ဆီ သူ လွှတ်ခဲ့သောသူ)

2. P.V အဆိုဝါကျ = KyawKyaw is brought to Ko Ko by her. (S + D.V + D.O + to + I.O)
ကျော်ကျော်သည် ခေါ်ခြင်းခံရသည် ကိုကိုထံ သူမ၏
နာမ်ဝါကျ = *who* is brought to Ko Ko by her
သောသူ ခေါ်လာခြင်းခံရ ကိုကိုထံ သူမ၏ (ကိုကိုထံသို့သူမက ခေါ်လာခြင်းကိုခံရသောသူ)

F. who (---သော သူ) ဦးဗိုးသော (I.O) ထာဝန်နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ I.O တာဝန် ယူရမည်။ I.O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် I.O ကိုယ်စား who ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

အဆိုဝါကျ = He sent me to U Ba. (S + D.V + D.O + to + I.O) ပုံစံကိုသုံးသည်။
သူက လွှတ်ခဲ့သည် ငါ့ကို ဦးဘထံ
နာမ်ဝါကျ = *who* he sent me to
သောသူ သူက လွှတ်ခဲ့ ငါ့ကို (၎င်းထံ သူက ငါ့ကို လွှတ်ခဲ့သူ။ ဦးဘ ကိုဆိုလိုရင်း)

G. who (---သော သူ) ဦးဗိုးသော (S.C) ထာဝန်နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ S.C တာဝန် ယူရမည်။ S.C ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် S.C ကိုယ်စား who ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

အဆိုဝါကျ = The doctor is U Ba. (S + (Be) + S.C) ပုံစံကိုသုံးသည်။
ဆရာဝန်သည် ဖြစ်သည် ဦးဘသည်
နာမ်ဝါကျ = *who* the doctor is (၎င်းဆရာဝန် ဘယ်သူဖြစ်တယ်ဆိုတာ)

(ဘာသာပြန်ပုံမှာ အထက်က တာဝန်များနှင့် မတူတော့ပါ။ S.C တာဝန် နာမ်ဝါကျတိုင်း ဤနည်းပြန်ပါလေ။)

H. who (---သော သူ) ဦးဗိုးသော PP.h ထဲက N ထာဝန် နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ (PP.h ထဲက N) တာဝန် ယူရမည်။ P.Ph ပါသောဝါကျပုံစံများဖြင့်အဆို ဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် PP.h ထဲက N ကိုယ်စား who ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

အဆိုဝါကျ = She shouted at her sister. (S + I.V + F. P.Ph) ပုံစံ
သူမသည် အော်ခဲ့သည် သူမ၏ညီမကို
နာမ်ဝါကျ = *who* she shouted at
သောသူ သူမက အော်ခဲ့

10.6 *whoever* (---သော သူတိုင်း) ဦးဗိုးသော နာမ်ဝါကျ

(whoever ၏တာဝန် 5 -မျိုးကို ဇယား 29 မှာပြန်ရှု။)

whoever ဦးစီးသော S တာဝန်, O တာဝန်, D.O တာဝန် , I.O တာဝန် နာမ်ဝါကျနမူနာများအတွက် who ဦးစီးသော နာမ်ဝါကျ များ၌ whoever ကို အစားထိုး၍သာလုပ်လိုက်ပါ။ ဘာသာပြန်ရာ၌ (---သောသူ)နေရာမှာ (---သောသူတိုင်း) ဟု အစားထိုးပြန်ပါ။

Scanned by CamScanner

A. whoever (---သော သူတိုင်း) ဦးစီးသော (S) တာဝန်နာမ်ဝါကျ

(whoever သည် သူဦးစီးသောနာမ်ဝါကျထဲ၌ S တာဝန်ယူရမည်။)

1. *whoever* sleeps = အိပ်သောသူတိုင်း/မည်သူမဆို (S + I.V) ပုံစံ
2. *whoever* likes coffee = ကော်ဖီကိုကြိုက် သောသူတိုင်း /မည်သူမဆို (S + T.V + O) ပုံစံ
3. *whoever* falls asleep = အိပ်ပျော်သွား သောသူတိုင်း/မည်သူမဆို (S + LK.V + Adj) ပုံစံ
4. *whoever* is a doctor = ဆရာဝန်တစ်ဦးဖြစ် သောသူတိုင်း/မည်သူမဆို (S + (Be) + S.C) ပုံစံ
5. *whoever* does not sleep = မအိပ် သောသူတိုင်း /မည်သူမဆို (အငြင်း)

B. whoever (---သော သူတိုင်း) ဦးစီးသော (O) တာဝန်နာမ်ဝါကျ

(whoever သည် သူဦးစီးသောနာမ်ဝါကျထဲ၌ O တာဝန်ယူရမည်။)

1. *whoever* she hates = သူမက မုန်းသောသူတိုင်း/မည်သူမဆို
2. *whoever* I think to swim = ရေကူးသည်ဟု ငါက ထင်သောသူတိုင်း/မည်သူမဆို
3. *whoever* he likes to try = ကြိုးစားတာကို သူက ကြိုက်သောသူတိုင်း/မည်သူမဆို
4. *whoever* I saw running = ပြေးနေတာကို ငါ မြင်ခဲ့သောသူတိုင်း/မည်သူမဆို
5. *whoever* is hated by her = သူမ၏မုန်းခြင်းကိုခံရသောသူတိုင်း/မည်သူမဆို (Passive နာမ်ဝါကျ)

C. whoever (---သော သူတိုင်း) ဦးစီးသော (D.O) တာဝန်နာမ်ဝါကျ

(whoever သည် သူဦးစီးသောနာမ်ဝါကျထဲ၌ D.O တာဝန်ယူရမည်။)

1. *whoever* he sent to me = ငါ့ဆီ သူ လွှတ်ခဲ့သောသူတိုင်း/မည်သူမဆို
2. *whoever* she brought to Ko Ko = ကိုကိုထံသို့ သူမက ခေါ်လာခဲ့သောသူတိုင်း/မည်သူမဆို
3. *whoever* was sent to me by him = ငါ့ဆီ သူ၏ လွှတ်ခြင်းခံခဲ့ရ သောသူတိုင်း/မည်သူမဆို (Passive နာမ်ဝါကျ)

D. whoever (---သော သူတိုင်း) ဦးစီးသော (I.O) တာဝန်နာမ်ဝါကျ

(whoever သည် သူဦးစီးသောနာမ်ဝါကျထဲ၌ I.O တာဝန်ယူရမည်။)

whoever he sent me to = ၎င်းထံ သူက ကျွန်ုပ်ကို လွှတ်ခဲ့သောသူတိုင်း/မည်သူမဆို

E. whoever (---သော သူတိုင်း) ဦးစီးသော PP.h ထဲက N တာဝန် နာမ်ဝါကျ

(who သည် သူဦးစီးသော နာမ်ဝါကျထဲ၌ (PP.h ထဲက N) တာဝန် ယူရမည်။)

အဆိုဝါကျ = I live with Si Si = (S + I.V + @) ပုံစံ
ကျွန်ုပ်သည် နေထိုင်သည် စီစီနှင့်အတူ

နာမ်ဝါကျ = *whoever* I live with
သောသူတိုင်း ကျွန်ုပ် နေထိုင် ၎င်းနှင့် (၎င်းနှင့်အတူကျွန်ုပ်နေသောသူတိုင်း/မည်သူမဆို)
(အငြင်း နာမ်ဝါကျ အတွက် အငြင်းဝါကျများကို အခြေခံ၍ လုပ်ရုံသာဖြစ်သည်။)

10.7 *whom* (---သော သူ) ဦးစီးသော နာမ်ဝါကျ

(whom ၏တာဝန် 4 -မျိုးကို ဇယား 29 မှာပြန်ရှု။)

whom သည် O တာဝန်, D.O တာဝန်, I.O တာဝန် (3) မျိုးတို့၌ who နှင့်တူညီသဖြင့် who ဦးစီးသော နာမ်ဝါကျများ၌ whom ကိုအစားထိုး၍ပြပါမည်။ ဘာသာပြန်မှာလည်း အတူတူဖြစ်၏။ (---သောသူ) ဟု ပြန်ပါ။

A. whom (---သော သူ) ဦးစီးသော (O) တာဝန်နာမ်ဝါကျ

(whom သည် သူဦးစီးသော နာမ်ဝါကျထဲ၌ O တာဝန် ယူရမည်။ O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် O ကိုယ်စား whom ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

Scanned by CamScanner

1. *whom* she hates = သူမက မုန်းသောသူ
2. *whom* I think to swim = ရေကူးသည်ဟု ငါက ထင်သောသူ
3. *whom* he likes to try = ကြိုးစားတာကို သူက ကြိုက်သောသူ
4. *whom* I saw running = ပြေးနေတာကို ငါ မြင်ခဲ့သောသူ

B. whom (---သော သူ) ဦးဓိးသော (D.O) ဟာဝန်နာမ်ဝါကျ

(whom သည် သူဦးစီးသော နာမ်ဝါကျထဲ၌ D.O တာဝန် ယူရမည်။ D.O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် D.O ကိုယ်စား whom ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

1. *whom* he sent to me = ငါ့ဆီ သူ လွှတ်ခဲ့သောသူ
2. *whom* she brought to Ko Ko = ကိုကိုထံသို့ သူမက ခေါ်လာခဲ့သောသူ

C. whom (---သော သူ) ဦးဓိးသော (I.O) ဟာဝန်နာမ်ဝါကျ

(whom သည် သူဦးစီးသော နာမ်ဝါကျထဲ၌ I.O တာဝန် ယူရမည်။ I.O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် I.O ကိုယ်စား whom ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

1. *whom* he sent me to = ၎င်းထံသို့ သူက ကျွန်ုပ်ကို လွှတ်ခဲ့သောသူ (ကျွန်ုပ်ကို လက်ခံတွေ့ဆုံမည့်သူ ကိုဆိုလို၏)

D. whom (---သော သူ) ဦးဓိးသော PP.h ထဲက N ဟာဝန် နာမ်ဝါကျ

(whom သည် သူဦးစီးသော နာမ်ဝါကျထဲ၌ PP.h ထဲက N တာဝန် ယူရမည်။ PP.h ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် PP.h ထဲက N ကိုယ်စား whom ကိုအစားထိုးပါ။ သို့သော် ရှေ့ဆုံးမှာသာ ထားပါ။

1. အဆိုဝါကျ = She plays tennis with Ko Ko. (S + T.V + O + @) ပုံစံ
   သူမသည် ကစားသည် တင်းနစ်ကို ကိုကို နှင့်
   နာမ်ဝါကျ = *whom* she plays tennis with
   သောသူ သူမ ကစား တင်းနစ် ၎င်းနှင့်အတူ (၎င်းနှင့်အတူ သူမ တင်းနစ်ကစား သောသူ)
   တစ်နည်း = with *whom* she plays tennis = (၎င်းနှင့်အတူ သူမ တင်းနစ်ကစားသောသူ)
2. အဆိုဝါကျ = U Ba looked <u>at U Mya.</u> (S + I.V + @) ပုံစံ
   ဦးဘသည် ကြည့်ခဲ့သည် ဦးမြကို
   နာမ်ဝါကျ = *whom* U Ba <u>looked at</u>
   သောသူ ဦးဘက ကြည့်ခဲ့ (ဦးဘကကြည့်ခဲ့သောသူ)
   တစ်နည်း at *whom* U Ba looked = (ဦးဘကကြည့်ခဲ့သောသူ)

(မှတ်ချက်။ ။ အဆက်နာမ်စား (R.P) (15) ခုအနက် who , that နှစ်ခုမှလွဲ၍ ကြွင်းသော အဆက်နာမ်စား မျိုးဖြင့် နာမ်ဝါကျပြုလုပ်သောအခါတိုင်း နာမ်ဝါကျ၏နောက်ဆုံးမှာ ရှိသည့်ဝိဘတ်ကို ဝါကျ၏ရှေ့ဆုံးသို့ပို့၍လည်း တစ်နည်းရေးနိုင်သည်။ သို့သော် ထိုဝိဘတ်သည် P.T.V , P. I .V တို့နောက်မှာ ပုံသေတွဲ၍ပါလာသော ဝိဘတ်မဖြစ်စေရပါ။ ထိုဝိဘတ်မျိုးဖြစ်ပါက ရှေ့သို့ပို့၍မရေးရပါ။)

3. အဆိုဝါကျ = U Ba looked <u>for a book.</u> (S + P.T.V + F.PP.h) ပုံစံ
   ဦးဘသည် ရှာဖွေခဲ့သည် စာအုပ်တစ်အုပ်ကို
   နာမ်ဝါကျ = *which* U Ba <u>looked for</u>
   သောအရာ ဦးဘက ရှာဖွေခဲ့ (ဦးဘ ရှာဖွေခဲ့သောအရာ)

(ဤ၌ <u>for</u> သည်ပုဒ်စုကံလိုကြိယာ P.T.V နှင့်ပုံသေတွဲ၍ပါလာသောပုံသေဝိဘတ်ဖြစ်ခြင်းကြောင့် <u>for</u> ကို နာမ်ဝါကျ၏ ရှေ့သို့ပို့၍ တစ်နည်း မရေးနိုင်ပါ။ looked သည် (ကြည့်သည်) ဟူသော မူလအနက်မရှိတော့ပဲ (ရှာသည်) ဟူသောအနက်သို့ပြောင်းသွားသည်။ ဤကဲ့သို့သော သဘောလက္ခဏာရှိပြီး ပုံသေဝိဘတ်လည်း တွဲလိုက်လာသော ကြိယာကိုပုဒ်စုကြိယာ Phrasal Verb ဟုခေါ်သည်။ ၎င်း၌ P.T.V , P. I .V ဟူ၍နှစ်မျိုးရှိသည်။ နှာ 98 , 100 တို့၌ပြခဲ့ပြီ။

Scanned by CamScanner

10.8 which (---သော အရာ) ဦးစီးသော နာမ်ဝါကျ

(which ၏တာဝန် 5 -မျိုးကို ၎ယား 29 မှာပြန်ရှု။)

A. which (---သော အရာ) ဦးစီးသော (S) တာဝန်နာမ်ဝါကျ

(which သည် သူဦးစီးသော နာမ်ဝါကျထဲ၌ S တာဝန် ယူရမည်။ S ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် S နေရာ၌ which ကိုအစားထိုးပါ။ ? ကို မထည့်မိပါစေနှင့်။ ထည့်လျှင် လဲ-အမေးဖြစ်သွားသည်။)

1. အဆိုဝါကျ = Trees fell in the park (S + I.V + @)ပုံစံ
   သစ်ပင်များ လဲခဲ့သည် ပန်းခြံထဲမှာ
   နာမ်ဝါကျ = *which* fell in the park
   သောအရာများ လဲခဲ့ ပန်းခြံထဲမှာ (ပန်းခြံထဲမှာလဲခဲ့ သောအရာများ)
2. အဆိုဝါကျ = The dog bit him (S + T.V + O) ပုံစံ
   ၎င်းခွေးသည် ကိုက်ခဲ့သည် သူ့ကို
   နာမ်ဝါကျ = *which* bit him
   သောအရာ ကိုက်ခဲ့ သူ့ကို (သူ့ကိုကိုက်ခဲ့သောအရာ)
3. အဆိုဝါကျ = Sugar tastes sweet. (S + LK.V + Adj) ပုံစံ
   သကြားသည် ချိုသောအရသာရှိသည်
   နာမ်ဝါကျ = *which* tastes sweet
   သောအရာ အရသာရှိ ချို (ချိုသောအရသာရှိသောအရာ)
4. အဆိုဝါကျ • This is a radio. (S + (Be) + S.C) ပုံစံ
   ဤအရာသည် ဖြစ်သည် ရေဒီယို တစ်လုံး
   နာမ်ဝါကျ = *which* is a radio
   သောအရာ ဖြစ် ရေဒီယို တစ်လုံး (ရေဒီယို တစ်လုံးဖြစ်သောအရာ)

(မှတ်ချက်။ ။ ကြွင်းသော S ပါသည့် ဝါကျပုံစံများ၌လည်း S နေရာမှာ which ကိုအစားထိုး၍လုပ်သွားပါ။)

B. which (---သော အရာ) ဦးစီးသော (O) တာဝန်နာမ်ဝါကျ

(which သည် သူဦးစီးသော နာမ်ဝါကျထဲ၌ O တာဝန် ယူရမည်။ O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် O ကိုယ်စား which ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

1. အဆိုဝါကျ = He bought a car from Japan. (S + T.V + O + @) ပုံစံ
   သူသည် ဝယ်ခဲ့သည် ကားတစ်စီးကို ဂျပန်က
   နာမ်ဝါကျ= *which* he bought from Japan
   သောအရာ သူ ဝယ်ခဲ့ ဂျပန်က (ဂျပန်က သူဝယ်ခဲ့သောအရာ)
2. အဆိုဝါကျ = They saw cranes flying. (S + S.V + O + O.C-V.4) ပုံစံ
   သူတို့သည် မြင်ခဲ့ကြသည် ကြိုးကြာများ ပျံနေတာကို
   နာမ်ဝါကျ = *which* thay saw flying
   သောအရာ သူတို့ မြင်ခဲ့ကြ ပျံနေတာကို (ပျံနေတာကိုသူတို့ မြင်ခဲ့ကြသောအရာများ)
3. အဆိုဝါကျ = Moisture makes books decay. (S + C.V + O + O.C-V.1) ပုံစံ
   စိုထိုင်းမှုသည် စေသည် စာအုပ်များကို ဆွေးမြေ
   နာမ်ဝါကျ = *which* moisture makes decay
   သောအရာများ စိုထိုင်းမှုက ဆွေးမြေ စေ (စိုထိုင်းမှုက ဆွေးမြေ့စေသောအရာများ)
4. အဆိုဝါကျ = The cattles are bred by him (S + T.V + O) ၏ Passive Voice ဝါကျ

Scanned by CamScanner

ယင်းနွားများသည် မွေးမြူခြင်းခံရသည် သူ၏။
နာမ်ဝါကျ= *which* are bred by him
သောအရာ မွေးမြူခြင်းကိုခံရ သူ၏ (သူ၏မွေးမြူခြင်းကိုခံရသောအရာ) (Passive Voice N.CL)

C. which (---သော အရာ) ဦးဖိုးယော (D.O) ထာဝန်နာမ်ဝါကျ

(which သည် သူဦးစီးသော နာမ်ဝါကျထဲ၌ D.O တာဝန် ယူရမည်။ D.O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် D.O ကိုယ်စား which ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

အဆိုဝါကျ = She offered the pagoda flowers. (S + D.V + I.O + D.O) ပုံစံ
သူမသည် ကပ်လှူခဲ့သည် ဘုရားကို ပန်းများ
နာမ်ဝါကျ = *which* she offered the pagoda
သောအရာများ သူမ ကပ်လှူခဲ့ ဘုရားကို (ဘုရားကို သူမ ကပ်လှူခဲ့သောအရာများ)

D. which (---သော အရာ) ဦးဖိုးသော (S.C) ထာဝန်နာမ်ဝါကျ

(which သည် သူဦးစီးသော နာမ်ဝါကျထဲ၌ S.C တာဝန် ယူရမည်။ S.C ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် S.C ကိုယ်စား which ကိုအစားထိုးပါ။ သို့သော် ဝါကျရှေ့ဆုံးမှာထားပါ။)

အဆိုဝါကျ = My house is this. (S + (BE) + S.C) ပုံစံ
ကျွန်ုပ်၏အိမ်သည် ဖြစ်သည် ဤဟာ
နာမ်ဝါကျ = *which* my house is
ဘယ်ဟာ ကျွန်ုပ်၏အိမ် ဖြစ်တယ်ဆိုတာ
(ဘာသာပြန်ပုံမှာ အထက်ကတာဝန်များနှင့် မတူတော့ပါ။ S.C တာဝန် နာမ်ဝါကျ တိုင်းဤနည်းချည်း ပြန်ပါလေ။)

E. which (---သော အရာ) ဦးဖိုးသော PP.h ထဲက N ထာဝန် နာမ်ဝါကျ

(which သည် သူဦးစီးသော နာမ်ဝါကျထဲ၌ PP.h ထဲက N တာဝန် ယူရမည်။ PP.h ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် PP.h ထဲက N ကိုယ်စား which ကိုအစားထိုးပါ။ သို့သော် ရှေ့ဆုံးမှာသာ ထားပါ။)

1. အဆိုဝါကျ = The Buddha resided in the cave. (S + I.V + @) ပုံစံ
မြတ်ဗုဒ္ဓသည် သီတင်းသုံးခဲ့သည် ၎င်းဂူထဲ၌
နာမ်ဝါကျ = *which* The Buddha resided in
သောအရာ မြတ်ဗုဒ္ဓ သီတင်းသုံးခဲ့ ၎င်းအထဲ (၎င်းအထဲမှာမြတ်ဗုဒ္ဓသီတင်းသုံးခဲ့သောအရာ)
တစ်နည်း။ *in which* The Buddha resided = ၎င်းအထဲမှာမြတ်ဗုဒ္ဓသီတင်းသုံးခဲ့ သောအရာ

2. အဆိုဝါကျ = I <u>am ignorant</u> <u>of internet</u>. (S + (Be) + Adj + FPP.h) ပုံစံ
ငါ <u>မသိနားလည်ပါ</u> အင်တာနက်နှင့်ပတ်သက်၍
နာမ်ဝါကျ = *which* I <u>am ignorant</u> of
သောအရာ ငါ <u>မသိနားမလည်</u> ၎င်းနှင့်ပတ်သက်၍ (ငါ မသိနားမလည်သောအရာ)
တစ်နည်း။ *of which* I <u>am ignorant</u> = (ငါ မသိနားမလည်သောအရာ)

10.9 whichever (---သော အရာတိုင်း) ဦးဖိုးသော နာမ်ဝါကျ

(whichever ၏တာဝန် 4 -မျိုးကို ၎ယား 29 မှာပြန်ရှု။)

မှတ်ချက်။ ။ which ဦးစီးသော S တာဝန်, O တာဝန်, D.O တာဝန် PP.h ထဲက N တာဝန်များ၏နာမ်ဝါကျ တည် ဆောက်ပုံနှင့်တူသည်။ which နေရာ၌ whichever အစားထိုးပြီး၊ ဘာသာပြန်ရာတွင်(---သောအရာ) နေရာ၌ (---သောအရာတိုင်း) ဟုအစားထိုးရုံသာ ထူးသည်။ သို့ဖြစ်၍ which ဖြင့်လုပ်ခဲ့သောနမူနာ နာမ်ဝါကျ များဖြင့်ပြန်လည် တိုက်ဆိုင်ကြည့်ရှုပါ။

Scanned by CamScanner

A. whichever (---သော အရာထိုင်း) ဦးစီးသော (S) ထားနှိုင်ပုံ

1. *whichever* fell in the park = (ပန်းခြံထဲမှာလဲခဲ့ သောအရာတိုင်း)
2. *whichever* bit him = (သူ့ကိုကိုက်ခဲ့သော အရာတိုင်း)
3. *whichever* tastes sweet = (ချိုသောအရသာရှိ သောအရာတိုင်း)

B. whichever (---သော အရာထိုင်း) ဦးစီးသော (O) ထားနှိုင်ပုံ

1. *whichever* he bought from Japan = (ဂျပန်က သူဝယ်ခဲ့သောအရာတိုင်း)
2. *whichever* thay saw flying = (ပျံနေတာကို သူတို့ မြင်ခဲ့ကြသောအရာတိုင်း)
3. *whichever* moisture makes decay = (စိုထိုင်းမှုက ဆွေးမြေ့စေသောအရာတိုင်း)

C. whichever (---သော အရာထိုင်း) ဦးစီးသော (D.O) ထားနှိုင်ပုံ

1. whichever she offered the pagoda = (ဘုရားကို သူမ ကပ်လှူခဲ့သောအရာတိုင်း)
2. whichever was offered to the pagoda by her = (ဘုရားကို သူမ၏ ကပ်လှူခြင်းကိုခံခဲ့ရသောအရာတိုင်း)

D. whichever (---သော အရာထိုင်း) ဦးစီးသော PP.h ဖစ် N ထားနှိုင်ပုံ

1. *whichever* I <u>am ignorant</u> of = (ငါ မသိနားမလည်သောအရာတိုင်း)
2. *whichever* she sniffed at = (သူမ နမ်း သောအရာတိုင်း)

အခြင်း N.CL အတွက် အခြင်းဝါကျများကိုအခြေခံ၍ လုပ်ရုံသာဖြစ်သည်။

10.10 *what* (---သော အရာ) ဦးစီးသော နာမ်ဝါကျ

(what ၏တာဝန် 5 -မျိုးကို ၎ယား 29 မှာပြန်ရှု။)

မှတ်ချက်။ ။ what သည် which နှင့်တည်ဆောက်ပုံချင်းတူသည်။ ထူးခြားချက်တစ်ခုမှာ what ကို မမြင်နိုင် ၊ မပြနိုင်သော စိတ္တဇနာမ်များအတွက် ကိုယ်စားပြု၍သုံးသည်။ which ကို ဤအတွက်မသုံးနိုင်ပေ ။ သို့ဖြစ်၍ ထူးခြားချက်အတွက်သာ နမူနာပြပါမည်။

1. *what* you had realized
   သောအရာ သင် သိမြင်ခဲ့ပြီး
2. *what* the Pope prayed *for*
   သောအရာ ပုပ်ရဟန်းမင်းကြီး ဆုတောင်းခဲ့ ၎င်းအတွက်
   တစ်နည်း ။ ။ *for what* the Pope prayed
3. *what* the project aimed *at*
   သောအရာ ၎င်းစီမံကိန်းက ရည်ွယ်ခဲ့ (၎င်းစီမံကိန်းက ရည်ရွယ်ခဲ့သောအရာ)
   တစ်နည်း ။ ။ *at what* the project aimed

10.11 *whatever* (---သော အရာတိုင်း) ဦးစီးသော နာမ်ဝါကျ

(whatever ၏တာဝန် 4 -မျိုးကို ၎ယား 29 မှာပြန်ရှု။)

whatever လည်း whichever နှင့်တူသည်။ အထက်ပါ ထူးခြားချက် အတိုင်းမှတ်ပါ။

1. *whatever* we noticed = ငါတို့သတိပြုမိခဲ့သောအရာတိုင်း (O တာဝန်)
2. *whatever* we call benevolence = ငါတို့ စေတနာ ဟု ခေါ်ကြသောအရာတိုင်း (O တာဝန်)
3. *whatever* he taught them = သူကသူတို့ကို သင်ခဲ့သောအရာတိုင်း (D.O တာဝန်)
4. *whatever* the Pope prayed *for* = ၎င်းအတွက် ပုပ်ရဟန်းမင်းကြီး ဆုတောင်းခဲ့သောအရာတိုင်း (PP.h-N)

Scanned by CamScanner

10.12 *that* (---သော အရာ ၊---သော သူ) ဦးစီးသော နာမ်ဝါကျ

(that ၏တာဝန် 5 -မျိုးကို ဇယား 29 မှာပြန်ရှု။)

R. P- that ကို လူ/တိရစ္ဆာန်/သက်မဲ့တို့အားလုံးအတွက်သုံးသည်။ လူအတွက်ဆိုလျှင် who ဦးစီးသော N.CLများ ပြုလုပ်ပုံနှင့်တူသည်။ သက်မဲ့ နှင့် တိရစ္ဆာန် အတွက်ဆိုလျှင် which, what တို့ဦးစီးသောနာမ်ဝါကျ ပြုလုပ်ပုံနှင့်တူသည်။ သို့ဖြစ်၍အထက်ပါ နာမ်ဝါကျ နမူနာများနှင့်သာယှဉ်၍ရှုကြပါကုန်။ ယခု နာမ်ဝါကျကိုချည်းသာ တန်းရေးပါမည်။

1. *that* bit him = သူကိုကိုက်ခဲ့သောအရာ (S+T.V+O) ပုံစံ (S) တာဝန်ဖြင့်
2. *that* tastes sweet = ချိုသောအရသာရှိ သောအရာ (S+LK.V+Adj) ပုံစံ -------॥-------
3. *that* is a radio = ရေဒီယိုတစ်လုံးဖြစ် သောအရာ (S+(Be)+S.C) ပုံစံ -------॥-------
4. *that* she hates = သူမက မုန်း သောသူ (S+T.V+O) ပုံစံ (O) တာဝန်ဖြင့်
5. *that* he bought from Japan = ဂျပန်က သူဝယ်ခဲ့သော်အရာ (S+T.V+O+@) ပုံစံ --------॥------
6. *that* thay saw flying = ပျံနေတာကို သူတို့ မြင်ခဲ့ကြသောအရာများ (S+S.V+O+O.C-V.4) ပုံစံ --------॥------
7. *that* he sent to me = ငါဆီ သူ လွှတ်ခဲ့သောသူ (S+D.V+I.O+D.O) ပုံစံ (D.O) တာဝန်
8. *that* she brought to Ko Ko = ကိုကိုထံသို့ သူမက ခေါ်လာခဲ့သောသူ (S+D.V+D.V+to+I.O) ပုံစံ -----॥-----
9. *that* she offered the pagoda = ဘုရားကို သူမ ကပ်လှူခဲ့သောအရာများ (S+D.V+I.O+D.O) ပုံစံ ----॥-----
10. *that* I sent a parcel to = ငၚးထံသို့ ကျွန်ုပ် ပါဆယ်တစ်ထုပ် ပို့ခဲ့သောသူ (I.O) တာဝန်
11. *that* they gave some money to = ငၚးကို သူတို့ ပိုက်ဆံနည်းနည်း ပေးခဲ့သောသူ ------॥-----
12. *that* she sniffed at = သူမ နမ်းသောအရာ (S+I.V+FPP.h) ပုံစံ P.Ph ထဲက N တာဝန်
13. *that* she plays tennis with = ငၚးနှင့်အတူ သူမ တင်းနစ်ကစားသောသူ ----------॥----------
14. *that* I am ignorant of = ကျွန်ုပ် မသိတတ်သောအရာ (S+(Be)+Adj+FPP.h) ပုံစံ --------॥--------

အထူး မှတ်ချက်။ ။ that ဦးစီးသော PP.h ထဲက N တာဝန် နာမ်ဝါကျ၌ ဝိဘတ်များကိုရှေ့ဆုံးသို့ပို့၍ ရေး၍မရ။

10.13 *whose+N* (ငၚးဓါ--- ---သောသူ) ဦးစီးသော နာမ်ဝါကျ

(whose = N ၏တာဝန် 6 -မျိုးကို ဇယား 29 မှာပြန်ရှု။)

whose + N ၏ထူးခြားချက်မှာ ခင်းလိုက်သော အဆိုဝါကျ ၊ အငြင်းဝါကျတို့အထဲမှ S , O , D.O စသည်တို့၏နေရာ၌ whose နှင့်အစားထိုးရသည် မဟုတ်ပါ။ ၎င်း S , O , D.O စသည်တို့ကို whose နောက်က N နေရာ၌ ထည့်ပေး လိုက်ရခြင်းဖြစ်သည်။ ဝါကျကို ဆိုလိုရင်းကောက်ရာ၌လည်း အထက်က R.P -နာမ်ဝါကျများမှာကဲ့သို့ S , O , D.O စသည်တို့ကိုမရချေ။

A. *whose+N* (ငၚးဓါ --- ---သော သူ) ဦးစီးသော (S) ထာဝန်နာမ်ဝါကျ

S ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ပြီးလျှင် ပါလာသော S ကို whose နောက်မှ N နေရာ၌ ထားရေးပါ။

1. အဆိုဝါကျ = A dog bit children. (S+T.V+O) ပုံစံ
   ခွေးတစ်ကောင်သည် ကိုက်ခဲ့သည် ကလေးများကို
   နာမ်ဝါကျ = *whose dog* bit children
   ၎င်း၏ခွေး ကိုက်ခဲ့ ကလေးများကို (၎င်း၏ခွေး ကလေးများကို ကိုက်ခဲ့သောသူ)
   (S တာဝန်ယူသဖြင့် S ဖြစ်သော Dog ကို whose နောက်က N နေရာ၌ တွဲရေးရသည်။)
   (ခွေးပိုင်ရှင်ကိုဆိုလိုသည်။ ကိုက်သူကားခွေးဖြစ်သော်လည်း လိုရင်းကောက်သောအခါ ခွေးပိုင်ရှင်ဖြစ်ရမည်။)
2. အဆိုဝါကျ = A son is good at sports. (S+(Be)+Adj+FPP.h) ပုံစံ

Scanned by CamScanner

သားတစ်ယောက်သည် တော်သည် အားကစားမှာ

နာမ်ဝါကျ = *whose* <u>*son*</u> is good at sports

၎င်း၏သား တော် အားကစားမှာ (၎င်း၏သား အားကစားမှာတော်သောသူ)

(S တာဝန်ယူသဖြင့် S ဖြစ်သော son ကို whose နောက်က N နေရာ၌ တွဲရေးရသည်။)

(သား၏ပိုင်ရှင် မိဘ ကိုဆိုလို၏။ အားကစား တော်သူကား သား ။ ကောက်ယူရမည့်သူကား မိဘ ဖြစ်၏။)

3. အဆိုဝါကျ = The house <u>becomes old</u>. (S+LK.V+Adj) ပုံစံ

ယင်းအိမ်သည် အိုလာ/ဟောင်းလာသည်

နာမ်ဝါကျ = *whose* <u>*house*</u> <u>becomes old</u>

၎င်း၏အိမ် အိုလာ (၎င်း၏အိမ်သည် အိုလာ သောသူ)

(S တာဝန်ယူသဖြင့် S ဖြစ်သော house ကို whose နောက်က N နေရာ၌တွဲရေးရသည်။)

(အိုလာသည်ကား အိမ်။ ဆိုလိုရင်းကောက်တော့ အိမ်ပိုင်ရှင်ဖြစ်သည်။)

B. *whose+N* (၎င်း၏ --- ---သော သူ) ဦးစီးသော (O) တာဝန်နာမ်ဝါကျ

O ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျဦးစွာလုပ်ပါ။ပြီးလျှင် ပါလာသော Oကို whose နောက်မှ N နေရာ၌ ထားရေးပါ။

1. အဆိုဝါကျ = They painted a house. (S+T.V+O) ပုံစံ

သူတို့သည် ဆေးသုတ်ခဲ့ကြသည် အိမ်တစ်လုံးကို

နာမ်ဝါကျ = <u>house</u> they painted

၎င်း၏အိမ်ကို သူတို့ ဆေးသုတ်ခဲ့ (၎င်း၏အိမ်ကို သူတို့ဆေးသုတ်ခဲ့သောသူ)

(O တာဝန်ယူသဖြင့် O ဖြစ်သော house ကို whose နောက်က N နေရာ၌တွဲရေးရသည်။)

(ဆေးသုတ်ခံခဲ့ရသည်ကား အိမ် ။ ဆိုလိုရင်းကောက်တော့ အိမ်ပိုင်ရှင်ဖြစ်သည်။)

2. အဆိုဝါကျ = She heard a child crying. (S+S.V+O+V.4) ပုံစံ

သူမသည် ကြားခဲ့သည် ကလေးတစ်ယောက် ငိုနေတာကို

နာမ်ဝါကျ = *whose* <u>child</u> he heard crying

၎င်း၏ကလေး သူ ကြားခဲ့ ငိုနေတာကို (၎င်း၏ကလေး ငိုနေတာကို သူ ကြားခဲ့သောသူ)

(O တာဝန်ယူ၍ O ဖြစ်သော child ကို whose နောက်က N နေရာ၌တွဲရေးရသည်။)

(ငိုနေသူကား ကလေး ။ ဆိုလိုသောသူကား ကလေး၏ပိုင်ရှင်မိဘ။)

3. အဆိုဝါကျ = A bicycle <u>was stolen</u>. (S+T.V+O) ပုံစံ၏ Passive Voice ဝါကျ

စက်ဘီးတစ်စီး ခိုးယူခြင်းခံခဲ့ရသည်

P.V - နာမ်ဝါကျ = *whose* <u>bicycle</u> was stolen

၎င်း၏စက်ဘီး ခိုးခြင်းခံခဲ့ရ (၎င်း၏စက်ဘီး ခိုးခြင်းခံခဲ့ရသောသူ)

(O ဖြစ်သော bicycle ကို whose နောက်က N နေရာ၌တွဲရေးရသည်။)

(ခိုးခံခဲ့ရသောအရာကား စက်ဘီး။ ဆိုလိုရင်းကား စက်ဘီးပိုင်ရှင်။)

C. *whose+N* (၎င်း၏ --- ---သော သူ) ဦးစီးသော (D.O) တာဝန်နာမ်ဝါကျ

D.O ပါသောဝါကျပုံစံများဖြင့်အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် ပါလာသော D.Oကို whose နောက်မှ N နေရာ၌ ထားရေးပါ။

အဆိုဝါကျ = He showed me a photo. (S+D.V+I.O+D.O) ပုံစံ

သူက ပြခဲ့သည် ကျွန်ုပ်ကို ဓာတ်ပုံတစ်ပုံကို

နာမ်ဝါကျ = *whose* <u>photo</u> he showed me

၎င်း၏ဓာတ်ပုံကို သူက ပြခဲ့ ကျွန်ုပ်ကို (၎င်း၏ဓာတ်ပုံကို သူက ကျွန်ုပ်ကို ပြခဲ့သောသူ)

(D.O ဖြစ်သော photo ကို whose နောက်က N နေရာ၌တွဲရေးရသည်။)

Scanned by CamScanner

(ဘာပြခံခဲ့ရသည်ကား ဓာတ်ပုံ။ ဆိုလိုရင်းကောက်ရသည်က ဓာတ်ပုံပိုင်ရှင်ဖြစ်သည်။)

D. *whose+N* (၎င်း၏ --- ---သော သူ) ဦးဗိုးသော (I.O) ဟာဝန်နာမ်ဝါကျ

I.O ပါသောဝါကျပုံစံများဖြင့်အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် ပါလာသော I.Oကို whose နောက်မှ N နေရာ၌ ထားရေးပါ။

အဆိုဝါကျ = She feeds a baby milk. (S+D.V+I.O+D.O) ပုံစံ
သူမသည် တိုက်သည် ကလေးငယ်ကို နွားနို့

နာမ်ဝါကျ = *whose* <u>baby</u> she feeds milk
၎င်း၏ကလေးကို သူမက တိုက် နွားနို့ (၎င်း၏ကလေးကို သူမက နွားနို့တိုက်သောသူ)

(I.O ဖြစ်သော baby ကို whose နောက်က N နေရာ၌တွဲရေးရသည်။)
(နွားနို့တိုက်ခံရသူကား ကလေး ။ ဆိုလိုရင်းကောက်ရသည်က ကလေး၏မိဘ ဖြစ်သည်။)

E. *whose+N* (၎င်း၏ --- ---သော သူ) ဦးဗိုးသော (S.C) ဟာဝန်နာမ်ဝါကျ

S.C ပါသောဝါကျပုံစံများဖြင့်အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် ပါလာသော S.Cကို whose နောက်မှ N နေရာ၌ ထားရေးပါ။

အဆိုဝါကျ = Win Win is a daughter. (S+(Be)+S.C) ပုံစံ
ဝင်းဝင်းသည် ဖြစ်သည် သမီးတစ်ယောက်

နာမ်ဝါကျ = *whose* <u>daughter</u> Win Win is
ဘယ်သူ့သမီး ဝင်းဝင်းသည်ဖြစ်တယ်ဆိုတာ (ဝင်းဝင်းသည် ဘယ်သူ့သမီး ဖြစ်တယ်ဆိုတာ)

(S.C ဖြစ်သော daughter ကို whose နောက်က N နေရာ၌တွဲရေးရသည်။)
(ဘာသာပြန်ပုံမှာ အထက်က နှင့် မတူတော့ပါ။ S.C တာဝန် နာမ်ဝါကျ တိုင်းကို ဤနည်းချည်း ပြန်ပါလေ။)

F. *whose+N* (၎င်း၏ --- ---သော သူ) ဦးဗိုးသော P.Ph ထဲက N ဟာဝန်နာမ်ဝါကျ

(P.Ph ပါသောဝါကျပုံစံများဖြင့် အဆိုဝါကျ ဦးစွာလုပ်ပါ။ ပြီးလျှင် ပါလာသော P.Ph ထဲက N ကို whose နောက်မှ N နေရာ၌ ထားရေးပါ။

အဆိုဝါကျ = U Ba looked for a book. (S + I.V + FPP.h) ပုံစံ တာဝန်ယူစေရမည်။)
ဦးဘသည် ရှာဖွေခဲ့သည် စာအုပ်တစ်အုပ်ကို

နာမ်ဝါကျ = *whose* <u>book</u> U Ba looked for
၎င်း၏စာအုပ်ကို ဦးဘက ရှာဖွေခဲ့ (၎င်း၏စာအုပ်ကို ဦးဘ ရှာဖွေခဲ့သောသူ)

(P.Ph ထဲက N တာဝန်ဖြစ်၍ PP.h ထဲက N ဖြစ်သော book ကို whose နောက်က N နေရာ၌တွဲရေးရသည်။
သတိ ။ ။ look for သည် ပုဒ်စုကြိယာ Phrasal Verb ဖြစ်၍ for ကို ရှေ့ထုတ်ပြီး (တစ်နည်း) နာမ်ဝါကျ မရေးနိုင်ပါ မှတ်ချက်။ ။အငြင်း နာမ်ဝါကျအတွက် အငြင်းဝါကျများကို အခြေခံ၍လုပ်ရံသာဖြစ်သည်။

10.14 *which+N* (ဘယ်--- ---တယ်ဆိုတာ) ဦးဗိုးသော နာမ်ဝါကျ

(which + N ၏တာဝန် 6 -မျိုးကို ဇယား 29 မှာပြန်ရှု။)

ယခုအခါ အဆိုဝါကျကို ဦးစွာခင်း၍ နာမ်ဝါကျပြုလုပ်ပုံကို နားလည်လောက်ပြီဟုယူဆပါသည်။ သို့ဖြစ်၍ ရှေ့ဆက်၍ပြုလုပ်ပြီး နာမ်ဝါကျကိုသာ တန်းရေးပြပါတော့မည်။ S တာဝန် နာမ်ဝါကျ အတွက် S ပါသောဝါကျ ပုံစံများကို၎င်း၊ O တာဝန် နာမ်ဝါကျအတွက် O ပါသောဝါကျပုံစံများကို၎င်း ၊ D.O တာဝန် နာမ်ဝါကျအတွက် D.O ပါသောဝါကျပုံစံ များကို၎င်း၊ I.O တာဝန် နာမ်ဝါကျအတွက် I.O ပါသောဝါကျပုံစံများကို၎င်း၊ S.C တာဝန် နာမ်ဝါကျအတွက် S.C ပါသော ဝါကျပုံစံများကို၎င်း၊ PP.h ထဲက N တာဝန် နာမ်ဝါကျအတွက် PP.h ပါသော ဝါကျပုံစံများကို၎င်းအခြေခံ၍ အဆိုဝါကျများ၊ အငြင်းဝါကျများကို

Scanned by CamScanner

ဦးစွာလုပ်၍ ပြုလုပ်သွား ရန်သာဖြစ်သည်။

1. *which* <u>tree</u> fell in the park. (S + I.V + @)
ဘယ်သစ်ပင် လဲခဲ့တယ်ဆိုတာ ပန်းခြံထဲမှာ

2. *which* <u>cow</u> ate tomato plants (S + T.V + O)
ဘယ် နွားမ စားတယ်ဆိုတာ ခရမ်းချဉ်ပင်တွေကို

3. *which* <u>book</u> is Enlish grammar (S + (Be) + S.C)
ဘယ်စာအုပ် ဖြစ်တယ်ဆိုတာ အင်္ဂလိပ် သဒ္ဒါစာအုပ်

4. *which* <u>book</u> you bought (S + T.V + O)
ဘယ်စာအုပ်ကို သင် ဝယ်ခဲ့တယ်ဆိုတာ

5. *which* <u>baby</u> he saw crying (S + S.V + O + O.C-V.4)
ဘယ် ကလေး သူ မြင်ခဲ့တယ်ဆိုတာ ငိုနေတာကို

6. *which* <u>man</u> you think to die (S + TK.V + O + O.C infin)
ဘယ်လူကို သင် ထင်တယ်ဆိုတာ သေတယ်လို့

7. *which* <u>bicycle</u> UBa sold him (S + D.V + I.O + D.V)
ဘယ်စက်ဘီးကို ဦးဘက ရောင်းခဲ့တယ်ဆိုတာ သူ့ကို

8. *which* <u>girls</u> she teaches embroidery. (S + D.V + I.O + D.O)
ဘယ်မိန်းကလေးတွေကို သူမက သင်ပေးတယ်ဆိုတာ ဇာပန်းထိုးနည်း

9. *which* <u>student</u> the principal awarded a medal (S + D.V + I.O + D.O)
ဘယ်ကျောင်းသားကို ကျောင်းအုပ်ကြီးက ဆုပေးခဲ့တယ်ဆိုတာ ရွှေတံဆိပ်

10. *which* <u>boy</u> chess-winner is (S + (Be) + S.C)
ဘယ်ကောင်လေး စစ်တုရင်နိုင်သူ ဖြစ်တယ်ဆိုတာ

11. *which* <u>room</u> you sleep in (S + I.V + @)
ဘယ်အခန်း သင် အိပ်တယ်ဆိုတာ ထဲမှာ
တစ်နည်း- *in which* <u>room</u> you sleep = ဘယ်အခန်းထဲမှာ သင်အိပ်တယ်ဆိုတာ

12. *which* <u>boy</u> he plays tennis with (S + T.V + O + @)
ဘယ်ကောင်လေး သူ ကစား တင်းနစ်ကို နှင့်

10.15 *what+N* (ဘာ--- ---တယ်ဆိုတာ) ဦးစီးသော နာမ်ဝါကျ

(what + N ၏တာဝန် 6 -မျိုးကို ဇယား 29 မှာပြန်ရှု။)

1. *what* <u>book</u> is <u>on the table</u> (S + (Be) + PP.h)
ဘာစာအုပ် စားပွဲပေါ်မှာရှိတယ်ဆိုတာ

2. *what* <u>film</u> is on (S + (Be) + parti)
ဘာ ဇာတ်ကား ပြနေတယ်ဆိုတာ

3. *what* <u>colour</u> makes us bored (S + C.V + O + Adj)
ဘာအရောင်က ငါတို့ကို ငြီးငွေ့စေတယ်ဆိုတာ

4. *waht* <u>book</u> you bought (S + T.V + O)
ဘာစာအုပ်ကို မင်း ဝယ်ခဲ့တယ်ဆိုတာ

5. *what* <u>aeroplane</u> you saw flying (S + S.V + O + O.C-V.4)
ဘာလေယာဉ် ပျံနေတာကို မင်း မြင်ခဲ့တယ်ဆိုတာ

6. *what* <u>food</u> mother left for me. (S + D.V + D.O + for + I.O)
ငါ့အတွက် ဘာအစားအစာကို အမေက ချန်ထားခဲ့တယ်ဆိုတာ

Scanned by CamScanner

7. *what* book this is (S + (Be) + S.C) (S.C = book ကို what နောက်က N နေရာမှာ တွဲသည်။)
ဒီဟာ ဘာစာအုပ်ဖြစ်တယ်ဆိုတာ

8. *what* trees they are (S + (Be) + S.C) (S.C = trees ကို what နောက်က N နေရာမှာ တွဲသည်။)
ဘာသစ်ပင်တွေ ၎င်းတို့ ဖြစ်တယ်ဆိုတာ (၎င်းတို့ ဘာသစ်ပင်တွေ ဖြစ်တယ်ဆိုတာ)

9. *what* tree the birds perched on
ဘာသစ်ပင် ပေါ်မှာ ယင်းငှက်များ နားခဲ့ကြတယ်ဆိုတာ
တစ်နည်း- *on what* tree the birds perched = ဘာသစ်ပင်ပေါ်မှာ ယင်းငှက်များနားခဲ့ကြတယ်ဆိုတာ

10.16 how many (ဘယ်လောက်များများ---တယ်ဆိုတာ)

(how many ၏တာဝန် 5 -မျိုးကို ဇယား 29 မှာပြန်ရှု။)

မှတ်ချက် ၊ ၊ ယခု how many မှာ Adj မဟုတ်ပါ၊ နာမ်စားသာဖြစ်၏ သို့ဖြစ်၍ နောက်ကနာမ် (N) ကိုမတွဲရပါ၊

A. how many ဦးစီးသော S တာဝန်နာဓ်ဝါကျ

how many passed the exam (S + T.V + O)
(ကျောင်းသား) ဘယ်လောက်များများ စာမေးပွဲ အောင်ခဲ့ကြတယ်ဆိုတာ

B. how many ဦးစီးသော O တာဝန်နာဓ်ဝါကျ

how many Daw Daw bought (S + T.V + O)
(အရာဝတ္ထု) ဘယ်လောက်များများ ဒေါ်ဒေါ် ဝယ်ခဲ့တယ်ဆိုတာ

C. how many ဦးစီးသော D.O တာဝန်နာဓ်ဝါကျ

how many U Ba gave Ko Ko (S + D.V + I.O + D.O)
(အရာဝတ္ထု) ဘယ်လောက်များများ ဦးဘက ကိုကို ကိုပေးခဲ့တယ်ဆိုတာ

D. how many ဦးစီးသော I.O တာဝန်နာဓ်ဝါကျ

how many he awarded books to (S + D.V + D.O + to I.O)
သူက (လူ) ဘယ်လောက်များများကို စာအုပ်များ ဆုချခဲ့တယ်ဆိုတာ

E. how many ဦးစီးသော PP.h ထဲက N တာဝန်နာဓ်ဝါကျ

how many Ko Ko swims with
(လူ) ဘယ်လောက်များများ နှင့်အတူ ကိုကို ရေကူးတယ်ဆိုတာ
တစ်နည်း - *with how many* Ko Ko swims =ဘယ်လောက်များများနှင့်အတူ ကိုကို ရေကူးတယ်ဆိုတာ

10.17 how much (ဘယ်လောက်များများ---တယ်ဆိုတာ)

(how much ၏တာဝန် 4 -မျိုးကို ဇယား 29 မှာပြန်ရှု။)

မှတ်ချက် ။ ။ ယခု how much မှာလည်း Adj မဟုတ်ပါ။ နာမ်စားသာဖြစ်၏ သို့ဖြစ်၍ နောက်က နာမ်တွဲသော how many ဦးစီးသော နာမ်ဝါကျနမူနာဝါကျများမှ how many နေရာ၌ how much ကိုအစားထိုး၍ ရေးရုံသာဖြစ်၏။ ဘာသာပြန်ပုံမှာလည်း အတူတူဖြစ်သည်။ ထူးခြားချက်မှာ how many ဦးစီးသော နာမ်ဝါကျကို ရေတွက်ရိုးထုံးစံရှိသောနာမ် (C.N) ကိုကိုယ်စားပြု၍ သုံးရပြီ၊ how much ဦးစီးသော နာမ်ဝါကျကိုမူကား ရေတွက်ရိုးထုံးစံမရှိသောနာမ် (U.N) များကိုကိုယ်စား ပြု၍သုံးသည်။

10.18 how many+N (---ဘယ်လောက်များများ ---တယ်ဆိုတာ)

(how many + N ၏တာဝန် 5 -မျိုးကို ဇယား 29 မှာပြန်ရှု။)

A. how many + N ဦးစီးသော S တာဝန်နာဓ်ဝါကျ

1. how many *men* are professors (S + (Be) + S.C)

Scanned by CamScanner

လူကြီးဘယ်လောက်များများ ဖြစ်ကြတယ်ဆိုတာ ပါမောက္ခများ

(S = men ကို how mnay နောက်မှာ တွဲပေးရသည်။)

2. *how mnay* books are on the table (S + (Be) + S.C)

စာအုပ်ဘယ်လောက်များများ ရှိတယ်ဆိုတာ စားပွဲပေါ်

(S ဖြစ်သည့် books ကို how many နောက်မှာ တွဲသည်။)

3. *how many* teachers teach maths (S + T.V + O)

ဆရာဘယ်လောက်များများ သင်တယ်ဆိုတာ သခ်ၤာကို

(S ဖြစ်သည့် teachers ကို how many နောက်မှာ တွဲသည်။)

4. *how many* employees are qualified (S + (Be) + Adj)

အလုပ်သမားဘယ်လောက်များများ အရည်အချင်းရှိကြတယ်ဆိုတာ

(S ဖြစ်သည်။ employees ကို how many နှင့်တွဲရသည်။)

B. how many + N ဦးဗီးသော O ထာဝန်နာဓ်ဝါကျ

1. *how many* books you wanted (S + T.V + O)

စာအုပ်ဘယ်လောက်များများ သင် လိုချင်ခဲ့တယ်ဆိုတာ

(O ဖြစ်သည့် books ကို how many နောက်မှာ တွဲပေးရသည်။)

2. *how many* restaurants I saw opening (S+S.V +O + O.C-V.4)

စားသောက်ဆိုင်ဘယ်လောက်များများ ငါ မြင်ခဲ့တယ်ဆိုတာ ဖွင့်နေတာကို

(O ဖြစ်သည့် restaurants ကို how manyမှာတွဲရသည်)

3. *how many* people you want to join (S + E.V + O + O.C- infin)

လူဘယ်လောက်များများ သင် အလိုရှိတယ်ဆိုတာ ပါဝင်ရန်

(O ဖြစ်သည့် people ကို how many နောက်မှာတွဲရသည်)

C. how many + N ဦးဗီးသော D.O ထာဝန်နာဓ်ဝါကျ

1. *how many* photos she showed you (S+ D.V +I.O + D.O)

ဓာတ်ပုံဘယ်လောက်များများ သူမက ပြခဲ့တယ်ဆိုတာ မင်းကို

(D.O ဖြစ်သည့် photos ကို how many နောက်မှာတွဲရသည်။)

2. *how many* books MaMa lent me (S +D.V+I.O+ D.O)

စာအုပ်ဘယ်လောက်များများ မမက ငှားခဲ့တယ်ဆိုတာ ငါ့ကို

(D.O ဖြစ်သည့် books ကို how many နောက်မှာတွဲရသည်)

D. how many + N ဦးဗီးသော I.O ထာဝန်နာဓ်ဝါကျ

1. *how many* students UBa teaches English (S + D.V + I.O + D.O)

ကျောင်းသားဘယ်လောက်များများကို ဦးဘက သင်ပေးတယ်ဆိုတာ အင်္ဂလိပ်စာ

(I.O ဖြစ်သည့် students ကို how many နောက်မှာတွဲရသည်။)

2. *how many* pagodas she offered flowers to (S + D.V + D.O + to I.O)

ဘုရားဘယ်လောက်များများကို သူမ ကပ်လှူခဲ့တယ်ဆိုတာ ပန်းများ

(I.O ဖြစ်သည့် pagodas ကို how many နောက်မှာတွဲရသည်။)

E. how many + N ဦးဗီးသော PP.h ထဲက N ထာဝန်နာဓ်ဝါကျ

1. *how many* cinemas they went to (S + I.V + @)

ရုပ်ရှင်ရုံဘယ်လောက်များများ သူတို့ သွားခဲ့တယ်ဆိုတာ သို့

(PP.h ထဲက N ဖြစ်သော cinemas ကို how many နောက်မှာတွဲရသည်။)

Scanned by CamScanner

တစ်နည်း - *to how many* <u>cinemas</u> they went = ရုပ်ရှင်ရုံဘယ်လောက်များများကို သူတို့သွားခဲ့တယ်ဆိုတာ

2. *how many* <u>rooms</u> they sleep in (S + I.V + @)

အခန်းဘယ်လောက်များများ သူတို့ အိပ်ကြတယ်ဆိုတာ မှာ

တစ်နည်း - *in how many* <u>rooms</u> they sleep = အခန်းဘယ်လောက်များများမှာ သူတို့အိပ်ကြတယ်ဆိုတာ

(PP.h ထဲက N - rooms ကို how many နောက်မှာတွဲရသည်။)

10.19 how much+N (---ဘယ်လောက်များများ ---တယ်ဆိုတာ)

(how much + N ၏တာဝန် 4 -မျိုးကို ၎ယား 29 မှာပြန်ရှု။)

how much + N အသုံးပြုပုံသည် how many + N ၏အသုံးပြုပုံနှင့် တူသည်။ how many+ N ဦးစီးသော နာမ်ဝါကျနမူနာ များမှ how many + N နေရာ၌ how much + N ကို အစားထိုး၍ ရေးရုံသာဖြစ်၏။ ဘာသာပြန်ပုံမှာလည်း အတူတူဖြစ်သည်။ ထူးခြား ချက်မှာ how many + N မှ N နေရာ၌ ရေတွက်ရှိုးထုံးစံရှိသောနာမ် (C.N) ကိုထည့်သုံးရပြီး၊ how much + N မှ N နေရာ၌ မူကား ရေတွက်ရှိုး ထုံးစံ မရှိသောနာမ် (U . N) ကို ထည့်သုံးရသည်။

1. how much water is in the pool. - ရေကန်ထဲ ရေဘယ်လောက်များများ ရှိတယ်ဆိုတာ
2. how much water he drinks = သူ ရေဘယ်လောက်များများ သောက်တယ်ဆိုတာ
3. in how much water tortoises live - ရေဘယ်လောက်များ များထဲမှာ လိပ်များ နေကြတယ်ဆိုတာ

အငြင်း နာမ်ဝါကျအတွက် အငြင်းဝါကျများကိုအခြေခံ၍ လုပ်ရုံသာဖြစ်သည်။ Passive Voice နာမ်ဝါကျများကိုလည်း Passie Voice အဆိုဝါကျ ကို ဦးစွာလုပ်ပြီး O , D.O နေရာများ၌ အစားထိုးရုံသာဖြစ်သည်။

10.20 အဆက်နာမ်စား (R .P) အကြောင်း မှတ်စွယ်အချုပ်

1. အဆက်နာမ်စားများ (Relative Pronoun = R.P) စုစုပေါင်း (15) ခုရှိသည်။
2. ၎င်းတို့ကို အဆိုဝါကျ၊ အငြင်းဝါကျတို့၏ ရှေ့၌ထား၍ သုံးပါက နာမ်ဝါကျ (Noun Clause = နာမ်ဝါကျ) ကိုရ၏။
3. ထို နာမ်ဝါကျကို အခြားဝါကျ တစ်ခုအတွင်း၌ ဝါကျအင်္ဂါ (9) မျိုးထဲအပါအဝင်ဖြစ်သော S , S.C , O , O.C , D.O , I.O P.Ph ထဲက N ဟူသောတာဝန်များဖြင့် သုံးရသည်။

10.21 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ နာမ်ဝါကျများကို ကြည့်၍ မျဉ်းသားထားသော R. P များသည် ၎င်းတို့ဦးစီးသော နာမ်ဝါကျထဲ၌ S, S.C အစရှိသော တာဝန်များအနက် မည်သည့်တာဝန်ရှိသည်ကိုဖော်ပြပါ။

a. <u>who</u> was a saint = သူတော်စင်တစ်ဦးဖြစ်ခဲ့သောသူ (saint = သူတော်စင်)

b. <u>who</u> we call Kalar. = ကုလားဟု ကျွန်ုပ်တို့က ခေါ်သောသူ (call = ခေါ်သည်)

c. <u>who</u> the man was = ဒီလူကြီး ဘယ်သူဖြစ်ခဲ့တယ်ဆိုတာ

d. <u>whom</u> they talk about = ၎င်း၏အကြောင်း သူတို့ ပြောသောသူ (talk = ပြောဆိုသည်၊ about = အကြောင်း)

e. <u>whom</u> the teacher awarded a book = ဆရာက စာအုပ်တစ်အုပ် ဆုချခဲ့သောသူ (award = ဆုချီးမြှင့်သည်)

f. <u>what</u> arises in my mind = ကျွန်ုပ်၏စိတ်ထဲ ဖြစ်ပေါ်သောအရာ (arise = ဖြစ်ပေါ်သည်၊ mind = စိတ်)

g. <u>what</u> we think of = ၎င်းအကြောင်း ကျွန်ုပ်တို့ တွေးကြသောအရာ (think = တွေးတောသည်၊ of - အကြောင်း)

h. <u>which</u> became lesser = ပို၍နည်းလာခဲ့သောအရာ (become = --လာသည်၊ lesser = ပိုနည်းသော)

i. <u>which</u> she left for him = သူမက သူ့အတွက် ချန်ထားခဲ့သောအရာ (left = ချန်ထားခဲ့သည်)

j. <u>which</u> your car is = ဘယ်ဟာ မင်းရဲ့ကားဖြစ်တယ်ဆိုတာ

k. <u>that</u> is down = နိမ့်ကျသောသူ (down = အဆင့်အတန်းနိမ့်လျက်)

Scanned by CamScanner

l. that I sent you = ကျွန်ုပ် သင့်ထံ စေလွှတ်ခဲ့သောသူ (sent = စေလွှတ်ခဲ့သည်)

m. that he lives in = ၎င်းအထဲမှာ သူနေသောအရာ (live = နေထိုင်သည်)

n. which book is interesting = ဘယ်စာအုပ် စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ (interesting = စိတ်ဝင်စားဖွယ်ကောင်းသော)

o. whose car you borrowed = ဘယ်သူ့ကားကို သင်ငှားခဲ့တယ်ဆိုတာ (borrow = ငှားယူသည်)

p. from which country they came = သူတို့ ဘယ်တိုင်းပြည်က လာခဲ့ကြတယ်ဆိုတာ (country = တိုင်းပြည်)

q. what food kids like to eat = ကလေးများ ဘာအစားအစာကိုစားချင်ကြတယ်ဆိုတာ (food = အစားအစာ ၊ kid = ကလေး)

2. အောက်ပါ အင်္ဂလိပ် နာမ်ဝါကျ (N.Cl) များကို မြန်မာပြန်ပါ။

a.	who saw my son	(S + T.V + O)
b.	who we suppose to live in Mandalay	(S + TK.V + O + O.C (to V.1)
c.	whom Nyo Nyo sat by	(S + I.V + @)
d.	whom I saw sleeping	(S + S.V + O + O.C (V.4)
e.	whom U Ba lent his bicycle	(S + D.V + I.O + D.O)
f.	what this is	(S + (Be) + S.C)
g.	what the man said	(S + T.V + O)
h.	what was good	(S + (Be) + Adj)
i.	which moves on the road	(S + I.V + @)
j.	which he looked for	(S + PT.V + O + F.P.Ph)
k.	under which I stood	(S + I.V + @)
l.	that is up in the sky	(S + (Be) + P.Ph)
m.	that women like	(S + T.V + O)
n.	which boy Maung Maung is	(S + (Be) + S.C)
o.	what colour she is interested in	(S + (Be) + Adj + F.P.Ph)
p.	whose son has left for England	(S + I.V + FP.Ph)

3. အောက်ပါ မြန်မာ နာမ်ဝါကျများကို အင်္ဂလိပ်လိုပြန်ရေးပါ။ လွယ်ကူစေရန် ဝါကျပုံစံနှင့် ကြိယာပုံစံများကို သဲလွန်စအဖြစ် ဖော်ပြထားသည်။

a.	ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင် နေသောသူ ။	(S + I.V + @)	(Be) 1 + V.4
b.	၎င်းနှင့်အတူ ကျွန်ုပ် ရောက်သူ	(S + I.V + @)	V.1
c.	လူများက ချစ်ကြသောသူ	(S + T.V + O)	V.1
d.	ရောက်နေတာကို ကျွန်ုပ်တို့မြင်ခဲ့ကြသောအရာ	(S + S.V + O + O.C - V.4)	V.2
e.	ဘယ်သူ့သား မောင်မောင် ဖြစ်ခဲ့တယ်ဆိုတာ	(S + (Be) + S.C)	(Be)2
f.	၎င်းထံမှ မမ ပိုက်ဆံ ချေးယူထားသောသူ	(S + T.V + O + @)	(have)1 + V.3

4. အောက်ပါ နာမ်ဝါကျ များကို ဦးစီးသော အဆက်နာမ်စား (R. P) တို့က ၎င်းနာမ်ဝါကျအတွင်း၌ ယူသောတာဝန်များကို နာမ်ဝါကျများနှင့်တွဲ၍ ဖော်ပြထားသည်။ ၎င်းဖော်ပြချက် မှန်လျှင် အမှန်ခြစ် ခြစ်၍ မှားလျှင် ကြက်ခြေခတ်ပါ။

a.	whoever comes here =	ဒီကို လာသောသူတိုင်း	(S တာဝန်)
b.	whoever is welcomed =	ကြိုဆိုခံရသောသူတိုင်း	(S တာဝန်)
c.	whichever has happened =	ဖြစ်ပျက်ပြီးခဲ့သော အရာတိုင်း	(O တာဝန်)
d.	whatever you told me =	သင် ကျွန်ုပ်ကို ပြောပြခဲ့သောအရာတိုင်း	(D.O တာဝန်)
e.	whatever has been instructed =	ညွှန်ကြားခြင်းခံထားရသောအရာတိုင်း	(O တာဝန်)
f.	how many passed the examination =	ဘယ်လောက်များများ စာမေးပွဲ အောင်ခဲ့ကြတယ်ဆိုတာ	(S တာဝန်)
g.	how many students abide the new disciplines. ကျောင်းသားဘယ်လောက်များများ စည်းကမ်းအသစ်ကို လိုက်နာကြတယ်ဆိုတာ		(S တာဝန်)

Scanned by CamScanner

h. <u>how much rice</u> my mother has cooked = ကျွန်ုပ်၏အမေ ထမင်းဘယ်လောက်များများ ချက်ထားတယ်ဆိုတာ (O တာဝန်)

i. <u>how much</u> he drinks = သူ ဘယ်လောက်များများ သောက်တယ် ဆိုတာ (S.C တာဝန်)

5. အောက်ပါ အဆိုဝါကျများရှေ့၌ သင့်တော်သော အဆက်နာမ်စား (R.P) ကို ဦးစီးစေလျက် နာမ်ဝါကျ (N.Cl) ပြုလုပ်ပါ။

a. ——— I saw at the market = ဈေးမှာကျွန်ုပ် တွေ့ခဲ့သော ---

b. ——— gets back home = အိမ် ပြန်ရောက်လာသော ---

c. ——— was in the box = သေတ္တာထဲမှာ ရှိခဲ့သော ---

d. ——— she plays tennis with = ၎င်းနှင့်အတူ သူမ တင်းနစ်ကစားသော ---

e. ——— I gave her yesterday = ကျွန်ုပ်က သူမကို မနေ့က ပေးခဲ့သော ———

6. အောက်ပါ အငြင်းဝါကျရှေ့၌ သင့်တော်သော အဆက်နာမ်စား (R.P) ကို ဦးစေလျက် နာမ်ဝါကျ (N.Cl) ပြုလုပ်ပါ။

a. ——— do not eat meat = အသားကို မစားကြသော ---

b. ——— are not in the nest = အသိုက်ထဲမှာ မရှိကြသော ---

c. ——— they did not find swimming in the pool = ကန်ထဲမှာ ရေကူးနေကြတာကို သူတို့ မတွေ့ခဲ့ကြရသော -

d. ——— they do not look for = သူတို့ မရှာဖွေကြသော ---

e. ——— you did not sit on = ၎င်း အပေါ်မှာ သင် မထိုင်ခဲ့သော---

7. နာမ်ဝါကျ (N.Cl) ဆိုသည်မှာ အဘယ်ပါနည်း။

8. နာမ်ဝါကျ (N.Cl) ပြုလုပ်ရန် R.P , F.P , R.Adv, R. Adj တို့ဖြင့် မည်သည့်ဝါကျအမျိုးအစားများကို ဦးစီးရသနည်း၊

9. နာမ်ဝါကျ (N.Cl) ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

10.22 အခြင်းအရာပြအဆက်နာမ်စား(Factual Relative Pronoun -F.P)

ဦးစီးသောနာမ်ဝါကျများ

ဇယား (30) Factual Relative Pronoun (F.P) အခြင်းအရာပြ အဆက်နာမ်စား			
1	whether	-----များ----သလားဆိုတာ	၎င်းတို့ သည်၎င်းတို့ ဦးစီးသောနာမ်ဝါကျများ အထဲ၌ကတွားစသော တာဝန်များလုံးဝမရှိပါ
2	if	——သလားဟု / သလားဆိုတာ	
3	that	——ဟု / ဟူ၍ / တယ်လို. /တယ်ဆိုတာ	

ဇယားပါ F.P သုံးမျိုးဦးစီး၍လည်း နာမ်ဝါကျ N.CL များပြုလုပ်ရပါသည်။ ၎င်းတို့မှာ ၎င်းတို့ဦးစီးသော နာမ်ဝါကျ ထဲ၌ S, O , D.O, I.O, S.C , PP.h ထဲက N ဟူသော တာဝန်များလုံးဝမရှိပေ။ သို့ဖြစ်၍ R.P များမှာကဲ့သို့ တာဝန် တစ်ခုလျှင် နာမ်ဝါကျ တစ်မျိုး ကွဲပြားခြင်းမရှိပါ။

10.23 whether (------များ သလားဆိုတာ)

whether ကို အတိအကျမဆုံးဖြတ်နိုင်သော အကြောင်းအရာကိုဖော်ပြရာ၌ (--များ--သလားဆိုတာ) ဟူသော သံသယအနက်ဖြင့် သုံးရသည်။ ၎င်းဦးစီးသော နာမ်ဝါကျ လုပ်ပုံမှာအလွန်လွယ်ပါသည်။ အဆို ဝါကျ သို့မဟုတ် အငြင်းဝါကျ တစ်ခုခုကို ပြုလုပ်လိုက်ပြီး ထိုဝါကျ၏ရှေ့ဆုံး၌ whether ကိုချရေးလိုက်ရုံသာဖြစ်သည်။ ဘာသာပြန်သောအခါ၌လည်း

Scanned by CamScanner

ဝါကျတစ်ခုလုံးကို ဘာသာပြန်ပြီးမှ သူ့.ကိုပြန်ရ၏။

1. အဆိုဝါကျ = He goes to school. = သူသည် ကျောင်းသို့သွားသည်။
   နာမ်ဝါကျ = *whether* he goes to school. - သူသည် ကျောင်းသို့သွားများ သွားသလားဆိုတာ
   အငြင်းဝါကျ = He does not go to school.= သူသည် ကျောင်းသို့မသွားပါ။
   နာမ်ဝါကျ = *whether* he does not go to school = သူသည် ကျောင်းသို့မသွားများ မသွားဘူးလားဆိုတာ
2. အဆိုဝါကျ =She is a nurse. = သူမ သည် သူနာပြုတစ်ယောက်ဖြစ်သည်။
   နာမ်ဝါကျ = *whether* she is a nurse = သူမ သည် သူနာပြုတစ်ယောက်ဖြစ်များ ဖြစ်သလားဆိုတာ
   အငြင်းဝါကျ = She is not a nurse = သူမ သည် သူနာပြုတစ်ယောက် မဟုတ်ပါ။
   နာမ်ဝါကျ = *whether* she is not a nurse = သူမသည် သူနာပြုတစ်ယောက် မဟုတ်များ မဟုတ်ဘူးလားဆိုတာ

   ဤနည်းအတိုင်း မိမိကြိုက်ရာ ဝါကျပုံစံဖြင့် ဝါကျတစ်ကြောင်းရေးပါ။ လားအမေး၊ လားငြင်းမေး၊ လဲအမေးများ မဖြစ်စေရ။ ပြီးလျှင် whether ကို ဝါကျရှေ့ဆုံးမှာချရေးပါ။ N.CL တစ်ခုရလာမည်။

10.24 if (----- သလားဟု/-----သလားဆိုတာ)

if ဦးစီးသော နာမ်ဝါကျ လုပ်ပုံမှာ အလွန်လွယ်ပါသည်။ အဆိုဝါကျ သို့မဟုတ် အငြင်းဝါကျ တစ်ခုခုကို ပြုလုပ်လိုက်ပြီး ထိုဝါကျ၏ရှေ့ဆုံး၌ if ကိုချရေးလိုက်ရုံသာ ဖြစ်သည်။ ဘာသာပြန်သောအခါ၌လည်း ဝါကျတစ်ခုလုံးကို ဘာသာ ပြန်ပြီးမှ သူ့.ကိုပြန်ရ၏။

1. အဆိုဝါကျ = His Parents are well = သူ့.မိဘများသည် နေကောင်းကြသည်။
   နာမ်ဝါကျ = *if* his parents are well = သူ့.မိဘများသည် နေကောင်းကြသလားဟု
2. အငြင်းဝါကျ = MaMa is not a vegetarian= . မမ သည်သက်သတ်လွတ်စားသူတစ်ယောက်မဟုတ်ပါ။
   နာမ်ဝါကျ = *if* Ma Ma is not a vegetarian =မမ သည် သက်သတ်လွတ်စားသူတစ်ယောက်မဟုတ်ဘူးလားဟု

10.25 that (----- ဟု /-----ဟူ၍ /-----တယ်ဆိုတာ)

that ဦးစီးသော နာမ်ဝါကျ လုပ်ပုံမှာအလွန်လွယ်ပါသည်။ အဆို ဝါကျ သို့မဟုတ် အငြင်းဝါကျ တစ်ခုခုကို ပြုလုပ်လိုက်ပြီး ထိုဝါကျ၏ရှေ့ဆုံး၌ that ကိုချရေးလိုက်ရုံသာ ဖြစ်သည်။ ဘာသာပြန်သော အခါ၌လည်း ဝါကျတစ်ခုလုံးကို ဘာသာပြန်ပြီးမှ သူ့ကိုပြန်ရ၏။

1. အဆိုဝါကျ = Her father lives in Mandalay = သူမ၏ အဖေသည် မန္တလေးမှာ နေသည်
   နာမ်ဝါကျ = *that* her father lives in Mandalay = သူမ၏ အဖေ မန္တလေးမှာ နေတယ်လို့/နေတယ်ဆိုတာ
2. အဆိုဝါကျ = The third world nations are underdeveloped = တတိယကမ္ဘာနိုင်ငံများသည် မဖွံ့ဖြိုးသေးပါ။
   နာမ်ဝါကျ = *that* the third world nations are underdeveloped =
   တတိယကမ္ဘာနိုင်ငံများသည် မဖွံ့ဖြိုးသေးဘူးလို့/-ဘူးဆိုတာ

(အငြင်း နာမ်ဝါကျအတွက်အငြင်းဝါကျများကိုအခြေခံ၍ လုပ်ရုံသာဖြစ်သည်။ Passive Voice နာမ်ဝါကျများကိုလည်း Passie Voice အဆိုဝါကျကို ဦးစွာလုပ်ပြီး O , D.O နေရာများ၌ အစား ထိုးရုံသာ။

10.26 အခြင်းအရာပြအဆက်နာမ်စား (F .P) အကြောင်း မှတ်စွယ်အချုပ်

1. အခြင်းအရာပြ အဆက်နာမ်စား (F.P) (3) ခုရှိ၏။
2. ၎င်းတို့.ကို အဆိုဝါကျ ၊ အငြင်းဝါကျရှေ့.၌ချရေးလျှင် နာမ်ဝါကျရ၏။
3. နာမ်ဝါကျကို အခြားဝါကျ တစ်ခုထဲ၌ S , S.C , O , D.O, P.Ph ထဲက N များအဖြစ်တာဝန်ပေး၍ ထည့်သုံးရန် ဖြစ်သည်၊ O.C , I.O တာဝန်များဖြင့်မသုံးနိုင်ပါ။

Scanned by CamScanner

10.27 အဆက်ကြိယာဝိသေသန (Relative Adverb -R.adv) ဦးစီးသောနာမ်ဝါကျများ

ဇယား (31) Relative Adverb (R.Adv) တဆက် ကြိယာဝိသေသန			
1	how	----ပုံ---နည်း / ဘယ်လို----တယ်ဆိုတာ	၄င်းတို့ဦးစီးသော နာမ်ဝါကျထဲ၌ ၄င်းတို့.အားလုံး၏တာဝန်မှာ ကြို/ဝိ (Adv) တာဝန်တစ်မျိုးတည်းသာဖြစ်သည်။
2	why	----သောဇာကြောင်းရင်း/ ဘာကြောင့်-----တယ်ဆိုတာ	
3	where	-----သောနေရာ/ဇာရပ် ။ ဘယ်မှာ-----တယ်ဆိုတာ	
4	when	------သောအချိန် / ဘယ်တော့-----တယ်ဆိုတာ	
5	what time	-----သောအချိန် / ဘယ်အချိန်-----တယ်ဆိုတာ	
6	how + Adv	ဘယ်လောက် ----- -----တယ်ဆိုတာ	

ယခု အဆက်ကြိယာဝိသေသန (R.Adv) များသည် အမေးဝါကျတစ်ခုဖြစ်အောင် ဦးစီးရသော အမေးကြိယာဝိသေသန (Interrogative Adverb) များမဟုတ်သည်ကို သိစေလိုပါသည်။ စာလုံးပေါင်း နှင့်အသံထွက်တူသော်လည်း အသုံးပြုပုံခြင်း မတူပါ။ R. Adv များ ဦးစီးသော နာမ်ဝါကျ များပြုလုပ်နည်းမှာလည်း လွန်စွာလွယ်ကူပါသည်။ အဆိုဝါကျ၊ အငြင်းဝါကျများကို ဦးစွာရေးလိုက်ပါ။ (လား အမေး၊ လားငြင်းမေး၊ လဲအမေးများ မဖြစ်စေရ)။ ပြီးလျှင် ၄င်း R.Adv များကို ဝါကျ၏ရှေ့ဆုံးမှာ ချရေးလိုက်ပါ၊ နာမ်ဝါကျ တစ်ခုရလာပါမည်။)

10.28 how (---- ပုံ၊---နည်း / ဘယ်လို----တယ်ဆိုတာ)

1. အဆိုဝါကျ = Worshippers go to pagodas. (S + I.V + @)
ဘုရားဝတ်ပြုသူများသည် သွားကြသည်။ ဘုရားများသို့
နာမ်ဝါကျ = ***how*** worshippers go to pagodas = ဘုရားဝတ်ပြုသူများ ဘုရားများသို့ သွားကြပုံ သွားကြနည်း (ဘယ်လိုသွားကြတယ်ဆိုတာ)

2. အဆိုဝါကျ = The birds look for food. (S + I.V + FPP.h)
ယင်း ငှက်များသည် ရှာကြသည်။ အစာ
နာမ်ဝါကျ = ***how*** the birds look for food = ၄င်းငှက်များ အစာရှာကြပုံ/ရှာကြနည်း (ဘယ်လိုရှာကြတယ်ဆိုတာ)

10.29 why (---- သောဘကြောင်းရင်း / ဘာကြောင့်----တယ်ဆိုတာ)

1. အဆိုဝါကျ = The tribes settled in this basin. (I + I.V + PP.h)
၄င်းလူမျိုးနွယ်စုများသည် အခြေချခဲ့ကြသည် ဤ ချိုင့်ဝှမ်းထဲမှာ
နာမ်ဝါကျ = ***why*** the tribes settled in this basin. =
၄င်းလူမျိုး နွယ်စုများ ဤချိုင့်ဝှမ်းထဲမှာ ဘာကြောင့်အခြေချခဲ့ကြတယ်ဆိုတာ

2. အဆိုဝါကျ = She lost appetite for two months. (S + T.V + O + PP.h)
သူမသည် ပျောက်ဆုံးခဲ့သည် စားချင်စိတ် နှစ်လ ကြာအောင် (ခံတွင်းပျက်ခဲ့သည်)
နာမ်ဝါကျ = ***why*** she lost appetite for two months =
နှစ်လကြာအောင် သူမ ဘာကြောင့် ခံတွင်းပျက်ခဲ့ရတယ်ဆိုတာ

Scanned by CamScanner

10.30 where (---- သောနေရာ / ဘယ်မှာ ၊ဘယ်ကို ----တယ်ဆိုတာ)

1. အဆိုဝါကျ = We travelled by air. (S + I.V + @)
ငါတို့ ခရီးသွားခဲ့ကြသည် လေကြောင်းဖြင့်
နာမ်ဝါကျ = ***where*** we travelled by air = ငါတို့ လေကြောင်းဖြင့် ဘယ်မှာ ခရီးသွားခဲ့ကြတယ်ဆိုတာ
(ခရီးသွားခဲ့ကြသောနေရာ)

2. အဆိုဝါကျ = He fled from his town. (S + I.V + @)
သူသည် ထွက်ပြေးသွားခဲသည် သူ့မြို့မှ
နာမ်ဝါကျ = ***where*** he fled from his town = သူ သူ့မြို့က ဘယ်ကိုထွက်ပြေးသွားခဲ့တယ်ဆိုတာ
(ထွက်ပြေးသွားခဲ့သောနေရာ)

10.31 when (---- သောအချိန် / ဘယ်တော့ ---- တယ်ဆိုတာ)

1. အဆိုဝါကျ = The volcano was extinct. (S + (Be) + Adj)
ယင်းမီးတောင်သည် ငြိမ်းသွားခဲ့ပြီ။
နာမ်ဝါကျ = ***when*** the volcano was extinct = ယင်းမီးတောင်သည် ဘယ်တော့ ငြိမ်းသွားခဲ့တယ်ဆိုတာ
(ငြိမ်းသွားခဲ့သောကာလ)

2. အဆိုဝါကျ = Monsoon starts blowing. (S + T.V + O)
မုတ်သုန်လေသည် စတင်သည် တိုက်ခတ်မှုကို
နာမ်ဝါကျ = ***when*** monsoon starts blowing = မုတ်သုန်လေ ဘယ်တော့ စ တိုက်တယ်ဆိုတာ
(စ တိုက်သောအချိန်)

10.32 what time (---- သောအချိန် / ဘယ်အချိန် ---- တယ်ဆိုတာ)

1. အဆိုဝါကျ = Children set out for school. (S + P.I.V + parti + FPP.h)
ကလေးများသည် ထွက်ခွါကြသည် ကျောင်းသို့
နာမ်ဝါကျ = ***what time*** children set out for school =
ကလေးများကျောင်းသို့ဘယ်အချိန်ထွက်ခွါတယ်ဆိုတာ (ထွက်ခွါသောအချိန်)

2. အဆိုဝါကျ = The school is over. (S + (Be) + parti)
ကျောင်းသည် ပိတ်ပြီ
နာမ်ဝါကျ = ***what time*** the school is over = ကျောင်း ဘယ်အချိန် ပိတ်တယ်ဆိုတာ (ပိတ်သောအချိန်)

10.33 how + (Adv) (ဘယ်လောက်---- ---- တယ်ဆိုတာ)

မှတ်ရန် ၊ ၊ Adv (လုံးခြင်းကြို/ဝိ)ပါသော ဝါကျပုံစံဖြင့် အဆိုဝါကျ။ အငြင်းဝါကျများကို ဦးစွာလုပ်ပါ။ ပြီးလျှင်အဆိုဝါကျ၊ အငြင်းဝါကျ ထဲပါလာသော လုံးခြင်းကြိယာကို How နောက်မှာ တွဲပါ။ ၎င်းအတွဲကို ဝါကျ၏ ရှေ့ဆုံးသို့ပို့လိုက်ပါ။ နာမ်ဝါကျ ရလာမည်။

1. အဆိုဝါကျ = China developes quickly. (S + I.V + @)
တရုတ်ပြည်သည် ဖွံ့ဖြိုးသည် လျင်မြန်စွာ
နာမ်ဝါကျ = ***how quickly*** China developes = တရုတ်ပြည် ဘယ်လောက်လျင်မြန်စွာ ဖွံ့ဖြိုးတယ်ဆိုတာ

2. အဆိုဝါကျ = July rain showers heavily. (S + I.V + Adv)
ဇူလိုင်မိုးသည် ရွာသွန်းသည် သည်းထန်စွာ
နာမ်ဝါကျ = ***how heavily*** July rain showers = ဇူလိုင်မိုး ဘယ်လောက်သည်းထန်စွာ ရွာတယ်ဆိုတာ

Scanned by CamScanner

(အငြင်း နာမ်ဝါကျအတွက် အငြင်းဝါကျများကိုအခြေခံ၍ လုပ်ရုံသာဖြစ်သည်၊ Passive Voice N.CL များကိုလည်း Passie Voice အဆိုဝါကျကို ဦးစွာလုပ်ပြီး O , D.O နေရာများ၌ အစားထိုးရုံသာ။)

10.34 အဆက်ကြိယာဝိသေသန (R .Adv) အကြောင်း မှတ်စွယ်အချုပ်

1. အဆက်ကြိယာဝိသေသန (R.Adv) (6) ခုရှိ၏။
2. ၎င်းတို့ကို အဆိုဝါကျ ၊ အငြင်းဝါကျရှေ့၌ချရေးလျှင် နာမ်ဝါကျရ၏။
3. နာမ်ဝါကျကို အခြားဝါကျ တစ်ခုထဲ၌ S , S.C , O , D.O, P.Ph ထဲက N များအဖြစ်တာဝန်ပေး၍ ထည့်သုံးရန် ဖြစ်သည်၊ O.C , I.O တာဝန်များဖြင့်မသုံးနိုင်ပါ။

10.35 အဆက်နာမဝိသေသန(Relative Adjective -R.Adj) ဦးဓိးသောနာမ်ဝါကျများ

10.36 how + (Adj) (ဘယ်လောက်----တယ်ဆိုတာ)

ရှေးဦးစွာ Adj (နာမဝိသေသန) ပါသော ဝါကျပုံစံဖြင့် အဆိုဝါကျ၊ အငြင်းဝါကျများကို လုပ်ပါ။ ပြီးလျှင် ထိုဝါကျမှ ၎င်း Adj ကို how နောက်မှာ တွဲပြီး တစ်တွဲလုံးကို ဝါကျ၏ရှေ့ဆုံးမှာ ချရေးပါ။ နာမ်ဝါကျ တစ်ခုရလာမည်။

1. အဆိုဝါကျ = The baby becomes fat. (S+LK.V+Adj)
   ယင်း ကလေးသည် ဝလာသည်
   နာမ်ဝါကျ = *how fat* the baby becomes = ယင်း ကလေးဘယ်လောက် ဝလာတယ်ဆိုတာ
2. အဆိုဝါကျ = I am sick of teaching. (S+ (Be)+FPP.h)
   ကျွန်ုပ်သည် ငြီးငွေ့သည် သင်ကြားရေးကို
   နာမ်ဝါကျ = *how sick* of teaching I am = ကျွန်ုပ် သင်ကြားရေးကို ဘယ်လောက်ငြီးငွေ့တယ်ဆိုတာ
3. အဆိုဝါကျ = Skyscrapers make the city beautiful. (S+C.V+O+Adj)
   မိုးထိအဆောက်အဦများက ၎င်းမြို့ကို လှပစေသည်။
   နာမ်ဝါကျ = *how beautiful* skyscrapers make the city =
   မိုးထိအဆောက်အဦများက ၎င်းမြို့ကို ဘယ်လောက် လှပစေတယ်ဆိုတာ
4. အဆိုဝါကျ = I am wretched. (S+ (Be)+Adj)
   ငါသည် ဆင်းရဲနုံချာသည်။
   နာမ်ဝါကျ = *how wretched* I am = ငါ ဘယ်လောက်ဆင်းရဲနုံချာတယ်ဆိုတာ

10.37 အဆက်နာမဝိသေသန (R .Adj) အကြောင်း မှတ်စွယ်အချုပ်

1. အဆက်ကြိယာဝိသေသန (R.Adj) (1) ခုရှိ၏။
2. ၎င်းတို့ကို အဆိုဝါကျ ၊ အငြင်းဝါကျရှေ့၌ချရေးလျှင် နာမ်ဝါကျရ၏။
3. နာမ်ဝါကျကို အခြားဝါကျ တစ်ခုထဲ၌ S , S.C , O , D.O, P.Ph ထဲက N များအဖြစ်တာဝန်ပေး၍ ထည့်သုံးရန် ဖြစ်သည်၊ O.C , I.O တာဝန်များဖြင့်မသုံးနိုင်ပါ။

10.38 wh - Noun Phrase (Wh--- နှင့် ဘဝပြုသော နာမ်ပုဒ်စု)

whom , which , what , how , where , when , what time , whether တို့၏နောက်တွင်ကပ်၍ (to V.1) ကို တွဲသုံးနိုင်သည်။
(အနက်ပေးဘာသာပြန်ရန်အတွက် အောက်ပါကွက်လပ်ထဲမှာ V.1 ၏အနက်ကိုထည့်ပါ။)

1. **whom + to V.1** = ----ဖို့လူ/ ဘယ်သူ့ကို----ရမယ်ဆိုတာ
   whom to meet = တွေ့ဖို့လူ / ဘယ်သူ့ကိုတွေ့ရမယ်ဆိုတာ
2. **which + to V.1** = -----သောအရာ/----ဖို့အရာ/ ဘယ်အရာကို----ရမယ်ဆိုတာ
   which to choose = ရွေးသောအရာ/ရွေးဖို့အရာ/ ဘယ်အရာကိုရွေးရမယ်ဆိုတာ

Scanned by CamScanner

3. **what + to V.1 =** ----ဖို့အရာ/ဘာကို----ရမယ်ဆိုတာ
   what to do = လုပ်ဖို့အရာ/ဘာလုပ်ရမယ်ဆိုတာ
4. **how + to V.1 =** .....သောနည်း/----ဖို့နည်း/ဘယ်လို----ရမယ်ဆိုတာ
   how to live = နေသောနည်း/ နေဖို့နည်း/ဘယ်လိုနေရမယ်ဆိုတာ
5. **where + to V.1 =** ----သောနေရာ/---ဖို့နေရာ/ ဘယ်နေရာ---ရမယ်ဆိုတာ
   where to go = သွားသောနေရာ/ သွားဖို့. နေရာ/ ဘယ်သွားရမယ်ဆိုတာ
6. **when + to V.1 =**----သောအချိန်/----ဖို့အချိန်/ဘယ်အချိန်----ရမယ်ဆိုတာ
   when to sleep = အိပ်သောအချိန်/အိပ်ဖို့အချိန်/ဘယ်အချိန်အိပ်ရမယ်ဆိုတာ
7. **what time + to V.1 =** (when နှင့် တူသည်။)
   what time to sleep = အိပ်သောအချိန်/အိပ်ဖို့အချိန်/ဘယ်အချိန်အိပ်ရမယ်ဆိုတာ
8. **whether + to V.1 =** ----ရမည်လားဆိုတာ
   whether to follow = လိုက်ရမည်လားဆိုတာ
9. **whether + to V.1 or not =** ----ရ မည်လား၊ မ ----ရဘူးလားဆိုတာ
   whether to follow or not = လိုက်ရမည်လား၊ မလိုက်ရဘူးလားဆိုတာ

10.39 Noun Clause = နာမ်ဝါကျကို အသုံးပြုပုံ

နာမ်ဝါကျ (N.CL) များသည် သီပြီးဖြစ်သည့်အတိုင်း ပြီးပြည့်စုံသော ဝါကျတစ်ခုကားမဟုတ်ပေ။ ဆိုလိုရင်းကောက်လျှင် နာမ် တစ်ခု၏အနက်ကိုသာ ရ၏။ နာမ် (N) တစ်ခုကို အခြားဝါကျထဲ၌ S, S.C, O , O.C , D.O, I.O , PP.h ထဲက N, ဟူသော တာဝန်များဖြင့် သုံးနိုင်သကဲ့သို့ ယခု နာမ်ဝါကျ (N.CL) များကိုလည်း ဝါကျတစ်ခုအတွင်း၌ ယင်းတာဝန်များဖြင့် သုံးနိုင်ပါသည်။

A. အခြားဝါကျထဲ S အနေနှင့် သုံးပုံနှစ်နာ

* နာမ်ဝါကျ = What is compassion. ကရုဏာ ဖြစ်သောအရာ (ဆိုသောအရာ)
(what သည် သူဦးစီးသည့် နာမ်ဝါကျ ထဲ၌ S တာဝန်)
အခြားဝါကျ = Compassion is profound. = ကရုဏာဆိုသောအရာသည် လေးနက်သည်။ (S + (Be) + Adj)
S ဖြစ်သော compassion နေရာမှာ အထက်ပါ နာမ်ဝါကျကို အစားထိုးပါ။
What is compassion is profound. = ကရုဏာ ဆိုသောအရာသည် လေးနက်သည်။

B. အခြားဝါကျထဲ O အနေနှင့် သုံးပုံနှစ်နာ

နာမ်ဝါကျ = which you saw = သင် မြင်ခဲ့သောအရာ (what သည် သူဦးစီးသည့် နာမ်ဝါကျထဲ O တာဝန်)
အခြားဝါကျ = I did not see an ox. ငါ နွားတစ်ကောင်ကို မမြင်ခဲ့ပါ။ (S + T.V + O)
ယခု O ဖြစ်သော an ox နေရာ၌ နာမ်ဝါကျ ကိုအစားထိုးလိုက်ပါ။
I did not see *which you saw.* = သင်မြင်ခဲ့သောအရာကို ငါမမြင်ခဲ့ပါ။

C. အခြားဝါကျထဲ D.O အနေနှင့် သုံးပုံနှစ်နာ

နာမ်ဝါကျ = how I play chess = ငါ စစ်တုရင်ကစားပုံကစားနည်း
(how သည် သူဦးစီးသည့် နာမ်ဝါကျ ထဲ Adv တာဝန်)
အခြားဝါကျ = I will not tell you that. ငါသည် ၎င်းကို သင့်အား ပြောပြလိမ့်မည်မဟုတ်။ (S + D.V + I.O + D. O)
ယခု D.O ဖြစ်သော that နေရာ၌ နာမ်ဝါကျကိုအစားထိုးပါ။
I will not tell you how I plav chess . =
ငါစစ်တုရင်ကစားပုံကို ငါ မင်းကို ပြောပြလိမ့်မည်မဟုတ်။

D. အခြားဝါကျထဲ I.O အနေနှင့် သုံးပုံနှစ်နာ

နာမ်ဝါကျ = whom you saw = သင် မြင်ခဲ့သောသူ (whom သည်သူဦးစီးသည့် နာမ်ဝါကျထဲ O တာဝန်)

Scanned by CamScanner

အခြားဝါကျ = Ko Ko lent money to a man. = ကိုကိုသည် လူတစ်ယောက်ကို ငွေချေးခဲ့သည်။
ယခု I.O ဖြစ်သော a man နေရာ၌ နာမ်ဝါကျကိုအစားထိုးပါ။
Ko Ko lent money to <u>whom you saw</u> = ကိုကိုသည် <u>သင် မြင်ခဲ့သောသူကို</u> ငွေချေးခဲ့သည်။

E. အခြားဝါကျထဲ S.C အနေနှင့် သုံးပုံနှစ်နာ

နာမ်ဝါကျ = <u>that</u> I want = ငါ လိုချင်သောအရာ (that သည် သူဦးစီးသည့် နာမ်ဝါကျထဲ O တာဝန်)
အခြားဝါကျ = This is <u>a camera</u>. ဤဟာသည် ကင်မရာ တစ်လုံးဖြစ်သည်၊ (S + (Be) + S.C)
ယခု S.C ဖြစ်သော a camera နေရာ၌ နာမ်ဝါကျကိုအစားထိုးလိုက်ပါ။
This is <u>that I want</u>. ထိုအရာသည် <u>ငါလိုချင်သောအရာ</u>ဖြစ်သည်။

F. အခြားဝါကျထဲ PP.h တွဲ N အနေနှင့် သုံးပုံနှစ်နာ

နာမ်ဝါကျ = <u>whom</u> you hate = မင်း မုန်းသောသူ (whom သည် သူဦးစီးသည့် နာမ်ဝါကျ ထဲ O တာဝန်)
အခြားဝါကျ = She lives <u>*with* Ma Kyi</u>. = သူမသည် မ ကြည်နှင့် နေထိုင်သည်။ (S + I.V + @)
ယခု PP.h ထဲက N ဖြစ်သော Ma Kyi နေရာ၌ နာမ်ဝါကျကို အစားထိုးပါ။
She lives *with* <u>whom you hate</u>. = သူမသည် <u>မင်း မုန်းသောသူနှင့်</u>နေထိုင်သည်။

မှတ်ချက်။ ။ R.P , F. P , R. Adv , R. Adj တို့သည် မိမိတို့ဦးစီးသော နာမ်ဝါကျထဲ၌ မည်သည့်တာဝန်ရှိ နေသည်ဖြစ်စေ အရေးမကြီးပါ။ ၎င်း နာမ်ဝါကျကို အခြားဝါကျထဲ၌ တာဝန်တစ်ခုခုပေး၍ နေရာချရာ၌သာ မှန်ဖို့လိုပါသည်။

10.40 (wh - နာမ်ဝုဒ်စုကိုအသုံးပြုပုံ)

Wh - Noun Phrase များကိုလည်း အခြားဝါကျထဲ၌ O , D.O , PP.h ထဲက N များအဖြစ် တာဝန်ပေး၍ သုံးနိုင်ပါသည်။
S , S.C , O.C , I.O တာဝန်များဖြင့် မသုံးပါ။

1. Wh- Noun Phrase ကို O အနေနှင့် သုံးပုံနှစ်နာ

Wh- Noun Phrase ; whom to meet = ဘယ်သူ့ကို တွေ့ရမယ်ဆိုတာ
အခြားဝါကျ = I know it. - ကျွန်ုပ်သည် ၎င်းကို သိသည်။ (S + T.V + O)
ယခု အထက်က ပုဒ်စုကို O ဖြစ်သော it နေရာ၌ အစားထိုးလိုက်ပါ။
I know <u>*whom to meet*</u>.
ဘယ်သူ့ကိုတွေ့ရမယ်ဆိုတာ ကျွန်ုပ်သိသည်။

2. Wh- Noun Phrase ကို D.O အနေနှင့် သုံးပုံနှစ်နာ

Wh- Noun Phrase ; how to live - ဘယ်လိုနေရတယ်ဆိုတာ
အခြားဝါကျ = He instructed me that. = သူသည် ကျွန်ုပ်ကို ထိုအရာကို လမ်းညွှန်ခဲ့သည်။ (S + D.V + I.O + D.O)
ယခု အထက်က ပုဒ်စုကို D.O ဖြစ်သော That နေရာ၌ အစားထိုးလိုက်ပါ။
He instructed me <u>*how to live*</u>.
သူသည် ကျွန်ုပ်ကို ဘယ်လိုနေရတယ်ဆိုတာ လမ်းညွှန်ခဲ့သည်။

3. Wh- Noun Phrase ကို PP.h တွဲ N အနေနှင့် သုံးပုံနှစ်နာ

Wh - Noun Phrase = where to encamp = ဘယ်မှာစခန်းချရမယ်ဆိုတာ (စခန်းချရမည့်နေရာ)
အခြားဝါကျ = I thought <u>about the matter.</u> = ကျွန်ုပ် ၎င်းကိစ္စအကြောင်း တွေးတောခဲ့သည်။ (S + I.V + @)
ယခု အထက်က ပုဒ်စုကို PP.h ထဲက N ဖြစ်သော the matter နေရာ၌ အစားထိုးလိုက်ပါ။
I thought about <u>where to encamp. =</u> ဘယ်မှာစခန်းချရမယ်ဆိုတဲ့အကြောင်း ကျွန်ုပ် တွေးတောခဲ့သည်၊

ရှေးဦးစွာ O , D.O , PP.h ပါသော ဝါကျပုံစံ တစ်ခုခုဖြင့် အဆို၊ အငြင်း၊ လားအမေး၊ ငြင်းမေး ကြိုက်ရာရေးချပါ။ပြီးလျှင် O နေရာ၊ D.O နေရာ၊ PP.h ထဲက N နေရာ တို့၌ Wh - Noun Phrase ကို အစားထိုးလိုက်ပါ။ ဤသို့ဖြင့်အခြား ဝါကျထဲ၌ ထည့်သုံးနိုင်သည်။

Scanned by CamScanner

10.41 နာမ်ဝါကျထဲက ဝိဘတ် အငြင်းကြောင်း

PP.h ထဲက N တာဝန်ဖြင့် ရေးထားသော နာမ်ဝါကျ၌ ရှေ့ဆုံးမှာဖြစ်စေ၊ နောက်ဆုံးမှာဖြစ်စေ ဝိဘတ်တစ်ခု ပါနေစမြဲဖြစ်၏။ နာမ်ဝါကျနမူနာများကို ပြန်ရှုပါ။

1. ဤသို့ PP.h ထဲက N တာဝန်ဖြင့်ရေးထားသော နာမ်ဝါကျလည်းဖြစ်၊ R.P များ ဖြစ်ကြသော who, that တို့ဖြင့်လည်း ဦးစီးထားပါက ယင်း နာမ်ဝါကျထဲပါလာသော ဝိဘတ်ကို who, that တို့၏ရှေ့၌ (နာမ်ဝါကျ၏ ရှေ့ဆုံး၌) မထား၍ နောက်ဆုံးမှာသာ ထား၍ရသည်။

သို့သော် ၎င်း နာမ်ဝါကျထဲပါလာသော ဝိဘတ်မဟုတ်ပဲ အခြားဝါကျထဲ ထည့်၍သုံးရာ၌ထိုအခြားဝါကျထဲမှ ပါလာသော ဝိဘတ်ဖြစ်လျှင်ကား R.P ဖြစ်ကြသော who , that တို့၏ရှေ့မှာ (နာမ်ဝါကျ၏ရှေ့မှာ) ထား၍ပါသည်။

နမူနာ 1. We talked *about* who lives in Yangon.
ငါတို့သည် ရန်ကုန်မှာနေသောသူအကြောင်းပြောဆိုခဲ့ကြသည်။

ဤဝါကျမှ about ဝိဘတ်သည် နာမ်ဝါကျထဲက ဝိဘတ်ကို ရှေ့သို့ပို့ထားခြင်းမဟုတ်ပါ။ ပြင်ပဝါကျမှပါလာသော ဝိဘတ်ဖြစ်သည်။ သို့ဖြစ်၍ ၎င်း R.P -who ၏ရှေ့၌ ဝိဘတ် about ကို ထားသုံး၍ပါသည်။

နမူနာ 2. I am interested *in* that you have said.
မင်းပြောထားသောအရာကို ငါ စိတ်ဝင်စားသည်။

ဤဝါကျ၌ပါသော in သည် R.P- that ဦးစီးသော နာမ်ဝါကျထဲမှာပါလာသောဝိဘတ် မဟုတ်ပါ။ အခြားဝါကျ (I am interested in) ထဲမှာ ပါလာသောဝိဘတ်ဖြစ်သည်။ သို့ဖြစ်၍ R.P- that ၏ရှေ့၌ ထားသုံး၍ပါသည်။

2. နာမ်ဝါကျကို ပုဒ်စုကြိယာ (P.T.V , P. I.V) များပါသော အဆိုဝါကျ ၊ အငြင်းဝါကျ ကို အခြေခံ၍ ပြုလုပ်ထားပါက ယင်း P.T.V, P.I.V တို့မှာပါလာသော ပုံသေဝိဘတ် (FPP.h) များကို နာမ်ဝါကျ၏ နောက်ဆုံးမှာသာ ထား၍ရမည်။ ရှေ့ဆုံး၌ ထား၍ တစ်နည်းအားဖြင့် နာမ်ဝါကျ တစ်မျိုးပြု လုပ်၍ မရပါ။ (150 - D - 3) တို့၌ နမူနာနှင့်တကွပြခဲ့ပြီ။ P.T.V, P. I.V ကြိယာများကို (နှာ 317 မှ 319 ထိ) ၌ ရှုပါ။

3. P.T.V , P.I.V တို့၏ပုံသေဝိဘတ်မှ ကြွင်းသော ကြိယာနှင့်ပုံသေတွဲဝိဘတ်၊ Adj နှင့်ပုံသေတွဲ ဝိဘတ်များကိုမူ နာမ်ဝါကျ ၏ ရှေ့ဆုံးမှာရော နောက်ဆုံးမှာပါ ထား၍ပါသည်။ သို့သော် နာမ်ဝါကျသည် အခြားအထူးပြုပုဒ် (modifier) များပါဝင် သောကြောင့်ရှည်လျားပါက ဝိဘတ်ကို နာမ်ဝါကျ၏ရှေ့ဆုံးမှာသာထား၍ရသည်။

ပုံစံ- *with* whom you play tennis in the stadium on friday.
ငင်းနှင့်အတူ အားကားရုံထဲမှာ သောကြာနေ့မှာ သင် ဟင်းနစ်ကစားသောသူ

in the stadium on friday. သည် အထူးပြုပုဒ် (modifier) တစ်မျိုးဖြစ်သော P.Ph ဖြစ်၏။
သူ့ကြောင့် whom you play tennis with ဟူသော နာမ်ဝါကျက ရှည်သွား၍ရသည်။ သို့ဖြစ်၍ ဝိဘတ် with ကို ရှေ့ဆုံးမှာသာ ထား၍ရပါသည်။

10.42 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. Factual Relative Pronoun = အခြင်းအရာပြ အဆက်နာမ်စား (F.P) ဦးစီးသော အောက်ပါ အင်္ဂလိပ် နာမ်ဝါကျ (N.Cl) များကို မြန်မာဘာသာသို့ ပြန်ဆိုပါ။

a. whether he has died =
b. whether the weather will be cold =
c. whether your father is old =
d. if she has sons and daughters =
e. if the man was a school-teacher =
f. if I am interested in Buddhism =
g. that he has died =
h. that the weather will be cold =

Scanned by CamScanner

i. <u>that</u> the man was a school-teacher =

j. <u>that</u> I am interested in Buddhism =

2. အခြင်းအရာပြ အဆက်နာမ်စား (F.P) ဦးစီးသော အောက်ပါ မြန်မာနာမ်ဝါကျများကို အင်္ဂလိပ်ဖြင့်ပြန်ရေးပါ။ ဝါကျပုံစံကိုပါဖော်ပြထားသည်။

a. သူ ကျွန်ုပ် ထံ လာများလာလိမ့်မည်လားဆိုတာ - (will ----လိမ့်မည်) (S + Aux + I.V)

b. ၎င်း စာအုပ်များသည် ဈေးများကြီးလိမ့်မည်လားဆိုတာ - (will =-----လိမ့်မည် ၊ expensive = ဈေးကြီးသော)
(S + Aux + (Be) + Adj)

c. ၎င်းရထားသည် အချိန်မှီ ရောက်များရောက်လောက်မည်လားဆိုတာ - (would = လောက်မည်၊ arrive = ရောက်သည်၊ in time =အချိန်မှီ
(S + Aux + I.V + @)

d. ကျွန်ုပ်သည် ဤကားကို ဝယ်သင့် သလားဟု - (should =---သင့်သည်) (S + Aux + T.V + O)

e. ၎င်း ဟိုတယ်မှာ ဧည့်သည်များတည်းခိုကြသလားဟု - (guests = ဧည့်သည်များ ၊ stay = တည်းခိုသည်)
(S + I.V + @)

f. သူတို့သည် မန္တလေးမှာ နေခဲ့ကြသလားဆိုတာ - (lived = နေခဲ့ကြသည်) (S + I.V + @)

g. ကျွန်ုပ်သည် သက်သတ်လွတ်စားသူတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာ (vegetarian = သက်သတ်လွတ်စားသူ)
(S + (Be) + S.C) အတိတ်

h. တက္ကသိုလ် ကျောင်းသားများ သတင်းဆက်သွယ်ရေးနည်းပညာကိုသင်သင့်တယ်လို့-
(university student =တက္ကသိုလ်ကျောင်းသား၊ Information Technology = သတင်းဆက်သွယ်ရေးနည်းပညာ၊
learn = သင်ယူသည်၊ should = သင့်သည်) (S + Aux + T.V + O)

i. ရွာသားများအားလုံး ဘုန်းတော် ကြီးကျောင်းမှာ စုဝေးကြရမည်ဟု- (All the villagers = ရွာသားများအားလုံး၊
monastery = ဘုန်းကြီးကျောင်း ၊ must = ----- ရမည် ၊ gather = စုဝေးသည်) (S + Aux + I.V + @)

j. သေခြင်းသည် အဆန်းမဟုတ်ပါဟု - (death = သေခြင်း ၊ odd = ထူးဆန်းသော) (S + (Be) + Adj) အခြင်း

3. အဆက်ကြိယာဝိသေသန (R. Adv) ဦးစီးသော အောက်ပါ အင်္ဂလိပ် နာမ်ဝါကျများကို မြန်မာဘာသာသို့ ပြန်ဆိုပါ။

a. <u>why</u> he died =

b. <u>where</u> the children saw a snake = (snake = မြွေ)

c. <u>when</u> The Buddha appeared in the world = (appear = ပေါ်ထွန်းလာသည် ၊ in the world = လောကမှာ)

d. <u>what tiine</u> the movie starts = (movie = ရုပ်ရှင် ၊ start = စတင်သည်)

e. <u>how slowly</u> our bus was moving = (slowly =နှေးကွေးစွာ၊ our bus =ကျွန်ုပ်တို့၏ကား၊ move =ရွေ့လျားသည်)

4. အဆက်ကြိယာဝိသေသန (R. Adv) ဦးစီးသော အောက်ပါ မြန်မာ နာမ်ဝါကျ (N.Cl) များကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုပါ။ ရေးရမည့်ဝါကျပုံစံကို ညာဖက်၌ ဖော်ပြထားသည်။

a. ကျွန်ုပ်တို့ <u>ဘာကြောင့်</u> ချမ်းသာကြွယ်ဝ မလာကြ <u>တာလဲဆိုတာ</u> -
(wealthy = ချမ်းသာကြွယ်ဝသော ။ become = --လာသည်) (S + LK.V + Adj) အခြင်း

b. ၎င်းသစ်ပင်များ ခုတ်လှဲခြင်းခံခဲ့ရ <u>သော နေရာ</u> = (cut down = ခုတ်လှဲသည်)
(S + T.V + O + parti) ၏ P.V ဝါကျ

c. ကြည်ညိုသူများ ဘုရားကို <u>ဘယ်တော့</u> သွားခဲ့ကြ<u>တယ်ဆိုတာ</u> = (devotees = ကြည်ညိုသူများ။
pagoda = ဘုရား) (S + I.V + @) အတိတ်

d. ရာသီဥတု <u>ဘယ်အချိန်မှာ</u> ဆိုးသွားခဲ့<u>တယ်ဆိုတာ</u> = (the weather = ရာသီဥတု၊ went bad =
ဆိုးသွားခဲ့သည်) (S + LK.V + Adj)

e. သူ <u>ဘယ်လောက် စိတ်ရှည်စွာဖြင့်</u> စောင့်ခဲ့<u>ရတယ်ဆိုတာ</u> = (patiently = စိတ်ရှည်စွာ၊
wait = စောင့်သည်) (S + I.V + @) အတိတ်

f. ယင်း မိန်းကလေးများ စာမေးပွဲကို <u>ဘယ်လို</u> အောင်ခဲ့ကြ<u>တယ်ဆိုတာ</u> - (passed= အောင်ခဲ့သည်၊

Scanned by CamScanner

examination = စာမေးပွဲ) (S + T.V + O)

5. အဆက် နာမဝိသေသန (R. Adj) ဦးစီးသော အောက်ပါ မြန်မာနာမ်ဝါကျ များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပါ။

a. ၎င်း မိန်းကလေး ဘယ်လောက် ရုပ်ဆိုးတယ်ဆိုတာ = (ugly = ရုပ်ဆိုးသော) (S + (Be) + Adj)

b. သင်ရဲ့ စာအုပ် ဘယ်လောက် စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ = (interesting = စိတ်ဝင်စားစရာကောင်းသော)
(S + (Be) + Adj)

c. ပျားရည် ဘယ်လောက်ချိုသောအရသာရှိတယ်ဆိုတာ = (taste = ———သောအရသာရှိသည် ၊ honey = ပျားရည်)
(S + LK.V + Adj)

d. ယင်း မိန်းမကြီး ကြည့်ရတာ ဘယ်လောက် ငယ်ပုံပေါ်တယ်ဆိုတာ = (young = ငယ်ရွယ်သော ၊
look = ကြည့်ရတာ-- ပုံရသည်) (S + LK.V + Adj)

e. ယင်း သတင်းက ကျွန်ုပ်တို့ကို ဘယ်လောက် ပူပန်စေတယ်ဆိုတာ = (news = သတင်း ၊ make = ———စေသည် ၊
worried = ပူပန်သော) (S + C.V + O + Adj)

6. အောက်ပါ အင်္ဂလိပ် wh- Noun Phrase များကို မြန်မာဘာသာပြန်ပါ။

a. how to keep yourself fit = (keep = ———-အောင်လုပ်သည်၊ fit = ကျန်းမာကြံ့ခိုင်သော)

b. where to relax at leisure = (relax =အပန်းဖြေသည်၊ at leisure = အေးအေးဆေးဆေး)

c. when to visit her apartment = (visit = အလည်သွားသည်၊ apartment = တိုက်ခန်း)

e. what to tell them = (tell = ပြောပြသည်၊ them = သူတို့ကို)

f. whom to meet at the airport = (meet = တွေ့ဆုံသည်၊ airport = လေဆိပ်)

g. which to buy from the market = (buy = ဝယ်သည်၊ market = ဈေး)

h. whether to abide the discipline or not = (abide = လိုက်နာသည်၊ discipline = စည်းကမ်း)

7. အောက်ပါ ဝါကျကြီးများထဲ၌ ပါလာသောနာမ်ဝါကျကို အောက်၌ မျဉ်းသားပြပါ။ ၎င်းနာမ်ဝါကျများ မည်သည့်တာဝန်ယူထားသည်ကိုလည်း ဖော်ထုတ်ပါ။

a. I do not understand what you have told to me. (မင်း ငါ့ကို ပြောထားသောအရာကို ငါနားမလည်ဘူး။)

b. I always sit on which you gave me. (မင်း ငါ့ကို ပေးခဲ့သော အရာအပေါ်မှာ ငါ အမြဲထိုင်သည်။)

c. Whoever loves me should love my mother. (ငါ့ကိုချစ်သောသူတိုင်း ငါ့အမေကိုချစ်သင့်သည်။)

d. That is against me is my enemy. (ငါကိုဆန့်ကျင်သူသည် ငါ့ရန်သူဖြစ်သည်။)

e. I also came from where they came from. (သူတို့လာခဲ့ကြသောနေရာမှ ငါလည်းလာခဲ့သည်။)

f. She cannot decide whether to follow him or to remain with her family. (သူ့နောက်လိုက်သွားရမည်လား၊ သို့မဟုတ် မိသားစုနှင့်အတူ နေရစ်ရမည်လားဆိုတာ သူမ မဆုံးဖြတ်နိုင်ခဲ့ပါ။)

8. မိမိကြိုက်ရာ နာမ်ဝါကျ ငါးခုကိုပြုလုပ်၍ ကြိုက်ရာ ပြင်ပဝါကျငါးခုထဲ၌ မိမိကြိုက်ရာ တာဝန်များပေးလျက် ထည့်သွင်းအသုံးပြုထားသော အင်္ဂလိပ်ဝါကျကြီး ငါးခုကိုပြုလုပ်ပြပါ။

9. အဆက်နာမ်စား (R.P) that နှင့် အခြင်းအရာပြ အဆက်နာမ်စား (F.P) that တို့ မည်သို့ကွာခြားချက်ရှိသနည်း ။

10. အဆက်ကြိယာဝိသေသန (R.Adv) များသည် သူတို့ဦးစီးသည့် နာမ်ဝါကျများထဲ၌ မည်သည့်တာဝန်ဖြင့် ပါဝင်ကြ ပါသနည်း။

11. နာမ်ဝါကျ (N.Cl) တစ်ခုကို ပြင်ပဝါကျထဲ၌ တာဝန်ဘယ်နှစ်မျိုးပေး၍ အများဆုံးအသုံးပြုနိုင်သနည်း။

12. နာမ်ဝါကျ (N.Cl) ထဲ၌ S , O စသော တာဝန်များကို မည်သူတို့က ယူကြပြီး၊ ပြင်ပဝါကျထဲ၌ S, O စသော တာဝန်များကို မည်သူတို့က ယူကြသနည်း ။

နာမ်ဝါကျအဆန်းပြီးပြီ။

Scanned by CamScanner

UNIT - 11

ADJECTIVE CLAUSE (နာမဝိသေသနဝါကျ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
11. 1	နာမဝိသေသနဝါကျ (Adjective Clause)	173
11. 2	ထိပ်စီး နာမ် (Antecedent) နှင့် R.P, F.P, R.Adv တို့အကြောင်း	174
11. 3	R.P, F.P, R.Adv တို့ကိုချန်လှပ်၍သုံးခြင်း	177
11. 4	နာမဝိသေသနဝါကျ အတွက် အချုပ်မှတ်ဖွယ်	178
11. 5	လက်တွေ့လေ့ကျင့်ခန်းများ	178

Scanned by CamScanner

11.1 ADJECTIVE CLAUSE - (Adj.Cl) = နာမဝိသေသန ဝါကျ

နာမဝိသေသနဝါကျ (Adj.CL) ဆိုသည်မှာ အခြား နာမ် (Noun) တစ်ခုကို အထူးပြုရန် နာမဝိသေသနအဖြစ် သုံးသော ဝါကျ ကိုခေါ်သည်။ဝါကျ တစ်ခုလုံးက Adj တာဝန်ယူထားခြင်းဖြစ်သည်။ နာမဝိသေသနဝါကျပြုလုပ်ရန်မှာ လွယ်ကူလှပါသည်။ ပြီးခဲ့သည့်အခန်းက နည်းများဖြင့် နာမ်ဝါကျ (N.CL) တစ်ခုလုပ်လိုက်ပါ။ ပြီးလျှင် ၎င်းနာမ်ဝါကျရှေ့၌ ကပ်၍ လုံးချင်းနာမ် (noun) တစ်ခုကို ထားလိုက်ပါ။ ထိုအခါ နာမ်ဝါကျသည် အလိုလို နာမဝိသေသနဝါကျ အမည်ရသွားပါသည်။ တာဝန်မှာလည်း နာမ်တာဝန်မှ နာမဝိသေသနတာဝန်သို့ အလိုလို ပြောင်းသွားသည်။ သူ့ရှေ့မှာချလိုက်သော နာမ် (N) ကို နောက်ကနေ၍ အထူးပြုတော့သည်။ နာမဝိသေသနဝါကျ အမည်ရသွားသော ၎င်းဝါကျသည် အထူးပြုသောပုဒ် (Modif ier) ဖြစ်လာပြီး၊ သူ့ရှေ့က နာမ်သည် အထူးပြုခံရသောပုဒ် (Modifyee) ဖြစ်လာသည်။ ၎င်းနာမ်ကို အချို့သဒ္ဒါကျမ်းများက (antecedent) ဟုလည်းကောင်း ၊ ထိပ်စီးနာမ် (head word) ဟုလည်းကောင်း ခေါ်သည်။

ရှေ့မှာထည့်လိုက်သော နာမ် (N) ကို တစ်ဖန် အခြားဝါကျထဲ၌ S , S.C , O , O.C , D.O , I.O , PP.h ထဲက N , များအဖြစ်ဖြင့် သုံးလိုက်ပြန်သောအခါ ၎င်းနာမဝိသေသနဝါကျ သည်လည်း အခြားဝါကျထဲ၌ သူ့ရှေ့က နာမ် သွားလေရာ နောက်ကလိုက်၍ အထူးပြုနေတော့သည်။ နာမဝိသေသနဝါကျကို အနက်ပေးသောအခါ Adj အနက်ဖြစ်စေရန် (---သော) ဟု ပေးပါ။ နာမ်ဝါကျမှာကဲ့သို့ (---သောသူ/---သောအရာ) အထိအနက်မပေးရ။

* နာမ်ဝါကျ = <u>who</u> lives in Mandalay = မန္တလေးမှာနေသောသူ

*

antecedent	Adj .CL
the man	*<u>who lives in Mandalay</u>*
လူတစ်ဦး	<u>မန္တလေးမှာနေသော</u>

(နာမ်တစ်ခု the man ကို နာမ်ဝါကျ၏ရှေ့ မှာချလိုက်သည်။)

(မန္တလေးမှာနေသော လူတစ်ဦး)

1. antecedent *the man* ကို အခြားဝါကျထဲ၌ S အဖြစ်သုံးခြင်း

အခြားဝါကျ = He is U Ba. = သူသည် ဦးဘ ဖြစ်သည်။ (S + (Be) + S.C)

အထက်ဝါကျမှ He နေရာမှာ the man ကိုအစားထိုးပါ။ the man သည် S ဖြစ်သွားမည်။ the man သည် S ဖြစ်သွားသောအခါ သူ့နောက်က Adj.CL သည်လည်း S ၏အဖွဲ့ဝင် ဖြစ်သွားပြီး S နောက်မှာ ကပ်နေပေမည်။

S	+	(Be)	+	S.C

The man *<u>who lives in Mandalay</u>* is U Ba.

လူကြီးသည် မန္တလေးမှာနေသော ဖြစ်သည် ဦးဘ (မန္တလေးမှာနေသော လူကြီးသည် ဦးဘဖြစ်သည်။)

2. antecedent ခြစ်သော *the man* ကို အခြားဝါကျထဲ၌ O အဖြစ်သုံးခြင်း

အခြားဝါကျ = I know him. = ကျွန်ုပ်သည် သူ့ကို သိသည်။ (S + T.V + O)

O တာဝန်သုံးမည်ဖြစ်၍ the man ကို O ဖြစ်သော him နေရာမှာအစားထိုးပါ။ Adj.Cl သည်လည်း O အဖွဲ့ဝင် အဖြစ်လိုက်နေမည်။

S	+	T.V	+	O

I know the man *<u>who lives in Mandalay.</u>*

ကျွန်ုပ် သိသည် လူကြီးကို မန္တလေးမှာနေသော (မန္တလေးမှာနေသော လူကြီးကို ကျွန်ုပ် သိသည်။)

3. antecedent ခြစ်သော *the man* ကို အခြားဝါကျထဲ၌ D.O အဖြစ်သုံးခြင်း

အခြားဝါကျ = He sent me U Ni. = သူသည် ဦးနီကို ကျွန်ုပ်ထံ လွှတ်ခဲ့သည်။ (S + D.V + I.O + D.O)

D.O တာဝန်သုံးမည်ဖြစ်၍ the man ကို D.O ဖြစ်သော U Ni နေရာ၌အစားထိုးပါ။ Adj.CL လည်း D.O အဖွဲ့ဝင်အဖြစ်လိုက်နေမည်။

Scanned by CamScanner

S	+	D.V	+	I.O	+	D.O

He sent me the man *who lives in Mandalay.*

သူသည် လွှတ်ခဲ့သည် ကျွန်ုပ်ထံ လူကြီးကို မန္တလေးမှာနေသော

(သူသည် မန္တလေးမှာနေသောလူကြီးကို ကျွန်ုပ်ထံ လွှတ်ခဲ့သည်။)

4. antecedent ဖြစ်သော *the man* ကို အခြားဝါကျထဲ၌ I.O အဖြစ်သုံးခြင်း

အခြားဝါကျ = He brought me to U Mya. (S + D.V + D.O + to + I.O)

သူသည် ကျွန်ုပ်ကို ဦးမြထံ ခေါ်လာခဲ့သည်။

I.O တာဝန်သုံးမည်ဖြစ်၍ the man ကို I.O ဖြစ်သော U Mya နေရာ၌အစားထိုးပါ။ Adj.CL လည်း I.O အဖွဲ့ဝင် အဖြစ်လိုက်နေမည်။

S	+	D.V	+	D.O	+	to	+	I.O

He brought me to the man *who lives in Mandalay.*

သူသည် ခေါ်လာခဲ့သည် ကျွန်ုပ်ကို ထံသို့ လူကြီး မန္တလေးမှာနေသော

(သူသည်ကျွန်ုပ်ကို မန္တလေးမှာနေသောလူကြီးထံသို့ ခေါ်လာခဲ့၏)

5. antecedent ဖြစ်သော *the man* ကို အခြားဝါကျထဲ၌ S.C အဖြစ်သုံးခြင်း

အခြားဝါကျ = He is a doctor. = သူသည် ဆရာဝန်တစ်ဦးဖြစ်သည်။

S.C တာဝန်သုံးမည်ဖြစ်၍ the man ကို S.C ဖြစ်သော a doctor နေရာ၌အစားထိုးပါ၊ Adj.CL လည်း S.C အဖွဲ့ဝင်အဖြစ်လိုက်နေမည်။

S	+	(Be)	+	S.C

He is the man *who lives in Mandalay.*

သူသည် ဖြစ်သည် လူကြီး မန္တလေးမှာနေသော- (သူသည် မန္တလေးမှာနေသော လူကြီးဖြစ်သည်။)

6. antecedent ဖြစ်သော *the man* ကို အခြားဝါကျထဲ၌ PP.h ထဲက N အဖြစ်သုံးခြင်း

အခြားဝါကျ = Ko Ko lives with U Ba.= ကိုကိုသည် ဦးဘနှင့်အတူနေသည်၊ (S + I.V + @)

PP.h ထဲက N တာဝန်သုံးမည်ဖြစ်၍ the man ကို PP.h ထဲက N, ဖြစ်သော U Ba နေရာ၌အစားထိုးပါ။

Adj.CL လည်း PP.h ထဲက N, ၏ အဖွဲ့ဝင်အဖြစ်လိုက်နေမည်။

S	+	I.V	+	PP.h

KoKo lives with the man *who lives in Mandalay.*

ကိုကိုသည် နေသည် နှင့်အတူ လူကြီး မန္တလေးမှာနေသော

(ကိုကိုသည် မန္တလေးမှာနေသော လူကြီးနှင့်အတူ နေသည်။)

ဤနည်းများအတိုင်း အခြားဝါကျများထဲ၌ ရှေ့က နာမ် (the man) က တာဝန်ပြောင်းသွားတိုင်း Adj.CL ဖြစ်သော (*who lives in Mandalay.*) လည်း ကပ်၍ လိုက်သွားပါစေ။

11.2 Antecedent (ထိပ်စီးနာမ်) နှင့် R.P , F.P , R.Adv တို့အကြောင်း

A. အထက်က နမူနာဖြစ်သော { the man *who lives in Mandalay* } ၌ နောက်က *who lives in Mandalay* ကို Adj .CL (နာမဝိသေသနဝါကျ) ဟုခေါ်ပြီး၊ ရှေ့က နာမ် the man ကို (antecedent) ဟုခေါ်သည်။

who lives in Mandalay Adj.CL ထဲ၌ S တာဝန်ယူနေသော R.P ဖြစ်သည့် who သည် သူ့ရှေ့က the man ၏ ကိုယ်စားလှယ် နာမ်စားဖြစ်၏။ Adj.CL နှင့် အခြားဝါကျ တို့ကို ဆက်သွယ်ပေး သူလည်းဖြစ် ၊ antecedent ၏ နာမ်စား လည်းဖြစ်သဖြင့် အဆက်နာမ်စား (Relative Pronoun) R. P ဟုခေါ်သည်။

B. ရှေ့က နာမ် (antecedent) အတွက် အထူးသီးခြားဖြစ်သော နာမ် (N) တစ်ခုကို ရှာမရလျှင်ဖြစ်စေ၊ မသုံးလိုလျှင် ဖြစ်စေ သာမန်အားဖြင့် သုံးသော antecedent များကို အသုံးပြုရသည်။ အောက်၌ ဆက်၍ ရှုပါ။

Scanned by CamScanner

1. R.P- what ဦးစီးသော နာမ်ဝါကျကို သူ. ရှေ. မှာ နာမ် (antecedent) တစ်ခုထားပြီး Adj.CL လုပ်လိုက်ပါက ၄င်း what ကို မသုံးရတော့ပါ။ သူ၏ကိုယ်စား အခြား R.P များကိုသုံးရတော့သည်။ ဆိုလို သည်မှာ what ဦးစီးလျက် နာမ်ဝါကျသာရှိနိုင်ပြီး Adj.CL မရှိနိုင်ဟူ၍ဖြစ်သည်။ ၎င်း R.P တို့၏ ရှေက နာမ် (antecedent) အတွက်လည်း အခြား နာမ်ကို မသုံးရ။ ပုံသေ သတ်မှတ်ထားပြီးသား ရှိပါသည်။

* what ၏ကိုယ်စား which ကို သုံးလျှင် antecedent အတွက် that သို. မဟုတ် the thing ကို သုံးရသည်။

* what ၏ကိုယ်စား that ကို သုံးလျှင် antecedent အတွက် the thing ကိုပဲ သုံးရ၏။ (အရာ) ဟုအနက်ပေးပါ။

ပုံစံ- နာမ်ဝါကျ = <u>what</u> you saw = သင် မြင်ခဲ့သောအရာ (၎င်းကို အောက်၌ Adj.CL လုပ်ပါမည်။)

(antecedent)	Adj.CL	
that	<u>which you saw</u>	(what အစား which ကိုပြောင်းသုံးသည်။)
တစ်နည်း- the thing	<u>which you saw</u>	(what အစား which ကိုပြောင်းသုံးသည်။)
တစ်နည်း- the thing	<u>that you saw</u>	(what အစား that ကိုပြောင်းသုံးသည်။)
အရာ	သင် မြင်ခဲ့သော	(သင်မြင်ခဲ့သောအရာ)

ဆက်လက်၍ အထက်ကပြခဲ့သည့်အတိုင်း အခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။

2. R.P- who , whom , whose + N ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော one နှင့် those တို့ကို သုံးရသည်။ one ကို (---သူ) those ကို (---သူများ) ဟု အနက်ပေးပါ။ R.P များကိုကား အစားထိုးစရာ မလိုပါ။

ပုံစံ- နာမ်ဝါကျများ--

<u>who</u> loves dog = ခွေးကို ချစ်သောသူ

<u>whom</u> she hates = သူမက မုန်းသောသူ

<u>whose son</u> is a monk = ၎င်း၏သား ဘုန်းကြီးတစ်ပါး ဖြစ်သောသူ

(antecedent)	(Adj.CL)	
one	<u>who</u> loves dog	
သူ	ခွေးကိုချစ်သော	(ခွေးကို ချစ်သောသူ)
those	<u>whom</u> she hates	
သူများ	သူမက မုန်းသော	(သူမ မုန်းသောသူများ)
one	<u>whose son</u> is a monk	
သူ	၎င်း၏သား ဘုန်းကြီးတစ်ပါး	(၎င်း၏သား ဘုန်းကြီးတစ်ပါးဖြစ်သောသူ)

ဆက်လက်၍ အထက်ကပြခဲ့သည့်အတိုင်း အခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။

3. F.P- that ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော the fact ကိုသုံးရသည်။ (အချက်/အခြင်းအရာ) ဟု အနက်ပေးပါ။ F.P-that ကို အစားထိုးစရာ မလိုပါ။ ပုံစံ- နာမ်ဝါကျ = <u>that</u> nature conditions beings

သဘာဝတရားက သတ္တဝါများကို ပြုပြင်တယ် ဆိုတာ

<u>(antecedent)</u>	<u>(Adj.CL)</u>
the fact	<u>that</u> nature conditions beings
အချက်	သဘာဝတရားက သတ္တဝါများကို ပြုပြင်တယ်ဆိုသော

(သဘာဝတရားက သတ္တဝါများကို ပြုပြင်တယ်ဆိုသော အချက်)

ဆက်လက်၍ အထက်ကပြခဲ့သည့်အတိုင်း အခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။

Scanned by CamScanner

4. R.Adv- how ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော the way ကိုသုံးရသည်။ (နည်းလမ်း) ဟု အနက်ပေးပါ။ R.Adv- how ကို အစားမထိုးပဲ သုံးနိုင်သည်။ in which နှင့် အစားထိုး၍လည်းရသည်။

ပုံစံ- နာမ်ဝါကျ = how he passed the exam

သူ စာမေးပွဲ အောင်ခဲ့ပုံ/အောင်ခဲ့နည်း

(antecedent)	(Adj.CL)
the way	how he passed the exam
the way	in which he passed the exam
နည်းလမ်း	သူ စာမေးပွဲအောင်ခဲ့သော

(သူ စာမေးပွဲ အောင်ခဲ့သောနည်းလမ်း)

ဆက်လက်၍ အထက်ကပြခဲ့သည့်အတိုင်း အခြားဝါကျထဲမှာ ထည့်သုံး နိုင်ပြီ။

5. R.Adv- why ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော the reason ကိုသုံးရသည်။ (အကြောင်းရင်း) ဟု အနက်ပေးပါ။ R.Adv - why ကို အစားမထိုးပဲ သုံးနိုင်သည်။ that နှင့် အစားထိုး၍လည်းရသည်။

ပုံစံ- နာမ်ဝါကျ = why she left school

သူမ ကျောင်းထွက်ခဲ့ရသောအကြောင်းရင်း

(antecedent)	(Adj.CL)
the reason	why she left school
the reason	that she left school
အကြောင်းရင်း	သူမ ကျောင်းထွက်ခဲ့ရသော

(ဆက်လက်၍ 11. 1 မှာပြခဲ့သည့်အတိုင်း the reason ကိုအခြားဝါကျထဲမှာ ထည့်သုံး နိုင်ပြီ။)

6. R.Adv- where ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော the place ကိုသုံးရသည်။ (နေရာ) ဟု အနက်ပေးပါ။ R.Adv where ကို အစားမထိုးပဲ သုံးနိုင်သည်။ ပုံစံ- နာမ်ဝါကျ = where they are = သူတို့ ရှိကြသောနေရာ

(antecedent)	(Adj.CL)
the place	where they are
နေရာ	သူတို့ ရှိကြသော

(သူတို့ရှိကြသောနေရာ)

(ဆက်လက်၍ 11. 1 မှာပြခဲ့သည့်အတိုင်း the place ကိုအခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။)

7. R.Adv- when ဦးစီးသော နာမ်ဝါကျကို Adj.Cl ပြုလုပ်သောအခါ antecedent အတွက် သီးခြားနာမ်တစ်ခုကို မသုံးလိုပါက သာမန် antecedent ဖြစ်သော the time ကိုသုံးရသည်။ (အချိန်) ဟု အနက်ပေးပါ။ R.Adv - when ကို အစားမထိုးပဲ သုံးနိုင်သည်။ ပုံစံ- နာမ်ဝါကျ = when the sun rises = နေထွက်သောအချိန်

(antecedent)	(Adj.CL)
the time	when the sun rises
အချိန်	နေထွက်သော (နေထွက်သောအချိန်)

(ဆက်လက်၍ 11. 1 မှာပြခဲ့သည့်အတိုင်း the time ကိုအခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။)

Scanned by CamScanner

11.3 R.P , F.P , R.Adv တို့ကိုချန်လှပ်ခြင်း

မှတ်ချက်။ ။ နာမ်ဝါကျသက်သက်အနေနှင့်သာ သုံးပါက မည်သည့် R.P, F.P, R.Adv, R.Adj ကိုမျှ ချန်လှပ်ပြီးသုံး၍ မရပါ။ ထည့်ကို ထည့်ရပါသည်။ ရှေ့မှာ antecedent တစ်ခုထားပြီး Adj.CL အဖြစ်သုံးမည်ဆိုလျှင်ကား အဂၤါရပ် ညီညွတ်လျှင် ၎င်းတို့ကိုစာရေးရာ၌ ချန်လိုကချန်လှပ်ထားနိုင်သည်။ ထည့်လိုကလည်း ထည့်နိုင်ပါသည်။ စကားပြောရာ၌ကား ချန်လှပ်ထားခြင်းသည် အကောင်းဆုံးဖြစ်၏။

A. 1. R.P များဖြစ်ကြသည့် who , whom , which , what , that တို့ဦးစီးသော နာမ်ဝါကျကို သူ.ရှေ့.မှာ antecedent တစ်ခုချ၍ Adj.CL အဖြစ်ပြောင်းလဲ သုံးစွဲခြင်း -

2. ၎င်း R.P များသည် သူတို့ဦးစီးသော နာမ်ဝါကျထဲ၌ O , D.O , I.O တာဝန် တစ်ခုခု ရှိနေခြင်း -
ဟူ၍ အဂၤါရပ် (2) ချက်ညီပါက၊ ၎င်း R.P များကို ချန်လိုကချန်လှပ်ထားနိုင်သည်။ ထည့်လိုကလည်း ထည့်နိုင်ပါသည်။ ပုံစံများကိုရှုပါ။ ခရေပွင့်ပြထားသောနေရာများသည် R.P များကိုချန်လှပ်ထားသော နေရာဖြစ်သည်။

(antecedent)	(Adj.CL)	
the man လူကြီး	* she hates သူမ မုန်းသော	---(နာမ်ဝါကျဖြစ်ခဲ့စဉ်က O တာဝန် who သို့မဟုတ် whom ကို ချန်ထားသည်)
the boy ကောင်လေး	* you showed your photos သင် သင့်ရဲ့ ဓာတ်ပုံတွေကို ပြခဲ့သော	---(နာမ်ဝါကျဖြစ်ခဲ့စဉ်က I.O တာဝန် who သို့မဟုတ် whom ကိုချန်ထားသည်)
the boy ကောင်လေး	* you sent (to) me သင် ကျွန်ုပ်ထံသို့ လွှတ်ခဲ့သော	---(နာမ်ဝါကျဖြစ်ခဲ့စဉ်က D.O တာဝန် who သို့မဟုတ် whom ကို ချန်ထားသည်)
the book စာအုပ်	* he bought သူ ဝယ်ခဲ့သော	---(နာမ်ဝါကျဖြစ်ခဲ့စဉ်က O တာဝန် which သို့မဟုတ် that ကို ချန်ထားသည်)
the matter အကြောင်းအရာ	* you told me သင် ကျွန်ုပ်ကို ပြောပြခဲ့သော	---(နာမ်ဝါကျဖြစ်ခဲ့စဉ်က D.O တာဝန် what သို့မဟုတ် that ကို ချန်ထားသည်)

(ဆက်၍ 11.1 မှာပြခဲ့သည့်အတိုင်း the man , the boy , the book , the matter ကိုအခြားဝါကျထဲမှာ ထည့်သုံးနိုင်ပြီ။)

B. 1. F.P- that ဦးစီးသော နာမ်ဝါကျဖြစ်ခြင်း -

2. ၎င်း နာမ်ဝါကျကို အခြားဝါကျထဲ၌ O သို့မဟုတ် D.O အဖြစ် အသုံးပြု ခြင်း -
ဟူ၍ အဂၤါရပ် (2) ချက် ညီညွတ်ပါက ထို F.P- that ကို ချန်လိုက ချန်လှပ်ထားနိုင်သည်။ ထည့်လိုက ထည့်နိုင်သည်။
ခရေ ပွင့်ပြထားသောနေရာသည် F.P-that ချန်လှပ်ထားသောနေရာဖြစ်သည်။

S + T.V + O		
I think * he lives in Mandalay.		(F.P-that ချန်လှပ်သည်။)
ငါ ထင်သည် သူသည် မန္တလေးမှာနေသည်ဟု		

S + D.V + LO + D.O			
He told me * they are Japnese.			(F.P-that ချန်လှပ်သည်။)
သူက	ပြောပြခဲ့သည်	ကျွန်ုပ်ကို	သူတို့ဂျပန်များ ဖြစ်ကြသည်ဟု

C. 1. R.Adv များဖြစ်ကြသည့် how , why , when တို့ ဦးစီးသော နာမ်ဝါကျဖြစ်ခြင်း-

2. သူ.ရှေ့.မှာ antecedent တစ်ခုချ၍ Adj.CL အဖြစ်ပြောင်းလဲ သုံးစွဲခြင်း -
ဟူ၍ အဂၤါ (2)ချက် ညီညွတ်ပါက ၎င်း R. Adv (3) ခုကို ချန်လိုကချန်လှပ်ထားနိုင်သည်။ ထည့်လိုကလည်း ထည့်နိုင်ပါသည်။ ပုံစံများကို ရှုပါ။
ခရေပွင့်ပြထားသောနေရာများသည် R. Adv များကိုချန်လှပ်ထားသောနေရာဖြစ်သည်။

Scanned by CamScanner

(antecedent)	(Adj.CL)	
the way နည်း	* you play tennis သင် တင်းနစ်ကစားသော	(how ကို ချန်လှပ် ထားသည်။)
the reason အကြောင်းရင်း	* she hates you သူမ သင့်ကိုမုန်းသော	(why ကို ချန်လှပ် ထားသည်။)
the time အချိန်	* they may arrive သူတို့ ရောက်နိုင်သော	(when ကို ချန်လှပ် ထားသည်။)

(11. 1 မှာပြခဲ့သည့်အတိုင်း the way , the reason , the time တို့ကိုအခြားဝါကျထဲ ထည့်သုံးနိုင်ပြီ။)

D. 1. နာမ်ဝါကျထဲ၌ PP.hထဲက N တာဝန် ယူကြသည့် which, whom, where တို့ဦးစီးသော နာမ်ဝါကျဖြစ်ခြင်း-

2. သူ့ရှေ့မှာ antecedent တစ်ခုချ၍ Adj.CL အဖြစ်ပြောင်းလဲ သုံးစွဲခြင်း -

ဟူ၍ အင်္ဂါ (2) ချက် ညီညွတ်ပါက ၎င်းတို့ကို ချန်လိုကချန်လှပ်ထားနိုင်သည် ၊ ထည့်လိုကလည်းထည့်နိုင်ပါသည်။ ပုံစံများကို ရှုပါ။ ခရေပွင့်ပြထားသောနေရာများသည် ၎င်းတို့ကိုချန်လှပ်ထားသောနေရာဖြစ်သည်။

(antecedent)	(Adj.CL)	
the chair ကုလားထိုင်	* you sat *on* သင် ထိုင်ခဲ့သော	(which ကို ချန်လှပ် ထားသည်။)
the boy ကောင်လေး	* you play tennis *with* ၎င်းနှင့်အတူ သင် တင်းနစ်ကစားသော	(whom ကို ချန်လှပ် ထားသည်။)
the village ရွာ	* they came *from* ၎င်း မှ သူတို့ လာခဲ့ကြသော	(where ကို ချန်လှပ် ထားသည်။)

(ဆက်လက်၍ 11. 1 မှာပြခဲ့သည့်အတိုင်း the chair , the boy , the village ကိုအခြားဝါကျထဲ ထည့်သုံးနိုင်ပြီ။)

11.4 နာမဝိသေသနဝါကျ အချုပ်မှတ်စွယ်

1. နာမဝိသေသနဝါကျ (Adj.Cl) တစ်ခုပြုလုပ်ရန်မှာ နာမ်ဝါကျ (N.Cl) တစ်ခုကိုပြုလုပ်၍ နာမ် (N) သို့မဟုတ် နာမ်စား (Pro) တစ်ခု၏ နောက်မှာ ချရေးလိုက်ရုံမျှသာဖြစ်သည်။

2. ထို နာမဝိသေသနဝါကျ (Adj.Cl) ၏တာဝန်မှာ ဝါကျအင်္ဂါ (10) မျိုးအနက် နာမဝိသေသန (Adj) တာဝန် ပင်ဖြစ်ပါသည်။

3. ၎င်း၏ရှေ့က နာမ် (N) သို့မဟုတ် နာမ်စား (Pro) သည် အခြားဝါကျတစ်ခုထဲ၌ S , S.C , O , O. C , D.O , I.O, P.Ph ထဲက N ဟူသောတာဝန်များကို ယူကြသောအခါ Adj.Cl ကလည်း သူတို့၏နောက်ကလိုက်၍ အဖွဲ့ဝင်အဖြစ်ဖြင့် ပါဝင်းကြမည်ဖြစ်သည်။

11.5 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ နာမ်ဝါကျ များ၏ရှေ့ (ဘယ်ဖက်) မှာ မိမိက ဆီလျော်မည်ဟုယူဆသော နာမ်တစ်ခုကို ထားပေးခြင်းဖြင့် နာမဝိသေသနဝါကျ များပြုလုပ်ပါ။ ဘာသာလည်းပြန်ပေးပါ။ (မျဉ်းသားထားသောမနရာသည် R.P , F. P , R.Adv , R. Adj များဖြစ်သည်။ နမူနာအဖြစ် (a.) ကိုရှုပါ။)

a. နာမ်ဝါကျ = who loves me = ကျွန်ုပ်ကို ချစ်သောသူ

နာမ/ဝိဝါကျ = *The spy* who loves me = ကျွန်ုပ်ကို ချစ်သောသူလျှို (*The spy* ကို ထည့်ပေးလိုက်သည်။)

b. whom you spoke to = သင် စကားပြောခဲ့သောသူ

c. from whom I borrowed a camera = ၎င်းထံမှ ကျွန်ုပ် ကင်မရာ ငှားခဲ့သောသူ

d. which grows on hills = တောင်ကုန်းများပေါ်မှာ ပေါက်သောအရာ

e. which the man sold to me = ၎င်းလူကြီးက ကျွန်ုပ်ကို ရောင်းခဲ့သောအရာ

f. on which you put the books = ၎င်းအပေါ်မှာ သင် စာအုပ်များကို ထားသောအရာ

Scanned by CamScanner

g. what is bondage = အနှောင်အဖွဲ့ဖြစ်သောအရာ
h. that flies = ပျံသောအရာ /သူ
i. that we found to survive = အသက်ရှင်ကျန်ရစ်တယ်ဆိုတာကို ကျွန်ုပ်တို့ တွေ့ခဲ့သောအရာ /သူ
j. whose house looks new = (၎င်း၏ အိမ် ကြည့်ရတာ အသစ်ဖြစ်ပုံရသောသူ)
k. whether he has a wife or not = သူ့မှာ မိန်းမ ရှိမျှား ရှိလေသလား၊ မရှိမျှား မရှိဘူးလား ဆိုတာ
l. if he went to Yangon = သူ ရန်ကုန်ကို သွားခဲ့သလား လို့ (ဆိုတာ)
m. that we are void of compassion = ငါတို့မှာ သနားကရုဏာကင်းမဲ့တယ် ဆိုတာ
n. why sea-level swells up = ပင်လယ်ရေမျက်နှာပြင် မြင့်တက်သောအကြောင်းရင်း

2. အောက်ပါ အင်္ဂလိပ်ဝါကျကြီးများ၌ ပါဝင်သော နာမဝိသေသနဝါကျ (Adj.Cl) တို့၏နေရာအောက်မှာ မျဉ်းသားပြပါ။ ၎င်း နာမဝိသေသနဝါကျအသီးသီးတို့သည် ဝါကျကြီးထဲ၌ မည်သည့်အဖွဲ့ဝင်များ ဖြစ်သွားကြသည်ကိုလည်းဖော်ပြပါ။

a. The man from whom you borrowed a book is U Mya.
b. I gave Maung Kyaw apples which were bought from the market.
c. I cannot love someone whom you love.
d. This is the woman whom he talked you about. (talked= ပြောဆိုခဲ့သည်။)
e. I disagree with the person who you associate with. (disgree =သဘောမတိုက်ဆိုင်။ associate =ပေါင်းသည်။)

3. အောက်ပါ အင်္ဂလိပ်ဝါကျကြီးများ၌ ပါဝင်သော နာမဝိသေသနဝါကျ (Adj.Cl) တို့၌ ချန်လှပ်ထားနိုင်သော R.P , F.P , R. Adv တို့၏ အောက်မှာ မျဉ်းသားပြပါ။

a. The table that I put my books on is expensive. (put= ထား၊သည် ၊ expensive = တန်ဖိုးကြီးသော)
b. The doctor who is an Australian is very good. (Australian = သြစတြေလျလူမျိုး)
c. What you have thought is not resonable. (thought = စဉ်းစား၊ထား ၊ reasonable = မျှတ လျော်ကန်သော)၊
d. Did you see the house which is on a hill ? (hill= တောင်ကုန်း)
e. Did you see the house which I saw on a hill?
f. I do not know the reason why she wept. (reason = အကြောင်းရင်း ၊ wept = ငိုကြွေးခဲ့သည်)
g. He proposed that our firm should be reformed. (proposed = အဆိုပြုခဲ့သည်၊ firm = အဖွဲ့အစည်း၊ reform =ပြန်လည်ပြုပြင်သည်။)
h. The fact that people favour boxing sport seems to be a question for him. (fact = အခြင်းအရာ၊ favour = လိုလားထောက်ခံသည်၊ boxing sport = လက်ဝှေ့ အားကစား၊ seems = ဟန်ရှိသည်၊ ထင်ရသည်၊ question = အမေးပြဿနာ)

4. နာမဝိသေသနဝါကျ ပါဝင်သော အောက်ပါ အင်္ဂလိပ်ဝါကျများ၌ ယခု အခန်း၌ ပြခဲ့သောသဒ္ဒါနည်းအရ မှားသော (သို့မဟုတ်) လိုနေသော နေရာအောက်မှာ မျဉ်းသားပြပါ။

a. The boy which is standing is U Ba's son.
(မတ်တတ်ရပ်နေသော ယောကျ်ားလေးသည် ဦးဘ၏သားဖြစ်သည်။)
b. I stayed at a hotel is owned by a fisherman.
(ကျွန်ုပ်သည် တံငါသည်တစ်ယောက်၏ ပိုင်ဆိုင်ခြင်းကိုခံရသော ဟိုတယ်တစ်ခုမှာ တည်းခိုခဲ့သည်။)
c. I pay no attention to the thing what they give importance on.
(ကျွန်ုပ်သည် သူတို့အလေးအနက် ထားသောကြသော အရာကို အာရုံမစိုက်ပါ။)

5. နာမဝိသေသနဝါကျ ဆိုသည်မှာ နာမ်ဝါကျ ထက်ပို၍ မည်သို့ထူးခြား ပြောင်းလဲသွားခြင်းမျှသာ ဖြစ်သနည်း။

6. နာမဝိသေသနဝါကျ တို့သည် အခြားပြင်ပ ဝါကျကြီးများထဲ၌ မည်သည့် ဝါကျအင်္ဂါများ၏ နောက်က ကပ်၍ လိုက်သော အဖွဲ့အစည်းဝင်များ အဖြစ်တာဝန်ယူကြသနည်း။

နာမဝိသေသနဝါကျအခန်းပြီးပြီ။

Scanned by CamScanner

UNIT - 12

PREPOSITIONS and PARTICLES

(ဝိဘတ်များ နှင့် နိပါတ်များ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
12. 1	ဝိဘတ်များ (Prepositions)	181
12. 2	လုံးချင်းဝိဘတ် (Single Preposition)	181
12. 3	ပုဒ်စုဝိဘတ် (Phrase Preposition)	181
12. 4	ဝိဘတ်ပုဒ်စု (Prepositional Phrase = P.Ph) အကြောင်း	183
12. 5	ဝိဘတ်နောက်မှာ တွဲရသော အရာ (7) မျိုး	183
12. 6	ဝိဘတ်ပုဒ်စုကို အသုံးချပုံ	184
12. 7	ပုံသေ ဝိဘတ်ပုဒ်စု (Fixed Prepositional Phrase = F.P.Ph) အကြောင်း	185
12. 8	နိပါတ်ပုဒ်များ (Particles)	190
12. 9	ဝိဘတ်ရော နိပါတ် နှစ်မျိုးလုံးမှာပါ ပါဝင်ကြသော စကားလုံးများ	192
12. 10	ဝိဘတ် နှင့် ဝိဘတ် ခွဲခြားနည်း	194
12. 11	ဝိဘတ်အတွက် မှတ်ဖွယ်အကျဉ်းချုပ်	194
12. 12	နိပါတ်အတွက် မှတ်ဖွယ်အကျဉ်းချုပ်	194
12. 13	လက်တွေ့လေ့ကျင့်ခန်းများ	195

Scanned by CamScanner

12.1 PREPOSITIONS = စီဘတ်များ

ဝိဘတ်များကို သူ့ချည်းသက်သက် S , S.C စသည့် (10) မျိုးသော တာဝန်များပေးပြီဝါကျတစ်ခုထဲ၌သုံး၍မရပါ။ ၄င်းတို့၏နောက်မှာ တစ်ခုခုကိုတွဲပြီးမှသာ ဝိဘတ်ပုဒ်စု (Prepositional Phrase - PP.h) အမည်ဖြင့်သုံးသည်။ သုံးရာမှာလည်း ယင်း PP.h ကို နာမ်နောက်မှာနေသောနာမဝိသေသန (Qualifier Adj) အနေနှင့်လည်းကောင်း၊ ကြိယာဝိသေသန (Adv) အနေဖြင့်လည်းကောင်း ဤတာဝန်နှစ်မျိုးဖြင့်သာ ဝါကျတစ်ခုထဲ၌သုံးနိုင်သည်။ ဝိဘတ်များကို---

1. **Single Preposition** = လုံးချင်းဝိဘတ် (တစ်လုံးတည်းနှင့် အနက်တစ်ခု ရသောဝိဘတ်)
2. **Phrase Preposition** = ပုဒ်စု ဝိဘတ် (ပုဒ် သုံးခု၊ လေးခု စုပေါင်းမှ အနက်တစ်ခု ရသောဝိဘတ်) ဟူ၍ (2) မျိုးရှိ၏။ တစ်ဖန် အထက်ပါ နံပါတ် (1) အမျိုးအစား လုံးချင်းဝိဘတ်မျိုးမှ အောက်ပါအတိုင်း (2) မျိုးကွဲပြားပြန်၏။
3. **Non- Fixed preposition** = ပုံသေတွဲမဟုတ်သောဝိဘတ်
4. **Fixed Preposition** = ပုံသေတွဲဝိဘတ် - ဟူ၍ (2) မျိုးရှိသည်။

12.2 Single Prepositions = လုံးချင်းဝိဘတ်များ

(စကားလုံး တစ်လုံးတည်းဖြင့် ဝိဘတ်တစ်ခု၏ အနက်ကိုဆောင်သဖြင့် လုံးချင်းဝိဘတ်ဟုခေါ်သည်။)

at = ၌ / မှာ / တွင်
to = သို့
in =အထဲမှာ
off = မှ အခြားဖက်သို့
for = အတွက်/ကြာအောင်
near = အနီးမှာ/အနီးသို့
atop = ၏ထိပ်ဖျားမှာ
outside = ၏အပြင်မှာ/သို့
during = အတောအတွင်းမှာ
until = မ--လျှင်မချင်း
beside = ၏ဘေးမှာ
into = အထဲသို့
up =အပေါ်မှာ /သို့
within = ၏အတွင်းမှာ
down = အောက်မှာ/သို့
without = မပါပဲ/မရှိပဲ
after = ပြီးနောက်
upon = အပေါ်
across = ကျော်ဖြတ်၍/ ၏အခြားဖက်မှာ
around = အနှံ. အပြား/တစ်ဝိုက်မှာ/ ရစ်ပတ်၍/ ဝန်းကျင်ခန့်
except / apart from / other than / but = မှတစ်ပါး/ မှလွဲ၍
opposite = ၏ မျက်နှာချင်းဆိုင်မှာ/ဆန့်ကျင်လျက်
according to = အရ/အတိုင်း/၏အလိုအားဖြင့်
along with = နှင့်တစ်ပါတည်း

over = ကိုကျော်လွှား၍/အပေါ်ဖက်မှာ/ လွှမ်းခြုံ၍
of = ၏/အနက်/နှင့်စပ်သော/က/ကို/ပါရှိသော/ဟူသော
as = အနေနှင့်/အဖြစ်ဖြင့်/ကဲ့သို့
among/amongst = အများကြားမှာ/ အနက်
round = လှည့်ပတ်၍/ ဝိုက်၍ /ရစ်၍
through = ထိုးဖောက်ဖြတ်သန်း၍/မှ တစ်ဆင့်/အားဖြင့်/ကြောင့်.
amid = အလယ်မှာ
since = ကတည်းက
towards = ဆီသို့
out of = ထဲမှ /ကြောင့်
besides = အပြင်
inside = အတွင်းမှာ/သို့
under = အောက်မှာ (လွတ်လျက်)
above = အထက်မှာ/သို့
behind = နောက်ကွယ်မှာ
before = မ---မှီ
like = ကဲ့သို့ /လို
together with =နှင့်အတူတကွ

on = ၏အပေါ်မှာ
with = နှင့်/ဖြင့်
from = မှ
upto = အထိ
till = အထိ /တိုင်အော်
via = through = မှတစ်ဆင့်
between = နှစ်ခု ကြားမှာ/သို့
beyond = ၏လွန်ရာမှာ/မမှီရာမှာ
below = အောက်ဖက်မှာ / နိမ့်နိမ့်
by = ဖြင့်/ဘေးနားကပ်၍
against = ဆန့်ကျင်လျက်/ပြိုင်လျက်
along = တစ်လျှောက်မှာ/တောက်လျှောက်
about = အကြောင်း/လောက်/ ခန့်
throughout = လုံးပေါက်/မနားတမ်း
onto = အပေါ်သို့
as to = as for = နှင့်ပတ်သက်၍
as of / as from = မှ စ၍
beneath / underneath = အောက်မှာ (ထိစပ်လျက်)

12.3 Phrase Preposition = ပုဒ်စု ဝိဘတ်များ

(၄င်း၌ပါဝင်သောစကားလုံး 3 လုံး သို့မဟုတ် 4 လုံး စလုံးပေါင်းစု၍ ဝိဘတ်တစ်ခု၏ အနက်ကို ဆောင်သဖြင့် ပုဒ်စုဝိဘတ်ဟုခေါ်သည်။ ဤကဲ့သို့သော ပုဒ်စုဝိဘတ်များ၌ပါဝင်သော ဝိဘတ်များ ၊ နာမ်များကိုအခြားစကားလုံးများနှင့်

Scanned by CamScanner

မှားသုံး၍မရပါ။ အနက်နှင့် တစ်ပါတည်းတွဲကျက်ထားပါ။)

in front of = ၏ရှေ့. မှာ
at the top of = ၏ထိပ်မှာ
in the middle of = ၏အလယ်မှာ
not because of = ကြောင့်မဟုတ်
but because of = ကြောင့်သာလျှင်
in correspondence with = နှင့် ညီညွတ်စွာ
on the falling of = (နေ့) ကျရောက်သောအခါ
with the exception of = ကိုခြွင်းချက်ထား၍
in harmony with = နှင့်သဟဇာတမျှ လျက်
in favour of = ကို လိုလားထောက်ခံသည့်အနေနှင့်
in connection with = နှင့်. ဆက်စပ်လျက်
in preference to = ထက် ပိုသဘောကျလျက်
by means of = ၏အကူအညီဖြင့်/ဖြင့်
in conformity with = နှင့်လိုက်လျောညီထွေစွာ
on account of = ကြောင့်
because of = 〃
owing to = 〃
due to = 〃
by virtue of = 〃
in the matter of = ၏အကြောင်းကိစ္စအနေနှင့်
with the intention of = ကိုရည်ရွယ်၍
with a view to = 〃
for the purpose of = 〃
with an eye to = 〃
in reply to = ကိုတုန့်ပြန်သောအားဖြင့်
in opposition to = နှင့်ဆန့်ကျင်လျက်
by way of = တဲ့အနေနှင့်
in terms of = 〃
for the sake of = အတွက်နှင့်/အတွက်ကြောင့်
as the first step towards = သို့ပဌမခြေလှမ်းအနေနှင့်
in comparison with = နှင့်နှိုင်းယှဉ်လျက်
in want of = ကို လိုအပ်လျက်
in devotion to = ကိုယုံကြည်စွဲမြဲလျက်
in pursuit of = မရမနေလိုက်လျက်
for fear of = ကို စိုးရိမ်၍
at the instigation of = ၏ စနက်ကြောင့်
for a distance of = ---အကွာအဝေးမှာ
in praise of = ကို ချီးကျူးလျက်
in the sense of = ဟူသောအဓိပ္ပါယ်ဖြင့်
in contrast with = နှင့်ခြားနားလျက်
in opposition to = ကို ဆန့်. ကျင်ဖီဆန်လျက်

at the back of = ၏နောက်မှာ
at the bottom of = ၏အောက်ခြေမှာ
away from = မှ ဝေးကွာလျက်
on the strength of = ကို အားကိုးအားထားပြု၍
by the turn of = (နှစ်/ရာစု) အပြောင်းအကူးမှာ
regarding (with) = နှင့်ပတ်သက်၍
as regards (with) = 〃
with regard to = 〃
with respect to = 〃
in respect of = 〃
concerning (with) = 〃
inspite of = သော်ငြားလည်း/ပေမဲ့လည်း
in stead of = ၏အစား
in view of = ပုံကိုထောက်တော့
relating to = နှင့်ဆက်နွယ်လျက်
with relation to = 〃
touching with = 〃
with reference to = ကိုရည်ညွှန်း၍
in the sight of = ၏ အယူအဆ/အမြင်အရ
by reason of = ဟူသောအကြောင်းကြောင့်
in the event of = လျှင်/ပါက /ခဲ့သော်
in case of = ခဲ့သည်ရှိသော်
as a result of = ၏ ရလာဒ်အနေနှင့်
in consequence of = 〃
in the interest of = ၏အရေးအတွက်
in addition to = အပြင်/သာမက
in course of = ------ဆဲဖြစ်လျက်
regardless of = ကိုထည့်သွင်းမစဉ်းစားပဲ
as a means of = ၏နည်းလမ်းအနေနှင့်
in combination with = နှင့်ယှဉ်တွဲပေါင်းစပ်၍
in the case of = ၏ကိစ္စမှာ/၏အရာမှာ
at the risk of = နှင့်ရင်း၍/အန္တရာယ်ရှိလျက်
in the likeness of = ၏အသွင်ဖြင့်
in the company of = ကိုအဖော်ပြု၍
in marriage to = နှင့်လက်ထပ်ထိမ်းမြားသောအားဖြင့်
in charge of = အတွက်တာဝန်ခံရလျက်
under the control of = ၏ထိန်းချုပ်မှု အောက်၌
at the point of = အခိုက်မှာ
contrary to = နှင့်ပြောင်းပြန်
as opposed to = ကို ဆန့်. ကျင်လျက်
in proportion to = နှင့်အချိုးညီလျက်

Scanned by CamScanner

out of proportion to = နှင့် အချိုးအစားမညီပဲ
in honour of = ကို လေးစားဂုဏ်ပြုလျက်
on the point of = ---လုဆဲဆဲဖြစ်လျက်
in retribution for = အတွက်ကြေရာ ကြေကြောင်းအနေနှင့်
at the price of = ဟူသောအဖိုးသားနားပေး၍
at the expense of = ကို ဆုံးရှုံးခံ၍
in ignorance of = ကို မသိစေပဲ/ မသိပဲ
with the request for = ကိုတောင်းဆိုလျက်
on top of = ရတဲ့ကြားထဲ/ သေးတဲ့အပြင်
in accordance with = အရ /၏အလိုအားဖြင့်
in advance of = ၏ရှေ့. ကပြေးလျက်/ရှေ့. ကစောလျက်
under the licence of = ၏ ခွင့်ပြုချက်ဖြင့်
under the banner of = ဟူသောဦးတည်ချက်ဖြင့်
under the order of = ၏ အမိန့်အာဏာဖြင့်
at the cost of = နှင့်ရင်း၍
by courtesy of = ၏ သက်ညှာမှု ဖြင့်
on the evidence of = ကိုထောက်ဆလျက်
after the fashion of = ကို အတုလိုက်၍
in the hope of = ဟူသောမျှော်လင့်ချက်ဖြင့်
in keeping with = နှင့်လိုက်လျောညီထွေရှိလျက်
by the look of = ၏ အပြင်ပန်းအမြင်အရ
in the manner of = ၏ ဟန်/စတိုင်အတိုင်း
at the mercy of = ၏ ပြု သမျှနုရသည့်အခြေအနေ၌
under an obligation to = အတွက်ဝတ္တရားရှိလျက်
in possession of = ကို လက်ဝယ်ပိုင်ဆိုင်လျက်
in sympathy with = ကို ကိုယ်ချင်းစာနာလျက်

on the subject of = ၏အကြောင်းအရာနှင့်စပ်လျဉ်း၍
in defiance of = ကို အာခံ လျက်
in expiation for = အတွက်ပေးဆပ်သောအားဖြင့်
at the urging of = ၏တိုက်တွန်းမှုဖြင့်
in return for = ဆုလာဘ်အနေနှင့်
in response to = ကိုတုန့်. ပြန်သည့်အနေနှင့်
in the respect of = ၏အရာဌာနမှာ
by resquest of = ၏တောင်းဆိုမှု ဖြင့်
at the resquest of =
in the act of = ကိုပြုလုပ်နေစဉ်မှာ
under the agesis of = ၏ ကမကထ ပြုမှု ဖြင့်
under the leadership of = ၏ဦးဆောင်မှုဖြင့်
under cover of = ၏အကာအကွယ်ဖြင့်
in communication with = နှင့်အဆက်အသွယ်ရှိလျက်
in the course of = ၏ ကာလအတွင်းမှာ
in the dark about = ကို လုံးဝ မသိရှိပဲ
in the eyes of = ၏ရှု ထောင့်ဖက်က
in the habbit of = ဟူသောအလေ့အထအားဖြင့်
in isolation from = မှတစ်သီးတစ်ခြားဖြစ်လျက်
in the light of = ကို ထောက်ရှု၍
in love with = နှင့်ချစ်ကြိုက်လျက်
in two minds about = အတွက်စိတ်နှစ်ခွဖြစ်လျက်
in the name of = ၏ အမည်ကိုခံယူလျက်
at peace with = နှင့်သင့်မြတ်ကြည်ဖြူလျက်
by the excuse of = ဟူသောဆင်ခြေဖြင့်

12.4 Prepositional Phrase - P.Ph = ဝိဘတ်ပုဒ်စု

ရှေ့ (ဘယ်ဖက်)မှာ ဝိဘတ်တစ်ခုကို ထားပြီး၊ နောက် (ညာဖက်) မှာအောက်ပါ စကား (7)မျိုးအနက် တစ်မျိုးမျိုးကို တွဲထားသည်ကို ဝိဘတ်ပုဒ်စု (Prepositional Phrase = P.Ph) ဟုခေါ်သည်။ မိမိကြိုက်နှစ်သက်ရာ ဝိဘတ်ကို မိမိနှစ်သက်ရာနာမ် ၊ ကံနာမ်စား စသည်တို့နှင့်တွဲ၍ သုံးနိုင်ပါက ထိုဝိဘတ်ကို ပုံသေမဟုတ်သော ဝိဘတ် (Non- Fixed preposition) ဟုခေါ်သည်။

12.5 ဝိဘတ် နောက်မှာ တွဲသုံးရသောစကား (7) မျိုး

1. နာမ် (Noun)
2. ကံ နာမ်စား (Accusative Pronoun) (၄င်းအမျိုးအစားကို နှာ 12 မှ ၎ယာ: 1 ၌ရှု ပါ။)
3. ပိုင်ဆိုင်မှုနာမ်စား (Possessive Pronoun) ----------॥----------
4. တုန့်.ပြန် ကံနာမ်စား (Reflexive Pronoun) ----------॥----------
5. Gerund (V.1 + ing)
6. အချို့.ကြိယာဝိသေသန (Adverb)မျာ:
7. နာမ်ဝါကျ (Noun Clause)

ယင်း (7) မျိုးတို့.ကို ဝိဘတ်၏နောက်မှာ တွဲသုံးသောအခိုက်မှာ (P.Ph ထဲက N) ဟု ဝေါဟာရတည်ထွင်၍ ခေါ်လိုက်သည်။

Scanned by CamScanner

1. **နာမ် (Noun) တွဲ၍လိုက်သော PP.h နမူနာများ**

a. *in* a room = အခန်းတစ်ခုထဲမှာ

b. *according to* the Buddha = ဗုဒ္ဓ၏အလိုအားဖြင့်

c. *in the eyes of* outsider = ပြင်ပ လူ၏ အမြင်ရှု ထောင့်ဖက်က

2. **ကံ နာမ်စား (Accu -pro) တွဲ၍လိုက်သော PP.h နမူနာများ**

a. *beside* me = ကျွန်ုပ်၏ ဘေးမှာ

b. *concerning with* you = သင်နှင့်ပတ်သက်၍

c. *by care of* her = သူမ၏ စောင့်ရှောက်မှု အောက်၌

3. **ပိုင်ဆိုင်မှုနာမ်စား (Pos-pro) တွဲ၍လိုက်သော PP.h နမူနာများ**

a. *among* us = ကျွန်ုပ်တို့.အထဲမှာ/ကြားမှာ

b. *as for* me = ကျွန်ုပ်အဖို. ရာမှာတော့

c. *in favour of* you = သင့်ကို ထောက်ခံလိုလားသောအားဖြင့်

4. **တုန်.ပြန်ကံနာမ်စား (Ref-pro) တွဲ၍လိုက်သော PP.h နမူနာများ**

a. *to* myself = ကျွန်ုပ်ကို ကျွန်ုပ်

b. *by* yourself = သင့် ဘာသာ သင် (မင်းဟာ မင်း)

5. **Gerund (V.1+ ing) တွဲ၍လိုက်သော PP.h နမူနာများ** (နှာ 219 မှ Gerund ဇယားနှင့် တိုက်ကြည့်ပါ။)

a. *before* having entered = ဝင်ရောက်ခဲ့ခြင်းမတိုင်မီ

b. *without* being supported = ထောက်ပံ့ ခံရ ခြင်းမရှိပဲ

c. *on top of* being poor = မွဲရသည့်ကြားထဲ

d. *in the habit of* whistling = လေချွန်ခြင်း ဟူသောအလေ့အထအားဖြင့်

6. **အချို့.ကြိယာဝိသေသန (Adv) တွဲ၍လိုက်သော PP.h နမူနာများ**

a. *from* here = ဒီနေရာမှ

b. *up to* upstairs = အပေါ်ထပ် အထိ

c. *since* then = အဲဒီအချိန် ကတည်းက

d. *till* now = ခုချိန်အထိ

7. **နာမ်ဝါကျ (N-Clause) တွဲ၍လိုက်သော PP.h နမူနာများ**

a. *from* whom you showed me = သင် ကျွန်ုပ်ကို ပြခဲ့သူထံမှ

b. *with referrence to* how the problem occured = ပြဿနာပေါ်လာခဲ့ပုံကို ရည်ညွှန်းလျက်

12.6 ဤ နည်း (7) မျိုးဖြင့်လုပ်၍ရလာသော ဝိဘတ်ပုဒ်စု (PP.h) ကို ဝါကျတစ်ခုထဲ၌ကြို/ဝိ (Adv) အနေနှင့် ဖြစ်စေ၊ နာမ်၏ နောက်၌နေသော နာမဝိသေသန (Qualifier Adj) အနေနှင့်ဖြစ်စေ သုံးနိုင်သည်။ Adv အဖြစ် နှာ 231-15. 6 ၌ရှု၊ Qualifier-Adj အဖြစ် နှာ 212 - L , M ၌ရှု ပါ။

A. **ကြို/ဝိ (Adv) အဓနှင့် သုံးပုံနမူနာများ**

a. I live *in* Mandalay. ကျွန်ုပ်သည် မန္တလေးမှာ နေသည်။ (နေရာပြ ကြို/ဝိ အဖြစ်)

b. *At* the entrance of the village, there stands an adorable pagoda. (နေရာပြ ကြို/ဝိ အဖြစ်)
ရွာ၏ အဝင်မှာတော့ ကြည်ညိုဖွယ်စေတီတစ်ဆူရှိသည်။

c. The Buddha was *at* one time residing *at* Pippli cave. (အချိန်ပြနှင့်နေရာပြကြို/ဝိများအဖြစ်)
မြတ်ဗုဒ္ဓသည် တစ်ချိန်မျာတော့ ပိပ္ပလိ လိုဏ်ဂူ၌ သီတင်းသုံးနေတော်မူခဲ့သည်။

Scanned by CamScanner

thirty square mile-wide	grove = သုံးဆယ် စတုရန်းမိုင်ကျယ်သော တောအုပ်
twenty meter-deep	well = မီတာနှစ်ဆယ်နက်သောရေတွင်း
one hundred foot-high	tower = ပေတစ်ရာမြင့်သော မျှော်စင်
two inch-thick	book = နှစ်လက်မထူသောစာအုပ်

2. Age = သက်တမ်းပြုပုဒ်

----- year-old = -----နှစ် သက်တမ်းရှိသော
----- month-old = -----လ သက်တမ်းရှိသော
----- day-old = -----ရက် သက်တမ်းရှိသော
----week-old = -----ပတ် သက်တမ်းရှိသော
-----century-old = ----ရာစု သက်တမ်းရှိသော

called
image
watch
popular

မှတ်ရန်။ ။ နာမ်၏ရှေ့နေနာမ/ဝိ (Attributive Adj) အနေနှင့်သုံးသောအခါ ကိန်းဂဏန်းသည် ဗဟုဝုစ်ကိန်း ဖြစ်သော်လည်း ၄င်း၏နောက်က year , month , day , week , century တို့ကို မည်သည့်အခါမျှ ဗဟုဝုစ်မသုံးရ။ နမူနာကိုရှုပါ။

fourty million- year-old	fossil = နှစ်သန်းလေးဆယ်သက်တမ်းရှိသောရုပ်ကြွင်း
three month-old	camp = သုံးလသက်တမ်းရှိသောစခန်း
ten day-old	baby = ဆယ်ရက်သားကလေးငယ်
two week-old	plants = နှစ်ပတ်သက်တမ်းရှိအပင်ငယ်များ
six century-old	temple = ခြောက်ရာစုသက်တမ်းရှိသော ဘုရားကျောင်း

3. Present Participle (V.4) (နာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

Present Participle (V.4) ဆိုသည်မှာ ပင်မကြိယာ (M.V) ၏ V.1 ၌ ing ပေါင်းထားခြင်းဖြစ်သည်။ ၄င်းကို Adj အဖြစ် (----သော) ဟူသောအနက်ဖြင့် နာမ် (N) တစ်ခု၏ရှေ့မှာ ထား၍သုံးရသည်။ V.4 နှင့် နာမ် (N) တို့ ကိုတိုက်ရိုက်တွဲရသည်။ ကြား၌ ဘာမျှမခြားစေရပါ။ ဤအမျိုးအစားသည် မူလအားဖြင့် Adj အစစ်မဟုတ်ပါ။ ကြိယာ (M.V) သာဖြစ်သည်။ နမူနာများကိုကြည့်ပါ။

driving	force = မောင်းနှင်သော အား (မောင်းနှင်အား)
flying	saucer = ပျံသန်းသော ပန်းကန်ပြား (ပန်းကန်ပြားပျံ)
increasing	conflicts = တိုးလာသော ပဋိပက္ခများ
dwindling	tigers = နည်းပါးလာသော ကျားများ

မှတ်ချက် (1)။ ။ ဤအမျိုးအစားမှာ မိမိဘာသာသင့်တော်ရာ V.1 ၌ ing ပေါင်း၍သုံးခြင်းဖြစ်ပါသည်။ သို့သော်

Scanned by CamScanner

နောက်က (N) သည် ရှေ့က V.4 ၏ ကတ္တား (S) တော့ဖြစ်နေရပါမည်။ ချိန်ကိုက်နည်းမှာ --

driving force ၌ မောင်းနှင်သူကတ္တားသည် ဘယ်သူလဲဟု စိစစ်ကြည့်ပါ။ force = အား သာဖြစ်ပါသည်။
flying saucer ၌ ပျံသန်းသူကတ္တားသည် ဘယ်သူလဲဟု စိစစ်ကြည့်ပါ။ saucer = ပန်းကန်ပြားသာ ဖြစ်ပါသည်။
increasing conflicts ၌ တိုးလာသူ ကတ္တားဘယ်သူလဲဟု စိစစ်ကြည့်ပါ။ conflicts = ပဋိပက္ခများ သာဖြစ်၏။
dwindling tigers ၌ နည်းပါးလာသူ ကတ္တားသည် ဘယ်သူလဲဟု စိစစ်ကြည့်ပါ။ tigers = ကျားများသာဖြစ်သည်။

ဤသို့ချိန်ကိုက်ကြည့်၍ နောက်က (N) သည် ရှေ့က V.4 ၏ ကတ္တား (S) ဖြစ်နေလျှင် အသုံးပြုပုံမှန်ပေပြီ။

မှတ်ချက် (2) ။ အင်္ဂလိပ်ဘာသာ၌ နဂိုကတည်းက (ing) ပါရှိသော Adj များ များစွာရှိပါသည်။၄င်းတို့သည်မူလကတည်းက Adj အစစ်များဖြစ်ကြပါသည်။ ယင်းတို့ကိုလည်း ယခုနည်းအတိုင်း နာမ်၏ရှေ့မှာသုံး၍ ချိန်ကိုက်ကြည့်နိုင်ပါသည်။ နမူနာ--

living	thing = အသက်ရှိသော အရာ (သက်ရှိ)
interesting	book = စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်
amusing	play = ရွှင်းမြူးဖွယ် ဇာတ်လမ်း
frightening	scene = ကြောက်လန့်ဖွယ် ဖြစ်ရပ်

4. Gerund (V.1+ ing) (နာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

Gerund မှာလည်း ပင်မကြိယာ (M.V) ၏ V.1၌ ing ပေါင်းထားခြင်းဖြစ်သဖြင့် Present Participle (V.4)နှင့် ရောတတ်၊ မှားတတ်ပါသည်။ ချိန်ကိုက်နည်းမှာ နောက်က (N) သည် ရှေ့က V.1 + ing ၏ ကတ္တား (S) ဖြစ်မနေစေရပါ။

walking	stick = လမ်းလျှောက်ခြင်း + ဒုတ် (တောင်ဝှေး)
frying	pan = ကြော်ခြင်း + ဒယ်အိုး (အကြော်ဒယ်အိုး)
sleeping	room = အိပ်ခြင်း + အခန်း (အိပ်ခန်း)
drinking	water = သောက်ခြင်း + ရေ (သောက်ရေ)

walking stick ၌ လမ်းလျှောက်သူ ကတ္တားဘယ်သူလဲဟု စိစစ်ကြည့်လျှင် stick = ဒုတ် မဟုတ်သည်ကိုတွေ့ရမည်။
frying pan ၌ ကြော်သူ ကတ္တားဘယ်သူလဲဟု စိစစ်ကြည့်လျှင် pan = ဒယ်အိုး မဟုတ်သည်ကိုတွေ့ရမည်။
sleeping room ၌ အိပ်သူ ကတ္တားဘယ်သူလဲဟု စိစစ်ကြည့်လျှင် room = အခန်း မဟုတ်သည်ကိုတွေ့ရမည်။
drinking water ၌ သောက်သူ ကတ္တားဘယ်သူလဲဟု စိစစ်ကြည့်လျှင် water = ရေ မဟုတ်သည်ကိုတွေ့ရမည်။
ဤအမျိုးအစားများလည်း မိမိဘာသာ သင့်တော်ရာ V.1 ၌ ing ပေါင်း၍သုံးခြင်းဖြစ်ပါသည်။ မူလကတည်းက Adj အစစ်များ မဟုတ်ကြပါ။

5. Past Participle (T.V.3) (နာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

Past Participle (T.V.3) ဆိုသည်မှာ ကံလိုပင်မကြိယာ (T.V) ၏ V.3 သာဖြစ်ပါသည်။ ၄င်းကို Adj အဖြစ် (----ထားသော) ဟူသောအနက်ဖြင့် နာမ် (N) တစ်ခု၏ရှေ့မှာထား၍သုံးရသည်။ ဤအမျိုးအစားသည် မူလအားဖြင့် Adj အစစ်မဟုတ်ပါ။ ပင်မကြိယာ (M.V) ၏ V.3 သာဖြစ်သည်။ နမူနာများကိုကြည့်ပါ။

buried	treasure = မြုပ်ထားသော ဥစ္စာရတနာ	(bury = မြေ မြုပ်သည်
trained	dogs = လေ့ကျင့်ထားသောခွေးများ	(train = လေ့ကျင့်သည်
painted	house = ဆေးသုတ်ထားဖသာ အိမ်	(paint = ဆေးသုတ်သည်
hidden	property = ဝှက်ထားသော ဥစ္စာဘဏ္ဍာ	(hide = ဖုံးဝှက်သည်

အသုံးပြုပုံမှန်မမှန် ချိန်ကိုက်နည်းမှာ နောက်က နာမ် (N) သည် ရှေ့က T.V.3 ၏ က် (O) ဖြစ်နေစေရမည်။
ဝှက်ထားခြင်းခံရသော က် ဘယ်သူလဲ၊ လေ့ကျင့်ထားခြင်းခံရသူ ဘယ်သူလဲ ၊ ဆေးသုတ်ထားခြင်းခံရသူ ဘယ်သူလဲ စသည်ဖြင့် စိစစ်ကြည့်ပါက နောက်က နာမ်များဖြစ်သော treasure , dogs , house စသည်တို့အဖြေပေါ်လာမည်။ဤသို့ကိုက်လျှင် မှန်ပြီဟုမှတ်ပါ။

6. Past Participle (I.V.3) (နာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

Past Participle (I.V.3) ဆိုသည်မှာ ကံမလိုပင်မကြိယာ (I.V) ၏ V.3 သာဖြစ်ပါသည်။ ၄င်းကို Adj အဖြစ်

Scanned by CamScanner

(---သွားသော/.----နေသော) ဟူသောအနက်ဖြင့် နာမ် (N) တစ်ခု၏ရှေ့မှာထား၍သုံးရသည်။ ဤအမျိုးအစားသည် မူလအားဖြင့် Adj အစစ်မဟုတ်ပါ။ ပင်မကြိယာ (M.V) ၏ V. 3 သာဖြစ်သည်။ နမူနာများကိုကြည့်ပါ။

escaped prisoner = ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသား (escape = တွက်ပြေးလွတ်မြောက်သည်

fallen trees = လဲကျသွားသော သစ်ပင်များ (fall = လဲကျသည်

faded love = လွင့်ပြယ်သွားသော အချစ် (fade = လွင့်ပြယ်သည်

swollen arm = ရောင်နေသော လက်မောင်း (swell = ဖောရောင်သည်

အသုံးပြုပုံမှန်မမှန် ချိန်ကိုက်နည်းမှာ နောက်က နာမ် (N) သည် ရှေ့က I.V.3 ၏ ကတ္တား (S) ဖြစ်နေစေရမည်။ လွတ်မြောက်သွားသူ ကတ္တား ဘယ်သူလဲ၊ လဲကျသွားသူ ကတ္တား ဘယ်သူလဲ ၊ လွင့်ပြယ်သွားသူ ကတ္တား ဘယ်သူလဲ စသည်ဖြင့် စိစစ်ကြည့်ပါက နောက်က နာမ်များဖြစ်သော prisoner , trees , love စသည်တို့ အဖြေပေါ်လာမည်။ ဤသို့ကိုက်လျှင်မှန်ပြီဟုမှတ်ပါ။

မှတ်ချက်။ ။ အင်္ဂလိပ်ဘာသာ၌ နဂိုကတည်းက (ed) ဖြင့်ဆုံးသော Adj များစွာရှိပါသည်။၄င်းတို့သည် မူလကတည်းက Adj အစစ်များဖြစ်ကြပါသည်။ သို့သော် ယင်းတို့ကို ယခုနည်းအတိုင်း နာမ်၏ရှေ့မှာ သုံး၍မရပါ၊ Attributive အဖြစ်သုံးလေ့မရှိသောကြောင့်ဖြစ်၏။ ၎င်းအမျိုးအစားမှာ---

interested = စိတ်ဝင်စားသော

worried = ပူပန်သော

liberated = လွတ်မြောက်သော

tired = ပင်ပန်းနွမ်းနယ်သော စသည်ဖြင့် အများအပြားရှိသည်။

7. Noun = နာမ် (အခြားသောနာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

နာမ် (N) တစ်ခုကို အခြားသော နာမ် (N) တစ်ခု၏ရှေ့မှာ Adj တစ်ခုအဖြစ်ထား၍ သုံးနိုင်ပါသည်။ ဤအမျိုးအစားသည်လည်း မူလအားဖြင့် Adj အစစ်မဟုတ်ပါ။ နာမ် (N) သာဖြစ်သည်။ နမူနာများကိုကြည့်ပါ။

tea-pot = လက်ဖက်ရည် အိုး

camera-man = ကင်မရာ လူ (ကင်မရာဆရာ/ဓာတ်ပုံဆရာ)

table-cloth = စားပွဲ အဝတ်စ (စားပွဲခင်း)

metropolitan-police = မြို့တော် ရဲတပ်ဖွဲ့

coast-guard = ကမ်းခြေစောင့်လုံခြုံရေး

8. Compound Adjective = ပေါင်းစပ် နာမ/ဝိ (နာမ်တစ်ခု၏ ရှေ့မှာ ထား၍သုံးရန်)

a. Noun + ed (နာမ်တစ်ခုကို ed ပေါင်း၍ Adj အတုပြုလုပ်၍သုံးခြင်းဖြစ်သည်။)

bearded man = မုတ်ဆိတ်ပါသော လူကြီး (beard = မုတ်ဆိတ်မွေး)

spotted ox = အစက်အပြောက်ပါသော နွားထီး (spot = အကွက် ၊ အစက်အပြောက်)

winged toy = အတောင်တပ်ထားသော ကစားစရာ (wing = တောင်ပံ)

turbaned old-man = ခေါင်းပေါင်းပါသော အဖိုးအို (turban = ခေါင်းပေါင်း)

b. ကိန်းဂဏန်း + Noun + ed

one armed man = လက်မောင်းတစ်ဖက်ပါသောလူ (လက်တစ်ဖက်ပြတ်)

one eyed child = မျက်လုံးတစ်ဖက်ပါသောကလေး (မျက်စေ့တစ်ဖက်ကန်း)

two headed snake = ခေါင်းနှစ်လုံးပါသော မြွေ

c. Adj + Noun + ed

open minded persons = ပွင့်လင်းသောစိတ်ရှိသော ပုဂ္ဂိုလ်များ

tender hearted woman = နူးညံ့သောနှစ်လုံးသားရှိသော မိန်းမကြီး

cold blooded kidnappers = သွေးအေးသော ပြန်ပေးသမားများ (သွေးအေးအေးနှင့်ရက်စက်--)

Scanned by CamScanner

d. **Adj + T.V.3**

ready	*made*	clothes =	အသင့်ချုပ်ထားသော အဝတ်အစား
remote	*controlled*	satellite=	အဝေးက ထိန်းချုပ်ထားသော ဂြိုဟ်တု
clean	*washed*	car =	သန့်ရှင်းအောင်ဆေးထားသော ကား

e. **Adj + V.4**

long	*lasting*	battery =	ကြာရှည်ခံသော ဘက်ထရီ (ဓာတ်ခဲ)
free	*standing*	nation =	လွတ်လပ်စွာရပ်တည်သော နိုင်ငံ
long	*suffering*	patient =	ကြာရှည်ခံစားရသော လူနာ

f. **Adj + Noun**

one	*way*	traffic =	တစ်လမ်းမောင်းဖြစ်သော ယာဉ်ကြော
first	*class*	ticket =	ပဌမတန်းဖြစ်သော လက်မှတ်
second	*hand*	car =	ဒုတိယလက်ဖြစ်သော ကား (တစ်လက်ပြောင်းသောကား /တစ်ပတ်ရစ်ကား)

g. **Noun + V.4**

man	*eating*	tribe =	လူသားစားသော လူမျိုးစု
record	*breaking*	flood =	စံချိန်ချိုးသော ရေ
labour	*saving*	system =	လုပ်အား သက်သာစေသော စံနစ်

h. **Noun + T.V.3**

air	*conditioned*	room =	လေကိုပြု ပြင်ထားသော အခန်း (လေအေးပေးထားသောအခန်း)
home	*made*	cake =	အိမ်လုပ်ဖြစ်သော မုန့်
sugar	*coated*	pill =	သကြားဖုံးထားသော ဆေးလုံး
hand	*rolled*	cigar =	လက် နှင့်လိပ်သော ဆေးလိပ်

i. **Noun + Adj**

duty	*free*	product =	အကောက်ခွန်လွတ်သော ကုန်ပစ္စည်း
brand	*new*	bicycle =	တဲဆိပ်အသစ်ဖြစ်သော စက်ဘီး (အသစ်ချပ်ချွတ်စက်ဘီး)
knee	*deep*	water =	ဒူးအထိနက်သော ရေ
sky	*blue*	dress =	ကောင်းကင်ပြာရောင်ဖြစ်သော အဝတ်အစား

j. **ကိန်းဂဏန်း + Noun**

two	*window*	car =	ပြူတင်းနှစ်ပေါက်ပါသော ကား
four	*wheel*	drive =	လေးဘီးလုံးယက်ရသော ဓမောင်းနှင်မှု
one	*table*	service =	တစ်ပွဲစာဖြစ်သော တည်ခင်းမှု

13.12 Position of Attributive Adjective= နာမ်ရှေ့နေနာမဝိသေသနတို့၏အဓိဘာဝ

နာမ်တစ်ခု၏ရှေ့ (ဘယ်ဖက်) ၌ ၄င်းနာမ်ကို အထူးပြုရန် ရှေ့နေနာမဝိသေသန တစ်ခုထက်မကပို၍သုံးရသောအခါ ၄င်းနာမ/ဝိများကို သတ်မှတ်ထားသော ရှေ့နောက်အစီအစဉ်အတိုင်းသာသုံးရသည်။ ၄င်းအစီအစဉ်ကို လက်ာဖြင့်ကျက်မှတ်ထားပါ။

1. အရွယ်ပမာဏ ၊ 2. တစ်ဝ သက်တမ်း ၊ 3. တစ်ခန်းပုံသဏ္ဌာန် ၊ 4. တစ်တန်ရုပ်သွင် ၊ 5. တစ်ခွင်စိတ်နေ ၊ 6. တစ်ထွေအရောင်သွေး ၊ 7. တစ်ရေးဖြစ်ရာ ၊ 8. တစ်ဖြာဝတ္ထု ၊ 9. တစ်ခုရည်ရွယ် ၊ ယင်းကိုးသွယ် ၊ ဓိဖွယ်ရှေ့နောက်အစဉ်အတိုင်းတည်း။

နာမ်ရှေ့နေနာမဝိသေသနကို ယင်းကဲ့သို့ (9) မျိုးခွဲနိုင်သည်။၄င်း (9) မျိုးစလုံး တစ်ပြိုင်တည်းမသုံးနိုင်ပါ။ အများဆုံး (3) မျိုးလောက်သာသုံး၍ရသည်။ ၄င်း (3) မျိုးကို အထက်ပါလက်ာမှ နံပါတ်စဉ်အတိုင်း ငယ်စဉ်ကြီးလိုက် ထားရပါသည်။

Scanned by CamScanner

အမျိုးအစားများ သည်နံပါတ်စဉ်အားဖြင့်ဆက်တိုက်လည်းဖြစ်နိုင်သည်။ ကွက်ကျော်လည်းဖြစ်နိုင်သည်။ သို့သော် နံပါတ်စဉ်မှာ အငယ်ပြီးမှ အကြီးဖြစ်ရပါမည်။ နမူနာများကိုရှုပါ။

a. *large* *old* building = ကြီးမားပြီး ဟောင်းသော အဆောက်အဦ
1. အရွယ် 2.သက်တမ်း (N)

b. *old* *square* building = ဟောင်းပြီး လေးထောင့်ရှိသော အဆောက်အဦ
2. သက်တမ်း 3. ပုံသဏ္ဌာန် (N)

c. *fat* *ugly* girl = ဝ ပြီး ရုပ်ဆိုးသော မိန်းကလေး
3. ပုံသဏ္ဌာန် 4. ရုပ်သွင် (N)

d. *ugly* *honest* woman = ရုပ်ဆိုးပြီး ရိုးသားသော အမျိုးသမီး
4.ရုပ်သွင် 5. စိတ်နေ (N)

e. *good-tempered* *black* doctor = စိတ်ရင်းကောင်းပြီး အသားမည်းသော ဆရာဝန်
5. စိတ်နေ 6. အရောင်အသွေး (N)

f. *white* *Japanese* car = ဖြူသော ဂျပန် ကား
6. အရောင်အသွေး 7. ဖြစ်ရာဌာန (N)

g. *Chinese* *plastic* toys = တရုတ် ပလတ်စတစ် ကစားစရာများ
7. ဖြစ်ရာဌာန 8.ဝတ္ထု (N)

h. *Ywar-lut* *smoking* pipe = ရွာလွတ် ဆေးလိပ်သောက် ဆေးတံ
7. ဖြစ်ရာဌာန 9. ရည်ရွယ်ချက် (N)

i. *red* *wooden* *walking* stick = အနီရောင်သစ်သားလမ်းလျှောက်တုတ်
6.အရောင်အသွေး 8.ဝတ္ထု 9.ရည်ရွယ်ချက် (N)

j. *old* *English* *leather* saddle = ဟောင်းသော အင်္ဂလိပ် သားရေ မြင်းကုန်းနှီး

13.13 အခြားမှတ်စရာလက်ကျန်များ

1. ဂဏန်းနှင့်အကြိမ် ၊ ယှဉ်တွဲချိန် ၊ အကြိမ်ရှေ့နေမြ ။
2. ပိုင်ဆိုင်ဝိသေ ၊ သုံးသောအခြေ ၊ ပယ်လေ အာတီကယ် (Article) ၊
3. ညွှန်ပြ , ခွဲဝေ ၊ သုံးသောအခြေ ၊ ပယ်လေ အာတီကယ် (Article) ၊
4. နာမ်/ဝိအများ၊ စီကာထားလည်း ၊ သုံးငြားတစ်သွယ် ၊ အာတီကယ် (Article) ၊ ရှေ့ဝယ်နေစမြ။
5. နောက်၌ရှိ နာမ် ၊ သရသံ စစ ၊ ဗျည်းစစ လည်း ၊ ရှေ့က နာမ်/ဝိ ၊ သရသံရှိ ၊ သုံးဘိ an ကို ပဲ။
6. နောက်၌ရှိ နာမ် ၊ သရသံ စစ ၊ ဗျည်းစစ လည်း ၊ ရှေ့က နာမ်/ဝိ ၊ ဗျည်းသံရှိ ၊ သုံးဘိ a ကို ပဲ။

1. ***ဂဏန်းနှင့်အကြိမ် ၊ ယှဉ်တွဲချိန် ၊ အကြိမ်ရှေ့နေမြ ။***

ဂဏန်း (Cardinal) နှင့် အကြိမ် (Ordinal) တစ်ပြိုင်တည်း နာမ်တစ်ခု၏ရှေ့မှာ သုံးရတော့မည်ဆိုပါက အကြိမ် (Ordinal) ကို ရှေ့မှာအမြဲထားရမည်ဟုဆိုလိုသည်။ ဥပမာ--

first three sons = ပဌမ သားသုံးယောက်
အကြိမ် ဂဏန်း (N)

2. ***ပိုင်ဆိုင်ဝိသေ ၊ သုံးသောအခြေ ၊ ပယ်လေ အာတီကယ်*** **(Article) ၊**

my , our စသည့် ပိုင်ဆိုင်မှု ပြ နာမဝိသေသန (Possessive Adj) တို့ကိုပါ သုံးသောအခါ Article များဖြစ်သော a , an , the တို့ကိုမသုံးရ။ ဥပမာ--

a my son = ကျွန်ုပ်၏သားတစ်ယောက် ၊ the his daughter = ယင်း သူ၏ သမီး -- ဟုမသုံးရ။

a , the တို့ကို မထည့်ပဲသုံးရ၏။

Scanned by CamScanner

3. **ညွှန်ပြ ခွဲဝေ ၊ သုံးသောအဋ္ဌ ၊ ဝယ်လေ အတီတယ်** (Article) ၊

ညွှန်ပြ နာမ/ဝိများဖြစ်ကြသော this , these , such , that , those တို့ကို ထည့်သုံးရာ၌လည်းကောင်း ၊ ခွဲဝေ နာမ/ဝိများ ဖြစ်သော each , every , either , neither တို့ကို ထည့်. သုံးရာ၌လည်းကောင်း a , an , the တို့ကိုထည့်မသုံးရ။ လွယ်ပြီ၊

4. **နာမ် ဝိ အများ၊ ဒီကထားလည်း ၊ သုံးကြားတစ်သွယ် ၊ အတီတယ်** (Article) ၊ **ရှေ့ဝယ်နေခဖြဲ။**

နာမ် တစ်ခု၏ရှေ့၌ နာမ/ဝိ နှစ်ခု ၊ သုံးခုစသည်ဖြင့်တန်းစီရှိနေသော်လည်း Article ဖြစ်သော a , an , the တို့ကို သုံးနိုင်၍ သုံးပါက ၎င်း နာမ/ဝိ များအားလုံး၏ရှေ့ဆုံးမှာသာထားရသည်။ နာမ်ရှေ့မှာကပ်မထားရပါ။ ဥပမာ---

a white Japnese car = ဂျပန် ကားအဖြူတစ်စီး ဟုသုံးပါ။ (white Japnese a car ဟု မသုံးရ ၊)

an English leather saddle = အင်္ဂလိပ် သားရေ မြင်းကုန်းတစ်ခု၊ (English leather a saddle ဟု မသုံးရ ၊)

5. **နောက်၌ရှိ နာမ် ၊ သရသံ ခခ ၊ ဗျည်းခခ လည်း ၊ ရှေ့က နာမ် ဝိ ၊ သရသံရှိ ၊ သုံးသိ** an **ကို ပဲ ။**

an English leather saddle = အင်္ဂလိပ် သားရေ မြင်းကုန်းတစ်ခု၊

နောက်ဆုံးက နာမ် ၏စာလုံးပေါင်းသည် သရနှင့် အစပြုသည်ဖြစ်စေ၊ ဗျည်းနှင့် အစပြုသည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ရှေ့ဆုံးက နာမ/ဝိ ကသာ အဓိကကျပါသည်။ ရှေ့ဆုံးက နာမ/ဝိသည် သရသံဖြင့် အစပြုပါက an ကိုသုံးရသည်။ ယခုနမူနာ၌ နောက်ဆုံးကနာမ် saddle သည်ဗျည်းသံ ဖြင့်အစပြုထား၏။ ထိုအချက်ကိုထောက်၍ a ကိုသုံးရန်ရှိသော်လည်းရှေ့နေနာမ/ဝိ များပါရှိနေကြရာ၊ ရှေ့ဆုံးက နာမ/ဝိဖြစ်သော English သည် သရသံဖြင့် အစပြုထားသောကြောင့် ယင်းကိုထောက်၍ an ကိုသာသုံးရပါသည်။

6. **နောက်၌ရှိ နာမ် ၊ သရသံ ခခ ၊ ဗျည်းခခ လည်း ၊ ရှေ့က နာမ် ဝိ ၊ ဗျည်းသံရှိ ၊ သုံးသိ** a **ကို ပဲ ။**

a big umbrella = ထီးကြီးတစ်လက်

ယခုနမူနာ၌ နောက်ဆုံးကနာမ် umbrella သည် သရသံဖြင့် အစပြုထား၏။ ထိုအချက်ကိုထောက်၍ an ကိုသုံးရန် ရှိသော်လည်း ရှေ့ဆုံးက နာမ/ဝိဖြစ်သော big သည် ဗျည်းသံဖြင့်အစပြုထားသောကြောင့် ယင်းကိုထောက်၍ a ကိုသာ သုံးရပါသည်။

13.14 Sub-modifier = တစ်ဆင့်ခံအထူးပြုပုဒ်

မှတ်ချက်။ ။နာမ်ရှေ့နေနာမဝိသေသန၏ ရှေ့ (ဘယ်ဖက်) မှာသာထား၍သုံးရသည်။ ၎င်းတို့သည် နာမ/ဝိ (Adj) များမဟုတ်ကြပဲ ကြိ/ဝိ (Adv) များသာဖြစ်ကြသည်။ နာမ်၏ရှေ့မှာတိုက်ရိုက် တွဲ၍မရပေ ။ ၎င်းတို့မှာ---

fairly = အတော်အသင့်
mildly = ၊
moderately = ၊
somewhat = ၊
pretty = အတော်အတန်
quite = တော်တော့ကို
raher = တော်တော် (အဆိုးဖက်၌အသုံးများ၏)
slightly = အနည်းအကျဉ်းလောက်
partly = တစ်စိတ်တစ်ဒေသအားဖြင့်
roughly = ကြမ်းဖျင်းအားဖြင့်
absolutely = လုံးဝ
completely = ၊
entirely = ၊
totally = ၊
utterly = ၊
really = အမှန်တကယ်

amazingly = အံ့သြရလောက်အောင်/အရမ်း
awfully = အရမ်း (အကောင်းဖက်၌သုံး)
horribly = ၊ (အဆိုးဖက်၌သုံး)
terribly = ၊ (။)
dreadfully = ကြောက်ခမန်းလိလိ/ဆိုးဆိုးရွားရွား
especially = အထူးအားဖြင့်
particularly = ၊
notably = ၊
exceedingly = လွန်စွာမှ
extremely = အတိုင်းထက်အလွန်
too = -----လွန်း
greatly = လွန်စွာ
highly = ၊
very = အလွန်
simply = ရုံ/မျှ/ကလေး
just = -----၊-------

Scanned by CamScanner

Sub-modifier	**+ Attributive Adj**	**Noun**	
very	good	dinner =	အလွန် ကောင်းသော ညစာ
pretty	sweet	tea =	အတော်အတန် ချိုသော လက်ဖက်ရည်
totally	wrong	thought =	လုံးဝ မှားယွင်းသော အတွေးအခေါ်
fairly	strong	wind =	အတော်အသင့်ပြင်းသော လေ
awfully	nice	party =	အရမ်းကောင်းသောပါတီပွဲ
particularly	respectable	leader =	လွန်စွာ လေးစားဖွယ်ကောင်းသော ခေါင်းဆောင်

ယခုပြခဲ့သော Adj (12) မျိုးမှာ နာမ်တစ်ခု၏ရှေ့မှာ တွဲသုံးရသော နမ်ရှေ့ နေနာမဝိသေသန (Attributive Adj) အမျိုးအစားများဖြစ်ကြသည်။ ၄င်းတို့၏ နောက်ဆုံးက နာမ် (N) ကို ဝါကျတစ်ခုထဲ၌ S , S.C , O , O.C , D.O , I.O , P.Ph ထဲက N တာဝန်များဖြင့်သုံးလိုက်သောအခါ ယင်း Attributive Adj တို့သည်လည်း ၄င်းတို့၏အဖွဲ့ဝင်အဖြစ် ၄င်းတို့သွားရာ လိုက်ပါ ကြသည်ကို သတိပြုပါ။

13.15 Qualifier Adjective = နာမ်၏ နောက်နေ နာမဝိသေသန

နာမ် (Noun) တစ်ခု၏ နောက် (ညာဖက်) မှာထား၍သုံးရသော နာမဝိသေသနမျိုးကို နာမ်နောက်နေနာမဝိသေသန ဟုခေါ်သည်။ ၄င်းအမျိုးအစား၌ မူလကတည်းက နာမ/ဝိ မဟုတ်ခဲ့ပဲ ဖန်တီး၍သုံးရ သော နာမ/ဝိများကပို၍များ၏။

1. ရိုးရိုးနောက်နေ နာမဝိသေသန
2. **Present Participle** (V.4)
3. **Past Participle** (V. 3)
4. **Full Infinitive** (to V.1) (ကတ္တားနှင့်ယှဉ်၏)
5. **Full Infinitive** (to be V.3) (ကံနှင့်ယှဉ်၏)
6. **Full Infinitive** (to V.1) (ကံနှင့်ယှဉ်၏)
7. **Full Infinitive** (to V.1 + ဝိဘတ်)
8. **Full Infinitive** (to V.1) + PP.h / Adv/ particle)
9. **Comparative Adjective** (Adj.2) + than—
10. **Superlative Adjective** (Adj.3) + PP.h
11. **Adj + FPP.h**
12. **Prepositional Phrase** (ဝိဘတ်ပုဒ်စု = PP.h)
13. **of** ဦးစီးသော PP.h
14. **Noun in Apposition** (အဖွင့် နာမ/ဝိ)
15. ကိန်းဂဏန်း + Noun + Adj
16. ကိန်းဂဏန်း + Noun + PP.h
17. **Adjective Clause** (နာမ/ဝိ ဝါကျ)

A. ရိုးရိုးနောက်နေ နာမဝိသေသန (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

(ဤအမျိုးအစားသည် နာမ်၏ရှေ့နေ နာမ/ဝိ အဖြစ်မသုံးရ ။ သုံးလျှင်အနက်ပြောင်းသွားသည်။) ဥပမာ--

concerned = သက်ဆိုင်သော/တာဝန်ရှိသော
responsible = တာဝန်ရှိသော
available = ရနိုင်သော / ဖြစ်နိုင်သော
suggested = အကြံပြုထားသော စသည်----
present = တက်ရောက်သော/ရောက်ရှိသော
affected = ဟန်ဆောင် /တုပထားသော
required = လိုအပ်သော

(N)	*Qualifier Adj*		
officials	*concerned*	=	သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ
reason	*responsible*	=	တာဝန်ရှိသော ပုဂ္ဂိုလ်
commodity	*available*	=	ရနိုင်သော အသုံးအဆောင်ပစ္စည်း
people	*present*	=	ရောက်ရှိကြသော လူများ

B. Present Participle (V.4) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

(V.4) သည် I.V 4 , T.V 4 , LK.V 4 , D.V 4 , TK.V 4 စသည်ဖြင့် ပင်မကြိယာ (M.V) အမျိုးမျိုးဖြင့်ရှိနိုင်ပေရာ ၄င်း V. 4 များ၏နောက်၌ နောက်လိုက်အခြံအရံအနေနှင့် (PP.h , Adv , Parti , O , to V.1) စသည်တို့ တွဲသုံးရသည်။ အခြံအရံ မပါပဲ V.4 ချည်းသက်သက်ကို မသုံးရပါ။ (V.4) ကို (-----နေသော) ဟုဘာသာပြန်ပါ။ နမူနာများကိုရှုပါ။

Scanned by CamScanner

a. boats *sailing* up the river = မြစ်ကိုဆန်၍ ရွက်လွှင့်နေသော လှေများ (sailing သည် I.V4)
(N) Qualifier PP.h

b. cow *eating* grass = မြက်ကို စားနေသော နွားမ (eating သည် T.V 4)
(N) Qualifier O

c. food *tasting* sour = ချဉ်သော အရသာရှိသော အစားအစာ (tasting သည် LK.V 4)
(N) Qualifier Adj

d. baby *sleeping* soundly = နှစ်ခြိုက်စွာ အိပ်နေသော ကလေးငယ် (sleeping သည် I.V 4)
(N) Qualifier Adv

e. woman *coming* to buy vegetable = ဟင်းသီးဟင်းရွက်ဝယ်ရန် လာနေသော မိန်းမကြီး (coming သည် I.V 4)
(N) Qualifier to V.1 O

f. birds *flying* round = လှည့်ပတ်၍ ပျံသန်းနေသော ငှက်များ (flying သည် I.V 4)
(N) Qualifier parti

မှတ်ချက် ။ ။ မှန်မမှန်ချိန်ကိုက်နည်းမှာ ရှေ့က (N) သည် V.4 ကြိယာ၏ပြုလုပ်သူကတ္တား (S) ဖြစ်နေရမည်။

C. Past Participle (V. 3) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

V. 3 မှာလည်း T.V. 3/ D.V. 3 / DE.V. 3 / TK.V3 / C.V3 စသည်ဖြင့် ပင်မကြိယာ (M.V) အမျိုးမျိုးဖြင့်ရှိနိုင်သည်။ ၄င်း V.3 ၏နောက်မှာလည်း နောက်လိုက်အခြံအရံအနေနှင့် (PP.h , Adv , Parti , to V.1) စသည်တို့ တွဲလိုက်တွဲသုံးနိုင်သည်။ V.3 ချည်းသက်သက်ကိုလည်း သုံးနိုင်ပါသည်။ (V.3) ကို (----ထားသော/----အပ်သော/----ခြင်းခံရသော) ဟုဘာသာပြန်ပါ။ နမူနာများကိုရှု ပါ။

a. money *kept* in the drawer = အံဆွဲထဲမှာ သိမ်းထားသော ပိုက်ဆံ (kept သည် T.V 3)
(N) Qualifier PP.h

b. map *drawn* to use = အသုံးပြုရန် ရေးဆွဲထားသော မြေပုံ (drawn သည် T.V3)
(N) Qualifier to V.1

c. child *abandoned* cruelly = ရက်စက်စွာ စွန့်ပစ်ခြင်းခံရသော ကလေး (abandoned သည် T.V 3)
(N) Qualifier Adv

d. umbrella *left* outside = အပြင်မှာ ကျန်ထားခဲ့သော ထီး (left သည် T.V. 3)
(N) Qualifier parti

e. duty *given* to me = ကျွန်ုပ်ကို ပေးထားသော တာဝန် (given သည် D.V 3)
(N) Qualifier I.O

f. park *made* enjoyable = နှစ်သက်ကြည်နူးဖွယ် လုပ်ထားသော ပန်းခြံ (made သည် C.V 3)
(N) Qualifier Adj

မှတ်ချက် ။ ။ မှန်မမှန်ချိန်ကိုက်နည်းမှာ ရှေ့က (N) သည် V.3 ကြိယာ၏ အပြုခံရသူ ကံ (O) ဖြစ်နေရမည်။

D. Full Infinitive (to V.1) (ဗဟူး နှုတ်ဖျဉ်း) (နာမ် တစ်ခု၏နောက်မှာထား၍သုံး။)

ယခု to V.1 ကို နာမ်နောက်နေ နာမ/ဝိ အဖြစ်သုံးသောအခါ ကန့်သတ်ချက်တစ်ခုရှိသည်။ ၄င်းမှာ သူရှေ့က သူ၏အထူးပြုခြင်းကို ခံရမည့်နာမ် (N) နေရာ၌ (the first (person) = ပထမဆုံးသောပုဂ္ဂိုလ် ၊ the second (person) = ဒုတိယပုဂ္ဂိုလ် ၊ the third (person) = တတိယပုဂ္ဂိုလ် ---စသည် ၊ the last (person) = နောက်ဆုံးပုဂ္ဂိုလ် ၊ the only (person) = တစ်ဦးတည်းသောပုဂ္ဂိုလ်) တို့ကိုသာသုံးရမည်။ to V.1 နေရာကို (----သော) ဟုဘာသာပြန်ရ၏။

	(N)	*Qualifier Adj*
a.	the first man	*to get* such a reward = ဒီလိုဆုမျိုးကို ရရှိသော ပဌမဆုံးလူ
b.	the only person	*to become* a doctor = ဆရာဝန် ဖြစ်သွားသော တစ်ဦးတည်းသော ပုဂ္ဂိုလ်

မှတ်ချက်။ ။ ရှေ့ကနာမ် (N) သည် Qualifier ဖြစ်သော to V.1 ကြိယာ၏ ကတ္တား (S) ဖြစ်နေမှအမှန်ဖြစ်သည်။

E. Full Infinitive (to beV.3) (ဗ နှုတ်ဖျဉ်း) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

၄င်းမှာလည်း သူရှေက သူ၏အထူးပြုခြင်းကိုခံရမည့် နာမ် (N) နေရာ၌ (the first (person) = ပထမဆုံးသောပုဂ္ဂိုလ်၊ the second (person) = ဒုတိယပုဂ္ဂိုလ် ၊ the third (person) = တတိယပုဂ္ဂိုလ် ---စသည် ၊ the last (person) =

Scanned by CamScanner

နောက်ဆုံးပုဂ္ဂိုလ် ၊ the only person = တစ်ဦးတည်းသောပုဂ္ဂိုလ်) တို့.ကိုသာသုံးရမည်။ (to be V.3) နေရာကို (----ခံရ သော) ဟု ဘာသာပြန်ရသည်။

	(N)	***Qualifier Adj***
	the second ***person***	***to be chosen*** to go abroad = နိုင်ငံခြားသွားဖို့. ရွေးချယ်ခံရသော ဒုတိယပုဂ္ဂိုလ်

မှတ်ချက်။ ။ ရှေ့.ကနာမ် (N) သည် Qualifier ဖြစ်သော to be V.3 ကြိယာ၏ က် (O) ဖြစ်နေမှအမှန်ဖြစ်သည်။

F. Full Infinitive (to V.1) (ဏ် နှင့်ဖွဲ့စဉ်) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

ငှင်းအတွက်စည်းကမ်းကန့်သတ်ချက်မရှိပါ။ to V.1 နေရာကို (-----ရ မည့် /----ဖို့.) ဟုဘာသာပြန်ရ၏။

	(N)	***Qualifier***
a.	letters	*to reply.* = ပြန်ကြားရမည့် စာ များ
b.	bicycles	*to sell* = ရောင်းဖို့ စက်ဘီးများ

မှတ်ချက်။ ။ ရှေ့.ကနာမ် (N) သည် Qualifier ဖြစ်သော to V. 1 ကြိယာ၏ က် (O) ဖြစ်နေမှအမှန်ဖြစ်သည်

G. Full Infinitive (to V.1 + စကဏ်) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

ငှင်း၏ထူးခြားချက်မှာ အဆုံး၌ဝိဘတ် (Preposition) နှင့်ဆုံးနေခြင်းဖြစ်သည်။ to V.1 နေရာကို (----ရမည့်/----ဖို့. ဟု ဘာသာပြန်ရ၏။

	(N)	***Qualifier Adj***
a.	table	*to write on* = ငှင်းအပေါ်မှာ ရေးရမည့် စားပွဲ (တင် ရေးဖို့. စားပွဲ)
b.	hoe	*to dig with* = ငှင်းဖြင့် တူးဖို့. ပေါက်ပြား
c.	apartment	*to live in* = ငှင်းအထဲမှာ နေထိုင်ဖို့. တိုက်ခန်း

မှတ်ချက်။ ။ ရှေ့.ကနာမ် (N) သည် Qualifier ဖြစ်သော to V. 1 ကြိယာ၏ (PP.h ထဲက N) ဖြစ်နေမှအမှန်ဖြစ်ငှ

H. Full Infinitive (to V.1) + (PP.h / Adv / particle စသည်--) (နာမ် ၏နောက်မှာသုံးရ

to V.1 နေရာကို (-----ရ မည့် /----ဖို့.) ဟု ဘာသာပြန်ရ၏။

	(N)	***Qualifier Adj + PP.h***	
a.	food	*to eat*	in the bus = ဘတ်စ်ကားပေါ်မှာ စားဖို့. အစားအစာ
	(N)	***Qualifier Adj + Adv***	
b.	works	*to do*	immediately = ချက်ချင်း လုပ်ရမည့် အလုပ်များ

မှတ်ချက် ။ ။ ရှေ့.ကနာမ် (N) သည် Qualifier ဖြစ်သော to V. 1 ကြိယာ၏ က် (O) ဖြစ်နေမှအမှန်ဖြစ်သည်။

	(N)	***Qualifier Adj + Parti***	
c.	passage	*to write*	down = ချ ရေးဖို့. စာပိုဒ်

မှတ်ချက်။ ။ ရှေ့.ကနာမ် (N) သည် Qualifier ဖြစ်သော to V. 1 ကြိယာ၏ က် (O) ဖြစ်နေမှအမှန်ဖြစ်သည်။

I. Comparative Adjective (Adj.2) + than---(---ထက် ပိုမြ---သော) (နာမ် ၏နောက်၌သုံးရန်)

	(N)	***Qualifier Adj***	
a.	a man	*taller than me*	= ကျွန်ုပ်ထက် ပို၍ အရပ်ရှည်သော လူကြီးတစ်ယောက်
b.	rustic maiden	*more beautiful than film-actress*	= ရုပ်ရှင်မင်းသမီးများထက် ပိုလှသော တောသူလေး

J. Superlative Adjective (Adj.3) + P.Ph (---ထဲဌာ---ဆုံး) (နာမ်၏နောက်မှာသုံးရန်)

	(N)	***Qualifier Adj + P.Ph***	
a.	student	*most intelligent*	in the class = အတန်းထဲမှာ ဉာဏ် အကောင်းဆုံး ကျောင်းသား
b.	boy	*laziest*	among the brothers = ညီအစ်ကို တွေထဲမှာ အပျင်းဆုံး ကောင်လေး

Scanned by CamScanner

K. Adj + FPP.h (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

	(N)	*Qualifier Adj + FP.Ph*		
a.	action	*devoid*	*of sympathy*	= ကိုယ်ချင်းစာတရား ကင်းသော လုပ်ရပ်
b.	factories	*responsible*	*for air pollution*	= လေထုညစ်ညမ်းမှုအတွက် တာဝန်ရှိသော စက်ရုံများ
c.	beings	*ignorant*	*of misery*	= ဒုက္ခကို မသိမြင်ကြသော သတ္တဝါများ

L. Prepositional Phrase (စကားစုန်ဒ = PP.h) (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

Prepositional Phrase (PP.h) တစ်ခုကို နာမ်တစ်ခု၏ နောက်မှာကပ်ထားပြီး နောက်နေနာမ/ဝိ အဖြစ်သုံးနိုင်သည်။

	(N)	*Qualifier Adj (P.Ph)*	
a.	the box	*behind him*	= သူ့နောက်က သေတ္တာ (နောက်မှာ ဟု မပြန်ရ)
b.	passengers	*in the bus*	= ဘတ်စ်ကားထဲက ခရီးသည်များ (ထဲမှာ ဟုမပြန်ရ)
c.	the homeless	*beside the road*	= လမ်းဘေးက အိုးမဲ့အိမ်မဲ့များ (ဘေးမှာ ဟုဘာသာမပြန်ရ)
d.	the guy	*with long moustache*	= နှုတ်ခမ်းမွေးအရှည်ကြီးနှင့် လူ

မှတ်ချက်။ ။ ပုံသေဝိဘတ်ပုဒ်စု (FPP.h) ကိုနောက်နေ နာမ/ဝိ ပြုလုပ်သည်လည်းရှိ သေး၏။

	(N)	*Qualifier Adj (P.Ph)*	
a.	the discourse	*with reference to Prince Nanda*	= နန္ဒ မင်းသားကို ရည်ညွှန်းသော တရားဒေသနာ
b.	poverty	*in connection with drought*	= မိုးခေါင်ရေရှားမှုနှင့်ဆက်စပ်သော ဆင်းရဲမွဲတေမှု
c.	livelihood	*according to the tradition*	= ရိုးရာအစဉ်အလာအတိုင်း အသက်မွေးမှု

မှတ်ချက်။ ။ အချို့ ပုံသေဝိဘတ်ပုဒ်စု (FPP.h) ကို နောက်နေနာမ/ဝိ ပြုလုပ်ပါက ဘာသာပြန်ရာ၌ အပိုဖြည့်စွက်၍ ဆိလျော်အောင်ပြန်ရသည်။

	(N)	*Qualifier Adj (P.Ph)*	
a.	the road	*to the stadium*	= အားကစားကွင်းကို (သွားသော) လမ်း။
b.	the team	*against Liverpool*	= လစ်ဗာပူးလ် အသင်းနှင့် ယှဉ်ပြိုင် (ကစားသော) အသင်း။
c.	sympathy	*towards animals*	= တိရစ္ဆာန်များအပေါ် (ထားသော) ကိုယ်ချင်းစာတရား။

M. of ဦးဖိးလော PP.h (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

of ကို ဘာသာပြန်ရာ၌ အနက် (8) ခုဖြင့်ဘာသာပြန်နိုင်သည်။ အောက်ပါလက်ံာကို ကျက်ထားပါ။

@@ တည်းဟူ , က , အနက် ၊ ၏ , အသက် ၊ ပတ်သက် , ကို , ရှိသော ။
of ဘာသာပြန် ၊ အနက်ပေးရန် ၊ နောက်နာမ် အနက်နှင့်ရော ။

	(N)	*Qualifier Adj*		
a.	toxin	*of suspicion*	= သံသယ တည်းဟူသော အဆိပ်အတောက်	(တည်းဟူ)
b.	banker	*of Rajagaha*	= ရာဇဂြိုဟ်ပြည်က သူဌေး	(က)
c.	one	*of the heroes*	= သူရဲကောင်းများအနက် တစ်ယောက်	(အနက်)
d.	roof	*of house*	= အိမ်၏ အမိုး	(၏)
e.	boys	*of sixteen*	= ဆယ့်ခြောက်နှစ်အသက် (အရွယ်) ယောကျ်ားလေးများ	(အသက်)
f.	discrimination	*of religion*	= ဘာသာရေးနှင့်ပတ်သက်သော ခွဲခြားမှု	(ပတ်သက်)
g.	ownership	*of land*	= မြေယာ ကို ပိုင်ဆိုင်မှု	(ကို)
h.	man	*of royal blood*	= တော်ဝင်သွေးရှိသော လူ	(ရှိသော)

N. Noun in Apposition = အဖွင့် နာမ ဝိ (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

ဤအမျိုးအစား နာမ်နောက်နေ နာမ/ဝိမှာ နာမ် (N) တစ်ခုကကြောင်းကို ပို၍နားလည်နိုင်အောင်၊ ပို၍ရှင်းအောင် အခြား နာမ် (N) တစ်ခုကို နောက်မှာထားခြင်းဖြင့် အဓိပ္ပါယ်ဖွင့်ပြသော အမျိုးအစားဖြစ်သည်။ ရေးသောအခါ

Scanned by CamScanner

ရှေ့ကနာမ် (N) နှင့် ၄င်းနာမ် ၏ကြားမှာ ကော်မာခံ ပေးရပါသည်။ (---ဖြစ်သော/---တည်းဟူသော) အနက်ဖြည့်ပါ။

	(N)	*Qualifier Adj*		
a.	Myoma Nyein ,	*the composer*	=	ဂီတစာဆို (ဖြစ်သော) မြို့မငြိမ်း
b	U Thukha ,	*the film-director*	=	ရုပ်ရှင် ဒါရိုက်တာ (ဖြစ်သော) ဦးသုခ
c.	Nga-tet-pyah ,	*the thief*	=	သူခိုး (ဖြစ်သော) တေက်ပြား

တစ်ခါတစ်ရံ နာမ်နောက်နေ နာမ/ဝိဘဖြစ် အသုံးပြုထားမသော နာမ်မှာပင် ရှေ့မှာဖြစ်စေ ၊ နောက်မှာဖြစ်စေ ထပ်မံ၍ ရှေ့နေ ၊ နောက်နေ နာမ/ဝိများခြံရုံလိုက်ပါလျက် သုံးနိုင်သည်။

	(N)	*Qualifier Adj*		
a.	Myoma Nyein,	*the famous* composer	=	ထင်ရှားသော ဂီတစာဆို (ဖြစ်သော) မြို့မငြိမ်း
b	U Thukha ,	the film-director *of Myanmar*	=	မြန်မာပြည်က ရုပ်ရှင်ဒါရိုက်တာ (ဖြစ်သော) ဦးသုခ
c.	Ngatetpyah ,	*the notorious* thief *of Innwa*	=	အင်းဝက နာမည်ကျော် သူခိုး (ဖြစ်သော) တေက်ပြား

O. ထိန်းဝဏန်း + Noun + Adj (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

	(N)	*Qualifier Adj*		
a.	village	*three miles far*	=	သုံးမိုင်ဝေးသော ရွာ
b	well	*ten meters deep*	=	ဆယ်မီတာ နက်သော ရေတွင်း
c.	snake	*ten feet long*	=	ဆယ်ပေရှည်သော မြွေ
d	book	*two inches thick*	=	နှစ်လက်မ ထူသော စာအုပ်

မှတ်ချက်။ ။ ရှေ့ကကိန်းဂဏန်းဗဟုဝုစ်ဖြစ်လျှင် ယခု Qualifier ထဲမှ mile , meter စသည်တို့ကို ဗဟုဝုစ်လုပ်ပေးရသည်။ ယခင် Attributive မှာတုန်းကဆိုလျှင် ဗဟုဝုစ်မပြုလုပ်ခဲ့ရပေ။

P. ထိန်းဝဏန်း + Noun + P.Ph (နာမ် တစ်ခု၏နောက်မှာထား၍သုံးရန်)

ဤအမျိုးအစား၌ အထက်က Adj ကိုယ်စား အတိုင်းအတာစံနစ်ကို ဖော်ပြသော နာမ် ပါသည့် PP.h ကိုထည့်သုံးသည်။ ရိုးရိုး PP.h နှင့် မရပါ။

	(N)	*Qualifier Adj*		
a.	village	three miles *in distance*	=	အကွာအဝေးအားဖြင့် သုံးမိုင်ဝေးသော ရွာ
b	well	ten meter *in depth*	=	အနက်အားဖြင့် ဆယ်မီတာနက်သော ရေတွင်း
c.	snake	ten feet *in length*	=	အရှည်အားဖြင့် ဆယ်ပေရှည်သော မြွေ

Q. Adjective Clause = နာဓဝိဿဒန ဝါကျ (နာမ် တစ်ခု၏နောက်၌သုံးရန်) [Adj.Cl အခန်းကို ပြန်ရှုပါ။

နာမ်ဝါကျ ကို နာမ် (N) တစ်ခု၏နောက်မှာ ကပ်ထားလိုက်ပါက နာမ/ဝိဝါကျ (Adj .Cl) အလိုလိုဖြစ်သွားသည်ဟု ဆိုခဲ့ပြီ။

	(N)	*Qualifier Adj (Adj.Cl)*		
a.	man	*who lives in Mandalay*	=	မန္တလေးမှာ နေထိုင်သော လူကြီး
b	the city	*where there was his statute*	=	သူ၏ ရုပ်တုရှိခဲ့ရာနေရာဖြစ်သော မြို့

ယခု Adj (17) မျိုးမှာ နာမ်တစ်ခု၏နောက်မှာ တွဲသုံးရသော နာမ်နောက်နေ နာမဝိသေသန (Qualifier Adj)အမျိုးအစား များဖြစ်ကြသည်။၄င်းတို့၏ရှေ့ဆုံးက နာမ် (N) ကို ဝါကျတစ်ခုထဲ၌ S , S.C , O , O.C , D.O , I.O , P.Ph ထဲက N တာဂန်များ ဖြင့်သုံးလိုက်သောအခါ ယင်း Qualifier Adj တို့သည်လည်း အဖွဲ့ဝင်အဖြစ် ၄င်းတို့၏နောက်က လိုက်ပါကြသည် ။

13.16 Position of Qualifier Adjective (နာမ်နောက်နေ နာမဝိသေသန တို့၏အနီအဝေး)

နာမ် (N) တစ်ခု၏နောက်၌ Qualifier Adj များ တစ်ခုထက်မကပို၍ သုံးရတော့မည်ဆိုပါက မည်သည့်အမျိုးအစား Qualifier Adj ကို ရှေ့မှာထားမည်၊ မည်သည့်အမျိုးအစားကို နောက်မှာထားမည် ဆိုသည်မှာ ပြဿနာတစ်ခုဖြစ်သည်။ ထို့အတွက်အောက်ပါ အစီအစဉ်ကို မှတ်ထားသင့်သည်။

Scanned by CamScanner

1. T.V.3 နှင့် to V.1 တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ T.V.3 က ရှေ့၊ to V.1က နောက် ထားရသည်။

(N) T.V.3 + to V.1

clothes washed to iron = မီးပူတိုက်ဖို့ လျှော်ထားသော အဝတ်

2. P.Ph နှင့် to V.1 တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ P.Ph က ရှေ့၊ to V.1က နောက် ထားရသည်။

(N) P. Ph + to V.1

oranges in the basket to sell = ရောင်းဖို့ ခြင်းထဲက လိမ္မော်သီးများ

3. V. 3 နှင့် V.4 တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ V. 4 က ရှေ့၊ V.3 က နောက် ထားရသည်။

(N) V.4 + V.3

flowers *smelling* sweet *plucked* by her = သူမ ခူးထားသော ရနံ့မွှေးသည့် ပန်းများ

4. V. 4 နှင့် Adj.Cl တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ V.4 က ရှေ့၊ Adj.Cl က နောက် ထားရသည်။

(N) V.4— + Adj.Cl

man coming here, who is her father = သူမ၏ အဖေဖြစ်သော ဒီကိုလာနေသော လူကြီး

5. P.Ph နှင့် Adj.Cl တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ P.Ph က ရှေ့၊ Adj.Cl က နောက် ထားရသည်။

(N) + P.Ph + Adj.Cl

man from Mandalay, whose son is bronze moulder = ၄င်း၏သားကြေသွန်းသမားဖြစ်သော မန္တလေးကလူကြီး

6. P.Ph နှင့် Noun in Apposition တို့နှစ်ခုပြိုင်၍အထူးပြုကြသောအခါ P.Ph ကို ရှေ့. မှာထားရသည်။

(N) + P.Ph + Noun in Apposition

Upacâlâ from Bramin family, one of Sâriputtra's sisters = ရှင်သာရိ ပုတ္တရာ၏နှစ်မတစ်ဦးဖြစ်သော
ပုဏ္ဏားမျိုးနွယ်မှ ဥပစာလာ

မှတ်ချက် ။ ။P.Ph နှင့် အခြားမည်သည့် Qualifier ကိုပဲ ပြိုင်၍သုံးသုံး၊ P.Ph ကို ဦးစားပေးသောအားဖြင့် (N) ၏နောက်မှာသာ ကပ်ထားရသည်။ Adj.Cl နှင့်အခြားမည်သည့် Qualifier ကိုပဲ ပြိုင်၍သုံးသုံး၊ Adj.Cl ကို နောက်မှာသာ ထားရသည်။

13.17 Exercise for finding out Qualifier Adjectives

(နာမ်နောက်နေ နာမ/ဝိ များကို ဖော်ထုတ်ရန် လေ့ကျင့်ခန်း)

ယခု လေ့ကျင့်ခန်းစာပိုဒ်သည် ဒေါ်ခင်မျိုးချစ် ရေးသားသော Colourful Myanmar စာအုပ်မှ ဟံသာဝတီဘုရင်ရာဇာဓိရာဇ်အင်းဝမြို့ကို မသိမ်းယူပဲ ပြန်သွားခဲ့ပုံအကြောင်း ဆောင်းပါးမှ ထုတ်နှုတ်ထားသောစာပိုဒ်ဖြစ်သည်။ မျဉ်းသားထားသော နေရာ များသည် Qualifier Adj တာဝန်ရှိသော အစိတ်အပိုင်းများဖြစ်သည်။ ၄င်းတို့ကအထူးပြုသော နာမ် (N)များ ကိုလည်း စာလုံးစောင်းဖြင့် ဖော်ပြလိုက်သည်။

Thus when the *emissaries* <u>from Myanmar king</u> came, Rajadhirit accepted the peace terms and went home. Before he departed, he built a rest-house on the *hill* <u>where the twin pagods now stand</u>, as a *gift* <u>to pilgrims and devotees</u>, <u>a Buddhist *way*</u> <u>of showing loving kindness</u>.

1. (N) Qualifier (P.Ph)

emissaries <u>from Myanmar king</u> = မြန်မာဘုရင်ထံမှ တမန်တော်များ

2. (N) Qualifier (Adj.Cl)

the hill <u>where the twin pagodas now stand</u> = စေတီညီနောင် ယခုတည်ရှိရာနေရာဖြစ်သော တောင်ကမ္ဘ

3. (N) Qualifier (P.Ph) Qualifier (Noun in Apposition)

a gift <u>to pilgrims and devotees</u>, <u>a Buddhist way</u> =

ဗုဒ္ဓဘာသာနည်းလမ်းတစ်ခုဖြစ်သည့်၊ ဘုရားဖူးများနှင့် ကြည်ညိုသူများအတွက် လက်ဆောင်တစ်ခု

Scanned by CamScanner

4. (N) Qualifier (P.Ph)

way <u>of showing loving-kindness</u> = မေတ္တာတရားကိုပြသသော နည်းလမ်း

ယခု နံပါတ် (3) ၌ a gift ၏နောက်မှာ ၎င်းကို အထူးပြုသော Qualifier Adj နှစ်ခုပြိုင်၍ အထူးပြုကြသည်။ P.Ph Qualifier နှင့် Noun in Apposition Qualifier တို့ဖြစ်သည်။ ထိုအခါ အထက်၌ဖော်ပြခဲ့သည့်အတိုင်း P.Ph ကို ဦးစားပေး သောအားဖြင့်နာမ် (N) ၏နောက်မှာ ကပ်ထားပြီး Noun in Apposition က နောက်သို့ဆုတ်ခွာပေးခဲ့ရသည်ကိုသတိပြုပါ။

ဘာသာပြန် ။ ။ ဤသို့ဖြင့် မြန်မာဘုရင်ထံမှ တမန်တော်များ ဆိုက်ရောက်လာခဲ့သောအခါ ရာဇာဓိရာဇ်သည် ငြိမ်းချမ်းရေးစကားများကို လက်ခံခဲ့ပြီး တိုင်းတော်ပြည်တော်သို့ ပြန်လာခဲ့သည်။ မေတ္တာစေတနာကို ဖော်ပြသော ဗုဒ္ဓဘာသာနည်းလမ်း တစ်ခုဖြစ်ပြီး၊ ဘုရားဖူးများနှင့် ကြည်ညိုသဒ္ဓါပွားသူများအတွက်လက်ဆောင်တစ်ခုအနေနှင့်၊ ယခု စေတီညီနောင်တည်ရှိစံပါယ်ရာ တောင်ကမူပေါ်၌ ဇရပ်တစ်ဆောင်ကို သူ မထွက်ခွာမီ ဆောက်လုပ်ခဲ့သည်။

မှတ်ရန်။ ။ Qualifier Adj များ၏ရှေ့က အထူးပြုခံရသော နာမ် (N) ကို Grammar အခေါ်အားဖြင့် Qualifyee ဟု ခေါ်သည်။

13.18 နာမဝိသေသန (Adj) အတွက်မှတ်ရွယ်အကျဉ်းချုပ်

1. နာမဝိသေသန၏တာဝန်မှာ နာမ် (N) တစ်ခု၏ ရှေ့သို့မဟုတ် နောက်မှာ ခြံရုံလိုက်ပါ၍ အထူးပြုပေးရသော တာဝန်ကို ယူသည်။
2. ၎င်းတို့၏အထူးပြု ခြင်းကိုခံရသော ထိုနာမ် (N) မှာကား ဝါကျတစ်ခုထဲ၌ S, S.C, O, O.C, D.O, I.O, P.Ph ထဲက N တာဝန်များဖြင့် အသုံးပြုရသည်။ ထိုအခါ ခြံရုံလိုက်ပါသွားသော နာမဝိသေသန (Adj) များမှာလည်း S ၏အဖွဲ့ဝင်၊ S.C ၏ အဖွဲ့ဝင် စသည်ဖြင့်ဖြစ်သွားကြသည်။
3. နာမဝိသေသန (Adj) ကိုအခြားတာဝန်များဖြင့်သုံးနိုင်သေးသည်။ ၎င်းတို့မှာ--

A. S.V, C.V, CT.V တို့ပါသော ဝါကျပုံစံများ၌ O.C တာဝန်ဖြင့်သုံးနိုင်သည်။ (နှာ 26 ဇယား 14, 15, 16 တို့၌ရှု။)

B. I.V, LK.V, (Be) ပါသော ဝါကျပုံစံများ၌ ၎င်းကြိယာများ၏နောက်မှာ လိုက်၍သုံးသည်။ (ဇယား 7, 9, 19 ၌ရှု။)

C. be, being, (Have) been, having been တို့၏နောက်တွင်တွဲ၍သုံးသည်။ (ဇယား 32, 34 ၌ရှု)

D. How နှင့်တွဲ၍ လဲ-အမေးဝါကျ၊ လဲ-မေးငြင်းဝါကျ၊ နာမ်ဝါကျတို့၌သုံးသည်။ (နှာ 77 - 7. 17 နှင့် နှာ 166 - 10. 36 ၌ရှု)

E. အချို့သော နာမ/ဝိများကို the ၏နောက်မှာတွဲ၍ နာမ်၏အနက်ဖြင့်သုံးသည်။ (နှာ 6 - 5 ၌ရှု)

13.19 နာမဝိသေသန (Adj) တစ်ခု၏ တည်နေရာအမျိုးမျိုး

1. (Attributive Adj) အဖြစ်တာဝန်ယူပါက နာမ် (N) တစ်ခု၏ ရှေ့၌ နေသည်။
2. (Qualifier Adj) အဖြစ်တာဝန်ယူပါက နာမ် (N) တစ်ခု၏ နောက်၌ နေသည်။
3. လုံးချင်း နာမ/ဝိသည် ကံအဖြည့်ပုဒ် (O.C) အဖြစ်တာဝန်ယူပါက ကံ (O) တစ်ခု၏ နောက်၌နေသည်။ (S.V, C.V, C.T.V ပါသောဝါကျ ပုံစံများ၌ တွေ့ရသည်။)
4. လုံးချင်း နာမ/ဝိကို ချိတ်ဆက်ကြိယာ (L.K.V) နှင့် ရှိ/ဖြစ်ကြိယာ (Be) တို့၏ နောက်၌လည်း ကတ္တားအဖြည့်ပုဒ် (S.C) အဖြစ်ဖြင့်တွဲသုံးလေ့ရှိသည်။ (LK.V နှင့် (Be) ပါသောဝါကျပုံစံများ၌တွေ့ရသည်။)
5. Tense ကြိယာပုံစံများနှင့် Non-finite ကြိယာပုံစံများ၌ လုံးချင်း နာမ/ဝိကို be, to be, being, been, (Have) been, having been တို့၏နောက်၌တွဲ၍ သုံးသည်။
6. အမေးဝါကျ နှင့် နာမ်ဝါကျ (N.Cl) တို့၏ ရှေ့ဆုံး၌ လုံးချင်း နာမ/ဝိကို How နောက်မှာ တွဲ၍သုံးသည်။
7. (Conjunction) များဖြစ်ကြသော when, where, till, until စသည်တို့၏နောက်တွင်တွဲလျက်အတိုနည်းသုံးသည်။ နှာ 250 - 16. 5 ၌ ရှု ပါ။
8. နာမ် (N) အနက်ရစေရန် the နောက်မှာတွဲလျက် သုံးသည်။

13.20 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. ဓမ္မပဒ ယမကဝဂ် ဒေဝဒတ် ဝတ္ထုမှ ကောက်နှုတ်ထားသော အောက်ပါ အင်္ဂလိပ်စာပိုဒ်ကို အောက်၌ ဆက်လက်ဖော်ပြထားသော ဝေါဟာရ၏အနက်များကိုသုံး၍မြန်မာပြန်ကြည့်ပါ။ ပြီးလျှင် နံပါတ် (2) မေးခွန်းကို ဆက်ဖြေပါ။

Scanned by CamScanner

When Devadatta and his party reached the pond in the Jetavana monastery compound, the carriers put down the couch on the bank of the pond and went to take a bath. Devadatta also rose from his couch and placed both his feet on the ground. Immediately, his feet sank into the earth and he was gradually swallowed up by the earth. Devadatta did not have the opportunity to see the Buddha because of his wicked deeds which he had done to the Buddha. After his death, he was reborn in Avici hell, a place of intense and continuous torment.

အောက်ပါတို့သည် စာပိုဒ်ပါ ဝေါဟာရများဖြစ်သည်။

when =---သောအခါ
party = အဖွဲ့သား
both = နှစ်ခုလုံးသော
feet = ခြေထောက်များ
torment = နှိပ်စက်မှုဆင်းရဲ
reached = ဆိုက်ရောက်ခဲ့သည်
pond = ရေကန်
ground = မြေပြင်
place = နေရာ
Jeatavana = ဇေတဝန်
immediately = ရုတ်တရက်ဆိုသလိုပဲ
intense = ပြင်းပြသော
monastery = ကျောင်းသင်ခန်း
sank = နစ်ဝင်သွားခဲ့သည်
reborn = တစ်ဖန်မွေးဖွားပြီး (V.3)
compound = ဝင်း / ပရိဝုဏ်
earth = မြေကြီး
Avici hell = အဝီစိငရဲ
carriers = သယ်ဆောင်သူများ
gradully = တစ်စတစ်စနှင့်
Buddha = ဘုရားရှင်
put down = အောက်ချသည်
swallowed = မျိုချ ပြီး (V.3)
after = ----ပြီးနောက်
couch = ဝေါ စင်
have = ရရှိသည်
continuous = အဆက်မပြတ်သော
bank = ကမ်း /ကန်ပေါင်
opportunity = အခွင့်အလမ်း
also = လည်းပဲ
take a bath = ရေချိုးသည်
see = ဖူးမြင်သည်
deeds = ကံများ
rose = ထ ,ရပ်ခဲ့သည်
because of = -----ကြောင့်
placed = ချထားခဲ့သည်
wicked = ယုတ်မာသော
death = သေဆုံးခြင်း

2. အထက်ပါစာပိုဒ်၌ နာမဝိသေသန (Adj) တာဝန်ယူထားကြသော ဝေါဟာရဟူသမျှကို အောက်၌ ထုတ်ပြထားပါသည်။ ယင်းတို့သည် နာမ်၏ရှေ့နေ နာမ/ဝိ (Attributive Adj) ဖြစ်သလော ၊ နာမ်၏ နောက်နေ နာမ/ဝိ (Qualifier Adj) ဖြစ်သလော ၊ ဝါစကဆန်သောနာမ/ဝိ (Predicative Adj) ဖြစ်သလော ၊ ဆုံးဖြတ်ပုဒ်၏ရှေ့နေပုဒ် (Predeterminer) ဖြစ်သလောဆိုသည်ကို ခွဲခြားပြပါ။

his = သူ၏
Jetavana = ဇေတဝန်
monastery = ကျောင်း
of the pond = ရေကန်၏
intense = ပြင်းပြသော
wicked = ယုတ်မာသော
continuous = အဆက်မပြတ်သော
Avici = အဝီစိ
both = နှစ်ခုစလုံးသော
to see the Buddha = ဘုရားကို ဖူးမြင်ဖို့ (ဖြစ်သော)
in the Jetavana monastery compound = ဇေတဝန် ကျောင်းဝင်းထဲက
which he had done to the Buddha = ဘုရားအပေါ် သူပြုလုပ်ထားခဲ့သော
of intense and continuous torment = ပြင်းပြ၍ အဆက်မပြတ်သော နှိပ်စက်ခြင်းဆင်းရဲရှိသော
a place of intense and continuous torment = ပြင်းပြ၍အဆက်မပြတ်သောနှိပ်စက်ဆင်းရဲရှိသောနေရာတစ်ခု ဖြစ်သော

3. အင်္ဂလိပ်စာပိုဒ်တစ်ခုနှင့် ယင်း၌ပါဝင်သော ဝေါဟာရ များကို အောက်မှာ ဖော်ပြထားပါသည်။ ယင်းစာပိုဒ်ကို ဦးစွာ ဖတ်ကြည့်၍ မြန်မာဘာသာပြန်ပါ။ တစ်ဆက်တည်းမှာပင် ယင်းစာပိုဒ်၌ နာမဝိသေသန တာဝန်ယူထားကြသော (ဝေါဟာရများ ၊ ဝိဘတ်ပုဒ်စုများ ၊ နာမဝိသေသနဝါကျ (Adj .Cl) များ၏နေရာ၌မျဉ်းသားပြပါ။

Because of the large number of meals sold every day in fast food restaurants, costs are kept low. There are over thirty five billion hamburgers sold every year in the United States alone. Another thing people like is that they can decide what the food will taste like the one in a fast food restaurants. The major international fast food companies like McDonald's and A and W make sure that a hamburger sold at the store in Boston will taste exactly the same as one sold in Newyork and not very different from one bought in Bankok or Jakata.

ဝေါဟာရများ---

Scanned by CamScanner

because of = ကြောင့်
large = များပြားသော
number = အရေအတွက်
meal =(မနက်စာ၊ညစာကဲ့သို့.သော)အစားအစာ
sold = ရောင်းပြီး (V.3)
every = ----တိုင်း
day = နေ့.
fast = မြန်ဆန်သော
food = အစားအစာ
restaurant = စားသောက်ဆိုင်
fast food restaurant = အမြန်မှာယူစားသောက်ဆိုင်
cost = ကုန်ကျတန်ဖိုး (ဈေးနှုန်း)
over = ကျော်လွန်လျက်
thirty five = သုံးဆယ့်ငါးဖြစ်သော
billion = သန်းပေါင်းတစ်ထောင်ဖြစ်သော
hamburger = ဟန်ဘာဂါမုန့်.
year = နှစ်
United States = အမေရိကန်ပြည်ထောင်စု
alone = သက်သက် / တစ်ခုတည်း
another = နောက်တစ်ခုဖြစ်သော‘
thing = အချက်
people = လူများ
keep low = နိမ့်နိမ့်ထားသည်။ လျှော့ထားသည်
decide = ဆုံးဖြတ်သည်
taste = အရသာရှိသည်
like = ကဲ့သို့.
the one = အလားတူအရာ (ဟန်ဘာဂါမုန့်.)
major = အဓိကဖြစ်သော
international = ကမ္ဘာအနှံ့ဖြစ်သော
companies = ကုမ္ပဏီများ
McDonald 's = မက်ဒေါနယ်-လ် ကုမ္ပဏီ
A and W = A and W ကုမ္ပဏီ
sure = တိကျ သေချာသော
store = စတိုးဆိုင်
Boston = ဘော်စတန်မြို့.
exactly = ကွက်တိ ၊ အတူတူ
the same = အလားတူအရသာ
as = ကဲ့သို့.
Newyork = နယူးယောက်မြို့.
different = မတူခြားနားသော
one = အလားတူအရာ (ဟန်ဘာဂါကိုဆိုလို၏)
bought = ဝယ်ပြီး (V.3)
Bankok = ဘန်ကောက်မြို့.
Jakata = ဂျကာတာမြို့.
like = နှစ်သက်သည်

နာမဝိသေသနအခန်းပြီးပြီ။

Scanned by CamScanner

UNIT-14

NON-FINITE VERBS AND NON-FINITE PHRASES

(ဟာထ အဂနှ်.အသတ်မဲ့ကြိယာများ နှင့် ၎င်းတို့.ဦးဆောင်သောပုဒ်စုများ)

နံပါတ် အခေါင်းအရာ စာမျက်နှာ

14. 1 ကာလ အကန့်အသတ်မဲ့ကြိယာနှင့်၎င်းတို့၏ပုဒ်စု (Non-finite Verb and Phrase) ---- 219
14. 2 Gerund - ဇယားအမှတ် (32) ---------- 219
14. 3 Gerund ဟူသည် နှင့် Gerund ပြုလုပ်ပုံ ---------- 219
14. 4 Gerund အသုံးပြုပုံ ---------- 220
14. 5 အခြား Gerund ပုံစံများ ---------- 220
14. 6 Full Infinitive အကြောင်းနှင့် ၎င်းကိုအသုံးပြုပုံ ---------- 221
14. 7 Full Infinitive ဇယားအမှတ် (33) ---------- 222
14. 8 Full Infinitive ၏ အခြားအသုံးပြုပုံအမျိုးမျိုး ---------- 222
14. 9 Participle ဇယားအမှတ် (34) ---------- 224
14. 10 Participle ကို အသုံးပြုပုံ အမျိုးမျိုး ---------- 224
14. 13 Gerund , full Infinitive , Participle တို့.အတွက် အချုပ်မှတ်ဖွယ် ---------- 226
14. 14 လက်တွေ့.လေ့ကျင့်ခန်းများ ---------- 226

Scanned by CamScanner

14.1 NON-FINITE VERBS AND NON-FINITE PHRASES

ကထကန့်သတ်မဲ့ကြိယာ နှင့် ကထကန့်သတ်မဲ့ပုဒ်စု

ဝါကျတစ်ခု၌ ပဓာန ကြိယာအဖြစ် မသုံးနိုင်သောကြိယာမျိုးကို Non-finite Verb ဟုခေါ်သည်။ ၎င်းကြိယာမျိုး ပါဝင်သောပုဒ်စုကို Non-finite Phrase ဟုခေါ်သည်။ ကတ္တား နှင့် ကြိယာ အစုံအလင်မပါသဖြင့် Clause ဟု မခေါ်သင့်ပေ။ ၎င်းအမျိုးအစား ကြိယာသည် မူလကတည်းက သီးခြားအမျိုးအစားအားဖြင့် ရှိသည်မဟုတ်ပါ။ ပင်မကြိယာ (Main Verb) မှဖန်တီးယူထား ခြင်းဖြစ်သည်။ ယင်း Non-finite Phrase ကို ဝါကျတစ်ခုထဲ၌ Adj , Adv , S , S.C , O , O.C , D.O , PP.h ထဲက N များအဖြစ် သုံးရန်ဖန်တီးထားခြင်းဖြစ်သည်။ ၎င်း Nonfinite Verb အမျိုးအစား (3) မျိုးရှိသည်။

1. Gerund = (V.1 ၌ ing ပေါင်းထားခြင်း)
2. Full infinitive = (to + M.V)
3. Participle = (----ing , -----ed , ----en ပေါင်းသောကြိယာများ)

14.2 Gerund ကြိယာပုံစံများ

ဇယား (32)		TWO GERUNDS (ဂျဲ ရန်း-ဒ် ပုံစံ ၂ မျိုး)	
စဉ်	အမည်	Active Verb Forms ပြုသူ ပဓာန ကြိယာပုံစံများ	Passive Verb Forms ခံရသူ ပဓာန ကြိယာပုံစံများ
1	Present Gerund	1. V.1 + ing ---ခြင်း 2. being ဖြစ်ခြင်း။ ရှိခြင်း 3. being + Adj ---ခြင်း	being + V.3 ---ခံရခြင်း
2	Perfect Gerund	1. having + V.3 ---ခဲ့ခြင်း။---ပြီးခြင်း။---ထားခြင်း 2. having + been ဖြစ်ခဲ့ခြင်း /ရှိခဲ့ခြင်း 3. having + been + Adj ----ခဲ့ခြင်း။ ---ပြီးခြင်း	having + been + V.3 ---ခံခဲ့ရခြင်း ---ခံရပြီးခြင်း ---ခံထားရခြင်း

14.3 Gerund သည် I.V , T.V , LK.V စသည့်ပင်မကြိယာ (M.V) (12) မျိုး၏ V.1 ၌ ---ing ပေါင်းထားခြင်းဖြစ်သည်။

(ing ပေါင်းပုံနည်းကို နှာ 18 - 2.5 ၌ရှုပါ။) ယင်း I.V , T.V , LK.V စသည့် ပင်မကြိယာ (12) မျိုး ပါသောဝါကျပုံစံများ၌ ယင်း M.V တစ်ခုစီ၏နောက်တွင် ဆိုင်ရာဆိုင်ရာ နောက်တွဲများ ရှိကြသည်။ ဥပမာ-

1. I.V ဖြစ်လျှင် သူနောက်က PP.h ဖြစ်စေ ၊ FPP.h ဖြစ်စေ ၊ လုံးချင်းကြို/ဝိဖြစ်စေ လိုက်လိုက လိုက်နိုင်၏။
2. T.V ဖြစ်လျှင် သူနောက်က O နှင့် ၊ O + FPP.h စသည် လိုက်ရ၏။
3. LK.V ဖြစ်လျှင် သူနောက်က Adj ဖြစ်စေ ၊ T.V.3 ဖြစ်စေ ၊ PP.h ဖြစ်စေ လိုက်ရ၏။
4. D.V ဖြစ်လျှင် D.O + I.O တို့ လိုက်ရသည်။
5. S.V ဖြစ်လျှင် O နှင့် O.C အဖြစ်ဖြင့် V.1 ဖြစ်စေ ၊ V.4 ဖြစ်စေ ၊ T.V.3 ဖြစ်စေ ၊ Adj ဖြစ်စေ လိုက်ရသည်ကို သိပြီးဖြစ်၏။

ယခု I.V စသည့် M.V တစ်ခုခုကို Gerund ဖြစ်အောင် ၎င်းတို့၏နောက်က ----ing ပေါင်းပြီးသောအခါ၌ လည်း သူချည်းသက်သက် မသုံးလိုပါက သူနောက်မှာ အထက်ပါ ဆိုင်ရာဆိုင်ရာ နောက်တွဲများကို လိုက်ပါအသုံးပြုရသည်။ ဥပမာ-

1. I.V ဖြစ်သော Come ကို ---ing ပေါင်း၍ Gerund လုပ်ပါက အောက်ပါအတိုင်းရနိုင်သည်။
coming (လာခြင်း) , *coming* to the market (ဈေးသို့လာခြင်း) , *coming* quickly (မြန်မြန်လာခြင်း)
(to the market , quickly တို့သည် နောက်တွဲ)

Scanned by CamScanner

2. T.V ဖြစ်သော eat ကို ---ing ပေါင်း၍ Gerund လုပ်ပါက အောက်ပါအတိုင်းရနိုင်သည်။
eating (စားခြင်း) , *eating* banana (ငှက်ပျောသီးကိုစားခြင်း) စသည်၌--- (banana သည်နောက်
3. LK.V ဖြစ်သော look ကို---ing ပေါင်း၍ Gerund လုပ်ပါက အောက်ပါအတိုင်းရနိုင်သည်။
looking (---ပုံပေါ်ခြင်း) , *looking* weak (အားနည်းပုံပေါ်ခြင်း) *looking* like Ko Ko (ကိုကိုကဲ့သိုပုံ
စသည်၌ - (weak နှင့် like Ko Ko သည် နောက်တွဲ)
4. DE.V ဖြစ်သော Give ကို ---ing ပေါင်း၍ Gerund လုပ်ပါက အောက်ပါအတိုင်းရနိုင်သည်။
giving (ဟောပြောခြင်း) , *giving* a discourse = (တရား ဟောခြင်း) (a discourse သည် နောက်တွဲ)
5. D.V ဖြစ်သော show ကို ---ing ပေါင်း၍ Gerund လုပ်ပါက အောက်ပါအတိုင်းရနိုင်သည်။
showing (ပြခြင်း) , *showing* a photo = (ဓာတ်ပုံပြခြင်း) , *showing* a photo to him = (သူ့ကိုဓာတ်ပုံပြခြင်း)
(a photo , a photo to him တို့သည် နောက်တွဲ)
(ကြွင်းသော ပင်မကြိယာများကို Gerund လုပ်ရာ၌လည်းဤနည်းတူမှတ်ပါ။)

14.4 ဤသို့ရလာသော Gerund သက်သက်ကိုဖြစ်စေ ။ နောက်တွဲများပါ တွဲလျက်ဖြစ်စေ အခြားဝါကျ ထဲ၌ S , S.C , O O.C , D.O , PP.h ထဲက N , Adj များအဖြစ်တာဝန်ပေး၍ သုံးရသည်။ (Adj အဖြစ်သုံးပုံကို နှာ 204 - 4 ၌ရှုပါ ။)

1. **S အဖြစ်သုံးပုံ**
   a. *Swimming* is my hobby. = ရေကူးခြင်းသည် ကျွန်ုပ်၏ ဝါသနာဖြစ်သည်။
   b. *Swimming* (in the river) is my hobby. = မြစ်ထဲမှာ ရေကူးခြင်းသည် ကျွန်ုပ်၏ ဝါသနာဖြစ်သည်။
   c. *Swimming* (early in the river) is my hobby. = မြစ်ထဲမှာ စောစော ရေကူးခြင်းသည် ကျွန်ုပ်၏ ဝါသနာဖြစ်သည်။

2. **S.C အဖြစ်သုံးပုံ**
   a. My hobby is *swimming.* = ကျွန်ုပ်၏ ဝါသနာသည်ရေကူးခြင်း ဖြစ်သည်။
   b. My hobby is *swimming* (in the river). = ကျွန်ုပ်၏ ဝါသနာသည် မြစ်ထဲမှာရေကူးခြင်း ဖြစ်သည်။
   c. My hobby is *swimming* (early in the river). = ကျွန်ုပ်၏ ဝါသနာသည် မြစ်ထဲမှာ စောစော ရေကူးခြင်း ဖြစ်သည်။

3. **O အဖြစ်သုံးပုံ**
   a. I like *swimming .* = ကျွန်ုပ်သည် ရေကူးခြင်းကိုနှစ်သက်သည်။
   b. I like *swimming* (in the river). = ကျွန်ုပ်သည် မြစ်ထဲမှာ ရေကူးခြင်းကိုနှစ်သက်သည်။
   c. I like *swimming* (early in the river). = ကျွန်ုပ်သည် မြစ်ထဲမှာစောစော ရေကူးခြင်းကိုနှစ်သက်သည်။

4. **D.O အဖြစ်သုံးပုံ**
   a. Uncle teaches us *swimming* . = ဦးလေးက ကျွန်ုပ်တို့ကို ရေကူးခြင်းကိုသင်ပေးသည်။
   b. Uncle teaches us *swimming* (in the river). = ဦးလေးက ကျွန်ုပ်တို့ကို မြစ်ထဲမှာ ရေကူးခြင်းကိုသင်ပေးသည်။
   c. Uncle teaches us *swimming* (early in the river). = ဦးလေးက ကျွန်ုပ်တို့ကို မြစ်ထဲမှာစောစောရေကူးခြင်းကိုသင်ပေးသည်။

5. **PP.h ထဲက N အဖြစ်သုံးပုံ**
   a. You may be healthier by *swimming.* = သင်သည် ရေကူးခြင်းဖြင့် ပို၍ကျန်းမာနိုင်လောက်သည်။
   b. You may be healthier by *swimming* (in the river). = သင်သည် မြစ်ထဲမှာ ရေကူးခြင်းဖြင့် ပို၍ကျန်းမာနိုင်လောက်သည်။
   c. You may be healthier by *swimming* (early in the river). = သင်သည် မြစ်ထဲမှာ စောစောရေကူးခြင်းဖြင့်
   ပို၍ကျန်းမာနိုင်လောက်သည်။
   မှတ်ချက်။ ။ Gerund ကို O.C အဖြစ်သုံးပုံကို နှာ 91- 8. 7- B ၌ရှု ပါ။
   အထက်ပါ နမူနာများမှ swimming သည် ဇယားထဲမှ V.1 + ing ပုံစံတစ်ခုတည်းဖြင့် ရေးခဲ့သော Gerund ဖြစ်သည်။

14.5 အခြား Gerund ပုံစံများ (ဇယားနှင့်တိုက်ဆိုင်ကြည့်ရှုပါ) ။
ယခုဆက်၍ ဖယားထဲက အခြားကြိယာပုံစံများဖြင့် Gerund လုပ်ပါမည်။ လိုအပ်ပါက နောက်တွဲများထည့်ရသည်။

Scanned by CamScanner

1. **being = ------ဖြစ်ခြင်း ၊ -----ရှိခြင်း** (Present Gerund Active voice)

၄င်းနောက်မှာ S.C သို့မဟုတ် PP.h အတွဲအမြဲလိုက်ရသည်။ S.C လိုက်လျှင် being ကို----ဖြစ်ခြင်းဟုပြန်ပါ။ PP.h လိုက်ပါက -----ရှိခြင်း ဟုပြန်ပါ။ (Particle လည်းလိုက်နိုင်သည်။)

a. *being* (a monk) = ဘုန်းကြီးတစ်ပါးဖြစ်ခြင်း

b. *being* (in Mandalay) = မန္တလေးမှာ ရှိခြင်း (ဝါ) နေခြင်း

2. **being + Adj = ------ခြင်း** (Present Gerund Active voice)

a. *being happy* = ပျော်ရွှင်ခြင်း

b. *being satisfied* (with his effort) = သူ၏ အားထုတ်မှုကို ကြေနပ်ခြင်း

3. **being + V.3 = ------ခံရခြင်း** (Present Gerund Passive voice)

a. *being praised* = ချီးမွမ်းခံရခြင်း

b. *being praised* (by my teacher) = ဆရာ၏ချီးမွမ်းခြင်းကို ခံရခြင်း

4. **having + V.3 = ---ခဲ့ခြင်း ၊ ---ပြီးခြင်း ၊ ---ထားခြင်း** (Perfect Gerund Active voice)

a. *having cooked* = ချက်ခဲ့ခြင်း/ချက်ပြီးခြင်း /ချက်ထားခြင်း

b. *having cooked* (rice in the kitchen) = မီးဖိုချောင်ထဲမှာ ထမင်း ချက်ခဲ့ခြင်း/ ချက်ထားခြင်း

5. **having + been = ဖြစ်ခဲ့ခြင်း ၊ ရှိခဲ့ခြင်း ၊ ဖြစ်ပြီးချင်း ၊ ရှိပြီးခြင်း** (Perfect Gerund Active voice)

a. *having been* (a monk) = ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့ခြင်း / ဖြစ်ပြီးခြင်း

b. *having been* (in Japan) = ဂျပန်မှာရှိခဲ့ခြင်း /ရှိပြီးခြင်း

6. **having + been + Adj =----ခဲ့ခြင်း ၊ ----ပြီးခြင်း** (Perfect Gerund Active voice)

a. *having been happy* = ပျော်ရွှင်ခဲ့ခြင်း/ပျော်ရွှင်ပြီးခြင်း

b. *having been satisfied* (with his effort) = သူ၏ အားထုတ်မှုကို ကြေနပ်ခဲ့ခြင်း

7. **having + been + V.3 = ---ခံခဲ့ရခြင်း ၊ ---ခံရပြီးခြင်း** (Perfect Gerund Passive voice)

a. *having been praised* = ချီးကြူးခံခဲ့ရခြင်း/ချီးကြူးခံရပြီးခြင်း

b. *having been praised* (by my teacher) = ဆရာ၏ချီးမွမ်းခြင်းကို ခံခဲ့ရခြင်း /ခံထားရခြင်း

ယခုရေးပြခဲ့သော Gerund Phrase များကို သူချည်းသက်သက်ဖြစ်စေ ၊ ဝါကျပုံစံ၌ပါသည့်နောက်တွဲများ တွဲ၍ဖြစ်စေ အထက်က ပြခဲ့သည့်အတိုင်း ဝါကျတစ်ခုထဲ၌ S , S.C , O , O.C , D.O , PP.h ထဲက N တာဝန်များဖြင့် သုံးနိုင်သည်ဟုမှတ်ပါ။

14.6 Full Infinitive ကြိယာများ

Full infinitive ဆိုသည်မှာ ပင်မကြိယာ (12) မျိုးအနက် တစ်မျိုးမျိုး၏ V.1 ရှေ့မှာ to ကိုတွဲပေးခြင်းပင်ဖြစ်သည်။ ထိုမှ ဆင့်ပွား၍ Contiouous , Perfect တို့၌ be , have , have been များပါ ပါလာသည်။ ယခုဇယားကွက်ထဲရှိကြိယာပုံစံအားလုံးကို (-----ခြင်း/-----ရေး) ဟူသောအနက်များဖြင့် သူချည်းသက်သက်ဖြစ်စေ၊ ဝါကျပုံစံထဲမှာပြထားသည့်အတိုင်း ၄င်းတို့နှင့် ဆိုင်ရာနောက်တွဲများ တွဲ၍ဖြစ်စေ ဝါကျတစ်ခု ထဲ၌ S, S.C , O , O.C , D.O , Adj , Adv တာဝန်များဖြင့် သုံးနိုင်သည်။ အခြားအနက်များနှင့် အခြားအသုံးပြုပုံများလည်းရှိသေးသည်။

(Adj တာဝန်ဖြင့် သုံးပုံကို နှာ 210 - D မှ H အထိ ၌ရှုပါ။)

1. **to V.1 ထို S တာဝန်ဖြင့် သုံး**

To earn (money) is difficult. = ငွေရှာခြင်းသည် ခက်ခဲ၏။ (နောက်တွဲ O , money တွဲပေးသည်။)

2. **to V.1 ထို S.C တာဝန်ဖြင့် သုံး**

My hobby is to sing. = ကျွန်ုပ်၏ဝါသနာသည်သီချင်းဆိုခြင်းဖြစ်သည် (နောက်တွဲထည့်လိုက to sing နောက်မှာထည့်။)

3. **to V.1 ထို O တာဝန်ဖြင့် သုံး**

I want to sleep (after dinner). (နောက်တွဲ အဖြစ် PP.h , after dinner ကိုတွဲသည်)

Scanned by CamScanner

ကျွန်ုပ်သည် ညစာစားပြီးနောက် အိပ်ခြင်းကို အလိုရှိသည်။ (အိပ်ချင်သည်။)

4. **to V.1 ထို D.O ထားနှင့် သုံးပုံ**

Uncle taught me <u>to swim</u> (fast). (နောက်တွဲ အဖြစ် **Adv , fast** ကိုတွဲသည်)

ဦးလေးသည် ကျွန်ုပ်ကို လျှင်မြန်စွာ ရေကူးခြင်းကို သင်ပေးခဲ့သည်။

5. **to V.1 ထို O.C ထားနှင့် သုံးပုံ**

He wants me <u>to leave</u> (home). (နောက်တွဲ အဖြစ် **Particle-Adv , home** ကိုတွဲသည်)

သူက ကျွန်ုပ် ထွက်ခွာသွားတာကို အလိုရှိသည်။ (ထွက်သွားစေချင်သည်)

အခြားသော **to be, to be + Adj,** ----- စသည့်ဇယားထဲကကြိယာပုံစံများကိုလည်း (-----ခြင်း/----ရေး) ဟူသောဆိုင်ရာ ဆိုင်ရာ အနက်များဖြင့် **S , S.C , O , D.O ,O.C** တာဝန်များပေး၍ သုံးနိုင်သည်ဟုမှတ်ပါ။

14.7 FULL INFINITIVE ကြိယာပုံစံများ

ဇယား (33) **FULL INFINITIVE** (အဉ်ဖွစ်နစ်တစ်-ပ် ကြိယာပုံစံ ၄ မျိုး)

စဉ်	အမည်	Active Verb Forms ပြုသူ ပဓာန ကြိယာ ပုံစံများ	Passive Verb Forms ခံ ရသူ ပဓာန ကြိယာပုံစံများ
1	Present Infinitive	1. <u>to + V.1</u> ---ခြင်း။---ရေး။ ---ရန်။ ---ရ၍။ ----ရမည့် —-သည်ဟု စသည် 2. <u>to + be</u> ဖြစ်ခြင်း။ ဖြစ်ရေး။ ဖြစ်ရန်။ ဖြစ်ရ၍။ ဖြစ်ရမည့်။ ဖြစ်သည်ဟု 3. <u>to + be + Adj</u> ----ခြင်း။ ---ရေး။ ---ရန်။ ---ရ၍။ ---သည်ဟု	<u>to + be + V.3</u> ----ခံရခြင်း။---ခံရရေး။ ---ခံရရန်။ ----ခံရ၍။ ---ခံရမည့်။ ---ခံရသည်ဟု
2	Continuous Infinitive	<u>to + be + V.4</u> ---နေခြင်း။---နေရေး။ ---နေရမည့်။ ---နေရန်။---နေရ၍။---နေသည်ဟု	Nil (ကြိယာပုံစံမရှိ)
3	Perfect Infinitive	1. <u>to + have + V.3</u> ---ခဲ့/ပြီးခြင်း။ ။---ခဲ့/ပြီးရမည့်။ ---ခဲ့ရ၍။ ---ခဲ့/ပြီးပြီဟု 2. <u>to + have + been</u> ဖြစ်ခဲ့ပြီးခြင်း။ ဖြစ်ခဲ့ရေး။ ဖြစ်ခဲ့ရမည့်။ ဖြစ်ခဲ့ရန်။ ဖြစ်ခဲ့ရ၍။ ဖြစ်ခဲ့ပြီးပြီဟု 3. <u>to + have + been + Adj</u> —ခဲ့/ပြီးခြင်း။----ခဲ့/ပြီးရမည့်။ ---ခဲ့ရ၍။ ---ခဲ့/ပြီးပြီဟု	<u>to + have + been + V.3</u> ---ခံခဲ့ရခြင်း။---ခံခဲ့ရရေး။---ခံခဲ့ရရန်။ --ခံခဲ့ရ၍။---ခံခဲ့ရမည့်။---ခံခဲ့ရသည်ဟု
4	Perfect Continuous Infinitive	<u>to + have + been + V.4</u> —-နေခဲ့ခြင်း။---နေခဲ့ရေး။---နေခဲ့ရန်။---နေခဲ့ရမည့်။ ---နေခဲ့ရ၍။ ---နေခဲ့ရသည်ဟု	Nil (ကြိယာပုံစံမရှိ)

14.8 FULL INFINITIVE ကြိယာပုံစံများကို အခြားအသုံးပြုပုံအမျိုးမျိုး

1. အချို့. ဝါကျပုံစံများ၌ **full infinitive** ကို (-----ရန်/ဖို.) ဟူသောကြိယာဝိသေသနအဖြစ် နောက်တွဲ, တွဲ၍သုံးသည်။

a. **He is *<u>to leave</u>* for Britain.** = သူသည် ဗြိတိန်နိုင်ငံသို့ <u>ထွက်ခွာရန်ရှိသည်</u>။ (**to V.1**)

b. **The lost book is not *<u>to be found</u>*.** = ပျောက်နေသောဂုဏ်းစာအုပ်သည် <u>ရှာတွေ့. ဖို့. မရှိပါ</u>။ (**to be V.3**)

Scanned by CamScanner

c. His disease is *to be cured.* = သူ၏ရောဂါသည် ပျောက်ဖို့ရှိသည်။ (ပျောက်နိုင်သည်) (to be Adj)

d. I am *to be typing* all day today. = ကျွန်ုပ်သည် ဒီနေ့ တစ်နေ့လုံး လက်နှိပ်စက်ရိုက်နေရဖို့ရှိသည်။

2. **TK.V ဝါကျောဝါကျငုံစဉ် (---ထင်ထို့ ၊ ---ထင်ဆိုထား) ဖူလောအနက်ဖြင့် O.C အဖြစ်သုံး သည်။** (နှာ 90 - 8. 6 - A ၌ရှု။)

I think him *to have read* the novel. = ငှင်းဝတ္ထုကို သူ ဖတ်ပြီးခဲ့ပြီဟု ကျွန်ုပ် ထင်သည်၊ (to have V.3)

3. **E.V ဝါကျောဝါကျငုံစဉ် (---ထာထို့) ဖူလောအနက်ဖြင့် O.C အဖြစ်သုံးသည်။** (နှာ 91 - 8. 7 - A မှာပြန်ရှု။)

I like them *to learn* English. = ကျွန်ုပ်သည် သူတို့အင်္ဂလိပ်စာ သင်တာကို ကြိုက်သည်။

4. **It + (Be) + S.C + full-infin ငုံစဉ် ၌ (---ခြင်း သည်) ဖူလောအနက်ဖြင့် S အဖြစ်သုံး သည်။**

It is a crime *to smuggle* human. = လူကို မှောင်ခိုခိုးသွင်း ခြင်းသည် ရာဇဝတ်မှုတစ်ခုဖြစ်သည်။

5. **It + (Be) / seem + Adj + full-infin ငုံစဉ် ၌ (---ခြင်း သည်) ဖူလောအနက်ဖြင့် S အဖြစ်သုံး သည်။**

It is apropriate *to reply* saying " No ". = မသိဘူး ဟု ဆို၍ တုန့်ပြန်ခြင်းသည် သင့်လျော်ပါသည်

It seems interesting *to study* about dolfin. = လင်းပိုင်အကြောင်း လေ့လာခြင်းသည်စိတ်ဝင်စားဖွယ်ကောင်းဟန် ရှိသည်။

6. **It + take +O+ ကြာချိန် + full-infin ငုံစဉ် ၌ (---ခြင်း သည်) ဖူလောအနက်ဖြင့် S အဖြစ်သုံး သည်။**

It takes me years *to learn* English language. = အင်္ဂလိပ်ဘာသာသင်ယူခြင်းသည် ကျွန်ုပ်အဖို့နှစ်များစွာကြာ သည်။

7. **It + occur + to+O + full-infin ငုံစဉ် ၌ (---ရန်၊---ဖို့) ဖူလောအနက်ဖြင့် S အဖြစ်သုံး သည်။**

It occurs to me *to live* a lonely life. = အထီးကျန်ဘဝဖြင့် နေဖို့ (အဖြစ်မျိုးသည်) ကျွန်ုပ်မှာဖြစ်ပေါ်လာသည်။

8. **S + seem + to + O + full-infin ငုံစဉ် ၌ (---ဟန်ရှိသည်) ဖူလောအနက်ဖြင့် သုံး သည်။**

Tennis seems to her *to be* the best sport. = တင်းနစ်သည် သူမအတွက် အကောင်းဆုံးအား ကစား ဖြစ်ဟန်ရှိသည်။

9. **S + seem + to + O + full-infin ငုံစဉ် ၌ (---ထင်ထို့) ဖူလောအနက်ဖြင့် သုံး သည်။**

Something seems to U Ba *to be following* him. = တစ်ခုခုသည် ဦးဘအဖို့သူနောက်က လိုက်နေတယ်လို့ ဟန်ရှိ သည်။ (လိုက်နေတယ်ထင်ရသည်)

10. **S + (Be) + S.C + full-infin ငုံစဉ် ၌ (---သော) ဖူလောအနက်ဖြင့် သုံး သည်။**

He is the first soldier *to be killed* in Iraqi war. = သူသည် အီရတ်စစ်ပွဲမှာ အသတ်ခံရသော ပဌမဆုံးစစ်သား ဖြစ်သည်။

11. **S + (Be)+ too + Adj + full-infin ငုံစဉ် ၌ (ဓ---နိုင်ထောထ်အောင်) ဖူလောအနက်ဖြင့် သုံး သည်။**

The car is too cramped *to ride in.* = ငှင်းကားသည် ဝင်မစီးနိုင်လောက်အောင် ကျဉ်းကြပ်လွန်းသည်။

12. **S + (Be) + so + Adj + as + full-infin ငုံစဉ် ၌ (---ရထောထ်အောင်) ဖူလောအနက်ဖြင့် သုံး သည်။**

He is so forgetful *to forget* his uncle's name. = သူသည် သူဦးလေး၏အမည်ကို မေ့ရလောက်အောင် မေ့တတ် လှသည်။

13. **S + (Be) + Adj + full-infin ငုံစဉ် ၌ (---ထို့၊ -----ရထာ) ဖူလောအနက်ဖြင့် သုံး သည်။**

Some weeds are good *to eat.* = အချို့. ပေါင်းပင်များသည် စားလို့. ကောင်းသည်။

I am glad *to meet you.* = ကျွန်ုပ် သင့်ကို တွေ့ရတာ ဝမ်းသာသည်။သည်။

14. **S + (Be) + S.C + full-infin ငုံစဉ် ၌ (---ထို့၊ -----ရထာ) ဖူလောအနက်ဖြင့် သုံး သည်။**

Some weeds are nice thing *to eat.* = အချို့. ပေါင်းပင်များသည် ဖားလို့. ကောင်းသောအရာဖြစ်သည်။

15. **ဝါကျအစ၌ full-infinnitive ထို့ Adv အနက်ဖြင့်သုံးနိုင်သည်။**

To be honest, I cannot answer this sort of question. = ရိုးရိုးသားသားဆိုရလျှင် ဒီမေးခွန်းမျိုး ကျွန်ုပ်မဖြေနိုင်ပါ။ မှတ်ရန်။ ။ ဇယားကွက်ထဲ၌ ပါသော full Infinitive ၏ အခြားကြိယာပုံစံများကိုလည်း ဝါကျထဲ၌ ဆီလျော်သလို သုံးနိုင်သည်။ သတိပြုရန်မှာ ငှင်းတို့ကို ဝါကျထဲ၌ ပဓာနကြိယာအဖြစ် မသုံးနိုင်ခြင်းဖြစ်သည်။

Scanned by CamScanner

14.9 Participle ကြိယာပုံစံများ

ဇယား (34) PARTICIPLES (ပါတစ်ဆစ်ပ-လ်- ပုံစံ ၃ မျိုး)			
စဉ်	အမည်	Active Verb Forms ပြုသူ ပစ္စက္ခကြိယာပုံစံများ	Passive Verb Forms ခံရသူ ပစ္စက္ခ ကြိယာပုံစံများ :
1	Present Perticiple	1. V.4 ---လျက်/---ပါက/---စဉ်/---သော်လည်း/ ---သောကြောင့်/---သောခါ/---၍ 2. being ဖြစ်လျက်/ ဖြစ်ပါက/ ဖြစ်စဉ်/ ဖြစ်သော်လည်း/ ဖြစ်သောကြောင့်/ ဖြစ်သောခါ/ ဖြစ်၍/ ရှိလျက်/ ရှိပါက/ ရှိစဉ်/ ရှိသော်လည်း/ ရှိသောကြောင့်/ ရှိသောခါ/ ရှိ၍ 3. being + Adj ---လျက်/---ပါက/---စဉ်/ ---သော်လည်း/--သောကြောင့် / ----သောခါ/---၍	being + T.V.3 ——ခြင်းခံနေရလျက်/---ခြင်းခံနေရပါက/ ---ခြင်းခံရနေစဉ်/----ခြင်းခံရနေသော်လည်း ---ခြင်းခံနေရသောကြောင့် /----ခြင်းခံနေရ သောခါ/---ခြင်းခံနေရ၍
2	Past Participle	Nil (ကြိယာပုံစံမရှိ)	T.V.3 ——ခံရလျက်/---ခံရပါက/---ခံရစဉ်/ ---ခံရသော်လည်း/----ခံရသောကြောင့်/ ---ခံရသောခါ/---ခံရ၍
3	Perfect Participle	1. having + V.3 —ခဲ့/ပြီးပါက။ ---ခဲ့/ပြီးသော်လည်း။ ---ခဲ့/ပြီးသောကြောင့်/။ ---ခဲ့ပြီးသောခါ ။---ခဲ့/ပြီး၍ 2. having + been ဖြစ်ခဲ့ပြီးပါက။ ဖြစ်ခဲ့ပြီးသော်လည်း။ ဖြစ်ခဲ့ပြီးသောကြောင့် ။ ဖြစ်ခဲ့ပြီးသောခါ။ ဖြစ်ခဲ့ပြီး၍။ ရှိခဲ့ပြီးပါက။ ရှိခဲ့ပြီးသော်လည်း ။ရှိခဲ့ပြီးသောကြောင့်။ ရှိခဲ့ပြီးသောခါ။ ရှိခဲ့ပြီး၍ 3. having + been + Adj ——ခဲ့/ပြီးပါက။ ---ခဲ့/ပြီးသော်လည်း။ --ခဲ့/ပြီးသောကြောင့် ။----ခဲ့ /ပြီးသောခါ။ ----ခဲ့ပြီး၍	having + been + T.V.3 ---ခြင်းခံခဲ့ရပြီးပါက။ ---ခြင်းခံခဲ့ရပြီးသော်လည်း။ ---ခြင်းခံခဲ့ရပြီးသောကြောင့်။ ---ခြင်းခံခဲ့ရပြီးသောခါ။ ---ခြင်းခံခဲ့ရပြီး၍

14.10 ယခု ဇယားကွက်ထဲက Participle ကြိယာပုံစံအားလုံးကို အခြားဝါကျတစ်ခုထဲ၌ Adverb အနေနှင့်၄င်း V. 4 နှင့် T.V. 3 တို့ကို Adjective အနေနှင့်၄င်း သုံးရသည်။ Adverb အဖြစ်သုံးပုံကို ယခုပြပါမည်။ Adjective အဖြစ်သုံးပုံကိုမူ နှာ 203 - L - 3 , 5 , 6 ၊ နှာ 209 - 13. 15 - B , C မှာသာ ရှု ပါ။

1. ကတ္တားတူ ကြိယာကွဲ—တစ်ပြိုင်တည်းပြုလုပ်ပုံ ပြ ကြိယာဝိသေသနအဖြစ်သုံးပုံ။

a. He drives the bus , *whistling*. (V.4 ဖြစ်သည့် whistling ကို Adv အဖြစ်သုံးသည်။)
သူသည် လေချွန်လျက် ကားကို မောင်းသည်။
[ကတ္တား He တစ်ခုတည်းက ကြိယာ drive နှင့် whistle ကို တစ်ပြိုင်တည်းပြုလုပ်သည်]

b. He walked *singing* loudly. (V.4 ဖြစ်သည့် singing ကို Adv အဖြစ်သုံးသည်။)
သူသည် ကျယ်လောင်စွာ သီချင်းဆိုလျက် လမ်းလျှောက်ခဲ့သည်။
[ကတ္တား He တစ်ခုတည်းက ကြိယာ walk နှင့် sing တစ်ပြိုင်တည်းပြုလုပ်သည်]

c. She watched the movie *eating* roasted sunflower seed. (V.4 ဖြစ်သည့် eating ကို Adv အဖြစ်သုံးသည်)
သူမသည် နေကြာစေ့. လှော် စားလျက် ရုပ်ရှင်ကြည့်ခဲ့သည်။
[ကတ္တား She တစ်ခုတည်းက ကြိယာ watch နှင့် eat တစ်ပြိုင်တည်းပြုလုပ်သည်]

Scanned by CamScanner

2. ကတ္တားထူ ကြိယာကဲ့—တစ်ခုပြီးနောက်တစ်ခု ဆက်၍ပြုလုပ်ပုံပြု ကြိယာဝိသေသနအဖြစ်သုံးပုံ။

a. ***Opening*** the window, he entered the house. (V.4 ပုံစံ ဖြင့်)
ပြူတင်းပေါက်ကို ဖွင့်၍ သူ အိမ် ထဲ ကို ဝင်ခဲ့သည်။
[ကတ္တား He တစ်ခုတည်းက open ကိုလုပ်ပြီး enter ကို ဆက်ပြုလုပ်သည်]

b. ***Hearing*** gun fire, the birds started flying. (V.4 ပုံစံ ဖြင့်)
သေနတ်သံကို ကြားသဖြင့် , ငှက်များ ထ ပျံခဲ့ကြသည်။
[ကတ္တား birds တစ်ခုတည်းက hear ကိုလုပ်ပြီး fly ကို ဆက်ပြုလုပ်သည်]

c. ***Sitting*** down on the ground, he gazed away. (V.4 ပုံစံ ဖြင့်)
မြေပြင်ပေါ် ထိုင် ချလိုက်ပြီး သူသည် အဝေးကို ငေးကြည့်နေခဲ့သည်။
[ကတ္တား he တစ်ခုတည်းက sit ကိုလုပ်ပြီး gaze ကို ဆက်ပြုလုပ်သည်]

3. ကတ္တားထူ ကြိယာကဲ့ အခြား နမူနာများ

a. ***Walking*** in the park, he found a gold ring. (V.4 ပုံစံ ဖြင့်)
ပန်းခြံထဲ လမ်းလျှောက်နေစဉ် သူသည် ရွှေလက်စွပ်တစ်ကွင်း တွေ့ ခဲ့သည်။

b. ***Entering*** the house, she did not find her baby. (V.4 ပုံစံ ဖြင့်)
အိမ်ထဲ ဝင်လာသောအခါ သူမသည် သူမ၏ကလေးကို မတွေ့ ခဲ့ရပေ။

c. ***Being fond*** of cats, she keeps them in her bed. (being + Adj ပုံစံ ဖြင့်)
ကြောင်များကို ချစ်သောကြောင့် သူမသည် ၎င်းတို့ ကို သူမ၏ အိပ်ရာမှာ ထားသည်။

d. ***Being arrested***, the man no longer stole. (being + V.3 ပုံစံဖြင့်)
အဖမ်းခံခဲ့ရပြီးနောက် သူသည် နောက်ထပ် မခိုးခဲ့တော့ပေ။

e. ***Being*** a hunter, he does not fear to hunt bears. (being ပုံစံဖြင့်)
မုဆိုး တစ်ယောက် ဖြစ်သဖြင့် သူသည် ဝက်ဝံများကို လိုက်ရတာ မကြောက်ပါ။

f. Not ***Knowing*** the way, you should asked a policeman. (V.4 ကို အငြင်း ဖြစ်ရန် not တွဲသုံးသည်)
လမ်း မသိ ပါက (လျှင်) သင်သည် ရဲ တစ်ယောက်ကိုမေးသင့်သည်။

g. ***Being*** very ***rich***, he did not buy any car. (being + Adj ပုံစံဖြင့်)
အလွန် ချမ်းသာသော်လည်း သူသည် ဘာကားမှ မဝယ်ခဲ့ချေ။

h. ***Having eaten*** the dinner, he slept in the arm-chair. (having + V.3 ပုံစံဖြင့်)
ညစာ စားခဲ့ပြီးနောက် သူသည် ပက်လက်ကုလားထိုင်မှာ အိပ်ခဲ့သည်။

i. ***Having passed*** the exam, he did not have any job. (having + V.3 ပုံစံဖြင့်)
စာမေးပွဲကို အောင်ခဲ့သော်လည်း သူ. မှာ ဘာအလုပ်မှ မရှိခဲ့ပါ။

j. ***Having been*** a school teacher, U Pu knew everything about children. (having been ပုံစံဖြင့်)
ကျောင်းဆရာတစ်ဦး ဖြစ်ခဲ့သောကြောင့် ဦးပုသည် ကလေးတွေအကြောင်း အရာရာကိုသိခဲ့သည်။

k. ***Having been hungry***, he used to eat boiled maize. (having + been + Adj ပုံစံဖြင့်)
ဗိုက်ဆာခဲ့သောအခါ သူသည် ပြောင်းဖူးပြုတ်ကို စားလေ့ရှိခဲ့သည်။

l. ***Having been accused of*** murder, he was sentenced to death. (having + been + V.3 ပုံစံဖြင့်)
လူသတ်မှု ဖြင့် စွပ်စွဲခံခဲ့ရပြီးနောက် သူသည် သေဒဏ်ပေးခြင်းခံခဲ့ရသည်။

m. ***Caught*** in a trap, my cat dared not approach it. (T.V.3 ပုံစံဖြင့်)
ထောင်ချောက်ထဲ ဖမ်းခံ (မိ) ပြီးနောက် ကျွန်ုပ်၏ ကြောင်သည် ၎င်းအနားမကပ်ရဲခဲ့ပေ။

n. ***Praised*** by the school principal, the students got very elated. (T.V.3 + by Noun ပုံစံဖြင့်)
ကျောင်းအုပ်ဆရာကြီး၏ ချီးကျူးခြင်းကိုခံရသောကြောင့် ကျောင်းသားများအလွန်တက်ကြွသွားခဲ့ကြသည်။

o. ***Sent*** to the monastery by his father, he became a novice. (T.V.3 ပုံစံဖြင့်)

Scanned by CamScanner

သူသည် ဘုန်းကြီးကျောင်းသို့ သူ့အဖေ၏ ပို့ခြင်းခံရ ၍ သူသည် ကိုရင်တစ်ပါးဖြစ်လာခဲ့သည်။

4. ကတ္တားကွဲ ကြိယာကွဲ နမူနာဝါကျများ။

a. The bus *arriving*, we must get on quickly. (V.4 ပုံစံဖြင့်)
ဌင်းဘတ် စ် ကား ရောက်လာသောအခါ ကျွန်ုပ်တို့ မြန်မြန် တက်ကြရမည်။

b. Fortune *favouring*, we will be able to meet again. (V.4 ပုံစံဖြင့်)
ကံတရားက သက်ညှာ ထောက်ထားပါက ငါတို့ ပြန်တွေ့ဆုံနိုင်ကြလိမ့်မည်။

c. Summer *coming* on , old leaves start falling. (V.4 ပုံစံဖြင့်)
နွေ ရောက်လာသောကြောင့် ရွက်ဟောင်းများ စ၍ ကြွေကြသည်။

d. The man *being* very *poor*, I did not despise him. (being + Adj ပုံစံဖြင့်)
ယင်းလူကြီးသည် အလွန် ဆင်းရဲသော်လည်း ကျွန်ုပ် သူ့ကို အထင်မသေးခဲ့ပါ။

e. The weather *being hot*, we had to lie under the trees. (being + Adj ပုံစံဖြင့်)
ရာသီဥတု ပူသောကြောင့် ကျွန်ုပ်တို့ သစ်ပင်များအောက်မှာ လှဲလျောင်းနေခဲ့ရသည်။

f. His money *being stolen*, he could not continue his journey. (being + T.V.3 ပုံစံဖြင့်)
သူ့ ပိုက်ဆံ ခိုးခံရ သောကြောင့် သူသည် သူ၏ခရီးကို မဆက်နိုင်ခဲ့ပေ။

g. His son *having left* home, Daw Kyi was broken-hearted. (having + V.3 ပုံစံဖြင့်)
သူ၏သား အိမ်က ထွက်သွားခဲ့ပြီးနောက် ဒေါ်ကြည်သည် ရင်ကွဲနာကျခဲ့သည်။

h. Her daughter *having been* a nun, Daw Mya felt light-hearted. (having + been ပုံစံဖြင့်)
သူမ၏ သမီး သီလရှင် ဖြစ်သွားခဲ့ သောကြောင့် ဒေါ်မြသည် စိတ် ပေါ့. သွားခဲ့သည်။

i. The man *having been* very *depressed*, he committed suicide. (having + been + Adj ပုံစံဖြင့်)
ယင်း လူကြီးသည် အလွန် စိတ်ဓာတ်ကျခဲ့သဖြင့် သူ. ကိုယ်သူ သတ်သေသွားခဲ့သည်။

j. The company *having been closed*, they had to give up their jobs. (having + been + T.V.3 ပုံစံဖြင့်)
ဌင်း ကုမ္ပဏီ ပိတ်ခံခဲ့ရသောကြောင့် သူတို. သည် သူတို. အလုပ်များကို စွန်. လွှတ်ခဲ့ရသည်။

14.11 **Present Participle (V.4)** ကို O.C အဖြစ်သုံးပုံကို နှာ 92 - 8. 8 - B နှင့် နှာ 94 - B ၌ရှု ။

14.12 **Past Participle (V.3)** ကို O.C အဖြစ်သုံးပုံကို နှာ 93 - C၊ နှာ 94- C နှင့် နှာ 96- B ၌ရှု။

14.13 Gerund , full Infinitive , Participle တို့အတွက်မှတ်စရာယေ အကျဉ်းချုပ်

1. Gerund ကိုအခြားဝါကျထဲ၌ S , S.C , O , O.C , D.O , P.Ph ထဲက N အဖြစ်တာဝန်ပေး၍ သုံးရန်ဖြစ်သည်။
2. Full Infinitive ကို အခြားဝါကျတစ်ခုထဲ၌ S , S.C , O , O.C , D.O , Adj , Adv တာဝန်များပေး၍ သုံးရန်ဖြစ်သည်။
3. Participle ကို အခြားဝါကျတစ်ခုထဲ၌ O.C , Adj , Adv တာဝန်များပေး၍ သုံးရန်ဖြစ်သည်။

14.14 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါအင်္ဂလိပ်ဝါကျများကို မြန်မာဘာသာပြန်ဆို၍ Gerund သို့မဟုတ် ဌင်း Gerund ဦးဆောင်သောပုဒ်စုကို အောက်၌ မျဉ်းသားပြပါ။

a. Reading newspaper is my hobby. = (newspaper = သတင်းစာ၊ hobby = ဝါသနာ)

b. Being wealthy cannot bring happiness. = (wealthy = ကြွယ်ဝချမ်းသာသော၊ bring = ဆောင်သည်၊ happiness = ချမ်းမြေ့မှု)

c. I like playing football. = (play = ကစားသည်။)

d. He escaped from being arrested. = (escaped = လွတ်မြောက်ခဲ့သည်။ arrest = ဖမ်းဆီးသည် (T.V))

e. I was very sorry for having spilt coffee on her. = (sorry = စိတ်မကောင်းဖြစ်သော၊ spilt = ဖိတ်ကျစေသည်)

f. Sleeping means resting. = (rest = နားနေသည်၊ mean = အဓိပ္ပါယ်ဆောင်သည် (T.V))

2. အောက်ပါအင်္ဂလိပ်ဝါကျများ၌ မျဉ်းသားပြထားသော ကာလအကန့်.အသတ်မဲ့ကြိယာ (သို့.မဟုတ်)ဌင်းကြိယာ

Scanned by CamScanner

ဦးဆောင်သောပုဒ်စုကို မည်သည့်တာဝန်ဖြင့် သုံးထားသနည်း။

a. Swimming makes us fit. (make = ----စေသည် (C.V) ၊ fit = ကြံ့ခိုင်သော)
ရေကူးခြင်းသည် ကျွန်ုပ်တို့ကို ကြံ့ခိုင်စေသည်။

b. To help the poor is our responsibility. (help = ကူညီသည်၊ the poor = ဆင်းရဲသူများ။ respnsibility = တာဝန်)
ဆင်းရဲသူများကိုကူညီခြင်းသည် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။

c. I want to know where he lived. (want = အလိုရှိသည် (T.V)၊ know = သိသည် ၊ lived = နေခဲ့သည်)
သူ ဘယ်မှာ နေခဲ့တယ်ဆိုတာကို သိခြင်းကို ကျွန်ုပ် အလိုရှိသည်။ (သိချင်သည်)

d. I do not want to be hated. (hate = မုန်းသည်)
အမုန်းခံရခြင်းကို ကျွန်ုပ် အလိုမရှိပါ။

e. To be successful does not mean to achieve something. (successful = အောင်မြင်သော ၊ achieve = ဆွတ်ခူးရရှိသည် ၊ something = တစ်ခုခု)
အောင်မြင်ရေး သည် တစ်စုံတစ်ခုကို ဆွတ်ခူးရရှိခြင်းကို အဓိပ္ပါယ်မဆောင်ပါ ။

f. The mission will leave to negotiate the two conflicts. (mission = မစ်ရှင်အဖွဲ့ ၊ leave = ထွက်ခွာသည် ၊ negotiate = စေ့စပ်ဖြန်ဖြေသည် ၊ conflicts = ဆန့်ကျင်ဖက် အတိုက်အခံ)
၄င်း မစ်ရှင်အဖွဲ့သည် ဆန့်ကျင်ဖက် အတိုက်အခံ နှစ်ခုကို ဖြန်ဖြေရန် ထွက်ခွာကြလိမ့်မည်။

g. Coming into the room I slipped and fell. (into = ထဲသို့ ၊ slipped = ချော်ခဲ့သည် ၊ fell = လဲခဲ့သည်)
အခန်းထဲသို့ဝင်လာစဉ် ကျွန်ုပ် ချော်လဲခဲ့သည်။

3. အောက်ပါ ဝါကျများ၌ ပါဝင်ကြသော Participle ပုဒ်စုများသည် ကတ္တားတူ ကြိယာကွဲ ဖြစ်သလား ၊ ကတ္တားကွဲ ကြိယာကွဲ ဖြစ်သလား ဆိုသည်ကို ဖော်ထုတ်ပြပါ။

a. The rain leaving, a rainbow remained.
(မိုးသည် ထွက်ခွာသွားသောအခါ သက်တန့်တစ်ခု ကျန်ရစ်ခဲ့သည်။)

b. Sleeping in the bus, I had my money stolen.
(ကားထဲ အိပ်ပျော်နေစဉ် ကျွန်ုပ် ပိုက်ဆံ အခိုးခံခဲ့ရသည်။)

c. The tide having been very high, the small island cannot be seen.
(၄င်း ဒီရေ အလွန်မြင့်ခဲ့သောကြောင့် ၄င်းကျွန်းကလေးကို မမြင်နိုင်တော့ပါ။)

d. Cargos being so heavy, the ship sinks.
(ကုန်ပစ္စည်း အလွန်လေးသောကြောင့် ၄င်းသဘော်ဘာ နစ်မြုပ်သွားသည်၊)

e. Feeling very sad, I burst into tear.
(အလွန်ဝမ်းနည်းသောကြောင့် ကျွန်ုပ် ငိုချပစ်လိုက်သည်။)

4. ကာလအကန့်အသတ်မဲ့ ကြိယာကိုသုံး၍ အောက်ပါမြန်မာဝါကျများကို အင်္ဂလိပ်လိုပြန်ရေးပါ ။ ကာလအကန့်အသတ်မဲ့ ကြိယာ (သို့မဟုတ်) ၄င်းကြိယာ ဦးဆောင်သောပုဒ်စုကို မျဉ်းသားပြထားပါသည်။

a. အင်္ဂလိပ်စာကို သင်ယူခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းသည်။ (learn = သင်ယူသည်။ interesting = စိတ်ဝင်စားဖွယ်ကောင်းသော)

b. အင်္ဂလိပ်စာကို သင်ယူခြင်း ကို ကျွန်ုပ် နှစ်သက်သည်။ (like = နှစ်သက်သည်။)

c. ရထားသည် ဘူတာကိုချဉ်းကပ်စဉ် ခရီးသည်များအသင့်ပြင်ကြသည်။ (train = ရထား ၊ station = ဘူတာ ၊ approach = ချဉ်းကပ်သည်။ get ready = အသင့်ပြင်သည်)

d. အလွန်ပျင်းခဲ့သောကြောင့်၊ သူ စာမေးပွဲကျခဲ့သည်။ (lazy = ပျင်းသော ၊ failed = ကျခဲ့သည် ၊ examination = စာမေးပွဲ

e. အင်္ဂလိပ်စာကို သင်ယူရန် ကျွန်ုပ် မနှစ်လေးမှာနေသည်။

ကာလကန့်သတ်မဲ့ကြိယာ အဆန်းပြီးပြီ။

Scanned by CamScanner

UNIT - 15

ADVERB or ADJUNCT (ကြိယာဝိသေသန)

နံပါတ် အကြောင်းအရာ စာမျက်နှာ

15. 1 ကြိယာဝိသေသန (Adv) အမျိုးအစား (8) မျိုး ---------- 229
15. 2 နိပါတ် (Particle) ---------- 229
15. 3 ပါတိစိပယ်-လ် (Participle) ---------- 229
15. 4 ဖူး-လ် အဉ်ဖစ်နစ်တစ် (Full infinitive) ---------- 229
15. 5 နာမ်ပုဒ်စု ကြိယာဝိသေသန (Noun Group Adverb) ---------- 230
15. 6 ဝိဘတ်ပုဒ်စု (Prepositional Phrase = P.Ph) ---------- 231
15. 7 ပုံသေဝိဘတ်ပုဒ်စု (Fixed Prepositional Phrase = FP.Ph) ---------- 231
15. 8 ကြိယာဝိသေသနဝါကျ (Adverb Clause = Adv.Cl) ---------- 232
15. 9 ရိုးရိုးကြိယာဝိသေသန (Ordinary Adverb) (13) မျိုး ---------- 232
15. 10 အချိန်ပြကြိယာဝိသေသန (Time Adverb) ---------- 232
15. 11 နေရာပြကြိယာဝိသေသန (Place Adverb) ---------- 233
15. 12 အမူအရာပြ ကြိယာဝိသေသန (Manner Adverb) ---------- 233
15. 13 ကြာချိန်ကာလပြကြိယာဝိသေသန (Duration Adverb) ---------- 233
15. 14 အခေါက် အကြိမ်ပြကြိယာဝိသေသန (Frequency Adverb) ---------- 233
15. 15 စကားအဆက်အစပ်ပြကြိယာဝိသေသန (Linking Adverb) ---------- 234
15. 16 အတိုင်းအတာပြ ကြိယာဝိသေသန (Degree Adverb) ---------- 234
15. 17 စူးစိုက်မှုပြကြိယာဝိသေသန (Focusing Adverb) ---------- 234
15. 18 အငြင်း ကြိယာဝိသေသန (Negative Adverb) ---------- 234
15. 19 အမေးကြိယာဝိသေသန (Interrogative Adverb) ---------- 234
15. 20 အဆက် ကြိယာဝိသေသန (Relative Adverb) ---------- 235
15. 21 ဝါကျအစပျိုး ကြိယာဝိသေသန (Sentence Adverb) ---------- 235
15. 22 အလေးပေးမှုပြကြိယာဝိသေသန (Emphasizing Adverb) ---------- 235
15. 23 ကြိယာဝိသေသနတို့၏တည်နေရာ (Position of Adverbs) ---------- 235
15. 24 ကြိယာဝိသေသနတို့၏နှိုင်းယှဉ်မှု (Comparison of Adverbs) ---------- 240
15. 25 ပုံမမှန်သောကြိယာဝိသေသနများ (Irregular Adverbs) ---------- 240
15. 26 နာမဝိသေသနအနေနှင့်ရော ကြိယာဝိသေသနအနေနှင့်ပါ သုံးသောဝေါဟာရများ ------ 240
15. 27 ကြိယာဝိသေသနတို့၏ အလုပ်တာဝန်များ ---------- 241
15. 28 လက်တွေ့လေ့ကျင့်ခန်းများ ---------- 241

Scanned by CamScanner

15.1 ADVERB or ADJUNCT = ကြိယာဝိသေသန

ကြိယာ (Verb) တစ်ခု၏ အနက်အဓိပ္ပါယ်ကို ပို၍ထူးခြားသွားစေသော စကား သို့မဟုတ် စကားစုကို ကြိယာဝိသေသန ဟုခေါ်သည်။ ကြိယာဝိသေသန၌ အမျိုးအစားအားဖြင့် အောက်ပါအတိုင်း (8) မျိုးကွဲပြားပါသည်။

1. **Particle** = နိပါတ်
2. **Participle**
3. **Full Infinitive** = (to V.1)
4. **Noun Group** = နာမ်အုပ်စု
5. **Prepositional Phrase** = ဝိဘတ်ပုဒ်စု
6. **Fixed Prepositional Phrase** = ပုံသေဝိဘတ်ပုဒ်စု
7. **Adverb Clause** = ကြို/ဝိ ဝါကျ
8. **Ordinary Adv** = ရိုးရိုး ကြို/ဝိ

15.2 Particle = နိပါတ်

(နိပါတ်များကို နှာ 190 - 12. 8 ၌ပြခဲ့ပြီ။ ယခုဝါကျထဲသုံးပုံကိုသာပြပါမည်။)

1. He has to be shuttling overseas. = သူသည် နိုင်ငံရပ်ခြားကို လွန်းထိုးသလို သွားနေရသည်။
2. Nobody is near. = ဘယ်သူမှ အနီးမှာ မရှိဘူး။
3. Keep your head low. = သင့် ဦးခေါင်းကို နိမ့်နိမ့်ထားပါ။ (ခေါင်းငုံ့ပါ။)
4. Sit together and keep abreast. = အတူ ထိုင်ပြီး ဘေးချင်းကပ်ထားပါ။
5. We crawled underneath between the two wheels. = ဘီးနှစ်ဘီးကြား အောက်မှာ ငါတို့ ဝမ်းလျားထိုးသွားခဲ့သည်။
6. A balloon moved eastward. = မိုးပျံပူဖောင်းတစ်ခုသည် အရှေ့အရပ်ဖက်သို့ ရွှေ့လျားသွားခဲ့သည်။
7. The moon looks moving in and out among clouds. = လ သည် မိုးတိမ်များကြားထဲ ဝင်လိုက်ထွက်လိုက်ရွှေ့နေဟန်ရှိသည်။
8. The warships are offshore bound . = စစ်ရေယာဉ်များသည် ကမ်းလွန်သို့ ထွက်ရန်တာစူနေကြသည်။
9. The scent of morality can waft upwind. = အကျင့်သီလတည်းဟူသော ရနံ့သည် လေကိုဆန့်၍ လွင့်ပြန့်နိုင်သည်။
10. My village lies halfway along the Chindwin. = ကျွန်ုပ်၏ရွာသည် ချင်းတွင်းမြစ်တစ်လျှောက် ခရီးတစ်ဝက်မှာ ရှိသည်။

ဒုတိယချက်။ ။ Particle အမျိုးအစား Adv သည် P.Ph ၏ရှေ့မှာကပ်၍လည်း နေတတ်သည်။

1. A thief hid himself *down* in the hole. = ဝင်းသူခိုးသည် ဝင်းတွင်းထဲ အောက်ဖက်မှာ ပုန်းခဲ့သည်။
2. Don't keep on sitting *halfway* up the stairs = လှေခါးထစ်အတက် တစ်ဝက်မှာ ထိုင်ထိုင်မနေပါနှင့်။
3. *Out* by my cottage was a land-mine. = ကျွန်ုပ်၏ တဲဘေး အပြင်ဖက်မှာ မြေမြှုပ်မိုင်းတစ်ခု ရှိခဲ့သည်။
4. Bats sleep *upside down* under the ceiling. = လင်းနို့များသည် မျက်နှာကျက်အောက်မှာ စောက်ထိုးအိပ်ကြသည်။
5. Don't keep yourself far *away* from me. = ငါထံမှ ဝေးဝေး ခွါမနေပါနဲ့။

15.3 Participle

Participle များကို Adv အဖြစ်တာဝန်ပေး၍ ဝါကျထဲသုံးပုံကို နှာ 224 - 14.10 ၌ပြန်ရှု ပါ။

15.4 Full Infinitive = (to V.1)

to V.1 ကို (----ရန်/ဖို့) ဟူသော အနက်နှင့် ကြို/ဝိအဖြစ်သုံးနိုင်သည်။

1. I came to eliminate all opponents.
   ရန်သူအားလုံးကို သုတ်သင်ဖို့ ငါလာခဲ့သည်။
2. We went there to help them .
   သူတို့ကို ကူညီရန် ကျွန်ုပ်တို့ အဲဒီကို သွားခဲ့သည်။
3. He moved to home for the elderly to evade his bad sons.
   သူသည် သူ၏ သားဆိုးများကို ရှောင်ခွါရန် ဘိုးဘွားရိပ်သာသို့ ပြောင်းရွှေ့ခဲ့သည်။
4. The driver stopped the bus to check the engine.
   ကားဆရာက အင်ဂျင်ကို စစ်ဆေးရန် ဘတ်စ်ကားကိုရပ်ခဲ့သည်။
5. The children run to take bath in the rain.
   ကလေးများသည် မိုးထဲ ရေချိုးရန် ပြေးကြသည်။
6. The train is to leave quite soon.
   ၄င်းရထားသည် သိပ်မကြာခင်မှာ ထွက်ဖို့ရှိသည်။

Scanned by CamScanner

နှတ်ချက်။ ။ to V.1 ကဲ့သို့ပင် in order to V.1နှင့် so as to V.1 တို့ကိုလည်းသုံးနိုင်သည်။ (---နိုင်ရန်/---နိုင်စေရန်/---စေဖို့) ဟု အနက်ပေးပါ။

1. She left her job in order to help her husband's business.
သူမသည် သူမခင်ပွန်း၏လုပ်ငန်းကို ကူညီနိုင်စေရန် သူမ၏အလုပ်ကထွက်ခဲ့သည်။
2. I had my dinner late so as to meet him at the dinner. =
ညစာစားချိန်မှာ သူ့ကို တွေ့ဆုံနိုင်အောင် ကျွန်ုပ် ညစာကိုနောက်ကျကျစားခဲ့သည်။

နှတ်ချက်။ ။ to V.1 နှင့်အလားတူသော to be Adj ကိုလည်းသုံးပြန်ပါသည်။

The students studied Japnese in order to be convenient when in Japan.
ဂျပန်ရောက်သောအခါ အဆင်ပြေစေဖို့ ကျောင်းသားများ ဂျပန်ဘာသာကို လေ့လာခဲ့ကြသည်။
We should avoid eating chicken so as not to be afflicted with bird-flu.
ကြက်ငှက်တုပ်ကွေးရောဂါ မခံစားရစေရန် ကျွန်ုပ်တို့ ကြက်သားစားခြင်းကိုရှောင်သင့်သည်။

နှတ်ချက်။ ။ to V.1 ၏ Passive Voice ဖြစ်သော to be V.3 ကိုလည်း (---ခြင်းခံရရန်/ဖို့) အနက်ဖြင့်အလားတူသုံးသည်။

He deliberately eats vegetable in order to be praised by others.
သူသည် အခြားသူများ၏ ချီးမွမ်းခြင်းကိုခံရဖို့ အသီးအရွက်ကို တမင်သက်သက်စားသည်။
He is certain to be chosen as president. = သူသည် သမ္မတအဖြစ် ရွေးချယ်ခံရဖို့ သေချာသည်။

နှတ်ချက်။ ။ to V.1ကို (---ရန်/ဖို့) ဟု ဘာသာမပြန်ရပဲ (---ခြင်းကို/တာကို) ဟုပြန်ရသောအခါများစွာရှိသည်။ အောက်ပါ ပင်မကြိယာများ၏နောက်မှာ to V.1 ကို သုံးသောအခါ (---ရန်/ဖို့) ဟု ကြို/ဝိ (Adv) အနက်ဖြင့်မပြန်ရပဲ (----ခြင်းကို/တာကို) ဟု ကံ (O) အနက်ဖြင့်ပြန်ရ၏။

admit = ဝန်ခံသည်	fail = မအောင်မြင်/ပျက်ကွက်	promise = ကတိပြုသည်
consent = ။	forget = မေ့ လျော့သည်	refuse = ငြင်းပယ်သည်
afford = တတ်နိုင်သည်	help = ကူညီသည်	venture = စွန့်စားသည်
agree = သဘောတူသည်	hope = မျှော်လင့်သည်	vow = အဓိဋ္ဌာန်ပြုသည်
arrange = စီစဉ်သည်	intend = ရည်ရွယ်သည်	wait = စောင့်ဆိုင်းသည်
try = ကြိုးစားသည်	learn = သင်သူသည်	want = လိုချင်သည်
attempt = ကြိုးပမ်းသည်	manage = ----ဖြစ်သည်/စွမ်းနိုင်သည်	wish = ။
decide = ဆုံးဖြတ်သည်	mean = ဆိုလိုသည်	deny = ငြင်းဆိုသည်
demand = တောင်းဆိုသည်	need = လိုအပ်သည်	continue = ဆက်လုပ်/ဆက်ပြုသည်
deserve = ထိုက်တန်သည်	neglect = လစ်လျူရှုသည်	like = နှစ်သက်သည်
desire = ဆန္ဒရှိသည်	offer = ကမ်းလှမ်းသည်	propose = အဆိုပြုသည်
start = အစပြုသည်	pretend = ဟန်ဆောင်သည်	allow = ခွင့်ပေးသည်
begin = ။	dislike = မနှစ်သက်	expect = မျှော်လင့်သည်

1. I want to be a musician. = ကျွန်ုပ်သည် ဂီတပညာရှင်တစ်ဦး ဖြစ်ခြင်းကို အလိုရှိသည်။
2. I cannot afford to buy a car. = ကျွန်ုပ်သည် ကားတစ်သီး ဝယ်ခြင်းကို မတတ်နိုင်ပါ။
3. Some birds can pretend to die.= အချို့ငှက်များသည် သေခြင်းကို ဟန်ဆောင်တတ်ကြသည်။
4. The terrorist deserves to be imprisoned. = ၄င်းအကြမ်းဖက်သမားသည် အကျဉ်းချခံရခြင်းကို ထိုက်တန်သည်။
5. The birds started to fly as it rained. = မိုးရွာခဲ့တော့ ငှက်များသည် ပျံသန်းခြင်းကို အစပြုခဲ့ကြသည်။

15.5 Noun Group Adverb = နာမ်ပုဒ်စု ကြိယာဝိသေသန

ဝိဘတ်များ ၊ နိပါတ် (particle) များ မပါပဲ နာမ် (N) တစ်ခု အဓိကပါဝင်သော ကြိယာဝိသေသနကို Noun Group / ဟုခေါ်သည်။ များသောအားဖြင့် အချိန်ပြကြို/ဝိ (Time Adv) နှင့် ကြာချိန်ပြကြို/ဝိ (Duration Adv) မျိုးဌပါဝင်ကြ ။ နောက် ခေါင်းစဉ်များဌလည်း ဖော်ပြပါဦးမည်။

Scanned by CamScanner

one day = တစ်နေ့
the day = ၄င်းနေ့မှာ
some day = တစ်နေ့နေ့မှာ
these days = ခုချိန်/ခုကာလမှာ
the other day = မကြာသေးမီရက်ပိုင်းက
this time tomorrow = မနက်ဖန်ဒီအချိန်မှာ
day after day = တစ်နေ့ပြီးတစ်နေ့
the day after tomorrow = သန်ဘက်ခါ

night and day = နေ့ရောညဥ့်ပါ
a moment = တစ်ခဏ
a minute = ၊
a month = တစ်လကြာကြာ
all day = တစ်နေ့လုံး
all night = တစ်ညလုံး
all afternoon = တစ်နေ့လည်လုံး
all summer = တစ်နွေလုံး ----စသည်---

1. One day an old man happened to arrive home.
   တစ်နေ့မှာ အဖိုးအိုတစ်ယောက် အိမ်ကို ရောက်ချလာခဲ့သည်။
2. Your hope will materialize some day.
   မင်းရဲ့ မျှော်လင့်ချက်တွေဟာ တစ်နေ့နေ့တော့ ဖြစ်မြောက်လာပါလိမ့်မယ်။
3. The other day I met your so-called hero.
   မကြာသေးမီရက်ပိုင်းက မင်းတို့ရဲ့ သူရဲကောင်းကြီး ဆိုတဲ့သူကို ငါတွေ့ခဲ့တယ်။
4. Lest ye fail, `strive night and day.
   သင် မကျရုံးအောင် နေ့ရောညဥ့်ပါ ကြိုးစားအားထုတ်ပါ။
5. Wait a minute.
   ခဏလောက် စောင့်ပါ။
6. He used to stay here a month or so.
   သူဟာ ဒီမှာ တစ်လသို့မဟုတ် အဲဒီလောက်လောက် တည်းခိုနေလေ့ရှိခဲ့တယ်။

15.6 Prepositional Phrase (P.Ph) = ဝိဘတ်ပုဒ်စု

P.Ph သည် နာမ်တစ်ခု၏နောက်မှာကပ်နေသောအခါ ၄င်းနာမ်ကိုအထူးပြုသော နာမ်နောက်နေ နာမဝိသေသနတာဝန် ယူလေ့ရှိသည်ကို Adj အခန်း၌ ပြခဲ့ပြီ။ ယခု P.Ph ကို ဝါကျတစ်ခုထဲ၌ကြိယာဝိသေသနတာဝန်ဖြင့်လည်းသုံးနိုင်ပါသည်။ သို့ဖြစ်၍ ဝိဘတ်ပုဒ်စု P.Ph မှန်လျှင်အဆိုပါတာဝန် နှစ်မျိုးဖြင့်သာ သုံးသည်ဟုမှတ်ပါ။ ကြိ/ဝိတာဝန်ယူသော P.Ph မှာ နေရာအား ဖြင့်အတိအကျပြော၍မရပေ။ ဝါကျတိုလျှင် ယေဘုယျအားဖြင့် နောက်ဆုံးမှာသာထားပါသည်။

1. The man lives in Mandalay.
   ၄င်းလူကြီးသည် မန္တလေးမှာ နေထိုင်သည်။ (မန္တလေးက ဟုဘာသာမပြန်ရ ။ Qualifier မဟုတ်)
2. We paid a visit to India.
   ကျွန်ုပ်တို့သည် အိန္ဒိယသို့ အလည်အပတ် သွားခဲ့ကြသည်။
3. She looks like her mother.
   သူမသည် ကြည့်ရတာ သူမ၏အမေကဲ့သို့ ပုံပေါ်သည်။ (သူမ၏အမေနှင့်တူသည်)
4. Shaolin monks teach Kungfu in their temples.
   ရှောင်လင်ဘုန်းကြီးများသည် ကွန်ဖူးသိုင်းကို သူတို့ကျောင်းတော်များမှာ သင်ပေးကြသည်။
5. I can smell something burning in the kitchen.
   မီးဖိုချောင်ထဲမှာတစ်ခုခုလောင်ကျွမ်းနေတာကို ကျွန်ုပ်အနံ့ရသည်။
6. U Ba had his money stolen because of me.
   ဦးဘသည် ကျွန်ုပ်ကြောင့် ပိုက်ဆံ အခိုးခံခဲ့ရသည်။

15.7 Fixed Prepositional Phrase (FP.Ph) = ပုံသေဝိဘတ်ပုဒ်စု

၄င်းကြိယာဝိသေသနမျိုးသည် ပုံသေဝိဘတ် ဦးစီးသော F.P.Ph ဖြစ်၏။ သို့ဖြစ်၍ ဝိဘတ်ကို မှားသုံးမိ၍မရပါ။ ဤအမျိုးအစားသည်လည်း နောက်၌ပြမည့် အချိန်ပြ ၊ ကြာချိန်ကာလပြ စသည့် အမျိုးအစားများ၌လည်းပါဝင်သွားကြဦးမည်။ ယင်းတို့ကိုလည်း ကြိယာဝိသေသန အဖြစ်ဖြင့်သာသုံးသည်။ ယခု နမူနာလောက်ကိုသာ ဖော်ပြပါမည်။

KKTT

Scanned by CamScanner

at present = လက်ရှိကာလမှာ
in the p[ast = အတိတ်မှာ
in the future = အနာဂတ်မှာ
in the olden days = ရှေးခေတ်က
at once = ချက်ချင်း
before long = များမကြာမီ
on an occassion = တစ်ခါတော့
on time = အချိန်ကိုက်
at dawn = အရုဏ်ဦးမှာ
at daybreak = "
in the morning = မနက်ခင်းမှာ

at tea time = လက်ဖက်ရည်သောက်ချိန်မှာ
at lunch time = နေ့လည်စာစားချိန်မှာ
at bed time = အိပ်ရာဝင်ချိန်မှာ
at ----o'clock = -----နာရီမှာ
on Sunday = တနင်္ဂနွေနေ့မှာ
on return = ပြန်လာသောအခါ
on arrival = ရောက်ရှိသောအခါ
on a journey = ခရီးသွားလျက်
on a tour = "
over the summer = တစ်နွေလုံးပေါက်
in the afternoon = နေ့လည်မှာ

for the weekend = စနေ တနင်္ဂနွေမှာ
for decades = ဆယ်စုနှစ်နှင့်ချီ၍
for centuries = ရာစုနှစ်နှင့်ချီ၍
in an hour = တစ်နာရီအတွင်း
in time = အချိန်မှီ
over night = တစ်ညတာ
at sun-rise = နေထွက်ချိန်မှာ
till now = ခုထိ
up to now = "
for years = နှစ်နှင့်ချီ၍ စသည်--

15.8 Adverb Clause (Adv.Cl) = ကြိယာဝိသေသနဝါကျ

Adv.Cl ကို အဆက်စကား (Conjunction) အခန်းဌာနအကျယ်တဝင့်ဖော်ပြခဲ့ပြီ။ ၄င်းသည်လည်း ဝါကျတစ်ခုလုံးသည် ကြိ/ဝိ တာဝန်ကိုယူသဖြင့် ကြိ/ဝိ (Adv) ပင်ဖြစ်သည်။ ၄င်း Adv.Cl ကို အမြီတမ်း ပင်မဝါကျ (M.Cl) နှင့်တွဲသုံးရသည်။ UNIT-16 မှ နမူနာဝါကျများကိုရှု ပါ။

15.9 Ordinary Adverb = ရိုးရိုး ကြိယာဝိသေသန

ရိုးရိုးကြိ/ဝိ အမျိုးအစား၌ အောက်ပါအတိုင်း ကြိ/ဝိ အမျိုးအစားပေါင်း (13) မျိုးကွဲပြားပြန်သည်။

1. Time Adv = အချိန်ပြ ကြိ/ဝိ
2. Place Adv = နေရာပြကြိ/ဝိ
3. Manner Adv = အပုံအရာပြ ကြိ/ဝိ
4. Duration Adv = ကြာချိန်ကာလပြကြိ/ဝိ
5. Frequency Adv = အခေါက် အကြိမ်ပြကြိ/ဝိ
6. Linking Adv = စကားအဆက်အစပ်ပြ ကြိ/ဝိ
7. Degree Adv = အတိုင်းအတာပြ ကြိ/ဝိ
8. Focusing Adv = စူးစိုက်မှု ပြ ကြိ/ဝိ
9. Negative Adv = အငြင်း ကြိ/ဝိ
10. Interrogative = အမေး ကြိ/ဝိ
11. Relative Adv = အဆက် ကြိ/ဝိ
12. Sentence Adv = ဝါကျအစပျိုး ကြိ/ဝိ
13. Emphasizing Adv = အလေးပေးမှု ပြ ကြိ/ဝိ

15.10 Time Adverb = အချိန်ပြ ကြိယာဝိသေသန

အထက်ကဖော်ပြခဲ့သော P.Ph နှင့် FP.Ph အမျိုးအစားများထဲမှ အချိန်နှင့်ပတ်သက်သောကြိ/ဝိများလည်းယခုအမျိုးအစား၌တစ်ဖန်ပြန်၍ပါဝင်၏။ (အချိန်ပြ ကြိ/ဝိ မှာ တစ်လုံးချင်းအားဖြင့် အလွန်များလှသည်။ နမူနာ ဝေါဟာရများကိုသာ ဖော်ပြပါမည်။)

nowadays = ယခုခေတ်အခါမှာ
now = ယခု
currently = လောလောဆယ်မှာ
presently = ခုချိန်မှာ
already = ----နှင့်ပြီ
earlier = စောစောက
recently = မကြာသေးမီက
lately = "
previously = ယခင်က
formerly = "
ever since = ထိုစဉ်ကတည်းက

beforehand = ကြိုတင်၍
before = အရင်က
previous to = ---ထက်အရင်က
prior to = "
meanwhile = ထိုစဉ်အတွင်း
in the mean time = "
so far = ယနေ့ထိ
instantly = ကောက်ခါ ငင်ခါ
no lnger = မ----တော့ဘူး
any longer = "
later = နောက်တော့

before long = များမကြာမီ
soon = မကြာမီ
shortly = "
from then on = ထိုအခါမှစ၍
afterwards = ထို့နောက်
then = "
next = "
two weeks ago = လွန်ခဲ့တဲ့နှစ်ပတ်က
at one time = တစ်ချိန်က
once = တစ်ခါက
once upon a time = လွန်လေပြီးသောခါ

Scanned by CamScanner

since = ထိုစဉ်ကတည်းက　later on = နောင်အခါမျာ်းမှာ　next week = နောက်အပတ်မှာ
yesterday = မနေ့က　finally = နောက်ဆုံးမှာ　sooner or later = အနှေးနှင့်အမြန်
tomorrow = မနက်ဖန်　eventually = 〃　immediately = ချက်ချင်း
yet = ခုထိ/ သေး　still = တုန်း/ဆဲ / သေး　--စသည်---

15.11 Place Adverb = နေရာပြ ကြိယာဝိသေသန

(နိပါတ် (Particle) အမျာ်းစုမှာလည်း နေရာပြကြို/ဝိ မျာ်းသာဖြစ်သည်။)

far = ဝေး၊ဝေး　world-wide = ကမ္ဘာတစ်ဝှန်း　widely = ကျယ်ကျယ်ပြန့်.ပြန့်.
deep = နက်နက်　nationally = တစ်မျိုးသား၊လုံး/တစ်နိုင်ငံလုံး　golbally = တစ်ကမ္ဘာလုံး
locally = ပြည်တွင်း၊မှာ/သို့.　internationally = နိုင်ငံတကာအား၊ဖြင့်　everywhere = နေရာတိုင်း၊မှာ/သို့.
somewhere =တစ်နေရာမှာ/သို့.　anywhere = ----။---/ မည်သည့်နေရာမှာမဆို　nowhere = ဘယ်နေရာမှာမှ/ကိုမှ

15.12 Manner Adverb = အပုံအရာပြ ကြိယာဝိသေသန

well = ကောင်း၊စွာ　effectively = ထိထိရောက်ရောက်　proudly = ဂုဏ်ယူစွာ
badly = ဆိုး၊ဆိုး၊ဝါး၊ဝါး　gently = သိမ်သိမ်မွေ့မွေ့　sincerely = အရိုး၊ခံသဘောဖြင့်
awkwardly = ကိုး၊ယို့၊ကား၊ယား　honestly = ရိုး၊ရိုး၊သား၊သား　directly = တည့်ထိုး/တိုက်ရိုက်
carefully = ဂရုတစိုက်　hurriedly = ကသုတ်ကရက်　boldly = အတင့်ရဲစွာ
closely = 〃　patiently = စိတ်ရှည်သည်း၊ခံ၍　innocently = အပြစ်မဲ့စွာ
politely = ယဉ်ယဉ်ကျေး၊ကျေး　openly = ပွင့်ပွင့်လင်း၊လင်း　casually = ရှောင်တခင်/ပေါ့ပေါ့တန်တန်
clearly = ရှင်း၊ရှင်း၊လင်း၊လင်း　thoroughly = စေ့စေ့စပ်စပ်　like this = ဒီလိုမျိုး
correctly = မှန်ကန်တိကျစွာ　urgently = အရေး၊တစ်ကြီး　sadly = ဝမ်း၊နည်း၊ပက်လက်
distantly = ခပ်စိမ်း၊စိမ်း　gladly = ဝမ်း၊မြောက်ဝမ်း၊သာ　publicly = လူသိရှင်ကြား စသည်------

15.13 Duration Adverb = ကြာချိန်ကာလပြ ကြိယာဝိသေသန

(၄င်းအမျိုးအစား၊ထဲမှ အချို့ကို P.Ph နှင့် FP.Ph အမျိုးအစား၌ဖော်ပြခဲ့ပြီ။)

briefly = ခေတ္တခဏ　all night = တစ်ညလုံး
forever = အစဉ်ထာဝရ　all winter = တစ်ဆောင်း၊တွင်း၊လုံး
long = ကြာရှည်စွာ　day by day = တစ်နေ့.ချင်း၊တစ်နေ့.ချင်း
indefinitely = အကန့်.အသတ်မရှိ　day after day = တစ်နေ့.ပြီး၊တစ်နေ့.
permenently = အမြဲတမ်း　for ------ = ပတ်လုံး/ကြာအောင်　(P.Ph)
temporarily = ယာယီအား၊ဖြင့်　since ----= ကတည်း၊က　(P.Ph)
all the year = တစ်နှစ်လုံး　during---- = အတောအတွင်း　(P.Ph)
from dawn to dusk = နေထွက်မှနေဝင်　till----- = တိုင်အောင်

15.14 Frequency Adverb = အဆက်အကြိမ်ပြ ကြိယာဝိသေသန

ever = တစ်ကြိမ်တစ်လေ　forever = အမြဲထာဝစဉ်　or more = အဲဒီထက်မျာ်း၍
never = တစ်ကြိမ်တစ်ခါမှ　all the time = တစ်ချိန်လုံး　every day = နေ့တိုင်း
always = အမြဲတမ်း　frequently = ထပ်ခါတလဲလဲ　daily = နေ့စဉ်/နေ့အလိုက်
often = မကြာခဏ　repeatedly = 〃　first = အစပဌမမှာ /ရှေး၌၊စွာ
sometimes = တစ်ခါတစ်ရံ　from time to time = ရံဖန်ရံခါ　secondly = ဒုတိယအကြိမ်
seldom = ----- ခဲလှ　occasionally = 〃　thirdly = တတိယအကြိမ်
usually =---လေ့ရှိ/ပုံမှန်အား၊ဖြင့်　normally = ပုံမှန်အား၊ဖြင့်　for the first time = ပဌမအကြိမ်အနေနှင့်

Scanned by CamScanner

regularly = ပုံမှန် constantly = အမြဲပုံသေအား‌ဖြင့် hourly = နာရီတိုင်း
once = တစ်ကြိမ် intermittantly = ပြတ်တောင်းပြတ်တောင်း weekly = အပတ်တိုင်း
twice = နှစ်ကြိမ် or so = အဲဒီလောက်လောက် yearly = နှစ်စဉ်
three times = သုံးကြိမ် or less = အဲဒီထက်နည်းနည်း anually = ၊ စသည်----

15.15 Linking Adverb = စကားအဆက်အစပ်ပြ ကြိယာဝိသေသန

as well = လဲပဲ now = ကိုင်း/ကဲ/ယခု accordingly = ဤသို့.ဖြင့်
also = လဲပဲ well = အင်း /အေး thus = သို့.ဖြစ်၍ / ၊
at the same time = တစ်ချိန်တည်းမှ rather = ဒီလိုမဟုတ်ပဲ hence = ၊
moreover = ဒါ့အပြင် in fact = တကယ်တော့ consequently = ထို့.ကြောင့်
in addition = ၊ indeed = စင်စစ်မတော့ so = ၊ / ဒီလိုပေါ့လေ
again = တစ်ဖန်/ဒီနောက် equally = ဒီတိုင်းပါပဲ in conclusion = နိဂုံးချုပ်အနေနှင့်
in the same way = ထိုနည်းတူ instead = အဲဒီအစား actually = တကယ်တော့
in the like manner = ၊ conversely = ပြောင်းပြန် by the way = စကားမစပ်
similarly = အလားတူပဲ on the contrary = ၊ any way = ဘယ်လိုပဲရှိစေ
likewise = ၊ on the other hand = တစ်ဖက်မှာတော့ as a matter of fact = အမှန်တကယ်တော့

15.16 Degree Adverb = အတိုင်းအတာပြ ကြိယာဝိသေသန

(နှာ 208 - 13. 14 မှ Sub-modifier များအား‌လုံးပါဝင်သည်။ ပြန်ရှု ပါ ။)

really = အမှန်တကယ် mostly = အများစုအား‌ဖြင့် much more = အများကြီးပို၍
incredibly = မယုံနိုင်လောက်အောင် far = အလွန်/အပြတ်အသတ် a little = အနည်းအကျဉ်း
enough = ---သင့်သလောက်/လုံလောက်စွာ much = များစွာ a little bit = ၊
almost = လုနီးနီး very much = အလွန်များစွာ best = အများဆုံး
nearly = ၊ a lot = အများကြီး most = ၊
fully = အပြည့်အဝ a great deal = ၊ more = ပို၍
mainly = အဓိကအား‌ဖြင့် a good deal = ၊ less = ပိုနည်း၍

15.17 Focusing Adverb = ရွေးချိုက်မှုပြ ကြိယာဝိသေသန

primarily = အခြေခံအား‌ဖြင့် alone = သီးသန့်.တစ်ခုတည်း exclusively = အထူးသီးသန့်.
chiefly = အဓိကအား‌ဖြင့် only = ---သာလျှင် merely = ရုံမျှ /သက်သက်
mainly = ၊ just = မျှ/ရုံမျှ/ကလေး simply = ၊ ၊

15.18 Negative Adverb = အငြင်း ကြိယာဝိသေသန

not = -----မ scarcely = မ----သလောက် seldom = ----ခဲလှ
nor = ---လည်း မ---- hardly = -----။-----/ခဲလှ neither = မ------
never = ဘယ်တော့မှ /တစ်ခါမှ rarely = ----ခဲလှ barely = ----သည်ဆိုရုံမျှ

15.19 Interrogative Adverb = အမေး ကြိယာဝိသေသန (လဲ အမေး အခန်း၌ ပြခဲ့ပြီ။)

how = ဘယ်လို /ဘယ်လောက် where = ဘယ်မှာ/ဘယ်ကို what time = ဘယ်နှစ်နာရီမှာ
why = ဘာ့ကြောင့် wherever = ဘယ်မှာများ/ဘယ်ကိုများ when = ဘယ်အချိန်မှာ
whenever = ဘယ်အချိန်မှာများ

Scanned by CamScanner

15.20 Relative Adverb = အဆက် ကြိယာဝိသေသန (နှာ 164 - 10. 27 ၌ပြခဲ့ပြီး။)

how = ----သောနည်းလမ်း (---ပုံ---နည်း /ဘယ်လို-----တယ်ဆိုတာ)
why = -----သောအကြောင်းရင်း (ဘာကြောင့်-----တယ်ဆိုတာ)
where = သောနေရာ (ဘယ်မှာ/ဘယ်ကို -----တယ်ဆိုတာ)
what time =----သောအချိန် (ဘယ်အချိန်----တယ်ဆိုတာ)
when = -------॥------- (ဘယ်အချိန်----တယ်ဆိုတာ)
how + Adv = ဘယ်လောက်----တယ်ဆိုတာ

15.21 Sentence Adverb = ဝါကျအစပျိုး ကြိယာဝိသေသန (ဝါကျ၏ ရှေ့ဆုံး၌ထား၍သုံးသည်။)

luckily = ကံကောင်းထောက်မ၍ apparently = ရှင်းလင်းစွာ definitely =အတိအကျ/သေချာပေါက်
fortunately = " clearly = " actually = အမှန်တကယ်တော့
Certainly = သေချာပေါက် obviously = ထင်ရှားစွာ

15.22 Emphasizing Adverb = အလေးပေးမှုပြု ကြိယာဝိသေသန

above all = အထူးအားဖြင့် indeed = စင်စစ်မတော့ exactly = အတိအကျ
after all = ပြောရရင်တော့။ ဒီတော့ surely = သေချာပေါက်
at all = လုံးဝ truely = အမှန်တကယ်
by all means = အသေအချာပါပဲ right = ကွက်တိ/အတိအကျ
even = တောင်မှ without exception = ခြွင်းချက်မရှိ

15.23 POSITION OF ADVERBS = ကြိယာဝိသေသနများ၏တည်နေရာ

A. Manner Adverb = အမူအရာပြု ကြိယာဝိသေသန

1. **S + I.V** ၏ နောက်၌ထားသည်။

Clouds are moving swiftly.
မိုးတိမ်များသည် လျင်မြန်စွာ ရွေ့လျားနေကြသည်။ (move=I.V)

2. **S + T.V + (O** အကို **)** ၏ နောက်၌ထားသည်။

The child eats food greedily.
ဂျင်းကဇလေးသည် အစာကို လောဘတကြီး စားသည်။ (food = O အတို)

3. **S + I.V + P.Ph** ၏ နောက် ဘို့စကုတ် ရေ့ ၌ထားသည်။

She look at me sadly.
သူမသည် ကျွန်ုပ်ကို ဝမ်းနည်းစွာ ကြည့်ခဲ့သည်။ (at me = P.Ph)

She looked sadly at me.
သူမသည် ကျွန်ုပ်ကို ဝမ်းနည်းစွာ ကြည့်ခဲ့သည်။ (at me = P.Ph)

4. **S +T.V + (O** အရှည် **)** ဖြစ်ပါက **T.V** ၏ ရှေ့၌ ထားသည်။

The man angrily denied that he stole bicycles .
သူ စက်ဘီးများခိုးခဲ့တယ်ဆိုတာကို ဂျင်းလူကြီးက ဒေါသတကြီး ငြင်းခဲ့သည်။
(that he stole bicycles . သည် နာမ်ဝါကျကိုလုပ်ထားသည့် ရှည်သော ကံပုဒ် (O) ဖြစ်သည်။)

5. **Passive Voice** ဖြတ်ပါဖြစ်ပါက **V.3** ၏ ရှေ့၌ ထားသည်။

Lies are blatantly told.
မုသားများကို ပေါ်တင်ကြီး ဆိုကြသည်။ (are told = Passive Voice)

Scanned by CamScanner

6. **P.Ph** ရည်ဖျင်း P.Ph ခံ ၎. သို့.စထုတ် နောက်၌ ထားသည်။

U Ba lives happily at the cottage in his farm.

ဦးဘသည် သူ၏ယာခင်းထဲက တဲကလေးမှာ ပျော်ရွှင်စွာနေထိုင်သည်။

U Ba happily lives at the cottage in his farm.

(at the cottage in his farm သည် P.Ph အရှည်ဖြစ်သည်)

B. Place Adverb = နေရာပြ ကြိယာဝိသေသန

1. **(Be) verb** ခံ နောက်၌ထားသည်။

Dining room is upstairs.

ထမင်းစားခန်းသည် အပေါ်ထပ်မှာ ရှိသည်။ (is = (Be) verb)

2. **I.V** ခံ နောက်၌ထားသည်။

She lives abroad.

သူမသည် နိုင်ငံခြားမှာ နေသည်။ (lives = I.V)

3. **T.V + (O** အဖို့ **)** ခံ နောက်၌ထားသည်။

I saw my book nowhere.

ကျွန်ုပ်၏စာအုပ်ကို ဘယ်မှာမှ ကျွန်ုပ် မမြင်ခဲ့ပါ။ (book = O အတို့)

4. အာဧဋိယ် အနှောင့် **here** ကို ရှေးထားအပါ (Here + (Be) / I.V + S) ဝဏ်ခြင့် ရှေ့ထားရသည်။

Here is my uncle! = ဟာ ဦးလေးပါလား။

Here comes our train! = ငါတို့.ရထား လာနေပြီ။

အကယ်၍ (S) သည် နာမ် မဟုတ်ပဲ နာမ်စားဖြစ်ပါက (Be) verb ကို နောက်ဆုံးမှာထား၍။

Here he is! = ဟင်-- သူပါလား။

C. Time Adverb = အချိန်ပြ ကြိယာဝိသေသန

1. ဝါဗျ၏ ရှေ့ဆုံး၌ထားသည်။

Eventually there remains only hatred.

အဆုံးမတော့ အမုန်းသာ အဖတ်တင်ကျန်ရစ်သည်။

2. **I.V** ခံ နောက်၌ထားသည်။

The bus will leave at three thirty.

ဂွင်း ကားသည် သုံးနာရီခွဲမှာ ထွက်ခွါမည်။ (leave = I.V)

3. **T.V + (O** အဖို့ **)** နောက်၌ထားသည်။

I shall buy a car soon.

ကျွန်ုပ် မကြာမီ ကားတစ်စီးဝယ်မည်၊ (a car = O)

4. **O** ရည်ဝါဇ ဝါဗျ၏ ရှေ့ဆုံး၌ထားသည်။

Recently they finished a ten-day course of Vipassana meditation. (O အရှည်ကိုမျဉ်းသားထား၏။)

သူတို့သည် ဝိပဿနာ ဆယ်ရက်တရားပတ် တစ်ပတ်ကို မကြာသေးမီက အပြီးသတ်ခဲ့ကြသည်။

5. **P.Ph** ခံ နောက်၌ထားသည်။

I have to go to Yangon tomorrow.

ကျွန်ုပ်သည် ရန်ကုန်သို့ မနက်ဖန် သွားရမည်။ (to Yangon = P.Ph အတို့)

6. **earlier , lately , now , recently , soon** တို့.တို့အဖူကြိယာ (Aux) ဝါဗျင် ဂွင်းခံနောက်ခုတစ်၌ထားရသည်။

We will soon be there.

ကျွန်ုပ်တို့အဲဒီကို မကြာခင် ရောက်လိမ့်မည်။ (will = Aux)

You must earlier have drunk alcohol.

Scanned by CamScanner

မင်းဟာ စောစောက အရက်သောက်ထားဖြစ်ရမယ်။ (must = Aux)

7. **late , before , immediately , earlier** တို့.တို့ဝါဖျာ၏ နောက်ဆုံးဒုတားရသည်။

I went to bed late.

ကျွန်ုပ်သည် နောက်ကျကျ အိပ်ရာဝင်ခဲ့သည်။

We have met each other before.

ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦး ယခင်က တွေ့.ဖူးကြသည်။

8. **yet** (---သေး) , **not yet** (မ---သေး) တို့ နောက်ဆုံးဒုတိယဦးတော်။

Aux ဝါဖျင်ငှင်း၏ နောက်ဒုတိယဦးတော်၊ တားဝါ။

Don't sleep yet. = မအိပ်သေးနှင့်ဦး။

You can yet pass the tenth standard exam.

မင်း ဆယ်တန်းစာမေးပွဲကိုအောင်နိုင်ပါသေးတယ်။ (can = Aux)

9. **still** (ထုန်း ၊ ဆဲ ၊ သေး) တို့ (Be) ၏ နောက်ဒုတားသည်။

The invisible cords are still strong.

မမြင်နိုင်သောကြိုးများက ခိုင်ခဲ့ဆဲ ဖြစ်သည်။ (is = (Be))

10. **T.V + O** အတို့၏ နောက်ဒုတားသည်။

I need it still.

ငါဟာ အဲဒါကို လိုအပ်နေဆဲပါ။ (you = O အတို့)

11. **O** ရှည်ဖျင် **T.V** ၏ ရေဒုတားသည်။

I still remember what you have said.

မင်းပြောဖယ်းတဲ့အရာကို ငါအမှတ်ရနေဆဲပါ။ (remember = T.V)

12. **I.V** ဝါဖျင် **I.V** ၏ ရေဒုတားသည်။

But , cherries still bloom devotedly.

ချယ်ရီ တွေကတော့ သစ္စာရှိရှိ ပွင့်နေကြဆဲပါ။ (bloom = I.V)

D. Frequency Adverb = အဆေါက်အကြိမ်ပြ ကြိယာဝိသေသန

1. **(Be)** ၏ နောက်ဒုတားသည်။

I am always thoughtful. = ကျွန်ုပ်သည် အမြဲလိုလို တွေးနေတတ်သည်။ (am = (Be))

2. **M.V** ၏ ရေဒုတားသည်။

Wild geese usually appear in autumn. = ငန်းရိုင်းများသည် ဆောင်းဦးမှာ ပေါ်လာလေ့ရှိသည်။

3. **Aux** ဝါဖျင် **Aux** ၏ နောက်ဒုတားသည်။

He may never become a top athlete.

သူသည် ဘယ်တော့မှ ထိပ်တန်း အားကစားသမားတစ်ဦး ဖြစ်နိုင်မည်မဟုတ်ပါ။ (may = Aux)

4. **Perfect Tense** ဒု (have) နှင့် **V.3** ကြားဒုတားသည်။

I have often reminded him of A.I.D.S. =

ကျွန်ုပ်သည် အေအိုင်ဒီအက်စ်အကြောင်းကို သူ့.ကို မကြာခဏ သတိပေးထား ၏။

5. **often , frequently , sometimes , occasionally** တို့.တို့ဝါဖျင် အခဒုတည်း တားဒွိုးနိုင်သည်။

Frequently she asked me about her son.

သူမသည် သူမ၏သားအကြောင်း ကျွန်ုပ်ကို ထပ်တလဲလဲ မေးခဲ့သည်။

Sometimes some adults can be childish.

တစ်ခါတစ်ရံမှာ လူကြီးအချို့.သည် ကလေးဆန်တတ်ကြသည်။

Often I had cough when incense-stick was burnt.

အမွှေးတိုင် လောင်သောအခါ ကျွန်ုပ် မကြာခဏချောင်းဆိုးခဲ့သည်။

Scanned by CamScanner

6. **often** ကို နောက်ဆုံးဖွဲ့စာစားဝါစ **quite** နှင့်တွဲသုံးခဲ့ ရသည်။

I have cough quite often in winter.
ဆောင်းတွင်းမှာ ကျွန်ုပ် သိပ်မကြာမကြာ ချောင်းဆိုးရသည်။

E. Negative Adverb = အငြင်း ကြိယာဝိသေသန

1. **hardly , scarcely , rarely , barely , seldom** တို့ကို **I.V** ၏ ရှေ့၌ထားသည်။

It hardly rained this month.
ဒီလမှာ မိုးမရွာသလောက် ဖြစ်ခဲ့သည်။

Barking dog seldom bites.
ဟောင်သောခွေးသည် ကိုက်ခဲလေ့သည်။

2. **(Be)** ၏ နောက်၌ထားသည်။

Yangon's winter is scarcely cold.
ရန်ကုန် ဆောင်းဥတုသည် မအေးသလောက်ဖြစ်သည်။ (is = (Be)

3. **Aux** နှင့် **M.V** ကြားနှိုထားသည်။

The child can barely walk yet.
ယင်းကလေးသည် လမ်းလျှောက်နိုင်သည်ဆိုရုံမျှ ရှိသေးသည်။ (can=Aux , walk=M.V)

F. Degree Adverb = အဆိုင်းအတာပြ ကြိယာဝိသေသန

1. **Adj** စသည်ရှေ့ရှာ ၎င်း၏ အထူးဖြည့်ပုံ **(modifier)** အဖြစ်သုံး သည်။

You are very lazy.
သင်သည် အလွန် ပျင်းသည်။ (lazy = Adj)

I am almost ready to start for school.
ကျွန်ုပ်သည် ကျောင်းသွားဖို့အသင့်ဖြစ်လုနီးပါပြီ ။ (ready = Adj)

The school-discipline becomes quite loose.
ဒီကျောင်းရဲ့စည်းကမ်းဟာ တော်တော့်ကို ချောင်လာသည်။ (loose=Adj)

2. ထိုးချင်း **Adv** စသည်ရှေ့ရှာ ၎င်း၏ အထူးဖြည့်ပုံ **(modifier)** အဖြစ်သုံး သည်။

Concord jets flies completely fast.
ကွန်းကော့ ဂျက်လေယာဉ်များသည် လုံးဝ လျှင်မြန်စွာပျံသန်းကြသည်။ (fast = Adv)

Yesterday, the rain showered so heavily.
မနေ့က မိုးသည် အလွန်ကို သည်းထန်စွာသွန်ချခဲ့သည်. (heavily = Adv)

3. **enough** ကိုဟုံး ဝါစ **Adj , Adv** တို့၏ နောက်ရှာဟာ တစ်ထားရသည်။

It has not been cold enough this winter.
ဒီဆောင်းမှာ တစ်ချိန်လုံး အေး သင့်သလောက် မအေးလာဘူး။ (cold = Adj)

They dissuaded him fully enough.
သူတို့သည် သူ့ကို လုံလုံလောက်လောက်ကောင်းစွာ နားချဖြောင်းဖျခဲ့ကြသည်။ (fully=Adv)

4. **far** ကို **Adj.2** ၏ ရှေ့ရှာထားမှီဟုံးသည်။

Divine females are far prettier than Janapadakalyani.
နတ်သမီးများသည် ဇနပဒကလျာနီထက် အပြတ်အသတ် ပိုလှသည်။

5. **much , very much , a little , a little bit ,** တို့ကို **I.V** ၏နောက်၌ထားသည်။

I slept much last night.
ကျွန်ုပ်သည် မနေ့ညက များစွာ အိပ်ခဲ့သည်။ (slept = I.V)

Scanned by CamScanner

6. **T.V + (O အထို) ၏ နောက်၌ထားသည်။**

I like coffee a little.

ကျွန်ုပ်သည် ကော်ဖီကို နည်းနည်းပါးပါး ကြိုက်သည်။

7. **O ရှည်ဝါက T.V နှင့် O ကြား၌ထားသည်။**

I like very much what you said yesterday.

မင်း မနေ့ကပြောခဲ့တဲ့အရာကို ငါ သိပ်ကြိုက်တယ်။

G. Focusing Adverb = ခူးရိုက်မှုပြ ကြိယာဝိသေသန

(၎င်း Adv များစွာထဲမှ တည်နေပုံများပြားသော Only နှင့် just ကိုသာပြပါမည်။)

1. **Only ထို ကြိယာရေ့၌ထားဝါက (---ရုံသာ) ထုအနက်ဝေးဝါ။**

I only lent the book to him.

ကျွန်ုပ်သည် သူ့ကို ၎င်းစာအုပ်ကို ငှားရုံသာငှားခဲ့သည်။ (ပေးခဲ့သည်မဟုတ်)

2. **Only ထို O ၏ ရေ့ရှာထားလျှင် (---ထိုသာ) ထုပြန်ဝါ။**

I lent only the book to him.=

ကျွန်ုပ်သည် သူ့ကို ၎င်းစာအုပ်ကိုသာ ငှားခဲ့သည်။ (အခြားသောစာအုပ်များကိုမငှားခဲ့)

3. **Only ထို P.Ph ထဲက N ၏ ရေ့ရှာ ထားသောအခါ (---- ----သာ) ထုပြန်ဝါ။**

My sons live only with me.

ကျွန်ုပ်၏သားများသည် ကျွန်ုပ်နှင့်သာ နေထိုင်သည်။ (အခြားသူများနှင့်မနေထိုင်)

4. **Only ထို (Be) ၏ နောက်၌ ထားသောအခါ (-----သာ ၊ ရှုသာ) ထုပြန်ဝါ။**

He is only a farmer

သူသည် လယ်သမားတစ်ယောက်သာ ဖြစ်သည်။ (အခြား ထူးထူးခြားခြား မလုပ်ကိုင်)

5. **Only ထို Aux နှင့် M.V ကြား၌ ထားသောအခါ (----ရုံသာ) ထုပြန်ဝါ။**

I can only sing.

ကျွန်ုပ်သည် သီချင်းဆိုရုံသာ ဆိုနိုင်သည်။ (မကတတ် ။ မတီးတတ်)

ဤကား များသောအားဖြင့် စာရေးရာ၌သုံးသောပုံစံများဖြစ်သည်။ စကားပြောရာ၌ကား Only ကို M.V ၏ရှေ့မှာသာအမြဲထားသည်။ မိမိ အလေးပေးလိုသော V , S , O , S.C , D.O စသည်တို့၌သာ အသံကိုပြင်းပြင်းထားပြောရ၏။

6. **just ထို S.C ရေ့၌ထားလျှင် (---အခန် ၊ ---သာဝဲ) ထုအသာပြန်၏။**

It is just two o'clock.

နှစ်နာရီမျှသာ ဖြစ်ပါသည်။ (နှစ်နာရီပဲရှိသေးသည်)

2. **just ထို M.V ၏ရေ့၌ ထားဝါက (တစ်ဆိတ်လောက် ၊ ---ရုံရှု) ထုအနက်ဝေးဝါ။**

Just look at me. = တစ်ဆိတ်လောက် ကျွန်ုပ်ကို ကြည့်စမ်းပါ။ ကို

Just smear the ointment. = ဤဆေးကို လိမ်းရုံသာလိမ်းပါ။

3. **just ထို (Have) နှင့် V.3 ကြား၌ (---ခါ ခ) ထုပြန်ဝါ။**

I have just eaten my lunch. = ကျွန်ုပ်သည် နေ့လည်စာ စားပြီးခါစဖြစ်သည်။

4. **just ထို P.Ph ရေ့၌ (----နားထဲး) ထုပြန်။**

He sleeps just outside the room. = သူသည် အခန်းအပြင်ဖက်နားကလေးမှာ အိပ်သည်။

5. **just ထို Particle ၏ ရေ့၌ (ထွက်ထိ ၊ အတိအကျ) ဟုပြန်။**

The tiger has slept just here. = ၎င်းကျားသည် ဒီနေရာမှာ အတိအကျ အိပ်သွားခဲ့သည်။

6. **just ထို O ၏ရေ့၌ (---ရှုသာ ၊ ---သာ) ထုပြန်။**

She bought just vegetable. = သူမသည် အသီးအရွက်လောက်ကိုသာ ဝယ်ခဲ့သည်။

Scanned by CamScanner

7. **just** ထို နာမ်ဝါကျဆက်ရှေ့၌ဖြစ်စေ ၊ Adj.Cl ဆက် ရှေ့ရောက်သော နာမ်ဆက်ရှေ့၌ဖြစ်စေ (ကွက်တိ ၊ အထိအတျ ၊ အစစ်) ဟုဖြန်။

This is just what I wanted. = ဤအရာသည် ငါ လိုချင်ခဲ့သောအရာကွက်တိဖြစ်သည်။

This is just the book (which) I wanted. = ဤအရာသည် ကျွန်ုပ် လိုချင်ခဲ့သော စာအုပ်အစစ်ဖြစ်သည်။

8. **just** ထို **to V.1** ဆက် ရှေ့၌ (---မျှသာ ၊ ---သာ) ဟုဖြန်။

I went there just to do shopping. = ကျွန်ုပ်သည် ထိုနေရာသို့စျေးဝယ်ဖို့သာ သွားခဲ့သည်။

15.24 COMPARISON OF ADVERBS = ကြိယာဝိသေသနများ နှိုင်းယှဉ်မှု

Adj ၌ Adj.1 , Adj.2 , Adj.3 ဟု သုံးမျိုးရှိသကဲ့သို့ Adv များမှာလည်း အချို့ကသော လုံးချင်း Adv ၌ သုံးမျိုးရှိသည်။

1. အသံတစ်သံထွက်သော Adv များ၌ er ပေါင်းလျှင် Adv.2 ကိုရပြီး est ပေါင်းလျှင် Adv.3 ကိုရသည်။

Adv.1	Adv.2	Adv.3
fast = လျှင်မြန်စွာ	faster = ပို၍လျှင်မြန်စွာ	fastest = အလျှင်မြန်ဆုံး
long = ကြာရှည်စွာ	longer = ပို၍ကြာရှည်စွာ	longest = အကြာရှည်ဆုံး
hard = ခက်ခဲစွာ	harder = ပို၍ခက်ခဲစွာ	hardest = အခက်ခဲဆုံး -----စသည်

2. နှစ်သံထွက်ပြီး ly ဖြင့်ဆုံးသော Adv ၌ y ကို i ပြောင်းပြီး er , est တို့ပေါင်းပေးရသည်။

early = စောစော	earlier = ပို၍စောစော	earliest = အစောဆုံး

3. နှစ်သံနှင့်အထက် မည်သည့်Adv ၌မဆို ရှေ့၌ more ထည့်လျှင် Adv.2 ကိုရပြီး ၊ most ထည့်လျှင် Adv.3 ကိုရသည်။

carefully = ဂရုတစိုက်	more carefully = ပို၍ဂရုတစိုက်	most carefully = ဂရုအစိုက်ဆုံးအားဖြင့်
politely = ယဉ်ကျေးစွာ	more politely = ပို၍ယဉ်ကျေးစွာ	most politely = အယဉ်ကျေးဆုံးအားဖြင့်

ဤနည်းဖြင့်လုပ်၍မရသော ကြိယာဝိသေသနအချို့ရှိသေးသည်။ ၎င်းတို့ကို Irregular Adv (ပုံမမှန်သော ကြ/ဝ) ဟုခေါ်သည်။

15.25 IRREGULAR ADVERBS = ပုံမမှန်သော ကြိယာဝိသေသနများ

badly = ဆိုးရွားစွာ	worst = ပို၍ဆိုးရွားစွာ	worst = အဆိုးဆုံး
ill = 〃	〃 = 〃	〃 = 〃
much = များစွာ	more = ပို၍များပြားစွာ	most = အများဆုံးအားဖြင့်
little = နည်းနည်း	less = ပို၍နည်းနည်း	least = အနည်းဆုံးအားဖြင့်
near = နီးကပ်စွာ	nearer = ပို၍နီးနီးကပ်ကပ်	nearest = အနီးကပ်ဆုံး
far = ဝေးဝေး	farther = ပို၍ဝေးဝေး	farthest = အဝေးဆုံး
〃	further = 〃	furthest = 〃
late = နောက်ကျကျ	later = ပို၍နောက်ကျကျ	latest = နောက်အကျဆုံး

15.26 ADJECTIVE ထက် ADVERB အနေနှင့်ပါ သုံးသောဝါကျများ

far = ဝေးသော/ဝေးဝေး	long = ရှည်သော/ကြာကြာ	hard = မာသော/ခက်သော/ကြိုးကြိုးစားစား
high = မြင့်သော/မြင့်မြင့်	close = နီးကပ်သော/နီးကပ်စွာ	little = သေးငယ်သော/နည်းနည်း
early = အစောပိုင်းဖြစ်သော/စောစော	much = များသော/များများ	still = ငြိမ်သက်သော / ငြိမ်သက်စွာ
late = နှောင်းသော / နောက်ကျကျ	well = ကျန်းမာသော/ကောင်းစွာ	
all = အားလုံးသော /အားလုံးကုန်/အလုံးစုံ		enough = လုံလောက်သော / လုံလောက်စွာ
less = ပိုနည်းသော / ပို၍နည်းနည်း		more = ပိုများသော/ ပို၍များများ
next = နောက်ဖြစ်သော/ ထို့နောက်		right = မှန်ကန်သော/ တည့်တည့်/ကွက်တိ

Scanned by CamScanner

15.27 WORKS OF ADVERB= ကြိယာဝိသေသန၏ လုပ်ငန်းများ

(ကြိယာဝိသေသနတို့သည် အောက်ပါလုပ်ငန်း (4) မျိုးကို ဆောင်ရွက်ကြသည်။)

1. **Verb ဆို၊ ဖြတ် Verb အနက်ရှိအောဂုဏ်ကို အထူးပြုသည်။**

a. Clouds are moving fast. = (fast (လုံးချင်း Adv) သည် move ကို အထူးပြုသည်။)
မိုးတိမ်များသည် လျှင်မြန်စွာ ရွေ့လျားနေကြသည်။

b. I have come to save you. (to save (Full-infin-Adv) သည် have come ကို အထူးပြုသည်။)
မင်းကိုကယ်တင်ဖို့ ငါ ရောက်လာပြီ။

c. Until you arrive , I shall wait for you. (Until you arrive (Adv.Cl) သည် wait for ကို အထူးပြုသည်။)
မင်းမရောက်မချင်း ငါ မင်းကို မျှော်နေမယ်။

d. The cat jumped out. (out (Particle-Adv) သည် jumped ကို အထူးပြုသည်။)
ၵင်းကြောင်သည် ခုန်ထွက်သွားခဲ့သည်။

e. I lived in Mandalay. (in Mandalay (P.Ph-Adv) သည် lived ကို အထူးပြုသည်။)
ကျွန်ုပ်သည် မန္တလေးမှာ နေခဲ့သည်။

f. Opening the book , she fell asleep. (Opening (V.4 -Adv) သည် fell asleep ကို အထူးပြုသည်။)
စာအုပ်ကို ဖွင့်ပြီး သူမ အိပ်ပျော်သွားခဲ့သည်။

g. Knocked by a truck, the wall collapsed. (Knocked (V.3 -Adv) သည် collapsed ကို အထူးပြုသည်။)
ထရပ်ကား၏ တိုက်ခြင်းကိုခံရ၍ ၵင်း တံတိုင်း ပြိုကျခဲ့သည်။

2. **Adjective ကို အထူးပြုသည်။**

a. The baby is quite fat.= (quite (Adv) သည် Adj ဖြစ်သော fat ကို အထူးပြုသည်)
ယင်းကလေးငယ်သည် အတော့်ကို ဝ သည်။

b The land is very beautiful.= (very (Adv) သည် beautiful Adj ကို အထူးပြုသည်)
ၵင်းနယ်မြေသည် အလွန် လှသည်။

3. **အခြား Adverb တစ်ခုကိုထည်း အထူးပြုသည်။**

a. Daw Daw goes to bed very late. (very (Adv) သည် အခြား Adv ဖြစ်သော late ကို အထူးပြုသည်)
ဒေါ်ဒေါ် သည် အလွန် နောက်ကျကျ အိပ်ရာ ဝင်သည်။

b. She can speaks English fairly fluently. (fairly (Adv) သည် အခြား Adv fluently ကို အထူးပြုသည်)
သူမသည် အင်္ဂလိပ်စကားကို အတော်အသင့် သွက်လက်စွာ ပြောနိုင်သည်။

4. **ဝိဘတ်ဝုန်စု (P.Ph) ကိုထည်း အထူးပြုသည်။**

a. The sun is right above us. (right (Adv) သည် P.Ph ဖြစ်သော above us ကို အထူးပြုသည်)
နေသည် ကျွန်ုပ်တို့၏ အထက် တည့်တည့်မှာ ရှိသည်။

b. The dancer was dressed all in pink. (all (Adv) သည် P.Ph ဖြစ်သော in pink ကို အထူးပြုသည်။)
ယင်း ကချေသည်မင်းသမီးသည် အားလုံး ပန်းရောင်ဖြင့် ဝတ်ထားခဲ့သည်။ (ပန်းရောင်ချည်းဝတ်ထားခဲ့သည်

15.28 Practical Exercises = လက်တွေ့လေ့ကျင့်ခန်းများ

1. အောက်ပါ အင်္ဂလိပ်ဝါကျများ၌ ကြိယာဝိသေသနများ၏ နေရာ၌မျဉ်းသားပြပါ။ မည်သည့်ကြိယာဝိသေသန အမျိုးအစားဖြစ်သည်ကိုလည်း ဖော်ပြပါ။

a. I referred customers to the mart in favour of the goods there.
အဲဒီက ကုန်ပစ္စည်းတွေကို နှစ်သက်ထောက်ခံသောအားဖြင့် ကျွန်ုပ်သည် ဝယ်ယူအားပေးသူများကို ယင်းဆိုင်သို့ညွှန်းခဲ့သည်။

Scanned by CamScanner

b. A wheel came off and rolled away on and on and on.
ဘီးတစ်ခုသည် ကျွတ်ထွက်ခဲ့ပြီး အဝေးသို့ ဆက်ကာ ဆက်ကာ ဆက်ကာ လိမ့်. သွားခဲ့သည်။

c. Early in the morning, they usually went to farm to plough.
မနက် စောစော သူတို့ ယာခင်းခြံသို့ ထွန်ယက်ရန် သွားလေ့ရှိခဲ့ကြသည်။

d. Tomorrow night, I shall be on duty at the bridge to check wagons.
ကုန်တင်ယာဉ်များကို စစ်ဆေးရန် ကျွန်ုပ် မနက်ဖြန်ညမှာ ၄င်းတံတား၌ တာဝန်ကျလိမ့်မည်။

e. Leaving his horse, he went away in search of missing cows.
သူ့မြင်းကို ထားခဲ့၍ သူသည် ပျောက်နေသော နွားမများကို ရှာဖွေသောအားဖြင့် ထွက်ခွာသွားခဲ့သည်။

f. Encouraged by the audience, the man jumped into the boxing ring.
ပရိသတ်၏ အားပေးခြင်းကိုခံရ လျက် ယင်းလူကြီးသည် လက်ဝှေ့ကြိုးဝိုင်းထဲ ခုန်ဝင်သွားခဲ့သည်။

g. I had to move forwards a little bit in order that I could see the singer in full view.
အဆိုတော်ကို မျက်ဝါးထင်ထင် ကျွန်ုပ် မြင်နိုင်စေရန် ကျွန်ုပ်သည် ရှေ့သို့ အနည်းငယ်ရွေ့ ခဲ့ရသည်။

h. As and when I get back home, I shall send a letter to you immediately.
ကျွန်ုပ် အိမ်ပြန်ရောက်တဲ့အခါကျလျှင် ကျွန်ုပ် သင့်ထံသို့ စာတစ်စောင် ချက်ချင်းပို့လိုက်မည်။

i. High up in the sky was flying a giant aeroplane.
ထက်ကောင်းကင် အမြင့်ကြီးမှာတော့ ဧရာမ လေယာဉ်ကြီးတစ်စင်း ပျံနေခဲ့သည်။

j. Away down to the lane, a man galloped his horse.
ဟို အဝေး အောက်ဖက်လမ်းဆီသို့ လူကြီး တစ်ယောက် သူ့မြင်းကို ဒုန်းစိုင်းသွားခဲ့သည်။

k. Come close to me and sit still speaking nothing.
ငါ့အနားကို တိုးလာပြီး ဘာမှမပြောပဲ ငြိမ်ငြိမ်လေးထိုင်ပါ။

ကြိယာဝိသေသနအခန်း ပြီးပြီ။

Scanned by CamScanner

UNIT - 16

CONJUNCTION & ADVERB CLAUSE

(သမ္ဗန္ဓ နှင့် ကြိယာဝိသေသနဝါကျ)

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
16. 1	သမ္ဗန္ဓ (အဆက်စကား) နှင့် ကြိယာဝိသေသနဝါကျ	244
16. 2	တစ်ဆင့်နိမ့်အဆက်စကားများ (Sub-ordinating Conjunctions) (9) မျိုး	245
16. 3	ရှုတ်ထွေးဝါကျ (Complex Sentence) ပြုလုပ်နည်း	245
16. 4	အချိန်ပြ အဆက်စကား (Time Conj)	245
16. 5	အချိန်ပြကြိယာဝိသေသနပုဒ်စု	250
16. 6	နေရာပြ အဆက်စကား (Place Conj)	251
16. 7	နေရာပြကြိယာဝိသေသနပုဒ်စု	252
16. 8	အမူအရာပြ အဆက်စကား (Manner Conj)	252
16. 9	အမူအရာပြ ကြိယာဝိသေသနပုဒ်စု	253
16. 10	ရည်ရွယ်ချက်ပြ အဆက်စကား (Purpose Conj)	253
16. 11	ဝန်ခံမှု ပြ အဆက်စကား (Concessive Conj)	254
16. 12	ဝန်ခံမှု ပြ ကြိယာဝိသေသနပုဒ်စု	257
16. 13	အကြောင်းရင်းပြ အဆက်စကား (Reason Conj)	258
16. 14	အခြေအနေပြ အဆက်စကား (Conditional Conj)	259
16. 15	နှိုင်းယှဉ်မှု ပြ အဆက်စကား (Comparison Conj)	259
16. 16	အဆင့်တူ အဆက်စကားများ (Co-ordinating Conjunctions) (4) မျိုး	261
16. 17	အချိန်ပြ အဆင့်တူ အဆက်စကား (Time Conj)	262
16. 18	အကျိုးတရားပြ အဆက်စကား (Result Conj)	262
16. 19	ဝန်ခံမှုပြ အဆင့်တူ အဆက်စကား (Concessive Conj)	262
16. 20	နှိုင်းယှဉ်မှုပြ အဆက်စကား (Comparison Conj)	263
16. 21	အဆက်စကားနှင့်ပတ်သက်သော မှတ်ဖွယ်အကျဉ်းချုပ်	266
16. 22	လက်တွေ့လေ့ကျင့်ခန်းများ	267

Scanned by CamScanner

16.1 CONJUNCTION AND ADVERB CLAUSE

သမ္ဗန္ဓ (အဆက်စကား) နှင့် ကြိယာဝိသေသနဝါကျ

အဆက်စကား (ဝါ) သမ္ဗန္ဓ (Conjunction) ဆိုသည်မှာ ပုဒ်နှစ်ခုနှင့် နှစ်ခုထက်ပို၍ဖြင်း၊ ပုဒ်စုနှစ်ခုနှင့် နှစ်ခုထက်ပို၍ဖြင်း၊ ဝါကျ နှစ်ခုနှင့်၊ နှစ်ခုထက်ပို၍ဖြင်း ဆက်ပေးသော စကားရပ်ကိုခေါ်သည်။ ဤသို့ဆက်ပေးရာ၌ တစ်ခုကိုတစ်ခုက မှီခို၍ဆက်ခြင်း နှင့် မမှီခိုပဲ တန်းတူဆက်ခြင်းဟူ၍ (2) မျိုးရှိသည်။ မြန်မာဝါကျ ဖြင့်ရှင်းပြပါအံ့။

1. ***မောင်မောင်သည် ကျောင်းသို့သွား ပြီး မလှ သည် အိမ်အလုပ်ကို လုပ်သည်။***

မောင်မောင်သည် ကျောင်းသို့သွားသည်။ မလှသည် အိမ်အလုပ်လုပ်သည်။ ဟူသောဝါကျနှစ်ခုသည် တစ် ခုကိုတစ်ခု မှီခိုခြင်း မရှိပါ။ တစ်ဝါကျတည်း သီးခြားစီရပ်တည်နိုင်ကြသည်။ ဝါကျ နှစ်ခုကြား၌ထဲက (**ပြီး**) သည် ၎င်းဝါကျနှစ်ခုကို တန်းတူအနေ အထားဖြင့်ဆက်ရုံသာ ဆက်ပေးသည်။

2. ***မောင်မောင်သည် ကျောင်းသို့သွား ပါက ၊ သူသည် မောင်ဦးကို တွေ့မည်။***

ယခု ဝါကျနှစ်ခုတို့သည်တန်းတူမဟုတ်ကြပါ။ (မောင်မောင်သည် ကျောင်းသို့သွားပါက) ဟူသောဝါကျသည် သူ့ချည်း သက်သက် မရပ်တည်နိုင်ပါ။ (သူသည်မောင်ဦးကို တွေ့.မည်) ဝါကျသည်သာ သူ့ချည်းရပ်တည်နိုင်သည်။ သို့ဖြစ်၍မရပ်တည် နိုင်သော ရှေ့ဝါကျက ရပ်တည်နိုင်သော နောက်ဝါကျကိုမှီခိုနေရသည်။ ဝါကျနှစ်ခုကြား၌ထဲက (**ပါက**) သည် တန်းတူမဟုတ်သော ဝါကျနှစ်ခုကို ဆက်ပေးသည်။

@ တန်းတူအဆင့်ရှိသော ဝါကျတို့ကိုဆက်ပေးသော (***ပြီး***) ကဲ့သို့သောအဆက်စကား (သမ္ဗန္ဓ) ကို တန်းတူအဆက်စကား (Co-ordinating Conjunction) ဟုခေါ်ပြီး ၊ တန်းတူမဟုတ်သောဝါကျများကို ဆက်ပေးသော (**ပါက**) ကဲ့သို့အဆက်စကားကို တစ်ဆင့်နိမ့်အဆက်စကား (Subordinating Conjunction) ဟုခေါ်သည်။

@ (***ပါက***) ကဲ့သို့သော တစ်ဆင့်နိမ့် အဆက်စကားကို မြန်မာဝါကျ၌ သူနှင့်တွဲရသော စကားရပ်၏ နောက်ဆုံးမှာ ထားသည်ကိုတွေ့ရသည်။ ပုံစံကိုကြည့်ပါ။

(မောင်မောင်သည် ကျောင်းသို့ သွား ***ပါက***)

@ အင်္ဂလိပ်ဝါကျ၌ ***'if'*** ကဲ့သို့သော တစ်ဆင့်နိမ့်အဆက်စကားကို သူနှင့်တွဲသောအဆက်စကား၏ ရှေ့ဆုံး၌ ထားရသည်။ ပုံစံကိုကြည့်ပါ။

(***if*** Maung Maung goes to school = မောင်မောင်သည် ကျောင်းသို့သွား ***ပါက***)

ထိုသို့ တစ်ဆင့်နိမ့်အဆက်စကား (Sub.Conj) ဦးစီး၍ ရေးထားသောဝါကျမျိုးသည် သူ့ချည်းသက်သက်မရပ်တည် နိုင်ပဲ အခြားဝါကျတစ်ခုကို မှီခိုနေရသည်။ (သူသည် မောင်ဦးကို တွေ့မည်) ဟူသော ဝါကျမျိုးနှင့် တွဲနေရမှ ရပ်တည် နိုင်သည်။ သို့ ဖြစ်၍ တစ်ဆင့်နိမ်အဆက်စကား (Sub.Conj) ဦးစီးသော (မောင်မောင်သည် ကျောင်းသို့သွား ပါက = ***if*** Maung Maung goes to school) ကဲ့သို့ဝါကျမျိုးကို -

1. မိမိက မှီခိုရသောဝါကျထဲက ကြိယာကို အထူးပြုရ ၊ အနက်စပ်ရသောကြောင့်-

ကြိယာဝိသေသနဝါကျ (Adverb Clause) ဟုဂင်း -

2. မိမိဘာသာမရပ်တည်နိုင်ပဲ အခြားဝါကျထက် အဆင့်နိမ့်သောကြောင့် -

တန်ဆင့်နိမ့်ဝါကျ (Subordinate Clause) ဟုဂင်း

3. အခြားဝါကျကိုမှီခိုရသောကြောင့်

မှီခိုဝါကျ (Dependent Clause) ဟုဂင်း- အမည်သုံးမျိုးဖြင့်ခေါ်ပါသည်။

@ တစ်ဖန် (သူသည် မောင်ဦးကို တွေ့.မည် = He will see Maung Oo) ကဲ့သို့သောဝါကျမျိုးကို-

1. မိမိဘာသာရပ်တည်နိုင်ပြီး သူတစ်ပါးကိုမှီခိုခြင်းမရှိသောကြောင့် -

အမှီခိုဝင်းလောဝါကျ (Independent Clause) ဟုဂင်း-

2. ပင်မ အားဖြင့် အဓိကပဓာန ကျသောကြောင့် -

ဝင်စဝါကျ (Main Clause or Principle Clause) ဟုဂင်း အမည် နှစ်မျိုးဖြင့်ခေါ်သည်။

Scanned by CamScanner

@ တစ်ဖန် မြန်မာစာ၌ (မောင်မောင်သည် ကျောင်းသို့သွား ပါက) ကဲ့သို့သော မှီခိုဝါကျမျိုးကို (သူသည် မောင်ဦးကို တွေ့မည်) ကဲ့သို့သော ပင်မဝါကျ၏ ရှေ့၌သာ အမြဲထားရသည်။ နောက်၌ထားလျှင် အနက်သွား မဖြောင့်ပါ။ အင်္ဂလိပ်စာ၌ကား များသောအားဖြင့် ရှေ့မှာရော နောက်မှာပါ ထားနိုင်သည်။

@ Sub-Conj တစ်ခုဦးစီးသော **မှီခို ဝါကျ** (ဝါ) **ကြိယာ ဝါကျ** ကို ပင်မဝါကျ၏ ရှေ့၌သာ ထားရသော ထုံးစံရှိပါက၊ ထို Sub-Conj မျိုးကို (ရ) ဖြင့်ဌင်း ၊ **ဝင်စား ဝါကျ** ၏ နောက်မှာသာ ထားရသောထုံးစံရှိပါက (နှ) ဖြင့်ဌင်း၊ ရှေ့မှာရော နောက်မှာပါ ထားသုံးနိုင်ပါက (ရ/နှ) ဖြင့်ဌင်း ၊ လာမည် Conjunction စာရင်းတွင် အမှတ်အသားများဖြင့် ဖော်ပြပေးပါမည်။

@ တစ်ဆင့်နိမ့်အဆက်စကားဦးစီးသော **ကြိယာ ဝါကျ** နှင့် **ဝင်စား ဝါကျ** တွဲထားသော ဝါကျတွဲကြီးကို ရှုတ်ထွေးဝါကျ (Complex Sentence) ဟု ခေါ်သည်။

@ **မှီခို ဝါကျ** (ဝါ) **ကြိယာ ဝါကျ** ပြုလုပ်ပုံမှာ ဝါကျပုံစံတစ်ခုခုဖြင့် အခန်း၌ပြခဲ့သည့်အတိုင်း အဆိုဝါကျ သို့မဟုတ် အငြင်းဝါကျ တစ်ခုခုကို ဦးစွာလုပ်ပါ။ ပြီးလျှင် ရလာသောဝါကျ၏ ရှေ့ဆုံး၌ အဆက်စကား (Conjunction) တစ်ခုကို ချရေးလိုက်ပါ။ **ကြိယာ ဝါကျ** (Adv.CL) တစ်ခုရလာပါမည်။

16.2 Subordinating Conjunctions = တစ်ဆင့်နိမ့်အဆက်စကားများ

တစ်ဆင့်နိမ့် အဆက်စကား (Sub.Conj) အမျိုးအစားမှာလည်း အောက်ပါအတိုင်း (9) မျိုး ပါဝင်သည်။

1. **Time Conjunction** = အချိန်ပြ အဆက်စကား
2. **Place** ၊ = နေရာပြ ၊
3. **Manner** ၊ = အမူအရာပြ ၊
4. **Purpose** ၊ = ရည်ရွယ်ချက်ပြ ၊
5. **Reason** ၊ = အကြောင်းရင်းပြ ။
6. **Result** ၊ = အကျိုးပြအဆက်စကား
7. **Concession** ၊ = ဝန်ခံမှု ပြ
8. **Conditional** ၊ = အခြေအနေပေး
9. **Comparison** ၊ = နှိုင်းယှဉ်မှု ပြ

16.3 ရှုတ်ထွေးဝါကျ (Complex Sentence) ပြုလုပ်နည်း အဆင့်ဆင့်

A. 1. ဆီလျော်ရာဝါကျပုံစံတစ်ခုကိုသုံးပြီး အဆိုဝါကျ သို့မဟုတ် အငြင်းဝါကျ တစ်ခုကို ရွေးဦးစွာပြုလုပ်ပါ။

2. ၎င်းဝါကျရှေ့၌ အနက်အားဖြင့်ဆီလျော်သည့် တစ်ဆင့်နိမ့်အဆက်စကား (Sub-Conj) တစ်ခုကိုချရေးပါ။ ကြို/ဝိဝါကျ (Adv.CL) တစ်ခုရမည်။

3. ရလာသော ကြို/ဝိဝါကျ (Adv.CL) နှင့်တွဲဖို့ ပင်မဝါကျ (M.CL) အတွက် ဆီလျော်ရာဝါကျပုံစံတစ်ခုကိုသုံး၍ အဆိုဝါကျ သို့မဟုတ် အငြင်းဝါကျတစ်ခု ထပ်မံပြုလုပ်ပါ။

4. ရလာသော Adv.CL နှင့် M.CL တို့ကိုတွဲရေးပါ။ တွဲရာ၌ (ရ) အမှတ်အသားပြထားသော အဆက်စကား ဦးစီးသည့် Adv.CL ဖြစ်ပါက M.CL ၏ရှေ့မှာသာ ထား၍တွဲပါ။ (နှ) ဖြင့်ပြထားသော အဆက်စကားဦးစီးသည့် Adv.CL ဖြစ်ပါက M.CL ၏ နောက်မှာသာ ထားတွဲပါ။ (ရ /နှ) ဖြင့်ပြထားသော အဆက်စကားဦးစီးသည့် Adv.CL ဖြစ်ပါက M.CL ၏ ရှေ့မှာဖြစ်စေ ၊ နောက်မှာဖြစ်စေ တွဲနိုင်ပါသည်။ ရှေ့မှာတွဲသောအခါ ဝါကျနှစ်ခုကြား၌ ကော်မာ ချပေးဖို့ မမေ့ပါနှင့်။ ထိုသို့တွဲပြီးပြီဆိုလျှင် **ရှုတ်ထွေးဝါကျ** (Complex Sentence) တစ်ခုပြီးမြောက်ပြီ။

5. ဘာသာပြန်ရာ၌ Adv.CL မှ စ၍ပြန်ပါ။ ထိုသို့ပြန်ရာ၌ တစ်ဆင့်နိမ့်အဆက်စကား (Sub-Conj) ၏အနက်ကို ၎င်း Adv.CL ထဲက ပဓာနကြိယာ၏ အနက်နှင့် တစ်ပေါင်းတည်းပေါင်း၍ အခြားပုဒ်များကို ဘာသာပြန်ပြီး နောက်ဆုံးမှ ပြန်ပါ။

6. Adv.CL ကို ဘာသာပြန်ပြီးလျှင် ပင်မဝါကျ M.CL ကိုပြန်ရသည်။

16.4 Time Conjunctions = အချိန်ပြ အဆက်စကားများ

1. when = ----သောအခါ (ရ /နှ)
2. whenever = ------သောအခါတိုင်း (ရ /နှ)
   ၊ = ဘယ်အချိန်ပဲ--- ---- (ရ /နှ)
4. the first time = ----သောပဌမဆုံးအကြိမ်မှာ ×××× (ရ)
5. the next time =-----သောနောက်တစ်ဘကိမ်မှာ (ရ)
6. the second time= -----သောဒုတိယအကြိမ်မှာ (ရ)

Scanned by CamScanner

7. till = ----တိုင်အောင်/---တဲ့အထိ (ရ/နှ)
8. until = မ ---- မ ချင်း (ရ/နှ)
9. only when = -----သောအခါမှသာ (ရ)
10. as and when = -----သောအခါကျမှ (ရ/နှ)
11. if and when = -----သောအခါကျလျှင် (ရ/နှ)
12. before = မ ---- မီ (ရ/နှ)
13. after = -----ပြီးနောက် (ရ/နှ)
14. as = -----တော့/-----ရင်း (ရ/နှ)
15. since = -----ကတည်းက (ရ/နှ)
16. ever since = 〃 (ရ/နှ)
17. while = -------နေစဉ် (ရ/နှ)
18. ကြာချိန် + after = -----ပြီး----အကြာမှာ (ရ/နှ)
19. ကြာချိန် + before = မ---မီ---အလိုမှာ (ရ/နှ)
20. the third time = -----သောတတိယအကြိမ်မှာ (ရ)
21. the last time = ------သောနောက်ဆုံးအကြိမ်မှာ (ရ)
22. every time = ------သောအခါတိုင်း (ရ/နှ)
23. each time = 〃 (ရ/နှ)
24. as long as = ----သမျှကာလပတ်လုံး (ရ/နှ)
25. so long as = 〃 (ရ/နှ)
26. the moment = -----သောအခိုက်မှာ (ရ)
27. the minute = 〃 (ရ)
28. the instance = 〃 (ရ)
29. even as = ----- သောအချိန်မှာပင်လျှင် (ရ/နှ)
30. as soon as = ------သည်နှင့်တစ်ပြိုင်နက် (ရ/နှ)
31. once = -----တယ်ဆိုလျှင်ပဲ (ရ/နှ)

A. when = (------အာအာ)

* အဆိုဝါကျ = Maung Maung goes to school. (S+I.V+@)
မောင်မောင်သည် ကျောင်းသို့ သွားသည်။

* Adv.CL = *when* Maung Maung goes to school = မောင်မောင်သည် ကျောင်းသို့ သွားသောအခါ

* (M.CL) = Ma Ma does houseworks. (S+T.V+O)
မမ က အိမ်အလုပ်ကိုလုပ်သည်။

* Complex = *When* Maung Maung goes to school, (Adv.CL) Ma Ma does houseworks. (M.CL)
မောင်မောင်သည် ကျောင်းသို့သွားသောအခါ မမ က အိမ်အလုပ်ကိုလုပ်သည်။

တစ်နည်း = Ma Ma does houseworks *when* Maung Maung goes to school.

ယခု Adv.CL ၏ပုံစံကိုကြည့်လျှင် Maung Maung ကိုဂွင်း ၊ to school ကိုဂွင်း ဘာသာပြန်ပြီးမှ အဆက်စကား when ၏ အနက်နှင့်ပဓာနကြိယာ goes ၏အနက်ကိုပေါင်း၍ (သွား သောအခါ)ဟုနောက်ဆုံးကမှ ဘာသာပြန်ထားသည်ကိုတွေ့ရမည်၊ Sub-Conj ဦးစီးသော Adv.CL ကို ဘာသာပြန်သောအခါတိုင်း ဤနည်းချည်းမှတ်လေ။ ပြီးလျှင် M.CL ဖြစ်သော Ma Ma does house-works ကို ဆက်လက်၍ ဘာသာပြန် သွားသည်ကိုတွေ့ရမည်။

B. whenever = (-----အာအာတိုင်း ၊ အယ်အချိန်ရှာရဲ ---- ----)

* အဆိုဝါကျ = He gets free time. = သူသည် အားလပ်ချိန် ရသည်၊

* Adv.CL = *whenever* he gets free time (S+T.V+O)
သူသည် အားလပ်ချိန် ရသောအခါတိုင်း

* (M.CL) = He plays tennis. (S+T.V+O)
သူသည် တင်းနစ်ကစားသည်၊

* Complex = *Whenever* he gets free time, (Adv.) he plays tennis. (M.CL) (ရ)
သူသည်အားလပ်ချိန် ရသောအခါတိုင်း သူသည် တင်းနစ်ကစားသည်။

C. till = (-----အည်အထိ ၊ -----အည်ထိုင်းအောင်)

* အဆိုဝါကျ = I left school. (S+I.V)
ကျွန်ုပ် ကျောင်းထွက်ခဲ့သည် ၊

* Adv.CL = *till* I left school (S+T.V+O)
ကျွန်ုပ် ကျောင်းထွက်ခဲ့သည်အထိ

Scanned by CamScanner

* (M.CL) = He did not pass the tenth standard yet.
သူ ဆယ်တန်းကို မအောင်ခဲ့သေးပါ။
* Complex = *Till* I left school , he did not pass the tenth standard yet.
(Adv.CL) (M.CL)
ကျွန်ုပ် ကျောင်းထွက်ခဲ့သည်အထိ သူ ဆယ်တန်းကို မအောင်ခဲ့သေးပါ။
တစ်နည်း = He did not pass the tenth standard yet *till* I left school.

until = (၀-----၀ ချင်း)

* အဆိုဝါက္ခ = He arrived home from his journey. (S+I.V)
သူသည် ခရီးထွက်ရာမှ အိမ်သို့ပြန်ရောက်လာခဲ့သည်။
* Adv.CL= *until* he arrived home from his journey.
သူသည် ခရီးထွက်ရာမှ အိမ်သို့ပြန်မရောက်လာမချင်း။
* (M.CL) = His mother was worried. (S+LK.V+Adj)
သူ့အမေ စိတ်ပူနေခဲ့သည်။
* Complex= *Until* he arrived home from his journey, his mother was worried.
(Adv.CL) (M.CL)
သူ ခရီးထွက်ရာမှ အိမ်သို့ပြန်မရောက်လာမချင်း သူ့အမေ စိတ်ပူနေခဲ့သည်။
တစ်နည်း = His mother was worried until he arrived home from his journey.

only when = (-----သောအခါမှ၊ -----မှသာ)

* အဆိုဝါက္ခ = Forests are not extinct. (S+(Be)+Adj)
သစ်တောများ မပြုန်းတီးကြပါ။
* Adv.CL= *only when* forests are not extinct=
သစ်တောများ မပြုန်းတီးကြမှသာ
* (M.CL) = will we get much rain. (S+ T.V+O)
ကျွန်ုပ်တို့ မိုး များများ ရရှိကြမည်။
* Complex= *Only when* forests are not extinct, will we get much rain.
(Adv.CL) (M.CL)
သစ်တောများ မပြုန်းတီးကြမှသာ ကျွန်ုပ်တို့ မိုး များများ ရရှိကြမည်။
မှတ်ချက်။ ။ M.Cl ၌ အကူကြိယာ will ကို ရှေ့ထုတ်ရသောရေးနည်းကို Inversion type ဟုခေါ်သည်။ နှာ ၌ ရှုပါ။

. **as and when = (-----သောအခါတွင်)**

* အဆိုဝါက္ခ = I grow up. (S+PI.V+parti)
ကျွန်ုပ် ကြီးပြင်းသည်။
* Adv.CL= *as and when* I grow up
ကျွန်ုပ် ကြီးပြင်းသောအခါကျလျှင်
* (M.CL) = I shall repay the debt of gratitude to my parents. (S+T.V+O)
မိဘ၏ကျေးဇူးအကြွေးကိုဆပ်မည်။
* Complex= *As and when* I grow up, I shall repay a debt of gratitude to my parents.
(Adv.CL) (M.CL)
ကျွန်ုပ် ကြီးပြင်းသောအခါကျမှ မိဘ၏ကျေးဇူးအကြွေးကိုဆပ်မည်။
တစ်နည်း = I shall repay a debt of gratitude to my parents *as and when* I grow up.

. **if and when = (-----သောအခါတွင်လျှင်)**

* အဆိုဝါက္ခ = We meet again later on (S+I.V+@)

Scanned by CamScanner

ကျွန်ုပ်တို့ နောင်အခါ တစ်ဖန်တွေ့ဆုံကြသည်။

* Adv.CL= *if and when* we meet again later on

ကျွန်ုပ်တို့နောင်အခါ တစ်ဖန်တွေ့ဆုံကြတဲ့အခါကျရင်။

* (M.CL)= Could we recognize each other? (S+T.V+O)

ကျွန်ုပ်တို့ အချင်းချင်း မှတ်မိနိုင်ပါဦးမလား။

* Complex= *If and when* we meet again later on, could we recognize each other?
(Adv.CL) (M.CL)

ကျွန်ုပ်တို့နောင်အခါ တစ်ဖန်တွေ့ဆုံကြတဲ့အခါကျရင် ကျွန်ုပ်တို့အချင်းချင်းမှတ်မိနိုင်ပါဦးမလား။

တစ်နည်း = Could we recognize each other *if and when* we meet again later on?

H. before = (၀-----မှီ)

* အဆိုဝါကျ = We go to bed. (S+I.V+@)

ကျွန်ုပ်တို့ အိပ်ရာဝင်သည်၊

* Adv.CL= *before* wegoto bed.

ကျွန်ုပ်တို့ အိပ်ရာမဝင်မီ။

* (M.CL)= We should clean our mouths. (S+T.V+O)

ကျွန်ုပ်တို့၏ ခံတွင်းမျာကို သန့်ရှင်းသင့်သည်။

* Complex= *Before* we go to bed, we should clean our mouths.
(Adv.CL) (M.CL)

ကျွန်ုပ်တို့ အိပ်ရာမဝင်မီ ကျွန်ုပ်တို့၏ ခံတွင်းကို သန့်ရှင်းသင့်သည်။

တစ်နည်း = We should clean our mouths *before* we go to bed.

I. after = (-----ပြီးနောက်)

* အဆိုဝါကျ = I take meditation (S+DE.V+O)

ကျွန်ုပ် တရားထိုင်သည်

* Adv.CL = *After* I take meditation = ကျွန်ုပ် တရားထိုင်ပြီးနောက်

* M.CL = I share my merit with all beings. =

ကျွန်ုပ် ကုသိုလ်ကို သတ္တဝါအားလုံးကို အမျှပေးဝေသည်။

* Complex= *After* I take meditation, I share my merit with all beings. (ရ)
(Adv.CL) (M.CL)

ကျွန်ုပ် တရားထိုင်ပြီးနောက် ကျွန်ုပ် ကုသိုလ်ကိုသတ္တဝါအားလုံးကိုအမျှပေးဝေသည်။

တစ်နည်း = I share my merit with all beings *after* I take meditation. (နှ)

J. as = (-----တော့ ၊-----ဒုတိုန်း)

* အဆိုဝါကျ = The train arrive at the station. (S+I.V+@)

ရထားသည် ဘူတာကို ရောက်သည်၊

* Adv.CL= *as* the train arrived at the ststion. = ရထားသည် ဘူတာကို ရောက်ခဲ့ တော့

* M.CL= Passengers got off. (S+P.I.V+parti)

ခရီးသည်များ ဆင်းခဲ့ကြသည်။

* Complex= *As* the train arrived at the station, passengers got off. (ရ)
(Ad.V. CL) (M.CL)

ရထားသည် ဘူတာကို ရောက်ခဲ့ တော့ ခရီးသည်များ ဆင်းခဲ့ကြသည်။

တစ်နည်း = Passengers got off *as* the train arrived at the station (နှ)

ဤမျှဖြင့်ရှုတ်ထွေးဝါကျ အထိ ပြုလုပ်ပုံအဆင့်ဆင့်ကို မှတ်မိလောက်ပြီဟု ယူဆပါသည်။ ရှေ့ ဆက်၍ အဆင့်ဆင့်လုပ်မပြတော့ပဲ ရှုတ်ထွေးဝါကျကို တိုက်ရိုက်လုပ်သွားပါတော့မည်။

Scanned by CamScanner

K. since / ever since = (-----ထဘည်းထ)

Since I left school, I have not seen her. (ရ)
(Ad.V. CL) (M.CL)

ကျနုပ် ကျောင်း ထွက်ခဲ့ကတည်းက ကျနုပ် သူမကို မတွေ့. ရ တော့ပါ။

တစ်နည်း = I have not seen her since I left school. (နှ)

L. while = (-----ခဉ် ၊ -----ဒုန်း)

While he went out fishing, a fox stole his fowls. (ရ)
(Ad.V. CL) (M.CL)

သူသည် ငါးများထွက်သွားခဲ့စဉ် မြေခွေးတစ်ကောင်က သူ့ကြက်များကိုခိုးသွားခဲ့သည်။

တစ်နည်း = A fox stole his fowls *while* he went out fishing (နှ)

M. ကြာမြင့် + after = (-----ဖြီး -----အကြာမှာ)

A week after U Ba won the lottery, he died. (ရ)
(Ad.V. CL) (M.CL)

ဦးဘသည် ထီပေါက်ခဲ့ပြီး တစ်ပတ်အကြာမှာ သူ သေဆုံးခဲ့သည်။

တစ်နည်း = U Ba died *a week after* he won the lottery. (ရ)

မှတ်ချက်။ ။ Adv.CL ထဲက S နှင့် M.CL ထဲက S သည် တစ်ဦးတည်း၊ တစ်ခုတည်းဖြစ်လျှင် ဝါကျကို ရှေ့နောက် ပြောင်းသောအခါ ဝါကျချင်း လဲလှယ်ပေးရသည်။ ယခု ဦးဘ နှင့် he ကို နေရာချင်း လဲပေးထားသည်။

N. ကြာမြင့် + before = (ဓ-----ခို -----အထိုမှာ)

Three months before he finished his graduation, he got merried.
(Adv.Cl) (M.Cl)

သူ ဘွဲ့. မပြီးမီ သုံးလအလိုမှာ သူ အိမ်ထောင်ကျသွားခဲ့သည်။

O. the first time = (------ဟော ဝဋ္ဌစဆုံးအကြိမ်မှာ)

The first time I was in Yangon, I lost the directions. (ရ)
(Adv.CL) (M.CL)

ကျနုပ် ရန်ကုန်ရောက်ခဲ့သော ပဌမဆုံးအကြိမ်မှာ ကျနုပ် အရပ်မျက်နှာစာများပျောက်ဆုံးခဲ့သည်။
(အရေ့. အနောက် မသိခဲ့)

P. the second time = (------ဟော ဒုတိယအကြိမ်မှာ)

The second time he had an operation, he lost a leg. (ရ)
(Adv.CL) (M.CL)

သူ ခွဲစိတ်မှုကိုခံယူသော ဒုတိယအကြိမ်မှာ ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသည်။

Q. the next time = (------ဟော နောက်တစ်ကြိမ်မှာ)

The next time she won the champiomship, she became a film-actress as well. (ရ)
(Adv.CL) (M.CL)

သူမသည် ချန်ပီယံဖြစ်လာခဲ့သော နောက်တစ်ကြိမ်မှာ ရုပ်ရှင်မင်းသမီးလည်းဖြစ်လာခဲ့တော့သည်။

R. the last time = (------ဟော နောက်ဆုံးအကြိမ်မှာ)

The last time Devadatta went to The Buddha, he no longer saw The Buddha. (ရ)
(Adv.CL) (M.CL)

ဒေဝဒတ် ဘုရားထံသွားခဲ့သော နောက်ဆုံးအကြိမ်မှာ သူသည် ဘုရားရှင်ကို မဖူးတွေ့ခဲ့ရတော့ပေ။

S. every time/each time= (-----ဟော တိုင်းရင်း)

Every time future-Buddha is conceived, the earth bears evidence. (ရ)
(Adv.CL) (M.CL)

ဘုရားအလောင်း ပဋိသန္ဓေခံယူသောအခါတိုင်း မဟာပထဝီမြေကြီးက သက်သေပြသည်။ (ငလျင်လှုပ်သည်)

Scanned by CamScanner

The earth bears evidence *every time* future-Buddha is conceived. (၄)

T. as long as/ so long as = (-----သမျှကာလပတ်လုံး)

As long as I flee, they will pursue me. (၅)
(Adv.CL) (M.CL)

ကျွန်ုပ် ထွက်ပြေးနေသမျှကာလပတ်လုံး သူတို့က ကျွန်ုပ်ကို လိုက်ကြပေမည်။

They will pursue me, *as long as* I flee. (၄)

U. the moment/ the minute/ the instance= (-----ကော အခိုက်၌)

A crow perched on a palm fruit, it droped down. (၅)
(Adv.CL) (M.CL)

ကျီးသည် ထန်းသီးပေါ် နားခဲ့သောအခိုက်မှာ ၎င်းသည် ကြွေကျခဲ့သည်။

A palm fruit droped down, the *moment* a crow perched on it. (၄)

V. as soon as/ even as = (-----သည်နှင့်တစ်ပြိုင်နက်)

As soon as she opens her eyes, she starts slandering. (၅)
(Adv.CL) (M.CL)

သူမသည် သူမ၏မျက်စိကို ဖွင့်သည်နှင့်တစ်ပြိုင်နက် သူများမကောင်းကြောင်း စ ပြောတော့သည်။

She starts slandering *as soon as* she opens her eyes. (၄)

W. once = (-----သည်နှင့်တစ်ပြိုင်နက် ၊ -----တော်ဆိုရင်ပဲ)

Once you touch the narcotic drug, you have been induced by it. (၅)
(Adv.CL) (M.Cl)

မင်းဟာ ဒီ မူးယစ်ဆေးကို ထိလိုက်တယ်ဆိုရင်ပဲ မင်းဟာ သူဖမ်းစားတာကို ခံလိုက်ရပြီးပြီ။

X. had + no sooner + V.3 + than= (---ဖြီးဖြီးချင်း) (၅)

She had *no sooner* arrived home *than* she gave birth.
(Adv.CL) (M.Cl)

သူမသည် အိမ်ပြန်ရောက်ရောက်ချင်း သူမ မီးဖွားခဲ့သည်။

16.5 Brief Adverb Phrase of Time = အချိန်ပြကြိယာဝိသေသန ပုဒ်စုအကျဉ်း

A. when + PP.h = (--- ဖွာ ရှိစဉ် ၊ ---ကို ထောက်ထုန်း) (၅/၄)

When in Rome, do as a Roman.
(Adv.Ph) (M.Cl)

ရောမ မှာ ရှိစဉ် ရောမသားတစ်ဦးကဲ့သို့.လုပ်ပါ။

B. when + V.4 = (--- နေစောအခါ) (၅/၄)

Her hands were trembling *when* reading a newspaper, .
(M.Cl) (Adv.Ph)

သတင်းစာတစ်စောင်ကိုဖတ်နေသောအခါ သူမ၏လက်များတုန်နေခဲ့သည်။

C. when + T.V.3 = (--- ခြင်းခံရသောအခါ) (၅/၄)

The water in the trench overflowed *when* blocked.
(M.Cl) (Adv.Ph)

မြောင်းထဲက ရေသည် လျှံထက်ခဲ့သည်။ ပိတ်ဆို့.ခြင်းခံရသောအခါ

D. while + PP.h = (---ဖွာ ရှိနေစဉ် ၊ ---ကို ထောက်ထုန်း) (၅/၄)

While in the bus, his wallet was stolen.
(Adv. Cl) (M.Cl)

ဘတ်စ်ကားပေါ်မှာရှိနေစဉ် သူ၏ပိုက်ဆံအိတ် အခိုးခံခဲ့ရသည်။

Scanned by CamScanner

E. **while + V.4 = (---နှစ်ခု)** (၅ / ၆)

He studied English *while* staying in Mandalay.
(M.Cl) (Adv.Ph)

သူသည် အင်္ဂလိပ်စာကိုသင်ယူခဲ့သည်။ မန္တလေးမှာ နေနေစဉ်။

F. **while + T.V.3= (---ခြင်းခံနှစ်ခု)** (၅ / ၆)

While surrounded by fire, the victim forgot to use extinguisher.
(Adv.P.h) (M.Cl)

မီး ဝိုင်းခံနေရစဉ် ဌင်း ဒုက္ခသည်သည် မီးသတ်ပူးကို သုံးဖို့.မေ. ခဲ့သည်။

G. **till + Adj = (---သည် အထိ)** (၅ / ၆)

Vegetable should not be cooked *till* well-done.
(M.Cl) (Adv.Ph)

ဟင်းသီးဟင်းရွက်ကို မချက်သင့်ပါ။ နူးနပ်သည်အထိ

H. **until + Adj = (ဗ ---ဖျင်း)** (၅ / ၆)

The divers dared not get into the sea *until* calm.
(M.Cl) (Adv.Ph)

ရေ ငုပ်သမားများသည် ပင်လယ်ထဲမဆင်းဝံ့ခဲ့ကြပါ။ မငြိမ်သက်မချင်း

I. **when + Adj = (---သောအခါ)** (၅ / ၆)

We must search knowledge *when* young.
(M.Cl) (Adv.Ph)

ကျွန်ုပ်တို့.သည်အသိပညာကိုရှာမီးကြရမည်။ အသက်ငယ်သောအခါမှာ

J. **whenever + Adj= (---သောအခါထိုင်း)** (၅ / ၆)

Whenever bored, he used to sing.
(Adv.Ph) (M.Cl)

ပျင်းသောအခါတိုင်း သူ သီချင်းဆိုလေ့ရှိခဲ့သည်။

K. **before + T.V.3 = (---ခြင်း ခံရဖို့)** (၅ / ၆)

The robber refused to surrender, *before* arrested.
(M.Cl) (Adv.Ph)

ဌင်း ဓားပြသည် အရှုံးပေးဖို့.ငြင်းဆန်ခဲ့သည်။ ဖမ်းခြင်းမခံရမှီ

L. **after + T.V.3 = (---ခြင်း ခံရပြီး)** (၅ / ၆)

The child went insane *after* abandoned.
(M.Cl) (Adv.Ph)

ဌင်းကလေးသည် စိတ်ဖောက်သွားခဲ့သည်။ စွန့်.ပစ်ခြင်းခံရပြီးနောက်

16.6 Place Conjunctions = နေရာပြ အဆက်စကားများ

1. **where** = ---သောနေရာ / အရပ်မှာ ။ ------သောနေရာ/အရပ်သို့. (၅ / ၆)
2. **wherever** = ------သောနေရာတိုင်းမှာ / သို့. (၅ / ၆)
3. **everywhere** = ------သောနေရာတိုင်းမှာ / သို့. (၅ / ၆)

A. **where = (---သော နေရာမှာ ၊ ---သော နေရာသို့.)**

Where there is no compassionate love I do not want to live.
(Adv.CL) (M.CL)

မေတ္တာတရားမရှိသောနေရာမှာ ကျွန်ုပ် နေထိုင်ခြင်းကိုအလိုမရှိပါ။ (မနေချင်ပါ)

Scanned by CamScanner

B. wherever = (---သော နေရာတိုင်းမှာ ၊ ---သော နေရာတိုင်းဆို.)

There exists peace *wherever* compassionate love flourishes.

(M.CL) (Adv.CL)

ငြိမ်းချမ်းမှုရှိသည်။ မေတ္တာတရားထွန်းကားသောနေရာတိုင်းမှာ

C. everywhere = (---သော နေရာတိုင်းမှာ ၊ ---သော နေရာတိုင်းဆို.)

Rice paddy cannot be cultivated *everywhere* there is water.

(M.CL) (Adv.CL)

ဆန်စပါးကို မစိုက်ပျိုးနိုင်ပါ။ ရေ ရှိ သောနေရာတိုင်းမှာ

16.7 Brief Adverb Phrase of Place = နေရာပြ ကြိယာဝိသေသန ပုဒ်စုအကျဉ်း

1. where+Adj = ------သောနေရာမှာ/သို့.
2. wherever+Adj = ----- သောနေရာတိုင်းမှာ/သို့.

A. *Where necessary*, we can use our fund.

လိုအပ်သောနေရာမှာ ကျွန်ုပ်တို့. သည် ကျွန်ုပ်တို့. ၏ရန်ပုံငွေကိုသုံးနိုင်သည်။

B. *Wherever possible*, you should grow trees and plants.

ဖြစ်နိုင်သောနေရာတိုင်းမှာ သင်တို့. သစ်ပင်များ နှင့် အပင်ငယ်များကိုစိုက်သင့်ကြသည်။

16.8 Manner Conjunctions = အမူအရာပြ အဆက်ဓာတ်းများ

1. as / just as = -----သကဲ့သို့. /-----သည့်အတိုင်း (ရ / နာ)
2. like / just like = ----- သကဲ့သို့. /-----သည့်အတိုင်း (ရ / နာ)
3. the way / in the way = -----သောနည်းအတိုင်း (ရ / နာ)
4. as if / as though = ------သည့်အလား (ရ / နာ)
5. according as = ------သောအတိုင်းအတာအလျောက် (ရ / နာ)
6. so much so that = ----- ရလောက်အောင် (နာ)

A. as / just as = (---သကဲ့သို့. ၊ ---သည့်နည်းအတိုင်း)

Just as fire burns fire-wood, moral defilements burns all beings.

မီးသည် ထင်းကို လောင်ကျွမ်းသကဲ့သို့. ကိလေသာများသည် သတ္တဝါအားလုံးကို လောင်ကျွမ်းစေသည်။

B. like / just like = (---သကဲ့သို့. ၊ ---သည့်နည်းအတိုင်း)

Nobody can sing " the Moe day war ", *just like* Daw Hla Shwe does.

မိုးဒေဝါ (သီချင်း) ကို ဘယ်သူမျှ မသီဆိုနိုင်ပေ။ ဒေါ်လှရွှေ သီဆိုသကဲ့သို့.

C. the way / in the way = (---သည့်နည်းအတိုင်း) (ရ / နာ)

My son cannot behave *in the way* I want him to (behave).

ကျွန်ုပ်၏သားသည် မပြုမူနိုင်ပါ။ ကျွန်ုပ် သူ. ကိုပြုမူစေချင်သည့်အတိုင်း

D. as if / as though = (---သည်အလား) (ရ/နာ)

(ဤ အဆက်စကားကို တကယ်အစစ်အမှန်မဟုတ်သောအခြေအနေကိုပြောဆိုရာ၌ သုံးသည်။ ပစ္စုပ္ပန်ကာလအတွက် ရိုးရိုးအတိတ်ကြိယာပုံစံ (simple past tense) ကိုသုံးရပြီး ၊ အတိတ်ကာလအတွက် အတိတ်ပြီးစီးကြိယာပုံစံ (past perfect tense) ကိုသုံးရသည်။)

I felt a pain on my back *as if* I had been beaten.

ကျွန်ုပ်သည် ကျောမှာ နာကျင်မှုကို ခဲ့စားခဲ့ရသည်။ ကျွန်ုပ်သည် ထုရိုက်ခံထားခဲ့ရသည့်အလား

Scanned by CamScanner

E. according as = (---ဟော အတိုင်းအတာအလျောက်) (ရ/နာ)

Everybody should keep environment clean ***according as*** he can (keep).

လူတိုင်းသည် ပတ်ဝန်းကျင်ကို သန့်. ရှင်းအောင်ထားသင့်သည်။ သူ ထားနိုင်သောအတိုင်းအတာအလျောက်။

16.9 Brief Adverb Phrase of Manner = အပူအဆုပြု ကြိယာဝိသေသန ပုဒ်စုအကျဉ်း

1. as + T.V3 = -----ထားသည့်အတိုင်း
2. (as / like) + PP.h = -----ကဲ့သို့. /-----လို
3. (as / like) + particle = -----ကဲ့သို့. /-----လို
4. as if / as though + T.V.3 =-----ခံရသည့်အလား/----ထားသည့်အလား
5. as if / as though + to V.1 = -----ဖို့. အလား
6. as if / as though + V.4 = -----နေသည့်အလား
7. as if / as though + PP.h = -----အလား

A. as + T.V3 = (---ထားသည်အတိုင်း)

Some sort of food should not be eaten ***as sold*** at a shop.

အချို့. အစားအစာအမျိုးအစားကို မစားသင့်ပါ။ ဆိုင်မှာရောင်းသည့်အတိုင်း

B. (as / like) + PP.h = (---ကဲ့သို့. ၊ ---ကို)

I am not happy in Yangon ***as in Mandalay.***

ကျွန်ုပ်သည် ရန်ကုန်မှာ မပျော်ပါ။ မန္တလေးမှာလို

C. (as / like) + particle = (---ကဲ့သို့. ၊ ---ကို)

The hall is not wide enough ***like upstairs.***

ဂျင်းခန်းမသည် ကျယ်သင့်သလောက်မကျယ်ပါ။ အပေါ်ထပ်မှာလို

D. as if / as though + T.V.3 = (---ခံရသည် ၊ ---ထားသည်အထား)

I felt a pain on my back ***as though beaten.***

ကျွန်ုပ်သည် ကျော ဖက်၌ နာကျင်မှုကိုခံစားခဲ့ရသည်။ ထုရိုက်ခံထားရသည့်အလားကဲ့သို့.

E. as if / as though + to V.1 = (---ဖို့အထား ၊ ---လာရန်ကို)

She stared at me ***as though to devuor.***

သူမသည်ကျွန်ုပ်ကို စိုက်ကြည့်ခဲ့သည်။ စားတော့မည့်အလားကဲ့သို့.

F. as if / as though + V.4 = (---နေသည် အထား)

The old man died calmly ***as if sleeping.***

ဂျင်း အဖိုးအိုသည် ငြိမ်သက်စွာ သေဆုံးခဲ့သည်။ အိပ်နေသည့်အလား

G. as if / as though + PP.h = (--- အထား)

The women were quarrelling at a wedding ceremony ***as if at a bazaar.***

ယင်းမိန်းမများသည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှာ စကားများနေခဲ့ကြသည်။ ဈေးမှာအလားကဲ့သို့.

16.10 Purpose Conjunctions = ရည်ရွယ်ချက်ပြ အဆက်စကားများ

1. so / so that / in order that = ------စေရန် (နာ)
2. in case = -----လို------ငြားဆိုပြီး (နာ)
3. lest = ------မည်စိုးသောကြောင့် / မ ----စေရန် (ရ / နာ)

A. so / so that / in order that = (---ရန်)

မှတ်ချက်။ ။ M.CL ထဲက ကြိယာပုံစံသည် simple present , present continuous , present perfect , present perfect continuous , simple future တို့ဖြစ်ပါက ဂျင်းအဆက်စကားဦးစီးသော Adv.CL ထဲက ကြိယာပုံစံသည် can , may , shall , will တို့.ထဲက ဆီလျော်ရာတစ်ခုခုနှင့် V.1 တို့.တွဲသော ပြုသူပဓာနကြိယာပုံစံ (သို့မဟုတ်) be V.3 တို့.တွဲသော ခံရသူပဓာနကြိယာပုံစံ ဖြစ်ရမည်။ M.CL ထဲက ကြိယာပုံစံသည် simple past , past continuous , past perfect , past perfect

Scanned by CamScanner

continuous တို့ဖြစ်ပါက ၄င်းအဆက်စကားဦးစီးသော Adv.CL ထဲက ကြိယာပုံစံသည် could , might , should , would တို့ထဲက ဆီလျော်ရာ တစ်ခုခုနှင့် V.1 တို့ကို တွဲသော ပြုသုပဓာနကြိယာပုံစံဖြစ်ရမည်။

a. Coconut trees bend in storm *so that* they cannot be broken.
အုန်းပင်များသည် မုန်တိုင်းထဲ၌ ကိုင်းညွတ်ကြသည်။ ၄င်းတို့ (ချိုးခြင်း မခံရစေရန်) မကျိုးနိုင်စေရန်

b. I had to approach the fence on all four *in order that* others might not see me.
ကျွန်ုပ်သည် ခြံစည်းရိုးကို လေးဖက်ထောက်၍ ချဉ်းကပ်ခဲ့ရသည်။ အခြားသူများ ကျွန်ုပ်ကို မမြင်နိုင်စေရန် ။

c. Polar bears eat so much fish *so* they can live over winter without food.
ဝင်ရိုးစွန်းဝက်ဝံများသည် ငါးကို များစွာစားကြသည်။ သူတို့ အစာမရှိပဲ တစ်ဆောင်းတွင်းလုံး နေနိုင်စေရန်။

B. in case = (---ဖို---ကြား ဆိုဖြီး)

မှတ်ချက်။ ။ M.CL ထဲက ကြိယာပုံစံသည် Simple present , Present continuous , Present perfect , Present perfect continuous , Pimple future တို့ဖြစ်ပါက ၄င်းအဆက်စကားဦးစီးသော Adv.CL ထဲက ကြိယာပုံစံသည် Simple present ဖြစ်စေ ၊ should + V.1 / should + be + Adj ဖြစ်စေ ဖြစ်ရမည်။

M.CL ထဲက ကြိယာပုံစံသည် Simple past , Past continuous , Past perfect , Past perfect continuous တို့ဖြစ်ပါက ၄င်းအဆက်စကားဦးစီးသော Adv.CL ထဲက ကြိယာပုံစံသည် Simple past ဖြစ်စေ ၊ should + V.1 သို့မဟုတ် should be + Adj ဖြစ်စေ ဖြစ်ရမည်။

a. I usually bring my umbrella to school *in case* it rains (it should rain).
ကျွန်ုပ်သည် ကျွန်ုပ်၏ထီးကို ကျောင်းသို့ယူလာလေ့ရှိသည်။ မိုး ရွာလိုရွာငြားဆိုပြီး ။

b. She had cooked more food *in case* I should visit her apartment.
သူမသည် အစားအစာကို ပိုချက်ထားခဲ့သည်။ ကျွန်ုပ် သူမ၏ တိုက်ခန်းသို့အလည်လာလိုလာငြားဆိုပြီး။

C. lest = (---စည်းရိုးဟောင်းကြောင့်) (ဖ---ဒေရုန်)

၄င်းဦးစီးသော Adv.CL ထဲ၌ V.1 သက်သက်ဖြစ်စေ ၊ should / would / might တို့ထဲက ဆီလျော်ရာတစ်ခုခုနှင့် V.1 တို့၏ အတွဲ ဖြစ်စေ ၊ ၄င်း၏ ခံရသူပဓာနကြိယာပုံစံ ကိုဖြစ်စေ သုံးရသည်။ ခံရသူပဓာနကြိယာပုံစံကိုသုံးပါက should / would / might တို့ကိုဖြုတ်ထား နိုင်သည်။

a. She covers her face with her veil *lest* the scar be seen. (might ကိုဖြုတ်ထားသည်။)
သူမသည် သူမ၏ မျက်နှာကို ခြုံပုဝါနှင့် ဖုံးထားသည်။ အမာရွတ်ကို အမြင်ခံရမှာစိုးသောကြောင့်။

b. *Lest* you fail , strive night and day.
သင် မကျရှုံးစေရန် နေ့ရောညဥ့်ပါ အားထုတ်ပါ။

16.11 Concessive Conjunctions = ဝန်ခံမှုပြု အဆက်စကားများ

ဤ အဆက်စကားဖြင့် ဆက်ထားသောဝါကျနှစ်ခုသည် တစ်ခုနှင့်တစ်ခု အနက်သဘောအားဖြင့် ဆန့်ကျင်နေရမည်။ တစ်ခုကို ဝန်ခံ (ဝါ) လက်ခံ နိုင်လျှင် ကျန်တစ်ခုသည် လက်မခံနိုင်စရာဖြစ်ရမည်။

1. though / although / while = ------သော်လည်း (ရ / နှ)
2. whereas = -----သော်လည်း / တစ်ဖက်မှာကား (နှ)
3. even though = -----တာတောင်မှ (ရ / နှ)
4. even if = ----လျှင်တောင်မှ (ရ / နှ)
5. except that = ----- တာကလွဲလို့ /------တာမှတစ်ပါး (ရ / နှ)
6. not that = မ-----သော်လည်း (နှ)
7. whoever / no matter who = ဘယ်သူပဲ----- ------ (ရ / နှ) S , S.C တာဝန်ဖြင့်
8. whoever / no matter whom = ဘယ်သူ့ကိုပဲ ------ -----(ရ / နှ) O , D.O , I.O , PP.h ထဲက N တာဝန်များဖြင့်
9. whichever / no matter which = ဘယ်ဟာပဲ----- ------ (ရ / နှ) S , S.C , PP.h ထဲက N တာဝန်များဖြင့်

Scanned by CamScanner

10. whichever / no matter which = ဘယ်ဟာကိုပဲ----- -- (၅ / ၆) O , D.O တာဝန်များဖြင့်
11. whatever / no matter what = ဘာ ပဲ ----- ------ (၅ / ၆) S , S.C , PP.h ထဲက N တာဝန်များဖြင့်
12. whatever / no matter what = ဘာကိုပဲ ----- ------ (၅ / ၆) O , D.O တာဝန်များဖြင့်
13. however / no matter how = ဘယ်လိုပဲ ------ ------ (၅ / ၆) Adv တာဝန်ဖြင့်
14. no matter why = ဘာကြောင့်ပဲ ------ ------ (၅ / ၆) Adv တာဝန်ဖြင့်
15. wherever / no matter where = ဘယ်မှာပဲ/ ဘယ်ကိုပဲ ---- ------ (၅ / ၆) Adv တာဝန်ဖြင့်
16. whenever / no matter when = ဘယ်အချိန်မှာပဲ ------ ------ (၅ / ၆) Adv တာဝန်ဖြင့်
17. whatever + N = ဘာ------ပဲ ------ ------- (၅ / ၆) S , S.C , PP.h ထဲက N တာဝန်များဖြင့်
18. whatever + N = ဘာ------ကိုပဲ ------ ------- (၅ / ၆) O , D.O တာဝန်များဖြင့်
19. whichever + N = ဘယ်-----ပဲ ------ ------ (၅ / ၆) S , S.C , PP.h ထဲက N တာဝန်များဖြင့်
20. whichever + N = ဘယ်-----ကိုပဲ ------ ------ (၅ / ၆) O , D.O တာဝန်များဖြင့်

A. though / although / while = (---သော်လည်း)

Though U Ba is very fat, he can run quite fast.
ဦးဘသည် အလွန် ဝ သော်လည်း သူသည် အတော့်ကို မြန်မြန်ပြေးနိုင်သည်။
While she is getting prosperous in Yangon , her parents are still wretched.
သူမသည် ရန်ကုန်မှာ ကြီးပွားနေသော်လည်း သူမ၏ မိဘများသည် ဆင်းရဲနုံချာနေမြဲဖြစ်သည်။

B. whereas = (၀ ---သော်လည်း ၊ တစ်ဖက်မှာကား)

He is very well learned, ***whereas*** he is ignorant of business.
သူသည် ပညာအလွန်တတ်ပါသည် ။ တစ်ဖက်မှာကား သူသည် စီးပွားရေးလုပ်ငန်းအကြောင်းဘာမျှမသိပါ။

C. even though = (----ဟု ဆောင်၌)

Even though it rained that much, it is still quite warm.
မိုး ဒီလောက်များများ ရွာခဲ့တာတောင်မှ တော်တော့်ကို အိုက်နေတုန်းပဲ။

D. even if = (----လျှင် ဆောင်၌)

Even if you left at three, you may not arrive there in time.
သင်သည် သုံးနာရီမှာ ထွက်လျှင်တောင်မှ အဲဒီကို အချိန်မှီရောက်မှာ မဟုတ်ပါ။

E. except that = (--- ထားတဲ့အပို ၊ ---ကလွဲတစ်ပါး)

This novel has no literature value, ***except that*** it is well known.
ဒီ ဝတ္ထုမှာ စာပေတန်ဖိုး ဘာမျှမပါဘူး ။ ၎င်းသည် လူသိများတာကလွဲလို.

F. not that = (၀ ---သော်လည်း) (အဆိုဝါကျနှင့်သာအမြဲသုံးရသည်။)

You should not act like that- ***not that*** anybody can perceive your thought.
သင်သည် ဒီလိုမျိုး မပြုမူသင့်ပါ။ သင့် အကြံကို ဘယ်သူမျှ မသိနိုင်သော်လည်း။

G. whoever / no matter who= (ဘယ်သူပဲ --- ---) (S , S.C တာဝန်များဖြင့်)

a. I don't care ***no matter who*** you are, (S.C တာဝန်ဖြင့်)
ငါ ဂရုမစိုက်ပါဘူး။ မင်းဟာ ဘယ်သူပဲဖြစ်ဖြစ်

b. ***Whoever*** comes here, tell them I am out. (S တာဝန်ဖြင့်)
ဒီကို ဘယ်သူပဲလာလာ ။ ငါ အပြင်ထွက်နေတယ်လို. ပြောလိုက်ပါ။

H. whoever / no matter whom= (ဘယ်သူ့ကိုပဲ--- ---) O , D.O , I.O , PP.h ထဲက N တာဝန်များ

a. I will not hate ***no matter whom*** you hate. (O တာဝန်ဖြင့်)
ငါ မုန်းလိမ့်မည်မဟုတ်။ သင် ဘယ်သူ. ကိုပဲမုန်းမုန်း

b. ***Whoever*** you bring to me, I will accept them. (D.O တာဝန်ဖြင့်)

Scanned by CamScanner

မင်း ဘယ်သူ. ကိုပဲ ငှါဆီခေါ်လာခေါ်လာ ငါ သူတို. ကို လက်ခံမယ်။

c. *No matter whom* you borrowed money *from*, you must repay it. (PP.h ထဲက N တာဝန်ဖြင့်)

မင်း ပိုက်ဆံကို ဘယ်သူ. ဆီကပဲ ချေးခဲ့ချေးခဲ့ မင်း အဲဒါကို ပြန်ဆပ်ရမယ်။

I. whichever / no matter which= (ဘယ်ဟာပဲ--- ---) S, S.C, PP.h ထဲက N တာဝန်များဖြင့်

a. *Whichever* is on the table, put them all down. (S တာဝန်ဖြင့်)

စားပွဲပေါ်မှာ ဘယ်ဟာပဲရှိရှိ အဲဒါတွေအားလုံးကို အောက်ကိုချပါ။

b. *No matter which* his things are, return them right away. (S.C တာဝန်ဖြင့်)

သူ. ပစ္စည်းတွေဟာ ဘယ်ဟာပဲဖြစ်ဖြစ် အဲဒါတွေကို ချက်ချင်း ပြန်ပို. ပါ။

c. He never finish it *no matter which* he is interested *in*. (PP.h ထဲက N တာဝန်ဖြင့်)

သူ အဲဒါကို ဘယ်တော့မှ အပြီးသတ်ဘူး။ ဘယ်ဟာကိုပဲ သူစိတ်ဝင်စား စိတ်ဝင်စား

J. whichever / no matter which= (ဘယ်ဟာထိုပဲ--- ---) (O, D.O တာဝန်များဖြင့်)

a. *Whichever* I chose, all were old ones. (O တာဝန်ဖြင့်)

ဘယ်ဟာကိုပဲ ကျွန်ုပ် ရွေးခဲ့ရွေးခဲ့ အားလုံးဟာ အဟောင်းတွေချည်းပဲ။

b. I liked nothing *no matter which* he showed me. (D.O တာဝန်ဖြင့်)

ကျွန်ုပ် ဘာကိုမှ မကြိုက်ပါ။ သူသည် ဘယ်ဟာကိုပဲ ကျွန်ုပ်ကို ပြခဲ့ပြခဲ့

K. whatever / no matter what= (ဘာပဲ --- ---) (S, S.C, PP.h ထဲက N တာဝန်များ)

a. You must shoot at it *whatever* appears at this spot. (S တာဝန်ဖြင့်)

မင်း ၎င်းကို ပစ်ရမည်။ ဒီနေရာကလေးမှာ ဘာပဲပေါ်လာပေါ်လာ

b. *Whatever* yours is, do not bring them here. (S.C တာဝန်ဖြင့်)

မင်းရဲ့ ဥစ္စာတွေဟာ ဘာပဲဖြစ်ဖြစ် ဒီကို ယူမလာနဲ့. ။

c. *No matter what* I aspire *for*, it never materializes. (PP.h ထဲက N တာဝန်ဖြင့်)

ကျွန်ုပ်သည် ဘာပဲတောင့်တ တောင့်တ ၎င်းသည် ဘယ်တော့မှ ဖြစ်မြောက်မလာပေ။

L. whatever / no matter what= (ဘာထိုပဲ --- ---) (O, D.O တာဝန်များဖြင့်)

a. *Whatever* we do not want, it is subject to appearence. (O တာဝန်ဖြင့်)

ငါ တို. ဘာကိုပဲ မလိုချင် မလိုချင် ၎င်းသည် ပေါ်လာတတ်သောသဘောရှိသည်။

b. They never believe you *no matter what* you tell them. (D.O တာဝန်ဖြင့်)

သူတို့က သင့်ကို ဘယ်တော့မှ မယုံဘူး သင်က သူတို. ကို ဘာကိုပဲ ပြောပြော

M. however / no matter how= (ဘယ်ထိုပဲ --- ---၊ ဘယ်လောက်ပဲ--- ---) Adv တာဝန်

a. *However* we condition our bodies, they persist in decay.

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ဘယ်လိုပဲပြုပြင်ပြုပြင် ၎င်းတို. သည် ယိုယွင်းမြဲယိုယွင်းနေသည်။

b. *No matter how* you are arrogant, you cannot live on the earth as long as a tree.

သင် ဘယ်လောက်ပဲ မာန ကြီးကြီး သင်သည် ကမ္ဘာမြေပေါ်မှာ သစ်ပင်တစ်ပင်လောက် ကြာကြာမနေရပါ။

N. no matter why = (ဘာကြောင့်ပဲ --- ---) Adv တာဝန်ဖြင့်

No matter why we cheat others, this evaluates our dignity.

ကျွန်ုပ်တို့သည် သူတစ်ပါးတွေကို ဘာကြောင့်ပဲ လှည့်ဖြားလှည့်ဖြား ဤအရာက ကျွန်ုပ်တို့၏ဂုဏ်သိက္ခာကို တန်ဖိုးဖြတ်သည်။

O. wherever / no matter where = (ဘယ်နှာပဲ ၊ ဘယ်ထိုပဲ --- ---) Adv တာဝန်ဖြင့်

There will be conflicts *wherever* racial discrimination exists.

ပဋိပက္ခများရှိနေပေ လိမ့်မည်။ လူတန်းစားခွဲခြားမှု ဘယ်မှာပဲ တည်ရှိ တည်ရှိ

Scanned by CamScanner

P. whenever / no matter when = (အဘယ်အချိန်မှာပဲ ---- ----) Adv တာဝန်ဖြင့်

a. *Whenever* you eat chilli, it will tastes hot.
သင်သည် ငရုတ်သီးကို ဘယ်အခါမှာပဲစားစား ၎င်းသည် စပ်သောအရသာရှိလိမ့်မည်။

b. *No matter when* you do evil deed, it will result in evil fruitions.
သင်သည် မကောင်းမှုကို ဘယ်အချိန်မှာပဲလုပ်လုပ် ၎င်းသည် မကောင်းသော အကျိုးကို ပေးလိမ့်မည်။

Q. whatever + N = (အ----ပဲ ---- ----) (S , S.C , PP.h ထဲက N တာဝန်များ)

a. You should keep yourself calm *whatever* difficulty comes to you. (S တာဝန်ဖြင့်)
သင်သည် သင့်ကိုယ်သင် တည်တည်ငြိမ်ငြိမ်ထားသင့်သည်။ ဘာအခက်အခဲပဲသင့်ထဲရောက်လာရောက်လာ

b. *Whatever* personage we are, we are concerned about food and a call of nature. (S.C တာဝန်)
ကျွန်ုပ်တို့. ဘာပုဂ္ဂိုလ်ကြီးပဲ ဖြစ်ဖြစ် အစားအစာနှင့် အညစ်အကြေးစွန့်မှုအတွက်တော့ ကြောင့်ကြရသည်။

c. There is often a hinderance to it *whtever* goal I aim *at*. (PP.h ထဲက N တာဝန်ဖြင့်)
၎င်း၌ အတားအဆီးတစ်ခု မကြာခဏရှိသည်။ ကျွန်ုပ် ဘာပန်းတိုင်ပဲရည်မှန်းရည်မှန်း

R. whatever +N = (အ----ကိုပဲ ---- ----) (O , D.O တာဝန်များဖြင့်)

a. *Whatever* type of science you learn, you should not be mastered by it. (O တာဝန်ဖြင့်)
သင်သည် ဘာအတတ်ပညာမျိုးကိုပဲ သင်ယူသင်ယူ သင်သည် ၎င်းပညာ၏ လွှမ်းမိုးခြင်းကိုမခံသင့်ပေ။

b. We are never contented *whatever* thing nature give us. (D.O တာဝန်ဖြင့်)
ကျွန်ုပ်တို့က ဘယ်တော့မှ မရောင့်ရဲနိုင်ကြချေ။ သဘာဝတရားက ကျွန်ုပ်တို့ကို ဘာအရာကိုပဲပေးပေး

S. whichever + N = (အဖို----ပဲ ---- ----) (S , S.C , PP.h ထဲက N တာဝန်များဖြင့်)

a. *Whichever* person presides over the company, it will not gain success. (S တာဝန်)
ဘယ်ပုဂ္ဂိုလ်ကပဲ ၎င်းကုမ္ပဏီကို ဦးဆောင်ဦးဆောင် ၎င်းသည် အောင်မြင်မှုကို ရလိမ့်မည်မဟုတ်။

b. *Whihever* thing Japanese product is , people all over the world like it. (S.C တာဝန်)
ဂျပန် ထုတ်ကုန်ပစ္စည်းသည် ဘယ်အရာပဲဖြစ်ဖြစ် ကမ္ဘာတစ်ဝှမ်းလုံးက လူများက နှစ်သက်ကြသည်။

c. They will charge for your dog *whichever* hotel you are staying *at*. (PP.h ထဲက N)
သူတို့က သင့်ခွေးအတွက် အခကြေးငွေယူကြလိမ့်မည်။ ဘယ် ဟိုတယ်မှာပဲ သင် တည်းခိုမည်ဖြစ်ဖြစ်

T. whichever + N = (အဖို----ကိုပဲ ---- ----) (O , D.O တာဝန်များဖြင့်)

a. You must be alert to pickpockets *whichever* bus you take. (O တာဝန်ဖြင့်)
သင် ခါးပိုက်နှိုက်များကို သတိထားရမည်။ သင် ဘယ် ဘတ်(စ်) ကားကိုပဲ စီးစီး

b. *Whichever* subject you teach others, you should master them. (D.O တာဝန်ဖြင့်)
သင် ဘယ်ဘာသာရပ်ကိုပဲ သူတစ်ပါးတွေကို သင်သင် သင်သည် ၎င်းဘာသာရပ်များကို ပိုင်နိုင်ထားသင့်သည်။

16.12 Brief Adverb Phrase of Concessive = ဝန်ခံမှုပြု ကြိယာဝိသေသနပုဒ်စုအကျဉ်း

A. however + Adj= (အဆိုတောင်ပဲ ---- ----)

a. The tribes are still alive in the desert *however* hard searching food is.
ယင်းလူမျိုးစုများသည် သဲကန္တာရထဲမှာအသက်ရှင်ဆဲရှိကြသည်။ အစားအစာ ရှာဖွေရတာဘယ်လောက်ပဲခက်ခဲ

b. *However* effective a medicine is, don't take it for a long time.
ဆေး တစ်ခုသည် ဘယ်လောက်ပဲ ထိရောက်ထိရောက် ၎င်းကို ကြာရှည်စွာ မသုံးစွဲပါနှင့်။

B. however + Adv = (အဆိုတောင်ပဲ ---- ----)

a. The pond is never filled with flood *however* heavily rain showers.
၎င်းရေအိုင်သည် ဘယ်တော့မှ ရေ မပြည့်ပါ။ မိုးသည် ဘယ်လောက်ပဲ သည်းသည်းမဲမဲ သွန်ချသွန်ချ

b. *However* cleverly we can evade human law, we cannot evade law of Kamma.
ကျွန်ုပ်တို့. လူ့ဥပဒေမှ ဘယ်လောက်ပါးနပ်စွာ ရှောင်နိုင်ပါစေ ကျွန်ုပ်တို့သည် ကမ္မနိယာမကို မရှောင်နိုင်ပါ။

Scanned by CamScanner

C. Adj + as + S + (Be) / LK.V = (----အသည်း)

a. *Deaf as* he is , he senses any gestures.
သူသည် နားလေးသော်လည်း သူသည် မည်သည့်လက်ဟန်ခြေဟန်ကိုမဆို သိသည်။

b. *Young as* she looks , she is even about forty.
သူမ ငြည့်ရတာ အသက်ငယ်ဟန်ရှိသော်လည်း သူမသည် အသက် လေးဆယ်လောက်တောင်ရှိသည်။

16.13 Reason Conjunctions = အကြောင်းရင်းပြ အဆက်စကားများ

1. because = ----သောကြောင့် (၅ / ၆)
2. as / since / seeing that = -----တဲ့အတွက် (၅ / ၆)
3. for = -----တာမို့လို့/မှာမို့လို့ (၆)
4. now that = ---- ပြီမို့လို့/-----တာမို့လို့ (၅)
5. in asmuchas = ----တာဆိုတော့ (၅ / ၆)
6. so + adj / Adv + that = ----သောကြောင့် (၅)
7. so + adj + N + that = ---- သော ----- ----သောကြောင့် (၅)

A. because = (----အကြောင်း)

I had to leave school *because* my parents were very poor.
ကျွန်ုပ်သည် ကျောင်းထွက်ခဲ့ရသည်။ ကျွန်ုပ်၏ မိဘများ အလွန်ဆင်းရဲသောကြောင့်

B. as / since / seeing that= (----တဲ့အတွက်)

a. *As* I am a monk, I know nothing about banks.
ကျွန်ုပ်သည် ဘုန်းကြီး တစ်ပါးဖြစ်တဲ့အတွက် ကျွန်ုပ်သည် ဘဏ်တွေအကြောင်းကို ဘာမျှ မသိပါ။

b. Farmers managed to harvest successfully *since* the weather has been good.
လယ်သမားများသည် အောင်မြင်စွာ သိမ်းရုံးနိုင်ခဲ့ကြသည်။ ရာသီဥတု ကောင်းလာခဲ့တဲ့အတွက်

c. *Seeing that* they were dutiful students, the school master praised them.
သူတို့သည် တာဝန်တေ့သော ကျောင်းသားများဖြစ်ခဲ့တဲ့အတွက် ကျောင်းအုပ်ဆရာကြီးက သူတို့ကို ချီးမွမ်းခဲ့သည်။

C. for = (----အကြောင်း၊ ----အနိုးကို.)

I did not want to live with my son, *for* I may lose my freedom in his house.
ကျွန်ုပ်သည် ကျွန်ုပ်၏သားနှင့်အတူ မနေချင်ခဲ့ပါ။ သူ. အိမ်မှာ ကျွန်ုပ်၏လွတ်လပ်မှု ဆုံးရှုံးမည်ဖြစ်လို့မို့။

D. now that = (----ပြီနိုးကို. ၊ ----အနိုးကို.)

Now that you have graduated, you can get a job at a company.
သင်သည် ဘွဲ့ရ ပြီးပြီမို့လို့ သင်သည် ကုမ္ပဏီတစ်ခုမှာ အလုပ်တစ်ခုရနိုင်သည်။

E. in asmuchas = (----အနိုးကဲ့)

In asmuchas he was born in Okinawa, Japan, he must have eaten whale-flesh.
သူဟာ ဂျပန်ပြည် အိုကီနာဝါမှာ မွေးခဲ့တာဆိုတော့ သူဟာ ဝေလငါးအသားကို စားဖူးခဲ့မှာပေါ့။

F. so + *adj / Adv* + that = (----အကြောင်း)

a. He was then *so young that* he could not recognize the incident.
သူသည် အဲဒီတုန်းက အသက်ငယ်သေးခဲ့သောကြောင့် သူသည် ယင်း အဖြစ်အပျက်ကို မမှတ်မိနိုင်ခဲ့ပေ။

b. They welcomed me *so cordially that* I was not able to refuse their request.
သူတို့က ကျွန်ုပ်ကို ပျူငှာစွာကြိုဆိုခဲ့ကြသောကြောင့် ကျွန်ုပ်သည်သူတို့၏တောင်းဆိုမှုကို မငြင်းဆန်နိုင်ခဲ့ပေ။

G. so + *Adj* + *N* + that =(----သော ----အကြောင်း)

Angulimâla was *so a cruel terrorist that* nobody dared apporach thereabouts.
အင်္ဂုလိမာလသည် ရက်စက်သော လူကြမ်းကြီးဖြစ်ခဲ့တာကြောင့် ဘယ်သူမှ အဲဒီတစ်ဝိုက်ကို မချဉ်းကပ်ရဲခဲ့ကြပေ။

Scanned by CamScanner

4 Conditional Conjunctions = အခြေအနေပြ အဆက်စကားများ

1. if / provided / provided that / providing / providing that = ------လျှင်/ပါက (၅ / ၈)
2. unless = မ ----လျှင်/မ----ပါက (၅ / ၈)
3. only if / on condition that = ------ မှသာလျှင် (၅ / ၈)
4. whether——or = -------သည်ဖြစ်စေ ၊ -------သည်ဖြစ်စေ (၅ / ၈)
5. whether ——or not = ------သည်ဖြစ်စေ ၊ မ ----သည်ဖြစ်စေ (၅ / ၈)
6. whether or not —— = ------သည်ဖြစ်စေ ၊ မ ----သည်ဖြစ်စေ (၅ / ၈)

A. if / provided / provided that / providing / providing that = (---ဖျှင် ၊---ဝါ)

a. *If* she lives in Yangon , she can become a film-actress ?
သူမသည် ရန်ကုန်မှာ နေရလျှင် သူမ ရုပ်ရှင်မင်းသမီး ဖြစ်လာနိုင်သည် ။

b *Provided that* you do not slander about me, I will work with you.
သင်တို့က ငါ့အကြောင်း မကောင်းမပြောဘူးဆိုလျှင် သင်တို့နှင့်အတူ ငါ အလုပ်လုပ်မည်။

B. unless = (ဖ---ဖျှင် ၊ ဖ---ဝါ)

Unless it rains much enough , the local people may face hardship of food.
မိုးလုံလုံလောက်လောက် မရွာပါက ဒေသတွင်း လူများ အစာရှားပါးမှု နှင့်ရင်ဆိုင်ရနိုင်သည်။

C. only if / on condition that= (---ခဲ့သာဖျှင်)

Only if companies hold frnk policy, customers can trust in them.
ကုမ္ပဏီများ ပွင့်လင်းသော မူဝါဒကိုကိုင်စွဲကြမှသာလျှင် စားသုံးသူများ ၎င်းတို့ကို ယုံကြည်နိုင်လိမ့်မည်။

D. whether -------or = (---သည်ဖြစ်စေ ၊ ---သည်ဖြစ်စေ)

Whether they live in city *or* in the countryside, they must make money well.
သူတို့သည် မြို့မှာနေသည်ဖြစ်စေ တောမှာနေသည်ဖြစ်စေ သူတို့သည် ငွေကြေးကို ကောင်းစွာရှာမှ ဖြစ်မည်။

E. whether -------or not = (---သည်ဖြစ်စေ ၊ ဖ ---သည်ဖြစ်စေ)
whether or not -------= (---သည်ဖြစ်စေ ၊ ဖ ---သည်ဖြစ်စေ)

a. *Whether* we like *or not*, aging, sickness and death are coming to us.
ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အိုခြင်း၊ နာခြင်း၊ သေခြင်းများက ကျွန်ုပ်တို့ထံလာနေကြသည်။

b *Whether or not* we like , aging, sickness and death are coming to us.
ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အိုခြင်း၊ နာခြင်း၊ သေခြင်းများက ကျွန်ုပ်တို့ထံလာနေကြသည်။

16.15 Comparison Conjunctions = နှိုင်းယှဉ်မှုပြု အဆက်စကားများ

1. Adj.2 + than = ------ထက်ပို၍ (၈)
2. Adv.2 + than = ------ထက်ပို၍ (၈) (Adv. 2 ကို ၌ 240 -15. 24 ၌ ရှုပါ။)
3. more + than = ------ထက်ပို၍ (၈)
4. less + than = -------နည်း၍ (၈)
5. Adj.2 + N + than = ------ထက်ပို------သော (၈) (Adj. 2 ၌ 198 - 13. 8 ၌ ရှုပါ။)
6. more + N + than = ------ထက်ပိုသော------ (၈)
7. less + N + than = -----ထက်နည်းသော------ (၈)
8. as + Adj + as = ------ သလောက်/သလို (၈)
9. as + Adv + as = -----သလောက်/သလို (၈)
10. as + Adj + N + as = ------လောက်------သော (၈)
11. such + Adj + N + as = ------လောက်-----သော (၈)

Scanned by CamScanner

(မှတ်ချက် ။ Conjunction အစစ်မှာကား နောက်ဆုံးရှိ than နှင့် as တို့သာဖြစ်သည်။)

A. Adj.2 + than = (--- ထက်ဝိုသ)

မှတ်ချက်။ ။ အထက်ပါပုံစံမှ than ဖြင့် S အချင်းချင်း ၊ လုံးချင်း Adv အချင်းချင်း ၊ PP.h အချင်းချင်း နှိုင်းယှဉ်နိုင်သည်။

1. S အချင်းချင်း နှိုင်းယှဉ်၍ ဆက်ပုံနမူနာများ-

a. He is taller. = သူသည် အရပ်ပို၍ရှည်သည်။
I am tall. = ကျွန်ုပ် သည် အရပ်ရှည်သည်။
၎င်း ဝါကျနှစ်ခုကို than ဖြင့်ဆက်ပါက-
He is taller <u>than I am tall</u>. (tall ကို ထပ်မသုံးပဲ ဖြုတ်ပစ်သောအခါ အောက်ပါအတိုင်းရလာမည်။)
He is taller <u>*than* I am.</u> = သူသည် ကျွန်ုပ်ထက် အရပ်ပို၍ရှည်သည်။
ထိုထက်ပို၍ ကျဉ်းလိုပါက (Be) verb ဖြစ်သော am ကို ဖြုတ်ပစ်ပြီး ကတ္တားနာမ်စား I ကို ကံနာမ်စား me သို့ပြောင်းရသည်။
He is taller <u>*than* me</u>. = သူသည် ကျွန်ုပ်ထက် အရပ်ပို၍ရှည်သည်။

b. Ma Ma is fatter <u>*than* Ko Ko (is)</u>. = မမသည်ကိုကိုထက် ပို၍ဝသည်။
(Ko Ko သည်နာမ်စားမဟုတ်။ မပြောင်းရ)

c. Pyinoolwin is more beautiful <u>*than* Kyauk Me (is)</u>. = ပြင်ဦးလွင်သည် ကျောက်မဲထက်ပို၍ လှပသည်။

2. လုံးချင်း ADV အချင်းချင်း နှိုင်းယှဉ် ဆက်ပုံနမူနာများ-

a. The weather is colder today. = ရာသီဥတုသည် ယနေ. ပို၍အေးသည်။

b. The weather was cold yesterday. = ရာသီဥတုသည် မနေ့က အေးခဲ့သည်။

c. The weather is colder *today* <u>*than yesterday.*</u> = ရာသီဥတုသည် မနေ့ကထက် ဒီနေ့ ပို အေးသည်။

3. PP.h အချင်းချင်း နှိုင်းယှဉ် ဆက်ပုံနမူနာများ-

a. I am happier in Mandalay. = ကျွန်ုပ်သည် မန္တလေးမှာပို၍ပျော်သည်။

b. I am happy in Yangon = ကျွန်ုပ်သည် ရန်ကုန်မှာပျော်သည်။

c. I am happier in Mandalay <u>*than in Yangon*</u>. = ကျွန်ုပ်သည် ရန်ကုန်မှာထက် မန္တလေးမှာပို၍ပျော်သည်။

B. Adv.2 + than = (--- ထက်ဝိုသ)

He can run faster . = သူသည် ပို၍ လျှင်မြန်စွာပြေးနိုင်သည်။
I can run fast. = ကျွန်ုပ်သည် လျှင်မြန်စွာပြေးနိုင်သည်။
He can run faster <u>*than* I can</u> . = သူသည် ကျွန်ုပ်လျှင်မြန်စွာပြေးသည်ထက် ပို၍ လျှင်မြန်စွာပြေးနိုင်သည်။
တစ်နည်း။ He can run faster <u>*than* me</u>. သူသည်ကျွန်ုပ်ထက် ပို၍ လျှင်မြန်စွာပြေးနိုင်သည်။

C. more + than= (--- ထက်ဝိုသ) (ယခုပုံစံ၌ပါသော more သည် Adv ဖြစ်သည်။)

မှတ်ချက်။ ။ ယခုပုံစံသည် ဝါကျ (Clause) အချင်းချင်း နှိုင်းယှဉ်ခြင်းဖြစ်သည်။

a. He spends money more. = သူသည် ပိုက်ဆံကို ပို၍ သုံးသည်။
He earns money. = သူသည် ပိုက်ဆံကို ရှာသည်။
He spends money <u>*more than*</u> he earns. = သူသည် ပိုက်ဆံကို ရှာသည်ထက် ပို၍ သုံးသည်။ (money ကိုဖြုတ်။)

b. He sleeps more. = သူသည် ပို၍ အိပ်သည်။
He works. = သူသည် အလုပ်လုပ်သည်။
He sleeps <u>*more than*</u> he works. = သူသည် အလုပ်လုပ်တာထက် ပို၍ အိပ်သည်။

D. less + than = (--- ထက်ဝိုနည်းနည်း) (ယခုပုံစံ၌ပါသော less သည် Adv ဖြစ်သည်။)

မှတ်ချက်။ ။ ယခုပုံစံသည်လည်း ဝါကျ (Clause) အချင်းချင်း နှိုင်းယှဉ်ခြင်းဖြစ်သည်။
He spends money less. = သူသည် ပိုက်ဆံကို နည်း၍ (လျှော့၍) သုံးသည်။
He earns money. = သူသည် ပိုက်ဆံကို ရှာသည်။

Scanned by CamScanner

He spends money *less than* he earns. = သူသည် ပိုက်ဆံကို ရှာသည်ထက် လျှော့၍ သုံးသည်။

E. Adj.2 + N + than= (--- ထိုထို---ထက်)

Kyaw Kyaw is a fatter boy. = ကျော်ကျော်သည် ပို၍ ဝသော ကောင်လေးတစ်ယောက်ဖြစ်သည်။

Zaw Zaw is a fat boy. = ဇော်ဇော်သည် ဝသော ကောင်လေးတစ်ယောက်ဖြစ်သည်။

Kyaw Kyaw is a *fatter* boy *than* Zaw Zaw. = ကျော်ကျော်သည် ဇော်ဇော်ထက်ပို၍ဝသောလူလေးတစ်ဦးဖြစ်သည်။

F. more + N + than = (--- ထိုထိုများထက် ---) (ယခု more သည် Adj ဖြစ်၍ N ရှေ့. မှာထားရသည်။)

Ko Ko has more cars . = ကိုကိုမှာ ပိုများသောကားများရှိသည်။

They have cars. = သူတို့မှာ ကားများရှိကြသည်။

Ko Ko has *more* cars *than* they have. = ကိုကိုမှာ သူတို့မှာ ရှိတာထက် ပိုများသောကားများရှိသည်။

တစ်နည်း။ ။ Ko Ko has *more* cars *than* them. ကိုကိုမှာ သူတို့ထက် ပိုများသောကားများရှိသည်။

G. less + N + than = (--- ထိုထိုနည်းထက် ---)

They have *less* cars *than* Ko Ko has. = သူတို့မှာ ကိုကိုထက် ပိုနည်းသော ကားများရှိကြသည်။

They have *less* cars *than* Ko Ko.

H. as + Adj + as = (------အတိုင်း)

Zaw Zaw is fat. = ဇော်ဇော်သည် ဝ သည်။

Aung Aung is fat. = အောင်အောင်သည် ဝ သည်။

Zaw Zaw is *as* fat *as* Aung Aung. = ဇော်ဇော်သည် အောင်အောင် ဝ သလောက် ဝ သည်။ (is fat ကိုဖြုတ်)

I. as + Adv + as = (------အတိုင်း)

He walked slowly. = သူသည် နှေးကွေးစွာ လမ်းလျှောက်သည်။

The cart moved slowly. = ၎င်းလှည်းသည် နှေးကွေးစွာရွေ့ လျှားသည်။

He walked *as* slowly *as* the cart moved. =

၎င်းလှည်းသည် နှေးကွေးစွာရွေ့ လျှားသလောက် သူသည် နှေးကွေးစွာ လမ်းလျှောက်သည်။

J. as + Adj + N + as = (---အတိုင် --- သော)

Zedane is a good footballer. = ဇီဒန်းသည် ကောင်းသော ဘောလုံးသမားတစ်ဦးဖြစ်သည်။

Ronaldo is a good footballer. = ရိုနာ (လ်) ဒို သည်ကောင်းသော ဘောလုံးသမားတစ်ဦးဖြစ်သည်။

Zedane is *as* a good footballer *as* Ronaldo. = ဇီဒန်းသည် ကောင်းသောဘောလုံးသမားတစ်ဦးဖြစ်သည်။

K. such + Adj + N + as = (--- ထိုမျိုး--- သော)

The hotel is a high building. = ၎င်းဟိုတယ်သည် မြင့်သောအဆောက်အဦဖြစ်သည်။

A tower is a high building. = ၎င်းမျှော်စင်သည် မြင့်သောအဆောက်အဦဖြစ်သည်။

The hotel is *such* a high building *as* a tower. = ၎င်းဟိုတယ်သည် မျှော်စင်တစ်ခုလို မြင့်သောအဆောက်ဦးဖြစ်၏

16.16 Co-ordinating Conjunction = အဆင့်တူ အဆက်စကားများ

ယင်း အဆက်စကားမျိုးဖြင့်ဦးစီးသော ကြို/ဝိဝါကျ (Adv.Cl) သည် သူနှင့်တွဲသော ပင်မဝါကျကို အနက်အားဖြင့် မှီခိုရခြင်းမရှိပါ။ ၎င်းဦးစီးသော Adv.CL ကို အမြဲတမ်း ပင်မဝါကျ (M.CL) ၏ နောက်မှာသာထားရသည်။ ၎င်းဝါကျ နှစ်ခုတို့၏ အတွဲကို (Compound Sentence) ဟုခေါ်၏။ ဘာသာပြန်သောအခါ (M.CL) ကစ၍ပြန်ရ၏။

1. **Time Conjunction** = အချိန်ပြ အဆက်စကား
2. **Result Conjunction** = အကျိုးပြ အဆက်စကား
3. **Concessive Conjunction** = ဝန်ခံမှု ပြ အဆက်စကား
4. **Comparison Conjunction** = နှိုင်းယှဉ်မှု ပြ အဆက်စကား

Scanned by CamScanner

16.17 Time Conjunction = အချိန်ပြ အဆက်စကား

1. only then = ထိုအခါမှသာ
2. by which time = ထိုအချိန်မတိုင်မီကလေးမှာ
3. after which = ထို့နောက်
4. where upon / upon which = ထိုအခါမှာ

A. only then = ထိုအခါမှသာ

He retired from professional tennis player, *only then* can the other take his place.
သူသည် ကြေးစားတင်းနစ်သမားဘဝမှ အနားယူခဲ့သည်။ ထိုအခါမှသာ အခြားသူများ နေရာယူနိုင်ကြသည်။
(Modal Verb - (can) ကို ကတ္တား၏ရှေ့သို့ထုတ်ရခြင်းအကြောင်းကို နှာ 280 - 17. 9 မှ Inversion Type ၌ရှုပါ။)

B. by which time = ထိုအချိန်စထိုင်မီဖလေးမှာ

The troops tried to capure the city, *by which time* Japan yielded.
ၵင်း တပ်များသည် ယင်းမြို့ကိုသိမ်းရန် ကြိုးစားခဲ့ကြသည်။ ထိုအချိန်မတိုင်မီလေးမှာ ဂျပန် လက်နက်ချခဲ့သည်

C. after which = ထို့နောက်

The second world war ceased in 1945, *after which* his family came back to their town.

b. I am getting hungry now. = ငါ အခု ဗိုက်ဆာလာနေပြီ။
So am I. = ငါလည်း အတူတူပဲ။ (ငါလည်း၊ထို. အတူဗိုက်ဆာသည်။) (ထိုအထူ)

9. no where (အဆိုကဓ ၊ အဆိုထိုဓ) နှင့်အဓပြုပြုံသုံး၊ဝါထ ပြောင်းပြန်ဝုံ့စံခြင့်သုံး၊ရသည်။

No where around here, *can* you find any restaurant.
ဒီနေရာတစ်ဝိုက် ဘယ်နား၊မှာမှ စား၊သောက်ဆိုင်ကို ခင်ဗျား၌လို. မရနိုင်ပါ။

Scanned by CamScanner

10. **seldom** (----ခဲတယဉ်) နှင့်အစပြုလျှင်သုံးဝါစ ၎ငြားဝါကျတို့ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

Seldom <u>*did*</u> <u>such an event</u> ever happen.

ဤကဲ့သို့.သော အဖြစ်အပျက်မျိုး တစ်ခါမှ ဖြစ်လေ့မရှိခဲ့ပါ။

11. **no sooner ---- than** (----ဖြိုးလျှင်ဖြိုးချင်း) နှင့်အစပြုလျှင်သုံးဝါစ ၎ငြားဝါကျတို့ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

No sooner <u>*did*</u> <u>he</u> buy a car than, he had to bring it to the service center.

သူသည် ကားတစ်စီးကို ဝယ်ခဲ့ပြီးလျှင်ပြီးချင်း သူသည် ၎င်းကို ကားပြင်ဌာနသို့. ယူလာခဲ့ရသည်။

12. **scarcely / hardly** (ခ ----သလောက်) နှင့်အစပြုလျှင်သုံးဝါစ ၎ငြားဝါကျတို့ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

Hardly <u>*does*</u> <u>she</u> watch the dramas on television.

သူမသည် တီဗွီမှလာသော ပြဇာတ်များကို မကြည့်သလောက်ဖြစ်သည်။

13. နေရာပြ ၊ ရွေ့လျားခြင်း ပြ **Particle** များထို ရွေ့သုံးခဲ့သောဖြိုး ထံစေထို့ကြောင်း (I.V) ထို သုံးဝါစ ၎ငြားထို့ကို S ၏ရှေ့ဝို့၌ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

a. *Up* <u>*went*</u> <u>the house</u> in the storm. = မုန်တိုင်းထဲမှာ ၎င်း အိမ်သည် အပေါ်သို့. မြောက်တက်သွားခဲ့သည်၊

b. *Out* <u>*jumped*</u> <u>the cat</u> at once. = ကြောင်သည် ရုတ်တရက် ခုန်ထွက်သွားခဲ့သည်။

c. *Down* <u>*sank*</u> <u>the old ship</u>. = သင်္ဘောအိုကြီးသည် အောက်သို့. မြုပ်ဝင်သွားခဲ့သည်။

14. နေရာပြ **P.Ph** ထို ရွေ့သုံးခဲ့သောဖြိုး ထံစေထို့ကြောင်း (I.V) ၊ ရှိ ဖြစ်ထို့ကြောင်း (Be) ထို့ကို သုံးဝါစ ၎ငြားထို့ကို S ၏ရှေ့ဝို့၌ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

a. *By the door* <u>*stood*</u> <u>a cabinet</u>. = တံခါးဘေးမှာတော့ ဘီရိုတစ်လုံး ရပ်တည်ခဲ့သည်။ (ရှိခဲ့သည်)

b. *Behind them* <u>*remained*</u> <u>the corpses</u> lying. = သူတို့.နောက်မှာတော့ အလောင်းများ လဲလျောင်း၍ကျန်ခဲ့သည်။

c. *At the center of the village* <u>*is*</u> <u>a big pagoda</u>. = ရွာ အလယ်၌ စေတီကြီးတစ်ဆူ ရှိသည်။

15. **---ly** ဖြင့်သုံးသော အဋ္ဌဝဏ္ဏပြ ထြိုဏဝိသေသနကို ရွေ့သုံးဖြိုး ထံစေထို့ကြောင်း (I.V) ထိုသုံးဝါစ ၎ငြားထို့ကို S ၏ရှေ့ဝို့၌ ကြွင်းပြန်ပုံစံပြင်သုံးရ သည်။

a. *Brightly* <u>*shone*</u> <u>the moon</u> that night. = ထိုညက လမင်းသည် ထိန်လင်းစွာ သာခဲ့သည်။

b. *Foolishly* <u>*came*</u> <u>the poor hare</u> to the trap. = ကံဆိုးသော ယုန်ခင်ဗျာမှာ မိုက်မဲစွာဖြင့် ထောင်ချောက်သို့.လာခဲ့သည်

17.10 CONDITIONAL SENTENCES = အခြေအနေပြ ဝါကျများ

ပဌမအဖြစ်အပျက် အခြေအနေတစ်ခု ဖြစ်ပေါ်လာလျှင် ထိုအခြေအနေပေါ်မူတည်၍ နောက်ထပ်အခြားအဖြစ်အပျက် တစ်ခု ဖြစ်ပေါ်လာတတ်သည်။ ၎င်း ပဌမ အဖြစ်အပျက်အခြေအနေကို ဖော်ပြသည့်ဝါကျကို အခြေအနေပြဝါကျ (Conditional Clause) ဟုခေါ်သည်။ ၎င်းဝါကျသည် နောက်ထပ်အခြားအဖြစ်အပျက် အခြေအနေတစ်ခုကို ဖော်ပြသောဝါကျနှင့်တွဲနေရသည်။ အမှန်မှာ အခြေအနေပြဝါကျသည် ကြိယာဝိသေသနဝါကျ (Adv.CL) ဖြစ်ပြီး၊ နောက်ထပ်ဝါကျမှာ ပင်မဝါကျ (M.CL) ဖြစ်သည်။ ၎င်းတို့. နှစ်ဝါကျတွဲသည် ရှုတ်ထွေးဝါကျ (Complex) ဖြစ်၏။ အခြေအနေပြဝါကျသည် အောက်ပါအတိုင်း (4) မျိုးရှိ၏။

1. **Probable Conditional Sentence** = ဖြစ်ပေါ်လာနိုင်ခြေရှိသောအခြေအနေပြဝါကျ
2. **Unreal Present Conditional Sentence** = အမှန်မဟုတ်သော ပစ္စုပ္ပန် အခြေအနေပြဝါကျ
3. **Unreal Past Conditional Sentence** = အမှန်မဟုတ်သော အတိတ် အခြေအနေပြဝါကျ
4. **Other Conditional Sentence** = အခြေအနေပြ အခြားဝါကျ

17.11 Probable Conditional Sentence = ဖြစ်ပေါ်လာနိုင်ခြေရှိသော အခြေအနေပြဝါကျ

1. <u>**If** (----ယူဦး ဝါစ) + S + (V.1 / (Be)1 ---)</u> ----------<u>(S + Aux + M.V)</u>

a. If it <u>rains</u> , I <u>shall</u> not <u>go</u> to school.
မိုးရွာပါက ကျွန်ုပ် ကျောင်းသို့.သွားမည်မဟုတ်ပါ။

b. If I do not see him, I will <u>come back</u>.
သူ့ကို ကျွန်ုပ် မတွေ့.ပါက ကျွန်ုပ် ပြန်လာမည်။။

c. If I <u>am lazy</u> , I <u>may fail</u> the exam.

Scanned by CamScanner

ကျွန်ုပ် အပျင်းကြီးပါက ကျွန်ုပ် စာမေးပွဲကို ကျနိုင်သည်။

d. If your duty is over , you can take rest.

မင်းရဲ့ တာဝန်ပြီးဆုံးပြီဆိုရင် မင်းအနားယူနိုင်ပြီ။

e. If some one wants to be properous, he must make effort.

တစ်စုံတစ်ယောက်သည် ကြီးပွားလိုပါက သူသည် ကြိုးစားအားထုတ်ရမည်။

မှတ်ချက်။ ။ဤအခြေအနေပြဝါကျမျိုး၌ ကြို/ဝိဝါကျဖက်မှာ(should)ကိုသုံး၍လည်း ရေးနိုင်သည်။ ၎င်းကို (အကယ်၍များ) ဟုအနက်ပေးရသည်။ ရှေ့ဆုံးက (If) ကိုဖြုတ်ပြီး (should) ကိုဝါကျရှေ့သိုထုတ်၍လည်း တစ်နည်းရေးနိုင်သည်။

f. If any one should come this way, we would be caught.

တစ်စုံတစ်ယောက်သာ ဒီလမ်းအတိုင်းလာပါက ငါတို့ကို လက်ပူးလက်ကြပ် မိလိမ့်မည်။

တစ်နည်း။ ။ *Should* any one come this way, we would be caught.

17.12 Unreal Present Conditional Sentence = အခုနစတုတ်ထော ဝခ္ခုဝ့ုန် အခြေအနေဖြဝါကျ

1. အမှန်တကယ်ဖြစ်နေသော အဖြစ်အပျက်အပြုအမူနှင့်မတူသော အခြေအနေမျိုး ဖြစ်ပျက် ပြုမူလျှင် ဘယ်လိုများ ဖြစ်လာမည်လဲဟု စိတ်ကူးကြည့်သော သဘောဆောင်သည့် ဝါကျမျိုးဖြစ်သည် ။ ကြိယာဝိသေသနဝါကျ၌ အတိတ်ကြိယာ (V.2) / (Be)2 တို့ကို သုံးရသည်။ သို့သော် အတိတ်အနက်ဖြင့် ဘာသာမပြန်ရ။

If + S + (Simple Past) ---------- **(S + would / might / could + V)**

a. If she *were* mad, I would be mad too.

သူမ သာ ရူးသွားလျှင် ငါလည်း ရူးသွားလိမ့်မယ်။

b. If the earth stopped moving round, there might be no more day and night.

ကမ္ဘာကြီး လည်တာရပ်သွားပါက နေ့နှင့်ည ဆိုတာ ရှိနိုင်တော့မည်မဟုတ်။

c. If I died currently, my family could not stand by themselves.

လောလောဆယ်မှာ ငါသေသွားလျှင် ငါ့မိသားစုဟာ သူတို့ဘာသာ ရပ်တည်နိုင်မှာ မဟုတ်ဘူး။

မှတ်ချက်။ ။ ဤအခြေအနေပြဝါကျမျိုး၌ ကြို/ဝိဝါကျဖက်၌ (Be)2 ကို သုံးသောအခါ ကတ္တားသည် ဧကဝုစ်ဖြစ်စေ၊ ဗဟုဝုစ်ဖြစ်စေ (were) ကိုသာသုံးရသည်။ ၎င်းကို If she *were* mad, I would be mad too. ကိုကြည့်ပါ။ ရှေ့ဆုံးက (If) ကိုဖြုတ်ပြီး (Were) ကိုဝါကျရှေ့သိုထုတ်၍လည်း တစ်နည်းရေးနိုင်သည်။

d. *Were* she mad, I would be mad too.

သူမ သာ ရူးသွားလျှင် ငါလည်း ရူးသွားလိမ့်မယ်။

မှတ်ချက်။ ။ ဤအခြေအနေပြဝါကျမျိုး၌ ကြို/ဝိဝါကျဖက်၌ (V.2) ကို သုံးသောအခါ (V.2) ကိုမသုံးပဲ (were + to V.1) ကိုသုံး၍ တစ်နည်းရေးနိုင်သည်။ တစ်ဖန် (If) ကိုဖြုတ်ပြီး (Were) ကိုဝါကျရှေ့သိုထုတ်၍လည်း တစ်နည်းရေးနိုင်သည်။

e. If I were to die currently, my family could not stand by themselves.

f. Were I to die currently, my family could not stand by themselves.

လောလောဆယ်မှာ ငါသေသွားလျှင် ငါ့မိသားစုဟာ သူတို့ဘာသာ ရပ်တည်နိုင်မှာ မဟုတ်ဘူး။

2. ပစ္စုပ္ပန်၌ အမှန်တကယ် မဖြစ်ပျက်သော အခြေအနေနှင့် လုံးဝခြားနားသော အခြေအနေမျိုးကို လွန်ပြီးမှ စိတ်ကူးယဉ်ကြည့်သော သဘောဆောင်သည့် ဝါကျမျိုးအတွက်လည်း ဤနည်းဖြင့်သုံးနိုင်သည် ။ အတိတ်အနက်ဖြင့် ဘာသာမပြန်ရ။ပစ္စုပ္ပန် အနက်ကိုသာပေးပါ။

a. If I won the lottery, I would donate on a grand scale.

ငါသာ ထီပေါက်လို့ကတော့ ငါ အကြီးအကျယ်ကို လှူမှာ ။ (ထီ မပေါက်ခါမှ ပြောသောစကား)

b. If my foot did not get hurt , I would kick you.

ငါ့ ခြေထောက်သာ မနာလို့ကတော့ ငါ မင်းကို ကန်မိမှာ။ (ခြေထောက် နာပြီးမှ ပြောသောစကား)

c. If he had a gun in his hand, We might all die.

Scanned by CamScanner

သူ့လက်ထဲ သေနတ်ရှိလို့ကတော့ ငါတို့ အကုန်လုံး သေကုန်မှာ။ (သေနတ်မရှိသောအခါ ပြောသောစကား)

မှတ်ချက်။ ။ဂျင်းတို့၏ ခံရသူပစာနကြိယာပုံစံဖြစ်သော (Be)1 + V.3 = (---ခြင်းခံရပါက) နှင့်လည်း ရေးနိုင်သည်ကိုသတိပြုပါ။

17.13 Unreal Past Conditional Sentence = အဖြန်စဖုတ်သော အတိတ်အခြေအနေပြဝါကျ

အတိတ်ကာလက အမှန်တကယ် ဖြစ်ပျက်ခဲ့သော အခြေအနေနှင့် လုံးဝခြားနားသော မဖြစ်ပျက်ခဲ့သည့် အခြေအနေမျိုးကို ပစ္စုပ္ပန်မှ ပြန်လည်၍ စိတ်ကူးယဉ်ကြည့်သော သဘောဆောင်သည့် ဝါကျမျိုးဖြစ်သည် ။ အတိတ်အနက်ဖြင့် ဘာသာပြန်ရ၏။

1. <u>If + S + (Past Perfect)</u> ---------- <u>(S + Modal perfect)</u>

(နောက်ဝါကျ၌ Modal Verb များအနက် should / would / might / could ကိုသာသုံးသည်။)

a. If I <u>had lived</u> in Mandalay , I <u>could have learnt</u> English.
ငါ မန္တလေးမှာ နေခဲ့ရရင် ငါ အင်္ဂလိပ်စာ သင်ယူနိုင်ခဲ့မှာပဲ။ (မသင်ခဲ့ရ၍ပြောသောစကား)

b. If I <u>had met</u> you then, I <u>would not have gone</u> with them.
ငါ အဲဒီတုန်းက မင်းကို တွေ့ခဲ့ရင် ငါ သူတို့နှင့်အတူ သွားခဲ့မှာ မဟုတ်ဘူး။ (သွားခဲ့ပြီးမှ ပြောသည်)

c. If he <u>had had</u> a gun in his hand, We <u>might have</u> all <u>died.</u>
သူ့လက်ထဲ သေနတ်ရှိခဲ့လို့ကတော့ ငါတို့ အကုန်လုံး သေခဲ့မှာ။ (မသေခဲ့၍ ပြောသောစကား)

မှတ်ချက်။ ။ ဤအခြေအနေပြဝါကျမျိုး၌ (If) ကိုဖြုတ်ပြီး (had) ကိုဝါကျရှေ့သိုထုတ်၍လည်း တစ်နည်းရေးနိုင်သည်။

<u>Had</u> I <u>lived</u> in Mandalay , I <u>could have learnt</u> English.
ငါ မန္တလေးမှာ နေခဲ့ရရင် ငါ အင်္ဂလိပ်စာ သင်ယူနိုင်ခဲ့မှာပဲ။

17.14 Other Conditional Sentences = အခြေအနေပြ အခြားဝါကျများ

ဤအခြေအနေပြဝါကျမျိုး၌ ကြိယာပုံစံမှာ ကန့်သတ်ချက်မရှိနိုင်ချေ။ အဖြစ်အပျက်၏ အနက်သဘောကိုလိုက်၍ ကြိယာပုံစံအမျိုးမျိုး ရှိနိုင်သော အမျိုးအစားဖြစ်သည်။

1. ဝစ္ဆုပ္ပန် အခြေအနေပြ အခြားဝါကျများ

a. If you <u>mix</u> white and red, you <u>get</u> pink. (will get, can get စသည်ဖြင့်မသုံးရ)
သင် အဖြူနှင့်အနီကို ရောစပ်ပါက ပန်းရောင်ကို သင်ရသည်။

b. If honey <u>is put</u> into water, honey <u>sinks</u> in water. (will sink, may sink စသည်ဖြင့်မသုံးရ)
ပျားရည်ကို ရေထဲထည့်လျှင် ပျားရည်သည် ရေထဲနစ်သွားသည်။

c. If you <u>are working</u> now, I <u>will come</u> back later.
မင်း အခု အလုပ်လုပ်နေတာဆိုရင် ငါ နောက်မှ ပြန်လာတော့မယ်။

d. If you <u>have finished</u> your work, you <u>can take</u> a rest.
မင်း အလုပ်အပြီးသတ်ပြီးပြီ ဆိုရင် မင်း အနားယူနိုင်ပြီ ။

e. If they <u>have been sitting</u> here, they <u>may witness</u> the incident.
သူတို့ ဒီမှာ တစ်ချိန်လုံးထိုင်နေကြတယ်ဆိုရင် သူတို့ ဒီ အဖြစ်အပျက်ကို မျက်မြင်ဖြစ်နိုင်တယ်။

f. If I feel dizzy, I only <u>take</u> this tablet.
ကျွန်ုပ် မူးနောက်နောက်ဖြစ်တယ်ဆိုရင် ကျွန်ုပ် ဒီဆေးပြားကိုပဲသောက်တယ်

2. အတိတ် အခြေအနေပြ အခြားဝါကျများ

a. If there <u>was</u> a festival here, people around here <u>came</u> in bullock-carts.
ဒီမှာ ပွဲတော် ရှိခဲ့တယ်ဆိုရင် ဒီ တစ်ဝိုက်ကလူတွေဟာ နွားလှည်းတွေနဲ့ လာခဲ့ကြတယ်။

b. If he <u>got bored</u>, he <u>would sing</u> to children.
သူ ပျင်းခဲ့ပြီ ဆိုလျှင် သူသည် ကလေးများကို သီချင်းဆိုပြလေ့ရှိခဲ့သည်။

Scanned by CamScanner

c. If it <u>was</u> flood, the villagers <u>moved</u> onto the hill over there.
ရေကြီးမှု ရှိခဲ့သည်ဆိုလျှင် ရွာသားများသည် ဟိုးက တောင်ကုန်းပေါ်ကို ပြောင်းရွေ့ ခဲ့ကြသည်။

17.15 SUBJUNCTIVE USAGE = အဓိဋ္ဌာန်အမှန်မဟုတ်သောအထာဌာန အသုံးအနှုံး

အမှန်တကယ် မဟုတ်သော စကားရပ်မျိုးအတွက် အထူးအသုံးအနှုံး အနေနှင့်သုံးရသော ကြိယာပုံစံမျိုးရှိသည်။

1. **ပင်မကြိယာ (M.V)** ဖြစ်လျှင် ပစ္စုပ္ပန်အတွက် (s , es , ies , ves) တို့ မပါသော ဗဟုဝုစ်ကြိယာကိုသုံးရ၏။ ကတ္တားသည် ဧကဝုစ်ဖြစ်စေ ဗဟုဝုစ်ဖြစ် ထည့်တွက်စရာမလိုပေ။ အတိတ်အတွက် အတိတ်ပင်မကြိယာ (V. 2) ကိုသုံးရ၏။

2. **ရှိ / ဖြစ်ကြိယာ (Be)** ဖြစ်လျှင် ပစ္စုပ္ပန်အတွက် (be) တစ်ခုတည်းကိုသာသုံးရ၏။ မည်သည့်ကတ္တားဖြစ်စေ ထည့်တွက်စရာ မလိုပေ။ အတိတ်အတွက် (were) ကိုသုံးရ၏။ မည်သည့်ကတ္တားဖြစ်စေ ထည့်တွက်စရာ မလိုပေ။

1. ဘုရားကောင်းခြင်း ၊ ဘန္ဒဖြစ်ခြင်း (ဝဒ္ဓုပွန် ဖြတ်ထားတိုးသုံးသည်။)

a. God *<u>bless</u>* you! = သင့်ကို ဘုရားသခင် ကောင်းချီးပေးပါစေ။ (blesses ဟုမသုံးရ)
b. Heaven *<u>help</u>* you! = သင့်ကို ကောင်းကင်ဘုံက ကူညီစောင့်မ ပါစေ။ (helps ဟုမသုံးရ)
c. God *<u>save</u>* the king! = မင်းကြီးကို ဘုရားသခင် ကယ်တင် ပါစေ။ (saves ဟုမသုံးရ)

2. အခန်အဓုန်စဖုတ်သော စိတ်ထူးဟဉ်အပြောအနေ (အတိတ်ကြိယာ (V.2) / were ထိုထို wish ၏ နောက်၌သုံးသည်။)

a. I wish I <u>won</u> the lottery. = ငါ ထီပေါက်လိုက်စမ်းချင်သည်။
b. I wish you <u>lived</u> with me. = မင်း ငါနဲ့အတူ နေစမ်းစေချင်သည်။
c. I wish my son <u>were</u> a doctor. = ငါ ငါ့ရဲသားကို ဆရာဝန် ဖြစ်စမ်းစေချင်သည်။

3. ထထက်ခြန်ဖောသော စိမိအကြိုက်အပြောအနေ (အတိတ်ကြိယာ (V.2) / were ထိုထို would rather ၏ နောက်၌သုံးသည်။)

a. She would rather you <u>lived</u> a simple life. = သူမက မင်းကို ရိုးရှင်းတဲ့ဘဝနဲ့ နေစေချင်သည်။
b. I would rather you <u>were</u> in Mandalay. = ငါက မင်းကို မန္တလေးမှာ နေစေချင်တာ။
c. I would rather you <u>received</u> a good therapy. = ငါက မင်းကို ကုသမှု ကောင်းကောင်းခံယူစေချင် တာ။

4. အခုနှင်ဖြစ်ဖျက်ရမည်အချိန်မှာ ဧဖြစ်ဖျက်ဝဲ အချိန်ထွန်းသွားကဲ့သို့ It is time + S + (V.2 / were)

a. It is time we <u>arrived</u> at the railway-station.
တကယ်ဆို ငါတို့ သူတာကို ရောက်ရတော့မယ့် အချိန်ပဲ။ (ရောက်ဖို့ကောင်းပြီ။)
b. It is time we <u>were</u> prosperous.
တကယ်ဆို ငါတို့ တိုးတက်ကြီးပွားရမယ့်အချိန်ပဲ။ (တကယ်တော့ မကြီးပွားသေးပေ)

5. အခန်အဓုန်စဖုတ်သော ဝတာဖြုန်း as if / as though + S +(were / V.2) (---သည်အထား။ ၊ --- ယူဆနေထားဝဲ)

a. As if he <u>were</u> a business man, his dressing style is awfully great.
သူသည် လုပ်ငန်းရှင်တစ်ဦးအလား သူ၏ ဝတ်စားပုံဟန်ပန်သည် အရမ်းခန့်ငြားသည်။
b. He is spending a lot of money, as though he *<u>won</u>* the lottery.
သူဟာ ပိုက်ဆံ အများကြီးသုံးနေတယ်။ သူ ထီပေါက်တာကျနေတာပဲ ။
c. As if she <u>were</u> ill, her voice was so faint.
သူမသည် မကျန်းမာသည့်အလား သူမ၏ အသံသည် မြော့်လွန်းသည်။

6. အခန်အဓုန်စဖုတ်သော စိတ်ထူးဟဉ်အပြောအနေ (အတိတ်ကြိယာ (V.2) / were ထိုထို သုံးသည်။) (အပိုဒ် ၌လည်းပြခဲ့ပြီ။)

a. If I <u>were</u> you, I <u>would</u> not tolerate it like that.
တစ်နည်း = <u>Were</u> I you, I <u>would</u> not tolerate it like that.
ငါသာ သင် ဖြစ်မယ်ဆိုရင် ငါ ဒါမျိုးကို သည်းခံ မှာမဟုတ်ဘူး။
b. If I <u>got</u> a great deal of money, I <u>could support</u> the homeless.
ကျနော်ပ် ငွေကြေးအမြောက်အများ ရမယ်ဆိုလျှင် ကျနော်ပ် အိုးအိမ်မဲ့များကို ထောက်ပံ့လို့ရသည်။
c. If the weather <u>were mild</u>, crops <u>could yield</u> higher this year.

Scanned by CamScanner

ရာသီဥတု မျှတမည်ဆိုလျှင် ဒီနှစ် သီးနှံတွေ ပို၍ မြင့်မားစွာ ထွက်နိုင်သည်။

7. ယူဆချက် ၊ ဆန္ဒ ၊ ဆုံးဖြတ်ချက်တို့ကို ဖော်ပြထုံ F.P-that ဦးစီးသော နာမဝိဘတ်ပြုထုံ (be V.3 / be +Adj) ကိုသုံးသည်။

(---ရန် ၊ ခဲရန် ၊ နိုင်ခဲရန်) (နှာ 288 - 17.21 - 3 မှာလည်းရှုပါ။)

a. We proposed that a fund for disabled persons <u>be founded.</u> (be ရှေ့ should ဖြုတ်)
ကျွန်ုပ်တို့ အဆိုပြုခဲ့သည်။ ဒုက္ခိတ ပုဂ္ဂိုလ်များအတွက် ရံပုံငွေ ထူထောင်ရန်

b. They agreed that the entry charge of museum <u>be increased.</u> (be ရှေ့ should ဖြုတ်)
သူတို့ သဘောတူညီခဲ့ကြသည်။ ပြတိုက်ဝင်ကြေး တိုးမြှင့်ရန်

c. He resigned that another candidate <u>be elected</u> as president. (be ရှေ့ should ဖြုတ်)
သူသည် နှုတ်ထွက်ခဲ့သည်။ အခြားကိုယ်စားလှယ်လောင်းတစ်ဦး သမ္မတအဖြစ်ရွေးချယ်ခံရနိုင်စေရန်

8. If + S + (be / V.1) ---------- S + (Aux + V.1)

a. If need <u>be</u> , we <u>can get</u> another car.
လိုအပ်ချက်ရှိပါက ကျွန်ုပ်တို့နောက်ထပ် ကားတစ်စီးခေါ်ယူနိုင်သည်။

b. If this <u>be</u> guilt , how <u>can</u> we <u>live</u> in perfection?
ဤအရာသည် အပြစ်ဖြစ်လျှင် ကျွန်ုပ်တို့ အပြစ်ကင်းစွာဘယ်လိုနေမည်နည်း။
ထပ်နည်း = <u>Be</u> this guilt , how <u>can</u> we <u>live</u> in perfection?

c. If the moon <u>speak</u> , it <u>would say</u> it was witness."
ရွှေလမင်းသာ စကားပြောတတ်ပါက သူ မျက်မြင်သက်သေဖြစ်တယ်လို့ ပြောပေလိမ့်မည်။

9. Even though (---ယျင်းထောင်စု) + S + be + S.C --------- S + (Aux + V.1)

Even though he <u>be</u> a thief , he <u>would</u> never <u>steal</u> such a thing.
ထပ်နည်း = <u>Be</u> he a thief, he <u>would</u> never <u>steal</u> such a thing.
သူသည် သူခိုးတစ်ယောက်ဖြစ်လျှင်တောင်မှ သူသည် ဤသို့သော ပစ္စည်းကို ဘယ်တော့မှ ခိုးမည်မဟုတ်ပါ။

10. Whether (---ပဲဖြစ်ခဲ့) + S + be + S.C ---------- S + (Aux +V.1)

Whether she <u>be</u> deaf or dumb , we <u>should treat</u> her as a human.
ထပ်နည်း = <u>Be</u> she deaf or dumb , we <u>should treat</u> her as a human.
သူမသည် နားပင်းသူပဲဖြစ်စေ၊ အ,အ ပဲဖြစ်စေ ကျွန်ုပ်တို့ သူမကို လူတစ်ယောက်အနေနှင့် ဆက်ဆံသင့်သည်။

17.16 REQUEST = ပန်ကြားခြင်း (သူတစ်ပါးကို ယဉ်ကျေးစွာပြောဆို၍ခိုင်းစေခြင်း)

သူတစ်ပါးထံမှ အကူအညီတောင်းလိုသောအခါ ၊ သူတစ်ပါးကို ခိုင်းလိုသောအခါ အောက်ပါတို့မှ နှစ်သက်ရာကိုသုံး၍ တောင်းနိုင်သည်။

1. *Will / Would / Can / Could + you (please) V.1?* = (---ဝေါဟာ ။---ဝေါဟာ)

a. <u>Will you please open</u> the window? = ပြူတင်းပေါက် ဖွင့်ပေးပါလားခင်ဗျာ။
b. <u>Would you please recommend</u> the way to nearest resort?
အနီးဆုံး အပန်းဖြေဟိုတယ် သွားတဲ့လမ်းကို ထောက်ခံညွှန်ပြပေးပါခင်ဗျာ။
c. <u>Can you tell me</u> how I get to the Emperial Hotel?
အင်ပီရီယယ် ဟိုတယ်ကို ဘယ်လို ရောက်နိုင်တယ်ဆိုတာ ပြောပြနိုင်မလားခင်ဗျာ။
d <u>Couldn't you turn down</u> the cassette player ? ကက်ဆက်အသံကို လျှော့မပေးနိုင်ဘူးလားခင်ဗျာ။

2. *Would you like + to V.1?* = (---ဝေါဟာ ။---ဝေါဟာ)

<u>Would you like to lend me</u> your book?
ခင်ဗျားရဲ့ စာအုပ်ကို ကျွန်ုပ်ကို ငှားပေးပါ။

Scanned by CamScanner

3. ***Would you mind + (V.1+ing)*** = (---ဝေးပါ ။---ဝေးပါလား)

a. Would you mind lending your bicycle ? = ခင်ဗျားရဲ့ စက်ဘီးကို ကျွန်ုပ်ကို ငှားပေးပါလား။

b. Would you mind not wearing your shoes in the pagoda precinct?
ဘုရားပရိ ဝုဏ်ထဲမှာ ခင်ဗျား ဖိနပ်မစီးပါနဲ့လား။

4. ***I'd be very pleased if you + V.1*** = (ခင်ဗျား---ဖယ်ရိုရင် ဝမ်းမြောက်ရုဖွာပါ ၊ ---ဝေးနေမျှင်သည်။)
I'd be very pleased if you help me do this exercise.
ခင်ဗျား ကျွန်ုပ်ကို ဒီ လေ့ကျင့်ခန်းကူလုပ်ပေးမယ်ဆိုရင် ဝမ်းမြောက်ရမှာပါ။ (ကူလုပ်ပေးစေချင်သည်။)

5. ***Would you be kind enough + to V.1?*** (သနားသောအားဖြင့် ---ဝေးပါ ၊ ---ဝေးနေမျှင်သည်။)
Would you be kind enough to show me the bus-terminal? =ကျွန်ုပ်ကို ဘတ်စ်ကားဂိတ် ပြပေးစေချင်ပါတယ်။

6. ***Would you be able + to V.1?*** (---နိုင်ဖေး)
Would you be able to drive me to the post-office?
ခင်ဗျား ကျွန်ုပ်ကို စာတိုက်ကို ကားနှင့် ပို့ ပေးနိုင်မလား။

7. ***If you would V.1?*** (---ဝေးပါ)
If you would come one only after another ?
ခင်ဗျားတို့ တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ပေးကြပါ။

8. ***I wish you would V.1?*** (---ဝေးနိုင်ဖေးလို့ပါ)
I wish you would post this letter for me?
ခင်ဗျားအနေနှင့် ကျွန်ုပ်ကိုယ်စား ဒီစာလေး ပို့ပေးနိုင်မလားလို့ပါ။

17.17 TAKING PERMISSION = ခွင့်ထောင်းခြင်း

1. ***Can I V.1?*** (---လို့ရသလား)
Can I go across the the grass? = ကျွန်ုပ် ဒီမြက်ခင်းပေါ်က ဖြတ်သွားလို့ရမလား

2. ***Could I V.1?*** (---လို့ရပါသလား) (ဤအသုံးအနှုန်းက ပိုယဉ်ကျေးသည်။)
Could I speak to Mr. William on the telephone? = ကျွန်ုပ် မစ္စတာဝီလျံကို ဖုန်းနဲ့စကားပြောလို့ရမလား။

3. ***May I V.1?*** (---ခွင့်ရှိပါသလား။---ပါရစေ။) (ဤအသုံးအနှုန်းက ထို့ထက် ပိုယဉ်ကျေးသည်။)
May I borrow your dictionary? = ကျွန်ုပ် ခင်ဗျားရဲ့ အဘိဓာန်စာအုပ်ကို ငှားပါရစေ။

4. ***Let me V.1?*** (---ခွင့်ပြုပါ)
Let me check your passport? = ခင်ဗျားရဲ့ နိုင်ငံကူးလက်မှတ်ကို စစ်ဆေးခွင့်ပြုပါ။

5. ***Do you mind if I + V.1?*** = (---ယျင် ဒိတ်အနော်တ်အဟုတ်ခြင်ဖေး ၊ ---လို့ရဖေး)
Do you mind if I use your bicycle? = ခင်ဗျားရဲ့ စက်ဘီးကို ကျွန်ုပ်သုံးရင် ခင်ဗျား စိတ်ရှိမှာလား

17.18 COMMAND , EXHORTATION , ENTREATY
(ခေါ်ခိုင်း အစိန့်ဝေးခြင်း ၊ ထိုတ်တွန်းခြင်း ၊ အသနားခံခြင်း)
(ကတ္တားမထည့်ပဲ ကြိယာများကို ရှေ့ဆုံးဦးထား၍သုံးရသည်။)

1.	Go out right now! = ခုချက်ချင်းထွက်သွားစမ်း	(စေခိုင်းအမိန့်ပေးခြင်း)	I.V + Parti
2.	Come in. = ဝင်လာပါ။	(စေခိုင်းအမိန့်ပေးခြင်း)	I.V + Parti
3.	Don't make a noise. = မဆူပါနဲ့.	(စေခိုင်းအမိန့်ပေးခြင်း)	DE.V + O
4.	Be quiet. = ဆိတ်ဆိတ်ငြိမ်ငြိမ် နေပါ။	(စေခိုင်းအမိန့်ပေးခြင်း)	(Be) + Adj
5.	Get ready. = အသင့်ပြင်။	(စေခိုင်းအမိန့်ပေးခြင်း)	LK.V + Adj
6.	Don't be lazy. = အပျင်းမကြီးပါနဲ့.	(တိုက်တွန်းခြင်း)	(Be) + Adj
7.	Be careful. = ဂရုစိုက်ပါ။	(တိုက်တွန်းခြင်း)	(Be) + Adj
8.	Try your best. = အစွမ်းကုန်ကြိုးစားပါ။	(တိုက်တွန်းခြင်း)	LV

Scanned by CamScanner

9. Keep alert. = သတိဝီရိယ ရှိပါစေ။ (တိုက်တွန်းခြင်း) LK.V + Adj
10. Help me = ကျွန်ုပ်ကို ကူညီပါ။ ကယ်ပါ။ (အသနားခံခြင်း) T.V + O
11. Spare my life. = အသက်ကို ချမ်းသာပေးပါ။ (အသနားခံခြင်း) T.V + O
12. Don't be so cruel.= ဒီလောက်မရက်စက်ကြပါနဲ့။ (အသနားခံခြင်း) (Be) + Adj
13. Do hurry. = မြန်မြန်လုပ်စမ်းပါ ။ (အမိန့်ပေးခြင်း) LV
14. Do be silent. = တိတ်တိတ် နေစမ်းပါကွာ။ (အမိန့်ပေးခြင်း) (Be) + Adj

17.19 PRAYER OR WISH = ဆုတောင်းခြင်း သို့စကားထိ အနှုတ်ပြု ခြင်း

1. *May + S + Simple Present Tense* ကြိယာဝိုဓဒများ (---ဝါဒ ၊ ---ဝါဒအဘည်း)

a. May all beings be well and happy! = သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။
b. May you win a million-reward of lottery! = သန်းဆုကြေးပေါက်ပါစေ။
c. May I be free from calamity? = အဟံ အဝေရော ဟောမိ။ ငါသည် ဘေးရန်ကင်းရပါစေ။

2. *S + Simple Present Tense* ကြိယာဝိုဓဒများ (---ဝါဒ ၊ ---ဝါဒအဘည်း)

(ကတ္တားသည် ဧကဝုစ်ဖြစ်သော်လည်း ကြိယာ၌ s , es , ies မပေါင်းရ။)

a. God bless you all! = သင်တို့အားလုံးကို ဘုရားသခင် ကောင်းချီးပေးပါစေ။
b. God save our lord ! = ငါတို့သခင်ကို ဘုရားသခင် ကယ်မ ပါစေ။
c. Heaven help my son! = ငါ့သားကို ကောင်းကင်ဘုံက စောင်မ ပါစေ။

17.20 INVITATION = အစားအသောက်အတွက်စိတ်ဝါသြင်း

1. *Will /Would + you + take/ have + O* (---ထို သုံးအောင်ဖွည့်ဝါဦး)

a. Would you take some tea? = လက်ဖက်ရည်လေးဘာလေး သုံးဆောင်ပါဦး။
b. Will you have a cold drink? = အအေး သုံးဆောင်ပါဦး။

2. *Would + you + like + to V.1 + O* (---ထို သုံးအောင်ဖွည့်ဝါဦး)

a. Would you like to take a cigarette? = စီးကရက် သုံးဆောင်ပါဦး။

17.21 SUGGESTION = ထိုင်ဝင်အကြံပြုခြင်း

1. *(Let's +V.1) / (Let us +V.1)* (---ကြနိ.)

a. Let's go. = သွားကြစို့။
b. Let's not go. = မသွားကြစို့.နဲ့. ။
c. Let us do cooking. = ချက်ကြပြုတ်ကြစို့။

2. *(Shall I + V.1) / (Shall we + V.1)* (---ထိထိရဓဏား)

a. Shall I go and get a cup of coffee? = ကျွန်တော် ကော်ဖီတစ်ခွက် သွားယူလိုက်ရမလား။

3. *suggest / propose + F.P-that + should + V.1* (---ဟု အဖြဲပြုဝါဘည်)

suggest / propose + F.P-that + (be V.3 / be Adj) (---ဟု အဖြဲပြုဝါဘည်)

(မရင်းနှီးသူ ၊ မိမိထက်ဂုဏ်ကြီးသူများကို အကြံပြုရာ၌သုံးသည်။)

a. I suggest that you should see the doctor as early as you can.
ခင်ဗျား ဆရာဝန်ကို စောနိုင်သလောက်စောစော တွေ့ဆုံဖို့အကြံပြုပါတယ်။

b. I propose that our company be shut down at once. (be ရှေ့ should ဖြုတ်)
ကျွန်ုပ်တို့ ကမ္ပဏီကို ချက်ချင်းပိတ်ပစ်ဖို့ အကြံပြုပါတယ်။

c. They propose that the plan be ready. (be ရှေ့ should ဖြုတ်)
ၵင်းအစီအစဉ် အဆင်သင့်ဖြစ်နေဖို့ သူတို့က အကြံပြုကြသည်။

Scanned by CamScanner

17.22 ADVICE = အကြံဉာဏ်ပေးခြင်း

1. ***(ought to / should) + V.1*** (---သင့်သည်) (ရင်းနှီးသူအတွက်သာ သုံးသည်)

   You ought not to trifle with your mother' heath.

   မင်း ဟာ မင်းမိခင်ရဲ့ကျန်းမာရေးကို ပေါ့ဆဆ မလုပ်သင့်ဘူး။

2. ***must + V.1*** (---ရမည် ၊ ---၌ ဖြစ်စည်)

   You must take more exercise and eat less oil.

   မင်း လေ့ကျင့်ခန်းများများလုပ်ပြီး ဆီလျှော့စားရမယ်။

3. ***had + better +V.1*** (--- ထား ထောင်းသည်၊ ---လျှင်ထောင်းသည်)

   You had better sell your products before rain starts.

   မိုး မစတင်မှီ ခင်ဗျားတို့၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းလျှင်ကောင်းသည်။

4. ***Why don't you +V.1? / Why not + V.1*** (--- ပါထား ၊ ---ပေါ့)

   a. Why don't you ask for your uncle's help? = မင်း ဦးလေးရဲ့ အကူအညီကို တောင်းလိုက်ပါလား။

   b. Why not ring to the police? = ရဲကို ဖုန်းဆက်လိုက်ပေါ့။

5. ***You + may / might + as well +V.1*** (---ထိုက်ထားပေါ့)

   You might as well report the matter to the school master. = ဒီကိစ္စ ဆရာကြီးကို အကြောင်းကြားလို့ရတာပေါ့

17.23 EXCLAMATION = အာဇေဋိယ်နဏား

1. ***What + a/an + (Adj)*** ထပ်ဆင့် ***Noun***

   a. What an aeroplane! = ဟယ် လေယာဉ်ပါလား

   b. What a giant aeroplane! = ဧရာမ လေယာဉ်ကြီးပါလား

   c. What a pity! = ဖြစ်မှ ဖြစ်ရလေကွယ် ၊ စိတ်မကောင်းလိုက်တာကွယ်

2. ***What + (Adj) Noun + Adj-Cl***

   a. What awfully nice dinner we have had! = ငါတို့စားခဲ့ရတာကတော့ အရမ်းကောင်းတဲ့ ညစာပဲ

   b. What long hair she has got! = သူမရဲ့ ဆံပင်က ရှည်လိုက်တဲ့ ဆံပင်ကွာ ။

3. ***How + Adj***

   How very cold! = အေးလှချည့်လား ။ သိပ်အေးတာပဲကွာ ။

4. ***How + Adj + S + (Be) / L.K.V***

   a. How very foolish you are! = မင်း မိုက်လှချည့်လား ။

   b. How stern she looks! = သူမ ကြည့်ရတာ တင်းမာလိုက်တာ။

5. ***How + Adv + S + M.V***

   How beautifully she dances! = သူမ က တာ ကောင်းလိုက်တာ ။

6. ***How + S + M.V***

   a. How the child make a noice! = ဒီကလေး ဆူလှချည့်လား။

   b. How you disturb me! = မင်း ငါ့ကို နှောက်ယှက်လှချည့်လား။

7. ***Why , (S + M.V)***

   a. Why, that's the guy I met yesterday! = ဟယ် မနေ့က ငါတွေ့ခဲ့တဲ့ လူပါလား။

   b. Why, it doesn't matter! = ဟာ ကိစ္စမရှိပါဘူး။

အထွေထွေအခန်းပြီးပြီ။

Scanned by CamScanner

UNIT- 18

REPORTED SPEECH = တစ်ဆင့်ပြောခံစကား

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
18. 1	Reported Speech (တစ်ဆင့်တင်ပြခံစကား)	291
18. 2	တိုက်ရိုက်စကား (7) မျိုး	291
	R'ted Clause of Statement (ရိုးရိုးဖော်ပြချက်၏ တစ်ဆင့်တင်ပြခံဝါကျ)	291
18. 3	Tense ပြောင်းပုံ	291
18. 4	Pronoun ပြောင်းပုံ (1)	292
18. 5	Pronoun ပြောင်းပုံ (2)	293
18. 6	အခိုန်ပြပုဒ် ၊ နေရာပြပုဒ်များပြောင်းပုံ	294
18 10	Reported Clause ထဲ၌ အခြား Tense များကို သုံးပုံ	295
18. 11	Modal Verb များပြောင်းပုံ	296
18. 13	R'ted Clause of Yes-No Question (လား-အမေး၏ တစ်ဆင့်တင်ပြခံဝါကျ)	297
18. 14	R'ted Clause of Wh -Question (လဲ -အမေး၏ တစ်ဆင့်တင်ပြခံဝါကျ)	297
18.15	R'ted Speech of Command (အမိန့်. စကား ၏ တစ်ဆင့်တင်ပြခံဝါကျ)	298
18.16	R'ted Speech of Advice (အကြံပေးစကား ၏ တစ်ဆင့်တင်ပြခံဝါကျ)	298
18.17	R'ted Speech of Suggestion (ညွှန်းဆိုစကား ၏ တစ်ဆင့်တင်ပြခံဝါကျ)	299
18.18	R'ted Speech of Request (ပန်ကြားမှု၏ တစ်ဆင့်တင်ပြခံဝါကျ)	299
18.19	R'ted Speech of Pray & Wish (ဆုတောင်း။ဆန္ဒပြု ၏. တစ်ဆင့်တင်ပြခံဝါကျ)	300

Scanned by CamScanner

18.1 REPORTED SPEECH= တစ်ဆင့်တင်ပြခံစကား

လူတစ်ယောက် သူ့ဘာသာ ပြောသောစကားကို တိုက်ရိုက်စကား (Direct speech)ဟုခေါ်ပြီး၊ထိုလူပြောသော ထိုစကားကိုအခြားသူတစ်ယောက်က ထပ်ဆင့်ပြောပြသောအခါ တစ်ဆင့်တင်ပြခံစကား (Reported speech) ဟုခေါ်သည်။ ထို့အပြင် ဝါကျ အခေါ်အားဖြင့် တင်ပြခံဝါကျ (Reported Clause) ဟုလည်းခေါ်သေးသည်၊ ၄င်း၏ ရှေ့နားကပ်နေသော ဝါကျကလေးကို တင်ပြဝါကျ (Reporting Clause) ဟုခေါ်သည်။ Reported speech သည် Direct speech အမျိုးမျိုးအပေါ် မူတည်၍ အမျိုးမျိုး ကွဲပြားပါသည်။

တိုက်ရိုက်စကား **(Direct speech)** တို့မှာအောက်ပါအတိုင်း (7) မျိုးရှိသည်။

1. **Statement** = ရိုးရိုးဖော်ပြခြင်း

   I like coffee. = ကျွန်ုပ်သည် ကော်ဖီကို ကြိုက်သည်။

2. **Question** = မေးခွန်း

   Do you speak English? = ခင်ဗျား အင်္ဂလိပ်စကားပြောသလား။

3. **Order or Command** = အမိန့်ထုတ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်း

   Move on. = ဆက် သွားပါ။

4. **Advice** = အကြံပေးခြင်း

   You should learn English. = သင်သည် အင်္ဂလိပ်ဘာသာကို သင်သင့်သည်။

5. **Suggestion** = တိုင်ပင်အကြံပြုခြင်း

   Let's go. = သွားကြစို့.

6. **Request** = ပန်ကြားခြင်း

   Could you lend me some money? = ပိုက်ဆံအနည်းငယ် ကျွန်ုပ်ကို ချေးနိုင်မလား။

7. **Pray or Wish** = ဆုတောင်းခြင်း သို့မဟုတ် ဆန္ဒပြုခြင်း

   May I be free from danger. = ကျွန်ုပ်သည် အန္တရာယ်ကင်းရပါလို၏။

18.2 Statement = ရိုးရိုးဖော်ပြချက်

statement (ရိုးရိုးဖော်ပြချက်အတွက်) Direct speech မှ Reported speech ကိုရေးရန် F.P that ဦးစီးသော နာမ်ဝါကျကို သုံးရသည်။ (F.P that ဦးစီးသော နာမ်ဝါကျကို နှာ 163 - 10. 22 ၌ပြန်ရှု ပါ။) ပြောင်းပုံကို နမူနာပြပါမည်။

(တိုက်ရိုက်စကား)	U Ba said,	" I like coffee. "
	ဦးဘက ပြောသည်။	ငါ ကော်ဖီ ကြိုက်တယ်
(တစ်ဆင့်တင်ပြခံစကား)	U Ba said	that he liked coffee.
	(တင်ပြဝါကျ)	(တစ်ဆင့်တင်ပြခံဝါကျ)
	ဦးဘကပြောသည်။	သူသည် (ဦးဘသည်) ကော်ဖီကို ကြိုက်သည် ဟု

အထက်ပါနမူနာ၌ U Ba said ကို တင်ပြဝါကျ (Reporting Clause) ဟု ခေါ်သည်။ that he likes coffee. ကို တစ်ဆင့်တင်ပြခံဝါကျ (Reported Clause) ဟု ခေါ်သည်။

မှတ်ချက်။ ။ ဤနေရာ၌ that he likes coffee. ဟူသော F.P that ဦးစီးသော နာမ်ဝါကျသည် T.V ဖြစ်သော said ၏ ကံ (O) ဖြစ်သည်ကို သတိပြုပါ။ စကားအဖြစ်ပြောဆိုရာ၌ that ကို ချန်လှပ်၍ထားလေ့ရှိသည်။

18.3 ဤသို့ တိုက်ရိုက်စကား (Direct speech) မှ တစ်ဆင့်တင်ပြခံစကား (Reported speech)သို့ပြောင်းရာ၌ကြိယာတို့၏ Tense ကို ပြောင်းပေးရသည့်အခါလည်းရှိသေးသည်။ ထိုသို့ပြောင်းရန် ယေဘုယျ အားဖြင့် သတ်မှတ်ချက်ရှိသည်။ ၄င်းမှာ အောက်ပါအတိုင်းဖြစ်သည်။

1. Simple Present မှ **Simple Past** သို့ပြောင်းသည်

(တိုက်ရိုက်စကား)	(တင်ပြဝါကျ)	(တစ်ဆင့်တင်ပြခံဝါကျ)
He said, " I *like* coffee" .	He said	that he *liked* coffee.

Scanned by CamScanner

ငါ ကော်ဖီ ကြိုက်သည်ဟု သူပြောခဲ့သည်။ သူပြောခဲ့သည်။ သူ ကော်ဖီကြိုက်သည်ဟု။ (---ခဲ့သည်ဟုမပြန်ရ)

2. Present Continuous ၌

(တိုက်ရိုက်စကား)
U Ba said, " Ko Ko *is sleeping.*"
ကိုကို အိပ်နေသည်ဟု ဦးဘကပြောခဲ့သည်။

Past Continuous ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
U Ba said that he (Ko Ko) *was sleeping.*
ဦးဘက ပြောခဲ့သည်။ သူ (ကိုကို) အိပ်နေသည်ဟု

3. Present Perfect ၌

(တိုက်ရိုက်စကား)
Ma Ma said, " We *have eaten* dinner. "
ကျွန်မတို့. ညစာစားပြီးပြီဟု မမကပြောခဲ့သည်။

Past Perfect ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
Ma Ma said that they *had eaten* dinner.
မမကပြောခဲ့သည်။ သူမတို့ညစာစားပြီးပြီဟု

4. Present Perfect Continuous ၌

(တိုက်ရိုက်စကား)
Su Su said, " You *have been learning* English. "
သင်သည်အင်္ဂလိပ်စာတစ်ချိန်လုံးသင်လာသည်ဟု စုစုကဆိုခဲ့သည်။

Past Perfect Continuous ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
She said that I *had been larning* English.
စုစုကဆိုခဲ့သည်။ ကျွန်ုပ်အင်္ဂလိပ်စာကို တစ်ချိန်လုံးသင်လာသည်ဟု

5. Simple Past ၌

(တိုက်ရိုက်စကား)
U Kyaw said, " We were teachers."
ငါတို့ဆရာများဖြစ်ခဲ့ကြသည်ဟု ဦးကျော်ကပြောခဲ့သည်။

Past Perfect ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
He (U Kyaw) said that they had been teachers.
သူကပြောခဲ့သည်။ သူတို့ဆရာများဖြစ်ခဲ့ကြသည်ဟု

6. Simple Future ၌

(တိုက်ရိုက်စကား)
He said, " I shall meet you tommorrow "
ငါ မနက်ဖြန်မင်းကို တွေ့မယ်လို့ သူကပြောခဲ့သည်။

Simple Modal ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
He said that he would meet me tomorrow.
သူကပြောခဲ့သည်။ သူ မနက်ဖန် ကျွန်ုပ်ကိုတွေ့ဆုံမည်ဟု

7. Future Continuous ၌

(တိုက်ရိုက်စကား)
Ma Ma said, " I will be using my car. "
ငါ့ကားကို ငါသုံးရလိမ့်ဦးမည်ဟု မမကပြောခဲ့သည်။

Modal Continuous ဆို့ကြောင်းသည်

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
Ma Ma said that she would be using her car.
မမက ပြောခဲ့သည်။ သူမ၏ကားကို သူမသုံးရလိမ့်ဦးမည်ဟု

8. Modal Tense ဖြစ်ဖျင် ၄င်းအဖိုင်းဖြန်ဆုံးရန်

(တိုက်ရိုက်စကား)
she said, " I could pass the exam. "
ငါ စာမေးပွဲအောင်မယ်ဆိုအောင်နိုင်ခဲ့သည်ဟု သူမကဆိုခဲ့သည်။

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)
She said that she could pass the exam.
သူမကဆိုခဲ့သည်။ သူမစာမေးပွဲအောင်မယ်ဆိုအောင်နိုင်ခဲ့သည်ဟု

မှတ်ချက်။ ။ ကြွင်းသော Tense များကား ပြောင်းလဲခြင်းမရှိပဲပြန်သုံးရသည်။ အထက်ပါနမူနာများ၌ Tense သာမက နာမ်စားများလည်းပြောင်သွားသည်ကိုတွေ့ရမည်။

18.4 CHANGES OF PRONOUNS = နာမ်စား ပြောင်းလဲမှုများ

1. လူနှစ်ဦးတို့ တစ်ဦးကို တစ်ဦး ပြောကြရာ၌၄င်း၊ အခြားတတိယပုဂ္ဂိုလ်က မိမိ ကိုပြောရာ၌၄င်း အသုံးပြုသော နာမ်စားများကိုလည်း အောက်ပါအတိုင်းပြောင်းပေးရသည်။

(ထိုတိုရိုတိုစကား) ၌		(တင်ပြဝါကျ) နှင့် (တစ်ဆင့်တင်ပြခံဝါကျ) ၌
a.	I ကို	you (သင်သည်) သို့ပြောင်းရသည်။
b.	you (သင်သည်) ,	I ,
c.	you (သင့်ကို) ,	me ,
d.	we ,	you (သင်တို့သည်) ,

Scanned by CamScanner

e.	me	၊	you (သင့်ကို)	၊
f.	us	၊	you (သင်တို့ကို)	၊
g.	my	၊	your (သင်၏)	၊
h.	your	၊	my	၊
i.	our	၊	your (သင်တို့၏)	၊
j.	your	၊	our	၊
k.	myself	၊	yourself	၊
l.	yourself	၊	myself	၊
m.	ourselves	၊	yourselves	၊
n.	yourselves	၊	ourselves	၊

နမူနာများ–

	(တိုက်ရိုက်စကား)	(တင်ပြဝါကျ)	(တစ်ဆင့်တင်ပြခံဝါကျ)
a.	*I* said, " *I* respect you." ကျွန်ုပ် ခင်ဗျား::ကို လေးစားတယ်လို့. ကျွန်ုပ်ပြောခဲ့သည်။	*You* said ခင်ဗျား::ကပြောခဲ့သည်။	that *you* respected me? ခင်ဗျား::က ကျွန်ုပ်ကိုလေးစားသည်ဟု
b.	*I* said, " *You* hate me. " မင်း ငါ့ကိုမုန်းတယ်လို့. ငါပြောခဲ့တယ်။	*You* said မင်း::ပြောခဲ့တယ်။	that *I* hated you. ငါက မင်း::ကို မုန်းတယ်လို့.
c.	I said, " This *is* my son ?" ဒါဟာ ငါ့သား::ဖြစ်တယ်လို့. ငါက ပြောခဲ့တယ်။	You said မင်း::ကပြောခဲ့တယ်။	that that was your son. ဒါဟာ မင်း::ရဲ့သား::ဖြစ်တယ်လို့.

18.5 အခြား::ခြင်း၀ယူတစ်ဦး::ပြောသော၀ါကျ::ကို တစ်ဆင့်ခံတင်ပြပြောဆို::ရာ၌ ထိုအခြား::သူ ပြောသော--

a.	I	ထို	he / she	ဆို::ကြောင်း::ရသည်။
b.	We		they	၊
c.	me		him / her	၊
d.	us		them	၊
e.	you (သင်သည်) မိမိကိုညွှန်းလျှင်		I	၊
f.	you (သင်သည်) အခြား::နောက်ထပ်တစ်ဦး::ကိုညွှန်းလျှင်		he / she	၊
g.	you (သင့်ကို) မိမိကိုညွှန်းလျှင်		me	၊
h.	you (သင့်ကို) အခြား::သူတစ်ဦး::ကိုညွှန်းလျှင်		him / her	၊
i.	my		his / her	၊
j.	our		their	၊
k.	your မိမိကိုညွှန်းလျှင်		my	၊
l.	your အခြား::သူတစ်ဦး::ကိုညွှန်းလျှင်		his / her	၊
m.	our		their	၊
n.	myself		himself / herself	၊
o.	ourselves		themselves	၊

ကြွင်း::သော he , she , it , they တို့.ကို မပြောင်း::ပဲပြန်သုံး::ရသည်။

နမူနာများ–

a.	Ma Ma said, " *I* lost my book. " ကျွန်မ၏စာအုပ်ပျောက်ဆုံး::ခဲ့သည်ဟု မမကပြောခဲ့သည်။	She said သူမကပြောခဲ့သည်။	that *she* had lost her book. သူမသည် သူမ၏စာအုပ်ပျောက်ဆုံး::ခဲ့သည်ဟု
b.	He said, " *We* are watching T.V. " ကျွန်ုပ်တို့တီဗွီကြည့်နေခဲ့ကြသည်ဟု သူကပြောခဲ့သည်။	He said that သူကပြောခဲ့သည်။	*they* were watching T.V. သူတို့. တီဗွီကြည့်နေခဲ့ကြသည်ဟု
c.	She said, " *I* won't lend you my book." ကျွန်မရှင့်ကို ကျွန်မစာအုပ်မငှား::ဘူး::ဟု သူမကပြောခဲ့သည်။	She said သူမကပြောခဲ့သည်။	that *she* would not lend me her book. သူမကျွန်ုပ်ကို သူမ၏စာအုပ်ကို မငှား::ဘူး::ဟု
d.	They said, " *Our* team is going well. "	They said	that *their* team was going well.

Scanned by CamScanner

ငါတို့.အသင်း အခြေအနေကောင်းနေသည်ဟု သူတို့.ပြောခဲ့သည်။ သူတို့.ပြောခဲ့သည်။ သူတို့. အသင်း အခြေအနေကောင်းနေသည်ဟု

e. He said to me," *I* want to borrow your book." He said to me that *he* wanted to borrow my book.

ငါ မင်းရဲ့ စာအုပ်ကို ငှားချင်တယ်လို့.သူက ကျွန်ုပ်ကိုပြောခဲ့သည်။ သူ ကျွန်ုပ်ကိုပြောခဲ့သည်။ သူ ကျွန်ုပ်၏စာအုပ်ကို ငှားချင်တယ်လို့.

f. She said to Ko Ko," *I* like your livelihood." She said to Ko Ko that *she* liked his livelihood.

ကျွန်မ ရှင့်ရဲ့အသက်မွေးမှုကို ကြိုက်တယ်လို့.သူမကကိုကို့.ကိုပြောခဲ့သည်။ သူမက ကိုကို့.ကိုပြောခဲ့သည်။ သူမ သူ့.ရဲ့အသက်မွေးမှုကို ကြိုက်တယ်လို့.

18.6 CHANGESOF TIME , PLACE , AND OTHERS

(အချိန်ပြုပုဒ် ၊ နေထိုပြုပုဒ် နှင့် အခြားပြောင်းလဲမှုများ)

a.	today (ယနေ့)	ထို	that day (ထိုနေ့က) သို့ပြောင်းရသည်။
b.	yesterday (မနေ့က)	〃	the day before (စောစော နေ့က) 〃
c.	last night (မနေ့ည က)	〃	the night before (စောစောညက) 〃
d.	the day before yesterday (တစ်မြန်နေ့က)	〃	two days before (စောစောပိုင်းနှစ်ရက်က) 〃
e.	tomorrow (မနက်ဖန်)	〃	the next day / the following day (နောက်တစ်နေ့မှာ) 〃
f.	the day after tomorrow (သန်ဘက်ခါ)	〃	in two day's time (နှစ်ရက်တာအချိန်တွင်းမှာ) 〃
g.	next week / year (နောက်အပတ်/နှစ်မှာ)	〃	the following week / year (ဆက်တိုက်အပတ်/နှစ်မှာ) 〃
h.	last week / year (လွန်ခဲ့တဲ့အပတ် /နှစ်မှာ)	〃	the previous week / year (ယခင်အပတ်/နှစ်မှာ) 〃
i.	a month / a year ago (ပြီးခဲ့တဲ့လ/နှစ်မှာ)	〃	a month / a year before (စောစောပိုင်းလ / နှစ်မှာ) 〃
j.	now (ယခု)	〃	then (အဲဒီတုန်းက) 〃
k.	here (ဒီမှာ / ဒီကို)	〃	there (ဟိုမှာ / ဟိုကို) 〃
l.	this (ဤ)	〃	that (ထို) 〃
m.	these (ဤ---များ)	〃	those (ထို ----များ) 〃

18.7 ဒုတိယပုဒ်။ ။ Reported Clause ရှည်လျှင် Reporting Clause ကို Reported Clause ကြားထဲ၌ ညှပ်ထားလေ့ရှိသည်။

Before the past three years, he explained, that this place was full of foreign tourists who were interested in the traditional culture of the resident people.

(Reporting Clause ဖြစ်သော " he explained " ကို ဝါကျထဲ၌ ကြားညှပ်ထားလိုက်သည် ။)

မြန်မာပြန်။ ။ လွန်ခဲ့သော သုံးနှစ်မတိုင်မီက ဤနေရာသည် ဒေသခံလူများ၏ရိုးရာယဉ်ကျေးမှုကို စိတ်ဝင်စားကြသော နိုင်ငံခြားသားခရီးသည်များနှင့် ပြည့်နက်နေခဲ့သည်ဟု သူကရှင်းပြခဲ့သည်။

18.8 F.P- that ဦးစီးငြာ နာမ်ဝါကျကိုယ်စားနှင့် to V.1 နှင့် to be Adj တို့.ကိုသုံးနိုင်သောကြိယာများ

အောက်ပါ တင်ပြကြိယာ (Reporting Verbs) များကိုသုံးသောအခါ တစ်ဆင့်တင်ပြခံဝါကျ (Reported Cl) နေရာ၌ F.P - that ဦးစီးသော နာမ်ဝါကျကို မသုံးပဲ to V.1 / to be Adj တို့.ကိုသုံးနိုင်သည်။ ၄င်းကိုတစ်ဆင့်တင်ပြခံပုဒ်စု (Reported Phrase) ဟု ခေါ်သည်။ ထို့အပြင် ၄င်းကြိယာများ၏ နောက်၌ I.O ပါထည့်ပေးရသည်။

advise = အကြံပေးသည် ask = ခိုင်းသည် beg = တောင်းဆိုသည် command = အမိန့်ပေးသည်

forbid = တားမြစ်သည် instruct = ညွှန်ကြားသည် invite = ဖိတ်ကြားသည် order = အမိန့်ထုတ်သည်

persuade = ဆွဲဆောင်သည် remind = အသိပေးသည် teach = သင်ကြားပေးသည် tell = ပြောပြသည်

urge = တိုက်တွန်းသည် warn = သတိပေးသည်

နမူနာများ— တိုက်ရိုက်စကား (Direct speech) မှာ လွယ်ကူသဖြင့် ၄င်းကိုချန်လှပ်၍ ပြပါမည်။)

	(တင်ပြဝါကျ)	(တစ်ဆင့်တင်ပြခံပုဒ်စု)
a.	I *advised* him	not to smoke at all. (him = I.O)
	ကျွန်ုပ် အသူ.ကို အကြံပေးခဲ့သည်	ဆေးလိပ်ကို လုံးဝမသောက်ရန်

Scanned by CamScanner

b. She *asked* me to help her with her houseworks. (me = I.O)
သူမက ခိုင်းခဲ့သည် သူမကို သူမ၏ အိမ်အလုပ်များကို ကူညီရန်

c. The fire brigade *warns* the villagers to be alert of fire. (the villagers = I.O)
မီးသတ်တပ်ဖွဲ့က ရွာသားများကို သတိပေးသည်။ မီး သတိပြုကြရန်

d. The guards *forbid* pasers-by not to get close to the limited area. (passers-by = I.O)
အစောင့်များက လမ်းသွားလမ်းလာများကို တားမြစ်သည်။ ကန့်သတ်နယ်မြေအနီးသို့ မကပ်ကြရန်

18.9 F.P -that ဦးစီးဝေါဟာရပါကျကိုယ်စား F.P - if / whether တို့ဦးစီးဝေါဟာရပါကျကို သုံးနိုင်သောကြိယာများ

understand = နားလည်သည် ask = မေးသည် know = သိသည် wonder = ဝေခွဲမရဖြစ်သည်

နမူနာများ— တိုက်ရိုက်စကား (Direct speech) မှာ လွယ်ကူသဖြင့် ၄င်းကို ချန်လှပ်၍ ပြပါမည်။)

	(တင်ပြဝါကျ)	(တစ်ဆင့်တင်ပြခံဝါကျ)
a.	I know ငါ သိသည်။	whether she is intelligent or not. သူမ ပင်ကိုယ်ဉာဏ် ကောင်းသလား မကောင်းဘူးလားဆိုတာကို
b.	She asked me သူမက ကျွန်ုပ်ကို မေးခဲ့သည်။	if I have any children. ကျွန်ုပ်မှာ ကလေးတွေဘာတွေများရှိသလားဟု
c.	She wanted to know သူမ သိချင်ခဲ့သည်။	whether his husband had an ex-wife. သူမ၏ ခင်ပွန်းမှာ ဇနီးဟောင်းရှိခဲ့လေသလားဆိုတာ
d.	I wonder ကျွန်ုပ် ဝေခွဲမရဖြစ်သည်။	whether my friend is now in Mandalay or not. ကျွန်ုပ်၏မိတ်ဆွေသည် ယခု မန္တလေးမှာရှိသလား မရှိဘူးလားဆိုတာ

မှတ်ရန်။ ။ တစ်ဆင့်တင်ပြခံဝါကျ (Reported Clause) ဆိုသည်မှာ O , D.O တို့အဖြစ်တာဝန်ပေးထားသော နာမ်ဝါကျ (N.Cl) ပင်ဖြစ်သည်။

18.10 REPORTED CLAUSE ထဲ၌ အခြား Tense များကိုသုံးခြင်း

Direct speech (တိုက်ရိုက်စကား) မှ Reported clause (တစ်ဆင့်တင်ပြခံဝါကျ) သို့ပြောင်းရာ၌ Tense ပြောင်းပုံကို နှာ 291 -18. 3 ၌ပြခဲ့ပြီ။ ဤသို့ပြောင်းသည်မှာ ယေဘုယျသာဖြစ်သည်ဟုလည်းဆိုခဲ့သည်။ အချို့အခြေအနေများ၌ ရှေ့မှာပြခဲ့သည့် Tense ပြောင်းနည်းအတိုင်းမဟုတ်ပဲ အခြားနည်းဖြင့်သုံးရသောအခြေအနေများလည်းရှိသေးသည်။

1. ကြားဝိုဿဒည် အာဒတ်ရင်ဆဲခြစ်ဖြိုး ထိုစကားဒည် ထိုဿဇ ကြောဇာဇကြာကြာနေသော စကားခြစ်ဣင်–

Reported Clause (တစ်ဆင့်တင်ပြခံဝါကျ) ၌ Present Tense ကိုပင်သုံးရသည်။ Past Tense မသုံးရ။

a. She says that she *wants* to see you at a proper time.
သူမက ပြောသည်။ သူမ က သင့်ကို သင့်တော်သောအချိန်မှာ တွေ့ချင်သည်ဟု

2. ကြားဿ ရှိသေးဒည်ခြစ်ဇေ၊ ဓရိုဏော့ဒည်ခြစ်ဇေ ကြားဒဲ့သောစကားဒည် ကြားဒည်အထိုင်း အခြဲခုန်နေဣင်–

Reported Clause (တစ်ဆင့်တင်ပြခံဝါကျ) ၌ Present Tense ကိုပင်သုံးရသည်။ Past Tense မသုံးရ။

a. The Buddha proclaimed that all conditioned things *are* subject to impermanence.
မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့သည်။ အလုံးစုံကုန်သော သခါရတရားတို့သည် မမြဲခြင်းသဘောရှိကြသည်ဟု

b. I swore to her that I never *drink* alcohol.
ကျွန်ုပ်သူမကိုကျိန်ပြောခဲ့သည်။ ကျွန်ုပ် ဘယ်တော့မှ အရက်မသောက်ပါဟု

3. ထောထောဒယ် ခြစ်ဝေါ်နေဒဲအခြေအနေထို အထိအဒဓျည်နှုန်းမျှ ကြောထိုဣင်ဇည်း

တစ်ဆင့်တင်ပြခံဝါကျ၌ Present Tense ကိုပင်သုံးရသည်။ Past Tense မသုံးရ။

They estimate that the state of his mind *is getting* worse.
သူတို့က ခန့်မှန်းကြသည်။ သူ၏စိတ်အခြေအနေသည် ပို၍ဆိုးလာနေသည်ဟု

Scanned by CamScanner

4. တစ်ခါတစ်ရံ အနာဂတ်ကာလအဆက်ဆက်ကြိုတင်၍ ပြောရသောအခါများ၌

တစ်ဆင့်တင်ပြခံဝါကျ၌ Future Tense ကိုပင်သုံးရသည်။ Modal Tense ကိုမသုံးရ။

Experts said that, at the end of this decade, weather will be two times warmer in this region.

ကျွမ်းကျင်သူများကဆိုခဲ့သည်။ ဤဆယ်စုနှစ်အကုန်မှာ ဤဒေသ၌ ရာသီဥတုသည် နှစ်ဆပို၍ ပူနွေးလိမ့်မည်ဟု

18.11 CHANGES OF MODAL VERBS = စိတ်အမူအရာပြကြိယာများ၏ အပြောင်းအလဲများ

1. ထိုထိုရိုးရိုးပြောခဲ့သော စွမ်းရည်ထိုပြသော can ဝါကျင် တစ်ဆင့်တင်ပြဝါကျ၌ could သို့ပြောင်းရသည်။

He said," I can swim." He said that he could swim.

ငါ ရေကူးတတ်သည်ဟု သူပြောခဲ့သည်။ သူပြောခဲ့သည် သူ ရေကူးတတ်သည်ဟု (နိုင်ခဲ့သည်ဟုမပြန်ရ)

2. ထိုထိုရိုးရိုးပြောခဲ့သား ၌ ခြွင်နိုင်ခြေထိုပြသော may ဝါကျင် တစ်ဆင့်တင်ပြဝါကျ၌ might သို့ပြောင်းရသည်။
must သို့ကျင်ပြောင်းခဏာခထိုး။ ၄င်းအထိုင်းပြန်သုံးဝါ။

a. U Ba told me," You may be arrested." He told me that I might be arrested.

မင်း အဖမ်းခံရနိုင်တယ်ဟု ဦးဘကကျွန်ုပ်ကိုပြောခဲ့သည်။ သူကကျွန်ုပ်ကိုပြောခဲ့သည်။ကျွန်ုပ် အဖမ်းခံရနိုင်သည်ဟု

b. He said," You yourself must be insane",. He said that I myself must be insane.

မင်းကိုယ်က စိတ်မမှန်တာဖြစ်ရမယ်ဟု သူကပြောခဲ့သည်။ သူကပြောခဲ့သည်။ ငါကိုယ်က စိတ်မမှန်တာဖြစ်ရမယ်ဟု

3. ထိုထိုရိုးရိုးပြောခဲ့သား၌ နွဲ့ခြွင်ခြေနှုတ်ထိုပြသော may ၊ can ဝါကျင်တစ်ဆင့်တင်ပြဝါကျ၌ might ၊ could သို့ပြောင်းသည်။

a. Ma Hla asked," May I come in?" Ma Hla asked if she might come in.

ကျွန်မ ဝင်လာလို့ရပါသလားဟု မလှကမေးခဲ့သည်။ မလှကမေးခဲ့သည်။ သူမ ဝင်လာလို့ရသလားဟု

b. Ko Ko said," We can take days off." He said that thay could take days off.

ငါတို့နားရက်ယူလို့ရတယ်ဟု ကိုကိုကပြောခဲ့သည်။ သူက ပြောခဲ့သည်။ သူတို့နားရက်ယူလို့ရတယ်ဟု

4. ထိုထိုရိုးရိုးပြောခဲ့သား၌ ထင်ခြေး ၊ ထမိ ၊ ချော်ထင့်ချတ်ထို့ထိုပြသော shall , will ဝါကျင်တစ်ဆင့်တင်ပြဝါကျ၌
would သို့ပြောင်းရသည်။

She said," We will miss you." She said that they would miss me.

ငါတို့မင်းကို တမ်းတကြလိမ့်မယ်ဟု သူမကပြောခဲ့သည်။ သူမကပြောခဲ့သည်။ သူတို့ ကျွန်ုပ်ကို တမ်းတကြလိမ့်မယ်ဟု

5. ထာဝန်ဝတ္တရားထိုပြသော should , ought to ထိုထိုပြောင်းခဏခထိုဝဲ ၄င်းအထိုင်းပြန်သုံးရသည်။

The man claims," Man should have sympathy." The man claims that man should have sympathy.

လူသည်ကိုယ်ချင်းစာတရားရှိသင့်သည်ဟု၄င်းလူကြီးကဆိုသည်။ ၄င်းလူကြီးကဆိုသည်။ လူသည် ကိုယ်ချင်းစာတရား ရှိသင့်သည်ဟု

6. ဝန္ဒုဋ္ဌန်ထာဝ သို့ဓထုတ် အနာဂတ်အတိ အထြုံးဝင်နေသဲ အပြောင်းအထုခြွင်ဝါထ can , may , will , shall ထို့ထို ဓပြောင်းထဲဝဲ ပြန်သုံးရသည်။

a. He said," I can donate money to the church." He says that he can donate money to the church.

ကျွန်ုပ် ဘုရားကျောင်းကို ငွေ လှူဒါန်းနိုင်ပါတယ်ဟု သူကပြောသည်။ သူကပြောသည်။သူ ဘုရားကျောင်းကို ငွေ လှူဒါန်းနိုင်ပါတယ်ဟု

b. The teacher said,"A few may pass the exam." The teacher said that a few may pass the exam.

အနည်းငယ်သာ စာမေးပွဲအောင်လောက်သည်ဟု ဆရာကဆိုခဲ့သည်။ ဆရာကဆိုခဲ့သည်။ အနည်းငယ်သာ စာမေးပွဲအောင်လောက်သည်ဟု

c. The astrologer foretold," You shall win lottery soon." The astrologer foretold that I shall win lottery soon.

ခင်ဗျားမကြာခင် ထီပေါက်လိမ့်မယ်ဟု ဗေဒင်ဆရာကဟောခဲ့သည်။ ဗေဒင်ဆရာကဟော ခဲ့သည်။ ကျွန်ုပ် မကြာခင် ထီပေါက်လိမ့်မယ်ဟု

18.12 Question (မေးခွန်းအတွက်) Reported Clause (တစ်ဆင့်တင်ပြခံဝါကျ)

တိုက်ရိုက်ပြောစကား ဖြစ်သော မေးခွန်း (ဝါ) အမေးဝါကျကို တစ်ဆင့်တင်ပြခံဝါကျ ပြုလုပ်သောအခါ Reporting Verb အဖြစ် ask = မေးသည် , enquire / inquire = စုံစမ်းသည် တို့ကိုသုံးရသည်။ တစ်ဖန် တစ်ဆင့်တင်ပြခံဝါကျကို F.P များဖြစ်ကြသော if (သို့မဟုတ်) whether တို့ဦးစီးသော နာမ်ဝါကျကို (O / D.O) အဖြစ်တာဝန် ပေး၍သုံးရ၏။ ထိုသို့သုံးရာ၌ တိုက်ရိုက်ပြောစကားမှ မေးခွန်းသည် လား-အမေး ဖြစ်ပါက if / whether ကို သုံးရပြီး ၊ လဲ-အမေး ဖြစ်ပါက how , why , where , when , what time , how many , how much , who , what , which , whose တို့ ဦးစီးသော

နာမ်ဝါကျ (N.CL) များကို သုံးရသည်။

18.13 လား–အမေးအတွက် တစ်ဆင့်တင်ပြခံဝါကျ (Reported Clause of Yes-No Question)

if သို့မဟုတ် whether တို့ဦးစီးသော နာမ်ဝါကျကို (O သို့မဟုတ် D.O) အဖြစ်တာဝန်ပေး၍သုံးရ၏။ လား-အမေးမှာလည်း မိမိမေးလိုသောအရာကို အတိအကျ သေချာစွာမသိပါက Whether ကိုသုံးရပြီး (----များ-----သလားဟု) ဟုဘာသာပြန်ပါ။ တိကျသေချာလျှင် if ကိုသုံးရပြီး (-----သလားဟု) ဟုဘာသာပြန်ပါ။ နမူနာများကိုရှု ပါ။

a. **(တိုက်ရိုက်စကား)** **He asked me, " Do you speak English?"**
ခင်ဗျားအင်္ဂလိပ်စကားပြောသလားဟု သူက ကျွန်ုပ်ကိုမေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He asked me	**<u>if</u> I speak English.**
သူက ကျွန်ုပ်ကိုမေးခဲ့သည်။	ကျွန်ုပ် အင်္ဂလိပ်စကားပြောသလားဟု

b. **(တိုက်ရိုက်စကား)** **He inquired, " You speak English, don't you?"**
ခင်ဗျားအင်္ဂလိပ်စကားပြောတယ်ပေါ့နော် ဟု သူ စုံစမ်းခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He inquired	**<u>whether</u> I speak English.**
သူ စုံစမ်းခဲ့သည်။	ကျွန်ုပ် အင်္ဂလိပ်စကားပြောများပြောသလားဟု
တစ်နည်း။ ။ **or not** ပါထည့်လျှင်	(-----သလား ၊ မ-----ဘူးလားဆိုတာ) ဟူ၍ဘာသာပြန်ပါ။
He inquired	**<u>whether</u> I speak English <u>or not.</u>**
သူ စုံစမ်းခဲ့သည်။	ကျွန်ုပ် အင်္ဂလိပ်စကားပြောသလား မပြောဘူးလားဆိုတာကို

18.14 လဲ–အမေးအတွက် တစ်ဆင့်တင်ပြခံဝါကျ (Reported Clause of Wh- Question)

how , why , where , wherever , when , what time , how many , how much , who , what , which , whose, တို့ ဦးစီးသော နာမ်ဝါကျများကို (O သို့မဟုတ် D.O) အဖြစ်တာဝန်ပေး၍သုံးရသည်။ နမူနာအနည်းငယ်ကိုသာရှုပါ။

a. **(တိုက်ရိုက်စကား)** **Tourists asked her, " How do you weave the bamboo-strip hats?"**
ခင်ဗျား ဒီနှီးဦးထုပ်တွေကို ဘယ်လိုယက်သလဲဟု ကမ္ဘာလှည့်ခရီးသည်များက သူမကိုမေးခဲ့ကြသည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
Tourists asked her	**<u>how</u> she weaves the bamboo-strip hats.** (do / does စသည် မထည့်ရ)
ခရီးသည်များကသူမကိုမေးခဲ့ကြသည်	သူမ ၄င်း နှီးဦးထုပ်များဘယ်လိုယက်တယ်ဆိုတာကို (ယက်ပုံယက်နည်းကို)
တစ်နည်း ။ ။ **Tourists asked her**	**<u>how</u> to weave the bamboo-strip hats.** (to V.1 ကိုသုံးသည်)
ခရီးသည်များက သူမကိုမေးခဲ့ကြသည်။	၄င်း နှီးဦးထုပ်များဘယ်လိုယက်တယ်ဆိုတာကို

b. **(တိုက်ရိုက်စကား)** **I asked to myself, " Why am I so stupid?"**
ဘာလို့ငါ ဒီလောက်တောင် တုန်းပါလိမ့်ဟုကျွန်ုပ်ကိုကျွန်ုပ်မေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
I asked to myself	**<u>why</u> I am so stupid.**
ကျွန်ုပ်ကို ကျွန်ုပ်မေးခဲ့သည်။	ဘာကြောင့် ငါ ဒီလောက်တုန်းရသလဲဟု

c. **(တိုက်ရိုက်စကား)** **He wondered, " Wherever has she been?"**
သူမ ဘယ်များရောက်နေသလဲဟု သူ ဝေခွဲမရဖြစ်ခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He wondered	**<u>where</u> she had been.**
သူ ဝေခွဲမရဖြစ်ခဲ့သည်။	သူမ ဘယ်မှာရောက်နေတယ်ဆိုတာကို

Scanned by CamScanner

မှတ်ချက်။ ။ ကတ္တားသိလိုသောလဲအမေးသည် နာမ်ဝါကျနှင့် တည်ဆောက်ပုံတူကြောင်း နှာ 146-10.5-A ၌ မှတ်ချက် ပေးခဲ့ဖူးပြီ။ ထို့ကြောင့် (တိုက်ရိုက်စကား) သည် (တစ်ဆင့်တင်ပြခံဝါကျ) နှင့်တူနေသည်ကို သတိပြုပါ။)

d. **(တိုက်ရိုက်စကား)** He asked me," How many books do you have?"

မင်းမှာ စာအုပ် ဘယ်လောက်ရှိသလဲဟု သူက ကျွန်ုပ်ကိုမေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He asked to me	how many books I have.
သူက ကျွန်ုပ်ကိုမေးခဲ့သည်။	ကျွန်ုပ်မှာ စာအုပ်ဘယ်လောက်ရှိသလဲဟု

e. **(တိုက်ရိုက်စကား)** He asked me, " Who are you? "

မင်း ဘယ်သူလဲဟု သူက ကျွန်ုပ်ကိုမေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He asked to me	who I am.
သူကကျွန်ုပ်ကို မေးခဲ့သည်။	ကျွန်ုပ် ဘယ်သူဖြစ်တယ်ဆိုတာကို

မှတ်ချက် ။ ။ တင်ပြဝါကျ ထဲ၌ to ထည့်ရခြင်းမှာ to နောက်က နာမ် သို့မဟုတ် ကံနာမ်စားသည် (I.O) ဖြစ်ပြီး သူနောက်က နာမ်ဝါကျသည် (D.O) ဖြစ်သောကြောင့်ဖြစ်သည်။)

18.15 အမိန့်ပေးခြင်းအတွက် တစ်ဆင့်တင်ပြခံဝါကျ (Reported Clause of Command)

ဤအမျိုးအစား၌ တစ်ဆင့်တင်ပြခံဝါကျ နေရာ၌ နာမ်ဝါကျကို မသုံးရပဲ to V.1 ကိုသာသုံးရသည်။ အငြင်းဆိုလျှင် not to V.1 ကိုသုံးပါ။ သို့ဖြစ်၍ တစ်ဆင့်တင်ပြခံပုဒ်စု (Reportedted Phrase) ဟုသာခေါ်နိုင်သည်။

a. **(တိုက်ရိုက်စကား)** " Get ready!", The refree commanded us.

အသင့်ပြင် ဟု ဒိုင်လူကြီးက ကျွန်ုပ်တို့ကို အမိန့်ပေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံပုဒ်စု)**
The refree commanded us	to get ready.
ဒိုင်လူကြီးက ကျွန်ုပ်တို့ကို အမိန့်ပေးခဲ့သည်။	အသင့်ပြင်ရန် ။

b. **(တိုက်ရိုက်စကား)** " Sit down ", I commanded them.

ထိုင်ကြဟု ကျွန်ုပ်က သူတို့ကို အမိန့်ပေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံပုဒ်စု)**
I commanded them	to sit down.
ကျွန်ုပ်က သူတို့ကို အမိန့်ပေးခဲ့သည်။	ထိုင်ကြရန်။

c. **(တိုက်ရိုက်စကား)** He stopped us," Don't walk on the grass."

မြက်ခင်းပေါ် မလျှောက်ကြနဲ့ဟု သူက ကျွန်ုပ်တို့ကို တားခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံပုဒ်စု)**
He stopped us	not to walk on the grass.
သူက ကျွန်ုပ်တို့ကို တားခဲ့သည်။	မြက်ခင်းပေါ် မလျှောက်ကြရန် ။

18.16 အကြံပေးခြင်းအတွက် တစ်ဆင့်တင်ပြခံဝါကျ (Reported Clause of Advice)

တစ်ဆင့်တင်ပြခံဝါကျ ၌ should ပါသည့် F.P - that ဦးစီးသော နာမ်ဝါကျကို သုံးရသည်။ (သို့မဟုတ်) to V.1 ပုံစံကို သုံးရ၏။

a. **(တိုက်ရိုက်စကား)** He advised me," You should learn English "

မင်း အင်္ဂလိပ်စာ သင်ယူသင့်တယ်ဟု သူက ကျွန်ုပ်ကို အကြံပေးခဲ့သည်။

(တင်ပြဝါကျ)	**(တစ်ဆင့်တင်ပြခံဝါကျ)**
He advised me	that I should learn English.

Scanned by CamScanner

သူက ကျွန်ုပ်ကို အကြံပေးခဲ့သည်။ ကျွန်ုပ် အင်္ဂလိပ်စာ သင်ယူသင့် သည်ဟု

အတိုနည်း--- He advised me to learn English.

သူ ကျွန်ုပ်ကိုအကြံပေးခဲ့သည်။ အင်္ဂလိပ်စာ သင်ယူရန်

b. (တိုက်ရိုက်စကား) They advised, " The roads should be repaired"

ၚင်းလမ်းများကိုပြုပြင်သင့်သည်ဟု သူတို့က အကြံပေးခဲ့သည်။

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)

They advised that the roads be repaired.

သူတို့ကအကြံပေးခဲ့သည်။ ၚင်းလမ်းများကိုပြင်သင့်သည်ဟု

(တစ်ဆင့်ထင်ပြုံဝါကျ ကြိယာသည် Passive Voice ဖြစ်လျှင် should ကို အဓိကဝါဒကိုင်းမျှန်ကုစ်စားနိုင်သည်။)

c. (တိုက်ရိုက်စကား) He advised me, " You should not take tranqulizer"

သင် စိတ်ငြိမ်ဆေးကို မသုံးသင့်ဘူးဟု သူကကျွန်ုပ်ကို အကြံပေး:ခဲ့သည်။

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)

He davised me that I should not take tranquilizer.

သူက ကျွန်ုပ်ကို အကြံပေးခဲ့သည်။ ကျွန်ုပ် စိတ်ငြိမ်ဆေး မသုံးသင့်ဘူးဟု

အတိုနည်း--- He advised me not to take tranquilizer.

သူက ကျွန်ုပ်ကို အကြံပေးခဲ့သည်။ စိတ်ငြိမ်ဆေးကိုမသုံးစွဲရန်

18.17 တိုင်ပင်အကြံပြုခြင်းအတွက် တစ်ဆင့်တင်ပြခံဝါကျ (Reported Clause of Suggestion)

တစ်ဆင့်တင်ပြခံဝါကျ ၌ **should** ပါသည့် F.P that ဦးစီးသော နာမ်ဝါကျကို သုံးရသည်။ (သို့မဟုတ်) **V.1+ ing** ပုံစံကိုသုံးရ၏။

a. (တိုက်ရိုက်စကား) He suggested, " Let's go to the pagoda"

ဘုရားကို သွားကြစို့ဟု သူက တိုင်ပင်တိုက်တွန်းခဲ့သည်။

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)

He suggested that we should go to the pagoda.

သူက တိုင်ပင်တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့ဘုရားသို့သွားသင့်သည်ဟု

အတိုနည်း--- He suggested going to the pagoda.

သူက တိုင်ပင်တိုက်တွန်းခဲ့သည်။ ဘုရားသို့သွားခြင်းကို

b. (တိုက်ရိုက်စကား) " Let us not eat meat", My father suggested.

အသား မစားကြစို့.နဲ့.ဟု ကျွန်ုပ်၏အဖေက တိုင်ပင်တိုက်တွန်းခဲ့သည်။

(တင်ပြဝါကျ) (တစ်ဆင့်တင်ပြခံဝါကျ)

My father suggested that we should not eat meat.

